ဟာဇရသ် မောင်လာနာ မွဖ်သီ မိုဟမ္မဒ် ရှဖီး(အ်)

၏

တုရ်အာန် သဖ်စီရ် (အူရ်ဒူ) ကျမ်းမှ

မအာရိဖွလ်ကုရ်အာန်
မြန်မာဘာသာပြန်

အစောင် ၂၆

ပြန်ဆို ရေးသား တည်းဖြတ်သူ

မောင်လာနာ မွဖ်သီ ကာရီ မိုဟမ္မဒ် ယူစွဖ် (အဆ်အဒီ)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ

ပါရာ [၂၅]
စူရာဟ်ဟာမီမ်စဂ်ဒဟ်
ဟာမီမ်စဂ်ဒဟ်ကဏ္ဍ

၄၁ း ၄ မှ ၄၁ း ၅၄ အထိ

၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃
၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၇

စူရာဟ်ရှူရာ
ဆွေးနွေးတိုင်ပင်ခြင်းကဏ္ဍ

၄၂ း ၁ မှ ၄၂ း ၉ အထိ

၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၂
၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၅

၄၂ း ၁၀ မှ ၄၂ း ၁၂ အထိ

၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၇
၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၉

၄၂ း ၁၃ မှ ၄၂ း ၁၅ အထိ

၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၁
၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၅
၉။ ဒီးန်သာသနာတော်အား တည်တံ့မြဲမြံစွာ ထိန်းသိမ်းခြင်းသည် 'ဖွရ်ဇ်' ဖြစ်၍ အကွဲကွဲအပြားပြားဖြစ်အောင် ပြုခြင်းသည် 'ဟရာမ်'ဖြစ်ခြင်း ၂၇

၁၀။ ထိုးထွင်းကြံဆမှုဉာဏ်ဖြင့် ကောက်ချက်ချမိန့်မြွက်ထားသော အမောမ်ကြီးများ၏ဆင့်ကဲထွက်ပေါ်လာသော ဓမ္မသတ်များကြားဝယ် အကွဲအလွဲဖြစ်ပေါ်နေခြင်းသည် တားမြစ်ခြင်းခံထားရသောအကွဲအလွဲကို ဖန်တီးမှုအတွင်း၌ မပါဝင်ခြင်း ၃၀

၄၂ း ၁၆ မှ ၄၂ း ၁၈ အထိ

၁၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၈
၁၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၉

၄၂ း ၁၉ မှ ၄၂ း ၂၀ အထိ

၁၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၄၁
၁၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၄၃
၁၅။ အစွမ်းထက်သော ကျင့်စဉ်တစ်ရပ် ၄၄

၄၂ း ၂၁ မှ ၄၂ း ၂၃ အထိ

၁၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၄၆
၁၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၄၈
၁၈။ တမန်တော်မြတ် ﷺ ၏ အိမ်သူအိမ်သားတို့အား အရှိအသေပေးခြင်းနှင့် ချစ်ခင်မြတ်နိုးခြင်းဆိုင်ရာ ဓမ္မသတ် ၅၁

၄၂ း ၂၄ မှ ၄၂ း ၂၆ အထိ

၁၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၅၄
၂၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၅၅
၂၁။ 'သောင်ဗာဟ်' (အမှားဝန်ခံခြင်း) ၏ အစစ်အမှန် ပုံသဏ္ဌာန် ၅၇

၄၂ း ၂ မှ ၄၂ း ၃၅ အထိ

၂၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၆၀
၂၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၆၂
၂၄။ အာယသ်တော်များ၏ ဆက်စပ်မှုနှင့် ကျရောက်လာခြင်း၏ ကျောထောက်နောက်ခံသမိုင်း ၆၂

၂၅။ ကမ္ဘာလောကၥ္၌ ဥစ္စာပစ္စည်းပေါ်များ ကြွယ်ဝလာခြင်းသည်လည်း ပျက်စီးရာ ပျက်စီးကြောင်း၏ အကြောင်းခံ ဖြစ်ခြင်းအကြောင်း ၆၄
၂၆။ 'ဂျူနွှသ်'နှင့် ကမ္ဘာလောက၏ ကွဲပြားခြားနားချက် ၆၆

၄၂ ႏ ၃၆ မှ ၄၂ ႏ ၄၃ အထိ

၂၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၇၂
၂၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၇၄
၂၉။ ပထမအရည်အချင်း ၇၅
၃၀။ ဒုတိယအရည်အချင်း ၇၅
၃၁။ တတိယအရည်အချင်း ၇၆
၃၂။ စတုတ္ထအရည်အချင်း ၇၇
၃၃။ ပဥ္စမအရည်အချင်း ၇၇
၃၄။ 'မရှ်ဝါရ်' (ညှိနှိုင်းတိုင်ပင်ခြင်း) ၏အရေးပါခြင်းနှင့် ၄င်း၏နည်းလမ်း ၇၉
၃၅။ ဆဋ္ဌမအရည်အချင်း ၈၀
၃၆။ သတ္တမအရည်အချင်း ၈၁
၃၇။ ခွင့်လွှတ်ခြင်းနှင့် လက်စားချေခြင်း၌ မျှတသော ဆုံးဖြတ်ချက် ၈၂

၄၂ ႏ ၄၄ မှ ၄၂ ႏ ၅၀ အထိ

၃၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၈၅
၃၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၈၈

၄၂ ႏ ၅၁ မှ ၄၂ ႏ ၅၃ အထိ

၄၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၉၁
၄၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၉၂

စူရာဟ်ဇုခ်ရုဖ်
ရွှေအကြောင်းပါဝင်သောကဏ္ဍ

၄၃ ႏ ၁ မှ ၄၃ ႏ ၈ အထိ

၄၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၉၈
၄၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၉၉

စဉ်	အကြောင်းအရာ	စာမျက်နှာ

၄၄။ သာသနာရေးရာအား ပို့ချ ဖြန့်ဖြူးသော သူသည် မျှော်လင့်ချက်ကင်းမဲ့ကာ လက်မလျှော့သင့်ကြောင်း ၁၀၁

၄၃ း ၉ မှ ၄၃ း ၂၅ အထိ

၄၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၀၅
၄၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၁၀
၄၇။ ခရီးထွက်ချိန် ရွတ်ဖတ်ရမည့် ဒိုအာများ ၁၁၂

၄၃ း ၂၆ မှ ၄၃ း ၃၀ အထိ

၄၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၁၆
၄၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၁၇

၄၃ း ၃၁ မှ ၄၃ း ၃၂ အထိ

၅၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၂၀
၅၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၂၂
၅၂။ ဝမ်းစာရှာဖွေရေးအား ခွဲဝေပေးထားခြင်း၏ သဘာဝ တန်ခိုးတော်စီမံကိန်း ၁၂၃
၅၃။ စီးပွားရေးဆိုင်ရာ တန်းတူအခွင့်အရေးထားရှိခြင်း၏အခြေခံသဘောတရား ၁၂၆
၅၄။ အစ္စလာမ်သာသနာကချမှတ်ပေးထားသော တန်းတူဖြစ်ရှိခြင်း၏အလိုသဘော... ၁၃၁

၄၃ း ၃၃ မှ ၄၃ း ၃၅ အထိ

၅၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၃၄
၅၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၃၅
၅၇။ နေ့ဥစ္စာပစ္စည်း ပေါများကြွယ်ဝခြင်းသည် မြင့်မြတ်ခြင်း၏အကြောင်းခံမဟုတ်ခြင်းအကြောင်း ၁၃၅

၄၃ း ၃၆ မှ ၄၃ း ၄၅ အထိ

၅၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၃၈
၅၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၄၁
၆၀။ အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်းမှ မျက်နှာ လွှဲဖယ်သွားခြင်းသည် မကောင်းသောအသိုင်းအဝိုင်းနှင့် ကြုံဆုံရမည့်အကြောင်းခံဖြစ်ခြင်းအကြောင်း.. ၁၄၁

စဉ်	အကြောင်းအရာ	စာမျက်နှာ

၆၁။ မွန်မြတ်သော ကျော်ကြားမှုသည်လည်း သာသနာတော်၌ နှစ်လိုဖွယ်အချက်ဖြစ်ခြင်းအကြောင်း ၁၄၃

၆၂။ အတိတ်ခေတ်နဗီတမန်တော်များ၏ ကျမ်းငယ်များတွင် ပါရှိသော 'သောင်ဟီးဒ်' နှင့် စပ်လျဉ်းသော လမ်းညွှန်ထားမှုများ ၁၄၅

၅၃ း ၄၆ မှ ၅၃ း ၅၆ အထိ

၆၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၄၈

၆၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၅၁

၅၃ း ၅၇ မှ ၅၃ း ၆၅ အထိ

၆၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၅၅

၆၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၅၉

၅၃ း ၆၆ မှ ၅၃ း ၇၇ အထိ

၆၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၆၅

၆၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၆၇

၆၉။ အဆွေခင်ပွန်းဖွဲ့ခြင်းသည် စင်စစ်၌ အလ္လာဟ်အသျှင်မြတ်အတွက်သာလျှင် ဖွဲ့ရမည်ဖြစ်ခြင်း ၁၆၇

၅၃ း ၇၈ မှ ၅၃ း ၈၉ အထိ

၇၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၇၂

၇၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၇၆

စူရာဟ်ဒုခါန်

အခိုးအငွေ့ကဏ္ဍ

၄၄ း ၁ မှ ၄၄ း ၉ အထိ

၇၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၈၀

၇၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၈၂

၇၄။ စူရာဟ်တော်၏ အကျိုးကျေးဇူး ၁၈၂

စဉ်	အကြောင်းအရာ	စာမျက်နှာ

၄၄ း ၁၀ မှ ၄၄ း ၁၆ အထိ

၇၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၈၈
၇၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၉၀

၄၄ း ၁၇ မှ ၄၄ း ၃၃ အထိ

၇၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၀၃
၇၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၀၆
၇၉။ မိုးနှင့် မြေ ငိုခြင်း ၂၀၇

၄၄ း ၃၄ မှ ၄၄ း ၄၂ အထိ

၈၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၁၂
၈၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၁၄
၈၂။ 'သွဗ္ဗအ်' မျိုးနွယ်အုပ်စု၏ ဖြစ်အင် ၂၁၄

၄၄ း ၄၃ မှ ၄၄ း ၅၉ အထိ

၈၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၁၉
၈၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၂၁

စူရောဟ်ဂျာစိယဟ်
ပုဆစ်ဒူးထောက်လျက်နေခြင်းကဏ္ဍ

၄၅ း ၁ မှ ၄၅ း ၁၁ အထိ

၈၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၂၆
၈၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၂၈

၄၅ း ၁၂ မှ ၄၅ း ၁၅ အထိ

၈၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၃၂
၈၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၃၃

၄၅ း ၁၆ မှ ၄၅ း ၂၀ အထိ

၈၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၃၇

စဉ်	အကြောင်းအရာ	စာမျက်နှာ
၉၀။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၃၉
၉၁။	ကျွန်ုပ်တို့တမန်တော်မြတ် ﷺ ၏အွှမ္မသ်နောက်လိုက်သားများအဖို့ အတိတ်ခေတ်အွှမ္မသ် (နောက်လိုက်ထုများ) ၏ ရှရီအသ်တရားတော်လာ သာသနာ့အမိန့်တော်များနှင့် ပတ်သက်၍ အမိန့်ပြဌာန်းချက်	၂၄၀
	၄၅ း ၂၁ မှ ၄၅ း ၂၂ အထိ	
၉၂။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၄၂
၉၃။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၄၃
၉၄။	'အာခေရသ်' နောင်တမလွန်လောကနှင့် ထိုလောက၌ ကြောင်းကျိုး ပြစ်ဒဏ်၊ ခံစား၊ စံစားခြင်းသည် ဦးနှောက်အသိဉာဏ်အရပင် ရှိသင့်ရှိထိုက်သော အချက်	၂၄၃
	၄၅ း ၂၃ မှ ၄၅ း ၂၆ အထိ	
၉၅။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၄၆
၉၆။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၄၈
၉၇။	ခေတ်ကာလကို မကောင်းပြောဆိုခြင်းသည် မကောင်းခြင်းအကြောင်း	၂၅၀
	၄၅ း ၂၇ မှ ၄၅ း ၃၇ အထိ	
၉၈။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၅၃
၉၉။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၅၅

ပါရာ [၂၅]

စူရာဟ်ဟာမီမ်စဂ်ျဒဟ်

ဟာမီမ်စဂျ်ဒဟ်ကလ္လာ

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

إِلَيْهِ يُرَدُّ عِلْمُ السَّاعَةِ ۚ وَمَا تَخْرُجُ مِن ثَمَرَاتٍ مِّنْ
أَكْمَامِهَا وَمَا تَحْمِلُ مِنْ أُنثَىٰ وَلَا تَضَعُ إِلَّا بِعِلْمِهِ ۚ وَيَوْمَ
يُنَادِيهِمْ أَيْنَ شُرَكَائِي قَالُوا آذَنَّاكَ مَا مِنَّا مِن شَهِيدٍ ﴿٤٧﴾

၄၁ : ၄၇ ။ ။ 'ကေယာမသ်'ရှင်ပြန်ထမည့် အချိန်ကာလနှင့် စပ်လျဉ်းသော အသိသည် ထိုအသျှင်မြတ်ထံတော်သို့ပင် လွှဲအပ်ရလေသည်။ ၎င်းပြင် မည်သည့် သစ်သီးဝလံမဆို မိမိတို့၏ အခွံ (အဖူးအငုံ) များမှ၊ (ထိုအသျှင်မြတ်သိတော်မမူဘဲ) ထွက်ပေါ်လာခြင်း မရှိပေ။ ထို့ပြင် မည်သည့် မိန်းမတစ်ဦးမျှလည်း ထိုအသျှင်မြတ်သိတော်မမူဘဲ ကိုယ်ဝန်ဆောင်ခြင်း၊ သားဖွားခြင်းလည်း မရှိချေ။ ထို့ပြင် အကြင်နေ့တွင် ထိုအသျှင်မြတ်သည် ၎င်းတို့အား '(အသင်တို့ တွဲဖက်ကိုးကွယ်လေ့ ရှိခဲ့ကြသော) ငါအသျှင်မြတ်၏ တွဲဖက်များသည် အဘယ်မှာနည်း'ဟု ဟစ်ခေါ် မေးမြန်းတော်မူသောအခါ ၎င်းတို့က '(အို၊ အသျှင်) ယနေ့ (ဤသည်နှင့် စပ်လျဉ်း၍) ကျွန်တော်မျိုးတို့အနက် သက်သေခံအံ့သောသူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိတော့သည်ကို ကျွန်တော်မျိုးသည် အသျှင်မြတ်၏ ထံတော်၌ ဝန်ခံလျှောက်ထားကြပါသည်'ဟု ပြောဆိုကြပေမည်။

وَضَلَّ عَنْهُم مَّا كَانُوا يَدْعُونَ مِن قَبْلُ ۖ وَظَنُّوا مَا لَهُم مِّن مَّحِيصٍ ﴿٤٨﴾

၄၁ : ၄၈ ။ ။ စင်စစ် (ထိုနေ့တွင်) ၎င်းတို့ ယခင်က ဟစ်ခေါ်တသ (ကိုးကွယ်) လျက် ရှိခဲ့ကြသည်တို့မှာ ၎င်းတို့ထံမှ ပျောက်ကွယ်၍ သွားကြပေမည်။ ထို့ပြင် ၎င်းတို့သည် မိမိတို့၌ ထွက်ပြေး (လွတ်မြောက်) ရာဟူ၍လည်း (လုံးဝ) မရှိတော့ကြောင်းကို ယုံကြည်သွားကြပေမည်။

لَا يَسْـَٔمُ ٱلْإِنسَٰنُ مِن دُعَآءِ ٱلْخَيْرِ وَإِن مَّسَّهُ ٱلشَّرُّ فَيَـُٔوسٌ قَنُوطٌ ﴿٤٩﴾

၄၁ : ၄၉ ။ ။ လူသားသည် ကောင်းကျိုးချမ်းသာကို တောင်းဆိုခြင်းမှ ငြီးငွေ့သည်ဟူ၍ မရှိပေ။ သို့ရာတွင် အကယ်၍ ၎င်းသို့ ဘေးအန္တရာယ်တစ်စုံတစ်ရာ သက်ရောက်ခဲ့သည်ရှိသော် (၎င်းမှာ) စိတ်အား လျော့သူ၊ မျှော်လင့်ချက် လုံး၀ ကင်းမဲ့သွားသူ ဖြစ်လာလေ၏။

وَلَئِنْ أَذَقْنَٰهُ رَحْمَةً مِّنَّا مِنۢ بَعْدِ ضَرَّآءَ
مَسَّتْهُ لَيَقُولَنَّ هَٰذَا لِى وَمَآ أَظُنُّ ٱلسَّاعَةَ قَآئِمَةً وَلَئِن
رُّجِعْتُ إِلَىٰ رَبِّىٓ إِنَّ لِى عِندَهُۥ لَلْحُسْنَىٰ ۚ فَلَنُنَبِّئَنَّ ٱلَّذِينَ
كَفَرُوا۟ بِمَا عَمِلُوا۟ وَلَنُذِيقَنَّهُم مِّنْ عَذَابٍ غَلِيظٍ ﴿٥٠﴾

၄၁ : ၅၀ ။ ။ သို့တစေလည်း ၎င်းသို့ သက်ရောက်ခဲ့သော ဘေးဒုက္ခတစ်စုံတစ်ရာ၏ နောက်တွင် ငါအသျှင်မြတ်သည် ၎င်းအား မိမိကရုဏာတော် (၏ အရသာ) ကို မြည်းစမ်းစေတော်မူခဲ့ပါလျှင် ကေန်အမှန် ၎င်းသည် (ဤသို့) ပြောဆိုလေတော့၏။ 'ဤသည် ကျွန်ုပ်နှင့် ထိုက်တန်သော ကိစ္စပင် ဖြစ်သည်။ ၎င်းပြင် 'ကေယာမသ်' ရှင်ပြန်ထမည့် အချိန်ကာလ ဆိုက်ရောက်မည်ဟု ကျွန်ုပ် မယူဆပေ။ သို့တစေလည်း ကျွန်ုပ်သည် အကယ်၍ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်သို့ ပြန်သွားခဲ့ရသည့်တိုင်အောင် ကေန်မလွဲ ကျွန်ုပ်အဖို့ ထိုအသျှင်မြတ်ထံတော်တွင် သာ၍ ကောင်းသော အကျိုးကျေးဇူးသည် အမှန်ပင် ရှိချေလိမ့်မည်' ဟု ပြောဆို၏။ သို့ဖြစ်ပေရာ ကေန်မလွဲ ငါအသျှင်မြတ်သည် ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့အား ၎င်းတို့ ကျင့်မူခဲ့သမျှတို့ကို သိစေတော်မူပေမည်။ ထို့ပြင် ကေန်မုချ ငါအသျှင်မြတ်သည် ၎င်းတို့အား ပြင်းထန်သော ပြစ်ဒဏ်၏ အရသာကို မြည်းစမ်းစေတော်မူပေမည်။

وَإِذَآ أَنْعَمْنَا عَلَى ٱلْإِنسَٰنِ أَعْرَضَ وَنَـَٔا بِجَانِبِهِۦ وَإِذَا مَسَّهُ ٱلشَّرُّ فَذُو دُعَآءٍ عَرِيضٍ ﴿٥١﴾

၄၁ : ၅၁ ။ ။ စင်စစ် ငါအသျှင်မြတ်သည် လူသားတို့၏အပေါ်၌ ကျေးဇူးပြုတော်မူသောအခါ ၎င်းမှာ မျက်နှာလွှဲကာ အဝေးသို့ ရှောင်ဖယ်၍ ထွက်သွားလေ့ရှိ၏။ သို့တစေလည်း ၎င်းသို့ ဘေးဒုက္ခသက်ရောက်ခဲ့သောအခါ (၎င်းမှာ) ကျယ်ဝန်းစွာ (တစ်နည်း) ရှည်လျားစွာ ဆုတောင်းမှု ပြုလေ့ရှိပေသည်။

قُلْ أَرَءَيْتُمْ إِن كَانَ مِنْ عِندِ ٱللَّهِ ثُمَّ كَفَرْتُم بِهِۦ مَنْ أَضَلُّ مِمَّنْ هُوَ فِى شِقَاقٍۭ بَعِيدٍ ﴿٥٢﴾

၄၁ : ၅၂ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည်ပင် ပြောပြကြလေကုန်။ အကယ်၍ ဤ (ကုရ်အာန်ကျမ်းမြတ်) သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်မှ (ကျရောက်ခဲ့သည်) ဖြစ်ခဲ့သော်၊ ထို့နောက်တစ်ဖန် အသင်တို့သည် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ကို ငြင်းပယ်၍ နေခဲ့ကြသည်ရှိသော်၊ ထိုသို့ဖြစ်ပါမူ ဝေးကွာလှသည့် ကွဲပြားမှု၌ ရှိနေသောသူထက် ပို၍ လမ်းမှားသောသူ မည်သူရှိမည်နည်း။

سَنُرِيهِمْ آيَاتِنَا فِي الْآفَاقِ وَفِي أَنفُسِهِمْ حَتَّىٰ يَتَبَيَّنَ لَهُمْ
أَنَّهُ الْحَقُّ ۗ أَوَلَمْ يَكْفِ بِرَبِّكَ أَنَّهُ عَلَىٰ كُلِّ شَيْءٍ شَهِيدٌ ﴿٥٣﴾

၄၁ : ၅၃ ။ ။ မကြာမီပင် ငါအသျှင်မြတ်သည် ထိုသူတို့အား (ထိုသူတို့၏) ပတ်ဝန်းကျင် (လောက) များ၌လည်းကောင်း၊ ထိုသူတို့၏ ကိုယ်များ၌လည်းကောင်း၊ မိမိ၏ သက်သေလက္ခဏာတော်များကို ပြသတော်မူမည်။ နောက်ဆုံးတွင် ၎င်းတို့၌ ကေန်စင်စစ် ဤ (ကုရ်အာန်ကျမ်းတော်မြတ်) သည် မှန်ကန်ကြောင်း သိသာထင်ရှား၍ လာပေမည်။

(အို၊ နဗီတမန်တော်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည်ပင် (အသင့်အဖို့) လုံလောက်တော်မူသည် မဟုတ်ပါလော။ ကေန်မလွဲ ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို မြင်တော်မူသော အသိသက်သေပင် ဖြစ်တော်မူ၏။

أَلَا إِنَّهُمْ فِي مِرْيَةٍ مِّن لِّقَاءِ رَبِّهِمْ ۗ أَلَا إِنَّهُ بِكُلِّ شَيْءٍ مُّحِيطٌ ﴿٥٤﴾

၄၁ : ၅၄ ။ ။ သတိပြုကြလေကုန်။ ကေန်အမှန် ၎င်းတို့ သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်နှင့် တွေ့ဆုံကြရမည်ဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ သံသယ၌ ရှိနေကြကုန်၏။ သတိပြုကြလေကုန်။ ကေန်စင်စစ် ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို ဝန်းခြုံလျက်ပင် ရှိတော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အထက်၌ တင်ပြထားသော 'ကေယာမသ်' နေ့၊ ၎င်းနေ့၌ ၎င်းတို့သည် ကုသိုလ်အကျိုး 'စဝါးဗ်' ကို ရရှိ ပေလိမ့်မည်။ ထို) 'ကေယာမသ်' ရှင်ပြန်ထရမည့် အချိန်ကာလနှင့် စပ်လျဉ်းသော အသိအမြင်သည် ထိုအသျှင်မြတ်ထံတော်ပါးသို့ပင် လွှဲအပ်ရလေသည်။ (ဆိုလိုသည်မှာ 'ကေယာမသ်သည် မည်သည့်အချိန်၌ ဆိုက်ရောက်လာပေမည်နည်း' ဟူသော မေးခွန်းနှင့် ပတ်သက်သော အဖြေဖြစ်သည်။ ပမာဆိုရသော် ကာဖိရ် သွေဖည်ငြင်းဆန်သော သူတို့သည် ငြင်းဆိုသည့် အသွင်မျိုးဖြင့် ဤကဲ့သို့ ပြောဆိုမေးမြန်းလေ့ ရှိကြပေသည်။ ထို 'ကေယာမသ်' နေ့နှင့် စပ်လျဉ်းသော အသိသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌သာလျှင် ရှိကာ အဖန်ဆင်းခံများ မသိရှိကြောင့် 'ထိုအရာ ဆိုက်ရောက်လာမည်မဟုတ်ကြောင်း' ဟူ၍ မဆိုအပ်ရာ) ၎င်းပြင် ('ကေယာမသ်' နေ့အတွက်သာလျှင် သီးသန့် အထူးအနေဖြင့် သိရှိနေခြင်းမဟုတ်။ ထိုအသျှင်မြတ်၏ 'အိလ်မ်' (အသိပညာတော်) သည် အရာတိုင်းအပေါ် လွှမ်းခြုံလျက် ရှိနေပေသည်။ ဤမျှခန့် အတိုင်းအတာထိတိုင်အောင် သိရှိလေသည်မှာ) ၎င်းပြင် မည်သည့်သစ်သီးဝလံမဆို မိမိတို့၏ 'အစွပ်' (အဖုံးအငုံ) များမှ (ထိုအသျှင်မြတ် သိတော်မမူဘဲ) ထွက်ပေါ်လာခြင်း မရှိပေ။ ထို့ပြင် မည်သည့်မိန်းမတစ်ဦးမျှလည်း (ထိုအသျှင်မြတ် သိတော်မမူဘဲ) ကိုယ်ဝန်ဆောင်ခြင်း၊ သားဖွားခြင်းလည်း မရှိချေ။ ထိုသိရှိတော်မူခြင်းအကြောင်းမှာ ထိုအသျှင်မြတ်၏ အရာရာကို သိရှိခြင်းဟူသော ဂုဏ်ရည်တော်မှာ ကိုယ်ပိုင်ဂုဏ်ရည်

တော်ကြောင့် ဖြစ်ကြောင်း ထိုဂုဏ်ရည်တော်မှာ အပြည့်အဝရှိနေခြင်းသည်ပင်လျှင် 'သောင်ဟီးဒ်'ကိုးကွယ်ရာအသျှင် တစ်ပါးတည်း တည်ရှိခြင်း၏ အထောက်အထားဖြစ်၍ 'ကေယာမသ်'ဖြစ်မည့် အချိန်နေ့ရက်ကို သိရှိခြင်းအပေါ်၌လည်း အထောက်အထား ဖြစ်လေသည်။ သို့ဖြစ်ရာ ဤသည်ဖြင့် အထက်ပါစာစဉ်အကြောင်းအရာနှစ်ခုစလုံးအား အထောက်အကူဖြစ်စေလိုက်သည်။

ထို့ပြင် (ရှေ့၌ ထို 'ကေယာမသ်'နေ့၏ ဖြစ်အင်တစ်ရပ်ကို တင်ပြထားပေသည်။ အကြင်ဖြစ်အင်အချက်ဖြင့် 'သောင်ဟီးဒ်' ဟူသော ကိုးကွယ်ရာအသျှင် တစ်ပါးတည်း တည်ရှိခြင်းတရားကို အတည်ပြုခြင်းနှင့် 'ရှရစ်က်'ဟူသော တုဖက်နှိုင်းယှဉ်ခြင်း အယူဝါဒကို ချေပလိုက်ပေသည်။ ဆိုလိုသည်မှာ) အကြင်နေ့တွင် ထို (အသျှင်မြတ်သည် ၎င်း (မုရှိရစ်က်) တို့အား '(အသင်တို့) ငါအသျှင်မြတ်နှင့် တွဲဖက်ကိုးကွယ်လေ့ ရှိခဲ့ကြသော) တွဲဖက်များသည် (ယခု မည်သည့်အရပ်ဒေသ၌နည်း)'ဟု ဟစ်ခေါ် မေးမြန်းတော်မူမည်။ (ထိုအရာများကို ပင့်ဆောင်ခေါ်ဝေါ်ကာ အသင်တို့၏ ဤဒုက္ခမှ လွတ်မြောက်မှု ရရှိအောင် ပြုကြကုန်။) ၎င်းတို့က 'အို၊ အရှင်၊ (ယခု ဤသည်နှင့် စပ်လျဉ်း၍) ကျွန်တော်မျိုးတို့အနက် (ခံယူချက်ဝါဒရှိပြီး) လက်ခံကြွေးကြော်ခဲ့သူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိတော့သည်ကို ကျွန်တော်မျိုးတို့သည် အသျှင်မြတ်၏ ထံတော်၌ ဝန်ခံလျှောက်ထားကြပါသည်။ (ဆိုလိုသည်မှာ မိမိတို့၏ အမှားကို ဝန်ခံကြမည်ဖြစ်သည်။) ထိုနေ့၊ ထိုနေရာ၊ ထိုအချိန်တွင် အခြေခံမူဝါဒ ယုံကြည်ချက်ပိုင်းဆိုင်ရာ ကဏ္ဍရပ်တို့သည် ပေါ်လွင်ထင်ရှားသွားပေလိမ့်မည်။ သို့ရှိရာ ဤသို့ ဝန်ခံမှုပြုခြင်းသည် မလွဲမရှောင်သာ၍ သော်လည်းကောင်း၊ (သို့မဟုတ်) လွတ်မြောက်ရာ လွတ်မြောက်ကြောင်းရရှိရန် မျှော်လင့်ချက် တစ်စုံတစ်ရာမျှ မရှိတော့သည့်အတွက်ကြောင့်သော်လည်းကောင်း ဖြစ်ပေမည်) ဟု ပြောဆိုကြပေမည်။

စင်စစ် (ထိုနေ့တွင်) ၎င်းတို့ အစပထမ (ကမ္ဘာလောက) ၌ ဟစ်ခေါ်တသ (ကိုးကွယ်) လျက်ရှိခဲ့ကြသည်မှာ ၎င်းတို့ထံမှ ပျောက်ကွယ်၍ သွားကြပေမည်။ ထို့ပြင် (ဤအခြေအနေများကို တွေ့မြင်သောခါ) ၎င်းတို့သည် မိမိတို့၌ ထွက်ပြေး (လွတ်မြောက်ရာ) ဟူ၍လည်း (လုံးဝ) မရှိတော့ကြောင်းကို ယုံကြည်သွားကြပေမည်။ (ထိုအချိန်၌ မှားယွင်းသော ခဝပ်ကိုးကွယ်ရာများသည် မစွမ်းနိုင်ကြောင်းနှင့် တစ်ဆူတည်းသော အလ္လာဟ်အသျှင်မြတ်သည် မှန်ကန်ကြောင်းကို သိရှိသွားကြပေလိမ့်မည်။)

(ရှေ့၌ ဆက်လက်၍ 'ရှရစ်က်'တုဖက်နှိုင်းယှဉ်ခြင်းနှင့် 'ကုဖ္ဖရ်'သွေဖည်ငြင်းဆိုခြင်းတို့က လူ့သဘာဝဗီဇအပေါ် သက်ရောက်စူးရှစေသော အကြောင်းတရားတစ်ရပ်ကို မိန့်မြွက်ထားပေသည်။ အကြင်သူတစ်ဦးတစ်ယောက်သည် 'သောင်ဟီးဒ်'တစ်ပါးတည်း တည်ရှိခြင်းတရားနှင့် အီမာန်တို့မှ မျက်ကန်းပမာကင်းလွတ်နေမည်ဆိုလျှင် ထို) လူသား (၏ ကိုယ်ကျင့်တရား) ခံယူချက်ပိုင်းဆိုင်ရာ မူဝါဒနှင့် ကျင့်ကြံပြုမူဆောင်ရွက်ချက်တို့သည် ဤကဲ့သို့ပင် ဆိုးရွားနေပေမည်။ အခြေအနေအချက်တစ်ရပ်သည်မူ ကြွယ်ဝခြင်းနှင့် ကြပ်တည်းခြင်းဟူသော အခြေအနေနှစ်မျိုးစလုံး၌ ၎င်းသည်) ကောင်းကျိုးချမ်းသာကို တောင်းဆိုခြင်းမှ ငြီးငွေ့သည်ဟူ၍ မရှိပေ။ (အကြင်အချက်သည် ရုမ္ဘက်လောဘ ထားရှိခြင်း၏ နောက်ဆုံးအဆင့်လက္ခဏာပင် ဖြစ်ပေသည်။) သို့ရာတွင် (သီးသန့်လုံးဝ ကြပ်တည်းကျဉ်းမြောင်းခြင်း စသော အခြေအနေ

များ၌ ဤသို့ ဖြစ်ပေါ်သွားပေသည်။) အကယ်၍ ၎င်း၌ ဘေးဒုက္ခတစ်စုံတစ်ရာ သက်ရောက်ခဲ့သည်ရှိသော် (၎င်းမှာ) စိတ်အားလျော့သူ၊ မျှော်လင့်ချက် လုံးဝ ကင်းမဲ့သွားသူဖြစ်လာလေ၏။ (ဤသည် အဆုံးစွန်သော ကျေးဇူးတရား မသိတတ်ခြင်းနှင့် အလ္လာဟ်အသျှင်မြတ်အား အဆိုးမြင်ဝါဒီ ထားရှိခြင်း၏ လက္ခဏာပင် ဖြစ်ပေသည်။)

သို့တစေလည်း (ကြပ်တည်းကျဉ်းမြောင်းမှု ပပျောက်သွားချိန်၌ ၎င်း၏ အခြေအနေမှာ ဤသို့ ဖြစ်သွားပြန်ပေသည်။) ၎င်း၌ သက်ရောက်သော ဘေးဒုက္ခတစ်စုံတစ်ရာ၏ နောက်ပိုင်းတွင် ငါအသျှင်မြတ်သည် ၎င်းအား မိမိ၏ ကရုဏာတော် (၏ အရသာ) ကို မြည်းစမ်းစေတော်မူခဲ့ပါလျှင် ဧကန်အမှန် ၎င်းသည် (ဤသို့) ပြောဆိုလေတော့၏။ 'ဤသည် ကျွန်ုပ်နှင့် ထိုက်တန်သော ကိစ္စပင် ဖြစ်သည်။ (အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၏ အကြံစည်၊ အကြံဉာဏ်၊ အရည်အချင်းနှင့် မြင့်မြတ်မှု ဝိသေသအချက်တို့သည် ထိုအချက်ကိုပင် လိုလားနေပေသည်။ ဤသည့်အချက်သည်လည်း အဆုံးစွန်ဆုံးသော ကျေးဇူးတရား မသိတတ်ခြင်းနှင့် မာန်မာနပင် ဖြစ်ပေသည်။) ၎င်းပြင် (ထိုစည်းစိမ်ရတနာတော်အတွင်း၌ ဤမျှခန့် အတိုင်းအတာထိတိုင် ဘဝမြင့်အောက်ခြေလွတ်သွားသည်မှာ) 'ကေယာမသ်'ရှင်ပြန်ထရမည့်ကာလ ဆိုက်ရောက်မည်ဟု ကျွန်ုပ်မယူဆတော့ပေ။ သို့တစေလည်း (အကယ်၍ မဖြစ်နိုင်သည့် အချက်သည် ဖြစ်လာသည်ဟု ဆိုထားဘိဦး။ နဗီတမန်တော်မြတ် ﷺ ပြောဆိုထားသကဲ့သို့) ကျွန်ုပ်သည် အကယ်၍ ကျွန်ုပ်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်သို့ ပြန်သွားခဲ့ရသည့်တိုင်အောင် ဧကန်မလွဲ ကျွန်ုပ်အဖို့ ထိုအသျှင်မြတ်ထံတော်တွင် သာပို၍ ကောင်းသော အကျိုးကျေးဇူးသည် အမှန်ပင် ရှိချေလိမ့်မည်' ဟုလည်း ပြောဆို၏။ (အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် အမှန်တရားပေါ်၌ရှိကာ ယင်းသာပို၍ ကောင်းသော အကျိုးကျေးဇူးများနှင့် ထိုက်တန်သူ ဖြစ်ပေသည်။ 'ကေယာမသ်'နေ့အား ငြင်းဆိုခြင်းသည် အဆုံးစွန်ဆုံးသော 'ကုဖွ်ရ်'သွေဖည်ငြင်းဆိုမှုပင် ဖြစ်သည်။ 'ကေယာမသ်'ဖြစ်ပေါ်လာမည်ဟူသော ပုံစံ၌လည်း 'ထိုနေ့၌လည်း ကျွန်ုပ်သည် ဆုလာဘ်များ ချီးမြှင့်ခြင်းခံရမည်'ဟူ၍ တွေးထင်ထားခြင်းသည်လည်း အလ္လာဟ်အသျှင်မြတ်နှင့် စပ်လျဉ်းသော အမှုကိစ္စအတွင်း၌ အဆုံးစွန်သော ဖြားယောင်းမှုအတွင်းသို့ ရောက်ရှိနေခြင်းပင် ဖြစ်ပေသည်။)

(အချုပ်ဆိုရသော် 'ကုဖွ်ရ်'သွေဖည်ငြင်းဆိုမှုနှင့် 'ရှရစ်က်' တုဖက်နိုင်းယှဉ်ခြင်းတို့ကြောင့် ဤအထက်တင်ပြပါ ပျက်စီးရာပျက်စီးကြောင်းများ ပေါ်ပေါက်လာပေသည်။ ထိုအရာသည် ဤသို့ထိတိုင် ဆိုးရွားသော အချက်ဖြစ်သည်မှာ) သို့ဖြစ်ပေရာ (ဤသူတို့သည် ဤကမ္ဘာလောက၌ မိမိတို့ကိုယ်ကို မိမိတို့ မည်မျှခန့် အမှန်တရားပေါ်၌ တည်ရှိနေကြောင်းနှင့် ထိုက်တန်မှုရှိကြောင်းကို ဆိုနေပါစေ ယခု မကြာမီ အချိန်အတွင်း၌) ဧကန်မလွဲ ငါအသျှင်မြတ်သည် ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့အား ၎င်းတို့ (ဤ) ကျင့်မူခဲ့သမျှတို့ကို သိစေတော်မူပေမည်။ ထို့ပြင် ဧကန်မုချ ငါအသျှင်မြတ်သည် ၎င်းတို့အား ပြင်းထန်သော ပြစ်ဒဏ်၏ အရသာကို မြည်းစမ်းစေတော်မူပေမည်။

စင်စစ် (ကုဖွ်ရ်သွေဖည်ငြင်းဆိုမှုနှင့် ရှရစ်က်တုဖက်နိုင်းယှဉ်မှု၏ နောက်ထပ် အကျိုးဆက် သက်ရောက်မှုတစ်ခုမှာ) ငါအသျှင်မြတ်သည် (ဤကဲ့သို့သော) လူသားအပေါ်၌ ကျေးဇူးပြုတော်မူသောအခါ ၎င်းမှာ (ငါအသျှင်မြတ်နှင့် ငါအသျှင်မြတ်၏ အမိန့်တော်များမှ) မျက်နှာလွှဲကာ အဝေးသို့ ရှောင်ဖယ်၍ ထွက်သွားလေ့ရှိ၏။ (ယင်းအချက်သည် ကျေးဇူးတရား မသိတတ်ခြင်း၏ နောက်ဆုံးအဆင့် ဖြစ်ပေသည်) သို့တစေလည်း (ကြပ်တည်း ကျဉ်းမြောင်းခြင်းနှင့် ဘေးဒုက္ခ ဆိုက်ရောက်ခြင်းနှင့် စပ်လျဉ်း၍ 'ကုဖွ်ရ်' သွေဖည်ငြင်းဆိုမှုပြုခြင်းနှင့် 'ရှရစ်က်'တုဖက်နိုင်းယှဉ်ခြင်း၏ လက္ခဏာများထဲမှ လက္ခဏာတစ်ရပ်မှာ) ၎င်း၌ ဘေးဒုက္ခသက်ရောက်ခဲ့သောအခါ (ချမ်းသာသုခ ပြန်လည်ရပ်သိမ်းခြင်း ခံရခြင်းအပေါ် တိုင်တန်းညည်းညူမှု၏ လမ်းစဉ်ကို ရွေးချယ်၍ စည်းစိမ်ရတနာ ချီးမြှင့်တော်မူသော အသျှင်မြတ်၏ ဘက်တော်သို့ လျှောက်ထားတောင်းခံခြင်း၏ လမ်းစဉ်ကို မရွေးချယ်ဘဲ) ၎င်းမှာ ကျယ်ဝန်းစွာ (တစ်နည်း) ရှည်လျားစွာ ဆုတောင်းမှု ပြုလေ့ရှိပေသည်။ (ဤသည် ခန္တီတရားမဲ့ခြင်း၏ အဆုံးစွန်သော အချက်ဖြစ်၍ လောကီကို ချစ်ခင်စွဲမက်ခြင်း၌ နောက်ဆုံးအဆင့်အနေဖြင့် နစ်မွန်းနေခြင်းပင် ဖြစ်သည်။)

(ရှေ့၌ တမန်တော်မြတ် ﷺ သည် ရစူလ်ဖြစ်ခြင်းနှင့် ကုရ်အာန်ကျမ်းတော်မြတ် မှန်ကန်ခြင်းဘက်သို့ ဖိတ်ခေါ်မှုပြုရန်အတွက် မိန့်တော်မူထားသည်မှာ အို, နဗီတမန်တော်) အသင်သည် (ထိုငြင်းဆိုသောသူတို့အား) ပြောကြားပါလေ။ (အို, ငြင်းဆိုသူအပေါင်းတို့၊ ကုရ်အာန်ကျမ်းတော်မြတ်သည် မှန်ကန်သောကျမ်းဖြစ်ကြောင်းကို အထောက်အထားများ ပြဆိုထားပေသည်။ ဥပမာ- ထိုကုရ်အာန်ကျမ်းတော်မြတ်၏ 'မုအ်ဂျေဇာဟ်'အံ့ဖွယ်တန်ခိုးတော်များနှင့် အကွယ်လောကမှ သတင်းများကို မှန်ကန်စွာ မိန့်ဆိုတော်မူခြင်းတို့ ဖြစ်ပေသည်။ အကယ်၍ အသင်တို့သည် မစဉ်းစား မဆင်ခြင်ခြင်းတို့ကြောင့် ဤသည်တို့ဖြင့် ကျမ်းတော်မြတ်ကုရ်အာန် မှန်ကန်ကြောင်းကို အမှန်အကန် ယုံကြည်ထိုက်သည်ဟူ၍ မမှတ်ယူနိုင်လျှင်လည်း အနိမ့်ဆုံးအဆင့်အနေဖြင့် မှန်ကန်နိုင်ဖွယ် ရှိခြင်း၏ အဆင့်ကိုမူ အသင်တို့ မငြင်းဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ငြင်းဆိုမှုပြုရန် အသင်တို့ထံ၌ အထောက် အထားတစ်စုံတစ်ရာမျှ မရှိပေ။ သို့ရှိရာ အချင်းတို့) အသင်တို့သည်ပင် ပြောဆိုကြလေကုန်။ အကယ်၍ (တင်ပြပါ ဖြစ်နိုင်ဖွယ်အချက်ကို မူတည်၍) ဤ (ကုရ်အာန်) ကျမ်းတော်မြတ်သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်မှ (ကျရောက်ခဲ့သည်) ဖြစ်ခဲ့သော်၊ ထို့နောက်တစ်ဖန် အသင်တို့သည် ယင်း (ကုရ်အာန်) ကျမ်းတော်မြတ်ကို ငြင်းပယ်နေခဲ့ကြသည်ရှိသော် ထိုသို့ဖြစ်ပါမူ ဝေးကွာလှသည့် ကွဲပြားမှု၌ ရှိနေသောသူ၊ ၎င်းထက် ပို၍ (အမှန်တရားမှ) လမ်းမှားသောသူ မည်သူရှိမည်နည်း။ (ထို့ကြောင့် အလျင်စလို ငြင်းဆိုမှုကို မပြုလေနှင့်။ သို့သာမက အမှန်တရားသည် ရှင်းရှင်းလင်းလင်း သတ်သတ်မှတ်မှတ် ဖြစ်သွားရန်အလို့ငှာ စဉ်းစားဆင်ခြင်စွာဖြင့် ပြုမူဆောင်ရွက်လေကုန်။ ၎င်းတို့ထံမှ စဉ်းစားဆင်ခြင်သုံးသပ်ရန် အဘယ်ကဲ့သို့သော မျှော်လင့်ချက်များကို ထားရှိရပေမည်နည်း။ သို့ရာတွင်) ငါအသျှင်မြတ် (ကိုယ်တော်သည်တိုင်ပင်လျှင်) မကြာမီပင် ထိုသူတို့အား (ကုရ်အာန်ကျမ်းတော်မြတ် မှန်ကန်ခြင်းအပေါ် ညွှန်ပြလျက်ရှိနေသော ထိုသူတို့၏) ပတ်ဝန်းကျင် (လောက) များ၌ ရှိသော နိမိတ်လက္ခဏာတော်များဖြင့်လည်းကောင်း၊ (၎င်းမှာ အာရဗ်အမျိုးသားများအားလုံးသည် ကြိုတင်ဟောကိန်းနှင့်အညီ အောင်မြင်ပေလိမ့်မည်။) ထိုသူတို့၏ ကိုယ်များ၌ ရှိသော နိမိတ်လက္ခဏာများဖြင့်

လည်းကောင်း (၄င်းမှာ 'ဗဒရ်' စစ်ပွဲ၌ ၄င်းတို့သည် သတ်ဖြတ်ခြင်းခံရမည်ဖြစ်ကာ ၄င်းတို့၏ နေထိုင်ရာ အရပ်ဒေသဖြစ်သော မက္ကာဟ်မြို့တော်ကိုလည်း ပြန်လည် သိမ်းပိုက်အောင်မြင်မည့်အကြောင်း) ပြသတော်မူပေမည်။

နောက်ဆုံး၌တွင် (မတတ်သာသော အဖြစ်၌မှာပင် ထိုကြိုတင်ဟောကိန်းများ ဖြစ်ပေါ်တည်ရှိလာခြင်းကြောင့်) ၄င်းတို့၌ ဧကန်စင်စစ် ဤ (ကုရ်အာန်) ကျမ်းတော်မြတ်သည် မှန်ကန်ကြောင်း သိသာထင်ရှားသွားပေလိမ့်မည်။ (ထိုအသျှင်မြတ်၏ ဘက်တော်မှ ကြိုတင် မိန့်မြွက်ထားသော အချက်များသည် အဘယ်ကဲ့သို့ မှန်ကန်စွာ ဖြစ်ပေါ် တည်ရှိလာသည်ကို ထင်ထင်ရှားရှား တွေ့မြင်သွားပေလိမ့်မည်။ ဤသို့ မတတ်သာသော အဖြစ်၌ သိရှိရသော အသိသည် မိမိကိုယ်တိုင် ကိုယ်ပိုင်ရွေးချယ်မှု မပါရှိသောကြောင့် လက်ခံခြင်း ခံရမည်မဟုတ်ပေ။ သို့ရာတွင် အထောက်အထားကို ပီပြင်စွာ တင်ပြရာ၌မူ သာ၍ အထောက်အကူပြုမှု၊ အင်အားကို ဖြစ်စေပေသည်။ အချုပ်သဘောမှာ ယင်းအချက်၏ အခြေခံဇစ်မြစ် သဘောတရားသည် တစ်နေ့ အထက်ဖော်ပြပါကဲ့သို့ ထင်ရှားသွားပေလိမ့်မည်။ ယခု ကျန်ရှိနေသော လက်ရှိအခြေအနေ၌ ဤသူတို့သည် အသင့်အား ထုတ်ပြန်ပို့ချခြင်းခံထားရသော 'ဝဟီ' ပို့ဆောင်ခြင်းနှင့် စပ်လျဉ်း၍ ငြင်းဆိုလျက် ရှိနေပေသည်။ အသင် သောကမဖြစ်လေနှင့်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ ဤသူတို့သည် ယင်းအချက်အပေါ် သက်သေမပေးပါမူ၊ အို, နဗီတမန်တော်) အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည်ပင် (အသင် ရဟူလ်၏ မှန်ကန်ကြောင်းကို သက်သေပေး၍ ဖြေသိမ့်မှုပေးရန်အတွက်) လုံလောက်တော်မူသည် မဟုတ်ပါလော။ ဧကန်မလွဲ ထိုအသျှင်မြတ်သည် (အမှန်တကယ် ဖြစ်ပေါ်လာမည့်) အရာခပ်သိမ်းတို့ကို မြင်တော်မူသော အသိသက်သေပင် ဖြစ်တော်မူ၏။ (ထိုအသျှင်မြတ်သည် နေရာအနှံ့အပြား၌ အသင့်အနေနှင့် ရစူလ်တမန်တော်ဖြစ်ခြင်း၏ သက်သေကို ပေးတော်မူထားပေသည်။)

(ရှေ့၌ အဓိကအခြေခံငြင်းဆိုရခြင်း၏ အကြောင်းကို ဖော်ပြထားပေသည်။ ထိုအချက်မှ ဖြေသိမ့်မှုကို သာ၍ ရရှိနိုင်ပေသည်။) သတိပြုကြလေကုန်။ ဧကန်အမှန် ၄င်းတို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်နှင့် တွေ့ဆုံကြရမည်ဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ သံသယရှိနေကြကုန်၏။ (ထို့အတွက်ကြောင့်ပင် နှလုံးသားအတွင်းဝယ် အမှန်တရားကို ရှာဖွေစေသော ကြောက်စိတ်သည် မတည်ရှိတော့ပေ။ သို့ရာတွင်) သတိပြုကြလေကုန်။ ဧကန်စင်စစ် ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို (မိမိ၏ အသိပညာတော်ဖြင့်) ဝန်းခြံလျက်ပင် ရှိတော်မူပေသည်။ (သို့ရှိရာ ၄င်းတို့၏ ဒွိဟသံသယကိုလည်း သိနားလည်ကာ ထိုသို့ ဒွိဟသံသယပြု ငြင်းပယ်ခဲ့သည့်အပေါ် အပြစ်ဒဏ်ကိုလည်း ပေးတော်မူပေလိမ့်မည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

فَذُوْ دُعَآءٍ عَرِيْضٍ

(၄င်းမှာ ကျယ်ဝန်းစွာ ရှည်လျားစွာ ဆုတောင်းမှုပြုလေ့ ရှိပေသည်။)　[၄၁ : ၅၁]

အာယသ်တော်၏ အဲလိုသဘောမှာ ဤသို့ ဖြစ်၏။ ကာဖိရ်တို့၏ အကျင့်ဝလေ့မှာ 'အလ္လာဟ် အသျှင်မြတ်သည် ၎င်းအား စည်းစိမ်ရတနာ၊ ဂုဏ်သိက္ခာနှင့် သက်တောင့်သက်သာဖြစ်မှု တစ်စုံတစ်ရာကို ချီးမြှင့်လိုက်တော်မူသောအခါ ထိုစည်းစိမ်ရတနာများအတွင်းဝယ် မွေ့လျော်ကာ ထိုအရာများအား အစစ်အမှန် ချီးမြှင့်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ သာပို၍ပင် ဝေးကွာသွားပေသည်။ ထို့ပြင် ၎င်း၏ မာနထောင်လွှားမှုနှင့် မေ့လျော့မှုသည် သာပို၍ များပြားလာပေသည်။ ဘေးဒုက္ခတစ်စုံတစ်ရာနှင့် ရင်ဆိုင်လာရပါမူ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ ရှည်လျားသော ဆုမွန်းတောင်းခံမှုမျိုးများကို ပြုကြပေသည်။ ရှည်လျားသော ဒိုအာကို ဤနေရာ၌ عريض (ကျယ်သော ဒိုအာ) ဟူ၍ သုံးနှုန်းမိန့်မြွက် ရာ၌ အနက်အဓိပ္ပာယ် ပြီးပြည့်စုံသည့်အပြင် ချွင်းချက်ကင်းမဲ့သော စကားလုံးဝေါဟာရ မြောက်ပေသည်။ အဘယ်ကြောင့်ဆိုသော် အကြင်အရာတစ်ခု၏ အနံ့သည် အလွန်ကျယ်ဝန်းမည်ဆိုပါက ၎င်း၏ အလျားသည် ထို့ထက်ပို၍ပင် ရှည်လျားမည်ဖြစ်ကြောင်း အလိုအလျောက် နားလည်သဘောပေါက်နိုင်ပေသည်။ ဤအတွက် ကြောင့် 'ဂျန္နသ်'၏ ကျယ်ဝန်းမှုကို တင်ပြထားရာ၌ အလ္လာဟ်အသျှင်မြတ်သည်

عَرْضُهَا السَّمٰوٰتُ وَالْاَرْضُ

ထို 'ဂျန္နသ်'သုခဘုံ၏ အကျယ်အဝန်းသည်ကား မိုးကောင်းကင်များနှင့် ပထဝီမြေပြင်တမျှ ဖြစ်၏။

[၃ : ၁၃၃]

ပမာဆိုရသော် မှန်ကန်သော ဟဒီးစ်တော်များအတွင်းတွင် ဒိုအာ၏ နည်းစနစ်ယဉ်ကျေးမှု အချက် များတွင် ရှည်လျားသော ဆုမွန်ဒိုအာကို တောင်းဆိုခြင်းသည် အမှန်တကယ် ချီးမွမ်းထိုက်ဖွယ်နှင့် ကောင်း မြတ်သော လုပ်ရပ် ဖြစ်ကြောင်း တင်ပြထား၏။ ထပ်ခါထပ်ခါ ငိုယိုမြည်တမ်းကာ တောင်းဆိုခြင်းသည် လည်း သာပို၍ပင် ကောင်းမွန်ပေသည်။ *[ဘိုခါရီ၊ မွတ်စ္စလင်မ်ကျမ်း။]*

သို့ရာတွင် ဤနေရာ၌ ကာဖိရ်များအား ရှုတ်ချထားခြင်းအကြောင်းမှာ စင်စစ် ၎င်းတောင်းဆို သော ရှည်လျားသည့် ဆုမွန်ဒိုအာကြောင့် မဟုတ်ဘဲ '၎င်းအပေါ် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ စည်းစိမ်ရတနာများ ပေါများကြွယ်ဝစွာ ချီးမြှင့်ပေးလိုက်သည်ဆိုလျှင် မာန်မာန ထောင်လွှား၍ မောက်မာ မှုအတွင်း၌ နစ်မွန်းနေကာ ဘေးဥပါဒ်တစ်စုံတစ်ရာ သက်ရောက်သောအခါ မိမိ၏ ခံစားနေရသည့် ပူဆွေးမှု သောကတို့အား အကြိမ်ကြိမ်အခါခါ ဟစ်အော်တမ်းတကာ ပြောဆိုသွားလာလျက်ရှိနေကြောင်း' ဟူသော ထိုခြိုင်လုစွာသော ရှုတ်ချဖွယ် အကျင့်အမူ အချက်အပေါ်၌သာ ဖြစ်ပေသည်။ ပမာဆိုရသော် မေ့လျော့သော သူ၏ ဝလေ့စရိုက်မှာ 'အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ ဆုမွန်ဒိုအာတောင်းခံခြင်းသည် အဓိကရည်ရွယ် ချက်မျိုး မဟုတ်ရုံသာမက မိမိ၏ ဒုက္ခကြောင့် ငိုယိုခြင်းနှင့် လူတို့အား ပြောဆိုတင်ပြရန် 'ရည်ရွယ်ချက် မျိုးသာ ဖြစ်ပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိဆုံး ဖြစ်တော်မူ၏။)

سَنُرِيهِمْ اٰيٰتِنَا فِى الْاٰفَاقِ وَفِىٓ اَنْفُسِهِمْ

မကြာမီပင် ငါအသျှင်မြတ်သည် ထိုသူတို့အား ထိုသူတို့၏ ပတ်ဝန်းကျင်လောကများ၌လည်းကောင်း၊ ထိုသူတို့၏ လိုအပ်ချက်၌လည်းကောင်း မိမိ၏သက်သေလက္ခဏာတော်များကို ပြသတော်မူမည်။

[၄၁ : ၅၃]

آفاق ဟူသော စကားလုံးသည် أفق ဟူသော စကားလုံး၏ အများကိန်းဖြစ်ပေသည်။ မိုးကောင်းကင်၏ အောက်ဘက် မိုးကုတ်စက်ဝိုင်းကို ခေါ်ဆိုပေသည်။ အလိုသဘောမှာ ကမ္ဘာလောက၏ လေးဘက်လေးရံ နေရာအနှံ့အပြား ဖြစ်ပေသည်။ ဆိုလိုသည်မှာ စကြဝဠာတစ်ခွင်လုံး၌ ရှိသော အရာဝတ္ထု၊ အဖန်ဆင်းခံများ အကြီး၊ အသေး၊ မိုးကောင်းကင်၊ မြေပထဝီနှင့် ထိုနှစ်ခုကြား၌ ရှိသော အရာများအတွင်းမှ အကြင်မည်သည့်အရာတစ်ခုကိုမဆို ကြည့်ရှုမည်ဆိုပါက ထိုအရာသည် အလ္လာဟ်အသျှင်မြတ် တည်ရှိခြင်း၊ ထိုအသျှင်မြတ်၏ 'အိလ်မ်' (အသိပညာတော်) နှင့် 'ကုဒ်ရသ်' (တန်ခိုးတော်) ၏ လွှမ်းခြုံလျက်ရှိခြင်းနှင့် ထိုအသျှင်မြတ်တစ်ပါးတည်း တည်ရှိကြောင်းကို သက်သေခံလျက်ရှိနေပေသည်။ ထိုအရာများထက်သာပို နီးကပ်သော အရာများသည် လူသားကိုယ်တိုင်၏ အသက်နှင့် ကိုယ်ခန္ဓာပင် ဖြစ်ပေသည်။ ထိုကိုယ်ခန္ဓာရှိ အစိတ်အပိုင်းတစ်ခုချင်းစီနှင့် ထိုအစိတ်အပိုင်းတစ်ခုချင်းစီအတွင်း၌ ရှိသော ပြုမူဆောင်ရွက်ချက်များကို ပြုလုပ်နေသော ပါးလွှာ၊ နူးညံ့သိမ်မွေ့လှသည့် စက်ယန္တရားများကို ကြည့်ရှုကြပါစို့။ ထိုပါးလွှာသော ဆဲလ်ကြောများနှင့် နူးညံ့လှစွာသော စက်ယန္တရားများအတွင်း၌ ဦးနှောက်အသိဉာဏ် ငေးမောသွားရလောက်အောင် လူသားတို့အဖို့ သက်တောင့်သက်သာ လွယ်ကူစေသည့် မည်ကဲ့သို့သော စီမံမှုများကို ပြုလုပ်ထားပေသနည်း။ တစ်ဖန် ထိုနူးညံ့သော စက်ယန္တရားများကို နှစ်ပေါင်း (၇၀)၊ (၈၀) တိုင်အောင် မဆွေးမြေ့၊ မပျက်စီးသွားရလေအောင် ခိုင်ခန့်စွာ တည်ဆောက်ပေးထားပေသည်။ လူသားတို့၏ ခန္ဓာကိုယ်အတွင်းရှိ စုံရိုး၊ စုံကြောများကို စပရိမ်များသဖွယ် တွယ်ဆက်ပေးထားပေသည်။ အကယ်၍ လူ့အတတ်ပညာဖြင့် ပြုလုပ်ထားပါမူ သံမဏိကြိုး စပရိမ်များသည်ပင်လျှင် ဆွေးမြေ့ကာ ပျက်သုဉ်းသွားပေသည်။ ဤတန်ခိုးတော်၏ လက်ရာဖန်ဆင်းမှု၌ လက်များ၏ အရေခွံ၊ ထိုလက်များအပေါ် ရေးသားပေးထားသော လက်ဗွေများနှင့် လက္ခဏာများသည် သက်တမ်းတစ်လျှောက်လုံး၌ မပျက်စီးသွားပေ။ အကြင်အထက်တင်ပြပါ အချက်အလက်များအား ဦးနှောက်အသိဉာဏ်နည်းပါးသောသူ တစ်ဦးတစ်ယောက်သည်ပင်လျှင် စဉ်းစားကြည့်ရှု တွေးတောမည်ဆိုပါက 'ထိုအချင်းအရာများကို ဖန်ဆင်းကာ ရပ်တည်ထားစေတော်မူသော အသျှင်မြတ်တစ်ပါး ရှိကို ရှိပေသည်။ ထိုအသျှင်မြတ်၏ 'အိလ်မ်' (အသိပညာ) နှင့် တန်ခိုးတော်၏ အတိုင်းအတာသည် အဆုံးမရှိကြောင်း၊ ထိုအသျှင်မြတ်ကဲ့သို့သော အခြားမည်သည့်အသျှင်တစ်ပါးမျှ မရှိကြောင်း' ဟူသော အချက်ကို မတတ်သာသည့် အခြေအနေဖြင့် ယုံကြည်ရမည်သာ ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်ရှူရာ

ဆွေးနွေးတိုင်ပင်ခြင်းကဏ္ဍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

حٰمٓ ①

၄၂ : ၁ ။ ။ ဟာ၊ မီးမ်....။

عٓسٓقٓ ②

၄၂ : ၂ ။ ။ အိုင်န်....၊ စီန်....၊ ကာဖ်....။

كَذٰلِكَ يُوۡحِىۡۤ اِلَيۡكَ وَاِلَى الَّذِيۡنَ مِنۡ قَبۡلِكَ ۙ اللّٰهُ الۡعَزِيۡزُ الۡحَكِيۡمُ ③

၄၂ : ၃ ။ ။ (အို၊ နဗီတမန်တော်) အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အသျှင်မြတ်သည် အသင့်ထံသို့လည်းကောင်း၊ အသင့်အလျင် ပွင့်ခဲ့ကြသော (ရစူလ်) တမန်တော်တို့ထံသို့လည်းကောင်း၊ ဤနည်းအတိုင်းပင် 'ဝဟီ' အမိန့်တော်ကို ထုတ်ပြန်တော်မူလေ့ ရှိခဲ့၏။

لَهٗ مَا فِى السَّمٰوٰتِ وَمَا فِى الۡاَرۡضِ ؕ وَهُوَ الۡعَلِىُّ الۡعَظِيۡمُ ④

၄၂ : ၄ ။ ။ မိုးကောင်းကင်များနှင့် ပထဝီမြေဝယ် ရှိရှိသမျှတို့သည် ထိုအသျှင် မြတ် ပိုင်ဆိုင်တော်မူသော အရာများပင် ဖြစ်ကြကုန်၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင်လျှင် လွန်စွာ မြင့်မြတ်လှတော်မူသော၊ အလွန်တရာ ထူးကဲ ကြီးမြင့်လှတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

تَكَادُ السَّمٰوٰتُ يَتَفَطَّرْنَ مِنْ فَوْقِهِنَّ وَالْمَلٰٓئِكَةُ
يُسَبِّحُوْنَ بِحَمْدِ رَبِّهِمْ وَيَسْتَغْفِرُوْنَ لِمَنْ فِي الْاَرْضِ ۗ اَلَآ اِنَّ
اللّٰهَ هُوَ الْغَفُوْرُ الرَّحِيْمُ ۝٥

၄၂ : ၅ ။ ။ [၎င်းတို့သည် အသျှင်မြတ်၌ ဂုဏ်ရည်ရှိသည်။ သားသမီးများ ရှိသည်ဟု လုပ်ကြံစွပ်စွဲ ပြောဆိုသောကြောင့်] မိုးကောင်းကင်များသည် မိမိတို့အပေါ်မှ အက်ကွဲပြိုကျအံ့ဆဲဆဲ ဖြစ်ကုန်၏။ [သို့တစေလည်း အသျှင်မြတ်သည် မိမိ၏ လွတ်ငြိမ်းချမ်းသာခွင့် ပေးသောကြောင့် မိုးကောင်းကင်သည် ရပ်တည်လျက် ရှိ၏။] ၎င်းပြင် 'မလာအေ့ကဟ်' ကောင်းကင်တမန်တို့သည် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့်တကွ (ထိုအသျှင်မြတ်) စင်ကြယ်သန့်ရှင်းတော်မူကြောင်းကို မြွက်ဆိုလျက် ရှိကြသည့်အပြင် ၎င်းတို့သည် ကမ္ဘာမြေ၌ ရှိသူတို့အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကိုလည်း ပန်ကြားလျက်ရှိကြကုန်၏။ သတိပြုကြလေကုန်။ ဧကန်အမှန် အလ္လာဟ်အသျှင်မြတ်သည်ပင် အလွန်တရာ ခွင့်လွှတ်တော်မူသော အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

وَالَّذِيْنَ اتَّخَذُوْا مِنْ دُوْنِهٖٓ اَوْلِيَآءَ اللّٰهُ حَفِيْظٌ عَلَيْهِمْ ۖ وَمَآ اَنْتَ عَلَيْهِمْ بِوَكِيْلٍ ۝٦

၄၂ : ၆ ။ ။ (အို၊ နဗီတမန်တော်) ထိုအသျှင်မြတ်မှတပါး အခြား (အရာ) ကို ကိစ္စအဝဝ ပြီးစီးအောင် ဆောင်ရွက်ပေးသူများအဖြစ် ရွေးချယ်သတ်မှတ် ပြုလုပ်ခဲ့ကြသောသူတို့အား အလ္လာဟ်အသျှင်မြတ်သည်ပင်လျှင် ကြည့်ရှု စောင့်ကြပ်တော်မူလေ့ ရှိ၏။ စင်စစ် အသင်သည် ၎င်းတို့နှင့် ပတ်သက်၍ တာဝန်ခံ မဟုတ်ပေ။

وَكَذٰلِكَ اَوْحَيْنَآ
اِلَيْكَ قُرْاٰنًا عَرَبِيًّا لِّتُنْذِرَ اُمَّ الْقُرٰى وَمَنْ حَوْلَهَا وَتُنْذِرَ يَوْمَ
الْجَمْعِ لَا رَيْبَ فِيْهِ ۗ فَرِيْقٌ فِي الْجَنَّةِ وَفَرِيْقٌ فِي السَّعِيْرِ ۝٧

၄၂ : ၇ ။ ။ (အို၊ နဗီတမန်တော်) စင်စစ် ငါအသျှင်မြတ်သည် (ဤနည်းအတိုင်းပင်) အသင့်ထံသို့ အသင်သည် (ဦးစွာပထမ) မက္ကာဟ်မြို့ (သားတို့) ကိုလည်းကောင်း၊ ယင်းမက္ကာဟ်မြို့၏ ပတ်ဝန်းကျင် (၌ နေထိုင်သော သူတို့) ကိုလည်းကောင်း၊ သတိပေး နှိုးဆော်ရန်အလို့ငှာလည်းကောင်း၊ ထို့ပြင် သံသယ အလျှင်းမရှိသော ('ကေယာမသ်' ရှင်ပြန်ထမည့်) နေ့နှင့် စပ်လျဉ်း၍ သတိပေး နှိုးဆော်ရန်အလို့ငှာလည်း ကောင်း၊ အရဗီဘာသာစကားဖြစ်သော (ဤ) ကုရ်အာန်ကျမ်းတော်မြတ်ကို ထုတ်ပြန်တော်မူခဲ့၏။ (၎င်းတို့အနက်) အုပ်စုတစ်စုမှာ 'ဂျန္နသ်' သုခဘုံသို့ (လား၍) အုပ်စုတစ်စုမှာ 'ဂျဟန္နမ်' ငရဲဘုံသို့ (လားကြပေမည်)။

وَلَوْ شَآءَ اللّٰهُ لَجَعَلَهُمْ اُمَّةً وَّاحِدَةً وَّلٰكِنْ يُّدْخِلُ مَنْ يَّشَآءُ فِىْ رَحْمَتِهٖ ؕ وَالظّٰلِمُوْنَ مَا لَهُمْ مِّنْ وَّلِىٍّ وَّلَا نَصِيْرٍ ۝

၄၂ း ၈ ။ ။ စင်စစ် အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် အလိုတော်ရှိတော်မူခဲ့ပါလျှင် အမှန်ပင် ၎င်းတို့အား သာသနာဝင် အုပ်စုတစ်စုတည်းသာ ပြုလုပ်တော်မူခဲ့မည်သာ (ဖြစ်၏။) သို့ရာတွင် ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူတို့ကိုသာလျှင် မိမိကရုဏာတော်သို့ ဝင်ရောက်စေတော်မူ၏။ စင်စစ် မတရားကျူးလွန်သော သူတို့အဖို့ ကာကွယ်စောင့်ရှောက်မည့်သူဟူ၍လည်း မည်သူတစ်ဦးတစ်ယောက်မျှပင် ရှိလိမ့်မည် မဟုတ်ပေ၊ ကူညီစောင်မမည့်သူ ဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် ရှိလိမ့်မည်မဟုတ်ချေ။

اَمِ اتَّخَذُوْا مِنْ دُوْنِهٖۤ اَوْلِيَآءَ ۚ فَاللّٰهُ هُوَ الْوَلِىُّ وَهُوَ يُحْىِ الْمَوْتٰى وَهُوَ عَلٰى كُلِّ شَىْءٍ قَدِيْرٌ ۝

၄၂ း ၉ ။ ။ ၎င်းတို့သည် ထိုအသျှင်မြတ်မှတပါး အခြားသူတို့အား ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးသူများအဖြစ် ရွေးချယ်ပြုလုပ် ထားခဲ့ကြလေသလော။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်သာလျှင် သူသေတို့အား ရှင်စေတော်မူမည်။ ထို့ပြင် ထိုအသျှင်မြတ်သည်သာလျှင် အရာခပ်သိမ်းတို့ကို ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

'ဟာမီးမ်'၊ 'အိုင်းန်'၊ 'စီးန်'၊ 'ကားဖ်' (ထိုအက္ခရာတော်များ၏ အဓိပ္ပာယ်ကို အလ္လာဟ်အသျှင်မြတ်သည်သာလျှင် သိရှိတော်မူပေ၏။)

(သာသနာရေးရာဆိုင်ရာ အခြေခံမူဝါဒတို့အား စီစစ်သုတေသနပြုရန်နှင့် ကြီးကျယ်လှစွာသော အကျိုးစဝါးဗ်များ ရရှိရန်အတွက် ဤစူရာဟ်တော်သည် အသင်အပေါ်၌ ကျရောက်လျက်ရှိနေသကဲ့သို့ အို၊ နဗီတမန်တော်) အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အသျှင်မြတ်သည် အသင့်ထံသို့လည်းကောင်း၊ အသင့်အလျှင် ပွင့်ခဲ့ကြသော ရစူလ်တမန်တော်တို့ထံသို့လည်းကောင်း ဤနည်းအတိုင်းပင် (အခြားသော စူရာဟ်တော်များနှင့် ကျမ်းစာအုပ်တော်များ၏) 'ဝဟီ' အမိန့်တော်ကို ထုတ်ပြန်တော်မူလေ့ ရှိခဲ့၏။

(ထိုအသျှင်မြတ်၏ ဂုဏ်ရှိန်၊ ဂုဏ်ဝါတော်မှာ) မိုးကောင်းကင်များနှင့် ပထဝီမြေဝယ် ရှိရှိသမျှတို့သည် ထိုအသျှင်မြတ် ပိုင်ဆိုင်တော်မူသော အရာများပင် ဖြစ်ကြကုန်၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင်လျှင် လွန်စွာ မြင့်မြတ်တော်မူသော၊ အလွန်တရာ ထူးကဲကြီးမြင့်လှတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ (ထိုအသျှင်မြတ်၏ ဂုဏ်ရှိန်၊ ဂုဏ်ဝါတော်ကို အကယ်၍ မြေပထဝီ အဖန်ဆင်းခံများ မသိနားမလည်

ကြသော်လည်း မိုးကောင်းကင်နေ ထိုအသျှင်မြတ်၏ ဂုဏ်ရှိန်၊ ဂုဏ်ဝါကို သိနားလည်သူ၊ ကြီးကျယ်မြင့်မြတ်မှုကို သိရှိကြသော ဖရစ်ရှ်သာဟ်များသည် ဤမျှ အများအပြားရှိသည်။)

မိုးကောင်းကင်သည် (၎င်းတို့၏ လေးလံသော ဝန်ကြောင့်) မိမိတို့အပေါ်မှ အက်ကွဲပြိုကျ အံ့ဆဲဆဲဖြစ်ကုန်၏။ (ပမာဆိုရသော် ဟဒီးစ်တော်တစ်ရပ်အတွင်း၌ ဤသို့ လာရှိထားပေသည်။

اطت السماء وحق لها ان تئط مافيها موضع اربعة اصابع

الا وملك وا ضع جبهته ساجداً الله

မိုးကောင်းကင်၌ အရာတစ်ခုအပေါ် လေးလံသော ဝန်တစ်ခု ရောက်ရှိနေခြင်းကြောင့် ထွက်ပေါ်လာသော အသံမျိုးကဲ့သို့ အသံသည် ထွက်ပေါ်နေပေသည်။ ဤသို့သော အသံမျိုးလည်း ရှိသင့်ပေသည်။ အကြောင်းမှာ ကောင်းကင်များအားလုံး၌ လက်လေးလုံးခန့်မျှပင် ကောင်းကင်တမန်များသည် နဖူးများဖြင့် ဦးမချသော နေရာဟူ၍ တစ်နေရာမျှ မရှိပေ။ *[သိရ်မေဇီ၊ အိဗ်နေမာဂျာဟ်။]*

၎င်းပြင် ကောင်းကင်တမန်များသည် မိမိတို့အား မွေးမြူ ဖန်ဆင်းတော်မူသော အသျှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့် အတူတကွ (ထိုအသျှင်မြတ်) သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုလျက် ရှိကြသည့်အပြင် (ကမ္ဘာမြေပထဝီပေါ်၌ ထိုအသျှင်မြတ်၏ ထူးကဲမြင့်မြတ်တော်မူသော ဂုဏ်ရှိန်ဂုဏ်ဝါကို မသိရှိကာ 'ရှရစ်က်'တုဖက်နိုင်းယှဉ်ခြင်းနှင့် 'ကုဖွရ်'သွေဖည် ငြင်းဆိုမှုအတွင်း၌ နစ်မွန်းနေသည့်အတွက်ကြောင့် မုချ ပြစ်ဒဏ်ခံထိုက်ဖွယ်ရှိသော သူတို့ကို ယင်းကောင်း ကင်တမန်များက) ၎င်းတို့သည် ကမ္ဘာမြေ၌ ရှိသူတို့အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကိုလည်း ပန်ကြားလျက် ရှိကြကုန်၏။ (သီးသန့်အချိန်တစ်ခုအတွက်သာ ဤသို့ ပန်ကြားကြမည် ဖြစ်၏။)

(ထိုသို့ အချိန်အတိုင်းအတာ သတ်မှတ်ချက်တစ်ရပ်ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းခံခြင်း၏ အလိုသဘောမှာ '၎င်းတို့အပေါ် ဘေးဆိုး၊ ဒဏ်ဆိုးများ မကျရောက်စေရန်ဖြစ်သည်။ အကြင်ကဲ့သို့သော ဘေးဆိုး၊ ဒဏ်ဆိုးတို့ကြောင့် အားလုံးသောသူများ သေကြေပျက်စီးသွားကြရကုန်၏) ဟူသော ဆုမွန်ဒိုအာမျိုးကို ကောင်းကင်တမန်တော်များက တောင်းဆိုခြင်းဖြစ်၏။ ကမ္ဘာလောက၌ ကျရောက်လာသည်ဖြစ်သော သာမန်ပြစ်ဒဏ်နှင့် နောင်တမလွန်၏ ထာဝစဉ်ပြစ်ဒဏ်သည် ထိုသို့ 'လွတ်ငြိမ်းချမ်းသာခွင့် တောင်းဆိုခြင်း' ၏ အလိုသဘော၌ မပါဝင်ပေ။ အလ္လာဟ်အသျှင်မြတ်သည် ထိုကောင်းကင်တမန်တော်များ၏ ဆုမွန်ဒိုအာကို လက်ခံကာ '၎င်းတို့အား လောကီရေးရာ၏ တစ်ဝှမ်းလုံးအပေါ် ကျရောက်မည့် ခြုံငုံသည့်သဘောတရား သက်ရောက်စေသော ပြစ်ဒဏ်တော်မှ' ဖယ်ရှားပေးတော်မူလိုက်ပေသည်။) သတိပြုကြလေကုန်။ ဧကန်အမှန် အလ္လာဟ်အသျှင်မြတ်သည်ပင် အလွန်တရာ ခွင့်လွှတ်တော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။ (ကာဖိရ်များအဖို့မူ ခွင့်လွှတ်ချမ်းသာ ရရှိခြင်းသည် အတိုင်းအတာတစ်ရပ်နှင့် လောကီရေးရာကိစ္စအတွက်သာလျှင် ဖြစ်၏။)

(အို၊ နဗီတမန်တော်) ထိုအသျှင်မြတ်မှတစ်ပါး အခြား (အရာ) ကို ကိစ္စအဝဝပြီးစီးအောင် ဆောင်ရွက်ပေးသူများအဖြစ် ရွေးချယ်သတ်မှတ် ပြုလုပ်ခဲ့ကြသော သူတို့အား အလ္လာဟ်အသျှင်မြတ်သည်ပင်လျှင် (၎င်းတို့၏ ဆိုးရွားသော အပြုအမူများကို) ကြည့်ရှုစောင့်ကြပ်တော်မူလေ့ ရှိ၏။ (အကြင်အပြုအမူဆိုး၏ ပြစ်ဒဏ်ကို ၎င်းတို့အနေဖြင့် ထိုက်သင့်သော အချိန်အခါမျိုး၌ ခံစားရပေလိမ့်မည်။) စင်စစ် အသင်သည် ၎င်းတို့နှင့် ပတ်သက်၍ တာဝန်ခံမဟုတ်ပေ။ (အသင်သည် မိမိအနေဖြင့် လိုလားနှစ်မြို့သော အချိန်အခါမျိုး၌ ပြစ်ဒဏ်ကို ချပေးခိုင်းရန် မပြုနိုင်ပေ။)

(အသင်သည် ၎င်းတို့အပေါ် ချက်ချင်းလက်ငင်း ပြစ်ဒဏ်မကျရောက်လာခြင်းနှင့် စပ်လျဉ်း၍ ဝမ်းနည်းပူဆွေးမှု မဖြစ်သင့်ပေ။ အဘယ်ကြောင့်ဆိုသော် အသင့်တာဝန်မှာ ပို့ချရန်ဖြစ်သည်။ ထိုတာဝန်ကို အသင့်အနေဖြင့် ဆောင်ရွက်ပြီးဖြစ်သည်။ ထို့ထက်သာပို၍ ဝမ်းနည်းပူဆွေးမှု အသင်မဖြစ်လေနှင့်။ သို့ရှိရာ အို၊ နဗီတမန်တော်) စင်စစ် ငါအသျှင်မြတ်သည် ဤနည်းအတိုင်းပင် (အသင် တွေ့မြင်နေသကဲ့သို့) အသင့်ထံသို့ အာရဗီစကားဖြင့်ဖြစ်သော ကုရ်အာန်ကျမ်းတော်မြတ်ကို ထုတ်ပြန်ချပေးတော်မူခဲ့၏။ အသင်သည် (ဦးစွာပထမ) မက္ကာဟ်မြို့ (သားတို့) ကိုလည်းကောင်း၊ ယင်းမက္ကာဟ်မြို့၏ ပတ်ဝန်းကျင်.(၌နေထိုင်သောသူတို့) ကိုလည်းကောင်း၊ သတိပေးနှိုးဆော်ရန်အလို့ငှာလည်းကောင်း၊ (ထိုကဲ့သို့ နှိုးဆော်ခြင်းသည်လည်း အလွန်ကြီးမားသော အချက်ဖြစ်ပေသည်။ ဆိုလိုသည်မှာ) ထို့ပြင် သံသယအလျဉ်း မရှိအပ်သော ('ကေယာမသ်' ရှင်ပြန်ထရမည့်နေ့၊ ၎င်းနေ့တွင် အရှေ့အနောက် ခပ်သိမ်းကုန်သော လူသားများကို ကွင်းပြင်တစ်ခုတည်း၌ စုရုံးစေမည် ဖြစ်သည့်) နေ့နှင့် စပ်လျဉ်း၍ သတိပေးနှိုးဆော်ရန်အလို့ငှာလည်းကောင်း (အကြင်နေ့၌ ဆုံးဖြတ်ချက်မှာ ဤသို့ ဖြစ်ပေါ်ပေလိမ့်မည်။ ၎င်းတို့အနက်) အုပ်စုတစ်စုမှာ 'ဂျန္နသ်' သုခဘုံသို့ (လား၍) အုပ်စုတစ်စုမှာမူ 'ဂျဟန္နမ်' သို့ လားကြပေမည်။ (သို့ရှိရာ အသင့်တာဝန်မှာ ယင်းနေ့ နှင့် စပ်လျဉ်း၍ ၎င်းတို့အား သတိပေးနှိုးဆော်ရန် ဖြစ်ပေသည်။)

စင်စစ် (ကျန်ရှိနေသော ၎င်းတို့အီမာန်ရယူခြင်း၊ မရယူခြင်း အမှုကိစ္စသည် အလ္လာဟ်အသျှင်မြတ်၏ ဆန္ဒအလိုတော်အပေါ်၌သာ မူတည်နေပေသည်။) အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် အမှန်ပင် ၎င်းတို့အား သာသနာဝင် အုပ်စုတစ်အုပ်စုတည်းသာ ပြုလုပ်တော်မူခဲ့မည်သာ ဖြစ်၏။ (ဆိုလိုသည်မှာ အားလုံးကို အီမာန်ချီးမြှင့်ပေးသနားတော်မူလိုက်မည် ဖြစ်သည်။ ပမာဆိုရသော် အလ္လာဟ်အသျှင်မြတ်သည် ဤသို့လည်း မိန့်မြွက်ထားတော်မူပေသည်။)

وَلَوْ شِئْنَا لَاٰتَيْنَا كُلَّ نَفْسٍ هُدٰهَا

စင်စစ် အကယ်၍သာ ငါအသျှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် လူတိုင်းလူတိုင်းအား ၎င်းတို့၏ တရားလမ်းမှန်ကို ပြပေးတော်မူခဲ့ပြီးဖြစ်၏။ *[၃၂ : ၁၃]*

သို့ရာတွင် (များစွာသော အမြော်အမြင်ရှိသည့် အချက်များအပေါ် မူတည်၍ အလ္လာဟ်အသျှင်မြတ်သည် ယင်းအချက်ကို သဘောမတူ မနှစ်သက်ခဲ့ပေ။ သို့သာမက) ထိုအသျှင်မြတ်သည် မိမိအလိုရှိ

တော်မူသော သူတို့ကိုသာလျှင် (အီမာန်ကို ချီးမြှင့်၍) မိမိ၏ ကရုဏာတော်သို့ ဝင်ရောက်စေတော်မူ၏။ (မိမိ လိုလားတော်မူသော သူတို့ကို ၎င်းတို့၏ 'ကုဖ္ဖရ်' (သွေဖည်ငြင်းဆိုမှု) နှင့် 'ရှရစ်က်' (တုဖက်နှိုင်းယှဉ်ခြင်း) တို့အပေါ်၌ ထားရှိကာ ၎င်းတို့ကို ကရုဏာတော်အတွင်းသို့ မဝင်ရောက်စေပေ။) စင်စစ် ('ကုဖ္ဖရ်' သွေဖည်ငြင်းဆိုမှု) နှင့် 'ရှရစ်က်' (တုဖက်နှိုင်းယှဉ်မှု) အတွင်း၌ နစ်မွန်း၍နေသော သူတို့သည် 'ကေယာမသ်' နေ့၌) မတရားကျူးလွန်သော သူတို့အဖို့ ကာကွယ်စောင့်ရှောက်မည်သူဟူ၍လည်း မည်သူတစ်ဦးတစ်ယောက်မျှပင် ရှိလိမ့်မည်မဟုတ်ပေ။ ကူညီစောင်မမည့်သူဟူ၍လည်း မည်သူတစ်ဦးတစ်ယောက်မျှပင် ရှိလိမ့်မည် မဟုတ်ချေ။

(ရှေ့၌ 'ရှရစ်က်' တုဖက်နှိုင်းယှဉ်ခြင်းအား ချေပထားတော်မူပေသည်။) ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်မှတစ်ပါး အခြားသူတို့အား ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးသူများအဖြစ် ရွေးချယ်ပြုလုပ်ထားခဲ့ကြလေသလော။ အမှန်စင်စစ် (အကယ်၍ ကိစ္စအဝဝကို ဆောင်ရွက်သူအဖြစ် ပြုလုပ်ရန်ရှိမူ) အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ကိစ္စအဝဝကို ပြီးအောင်ဆောင်ရွက်နိုင်တော်မူသော အသျှင်အဖြစ် (ထိုက်တန်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်သာလျှင် သူသေတို့အား ရှင်စေတော်မူမည်။ ၎င်းပြင် ထိုအသျှင် မြတ်သည်သာလျှင် အရာခပ်သိမ်းတို့ကို ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ (သို့ရှိရာ ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်နိုင်တော်မူသော အသျှင်အဖြစ် ခံထိုက်တော်မူသော အသျှင်မြတ်သည် ထိုအသျှင်မြတ်သည်သာလျှင် ဖြစ်ထိုက်တော်မူပေသည်။ အကြင်အသျှင်မြတ်သည် အရာတိုင်းအပေါ် စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်သည့်အပြင် သူသေများကို ရှင်ပြန်ထအောင် ပြုစွမ်းနိုင်သည့် အသျှင် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ် စွမ်းဆောင်နိုင်တော်မူခြင်း၏ တစ်မူထူးသည့် ဝိသေသအချက်မှာ အခြားသော အကြောင်းအရာများကို ဖန်ဆင်းပြုလုပ်တော်မူရာ၌ အခြားသော အဖန်ဆင်းခံများသည် 'အမည်ခံပုံစံမျိုး' ပြုလုပ် ဖန်ဆင်းခြင်းဆိုသည့် ဝိသေသအချက်ကို ရရှိကြပေသည်။ သို့ရာတွင် သူသေတို့အား ရှင်ပြန်ထအောင် ပြုလုပ်ခြင်း၏ တန်ခိုးတော် စွမ်းဆောင်ခြင်းနှင့် စပ်လျဉ်း၍ အခြားမည်သည့်အရာ တစ်စုံတစ်ရာမျှ အမည်ခံအဆင့်ဖြင့်လည်း ဖက်စပ်ပါဝင်ခြင်း မရှိပေ။)

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

يَتَفَطَّرْنَ (အက်ကွဲပြိုကျအံ့ဆဲဆဲ ဖြစ်ကုန်၏။) *[၄၂ : ၅]*

ထိုစကားလုံးတော်နှင့် စပ်လျဉ်း၍ "ကောင်းကင်တမန်တော်များ၏ လေးလံမှုကြောင့် မိုးကောင်းကင်၌ အရာတစ်ခုအပေါ် လေးလံသော 'အရာတစ်ခု ထားရှိလိုက်သည့်အတွက်ကြောင့် ထွက်ပေါ်လာသော အသံ မျိုးကဲ့သို့" ထွက်ပေါ်နေကြောင်း' ကို အထက်၌ ဟဒီးစ်တော်၏ အကိုးအကားဖြင့် တင်ပြခဲ့ပေသည်။ ယင်းအချက်မှ 'ကောင်းကင်တမန်တော်များအတွင်းဝယ် လေးလံသော ဝန်အလေးချိန်ရှိကြောင်း' ကို သိရှိ

ရပေသည်။ ယင်းအချက်နှင့် စပ်လျဉ်း၍ စဉ်းစားတွေးခေါ်ရန် တစ်စုံတစ်ရာ ခဲယဉ်း၊ ဝေးလံလှစွာသော အချက်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် 'ကောင်းကင်တမန်တော်များ၌ ကိုယ်ခန္ဓာ တည်ရှိနေခြင်းကို အားလုံး လက်ခံထားကြပေသည်။ နူးညံ့သိမ်မွေ့သောကိုယ်ခန္ဓာများ ရှိလင့်ကစား၊ နူးညံ့သိမ်မွေ့သော ခန္ဓာကိုယ်များ အလွန်များပြားသည့် အရေအတွက်နှင့် ဖြစ်ရှိလာချိန်ဝယ် လေးလံသော ဝန်ဖြစ်သွားကြောင်း' သည် တစ်စုံတစ်ရာ တွေးခေါ်ရန် ဝေးကွာလှစွာသော အချက်မျိုးမဟုတ်ပေ။ *[ဗယာနွလ်ကုရ်အာန်]*

لِتُنْذِرَ اُمَّ الْقُرٰی

(အသင်သည် မက္ကာဟ်မြို့သားတို့ကိုလည်းကောင်း၊ သတိပေးနှိုးဆော်ရန်အလို့ငှာလည်းကောင်း) *[၄၂ : ၇]*

اُمَّ الْقُرٰی ၏ အဓိပ္ပာယ်မှာ ရွာချုပ်၊ မြို့ချုပ်ဖြစ်ပြီး အလိုသဘောမှာ 'မက္ကာဟ်ရွှေမြို့တော်' ဖြစ်ပေသည်။ မက္ကာဟ်ရွှေမြို့တော် မြို့ချုပ်၊ ရွာချုပ် (အုမ်မုလ်ကုရာ) ဟူ၍ အမည်ထားရခြင်း အကြောင်းမှာ ဤမြို့တော်သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ မြို့များ၊ ရွာများအားလုံးထက် အမွန်မြတ်ဆုံး၊ အမြင့်မြတ်ဆုံးဖြစ်ခြင်းကြောင့် ဖြစ်ပေသည်။ ပမာဆိုရသော် အေမာမ်အဟ်မဒ် (ရဟ) သခင်ကြီးသည် မွတ်စ်နဒ်ကျမ်း၌ ဟဇရတ်အဒီးဗင်န်ဟမ်ရားအ် ﷺ (ရိုဟ်ရီး) သခင်ကြီးထံမှ ဆင့်ပြန်ထားပေသည်။ ၎င်းက ပြောပြသည်မှာ 'ကျွန်ုပ်သည် တမန်တော်မြတ် ﷺ ထံတော်မှ မက္ကာဟ်မြို့တော်မှ 'ဟီဂျ်ရတ်' (ပြောင်းရွှေ့ချိန်) ၌ ကြားခဲ့ရပေသည်။ ကိုယ်တော်မြတ် ﷺ သည် မက္ကာဟ်မြို့၏ ဈေးဖြစ်သော 'ဟဇ်ဝါရာ' အမည်ရှိသော အရပ်ဒေသ၌ ရှိချိန် မက္ကာဟ်မြို့တော်ကို ရည်ညွှန်း၍ ဤသို့ မိန့်တော်မူလိုက်ပေသည်။

انك لخيرارض الله واحب ارض الله اليّ ولولا انى اخرجت منك لماخرجت

(အသင်သည် ကျွန်ုပ်ထံ၌ အလ္လာဟ်အသျှင်မြတ်၏ မြေပထဝီများအားလုံးထက် အကောင်းဆုံး ဖြစ်ပေသည်။ မြေပထဝီအားလုံးထက်လည်း အနှစ်မြို့ဆုံး ဖြစ်ပေသည်။ အကယ်၍ ကျွန်ုပ်သည် ဤမြေမှ နှင်ထုတ်ခြင်းမခံရပါမူ မိမိသဘောဖြင့် မည်သည့်အခါမျှ ဤမြေမှ စွန့်ခွာသွားမည်မဟုတ်ပေ။)

[သိရ်မေဇီ၊ နစာအီး၊ အိဗ်နေမာဂျာဟ်။]

وَمَنْ حَوْلَهَا

(ယင်းမက္ကာဟ်မြို့၏ ပတ်ဝန်းကျင်၌ နေထိုင်သောသူတို့ကိုလည်းကောင်း) *[၄၂ : ၇]*

ထိုစကားလုံးတော်၏ အလိုသဘောမှာ 'အနီးနားဝန်းကျင်၌ ရှိသော အာရပ်နိုင်ငံများ' လည်း ဖြစ်နိုင်သကဲ့သို့ 'အရှေ့ဘက်ဖျားနှင့် အနောက်ဘက်ဖျား' ရှိ ကမ္ဘာတစ်ဝှမ်းလုံးလည်း ဖြစ်နိုင်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَمَا اخْتَلَفْتُمْ فِيهِ مِن شَيْءٍ فَحُكْمُهُ
إِلَى اللَّهِ ذَٰلِكُمُ اللَّهُ رَبِّي عَلَيْهِ تَوَكَّلْتُ وَإِلَيْهِ أُنِيبُ ⑩

၄၂ : ၁၀ ။ ။ ၄င်းပြင် အကြင်ကိစ္စသည် ယင်းကိစ္စနှင့် စပ်လျဉ်း၍ အသင်တို့သည် (မွတ်စ္စလင်မ်တို့နှင့်) ကွဲပြား လျက်ရှိကြကုန်၏။ စင်စစ် (မည်သည့်ကိစ္စပင် ကွဲလွဲသည်ဖြစ်စေ) ယင်းကိစ္စ၏ အဆုံးအဖြတ်မှာ အလ္လာဟ်အသျှင်မြတ်ထံတော်၌ပင် ရှိ၏။ ထို (အလ္လာဟ်အသျှင်မြတ်) သည်ပင် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ ငါသည် ထို အသျှင်မြတ်အပေါ်၌သာလျှင် ယုံပုံလွှဲအပ်ပေသည်။ ၄င်းပြင် ငါသည် ထိုအသျှင်မြတ်ဘက်သို့သာလျှင် ပြန်လှည့်၏။

فَاطِرُ السَّمَاوَاتِ وَالْأَرْضِ ۚ جَعَلَ لَكُم مِّنْ أَنفُسِكُمْ أَزْوَاجًا وَ
مِنَ الْأَنْعَامِ أَزْوَاجًا ۖ يَذْرَؤُكُمْ فِيهِ ۚ لَيْسَ كَمِثْلِهِ شَيْءٌ ۖ وَهُوَ
السَّمِيعُ الْبَصِيرُ ⑪

၄၂ : ၁၁ ။ ။ (ထိုအသျှင်မြတ်သည်ပင်) မိုးကောင်းကင်များနှင့် ပထဝီမြေကြီးကို ဖန်ဆင်းတော်မူသော အသျှင် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏ အမျိုးသားထဲမှပင် ကြင်ရာကြင်ဖက်များကို ဖန်ဆင်းတော်မူခဲ့၏။ ထို့နည်းတူစွာ ခြေလေးချောင်း တိရစ္ဆာန်တို့၏ စုံတွဲများကိုလည်း ဖန်ဆင်းတော်မူခဲ့၏။ ဤသို့ ပြုလုပ်ခြင်းအားဖြင့် ထိုအသျှင်မြတ်သည် အသင်တို့အား (မျိုးဆက်ကို) ပြန့်ပွားစေတော်မူ၏။ ထိုအသျှင်မြတ်နှင့်တူသော အရာဟူ၍ မည်သည့်တစ်စုံတစ်ရာမျှပင် မရှိပြီ။ ထိုအသျှင်မြတ်သည်ပင်လျှင် (အလုံးစုံတို့ကို) အကြွင်းမဲ့ကြားတော်မူသော အသျှင်၊ အကြွင်းမဲ့ မြင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

لَهُ مَقَالِيدُ السَّمَاوَاتِ وَالْأَرْضِ ۖ يَبْسُطُ الرِّزْقَ لِمَن يَشَاءُ وَيَقْدِرُ ۚ إِنَّهُ بِكُلِّ شَيْءٍ عَلِيمٌ ⑫

၄၂ : ၁၂ ။ ။ မိုးကောင်းကင်များနှင့် ပထဝီမြေ၏ သော့များသည် ထိုအသျှင်မြတ်၏ ထံတော်၌သာ ရှိတော်မူ၏။ ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား စားနပ်ရိက္ခာကို ကျယ်ဝန်းစွာ ချီးမြှင့်တော်မူ၏။ ထို့နည်းတူစွာ (မိမိ အလိုရှိတော်မူသော သူအား စားနပ်ရိက္ခာကို) ကျပ်တည်းစေတော်မူ၏။ ဧကန်မလွဲ ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၄င်းပြင် (အသင်သည် 'သောင်ဟီးဒ်' (ကိုးကွယ်ရာ အသျှင်) တစ်ပါးတည်း တည်ရှိခြင်းတရား နှင့် စပ်လျဉ်း၍ အသင့်အား ဆန့်ကျင်ဘက် ပြုလုပ်နေသော သူတို့အား ဤသို့ ပြောဆိုကုန်။) အကြင်ကိစ္စ ရပ်များနှင့် စပ်လျဉ်း၍ အသင်တို့သည် (အမှန်တရားပေါ်၌ ရှိနေကြကုန်သော မွတ်စ္စလင်မ်တို့နှင့်) ကွဲပြား

လျက် ရှိကြကုန်၏။ စင်စစ် (မည်သည့်ကိစ္စပင် ကွဲလွဲသည်ဖြစ်စေ) ယင်းကိစ္စ (အားလုံး၏) အဆုံးအဖြတ်မှာ အလ္လာဟ်အသျှင်မြတ်ထံတော်၌ပင် ရှိ၏။ (၎င်းမှာ ဤသို့ ဖြစ်၏။ ထိုအသျှင်မြတ်သည် ကမ္ဘာလောက၌ အထောက်အထားများနှင့် တန်ခိုးတော်များ၏ အကြောင်းခံဖြင့် 'သောင်ဟီးဒ်' (ကိုးကွယ်ရာ အသျှင်) တစ်ပါးတည်း တည်ရှိခြင်းတရား မှန်ကန်ကြောင်းကို ရှင်းလင်းဖော်ထုတ်ပေးကာ 'အာခေရသ်' နောင်တမလွန်၌ အီမာန်ရယူကြကုန်သော သူတို့ကို 'ဂျန္နသ်' သုခဘုံအတွင်းသို့လည်းကောင်း၊ အီမာန်မရယူကြသော သူတို့ကို 'ဂျဟန္နမ်' အတွင်းသို့သော်လည်းကောင်း ထည့်တော်မူမည် ဖြစ်ပေသည်။) ထို (အလ္လာဟ် အသျှင်မြတ်၏ ဂုဏ်ရှိန်ဂုဏ်ဝါတော်သည် ဤသို့ဖြစ်၏။ အကြင်အသျှင်မြတ်သည်) ပင် ငါ့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ (ထို့အတွက်ကြောင့် အသင်တို့၏ ဆန့်ကျင်ဘက် ပြုမူခြင်းနှင့် အကွဲအလွဲပြုခြင်းဖြင့် ဆိုးကျိုးနှင့် ဘေးဒုက္ခတစ်စုံတစ်ရာ ရောက်ရှိကောင်း ရောက်ရှိနိုင်ပေသည်။ ထိုအချင်းအရာနှင့် စပ်လျဉ်း၍လည်း) ငါသည် ထိုအသျှင်မြတ်အပေါ်၌သာလျှင် ယုံပုံလွဲအပ်ပေသည်။ ၎င်းပြင် ငါသည် (လောကီရေးရာနှင့် သာသနာရေးရာ၏ အမှုကိစ္စများအားလုံး၌) ထိုအသျှင်မြတ်ဘက်တော်သို့သာလျှင် ပြန်လှည့်၏။ (ဤအထက်တင်ပြပါ အချက်မှ 'သောင်ဟီးဒ်' ဟူသော တစ်ပါးတည်း တည်ရှိခြင်းတရား၏ အကြောင်းအရာသည် ပိုမိုကောင်းမွန်စွာ လေးနက်အတည်ဖြစ်သွားပေသည်။)

(ရှေ့၌ ဆက်လက်၍ အခြားသော ဂုဏ်တော်များ၌ ပြည့်ဝစုံလင်ကြောင်းကို တင်ပြခြင်းဖြင့် ယင်းအချက်ကို သာပို၍ပင် လေးနက်စေလိုက်ပေသည်။ ဆိုလိုသည်မှာ ထိုအသျှင်မြတ်သည်ပင်လျှင်) မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ (၎င်းနောက် အသင်တို့ကိုလည်း ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ သို့ရှိရာ) ထိုအသျှင် မြတ်သည် အသင်တို့အဖို့ အသင်တို့၏ အမျိုးအစားထဲမှပင် ကြင်ရာကြင်ဖက်များကို ဖန်ဆင်းတော်မူခဲ့၏။ ထိုနည်းတူစွာ ခြေလေးချောင်းတိရစ္ဆာန်တို့၏ စုံတွဲများကိုလည်း ဖန်ဆင်းတော်မူခဲ့၏။ ဤသို့ ကြင်ရာကြင်ဖက် ပြုလုပ်ပေးကာ ပေါင်းစည်းဆက်ဆံစေခြင်းအားဖြင့် ထိုအသျှင်မြတ်သည် အသင်တို့၏ (မျိုးဆက်ကို) ပြန့်ပွားစေတော်မူ၏။ (ထိုအသျှင်မြတ်သည် မိမိ၏ 'ဇားသ်' (ပင်ကိုယ်တော်) နှင့် ဂုဏ်တော်များ၌ ဤမျှခန့် ပြည့်စုံတော်မူသည်မှာ) ထိုအသျှင်မြတ်နှင့်တူသော အရာဟူ၍ မည်သည့်တစ်စုံတစ်ရာမျှပင် မရှိပေ။ ထိုအသျှင်မြတ်သည်ပင်လျှင် (အလုံးစုံတို့ကို) အကြွင်းမဲ့ ကြားတော်မူသော အသျှင်၊ အကြွင်းမဲ့ မြင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ (အခြားသော အဖန်ဆင်းခံများနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ အခြားသော အဖန်ဆင်းခံများ၏ ကြားသိခြင်းနှင့် မြင်တွေ့ခြင်းသည် ထိုအသျှင်မြတ်၏ ကြားသိခြင်းနှင့် မြင်တွေ့ခြင်းတို့ဖြင့် နှိုင်းယှဉ်မည်ဆိုလျှင် 'မရှိသကဲ့သို့ပင်' ဖြစ်ပေသည်။)

မိုးကောင်းကင်များနှင့် ပထဝီမြေ၏ သော့များသည် ထိုအသျှင်မြတ်၏ ထံတော်၌သာ ရှိတော်မူ၏။ (ဆိုလိုသည်မှာ ၎င်းအရာများအတွင်းဝယ် ခြယ်လှယ်နိုင်စွမ်းသည့် ထိုအသျှင်မြတ်အဖို့သာဖြစ်၍ အကြင် ခြယ်လှယ်နိုင်စွမ်းရှိခြင်း၏ အချက်များထဲမှ အချက်တစ်ချက်မှာ) ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား စားနပ်ရိက္ခာကို ကျယ်ဝန်းစွာ ချီးမြှင့်တော်မူ၏။ ထိုနည်းတူစွာ (မိမိအလိုရှိတော်မူသော

သူအား စားနပ်ရိက္ခာကို) ကျပ်တည်းစေတော်မူ၏။ ကေန်မလွဲ ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ (တစ်ဦးချင်းစီကို ၎င်းတို့၏ အကြောင်း အကျိုးတရားနှင့် လျော်ညီစွာ ချီးမြှင့်ပေးသနားတော်မူပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَمَا اخْتَلَفْتُمْ فِيهِ مِن شَيْءٍ فَحُكْمُهُ إِلَى اللَّهِ

(၎င်းပြင် အကြင်ကိစ္စသည် ယင်းကိစ္စနှင့် စပ်လျဉ်း၍ အသင်တို့သည် မှတ်စွလင်မိတို့နှင့် ကွဲပြားလျက် ရှိကြကုန်၏။ စင်စစ် မည်သည့်ကိစ္စ၌ပင် ကွဲလွဲသည်ဖြစ်စေ၊ ယင်းကိစ္စ၏ အဆုံးအဖြတ်မှာ အလ္လာဟ်အသျှင်မြတ် ထံတော်၌ပင် ရှိ၏။) အဘယ်ကြောင့်ဆိုသော် မူရင်းအမိန့်သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်သည်သာလျှင် ဖြစ်ရပေမည်။ ပမာဆိုရသော် အခြားသော အာယသ်တော်အတွင်း၌ ဤသို့ မိန့်မြွက်ထား တော်မူပေသည်။

إِنِ الْحُكْمُ إِلَّا لِلَّهِ

အမိန့်အာဏာသည်ကား အလ္လာဟ်အသျှင်မြတ်ထံတော်၌သာလျှင် ရှိပေသည်။ *[၆:၅၇]*

များစွာသော အခြားအာယသ်တော်များအတွင်း၌ တမန်တော်မြတ် ﷺ ၏ အမိန့်ကို နာခံရန်ဟူ၍ သော်လည်းကောင်း၊ အချို့သော အာယသ်တော်များအတွင်းတွင် အုပ်ချုပ်သောသူတို့၏ အမိန့်ကို နာခံရန် ကိုလည်း ထည့်သွင်း မိန့်မြွက်ထားပေသည်။ ထိုသို့ ထည့်သွင်းမိန့်မြွက်ထားတော်မူခြင်းသည် အလ္လာဟ် အသျှင်မြတ်၏ အမိန့်ကို နာခံခြင်းဟူသော အချက်နှင့် ဆန့်ကျင်ဘက် ဖြစ်မနေပေ။ အဘယ်ကြောင့်ဆို သော် တမန်တော်မြတ် ﷺ (သို့မဟုတ်) အုပ်ချုပ်သောသူ တစ်ဦးတစ်ယောက်သည် ဆုံးဖြတ်ချက် (သို့) အမိန့်တစ်စုံတစ်ရာ ချမှတ်လိုက်မူ ထိုမိန့်မြွက်ချက်သည်လည်း ရှုထောင့်တစ်ရပ်ဖြင့် ရှုမြင်သုံးသပ်မည် ဆိုလျှင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်သည်သာလျှင် ဖြစ်ပေသည်။ အကယ်၍ 'ဝဟီ'ဗျာဒိတ်တော် ၏ အကြောင်းခံအားဖြင့်သော်လည်းကောင်း၊ (သို့မဟုတ်) ကုရ်အာန်ကျမ်းတော်မြတ် (သို့မဟုတ်) ဟဒီးစ် တော်၏ 'နုစူးစ်' (လိုရင်းသဘောကို တင်ပြရန် ယူဆောင်လာသော ဝါကျများ) ကို အကြောင်းခံ၍သော် လည်းကောင်း တင်ပြမိန့်မြွက်ထားမည်ဆိုပါက ထိုအမိန့်သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်သာဖြစ် ကြောင်းမှာ ထင်ရှားလှပေသည်။ အကယ်၍ 'အစ်ဂျ်သေဟာဒ်' (ထိုးထွင်းကြံဆမှုဉာဏ်) ကြောင့် ဖြစ်ပါမူ ၎င်း၏ အခြေခံမူသဘောတရားသည်လည်း ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်၏ 'နုစူးစ်' (လိုရင်း သဘောကို တင်ပြရန် ယူဆောင်လာသော ဝါကျများ) တို့အပေါ်၌ မူတည်နေခြင်းကြောင့် ရှုထောင့် တစ်ရပ်အရ ရှုမြင်သုံးသပ်မည်ဆိုလျှင် ဤသည်လည်း အလ္လာဟ်အသျှင်မြတ်၏ အမိန့်သည်သာလျှင် ဖြစ်ပေ သည်။ အွမ္မသ် (နောက်လိုက်ထု) အတွင်း၌ရှိသော 'မုဂ်ျသဟိဒင်န်' (ထိုးထွင်းကြံဆမှုဉာဏ်ဖြင့် ကောက်နုတ်

တင်ပြကြသောသူများ) ၏ ထိုးထွင်းကြံဆကာ ကောက်နုတ်တင်ပြထားသော အချက်များသည်လည်း ဤအထက်ပါ ရှုထောင့်ဖြင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အတွင်း၌ ပါဝင်နေပေသည်။ ထို့ကြောင့် အာလင်မ်သာသနာ့ပညာရှင်များက 'ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များကို သဘောပေါက်နိုင်စွမ်းမရှိသော အများလူထုနှင့် စပ်လျဉ်း၍ မွဖ်သီတစ်ပါးပါး၏ 'ဖသ်ဝါ' (ဓမ္မသတ်အဆုံးအဖြတ်) ကိုပင် သာသနာ့အမိန့်ဖြစ်သည် ဟူ၍ အမိန့်ရှိခဲ့ကြသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

شَرَعَ لَكُمْ مِّنَ الدِّيْنِ مَا وَصّٰى بِهٖ نُوْحًا وَّالَّذِيْۤ اَوْحَيْنَاۤ اِلَيْكَ وَمَا
وَصَّيْنَا بِهٖۤ اِبْرٰهِيْمَ وَمُوْسٰى وَعِيْسٰۤى اَنْ اَقِيْمُوا الدِّيْنَ وَ
لَا تَتَفَرَّقُوْا فِيْهِ ؕ كَبُرَ عَلَى الْمُشْرِكِيْنَ مَا تَدْعُوْهُمْ اِلَيْهِ ؕ اَللّٰهُ
يَجْتَبِيْۤ اِلَيْهِ مَنْ يَّشَآءُ وَيَهْدِيْۤ اِلَيْهِ مَنْ يُّنِيْبُ ﴿۱۳﴾

၄၂ : ၁၃ ။ ။ ထိုအသျှင်မြတ်သည် အသင်တို့အဖို့ အကြင်သာသနာတော်ကိုပင် သတ်မှတ်ပြဋ္ဌာန်း၍ ပေးတော်မူခဲ့၏၊ ထိုအသျှင်မြတ်သည် (နဗီတမန်တော်) နူးဟ်အား ယင်းသာသနာတော်ကို နာယူကျင့်မူရန် အမိန့်ပေးတော်မူခဲ့၏။ ၄င်းပြင် ငါအသျှင်မြတ်သည် ယင်းသာသနာတော်ကိုပင် အသင့် (မိုဟမ္မဒ်) ထံသို့ 'ဝဟီ' ထုတ်ပြန်တော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ယင်းသာသနာတော်ကိုပင် နာယူကျင့်မူရန် (နဗီတမန်တော်) အီဗ်ရာဟီမ်၊ မူစာအားလည်းကောင်း၊ အီစာတို့ကိုလည်းကောင်း၊ အမိန့်ပေးတော်မူခဲ့၏။ ၄င်းပြင် အသင်တို့သည် ဒီန်သာသနာတော်ကို (ခိုင်မြဲအောင်) တည်ရှိစေကြလေကုန်။ ထို့ပြင် အသင်တို့သည် ယင်းသာသနာတော်နှင့် စပ်လျဉ်း၍ ကွဲပြားခြားနား၊ အုပ်စုကွဲခြင်း မရှိကြကုန်လင့်ဟူ၍ အမိန့်ပေးတော်မူခဲ့၏။ (အို၊ နဗီတမန်တော်) 'မုရှ်ရစ်က်' တွဲဖက်နိုင်းယှဉ် ကိုးကွယ်ကြကုန်သော သူတို့၌ အသင်သည် ၄င်းတို့အား ဖိတ်ခေါ်လျက်ရှိသော (သောင်ဟီးဒ်) တရားတော်သည် လွန်စွာ ခက်ခဲကြီးလေးလှ၏၊ (စင်စစ်) အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား မိမိအထံတော်သို့ ရွေးချယ်တော်မူ၏၊ ထို့ပြင် မိမိ၏ ဘက်တော်သို့ ပြန်လှည့်သောသူအား [မိမိထံသို့ ရောက်ရှိရာကို] လမ်းညွှန်တော်မူ၏။

وَمَا تَفَرَّقُوْۤا اِلَّا مِنْۢ بَعْدِ مَا جَآءَهُمُ الْعِلْمُ بَغْيًاۢ بَيْنَهُمْ ؕ وَلَوْلَا
كَلِمَةٌ سَبَقَتْ مِنْ رَّبِّكَ اِلٰۤى اَجَلٍ مُّسَمًّى لَّقُضِىَ بَيْنَهُمْ ؕ وَ
اِنَّ الَّذِيْنَ اُوْرِثُوا الْكِتٰبَ مِنْۢ بَعْدِهِمْ لَفِيْ شَكٍّ مِّنْهُ مُرِيْبٍ ﴿۱۴﴾

၄၂ : ၁၄ ။ ။ အမှန်စင်စစ် ၄င်းတို့မှာ မိမိတို့ထံသို့ (တိကျမှန်ကန်သော) အသိပညာ ရောက်ရှိလာပြီး နောက်မှပင် မိမိတို့အချင်းချင်း မနာလိုမှုကြောင့် အုပ်စုကွဲခဲ့ကြကုန်၏။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံ

တော်မှ သတ်မှတ်ထားသည့်အချိန်ထိ (လျစ်လျူပြုထားရန်) ရှေးဦးမဆွကပင် အမိန့်တော်တစ်ရပ်သည် အတည်မဖြစ်ခဲ့ပါလျှင် ၎င်းတို့၏ ကြားဝယ် အမှန်ပင် စီရင်ဆုံးဖြတ်ခဲ့ပြီး ဖြစ်မည်သာ (ဖြစ်၏။) ထို့ပြင် ဧကန်စင်စစ် ၎င်းတို့နောက်တွင် ကျမ်းဂန်ကို ပိုင်ဆိုင် (၍ အမွေဆက်ခံ) စေခြင်း ခံခဲ့ကြရသော သူတို့မှာမူ ယင်းသာသနာတော်နှင့် စပ်လျဉ်း၍ စိတ်နှစ်ခွဖြစ်စေသော (သို့လော၊ သို့လော) သံသယ၌ပင် ရှိနေကြကုန်၏။

فَلِذٰلِكَ فَادْعُ ۚ وَاسْتَقِمْ كَمَآ اُمِرْتَ ۚ وَلَا تَتَّبِعْ اَهْوَآءَهُمْ ۚ
وَقُلْ اٰمَنْتُ بِمَآ اَنْزَلَ اللّٰهُ مِنْ كِتٰبٍ ۚ وَاُمِرْتُ لِاَعْدِلَ
بَيْنَكُمْ ۗ اَللّٰهُ رَبُّنَا وَرَبُّكُمْ ۗ لَنَآ اَعْمَالُنَا وَلَكُمْ اَعْمَالُكُمْ ۗ لَا
حُجَّةَ بَيْنَنَا وَبَيْنَكُمْ ۗ اَللّٰهُ يَجْمَعُ بَيْنَنَا ۚ وَاِلَيْهِ الْمَصِيْرُ ۝١٥

၄၂ : ၁၅ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) ထိုအတွက်ကြောင့်ပင် အသင်သည် (၎င်းတို့အား မှန်ကန်သော ဒီန်သာသနာတော်သို့) ဖိတ်ခေါ်လျက်ပင် ရှိပါလေ။ ၎င်းပြင် အသင်သည် မိမိအမိန့်ပေးခြင်း ခံခဲ့ရသည့်အတိုင်း ဖြောင့်မတ်တည်ကြည်ကြံ့ခိုင်စွာ ရှိနေပါလေ။ ထို့ပြင် အသင်သည် ၎င်းတို့၏ အလိုဆန္ဒများကို မလိုက်နာလေနှင့်။ ထို့ပြင် (အသင်သည် ၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) ငါသည် အလ္လာဟ်အသျှင်မြတ် ချပေးတော်မူခဲ့သော မည်သည့်ကျမ်းဂန်ကိုမဆို သက်ဝင်ယုံကြည်ပြီး ဖြစ်၏။ ၎င်းပြင် ငါသည် အသင်တို့အကြား၌ တရားမျှတရန် အမိန့်ပေးတော်မူခြင်းကို ခံခဲ့ရ၏။ အလ္လာဟ်အသျှင်မြတ်သည် ငါတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်လည်း ဖြစ်တော်မူ၏။ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်လည်း ဖြစ်တော်မူ၏။ ငါတို့၏ အကျင့်အမူတို့မှာ ငါတို့အဖို့ ဖြစ်၍ အသင်တို့၏ အကျင့်အမူတို့ အသင်တို့အဖို့ဖြစ်၏။ ငါတို့နှင့် အသင်တို့၏ အကြား၌ မည်သို့မျှ အငြင်းအခုံပြုရန် မရှိပြီ။ အလ္လာဟ်အသျှင်မြတ်သည်ပင် ငါတို့အားလုံးကို (တစ်နေ့) စုရုံးတော်မူပေမည်။ ထို့ပြင် ထိုအသျှင်မြတ်ထံတော်သို့ပင် (အားလုံး) ပြန်ကြရပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အဖို့ အကြင်သာသနာတော်ကိုပင် သတ်မှတ်ပြဋ္ဌာန်း၍ ပေးတော်မူခဲ့၏။ ထိုအသျှင်မြတ်သည် (နဗီတမန်တော်) နူးဟ်အား ယင်းသာသနာတော်ကို နာယူကျင့်မူရန် အမိန့်ပေးတော်မူခဲ့၏။ ၎င်းပြင် ငါအသျှင်မြတ်သည် ယင်းသာသနာတော်ကိုပင် အသင့်ထံသို့ 'ဝဟီ' အားဖြင့် ထုတ်ပြန်တော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ယင်းသာသနာတော်ကိုပင် နာယူကျင့်မူရန် (နဗီတမန်တော်) အီဗ်ရာဟီမ်၊ မူစာနှင့် အီစာတို့ကိုလည်း (၎င်း 'ဝဟီ' ဗျာဒိတ်တော်ပါ အကြောင်းအရာများ၏ နောက်လိုက်သမှု ပြုရန်) အမိန့်ပေးတော်မူခဲ့၏။ ၎င်းပြင် (ထိုသူတို့၏ အုမ္မသ် (နောက်လိုက်ထု) များအား ဤသို့ အမိန့်ရှိတော်မူခဲ့၏။) အသင်တို့သည် ဤဒီးန်သာသနာတော်ကို (ခိုင်မြဲအောင်) တည်ရှိစေကြလေကုန်။ ထို့ပြင် အသင်တို့သည် ယင်းသာသနာတော်နှင့် စပ်လျဉ်း၍ ကွဲပြားခြားနား၊ အုပ်စုကွဲခြင်း မရှိကြကုန်လင့်

ဟူ၍ အမိန့်ပေးတော်မူခဲ့၏။ (ဒီးန်သာသနာတော်၏ အလိုသဘောမှာ သာသနာများအားလုံး၊ အခြေခံမူဝါဒများအားလုံး တူညီကာ ပေါင်းစပ်ပါဝင်ထားသော ဒီန်းသာသနာ၏ အခြေခံအုတ်မြစ်မဏ္ဍိုင်အချက်များဖြစ်ပေသည်။ ဥပမာ- 'သောင်ဟီးဒ်' (ကိုးကွယ်ရာ အသျှင်) တစ်ပါးတည်းတည်ရှိခြင်းတရား)၊ 'ရိစာလသ်' (သက်ဆိုင်ရာ ခေတ်ကာလများ၌ ပွင့်လေသမျှသော နဗီတမန်တော်များနှင့် ရစူလ်တမန်တော်များ၏ နဗီဖြစ်ခြင်းနှင့် ရစူလ်ဖြစ်ခြင်း) နှင့် ကွယ်လွန်သေဆုံးပြီးနောက် တစ်ဖန်ပြန်လည် ရှင်ပြန်ထခြင်း အစရှိသည်တို့ ဖြစ်ပေသည်။ 'ခိုင်မြဲအောင် တည်ရှိစေကြကုန်' ဟူသည်မှာ ထိုအခြေခံမူသဘောတရားကို ပြောင်းလဲမှုပြုခြင်း မပြုရန်နှင့် စွန့်လွှတ်မှုမပြုရန်တို့ ဖြစ်ပေသည်။ 'ကွဲပြားခြားနားခြင်း' ဟူသည်မှာ အချို့သော အချက်အလက်များအပေါ် အီမာန်ယုံကြည်ခြင်းနှင့် အချို့သော အချက်အလက်များအပေါ် အီမာန်မယုံကြည်ခြင်း (သို့မဟုတ်) အချို့သောသူတို့သည် အီမာန်ကို ရယူကြ၍ အချို့သည် မရယူကြခြင်းဖြစ်သည်။

အချုပ်သဘောတရားမှာ 'သောင်ဟီးဒ်' (ကိုးကွယ်ရာ အသျှင် တစ်ပါးတည်း တည်ရှိခြင်း) စသောအချက်များသည် ရှေးယခင်ကတည်းက ရှိခဲ့သော သာသနာဖြစ်သည်။ အကြောင်းမှာ အတိတ်ခေတ်ကာလကတည်းက ယခုအချိန်အထိတိုင် သာသနာတော်များအားလုံး၌ ယင်းအချက်သည် ကွဲလွဲမှုမရှိဘဲ ညီညွတ်စွာဖြင့် တည်ရှိနေပေသည်။ ထိုတရား၏ ကွင်းဆက်တစ်ဆက်တည်းမှာပင် နဗီ၏ နဗီဖြစ်ခြင်းသဘောတရားကိုလည်း အထောက်အကူ ပြုပေးလိုက်ပေသည်။ သို့ရှိရာ ထိုအချက်အလက်တို့ကို လက်ခံရာ၌လူတို့သည် အနည်းငယ်မျှပင် တွန့်ဆုတ်မှု မပြုသင့်ပေ။ သို့တစေ အို၊ နဗီတမန်တော်) 'မုရှ်ရစ်က်' (တွဲဖက်နှိုင်းယှဉ် ကိုးကွယ်ကြကုန်သော သူ) တို့၌ အသင်သည် ၎င်းတို့အား ဖိတ်ခေါ်လျက်ရှိသော (သောင်ဟီးဒ်) တရားတော်သည် လွန်စွာ (မခံမရပ်နိုင်ဖွယ်ရာ) ခက်ခဲကြီးလေးလှ၏။ (ထိုအချက်နှင့်အတူ စင်စစ်) အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား မိမိ၏ ထံတော်သို့ ရွေးချယ်ဆွဲယူတော်မူ၏။ (မှန်ကန်သော သာသနာကို လက်ခံနိုင်စွမ်း ချီးမြှင့်ပေးသနားတော်မူလိုက်၏။) ထို့ပြင်အကြင်မည်သူမဆို (အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်သို့) ပြန်လှည့်သော် ထိုသူအား (မိမိထံသို့ ရောက်ရှိရာကို) လမ်းညွှန်တော်မူ၏။ (ဆန္ဒပြုရည်ရွယ်တော်မူပြီးနောက် ရွေးချယ်တော်မူခြင်း၏ အဆင့် ဖြစ်သည်။ 'အိဂ်ျသေဗာအ်' (အီမာန်လက်ခံနိုင်စွမ်း ချီးမြှင့်ပေးခြင်း) ၏နောက် အကယ်၍ နာခံ၊ လှည့်ပြန်မှု ပြုမည်ဆိုလျှင် ထိုသူ့အပေါ် အလ္လာဟ်အသျှင်မြတ်နှင့် နီးစပ်မှုနှင့် အကျိုးစဝါးဗ် ချီးမြှင့်ခြင်းကို ခံရပေမည်။ အချုပ်သဘောတရားမှာ မုရှ်ရစ်က်တို့သည် ဘိုး၊ ဘွား၊ ဘီ၊ ဘင်တို့၏ လမ်းစဉ်ကို လိုက်နာဆောက်တည်၍ မုအ်မင်န်တို့သည် ရွေးချယ်တော်မူခြင်း ခံရခြင်းနှင့် လမ်းညွှန်ပြခြင်း ခံရခြင်းဟူသော အချက်တို့ဖြင့် ဆက်နွယ်နေပေသည်။) အမှန်စင်စစ် (ငါအသျှင်မြတ်၏ အတိတ်ခေတ် နောက်လိုက်ထုများအား

اَنْ اَقِيْمُوا الدِّيْنَ وَلَا تَتَفَرَّقُوْا فِيْهِ

(အသင်တို့သည် ဒီန်းသာသနာတော်ကို ခိုင်မြဲအောင် တည်ရှိစေကြလေကုန်။ ထို့ပြင် အသင်တို့သည် ယင်းသာသနာတော်နှင့် စပ်လျဉ်း၍ ကွဲပြားခြားနား အုပ်စုကွဲခြင်း မရှိကြကုန်လင့်။) [၄၂ : ၁၃]

ဟူ၍ မိန့်တော်မူထားရာ များစွာသော သူတို့သည် ဤအချက်အပေါ် တည်တံ့မှုမဖြစ် ရှိကာ ကစဉ့်ကလျား၊ အကွဲအကွဲအပြားပြား ဖြစ်သွားခဲ့သည်။ ထိုသို့ ဖြစ်ပေါ်ရခြင်းအကြောင်းမှာ ဖြစ်နိုင်ဖွယ်ရာ ချွင်းချက်ဖြစ်သော ဒွိဟသံသယ တစ်စုံတစ်ရာတို့ကြောင့် မဟုတ်ရုံသာမက) ၄င်းတို့မှာ မိမိတို့ထံသို့ (တွေးခေါ်ကြားမြင်နိုင်သည့် တိကျမှန်ကန်သော) အသိပညာ ရောက်ရှိလာပြီးနောက်မှပင် မိမိတို့အချင်းချင်း အတိုက်အခံပြု ဖွတ်တရွတ်ဆန်ခြင်းကြောင့် အုပ်စုကွဲခဲ့ကြကုန်၏။ (ဦးစွာပထမ ဥစ္စာခနေ စည်းစမ်တပ်မက်မှုတို့ကို ထားရှိခြင်း၊ တစ်ဖန် ရာထူး၊ အုပ်ချုပ်မှုတို့အား ရမ္မက်ဇောများ ထားရှိကြကာ ဆန္ဒသဘောများ ကွဲပြားသွားကြပြီး အဖွဲ့၊ ဂိုဏ်းဃနငယ်များ ပေါ်ပေါက်ခဲ့ပေသည်။ ဤကဲ့သို့သော အချိန်၌ ဒီးန်သာသနာတော်ကိုပင် အကာအကွယ်ပြု၍ အခြားသောသူများအား ပြစ်ချက်ရှာ ရှုတ်ချခြင်းများ ပြုခဲ့ကြပေသည်။ တစ်ဖြည်းဖြည်း ဘာသာ၊ သာသနာရေးရာတို့၌ အမျိုးမျိုး ကွဲပြားသွားကြပေသည်။ တစ်ဖန် ထိုသို့ ကွဲပြားမှုသည် ဆင့်ပွား ကဏ္ဍရပ်များမှ စ၍ အခြေခံအုတ်မြစ်မဏ္ဍိုင်ထိတိုင် ရောက်ရှိကာ ကွဲပြားခြားနား သွားပေသည်။)

စင်စစ် (အမှန်တရားကို သိနားလည်ကာ အကွဲကွဲအပြားပြား ဖြစ်သွားခြင်း၏ ကြီးမားသော ပြစ်မှုအတွင်း ဤသူတို့သည် ရောက်ရှိသွားသည့်အတွက်ကြောင့် ဤသို့ ပြင်းထန်သော ပြစ်ဒဏ်ကို ခံထိုက်သောသူများ ဖြစ်သွားခဲ့ပေသည်။) အသင့်အား မွေးမြူဖန်ဆင်းထားတော်မူသော အသျှင်မြတ်ထံတော်ပါးမှ သတ်မှတ်ထားသည့် အချိန်အထိ (လျစ်လျူရှုထားရန်) ရှေးဦးမဆွကပင် (၄င်းတို့အတွက် ချိန်းဆိုထားသော ပြစ်ဒဏ်ကို နောင်တမလွန်တွင် ပေးမည်ဖြစ်သည်။) အမိန့်တော်တစ်ရပ်အဖြစ် အတည်မဖြစ်ခဲ့ပါလျှင် (ကမ္ဘာလောက၌မှာပင်) ၄င်းတို့ (ကစဉ့်ကလျား၊ အကွဲကွဲအပြားပြား ဖြစ်ခြင်း) ၏ ကြားဝယ် အမှန်ပင် စီရင်ဆုံးဖြတ်ခဲ့ပြီး ဖြစ်မည်သာ (ဖြစ်၏။ 'အဇားဗ်' အပြစ်ဒဏ်ဖြင့် အမြစ်ပြတ် ချေမှုန်းလိုက်မည်သာ ဖြစ်ပေမည်။ အတိတ်ခေတ် မျိုးနွယ်အုပ်စုများအပေါ် ပြစ်ဒဏ် ကျရောက်ခဲ့လင့်ကစား။ သို့ရာတွင် မုအ်မင်န်မဟုတ်သောသူတို့အပေါ်၌သာ ကျရောက်လာပြီး၊ အကွဲကွဲအပြားပြားဖြစ်အောင် ဖန်တီးသော မုအ်မင်န်များအား အီမာန်ရှိနေခြင်း၏ 'ဗရ်ကသ်'တော်ကြောင့် ပြစ်ဒဏ်မသက်ရောက်ခဲ့ပေ။ အကယ်၍ အချို့သောသူတို့အပေါ် ကျရောက်ခဲ့သည်ဟု အတည်ဖြစ်ခဲ့ပါကလည်း အားလုံးအပေါ်၌မူ ကျရောက်ခဲ့သည် မဟုတ်ပေ။ ဤသတ်မှတ်ချက်၏ အဓိပ္ပာယ်မှာ 'အချို့သူတို့အပေါ် အပြစ်ဒဏ် မကျရောက်ခဲ့ခြင်းမှာ အပြစ်ဒဏ် မခံထိုက်ခြင်းကြောင့် မဟုတ်ဘဲ ကြိုးရှည်ရှည်နှင့် လှန်ပြီး ဆိုင်းငံ့ထားခြင်း لِىٓ اَجَلٍ مُّسَمًّى (သတ်မှတ်ထားသည့် အချိန်အထိ) ဟူသော အချိန် ဆိုက်ရောက်လာမည်အထိ ဖြစ်ပေသည်' ဟူ၍ ဖြစ်သည်။ ဤသည်မှု အတိတ်ခေတ်မျိုးနွယ်အုပ်စုတို့၏ ဖြစ်အင်များပင် ဖြစ်သည်။)

ထို့ပြင် ဧကန်စင်စစ် ၄င်းတို့၏ နောက်တွင် (အတိတ်ခေတ်မျိုးနွယ်အုပ်စုများ၏ နောက်တွင်) ကျမ်းဂန်ကို ပိုင်ဆိုင် (၍ အမွေဆက်ခံ) စေခြင်း ခံခဲ့ကြရသော (တမန်တော်မြတ် ﷺ အား အကြောင်းခံ၍ ကုရ်အာန်ကျမ်းတော်မြတ်ကို ရရှိခဲ့ကြသော တမန်တော်မြတ် ﷺ ၏ ခေတ်ကာလ၌ ရှိခဲ့ကြကုန်သော မုရ်ရှစ်က်

များ) မှာမူ ယင်းသာသနာတော် (ကျမ်းဂန်) နှင့် စပ်လျဉ်း၍ စိတ်နှစ်ခွဖြစ်စေသော (ကြီးမားသည့် သို့လောသို့လော) သံသယ၌ပင် ရှိနေကြကုန်၏။ (အလိုသဘောမှာ အတိတ်ခေတ်ကာလရှိ မျိုးနွယ်အုပ်စုများ၌ ငြင်းဆိုခဲ့သောသူများ ရှိသကဲ့သို့ ယခုလည်း ဤကိန်းမျိုး ဆိုက်ရောက်နေပေသည်။)

သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်၊ တစ်ဦးတစ်ယောက် ငြင်းဆိုမှု ပြုလိုက်သည့်အတွက်ကြောင့် စိတ်နှလုံး မအေးချမ်းမှု မဖြစ်လေနှင့်။ သို့သာမက အသင်သည် ၎င်းတို့အား ကနဦးကတည်းက ဖိတ်ခေါ်သည့်ဘက်သို့ (သို့မဟုတ်) 'သောင်ဟီးဒ်'တရားတော်၏ ဘက်သို့ အကြင်အရာ၏ အကြောင်းကို ဤအာယသ်တော်အတွင်း၌ တင်ပြထားပေသည်။

كَبُرَ عَلَى الْمُشْرِكِينَ مَا تَدْعُوهُمْ إِلَيْهِ

('မုရှ်ရစ်က်' တွဲဖက်နိုင်းယှဉ် ကိုးကွယ်ကြကုန်သော သူတို့၌ အသင်သည် ၎င်းတို့အား ဖိတ်ခေါ်လျက် ရှိသော 'သောင်ဟီးဒ်'တရားတော်သည် လွန်စွာ မခံမရပ်နိုင်ဖွယ်ရာ ခက်ခဲကြီးလေးလှ၏။)

[၄၂ : ၁၃]

ထို့တွက်ကြောင့်ပင် အသင်သည် (၎င်းတို့အား မှန်ကန်သော ဒီးန်သာသနာတော်သို့ စဉ်တိုက်ဆက်တိုက် ဖိတ်ခေါ်လျက်ပင် ရှိပါလေ။ ၎င်းပြင် အသင်သည် မိမိ (အား) အမိန့်ပေးခြင်း ခံခဲ့ရသည့်အတိုင်း

فَلِذَٰلِكَ فَادْعُ

ထို့အတွက်ကြောင့်ပင် အသင်သည် ၎င်းတို့အား မှန်ကန်သော ဒီးန်သာသနာတော်သို့ ဖိတ်ခေါ်လျက်ပင် ရှိပါလေ။

[၄၂ : ၁၅]

ဟူသော အချက်အပေါ်) ဖြောင့်မတ်တည်ကြည် ကြံ့ခိုင်စွာ ရှိနေပါလေ။ ထို့ပြင် အသင်သည် ၎င်းတို့၏ (မမှန်ကန်သော) အလိုဆန္ဒများကို မလိုက်နာလေနှင့်။ (ဆိုလိုသည်မှာ ၎င်းတို့သည် ဆန့်ကျင်ဘက် ပြုလုပ်၍ 'ကျွန်ုပ်တို့ကို ပြောဆိုကြွေးကြော်ခြင်းမှ စွန့်လွှတ်လိုက်ရန်' လိုလားနေပေသည်။ သို့ရှိရာ အသင်သည် စွန့်လွှတ်မှုကို မပြုလိုက်လေနှင့်။) ထို့ပြင် အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (ကျွန်ုပ် အသင်တို့အား ဖိတ်ခေါ်လျက်ရှိနေသော အချက်အပေါ် ကျွန်ုပ်ကိုယ်တိုင် လက်တွေ့ကျကျ ပြုမူဆောင်ရွက်လျက် ရှိနေပေသည်။ သို့ရှိရာ အချင်းတို့) ငါသည် အလ္လာဟ်အသျှင်မြတ် ချပေးတော်မူခဲ့သော (ကုရ်အာန်ကျမ်းတော်မြတ်အပါအဝင်) မည်သည့်ကျမ်းဂန်ကိုမဆို သက်ဝင်ယုံကြည်ပြီးဖြစ်၏။ (အကြင်ကျမ်းဂန်များအတွင်းတွင် ပူးတွဲညီညွတ်စွာဖြင့် ပါဝင်လျက်ရှိနေသော အကြောင်းများထဲမှ အကြောင်းအရာတစ်ရပ်မှာ 'သောင်ဟီးဒ်'ဟူသော ကိုးကွယ်ရာအသျှင် တစ်ပါးတည်း တည်ရှိခြင်းတရားသည် ပါဝင်ပေသည်။) ၎င်းပြင် ငါသည် (မိမိနှင့်) အသင်တို့ကြားဝယ် တရားမျှတရန် အမိန့်တော်မူခြင်းကို ခံခဲ့ရ၏။ (အကြင်အရာကို အသင်တို့အပေါ် အရေးကြီးသည်ဟု မိန့်ခွဲလိုက်သည်ဆိုလျှင် ထိုအရာသည် မိမိအပေါ်၌လည်း အရေးကြီးပေသည်။ 'အသင်တို့ကို အခက်အခဲ၊ ဒုက္ခအတွင်းထဲသို့ သက်ရောက်စေ၍

မိမိကိုယ်ကို မိမိ လွတ်လပ်ခွင့်ကို ရှာဖွေခြင်း' ဟူသော အသွင်သဏ္ဍာန်မျိုး ရှိမည်မဟုတ်ပေ။ ဤသို့သော အကြောင်းအရာများနှင့် အမှုကိစ္စတို့အား မျှတမှုရှိသော ဗီဇသဘော သဘာဝရှိသော သူတို့သည် နောက်လိုက် သမှုပြုရန် တပ်မက်မှု ရှိလာကြပေသည်။ ထိုအချက်အပေါ်၌လည်း အကယ်၍ နှုးညံ့သိမ်မွေ့ နာခံမှု မပြု လာလျှင်မှ နောက်ဆုံးအချက်မှာ) အလ္လာဟ်အသျှင်မြတ်သည် ငါတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင် မြတ်လည်း ဖြစ်တော်မူ၏။ အသင်တို့အားလည်း မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်လည်း ဖြစ်တော် မူ၏။ (ထိုအသျှင်မြတ်သည် အားလုံးတို့အား ပိုင်နင်းစိုးပိုင်တော်မူသော အမိန့်အာဏာရှင် ဖြစ်တော်မူ ပေသည်။)

(ထို့ပြင်) ငါတို့၏ အကျင့်အမူမှာ ငါတို့အဖို့ဖြစ်၍ အသင်တို့၏ အကျင့်အမူတို့မှာ အသင်တို့အဖို့ သာ ဖြစ်၏။ ငါတို့နှင့် အသင်တို့အကြား၌ မည်သို့မျှ အငြင်းအခုံပြုရန် မရှိပေ။ အလ္လာဟ်အသျှင်မြတ်သည် (ကျွန်ုပ်တို့အားလုံးအား စိုးပိုင်တော်မူသော အသျှင်မြတ်ဖြစ်သည့်အလျောက် 'ကေယာမသ်'နေ့တွင်) ငါတို့ အားလုံးကို (တစ်နေ့) စုရုံးတော်မူပေမည်။ 'ငှင်းပြင် ထိုအသျှင်မြတ်ထံတော်သို့ပင် (အားလုံး) ပြန်ကြ ရပေမည် (ဟူသော အချက်၌ အနည်းငယ်မျှပင် ဒွိဟသံသယဖြစ်ရန် အကြောင်းတစ်စုံတစ်ရာမျှ မရှိပေ။ ထိုအသျှင်မြတ်သည် အားလုံးသော သူတို့၏ အဆုံးအဖြတ်ကို ၄င်းတို့၏ ကျင့်ကြံဆောင်ရွက်ချက်နှင့် အညီ ပြုပေးတော်မူပေလိမ့်မည်။ ထိုအချိန်၌ အသင်တို့ဘက်မှ ငြင်းခုံမှု ပြုခြင်းသည်လည်း အကျိုးမဲ့ အလဟဿသာ ဖြစ်လိမ့်မည်။ သို့ရှိရာ ဖြန့်ဖြူးခြင်းကိစ္စကိုသာ ဆောင်ရွက်နေပေမည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

شَرَعَ لَكُم مِّنَ الدِّيْنِ مَاوَصّٰى بِهٖ نُوْحًا ــ الاية

(ထိုအသျှင်မြတ်သည် အသင်တို့အဖို့ အကြင်သာသနာတော်ကိုပင် သတ်မှတ်ပြဋ္ဌာန်း၍ ပေးတော်မူ ခဲ့၏။ ထိုအသျှင်မြတ်သည် နဗီတမန်တော်နူးဟ်အား ယင်းသာသနာတော်ကို နာယူကျင့်မူရန် အမိန့်ပေးတော် မူခဲ့၏။) [၄၂ : ၁၃]

လွန်လေပြီးသော အာယသ်တော်များအတွင်း၌ ပြင်ပသဏ္ဍာန်ပိုင်းဆိုင်ရာနှင့် ခန္ဓာကိုယ်ရေးရာ 'နေ့အ်မသ်' (စည်းစိမ်တော်များ) အား တင်ပြထားပေသည်။ ဤနေရာမှစ၍ အတွင်းပိုင်းဆိုင်ရာနှင့် နာမ် ပိုင်းဆိုင်ရာ စည်းစိမ်တော်များကို တင်ပြထားပေသည်။ ထိုစည်းစိမ်တော်များမှာ ဤသို့ပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အဖို့ တောင့်တင်းခိုင်မာသော သာသနာတော်တစ်ရပ်အား ချီးမြှင့်ပေး သနားတော်မူပေသည်။ အကြင်သာသနာသည် နဗီတမန်တော်များအားလုံး၏ ကြားဝယ် တစ်ညီတစ်ညွတ် တည်း အကွဲအလွဲမရှိ လက်ခံနာယူ ကျင့်မူခဲ့သော သာသနာပင်ဖြစ်ပေသည်။ အာယသ်တော်အတွင်း၌ နဗီတမန်တော်များထဲမှ နဗီတမန်တော် (၅) ပါး၏ အမည်နာမများကို တင်ပြထားပေသည်။ တင်ပြရာတွင်

ဦးစွာပထမ ဟဇရတ်နူးဟ် عليه السلام အား တင်ပြထားပြီး နောက်ဆုံးတွင် ကျွန်ုပ်တို့၏ နဗီတမန်တော်မြတ် ﷺ အား တင်ပြထားကာ ကြားတွင် ဟဇရတ်အီဗ်ရာဟီးမ် عليه السلام အား တင်ပြထားပေသည်။ ၄င်းအား ကြား၌ တင်ပြထားရခြင်းအကြောင်းမှာ ၄င်းသည် **ابو الانبياء** နဗီများ၏ ဖခင်အရာ၌ ရှိပြီး အာရဗ်နိုင်ငံရှိ သူတို့သည် မိမိတို့အနေဖြင့် 'ကုဖွ်ရ်' (သွေဖည်ငြင်းဆိုမှု) နှင့် 'ရှရစ်က်' (တုဖက်နှိုင်းယှဉ်ခြင်း) အတွင်း၌ နစ်မွန်းနေသည့် ကြားကပင် ဟဇရတ်အီဗ်ရာဟီးမ် عليه السلام နဗီဖြစ်ကြောင်းကို လက်ခံထားကြပေသည်။ ထို့နောက် ဟဇရတ်မူစာ عليه السلام နှင့် ဟဇရတ်အီဆာ عليه السلام တို့၏ အကြောင်းကို တင်ပြထားပေသည်။ ယင်းသို့ ၄င်းတို့နှစ်ပါး၏ အကြောင်းကို တင်ပြထားရခြင်းအကြောင်းမှာ ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်သော အချိန်၌ ထိုနဗီတမန်တော်နှစ်ပါးအား ယုံကြည်လက်ခံသောသူများ ရှိနေသောကြောင့် ဖြစ်ပေသည်။ စူရာဟ် အဟ်ဇာဗ်တော်အတွင်း နဗီတမန်တော်များထံမှ ပဋိညာဉ်ခံဝန်ချက် ရယူကြောင်းကို တင်ပြထားရာ၌လည်း ထိုနဗီတမန်တော် (၅) ပါး၏ အကြောင်းကို တင်ပြထားပေသည်။

وَاِذْ اَخَذْ نَا مِنَ النَّبِيّٖنَ مِيْثَا قَهُمْ وَمِنْكَ وَمِنْ نُوْحٍ وَّ اِبْرَاهِيْمَ

وَمُوْسٰى وَعِيْسَى ابْنِ مَرْيَمَ

(၄င်းပြင် အို, နဗီတမန်တော်၊ ပြန်လည်သတိရပါလေ။ တစ်ရံရောအခါဝယ် ငါအသျှင်မြတ်သည် နဗီတမန်တော်အပေါင်းတို့ထံမှ ပဋိညာဉ်ခံဝန်ချက်ကို ယူတော်မူခဲ့၏။ ထိုတမန်တော်များတွင် အသင် မိုဟမ္မဒ် ﷺ ထံမှလည်းကောင်း၊ နူးဟ် عليه السلام ၊ အီဗ်ရာဟီးမ် عليه السلام ၊ မူစာ عليه السلام နှင့် မရ်ယမ် عليه السلام သခင်မ၏ သားအီဆာ عليه السلام ထံမှလည်းကောင်း ပဋိညာဉ်ခံဝန်ချက်ကို ယူတော်မူခဲ့၏။) *[၄၂ : ၇]*

စူရာဟ်အဟ်ဇာဗ်တွင် နောက်ဆုံးနဗီတမန်တော်မြတ် ﷺ အကြောင်းကို ဦးစွာ တင်ပြထား၍ ဟဇရတ်နူးဟ် عليه السلام ကို နောက်မှ တင်ပြထားပေသည်။ ဤစူရာဟ်ဖြစ်သော စူရာဟ်ရှူအ်ရာအတွင်း၌ ဟဇရတ်နူးဟ် عليه السلام ၏အကြောင်းကို ဦးစွာတင်ပြ၍ နောက်ဆုံးနဗီတမန်တော်မြတ် ﷺ ၏ အကြောင်းကို နောက်မှ တင်ပြထားပေသည်' ဟူသော ခြားနားချက်သည် ရှိနေပေသည်။ ယင်းသို့ ခြားနားကွဲပြားစွာ တင်ပြထားရာ၌ 'တမန်တော်မြတ် ﷺ သည် မွေးဖွားခြင်းနှင့် ရဆူလ်တမန်တော်ဖြစ် ခြင်း၏ ခေတ်ကာလကို ထောက်ရှုမည်ဆိုလျှင် အားလုံးထက် နောက်ဆုံးဖြစ်နေလင့်ကစား နဗီ၊ ရဆူလ် ဖြစ်ခြင်း၏ ခွဲဝေမှုကို ပေးအပ်ခြင်းခံထားရာ၌ အားလုံးထက် ပထမဦးဆုံး ဖြစ်ပေသည်။ ပမာဆိုရသော် ဟဒီးစ်တော်တစ်ရပ်၌ 'ငါကိုယ်တော်သည် နဗီတမန်တော်များအားလုံး၌ (ကနဦး) ဖန်ဆင်းခံရခြင်းကို ထောက်ရှု၍ ပထမဦးဆုံးဖြစ်ပြီး ပွင့်ပေါ်လာခြင်းကို ထောက်ရှု၍ အားလုံးတို့ထက် နောက်ဆုံးဖြစ်သည်' ဟု မိန့်တော်မူထားသည်' ဟူသော အကြောင်းအရာဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန်တူပေသည်။ *[အိဗ်နေမာဂျာဟ်၊ ဒါရေမီး၊ မိရ်ကားသ်။]*

'ပထမဦးဆုံး နဗီတမန်တော်သည် ဟဇရတ်အာဒမ် عليه السلام ဖြစ်ရာ နဗီတမန်တော်များ၏ အကြောင်းကို တင်ပြရာ၌ ၄င်း၏ အမည်ဖြင့် အဘယ်ကြောင့် အစမပြုထားသနည်း' ဟူသော မေးခွန်းသည် ကျန်ရှိနေ

ပေသည်။ ယင်းသို့ မတင်ပြ (အံ့စမပြု) ထားရခြင်း၏ အကြောင်းမှာ ဤသို့ပင် ဖြစ်သည်။ ကမ္ဘာလောကသို့ ပထမဦးဆုံး ကြွရောက်လာတော်မူသော နဗီတမန်တော်မှာ ဟဇရသ်အာဒမ် ﷺ ဖြစ်ပေသည်။ ယုံကြည်ချက်ပိုင်းဆိုင်ရာ မူဝါဒ၏ အခြေခံအချက်များနှင့် သာသနာ၏ အရေးကြီးသော ကဏ္ဍရပ်များ၌ ၄င်းနဗီကြီးသည် ဖက်စပ်ပါဝင်နေလင့်ကစား သို့ရာတွင် ၄င်း၏ ခေတ်ကာလ၌ 'ရှရစ်က်' (တုဖက်နှိုင်းယှဉ်ခြင်း) နှင့် 'ကုဖွရ်' (သွေဖည်ငြင်းဆိုမှု) တို့သည် လူသားတို့၏ ကြားဝယ် မရှိကြပေ။ 'ကုဖွရ်' (သွေဖည်ငြင်းဆိုမှု ပြုခြင်း) နှင့် 'ရှရစ်က်' (တုဖက်နှိုင်းယှဉ်ခြင်း) တို့အား ရင်ဆိုင်ရခြင်းသည် ဟဇရသ်နူးဟ် ﷺ ၏ ခေတ်ကာလမှ စတင်ခဲ့ပေသည်။ ဤကဲ့သို့သော အမှုကိစ္စများ ရင်ဆိုင်လာရသည်ကို နောက်ပိုင်းနဗီတမန်တော်များလည်း ယင်းအချက်ကို ရင်ဆိုင်လာရသည်ကို ထောက်ရှု၍ ဟဇရသ်နူးဟ် ﷺ ကို ထမဦးဆုံး နဗီအဖြစ် ပြုပေးထားပေသည်။ ထို့ကြောင့် နဗီတမန်တော်များ၏ ကွင်းဆက်တရားကို ဟဇရသ်နူးဟ် ﷺ ဖြင့် အစပြုပေးထားပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏။)

أَنْ أَقِيمُوا الدِّينَ وَلَا تَتَفَرَّقُوا فِيهِ

(အသင်တို့သည် ဒီးန်သာသနာတော်ကို ခိုင်မြဲအောင် တည်ရှိစေကြလေကုန်။ ထို့ပြင် အသင်တို့သည် ယင်းသာသနာတော်နှင့် စပ်လျဉ်း၍ ကွဲပြားခြားနား၊ အုပ်စုကွဲခြင်း မရှိကြကုန်လင့်။) [၄၂ : ၁၃]

ဤဝါကျသည် ပထမဝါကျအား ရှင်းချက်ထုတ်ပေးထားခြင်းပင် ဖြစ်ပေသည်။ 'နဗီတမန်တော်များအားလုံး ပူးပေါင်း၊ ဖက်စက်ပါဝင်သော ဒီးန်သာသနာတော်ကို တည်တံ့မြဲမြံစွာ ထားရှိကြကုန်။ ထိုသာသနာတော်အတွင်း ကွဲပြားခြားနားခြင်းနှင့် အုပ်စုကွဲပြားခြင်းဖြစ်အောင် ဖန်တီးခြင်းသည် မပိုင်ရုံသာမက ပျက်စီးဆုံးရှုံးစေသော အရာပင် ဖြစ်ပေသည်။

ဒီးန်သာသနာတော်အား တည်တံ့မြဲမြံစွာ ထိန်းသိမ်းခြင်းသည် "ဖွရဇ်"ဖြစ်၍ အကွဲကွဲအပြားပြားဖြစ်အောင် ပြုခြင်းသည် "ဟရာမ်"ဖြစ်ခြင်း

ဤအာယသ်တော်အတွင်း၌ အမိန့်နှစ်ရပ်ကို တင်ပြထားပေသည်။ ပထမတစ်ရပ်မှာ သာသနာတော်ကို တည်တံ့မြဲမြံစွာ ထိန်းသိမ်းရန်နှင့် ဒုတိယတစ်ရပ်မှာ အငြင်းဝင် ရှုထောင့်ဖြစ်သော (သို့မဟုတ်) ထိုသာသနာတော်အတွင်း၌ အကွဲကွဲအပြားပြားဖြစ်အောင် ပြုခြင်းမှ တားမြစ်ထားခြင်း ဖြစ်ပေသည်။ နှောင်ပိုင်းခေတ် အကျယ်ဖွင့်ဆိုသော ပညာရှင်များအားလုံးတို့ထံ၌

أَنْ أَقِيمُوا الدِّينَ

ဟူသော အာယသ်တော်၏ ဝါကျ၌ ပါရှိသော (أَنْ) ဟူသော စကားလုံးသည် 'သဖ်စီးရ်' (ရှင်းပြစကားလုံး) အတွက်ဖြစ်ရာ ဒီးန်ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ 'နဗီတမန်တော်များအားလုံး

၏ ထံ၌ ဖက်စပ်ကာ ပါဝင်လာသော အရာ'ဟူ၍ သတ်မှတ်အတည်ပြု၍ ရရှိသွားပေသည်။ 'နဗီတမန်တော်များအားလုံးကြား၌ ဖက်စပ်ကာ ပါဝင်သော အခြေခံယုံကြည်ချက်ပိုင်းဆိုင်ရာ မူဝါဒများဖြစ်သော 'သောင်ဟီးဒ်' တစ်ပါးတည်းတည်ရှိခြင်း၊ 'ရိစာလသ်' (ရစူလ်တမန်တော်ဖြစ်ခြင်း)၊ တမလွန် 'အာခိရသ်' အပေါ် အီမာန်ယုံကြည်ခြင်း၊ ခဝပ်ကိုးကွယ်ခြင်း၏ အခြေခံအုတ်မြစ်မဏ္ဍိုင်များဖြစ်သော နမာဇ်၊ ရိဇာဟ်၊ ဇကားသ်နှင့် ဟဂ်ျတို့အားလည်း တည်တံ့မြဲမြံစွာ စောင့်ထိန်းခြင်း၊ ခိုးယူခြင်း၊ လူယက်တိုက်ခိုက်ခြင်း၊ ဇေနာပြုခြင်း၊ လိမ်လည် မုသားစကားပြောဆိုခြင်း၊ ဖြားယောင်းသွေးဆောင်ခြင်းနှင့် အခြားသူများကို အကြောင်းမဲ့ ဒုက္ခပေး ညှဉ်းဆဲခြင်း စသော အချက်များနှင့် ခံဝန်ကတိကို ချိုးဖောက်ခြင်းတို့သည် 'မိုးကောင်းကင်ကျ သာသနာများအားလုံး၌ ပူးတွဲ၊ ညီညွတ်၊ ဖက်စပ်ကာဖြင့် တားမြစ်ချက် လာရောက်ထားခြင်း'တို့ကြောင့် 'ဟရာမ်'ဖြစ်ကြောင်း'ဟူသော အချက်တို့မှာလည်း ထင်ရှားလှပေသည်။ 'ဆင့်ပွားပညတ်ချက်များ၌ နဗီတမန်တော်များ၏ သာသနာတော်များအတွင်းဝယ် အစိတ်အပိုင်း သဘောအရ အကွဲအလွဲများ ရှိတတ်ကြောင်း'ကို ကုရ်အာန်ကျမ်းတော်မြတ်၏ 'နစ္စ်' (လိုရင်းသဘောကို တင်ပြရန် ယူဆောင်လာသော ဝါကျ) ဖြင့် အတည်ပြုထားပေသည်။ ပမာဆိုရသော် အမိန့်ရှိတော်မူသည်မှာ-

لِكُلٍّ جَعَلْنَا مِنكُمْ شِرْعَةً وَّ مِنْهَاجًا

(ငါအသျှင်မြတ်သည် အသင်တို့အနက် အသီးသီးတို့အဖို့ တရားဓမ္မသတ်တစ်မျိုးနှင့် ထင်ရှားလှစွာသော လမ်းစဉ်တစ်မျိုးကို သတ်မှတ်ခဲ့သည်။) *[၅ : ၄၈]*

အထက်တင်ပြပါ စုပေါင်းအချက်မှ 'ဤအာယသ်တော်၏ ဝါကျအတွင်း၌ အကြင်သာသနာအား တည်တံ့မြဲမြံစွာ ထားရှိရန် အမိန့်နှင့် အကွဲကွဲ အပြားပြားပြုခြင်းကို တားမြစ်ခြင်း၏ အချက်ပါဝင်နေပေသည်။ ထိုသာသနာသည် ထိုအလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များသည်သာလျှင် ဖြစ်ပေသည်။ အကြင်ပညတ်ချက်များသည် နဗီတမန်တော်များအားလုံး၏ သာသနာ၌ ဖက်စပ်ညီညွတ်စွာဖြင့် လာရှိထားကြောင်းတို့ကို' အတည်ပြု၍ ရရှိပေသည်။ ထိုသာသနာတော်အတွင်းဝယ် အကွဲကွဲအပြားပြားပြုခြင်းနှင့် အုပ်စုကွဲအောင် ပြုခြင်းသည် 'ဟရာမ်'နှင့် မုချ မျိုးနွယ်အုပ်စုကို ဖျက်ဆီးပစ်မည့်အရာ ဖြစ်ပေသည်။

ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နိမတ်စ်အူးဒ် ؓ သခင်ကြီးက ဤသို့ အမိန့်ရှိထားပေသည်။ တစ်နေ့တွင် တမန်တော်မြတ် ﷺ သည် ကျွန်ုပ်တို့၏ ရှေ့မှောက်ဝယ် ဖြောင့်မတ်သော မျဉ်းတစ်ကြောင်းကို ဆွဲပြလေသည်။ တစ်ဖန် ထိုမျဉ်းကြောင်းကြီး၏ ဝဲဘက်နှင့် ယာဘက်၌ မျဉ်းကြောင်းငယ်များကို ဆွဲပြပြန်ကာ 'ဝဲဘက်နှင့် ယာဘက်၌ရှိသော မျဉ်းကြောင်းငယ်များသည် ရှိုက်သွာန်က တီထွင်ဖန်တီးမှုကို ပြုခဲ့သော် လမ်းစဉ်များပင် ဖြစ်ပေသည်။ ထိုလမ်းကြောင်းတိုင်း၌ ရှိုက်သွာန်တစ်ဦးချင်းစီသည် မင်းမူနေကာ လူတို့ကို ထိုဘက်သို့ လာရောက်ရန် ညွှန်ပြလျက်ရှိနေသည်' ဟူ၍ မိန့်တော်မူလိုက်ပေသည်။ ထို့နောက်တစ်ဖန် ဖြောင့်မတ်သော မျဉ်းကြောင်းကြီးဘက်သို့ ညွှန်ပြကာ

وَاَنَّ هٰذَا صِرَاطِى مُسْتَقِيمًا فَاتَّبِعُوهُ

(ဤသည် ကျွန်ုပ်၏ ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်ဖြစ်ပေသည်။ အသင်တို့သည် ယင်းလမ်းစဉ်ကို ရွေးချယ်လိုက်နာသမှု ပြုကြကုန်) ဟူ၍ မိန့်တော်မူလိုက်ပြန်ပေသည်။

[အဟ်မဒ်၊ ဒါရိမီ၊ နစာအီး၊ မဇ္ဇဟရီး။]

ဤအထက်တင်ပြပါ ဥပမာခိုင်းနှိုင်းမှု၌ ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်၏ အလိုသဘောမှာ နဗီတမန်တော်များအားလုံး ပူးတွဲ၍ ဖက်စပ်ကာ ပါဝင်သော တည်တံ့မြဲမြံသော လမ်းစဉ်ဖြစ်ပေသည်။ ထိုမျဉ်းကြောင်းကြီး၏ ဘေးမှ မျဉ်းကြောင်းငယ်များ ထွက်ပေါ်နေခြင်းသည် 'အကွဲကွဲအပြားပြားဖြစ်ခြင်း' မည်၍ 'ဟရာမ်'နှင့် ရှိုက်သွာန်၏ ပြုမူဆောင်ရွက်ချက်သာ ဖြစ်ပေသည်။ ထိုသို့ စုပေါင်းညီညွတ်စွာဖြင့် တည်ရှိလာသော ပညတ်ချက်များ၌ ကစဉ့်ကလျား၊ အကွဲကွဲအပြားပြား ဖြစ်အောင် ပြုခြင်းကို ပြင်းထန်စွာ တားမြစ်ထားခြင်းသည် မှန်ကန်သော ဟဒီးစ်တော်များ၌လည်း လာရှိထားပေသည်။ တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ-

من فارق الجماعة شبرا فقد خلع ربقة الاسلام من عنقه

(အကြင်သူတစ်ဦးတစ်ယောက်သည် မွတ်စလင်မ်များ၏ အဖွဲ့အစည်းမှ တစ်တောင်ခန့်မျှပင် ကွဲပြားမှုကို ရွေးချယ်လိုက်မည်ဆိုပါက ထိုသူသည် အစ္စလာမ်သာသနာ၏ ယုံကြည်ချက်ပိုင်းဆိုင်ရာ အခြေခံ ကွင်းဆက်တရားကို မိမိ၏ လည်ဂုတ်မှ ချွတ်ချလိုက်သကဲ့သို့ ဖြစ်ပေသည်။) *[အဟ်မဒ်၊ အဗူဒါဝူဒ်။]*

အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးက အမိန့်ရှိသည်မှာ တမန်တော်မြတ် ﷺ သည်

يد الله على الجماعة

(အလ္လာဟ်အသျှင်မြတ်၏ အကူအညီသည် အသင်းအဖွဲ့အပေါ်၌ တည်ရှိသည်) ဟူ၍ မိန့်တော်မူထားပေသည်။ *[သိရ်မေဇီကျမ်း]*

ဟဇရတ်မအားဇ်အိဗ်နေဂျဗလ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ တမန်တော်မြတ် ﷺ သည် 'ရှိုက်သွာန်သည် လူသားတို့အဖို့ ဆိတ်များ၏နောက်မှ လိုက်ပါလျက်ရှိသော ဝံပုလွေကဲ့သို့ပင် ဖြစ်သည်။ သို့ရှိရာ ထိုဝံပုလွေသည် မိမိဆိတ်အုပ်အတွင်းမှ အနောက်ဘက်၌ ကျန်ရစ်သော (သို့မဟုတ်) ဤဘက်၊ ထိုဘက်သို့ ထွက်ခွာသော ဆိတ်ကို ဖမ်းဆီး စားသောက်ပစ်လိုက်မည်သာ ဖြစ်သည်။ ထို့ကြောင့် အသင်တို့သည် 'အသင်းအဖွဲ့နှင့်တကွ အတူတကွ နေထိုင်ရန် သင့်ပြီး၊ သီးခြားစွာ မနေထိုင်သင့်ပေ။

[အဟ်မဒ်]

တင်ပြချက်၏ အချုပ်သဘောတရားမှာ ဤသို့ပင် ဖြစ်သည်။ ဤအာယသ်တော်အတွင်း၌ 'နဗီတမန်တော်များအားလုံး ဖက်စပ်ပူးပေါင်းကာ လျှောက်လှမ်းလာခဲ့ကြသော ဖက်စပ်ပူးပေါင်း၊ အတူတကွ ပါဝင်ထားသော သာသနာတော်ကို ဆက်လက် တည်တံ့မြဲမြံစွာ လက်ကိုင်ထားရှိရန်' မိန့်တော်မူထားပေသည်။

ထိုသာသနာတော်နှင့် စပ်လျဉ်း၍ အကွဲကွဲအပြားပြားဖြစ်အောင် ဖန်တီးခြင်းကို فرقة ဟူသော စကားလုံးကို သုံးနှုန်း မိန့်မြွက်ကာ တားမြစ်ထားတော်မူပေသည်။ ထိုသို့ ငြင်းမရသော ပညတ်ချက်များအတွင်း ဝယ် ကစဉ့်ကလျား၊ အကွဲကွဲအပြားပြားနှင့် အုပ်စုကွဲအောင် ပြုခြင်းတို့ကို တင်ပြပါဟဒီးစ်တော်များ အတွင်း၌ အီမာန်အတွက် စိုးရိမ်ဖွယ်ရာနှင့် ပျက်စီးဆုံးရှုံးခြင်း၏ အကြောင်းခံအဖြစ် မိန့်မြွက်ထားတော် မူပေသည်။

ထိုးထွင်းကြံဆမှုဉာဏ်ဖြင့် ကောက်ချက်ချ မိန့်မြွက်ထားသော အေမာမ်ကြီးများ၏ ဆင့်ကဲ ထွက်ပေါ်လာသော ဓမ္မသတ်များကြားဝယ် အကွဲအလွဲ ဖြစ်ပေါ်နေခြင်းသည် တားမြစ်ခြင်း ခံထားရသော အကွဲအလွဲကို ဖန်တီးမှု အတွင်း၌ မပါဝင်ခြင်း

ဤအထက်တင်ပြပါ ခေါင်းစည်းမှ 'ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်အတွင်း၌ ရှင်းလင်း လှစွာသော အမိန့်တစ်စုံတစ်ရာ မရှိချိန်၌သော်လည်းကောင်း၊ (သို့မဟုတ်) ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များ၏ 'နုစူးစ်' (လိုရင်းသဘောကို တင်ပြရန် ယူဆောင်လာသော ဝါကျ) များ၌ အပေါ်ယံ အားဖြင့် ဆန့်ကျင်ဘက်အသွင် ပေါ်ပေါက်လာလျက် ရှိနေသော အချိန်၌သော်လည်းကောင်း၊ ထိုးထွင်းကြံဆ မှုဉာဏ်ဖြင့် ကောက်ချက်ချ သတ်မှတ်ပေးသော အေမာမ်ကြီးများသည် (မိမိတို့အချင်းချင်း ကြား၌ အကွဲ အလွဲဖြစ်ကာ) မိမိတို့၏ သက်ဆိုင်ရာ ထိုးထွင်းကြံဆမှုဉာဏ်ဖြင့် အမိန့်တစ်စုံတစ်ရာကို အတည်ပြုပြဋ္ဌာန်း ရန်မှာ အကြံဉာဏ်၊ မူဝါဒ၊ သီအိုရီ ကွဲပြားမှုအပေါ် မူတည်၍ မုချသတ်မှတ်ရပေမည်။ အထက်အာယသ် တော်ပါ အကွဲအလွဲဖြစ်ခြင်းကို တားမြစ်ခြင်း၏ အမိန့်မှ ဤအေမာမ်ကြီးများ အကွဲအလွဲဖြစ်နေခြင်းသည် ပတ်သက်မှုတစ်စုံတစ်ရာ မရှိကြောင်း'ကို ရှင်းလင်းစွာ သိရှိသွားရပေသည်။ ဤကဲ့သို့ အကွဲအပြားဖြစ် ခြင်းသည် ဆွဟာဗာကြီးများကြားဝယ် တမန်တော်မြတ် ﷺ ၏ ခေတ်ကာလတော်မှပင် ဖြစ်ရှိလာခဲ့ပေ သည်။ ထိုသို့ အကွဲအပြားဖြစ်ခြင်းကို ဓမ္မသတ်ပညာရှင်ကြီးများအားလုံးသည် တစ်ညီတစ်ညွတ်တည်း 'ရဟ်မသ်' (ကရုဏာ) တော်ဖြစ်ရကြောင်းကို မိန့်ဆိုထားကြပေသည်။

ဒီးန်သာသနာတော်ကို ခိုင်မြဲအောင် တည်ရှိစေခြင်း၏ အလိုသဘောသည် ထိုသာသနာတော်အပေါ်၌ တည်တံ့မြဲမြံစွာ နေထိုင်ခြင်း၊ ထိုသာသနာနှင့် စပ်လျဉ်း၍ စိတ်နှစ်ခွ၊ ဒွိဟသံသယ၊ သို့လောသို့လော ဖြစ်ခြင်း၏ လမ်းစဉ်ကို မထည့်သွင်းခြင်းနှင့် မည်သည့်အခြေအနေ၌မှာမဆို ထိုသာသနာ့လမ်းစဉ်ကို မစွန့်လွှတ် ရန် ဖြစ်ပေသည်။ *[ကုရ်သုဗီး]*

كَبُرَ عَلَى الْمُشْرِكِينَ مَا تَدْعُوهُمْ إِلَيْهِ

('မုရှ်ရစ်က်' (တွဲဖက်နိုင်းယှဉ် ကိုးကွယ်ကြကုန်သော သူ) တို့၌ အသင်သည် ၎င်းတို့အား ဖိတ်ခေါ် လျက်ရှိသော 'သောင်ဟီးဒ်' တရားတော်သည် လွန်စွာ မခံမရပ်နိုင်ဖွယ်ရာ ခက်ခဲကြီးလေးလှ၏။)

[၄၂ : ၁၃]

မှန်ကန်ပြီးပြည့်စုံသော အဲစ္စလာမ်သာသနာ၌ 'သောင်ဟီးဒ်' (ကိုးကွယ်ရာအသျှင် တစ်ပါးတည်း တည်ရှိခြင်းတရား) သည် အလွန် ကြီးကျယ်လှစွာသော 'ရက်န်' (အရေးကြီးသောအချက်) တစ်ချက်ပင်ဖြစ်သည်။ ကမ္ဘာ့ကနဦးကာလကတည်းက နဗီတမန်တော်များအားလုံးက တစ်ညီတစ်ညွတ်တည်း လက်ခံကျင့်မှုခဲ့သောကြောင့် ၄င်းတရားတော်၏ မှန်ကန်ကြောင်း အတည်ဖြစ်ခဲ့ပြီးဖြစ်သည့် ကြားကပင် 'ရှရစ်က်' (တုဖက်နိုင်းယှဉ် ခဝပ်ကိုးကွယ်ခြင်း) ကို အရိုးစွဲနေသော သူတို့အဖို့ အသင်၏ဘက်မှ ဖိတ်ခေါ်သော ကိုးကွယ်ရာအသျှင် တစ်ပါးတည်း တည်ရှိခြင်းတရားသည် အလွန် ခက်ခဲ လေးလံလှသည်ဟူ၍ မှတ်ယူနေကြပေသည်။ အကြင်ကဲ့သို့ လေးလံရခြင်း၏ အကြောင်းမှာ စိတ်ရိုင်း၏ အလိုကို လိုက်ခြင်း၊ ရမ္မက်ဖေထားရှိခြင်း၊ ရှိက်သွာန်၏ ညွှန်ပြချက်များအပေါ် နောက်လိုက်သမှုပြုခြင်းနှင့် ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်ကို စွန့်လွှတ်လိုက်ခြင်းကြောင့် ဖြစ်ပေသည်။ အကြင်အချက်များနှင့် ပတ်သက်၍ တားမြစ်ထားရှိခြင်းကို အထက်၌ တင်ပြထားခဲ့ပြီးဖြစ်သည်။ ရှေ့၌ ဆက်လက်၍ မိန့်တော်မူထားသည်မှာ-

اَللّٰهُ يَجْتَبِىٓ اِلَيْهِ مَنْ يَّشَآءُ وَيَهْدِىٓ اِلَيْهِ مَنْ يُّنِيْبُ

(စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား မိမိထံတော်သို့ ရွေးချယ်တော်မူ၏။ ထို့ပြင် မိမိ၏ဘက်တော်သို့ ပြန်လှည့်သောသူအား မိမိထံသို့ ရောက်ရှိရာကို လမ်းညွှန်တော်မူ၏။) [၄၂ : ၁၃]

ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်တရား ရရှိရန် နည်းလမ်းနှစ်ရပ်သာ ရှိပေသည်။ ပထမနည်းလမ်းတစ်ရပ်မှာ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် တစ်ဦးတစ်ယောက်ကို မိမိ၏ ဒီးန်သာသနာနှင့် ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်အတွက် ရွေးချယ်တော်မူကာ ၄င်း၏ ဗီဇသဘောသဘာဝကိုပင် သာသနာတော်နှင့် ကိုက်ညီစွာ ပြုပေးတော်မူလိုက်၍ ဖြစ်ပေမည်။ ဥပမာ- နဗီတမန်တော်များနှင့် အချို့သီးသန့် ဝလီသူတော်စင်များ ဖြစ်ပေသည်။ အကြင်သူများနှင့် စပ်လျဉ်း၍ ကုရ်အာန်ကမ်းတော်မြတ်အတွင်း၌ မိန့်တော်မူထားသည်မှာ-

اِنَّآ اَخْلَصْنٰهُمْ بِخَالِصَةٍ ذِكْرَى الدَّارِ

(ဧကန်မလွဲ ငါအသျှင်မြတ်သည် တမလွန်ဘဝကို သတိရခြင်းတည်းဟူသော ထူးခြားချက်တစ်ရပ်ဖြင့် ၄င်းတို့အား ထူးခြားစေတော်မူခဲ့၏။) [၃၈ : ၄၆]

သီးသန့် နဗီတမန်တော်များနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်သည် **مُخْلَص** (လာမ်အက္ခရာအပေါ်၌ ဇဗရ်) ဟူ၍ ရှင်းလင်းစွာ မိန့်တော်မူထားကာ အဓိပ္ပာယ်မှာ 'သီးသန့်ရွေးချယ်မှု ပြုထား ခြင်းခံရသူ' ဟူ၍ ရရှိ၏။

اَللّٰهُ يَجْتَبِىٓ اِلَيْهِ مَنْ يَّشَآءُ

(စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား မိမိထံတော်သို့ ရွေးချယ်တော်မူ၏။) [၄၂ : ၁၃]

၏ အလိုသဘောမှာလည်း ဤသည်သာလျှင် ဖြစ်ပေသည်။ ဤလမ်းမှန်တရား ရရှိခြင်း၏ နည်းလမ်းသည် သီးသန့်ရွေးချယ်ထားခြင်း ခံထားရသော အချို့အတွက်သာ ဖြစ်၍ အတိုင်းအတာရှိသည့် နည်းလမ်းဖြစ်ပေသည်။ အများစုအား ချီးမြှင့်ထားသော လမ်းမှန်တရား ရရှိစေခြင်း၏ ဒုတိယနည်းလမ်းမှာ 'အကြင်သူသည် အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ပြန်လှည့်၍ ထိုအသျှင်မြတ်၏ ဒီးန်သာသနာ၏ လမ်းစဉ်အပေါ်ဝယ် လျှောက်လှမ်းရန် သဘောပိုက်လိုက်သည်ဆိုလျှင် ၎င်းအား အလ္လာဟ်အသျှင်မြတ်သည် မှန်ကန်သော ဒီးန်သာသနာ၏ လမ်းမှန်တရားကို ချီးမြှင့်ပေးသနားတော်မူပေသည်။ ဤသည် ဒုတိယဝါကျ၌

وَيَهۡدِىٓ اِلَيۡهِ مَنۡ يُّنِيۡبُ

(ထို့ပြင် မိမိ၏ ဘက်တော်သို့ ပြန်လှည့်သောသူအား မိမိ၏ ထံသို့ ရောက်ရှိရာကို လမ်းညွှန်တော်မူ၏။) [၄၂ : ၁၃]

ဟူ၍ အလ္လာဟ်အသျှင်မြတ် မိန့်မြွက်ထားတော်မူသော အလိုသဘောပင် ဖြစ်သည်။

အချုပ်သဘောတရားမှာ ဤကဲ့သို့ ဖြစ်သည်။ လမ်းမှန်တရား ရရှိရန် နည်းလမ်းနှစ်သွယ် ရှိပေသည်။

ပထမနည်းလမ်းမှာ သီးသန့်နည်းလမ်းဖြစ်ပြီး အလ္လာဟ်အသျှင်မြတ် ကိုယ်တော်တိုင်သည်ပင်လျှင် တစ်ဦးတစ်ယောက်အား ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်အား ချီးမြှင့်ပေးရန်အတွက် ရွေးချယ်တော်မူလိုက်ပေသည်။ ဒုတိယနည်းမှာ အများဆိုင် နည်းလမ်းမျိုးဖြစ်ပြီး အကြင်မည်သူမဆို အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်သို့ ပြန်လှည့်ကာ ထိုအသျှင်မြတ်၏ မှန်ကန်သော သာသနာတော်အား ရှာဖွေသည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား မိမိ၏ ရည်ရွယ်ချက်ပန်းတိုင်ဖြစ်သော လမ်းမှန်တရားထိတိုင် ရောက်ရှိအောင် ပို့ဆောင်ပေးတော်မူပေသည်။ မက္ကာဟ်မြို့တော်ရှိ မုရှ်ရစ်က်တို့သည် ကိုးကွယ်ရာအသျှင်တစ်ပါးတည်း တည်ရှိခြင်း၏ တရားဘက်သို့ ဖိတ်ခေါ်သော အချက်ကို လေးလံခက်ခဲလှသည်ဟူ၍ မှတ်ယူကြပေသည်။ ထိုသို့ မှတ်ယူကြခြင်း၏ အကြောင်းခံမှာ ၎င်းတို့သည် ဒီးန်သာသနာအား သဘောပေါက်နားလည်ရန်နှင့် ထိုသာသနာ့လမ်းစဉ်အပေါ် လျှောက်လှမ်းရန် ရည်ရွယ်ချက်၊ ဆန္ဒပင် မထားရှိခဲ့ကြသော ကြောင့် ဖြစ်သည်။

وَمَا تَفَرَّقُوٓا اِلَّا مِنۡ بَعۡدِ مَا جَآءَهُمُ الۡعِلۡمُ

(အမှန်စင်စစ် ၎င်းတို့မှာ မိမိတို့ထံသို့ တိကျမှန်ကန်သော အသိပညာ ရောက်ရှိလာပြီးနောက်မှာပင် အုပ်စုကွဲခဲ့ကြကုန်၏။) [၄၂ : ၁၄]

مَا تَفَرَّقُوٓا ဟူသော စကားလုံးအတွင်း၌ ပါရှိသော အညွှန်းနာမ်စားကို ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးသည် 'မက္ကာဟ်မြို့တော်ရှိ ကုရိုက်ရှ် အမျိုးသားတို့ဘက်သို့ ညွှန်ပြလျက်ရှိသည်ဟူ၍ မိန့်တော်မူထားပေသည်။ ကုရိုက်ရှ်အမျိုးသား ကာဖိရ်တို့သည် မှန်ကန်သော သာသနာနှင့် ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်အား တစ်သီးပုဂ္ဂလဆန်စွာ လစ်လျူရှု စွန့်လွှတ်ဖယ်ခွာထားခြင်းကို ရွေးချယ်လိုက်ကြ၏'

ဟူ၍ အလိုသဘော ဖွင့်ဆိုတင်ပြခဲ့ပေသည်။ ဤသည် ၄င်းတို့ကိုယ်တိုင်အဖို့လည်း အလွန်အသိဉာဏ် ခေါင်းပါးသော လုပ်ရပ်ပင် ဖြစ်ပေသည်။ ထို့ထက် သာပို၍ အလိမ္မာကင်းမဲ့သောအချက်မှာ 'အလ္လာဟ် အသျှင်မြတ်၏ ထံတော်ပါးမှ 'အိလ်မ်' (အသိပညာ) ရောက်ရှိလာပြီးနောက်လည်း ၄င်းတို့သည် ဤသို့ပင် ပြုမူခဲ့ကြခြင်းပင် ဖြစ်ပေသည်။ 'တိကျမှန်ကန်သော အသိပညာရောက်ရှိလာခြင်း'၏ အလိုသဘောကို အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးက 'တမန်တော်မြတ် ﷺ ရောက်ရှိလာခြင်းဟူ၍ ဖွင့်ဆိုခဲ့သည်။ ၄င်းနဗီတမန် တော် ရောက်ရှိလာခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ 'အိလ်မ်' (အသိပညာအမိန့်တော်) များ၏ အခြေခံ ရသောက်မြစ်ဖြစ်သည်။ အချို့သော အာလင်မ်သာသနာ့ပညာရှင်ကြီးများသည် وَمَا تَفَرَّقُوٓا ၌ ပါဝင်သော အညွှန်းနာမ်စားကို 'အတိတ်ခေတ်မျိုးနွယ်အုပ်စုများ'ကို ရည်ညွှန်းသည်ဟု မိန့်တော်မူထားပေသည်။ 'အတိတ်ခေတ် မျိုးနွယ် အုပ်စုရှိသူတို့သည် မိမိတို့၏ သက်ဆိုင်ရာ နဗီတမန်တော်များ၏ သာသနာတော် များမှ အကွဲကွဲအပြားပြားပြုခြင်းနှင့် သီးခြားစွာ တစ်သီးပုဂ္ဂလပြုခြင်းကို ရွေးချယ်ထားကြပေသည်။ ၄င်းတို့ထံ နဗီတမန်တော်များ၏ အကြောင်းခံဖြင့် ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်၏ မှန်ကန်သော အသိ ပညာ ရောက်ရှိနေသည့် ကြားကတည်းကပင် ဤသို့ ပြုကြခြင်းဖြစ်သည်'ဟု အဓိပ္ပာယ်ကို ကောက်ယူကာ ကောက်ချက်ချကြပေသည်။ အတိတ်ခေတ်ကာလ၏ မျိုးနွယ်အုပ်စုများကို ရည်ညွှန်းမိန့်မြွက်သည်ဖြစ်စေ၊ 'တမန်တော်မြတ် ﷺ ၏ အွမ္မသ်အုပ်စုအတွင်း၌ ရှိသော ကာဖိရ်များကို ရည်ညွှန်းမိန့်မြွက်သည်ဖြစ်စေ' ယင်းအချက်နှစ်ရပ်စလုံးမှ '၄င်းတို့ကိုယ်တိုင်သည် လမ်းလွဲမှားခြင်း၏ လမ်းစဉ်၌ တည်ရှိနေကာ မိမိတို့၏ သက်ဆိုင်ရာ ရစူလ်တမန်တော်များကိုလည်း မိမိတို့၏ လမ်းစဉ်အပေါ်ဝယ် လျှောက်လှမ်းလာကြရန် မက်ထား လျက်ရှိကြောင်း' ဟူသော အချက်ကို လိုလားနေကြပေသည်။ ထို့ကြောင့် ယင်းအချက်၏နောက် တမန် တော်မြတ် ﷺ အား ဤသို့ မိန့်မြွက်ထားတော်မူပေသည်။

فَلِذٰلِكَ فَادْعُ وَاسْتَقِمْ كَمَآ اُمِرْتَ وَلَا تَتَّبِعْ اَهْوَآءَهُمْ وَقُلْ اٰمَنْتُ بِمَآ اَنْزَلَ اللّٰهُ مِنْ كِتٰبٍ وَّاُمِرْتُ لِاَعْدِلَ بَيْنَكُمْ اَللّٰهُ رَبُّنَا وَرَبُّكُمْ لَنَآ اَعْمَالُنَا وَلَكُمْ اَعْمَالُكُمْ لَاحُجَّةَ بَيْنَنَا وَبَيْنَكُمْ اَللّٰهُ يَجْمَعُ بَيْنَنَا وَاِلَيْهِ الْمَصِيْرُ

ဟာဖိဇ်အိဗ်နေကစီးရ် (ရဟ) သခင်ကြီးက အမိန့်ရှိသည်မှာ ဤအာယသ်တော်သည် သီးသန့်ဝါကျ (၁၀) ခုဖြင့် တည်ဆောက်ထားပေသည်။ ဝါကျတစ်ခုချင်းစီအတွင်း၌လည်း သီးသန့်ပညတ်ချက်များ ပါဝင်၍ နေပေသည်။ ပမာဆိုရသော် ဤအာယသ်တော်မြတ် တစ်ပါးတည်းတွင် ပညတ်ချက်များ အခန်းကဏ္ဍ (၁၀) ရပ်ကို တင်ပြထားပေသည်။ ထိုကဲ့သို့သော အလားတူအာယသ်တော်သည် ကုရ်အာန်ကျမ်းတော် မြတ် တစ်အုပ်လုံးအတွင်းတွင် 'အာယသုလ်ကုရ်စီ'မှအပ အခြားမည်သည့် အာယသ်တော်တစ်ခုတစ်ရာမျှ မရှိပေ။ 'အာယသုလ်ကုရ်စီ'အတွင်း၌ ပညတ်ချက် (၁၀) ရပ်၏ အခန်းကဏ္ဍ (၁၀) ခု ပါဝင်ပေသည်။

ပထမအမိန့်မှာ- فَلِذٰلِكَ فَادْعُ

(သို့ဖြစ်ပေရာ အို့, နဗီတမန်တော်၊ ထို့အတွက်ကြောင့်ပင် အသင်သည် ၎င်းတို့အား မှန်ကန်သော ဒီးန်သာသနာတော်ဘက်သို့ ဖိတ်ခေါ်လျက်ပင် ရှိပါလေ။) *[၄၂ : ၁၅]*

ဆိုလိုသည်မှာ မုရှ်ရစ်က်တို့အဖို့ အသင်ဘက်မှ 'သောင်ဟီးဒ်' (ကိုးကွယ်ရာအသျှင် တစ်ပါးတည်းတည်ရှိခြင်း) ၏ တရားတော်ဘက်သို့ ဖိတ်ခေါ်ခြင်းသည် လေးလံခက်ခဲနေလင့်ကစား သို့ရာတွင် ထိုအတွက်ကြောင့် အသင်သည် မိမိဖိတ်ခေါ်လျက်ရှိနေသော အချက်ကို မစွန့်လွှတ်လိုက်လေနှင့်။ စဉ်တိုက်ဆက်တိုက် ထိုဖိတ်ခေါ်၏မှု တာဝန်ကို ဆက်လက် လုပ်ကိုင်ဆောင်ရွက်နေရမည် ဖြစ်ပေသည်။

ဒုတိယအမိန့်မှာ- وَاسْتَقِمْ كَمَآ اُمِرْتَ

(၎င်းပြင် အသင်သည် မိမိအမိန့်ပေးခြင်း ခံခဲ့ရသည့်အတိုင်း ဖြောင့်မတ်တည်ကြည် ကြံ့ခိုင်စွာ ရှိပါလေ။) *[၄၂ : ၁၅]*

ဆိုလိုသည်မှာ အသင်သည် ထိုသာသနာတော်အပေါ်၌ ကိုယ်တော်တိုင်လည်း တည်တံ့မြဲမြံစွာ နေထိုင်ရန်ဖြစ်သည်။ လူတို့အား ဖိတ်ခေါ်လျက် ရှိနေသော အချက်နှင့် စပ်လျဉ်း၍ အသင့်အား အမိန့်ပေးခြင်း ခံထားရသည့်အတိုင်း တည်တံ့မြဲမြံစွာ နေထိုင်သင့်ပေသည်။ ဆိုလိုသည်မှာ ယုံကြည်ချက်ပိုင်းဆိုင်ရာ ကဏ္ဍရပ်များအားလုံး၊ ကျင့်ကြံပြုမူဆောင်ရွက်ချက်များအားလုံး၊ အကျင့်စရိုက်များ၊ လူမှုပေါင်းသင်းဆက်ဆံရေးဆိုင်ရာ ကဏ္ဍရပ်များအားလုံး၌ မှန်ကန်သော သမာသမတ် လမ်းစဉ်အပေါ်၌ တည်တံ့စွာ နေထိုင်ရန်ဖြစ်သည်။ မည်သည့်ဘက်တစ်ဘက်ဘက်ကိုမျှ အနည်းငယ်မျှ ယိမ်းယိုင် အစွန်းရောက်ခြင်းမျိုး မဖြစ်ရှိလေနှင့်။ 'ဤသို့ သမာသမတ်ကျနစွာ တည်တံ့မြဲမြံစွာ နေထိုင်ရန်သည် လွယ်ကူသော အလုပ်မဟုတ်ကြောင်း' မှာ ထင်ရှားလှပေသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ အား အချို့သော ဆွဟာဗာကြီးများသည် 'ဦးခေါင်းတော်မှ အချို့သော ဆံခြည်မျှင်တော်များ ဖြူဖွေးလာသည်' ကို တင်ပြကြသောအခါ **شيبتني هود** (ငါကိုယ်တော်အား စူရာဟ်ဟူးဒ်က အိုမင်းစေတော်မူလိုက်သည်) ဟူ၍ မိန့်ကြားတော်မူလိုက်ပေသည်။ စူရာဟ်ဟူးဒ် အတွင်း၌လည်း ဤအမိန့်တော်ကို 'ဤအထက်တင်ပြပါ စကားလုံးတော်တို့ဖြင့်သာ တင်ပြထားပေသည်။ (မအာရိဖုလ်ကုရ်အာန်ကျမ်း၊ စူရာဟ်ဟူးဒ်၏ အကျယ်ချဲ့ဖွင့်ဆိုသော ကဏ္ဍ၌ တစ်ဆက်တည်းမှာပင် **استقامت** 'အိစ်သေကာမသ်' ဟူသော စကားလုံး၏ အလိုသဘော၊ လိုအပ် အရေးကြီးပုံနှင့် ခက်ခဲလေးနက်သည့် အကြောင်းအချက်များကို ရေးသားတင်ပြထားပေသည်။ ထိုနေရာ၌ ကြည့်ရှုကြကုန်။)

တတိယအမိန့်မှာ- وَلَا تَتَّبِعْ اَهْوَآءَهُمْ

(ထို့ပြင် အသင်သည် ၎င်းတို့၏ အလိုဆန္ဒများကို မလိုက်နာလေနှင့်။) *[၄၂ : ၁၅]*

ဆိုလိုသည်မှာ အသင်သည် မိမိ၏ သာသနာရေးရာ ပို့ချရေးတာဝန်ကို ထမ်းဆောင်ရာ၌ မည်သည့် ဆန့်ကျင်သူ၏ ဆန့်ကျင်မှုကိုမျှ ဂရုမစိုက်လေနှင့်။

စတုတ္ထအမိန့်မှာ- قُلْ اٰمَنْتُ بِمَآ اَنْزَلَ اللّٰهُ مِنْ كِتٰبٍ

(ထို့ပြင် အသင်သည် ၎င်းတို့အား ဤသို့ ပြောကြားပါလေ။ အချင်းတို့၊ ငါသည် အလ္လာဟ်အသျှင်မြတ် ချပေးတော်မူခဲ့သော မည်သည့်ကျမ်းဂန်ကိုမဆို သက်ဝင်ယုံကြည်ပြီး ဖြစ်၏။) *[၄၂ : ၁၅]*

ဆိုလိုသည်မှာ အသင်သည် 'အလ္လာဟ်အသျှင်မြတ် ချပေးသမျှသော ကျမ်းဂန်များအားလုံးအပေါ် ကျွန်ုပ်သည် အီမာန်ရယူထားပြီးဖြစ်ကြောင်း' ကို ကြေညာလေကုန်။

ပဉ္စမအမိန့်မှာ- اُمِرْتُ لِاَعْدِلَ بَيْنَكُمْ

(၎င်းပြင် ငါသည် အသင်တို့အကြားဝယ် တရားမျှတရန် အမိန့်ပေးတော်မူခြင်းကို ခံခဲ့ရ၏။)

[၄၂ : ၁၅]

ထိုဝါကျတော်၏ အပေါ်ယံအလိုသဘောမှာ အသင်တို့အချင်းချင်းကြား ပေါ်ပေါက်လာသော ပြဿနာတစ်စုံတစ်ရာသည် ကျွန်ုပ်ထံသို့ ရောက်ရှိလာသောအခါ 'ထိုအမှုကိစ္စနှင့် စပ်လျဉ်း၍ တရားမျှတစွာဖြင့် ဆုံးဖြတ်ချက် ချပေးရန်' အမိန့်ပေးခြင်း ခံထားရပေသည်။ အချို့သော အာလင်မ်သာသနာ့ပညာရှင်ကြီးများသည် ဤနေရာ၌ **عدل** ဟူသော စကားလုံး၏ အဓိပ္ပာယ်ကို 'သာတူညီမျှ' စွာ ဟူ၍ ကောက်ယူကာ အာယသ်တော်၏ အလိုသဘောကို 'ငါကိုယ်တော်သည် အသင်တို့၏ကြားဝယ် ဒီးန်သာသနာတော်၏ ပညတ်ချက်အလုံးစုံကို အပြည့်အဝလက်ခံရန် အမိန့်ပေးခံရသည်။ 'နဗီတိုင်းနှင့် ကျမ်းစာအုပ်တိုင်းအပေါ် အီမာန်ကို ရယူကာ အသျှင်မြတ်၏ ပညတ်ချက်ချက်များအားလုံးအပေါ် အီမာန်ယူရန် အမိန့်ပေးခံရသည်။ အချို့အပေါ် အီမာန်ယူကာ၊ အချို့အပေါ် အီမာန်မယူခြင်း၊ အချို့သော ပညတ်ချက်များကို လိုက်နာဆောက်တည်ကာ အချို့အပေါ် မဆောက်တည်ခြင်း' ဟူသော သဘောမျိုးလည်း မဟုတ်ကြောင်း' ဟူ၍ ကောက်ယူကြပေသည်။

ဆဋ္ဌမအမိန့်မှာ- اَللّٰهُ رَبُّنَا

(အလ္လာဟ်အသျှင်မြတ်သည် ငါတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်လည်း ဖြစ်တော်မူ၏။) *[၄၂ : ၁၅]*

ဆိုလိုသည်မှာ 'ကျွန်ုပ်တို့အားလုံးအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် အလ္လာဟ်အသျှင်မြတ် ဖြစ်တော်မူပေသည်' ဟူ၍ ဖြစ်သည်။

သတ္တမအမိန့်မှာ- لَنَآ اَعْمَالُنَا وَلَكُمْ اَعْمَالُكُمْ

(ငါတို့၏ အကျင့်အမူတို့မှာ ငါတို့အဖို့ ဖြစ်၍ အသင်တို့၏ အကျင့်အမူတို့မှာ အသင်တို့အဖို့သာ ဖြစ်၏။) *[၄၂ : ၁၅]*

ကျွန်ုပ်တို့၏ ပြုမူဆောင်ရွက်ချက်များသည် ကျွန်ုပ်တို့အဖို့သာလျှင် ဖြစ်ပြီး ထိုဆောင်ရွက်ချက်များသည် အသင်တို့အဖို့ တစ်စုံတစ်ရာ ကောင်းကျိုး၊ ဆိုးကျိုးကို သက်ရောက်စေမည်မဟုတ်။ အသင်တို့၏ ပြုမူဆောင်ရွက်ချက်များသည်လည်း အသင်တို့အဖို့သာဖြစ်ပြီး ထိုပြုမူဆောင်ရွက်ချက်များမှ ကျွန်ုပ်အဖို့ ဆိုးကျိုး၊ ကောင်းကျိုး တစ်စုံတစ်ရာကိုမျှ သက်ရောက်စေနိုင်မည်မဟုတ်။ အချို့အကျယ်ချဲ့ဖွင့်ဆိုသော ပညာရှင်ကြီးများက ဤသို့ မိန့်တော်မူထားပေသည်။ ဤအာယသ်တော်သည် မက္ကာဟ်မြို့တော်၌ 'ကာဖိရ်များနှင့် စစ်ဆင်နွှဲရန် အမိန့်မကျရောက်သေးသော အချိန်၌' ကျရောက်လာခြင်း ဖြစ်ပေသည်။ စစ်ဆင်နွှဲရန် အမိန့်ပါဝင်သော အာယသ်တော်များသည် ဤအထက်ဖော်ပြပါ အမိန့်တော်ကို ချေဖျက်ပစ်လိုက်ပေသည်။ အဘယ်ကြောင့်ဆိုသော် စစ်ဆင်နွှဲရခြင်း၏ အချုပ်ရလဒ် သဘောတရားမှာ 'ဆိုဆုံးမမှုနှင့် ညှိနှိုင်းတိုင်ပင်မှုတို့မှ အကျိုးတရား သက်ရောက်မှုမရှိသော သူတို့အား တိုက်ခိုက်မှုကိုပြုကာ ၄င်းတို့အား အဖိနှိပ်ခံ၊ အချုပ်ချယ်ခံဘဝကို ရောက်ရှိအောင်ပြုခြင်းဖြစ်ပြီး၊ '၄င်းတို့ကို မိမိတို့၏ ရှိရင်းစွဲ အခြေအနေပေါ်၌သာ ဆက်လက်ထားရှိရန်မဟုတ်ကြောင်း' ဖြစ်ပေသည်။

အချို့သော အာလင်မ်သာသနာ့ပညာရှင်ကြီးများက 'ဤအမိန့်တော်သည် ဖျက်သိမ်းခြင်းခံရသော အမိန့်တော်များအတွင်း၌ ပါဝင်သော အာယသ်တော်မဟုတ်ကြောင်း'ကို မိန့်မြွက်ထားကြပေသည်။ အာယသ်တော်များ၏ အလိုသဘောကို ဤသို့ တင်ပြထားသည်။ 'ကျွန်ုပ်သည် အမှန်တရားကို ခိုင်လုံသော အထောက်အထားများဖြင့် အတည်ပြု တင်ပြပေးခဲ့ပြီးဖြစ်ရာ ယခု ယင်းအချက်အား မယုံကြည်၊ မလိုက်နာခြင်းသည် ရန်ငြိုးရန်စွယ် ထားရှိခြင်းနှင့် ဇွတ်ပြုလုပ်ခြင်း၏ သဘောသဘာဝအရ ပြုလုပ်ခြင်းမှအပ အခြားမည်သည့် အချက်တစ်စုံတစ်ရာမျှ မဖြစ်ရှိနိုင်ပေ။ ရန်ငြိုး၊ ရန်စွယ်ပွားများမှု ရောက်ရှိလာသော အခါဝယ် ယခု အထောက်အထားတို့ကို တင်ပြပြောဆိုခြင်းသည် အကျိုးမဲ့ အလဟဿဖြစ်သွားပေသည်။ အသင်တို့၏ ပြုမူဆောင်ရွက်ချက်သည် အသင်တို့ရှေ့သို့ ရောက်ရှိလာမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ ပြုမူဆောင်ရွက်ချက်သည် ကျွန်ုပ်တို့ ရှေ့သို့ ရောက်နှင့်လာမည်ဖြစ်သည်။ *[ကုရ်သုဗီး]*

အဌမအမိန့်မှာ- لَاحُجَّةَ بَيْنَنَا وَبَيْنَكُمْ

(ငါတို့နှင့် အသင်တို့ကြား၌ မည်သို့မျှ အငြင်းအခုံပြုရန် မရှိပေ။) *[၄၂ : ၁၅]*

حجت 'ဟွဂ်ျဂျသ်'၏ အလိုသဘောမှာ အခြေအတင် ပြောဆိုဆွေးနွေးခြင်း ဖြစ်သည်။ အလိုသဘောမှာ 'အမှန်တရားသည် ရှင်းလင်းစွာနှင့် အတည်ပြု ဖော်ထုတ်၍ ရရှိပြီးနောက်၌လည်း အကယ်၍ အသင်တို့သည် ရန်ငြိုး၊ ရန်စွယ် ပွားများခြင်းကို ရှေ့တန်းတင်ထားပါမူ ယခု အခြေအတင် ပြောဆိုဆွေးနွေးခြင်းသည် အလဟဿဖြစ်နေပေသည်။ ကျွန်ုပ်တို့နှင့် အသင်တို့၏ကြားဝယ် ယခု အခြေအတင် ဆွေးနွေးရန် တစ်စုံတစ်ရာမျှ မကျန်ရှိတော့ပေ' ဟူ၍ ဖြစ်သည်။

နဝမအဓိပ္ပါယ်မှာ- اَللّٰهُ يَجْمَعُ بَيْنَنَا

(အလ္လာဟ်အသျှင်မြတ်သည်ပင် ငါတို့အားလုံးကို တစ်နေ့ စုရုံးတော်မူပေမည်။) *[၄၂ : ၁၅]*

'ကေယာမသ်' နေ့၌ ကျွန်ုပ်တို့အားလုံးအား အလ္လာဟ်အသျှင်မြတ်သည် စုရုံးစေတော်မူကာ ကျင့်ကြံဆောင်ရွက်ချက်တိုင်း၏ အစားကို ပေးသနားတော်မူပေလိမ့်မည်။

ဒသမအဓိပ္ပါယ်မှာ- وَاِلَيْهِ الْمَصِيْرُ

(၄င်းပြင် ထိုအသျှင်မြတ်ထံတော်သို့ပင် အားလုံး ပြန်ကြရပေမည်။) *[၄၂ : ၁၅]*

ကျွန်ုပ်တို့အားလုံးသည် ထိုအသျှင်မြတ်၏ ထံတော်သို့သာလျှင် ပြန်လှည့်သွားရမည့်သူများ ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَالَّذِيْنَ يُحَاۤجُّوْنَ فِى اللّٰهِ مِنْۢ بَعْدِ مَا اسْتُجِيْبَ لَهٗ حُجَّتُهُمْ
دَاحِضَةٌ عِنْدَ رَبِّهِمْ وَعَلَيْهِمْ غَضَبٌ وَّلَهُمْ عَذَابٌ شَدِيْدٌ ﴿١٦﴾

၄၂ : ၁၆ ။ ။ စင်စစ် အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ ထိုအသျှင်မြတ် ဟုတ်မှန်ကြောင်း ဝန်ခံပြီးဖြစ်သည့်နောက်မှပင် အငြင်းအခုံပြုကြကုန်သော သူတို့၏ အငြင်းအခုံပြုခြင်းမှာ ၄င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်၌ အလွဲအချော် (အမှား) ပင် ဖြစ်ပေသည်။ ထို့ပြင် ၄င်းတို့အပေါ်၌ အမျက်တော်ကျရောက်မည့်အပြင် ၄င်းတို့၌ ပြင်းထန်လှစွာသော အပြစ်ဒဏ်သည်လည်း ရှိပေလိမ့်မည်။

اَللّٰهُ الَّذِيْۤ اَنْزَلَ الْكِتٰبَ بِالْحَقِّ وَالْمِيْزَانَ ؕ وَمَا يُدْرِيْكَ لَعَلَّ السَّاعَةَ قَرِيْبٌ ﴿١٧﴾

၄၂ : ၁၇ ။ ။ အလ္လာဟ်အသျှင်မြတ်သည်ပင် ကျမ်းမြတ် (ကုရ်အာန်) နှင့် တရားမျှတမှု (တည်းဟူသော ချိန်ခွင်) ကို တိကျမှန်ကန်စွာ ချပေးတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ စင်စစ် (အို၊ နဗီတမန်တော်၊ 'ကေယာမသ်' ဖြစ်မည့်အချိန်အား) အသင် မသိပေ။ 'ကေယာမသ်' ရှင်ပြန်ထရမည့် အချိန်ကာလသည် (ယခင်ထက်) နီးကပ်စွာ ရှိတန်ရာသည်။

يَسْتَعْجِلُ بِهَا الَّذِيْنَ لَا يُؤْمِنُوْنَ
بِهَا ۚ وَالَّذِيْنَ اٰمَنُوْا مُشْفِقُوْنَ مِنْهَا ۙ وَيَعْلَمُوْنَ اَنَّهَا الْحَقُّ ؕ
اَلَاۤ اِنَّ الَّذِيْنَ يُمَارُوْنَ فِى السَّاعَةِ لَفِىْ ضَلٰلٍۢ بَعِيْدٍ ﴿١٨﴾

၄၂ : ၁၈ ။ ။ ယင်း 'ကေယာမသ်' ရှင်ပြန်ထရမည့်အချိန်ကာလနှင့် စပ်လျဉ်း၍ ၄င်းကို မယုံကြည်သော သူတို့သည်သာလျှင် (ပြက်ရယ်သမှု ပြု၍) အလျင်စလို ပြုလျက်ရှိကြကုန်၏။ သို့ရာတွင် မုအ်မင်န် သက်ဝင်ယုံကြည်သူတို့မှာမူ

ယင်း 'ကေယာမသ်' ရှင်ပြန်ထရမည့် အချိန်ကာလကို စိုးရိမ်၍ နေကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ယင်း ('ကေယာမသ်' ဖြစ်မည်) ကို မှန်ကန်သည်ဟု ယုံကြည်ကြကုန်၏။ သတိပြုကြလေကုန်။ စင်စစ် 'ကေယာမသ်' ရှင်ပြန်ထရမည့် အချိန်ကာလနှင့် စပ်လျဉ်း၍ အငြင်းအခုံပြုကြကုန်သော သူတို့မှာမူ လွန်စွာ ဝေးကွာလှသော လမ်းမှား၌ ရှိနေကြကုန်၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

စင်စစ် အလ္လာဟ်အသျှင်မြတ် (၏ ဒီနှ်သာသနာ) နှင့် ပတ်သက်၍ (မွတ်စ္စလင်မ်တို့ဖြင့်) ထိုသာသနာသည် ဟုတ်မှန်ကြောင်း ဝန်ခံပြီးဖြစ်သည့် နောက်မှပင် (များစွာသော ဦးနှောက်အသိဉာဏ်ရှိသည့် ဉာဏ်ကြီးရှင်တို့သည် မွတ်စ္စလင်မ်များဖြစ်ကာ ထိုသာသနာအား ယုံကြည်လက်ခံပြီးဖြစ်သည်။ အထောက်အထားများ ရှင်းလင်းသွားပြီးသည့်နောက် အခြေအတင်၊ ငြင်းခုံမှုပြုခြင်းသည် သာပို၍ပင် ဖြစ်တင် ရှုတ်ချဖွယ်ဖြစ်ပေသည်။ သို့ရှိရာ)အငြင်းအခုံပြုကြသောသူတို့၏ အငြင်းအခုံပြုခြင်းမှာ ၎င်းတို့အား မွေးမြူ ဖန်ဆင်းတော်မူသော အသျှင်မြတ်ထံ၌ အလွဲအချော် (အမှား) ပင် ဖြစ်ချေသည်။ ထို့ပြင် ၎င်းတို့အပေါ်၌ (အလ္လာဟ်အသျှင်မြတ်၏ ထံတော်မှ) အမျက်တော် ကျရောက်မည့်အပြင် ၎င်းတို့အတွက် ('ကေယာမသ်' နေ့တွင်) ပြင်းထန်လှစွာသော ပြစ်ဒဏ်သည်လည်း ရှိပေလိမ့်မည်။

(ထိုပြစ်ဒဏ်မှ ရှောင်ရှားရန် နည်းလမ်းမှာ အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ဒီနှ်သာသနာတော်ကို ယုံကြည်လက်ခံခြင်းပင် ဖြစ်သည်။ ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်၏ ဝတ္တရားများနှင့် အဖန်ဆင်းခံတို့၏ ဝတ္တရားများအားလုံးကို ပါဝင်ထားစေသော' ကျမ်းမြတ်ကို မုချ လိုက်နာကျင့်မူဆောင်ရွက်ရမည့် လမ်းညွှန်ကျမ်းဟူ၍ မှတ်ယူကြကုန်။ အဘယ်ကြောင့်ဆိုသော်) အလ္လာဟ်အသျှင်မြတ်သည်ပင် (ဤ) ကျမ်းမြတ် (ကုရ်အာန်) နှင့် (ယင်းကျမ်းမြတ်အတွင်းရှိ သီးသန့်ပညတ်ချက်ဖြစ်သော) တရားမျှတမှု (တည်းဟူသော ချိန်ခွင်) ကို တိကျမှန်ကန်စွာ ချပေးတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ (ဤကျမ်းမြတ်သည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ချပေးသနားတော်မူသော ကျမ်းဖြစ်ရာ ထိုကျမ်းမြတ်ကို မယုံကြည်သည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်အားလည်း ယုံကြည်ရာ မရောက်ပေ။ အချို့ မွတ်စ္စလင်မ် မဟုတ်သောသူတို့သည် အလ္လာဟ်အသျှင်မြတ်အား ယုံကြည်ကြသည်ဟူ၍ ကြွေးကြော်ကြကာ သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်ကို မယုံကြည်ကြပေရာ ထိုသို့ အလ္လာဟ်အသျှင်မြတ်အား ယုံကြည်ကြပါသည်ဟု ၎င်းတို့၏ ကြွေးကြော်မှုသည် ၎င်းတို့ လွတ်မြောက်မှုရရှိရန်အတွက် လုံလောက်မည်မဟုတ်ပေ။)

စင်စစ် (ဤ)သူတို့သည် အသင့်အား 'ကေယာမသ်'နေ့နှင့် စပ်လျဉ်း၍ အချိန်အတိအကျကို မေးမြန်းရာ အို၊ နဗီတမန်တော်၊ 'ကေယာမသ်'ဖြစ်မည့် အချိန်အား) အသင်မသိပေ။ (သို့သော် ကိုယ်တော်မြတ် ﷺ မသိရှိခြင်းကြောင့် ထိုနေ့မရှိကြောင်း မုချ အတတ်မပြောဆိုအပ်ရာ။ သို့သာမက ထို 'ကေယာမသ်'နေ့သည် မုချ ဆိုက်ရောက်လာပေလိမ့်မည်။ အချိန်သတ်မှတ်ချက်အတွက် အကျဉ်းချုပ်အနေဖြင့် ဤမျှခန့် သိနားလည်လိုက်ခြင်းဖြင့် လုံလောက်ပေသည်။) 'ကေယာမသ်' ရှင်ပြန်ထရမည့်အချိန်ကာလသည် (ယခင်ထက်) နီးကပ်စွာ ရှိတန်ရာသည်။

(သို့ရာတွင်) ယင်း 'ကေယာမသ်' ရှင်ပြန်ထရမည့် အချိန်ကာလနှင့် စပ်လျဉ်း၍ မယုံကြည်သော သူတို့သည်သာလျှင် (၎င်းတို့သည် ထိုနေ့အား ကြောက်ရွံ့ရမည့်အစား နောက်ပြောင် ငြင်းဆိုသော ပုံစံမျိုး ဖြင့် ထိုနေ့သည် အဘယ်ကြောင့် လျှင်မြန်စွာ မရောက်ရှိလာပေသနည်းဟူ၍) အလျင်စလို ပြုလျက် ရှိကြကုန်၏။ သို့ရာတွင် မုအ်မင်န်သက်ဝင် ယုံကြည်သောသူတို့မှာမူ 'ကေယာမသ်'ရှင်ပြန်ထရမည့် အချိန် ကာလကို စိုးရိမ်၍ (ကြောက်ရွံ့၍ ထိတ်လန့်) နေကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ယင်း ('ကေယာမသ်' ဖြစ်မည်) ကို မှန်ကန်သည်ဟု ယုံကြည်ကြကုန်၏။ သတိပြုကြလေကုန်။ ဧကန်စင်စစ် (ထိုလူတန်းစား နှစ်ရပ်ထဲမှ ပထမတန်းစားဖြစ်သော) 'ကေယာမသ်'ရှင်ပြန်ထရမည့် အချိန်ကာလနှင့် စပ်လျဉ်း၍ အငြင်း အခုံပြုကြကုန်သော သူတို့မှာမူ လွန်စွာ ဝေးကွာလှသော လမ်းမှား၌ (နစ်မွန်းကာ) ရှိနေကြကုန်၏။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

လွန်လေပြီးသော အာယသ်တော်များအတွင်း၌ မိုးကောင်းကင်ကျမ်းဂန်များနှင့် နဗီတမန်တော် များအားလုံး စည်းလုံးညီညွတ်စွာဖြင့် တည်ရှိလာသော ထိုဖြောင့်မတ် မှန်ကန်လှစွာသော သာသနာ့လမ်းစဉ် ဘက်သို့ ကမ္ဘာသူကမ္ဘာသား အားလုံးတို့အား ဖိတ်ခေါ်ထားပေသည်။ ထိုသာသနာ့လမ်းစဉ်အပေါ်၌ မြဲမြံ စွာ တည်ရှိရန်နှင့် အစဉ်အမြဲ တည်ရှိနေရန် ဆော်သြထားတော်မူပေသည်။ သို့ရာတွင် ကြားနာ၊ ယုံကြည် ရန် ရည်ရွယ်ချက်ဆန္ဒပင် မထားရှိကြကုန်သော အချို့ကာဖိရ်များသည် ထိုသာသနာရေးနှင့် စပ်လျဉ်း၍ လည်း မွတ်စ္စလင်မ်တို့နှင့် အခြေအတင် ဆွေးနွေးမှုများ စတင်ပြုလာကြပေသည်။ အချို့သော ဆင့်ပြန်ချက် များအတွင်း၌ လာရှိထားသည်မှာ ကျမ်းရသူများအတွင်းမှ အချို့သော ယဟူဒီများနှင့် နစ္စရာနီများသည် 'ကျွန်ုပ်တို့၏ နဗီတမန်တော်သည် အသင်တို့၏ နဗီတမန်တော်ထက် ဦးစွာ ပွင့်ပေါ်လာကာ ကျွန်ုပ်တို့၏ ကျမ်းစာအုပ်သည်လည်း အသင်တို့၏ ကျမ်းစာအုပ်ထက် ဦးစွာ ကျရောက်လာသည်ဖြစ်ရာ ကျွန်ုပ်တို့၏ သာသနာသည် အသင်တို့၏ သာသနာထက် မွန်မြတ်ပေသည်' ဟူသော အခြေအတင် ဆွေးနွေးမှုများကို စတင် ပြောဆိုလာပေသည်။ အချို့သော ဆင့်ပြန်ချက်များအတွင်း၌ ဤကဲ့သို့သော အကြောင်းအရာကိုပင် ကာဖိရ် ကုရိုက်ရှ်တို့ဘက်မှလည်း ပြောဆိုလာခဲ့သည်ဟု တင်ပြထားပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် မိမိတို့ကိုယ်ကို မိမိဟဇရသ်အီဗ်ရာဟီးမ် ﷺ ၏ လမ်းစဉ်ကို နောက်လိုက်သမှုပြုသော သူများဟူ၍ ပြောဆိုလေ့ ရှိကြပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်း၌ ၎င်းတို့အား 'အစ္စလာမ်သာသနာနှင့် ကုရ်အာန်ကျမ်းတော်မြတ်၏ အထောက်အထားတို့သည် လူတို့အပေါ်ဝယ် ပြီးပြည့် စုံစွာ ရှင်းရှင်းလင်းလင်း ဖြစ်ထားပြီးဖြစ်ကြောင်း၊ အသင်တို့အထဲမှပင် အသိဉာဏ်ရှိသော ဉာဏ်ကြီးရှင်များ နှင့် တရားမျှတမှုကို နှစ်သက်လိုလားကြကုန်သော သူတို့သည် လက်ခံကာ မွတ်စ္စလင်မ်များလည်း ဖြစ်သွား ကြပြီးဖြစ်ပေရာ ယခု အသင်တို့၏ အခြေအတင် ဆွေးနွေးပြောဆိုချက်တို့သည် မှားယွင်းကာ လမ်းလွဲ

ခြင်းသာဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်မျှ လက်ခံနိုင်ဖွယ်ရာ မဟုတ်ပေ။ ယခု အကယ်၍ ထိုအချက်ကို မယုံကြည်၊ လက်မခံပါက အလ္လာဟ်အသျှင်မြတ်၏ အမျက်တော်သည် အသင်တို့အပေါ် ကျရောက်လာပေလိမ့်မည်ဟူသော အချက်နှင့် ပတ်သက်၍ သတိပေးတော်မူထားပေသည်။ ရှေ့၌ ကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ကျရောက်လာခြင်း၊ အလ္လာဟ်အသျှင်မြတ်နှင့် စပ်လျဉ်းသော ဝတ္တရားများနှင့် အဖန်ဆင်းခံများနှင့် စပ်လျဉ်းသော ဝတ္တရားများအတွက် စုစည်းပေါင်းစပ်ကာ မိန့်မြွက်ထားသော တရားဥပဒေကျမ်းဖြစ်ကြောင်းကို တင်ပြထားပေသည်။

اَنۡزَلَ الۡكِتٰبَ بِالۡحَقِّ وَالۡمِيۡزَان

(အလ္လာဟ်အသျှင်မြတ်သည်ပင် ကျမ်းတော်မြတ်ကုရ်အာန်နှင့် တရားမျှတမှုတည်းဟူသော ချိန်ခွင်ကို တိကျမှန်ကန်စွာ ချပေးတော်သော အသျှင်မြတ် ဖြစ်တော်မူပေသည်။) *[၄၂ : ၁၇]*

အာယသ်တော်အတွင်း၌ ပါရှိသော الكتاب ၊ 'ကေသာဗ်'ဟူသော စကားလုံး၏ အလိုသဘော၌ ဤနေရာတွင် ခြုံငုံလှစွာသော သဘောမျိုးဖြင့် မိုးကောင်းကင်ကျ ကျမ်းဂန်များအားလုံး ပါဝင်ပေသည်။ ၎င်းကျမ်းဂန်များအတွင်းတွင် ကုရ်အာန်ကျမ်းတော်မြတ်နှင့် အခြားပထမကျ ကျမ်းစာအုပ်များအားလုံး ပါဝင်ပေသည်။ الحق ၊ 'ဟပ်က်'ဟူသော စကားလုံး၏ အလိုသဘောမှာ ထိုမှန်ကန်သော ဒီးန်သာသနာ ဖြစ်ပေသည်။ ၎င်းသာသနာတော်၏အကြောင်း အထက်၌ တင်ပြထားပေသည်။ الميزان ၊ 'မီဇာန်'ဟူသော စကားလုံး၏ လုံးချင်းကောက်အဓိပ္ပာယ်မှာ ချိန်ခွင်ဖြစ်ပေသည်။ ထိုချိန်ခွင်သည် တရားမျှတမှုကို ရပ်တည်စေရန်နှင့် ဝတ္တရားနှင့် ရယူထိုက်သော အခွင့်အရေးတို့ကို ပြည့်ဝစွာ ပေးဆပ်စေခြင်း၏ ကိရိယာတစ်ခု ဖြစ်ပေသည်။ ထို့ကြောင့် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﵁ သခင်ကြီးသည် الميزان ၊ 'မီဇာန်'ဟူသော စကားလုံးကို အကျယ်ဖွင့်ဆိုရာ၌ 'တရားမျှတမှု'ဟူ၍ ဖွင့်ဆိုမိန့်ဆိုထားပေသည်။ သဖ်စီးရ်ပညာရပ်၏ အေမာမ်တစ်ပါးဖြစ်သော မုဂျာဟိဒ် (ရဟ) သခင်ကြီးကမူ 'ဤနေရာ၌ الميزان ၊ 'မီဇာန်'ဟူသော စကားလုံး၏ အလိုသဘောမှာ လူတို့ သုံးစွဲနေကျဖြစ်သော ချိန်ခွင်ဖြစ်ကြောင်းကိုသာ မိန့်ဆိုထားပေသည်။ ယင်းသို့ ကောက်နုတ်တင်ပြလိုက်ရခြင်း၏ အလိုသဘောမှာ အားလုံးသောသူတို့၏ ဝတ္တရားကို ပြည့်ဝစွာ ထမ်းဆောင်ပေးခြင်းနှင့် တရားမျှတမှု ထားရှိခြင်းတို့ ဖြစ်ပေသည်။ သို့ရှိရာ الحق ၊ 'ဟပ်က်'ဟူသော စကားလုံး၌ အလ္လာဟ်အသျှင်မြတ်နှင့် စပ်လျဉ်းသော ဝတ္တရားများအားလုံးဘက်သို့ الميزان ၊ 'မီဇာန်'ဟူသော စကားလုံး၌ အဖန်ဆင်းခံများနှင့် စပ်လျဉ်းသော ဝတ္တရားများအားလုံးဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားခြင်း ဖြစ်ပေသည်။

မုအ်မင်န်တို့သည် 'ကေယာမသ်'နေ့အား ကြောက်ရွံ့နေကြသည်ဟူ၍ မိန့်ဆိုထားခြင်း၏ အလိုသဘောမှာ 'ကေယာမသ်'နေ့၏ ကြောက်ရွံ့ထိတ်လန့်ဖွယ်ဖြစ်သော အချင်းအရာများအား ကြောက်ရွံ့နေခြင်း၏

ခံယူချက် မူဝါဒပိုင်းဆိုင်ရာ ကြောက်ရွံ့မှုမျိုး ဖြစ်ပေသည်။ ထို့ပြင် မိမိ၏ ကျင့်ကြံပြုမူမှု ဆောင်ရွက်ပိုင်းဆိုင်ရာများ၏ အားနည်းချက်များအပေါ် ရှုမြင်သုံးသပ်ခြင်းဖြင့်လည်း မုချဖြစ်ပေါ် တည်ရှိနေမည်သာ ဖြစ်ပေသည်။ သို့ရာတွင် အချို့သော အချိန်အခါမျိုး၌ မုအ်မင်န်တစ်ဦးတစ်ယောက်အပေါ် အလ္လာဟ်အသျှင်မြတ်နှင့် တွေ့ဆုံဖူးမျှော်လိုမှု၏ မက်ဆန္ဒသည် လွှမ်းမိုးလာကာ ထိုဆန္ဒ၏ တောင့်တချက်သည် ကြောက်ရွံ့မှုအပေါ် လွှမ်းမိုးသွားပေသည်။ ထိုအချက်သည် အထက်တင်ပြပါ ကြောက်ရွံ့မှု၏ အချက်နှင့် ဆန့်ကျင်ဘက်ဖြစ်ရှိ၍ မနေပေ။ ပမာဆိုရသော် 'ကဗရ်'အတွင်း၌ အချို့သောသူသေများ 'ကေယာမသ်' အလျင်အမြန် ကျရောက်ပါစေ' ဟူသော ပြောဆိုမှုမျိုးများကို ပြောဆိုကြောင်း လာရှိထားပေသည်။ ယင်းသို့ ပြောဆိုရခြင်းမှာ 'ကဗရ်'အတွင်း၌ ကောင်းကင်တမန်များ လူသားတို့ကို 'ရဟ်မသ်' (ကရုဏာတရား) နှင့် 'မဂ်ဖေရသ်' (ချမ်းသာပလပ်ခွင့်ပေးခြင်း) ၏ သတင်းကောင်းကို ပေးခြင်းခံရသောအခါ 'ကေယာမသ်' နေ့၏ ကြောက်ရွံ့ခြင်းအချက်သည် ဝပ်၍ သွားသောကြောင့် ဖြစ်ပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

ٱللَّهُ لَطِيفُۢ بِعِبَادِهِۦ يَرۡزُقُ مَن يَشَآءُۖ وَهُوَ ٱلۡقَوِيُّ ٱلۡعَزِيزُ ١٩

၄၂ : ၁၉ ။ ။ အလ္လာဟ်အသျှင်မြတ်သည် မိမိကျွန်တို့၏ အလွန် နက်နဲသိမ်မွေ့သော အရေးကိစ္စတို့ကိုပင် ကောင်းစွာ သိတော်မူသောအသျှင် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား (မိမိအလိုရှိတော်မူသလျှေ) စားနပ်ရိက္ခာကို ပေးသနားတော်မူ၏။ ၄င်းပြင် ထိုအသျှင်မြတ်သည် စွမ်းရည်သတ္တိနှင့် အလွန်ပြည့်စုံတော်မူသော အသျှင်၊ လွန်စွာ နိုင်နင်းလွှမ်းမိုးတော်မူသော အသျှင် ဖြစ်တော်မူ၏။

مَن كَانَ يُرِيدُ حَرۡثَ ٱلۡأٓخِرَةِ نَزِدۡ لَهُۥ فِي حَرۡثِهِۦۖ وَمَن
كَانَ يُرِيدُ حَرۡثَ ٱلدُّنۡيَا نُؤۡتِهِۦ مِنۡهَا وَمَا لَهُۥ فِي ٱلۡأٓخِرَةِ مِن نَّصِيبٍ ٢٠

၄၂ : ၂၀ ။ ။ မည်သူမဆို 'အာခေရသ်'တမလွန်ဘဝ၏ လယ်ယာစိုက်ပျိုးမှုကို လိုလားသည်ရှိသော် ငါအသျှင်မြတ်သည် ၄င်းအား ၄င်း၏ လယ်ယာစိုက်ပျိုးမှုတွင် တိုးပွားစေတော်မူပေမည်။ သို့ရာတွင် မည်သူမဆို (ဤမျက်မှောက်) လောကီ၏ လယ်ယာစိုက်ပျိုးမှုကို လိုလားသည် ဖြစ်ပါမူ ငါအသျှင်မြတ်သည် ၄င်းအား(လည်း) ဤ (မျက်မှောက်) လောကီဘဝမှပင် အနည်းငယ် ပေးတော်မူမည်။ သို့ရာတွင် 'အာခေရသ်'တမလွန်ဘဝ၌မူ ၄င်းတို့အဖို့ မည်သည့် ဝေစုဝေပုံမျှပင် ရှိလိမ့်မည်မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် ဤသူတို့သည် လောကီရေးရာ၏ အဖွယ်ဖွယ်သော စည်းစိမ်ရတနာများအပေါ် ဂုဏ်မောက်ကာ 'အကယ်၍ ကျွန်ုပ်တို့၏ ကျင့်ကြံပြုမူ ဆောင်ရွက်ချက်များသည် အလ္လာဟ်အသျှင်မြတ်၏ သဘောတူ

နှစ်မြို့မှုနှင့် ဆန့်ကျင်ဘက် ဖြစ်ရှိနေပါမူ ကျွန်ုပ်တို့အား ဤသို့ စည်းစိမ်ယစ်မူးဖွယ်ရာ အရာများ မည်သို့ ချီးမြှင့်မည်နည်း' ဟူ၍ သဘောပေါက် နားလည်လွဲမှားကာ နောင်တမလွန်အား မေ့လျော့၍ နေပေသည်။ ကောင်းစွာ မှတ်သားထားကြကုန်။ ဤသည် ၎င်းတို့၏ သတိလက်လွတ် မေ့လျော့မှုပင် ဖြစ်သည်။ ဤသို့ လောကီရေးရာ စည်းစိမ်ခနေများ ချီးမြှင့်ခံရခြင်းသည် အလ္လာဟ်အသျှင်မြတ် သဘောတူနှစ်မြို့ခြင်း၏ အထောက်အထားမဟုတ်ပေ။ သို့သာမက ထိုသို့ ချီးမြှင့်လိုက်ရခြင်း၏ အကြောင်းအရင်းမှာ) အလ္လာဟ် အသျှင်မြတ်သည် (ကမ္ဘာလောက၌) မိမိကျွန်တို့၏ (အပေါ် များသောအားဖြင့်) ကရုဏာပြု တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ (ထိုသို့ ခြုံငုံလှစွာသော ကရုဏာတော်၏ အကြောင်းခံဖြင့် အားလုံးသော သူတို့ကို စားနပ်ရိက္ခာအား ချီးမြှင့်ပေးသနားထားတော်မူပေသည်။ ကျန်းမာရေးကောင်းမွန်ခြင်းကို ချီးမြှင့် ပေးသနားထားတော်မူပေသည်။)

(အကြင်ကဲ့သို့ စားနပ်ရိက္ခာအား ချီးမြှင့်ပေးသနားထားတော်မူရာ၌ အမြော်အမြင်တရားနှင့် အကြောင်းအကျိုး၊ အကောင်းအဆိုးကို ထောက်ရှု၍ အတိုး၊ အလျော့လည်း ရှိနိုင်ပေသည်။) ထိုအသျှင် မြတ်သည် မိမိအလိုရှိတော်မူသော သူအား (မိမိအလိုရှိတော်မူသရွေ့) စားနပ်ရိက္ခာကို ပေးသနားတော်မူ၏။ (သို့ရာတွင် စားနပ်ရိက္ခာချီးမြှင့်ခံရခြင်း' ဟူသော အချက်သည် အားလုံးသောသူတို့အဖို့ ဖက်စပ်ချီးမြှင့် ခြင်း ခံထားရသော အချက်ဖြစ်သည်။ ၎င်းပြင် (ဤလောကီ၌ ထိုအသျှင်မြတ်၏ ချီးမြှင့်ပေးကမ်းထား သည့် ကရုဏာကျေးဇူး အသနားတော်များ ကြည့်၍ '၎င်းတို့မှ ငါတို့၏ နည်းလမ်းသည် မှန်ကန်သည်။ ထို့အတွက်ကြောင့် 'အာခိရသ်' နောင်တမလွန်၌လည်း ကျေးဇူးအသနားတော်၊ ကရုဏာတော်သည် ဆက်လက်တည်ရှိနေပေလိမ့်မည်' ဟူ၍ တွေးထင်ထားခြင်းသည် လုံးဝ ၎င်းတို့အနေဖြင့် ဖြားယောင်း သွေးဆောင်မှုအတွင်းသို့ သက်ရောက်နေခြင်းပင် ဖြစ်ပေသည်။ ထိုတမလွန်လောက၌မူ ၎င်းတို့၏ မကောင်းမှု ဒုစရိုက်အပေါ် 'အဇာဗ်' အပြစ်ဒဏ်သည် ကျရောက်ပေလိမ့်မည်။ ၎င်းသည် စဉ်းစားတွေးခေါ်၍ မရနိုင်သော တစ်စုံတစ်ရာ ဝေးကွာလှစွာသော အချက်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော်) ထိုအသျှင်မြတ်သည် စွမ်းရည် သတ္တိနှင့် အလွန်ပြည့်စုံတော်မူသော အသျှင်၊ လွန်စွာ နိုင်နင်းလွှမ်းမိုးတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

(အချုပ်ဆိုရသော် ၎င်းတို့၏ မကောင်းမှုဒုစရိုက်အလုံးစုံ၏ အခြေခံရေသောက်မြစ်သည် လောကီ ရေးရာအပေါ် ဂုဏ်မောက်နေခြင်း ဖြစ်ပေသည်။ ၎င်းတို့အဖို့ 'လောကီရေးရာ၏ ဂုဏ်မောက်နေခြင်း' အချက်ကို ရပ်တန့်မှ ရပ်သင့်ပေသည်။ 'အာခိရသ်' နောင်တမလွန်နှင့် စပ်လျဉ်း၍ သောကပွားသင့်ပေ သည်။ အဘယ်ကြောင့်ဆိုသော်) မည်သူမဆို 'အာခိရသ်' တမလွန်ဘဝ၏ လယ်ယာစိုက်ပျိုးမှုကို လိုလား သည်ရှိသော် ငါအသျှင်မြတ်သည် ၎င်းအား ၎င်း၏ လယ်ယာစိုက်ပျိုးမှုတွင် တိုးပွားစေတော်မူပေမည်။ (ကောင်းမြတ်သော အကျင့်သီလတို့သည် လယ်ယာကိုင်းကျွန်းဖြစ်၍ ထိုကုသိုလ်အကျိုးဆက်ကြောင့် ရရှိ သော အကျိုးစဝါးဗ်သည် ထိုလယ်ယာကိုင်းကျွန်း၏ အသီးအနှံ ဖြစ်ပေသည်။ ထိုလယ်ယာစိုက်ပျိုးမှု၌ တိုးပွားစေခြင်းသည်မှု ဆတိုးရရှိခြင်းဖြစ်ပေသည်။ ပမာဆိုရသော် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ 'ကုသိုလ်ကောင်းမှုတစ်ခု၏ အစား (၁၀) ဆ ရရှိပေလိမ့်မည်' ဟူ၍ မိန့်မြွက်ထားတော်မူသည်။) သို့ရာတွင်

မည်သူမဆို (ဤမျက်မှောက်) လောကီဘဝ၏ လယ်ယာစိုက်ပျိုးမှုကို လိုလားသည်ဖြစ်ပါမူ (ဆိုလိုသည်မှာ ကျင့်ကြံ ကြိုးစားအားထုတ်မှု အလုံးစုံ၏ ရည်ရွယ်ချက်မှာ လောကီရေးရာ၏ ဥစ္စာပစ္စည်းအရင်းအနှီးပင် ဖြစ်မူ၊ 'အာခိရေသ်' နောင်တမလွန်အတွက် တစ်စုံတစ်ရာကိုမျှ ကြိုးပမ်းမှုကို မပြုမူ။) ငါအသျှင်မြတ်သည် ၎င်းအား (လည်း) ဤ (မျက်မှောက်) လောကီဘဝမှပင် (အကယ်၍ လိုလားသည်ဆိုလျှင်) အနည်းငယ် ပေးတော်မူမည်။ သို့ရာတွင် 'အာခိရေသ်' တမလွန်ဘဝ၌မူ ၎င်း၏အဖို့ မည်သည့်ဝေစုဝေပုံမျှပင် ရှိလိမ့်မည်မဟုတ်ပေ။ (အဘယ်ကြောင့်ဆိုသော် 'အာခိရေသ်'တမလွန်၌ ကုသိုလ်အကျိုးစဝါးဖ် ရရှိရန်အတွက်မူ စည်းကမ်းချက်မှာ အီမာန်ရှိခြင်းအပေါ် ဖြစ်ပေရာ ထိုစည်းကမ်းချက်မှာ ၎င်းတို့အတွင်း၌ ဝယ် မရှိပေ။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

اَللّٰهُ لَطِيۡفٌ بِعِبَادِهٖ

(အလ္လာဟ်အသျှင်မြတ်သည် မိမိကျွန်တို့၏ အလွန်နက်နဲသိမ်မွေ့သော အရေးကိစ္စတို့ကိုပင် ကောင်းစွာ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။) *[၄၂ း ၁၉]*

لَطِيۡفٌ 'လသွီးဖ်'ဟူသော စကားလုံးသည် အဘိဓါန်ကို ထောက်ရှု၍ အနက်အဓိပ္ပာယ်အချို့အတွက် အသုံးပြုပေသည်။ ဤနေရာ၌ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးသည် **حَفِيٌّ** 'ဟဖိယ္ယုံး' (ကရုဏာ ထားတော်မူသော အသျှင်) ဟူ၍ ဆိုကာ ဟဇရသ်အိက်ရိမဟ် (ရဟ) သခင်ကြီးသည် **بَارٌّ** 'ဗားရ်ရုံး' (ကျေးဇူးတရားထား တော်မူသော အသျှင်) ဟူ၍ ဆိုထားပေသည်။

ဟဇရသ်မကာသိလ် (ရဟ) သခင်ကြီးက မိန့်တော်မူသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အားလုံးသော ကျေးကျွန်အပေါင်းတို့အပေါ်ဝယ် ကရုဏာတရားကို ထားတော်မူပေသည်။ 'ကာဖိရ်များနှင့် သူယုတ်မာများအပေါ်၌မှာပင် ဤကမ္ဘာလောကတွင် စည်းစိမ်တော်များ၏ မိုးကို ရွာသွန်းဖြိုးစေထားသည့်' အတိုင်းအတာထိတိုင်အောင်ပင် ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်၏ အမျိုးမျိုးအမည်မည် ရက်ရောစွာ ချီးမြှင့်ပေးသနားတော်မူခြင်းများသည် မိမိ၏ ကျေးကျွန်များအပေါ် မရေမတွက်နိုင်လောက်အောင် ရှိနေပေသည်။ ထို့ကြောင့် သဖ်စီးရ်ပညာရပ်၏ အေမာမ်တစ်ပါးဖြစ်သော ကုရ်သုဗီ (ရဟ) သခင်ကြီးသည် **لطيف** 'လသွီးဖ်'ဟူသော စကားလုံး၏ အဓိပ္ပာယ်ကို များစွာ တင်ပြထားပေသည်။ ထိုအဓိပ္ပာယ်များ အားလုံး၏ အချုပ်ရလဒ်သဘောတရားမှာလည်း 'ကရုဏာတော်ရှင်'နှင့် 'ကျေးဇူးတရား ပြုတော်မူသော အသျှင်'သာ ဖြစ်ပေသည်။

အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ပေးသနားထားတော်မူသော ရိဇ်ကိုကွာသည်မူ အဖန်ဆင်းခံများအားလုံး တို့အဖို့ ကျယ်ဝန်းလှပေသည်။ မည်သူတစ်ဦးတစ်ယောက်မျှ မသိရှိသော ကုန်းမြေနှင့် မြစ်ပင်လယ်၌ ရှိသော တိရစ္ဆာန်များအဖို့ ၎င်းတို့ထိတိုင် စားနပ်ရိက္ခာကို ရောက်ရှိအောင် ပို့ဆောင်ပေးတော်မူပေသည်။

ဤ အာယသ်တော်အတွင်း၌ ပါရှိသော 'မိမိအလိုရှိတော်မူသော သူအား စားနပ်ရိက္ခာကို ပေးသနားတော်မူ၏' ဟူသော မိန့်မြွက်ချက်၏ သာပို ရှင်းလင်းလှစွာသော အချက်ကို သဖ်စီးရ်ရေမဇ္ဇဟရီး ကျမ်းရှင်က 'အလ္လာဟ် အသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူသော စားနပ်ရိက္ခာ၏ အမျိုးအစားများသည် မရေမတွက်နိုင်လောက် အောင် များပြားပေရာ လိုအပ်သည့် အတိုင်းအတာခန့် ဝမ်းစာရှာဖွေခြင်းသည် အားလုံးသော သူတို့အဖို့ အများဆိုင်ပုံစံမျိုး ဖြစ်၍ တစ်ဖန် သီးသန့်အမျိုးအစား၊ စားနပ်ရိက္ခာများကို ခွဲဝေပေးရာ၌ မိမိ၏ ရင့်ကျက် လှစွာသော အမြော်အမြင်တော်ဖြင့် အဆင့်နှင့် တိုင်းထွာချက်အမျိုးမျိုးကို ထားရှိထားပေသည်။ အချို့သော သူများကို ဥစ္စာပစ္စည်းနှင့် စည်းစိမ်ရတနာကို များစွာ ချီးမြှင့်ပေးသနားတော်မူ၍ အချို့သောသူများကို ကိုယ်ခန္ဓာ ကျန်းမာရေးနှင့် အင်အားကို ချီးမြှင့်ပေးသနားတော်မူထားပေသည်။ တစ်ဖန် အချို့သောသူများကို 'အိလ်မ်' (အသိပညာ) နှင့် 'မအ်ရေဖသ်' (အလ္လာဟ်အသျှင်မြတ်အား အတွင်းသဘောအရ သိရှိခြင်း) ၏ ပညာကို ချီးမြှင့်ပေးသနားတော်မူထား၍ အခြားသော သူများကို အချို့အခြားသော စည်းစိမ်တော်များကို ချီးမြှင့်ပေးသနားထားတော်မူပေသည်။ ဤသို့ဖြင့် လူတိုင်းသည် အခြားသောသူများအား လိုအပ်လျက် ရှိကြပေသည်။ ဤလိုအပ်ချက်သည်သာလျှင် ၎င်းတို့ကို မိမိတို့ အချင်းချင်းကြား ကူညီရိုင်းပင်းစေလေသည်။ အကြင်အချက်သည်ပင် လူသားအချင်းချင်း ပူးပေါင်းညီညွတ်စွာ နေထိုင်ခြင်း၏ အခြေခံအုတ်မြစ်မဏ္ဍိုင် ဖြစ်ပေသည်' ဟူသော အချက်ကို ရွေးချယ်ထားပေသည်။

ဟဇရသ်ဂျအ်ဖရ် ဗင်န် မိုဟမ္မဒ် (ရဟ) သခင်ကြီးက ဤသို့ အဓိပ္ပါယ်ရှိထားပေသည်။ စားနပ်ရိက္ခာနှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်နှင့် သနားကြင်နာမှု ကျေးဇူးတရားတော်မှာ ကျေးကျွန် များအပေါ် ပုံစံနှစ်ရပ် ရှိပေသည်။

ပထမတစ်ရပ်မှာ အသက်ဇီဝိန်ရှိသော အရာတိုင်းကို ၎င်းနှင့် ကိုက်ညီသော အစားအစာနှင့် လိုအပ် ချက်များကို ချီးမြှင့်ပေးသနားထားတော်မူပေမည်။

ဒုတိယအချက်မှာ ထိုအသျှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ သက်တမ်းတစ်လျှောက် လုံး၏ စားနပ်ရိက္ခာကို တစ်ချိန်တည်း၊ တစ်လုံးတစ်ဝတည်း မချီးမြှင့်ပေးထားပေ။ သို့တည်းမဟုတ်က (အကယ်၍ သက်တမ်းတစ်လျှောက်လုံး၏ စားနပ်ရိက္ခာကို တစ်ပြိုင်နက်တည်း၊ တစ်ချိန်တည်းအတွင်း၌ ချီးမြှင့်ပေးထားလိုက်မည် ဆိုပါက) ကနဦးအချက်မှာ ထိုစားနပ်ရိက္ခာအား ထိန်းသိမ်းစောင့်ရှောက်ရန် ခက်ခဲသွားမည် ဖြစ်ပေသည်။ အဘယ်မျှခန့် ထိန်းသိမ်း စောင့်ရှောက်ထားနေလင့်ကစား ပုပ်သိုး၊ ပျက်စီး ခြင်းမှ ရှောင်ရှားနိုင်မည် မဟုတ်ပေ။ *[မဇ္ဇဟရီး၊ ကုရ်သုဗီး။]*

အစွမ်းထက်သော ကျင့်စဉ်တစ်ရပ်

မောင်လာနာ ရှားဟ်အစ်ဒွလ်ဂနီးဖူလ်ပူရီ (ရဟ) သခင်ကြီးက ''ဟဇရသ် ဟာဂျီအင်မ်ဒါဒွလ္လားဟ် (ရဟ) သခင်ကြီးထံမှ 'အကြင်သူသည် နံနက်အချိန်အခါ၌ အကြိမ် (၇၀) စွဲမြဲစွာဖြင့် ဤအာယသ်တော်ကို

ရွတ်ဖတ်မည်ဆိုပါက ၎င်းသည် စားနပ်ရိက္ခာ၏ ကြပ်တည်းကျဉ်းမြောင်းခြင်းမှ ကင်းလွတ်မည်ဖြစ်ကြောင်း' ဟူသော ဆင့်ပြန်ချက် လာရှိထားပေသည်'' ဟူ၍ အမိန့်ရှိထားခဲ့၏။ ထို့နောက် ဆက်လက်၍ ဟဇရတ် မောင်လာနာ ရှားဟ် အဗ်ဒွလ်ဂနီးဖူလ်ပူရီး (ရဟ) သခင်ကြီးက 'အလွန် အစွမ်းထက်သော ကျင့်စဉ်ဖြစ်သည်' ဟူ၍ အမိန့်ရှိထားပေသည်။ အာယသ်တော်မှာ အထက်၌ ဖော်ပြခဲ့သော အာယသ်တော်ပင် ဖြစ်ပေသည်။ ၎င်းမှာ-

اَللّٰهُ لَطِيْفٌ بِعِبَادِهٖ يَرْزُقُ مَنْ يَّشَاءُ وَهُوَ الْقَوِيُّ الْعَزِيْزُ ဟူ၍ ဖြစ်၏။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

أَمْ لَهُمْ شُرَكٰٓؤُا شَرَعُوْا لَهُمْ مِّنَ الدِّيْنِ
مَا لَمْ يَأْذَنْۢ بِهِ اللّٰهُ ۗ وَلَوْلَا كَلِمَةُ الْفَصْلِ لَقُضِيَ بَيْنَهُمْ ۗ
وَاِنَّ الظّٰلِمِيْنَ لَهُمْ عَذَابٌ اَلِيْمٌ ﴿٢١﴾

၄၂ : ၂၁ ။ ။ ၎င်းတို့၌ အလ္လာဟ်အသျှင်မြတ်က ခွင့်ပြုတော်မူခြင်းမရှိသော ဒီးန်သာသနာမျိုးကို ၎င်းတို့အဖို့ သတ်မှတ်ပြဋ္ဌာန်း၍ ပေးခဲ့ကြသော (အလ္လာဟ်အသျှင်မြတ်နှင့်) တွဲဖက် (ကိုးကွယ်ရာ) များ ရှိကြလေသလော။ အမှန်စင်စစ် စီရင်ဆုံးဖြတ်ရန် အမိန့်တော်တစ်ရပ်သည် (ရှေးဦးမဆွကပင်) မရှိခဲ့ပါလျှင် ၎င်းတို့အကြား၌ စီရင်ဆုံးဖြတ်ပြီး ဖြစ်မည်သာဖြစ်၏။ သို့တစေလည်း မတရားသော သူတို့၌မူ ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် ဧကန်မလွဲ ရှိချေသည်။

تَرَى الظّٰلِمِيْنَ
مُشْفِقِيْنَ مِمَّا كَسَبُوْا وَهُوَ وَاقِعٌۢ بِهِمْ ۗ وَالَّذِيْنَ
اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ فِيْ رَوْضٰتِ الْجَنّٰتِ ۚ لَهُمْ مَّا
يَشَآءُوْنَ عِنْدَ رَبِّهِمْ ۗ ذٰلِكَ هُوَ الْفَضْلُ الْكَبِيْرُ ﴿٢٢﴾

၄၂ : ၂၂ ။ ။ (အို, နဗီတမန်တော်) အသင်သည် မတရားသော သူတို့အား မိမိတို့၏ ဆည်းပူးခဲ့ကြသည့် (မကောင်းမှုများ၏ ဆိုးကျိုးကို ခံကြရမည်ဖြစ်သော) ကြောင့် ထိတ်လန့်ကြောက်ရွံ့ စိုးရိမ်လျက် ရှိကြသည်ကို တွေ့ မြင်ရပေမည်။ စင်စစ် ယင်းဆည်းပူးချက်တို့၏ ဆိုးကျိုးမှာ ၎င်းတို့၌ ကျရောက်မည်သာ ဖြစ်ပေသည်။ ထို့ပြင် အီမာန်သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည် ခဲ့ကြကုန်သော သူတို့သည် 'ဂျန္နသ်' သုခဘုံများ၏ ဥယျာဉ်များ၌ ရှိကြပေမည်။ ၎င်းတို့အဖို့ ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်တွင် ၎င်းတို့ အလိုရှိသမျှသော အရာများသည် ရှိကုန်၏။ ဤသည် ကြီးကျယ်လှစွာသော ကျေးဇူးတော်ပင် ဖြစ်ပေသည်။

ذٰلِكَ الَّذِیْ یُبَشِّرُ اللّٰهُ عِبَادَهُ الَّذِیْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ ؕ
قُلْ لَّاۤ اَسْـَٔلُكُمْ عَلَیْهِ اَجْرًا اِلَّا الْمَوَدَّةَ فِی الْقُرْبٰی ؕ وَمَنْ یَّقْتَرِفْ
حَسَنَةً نَّزِدْ لَهٗ فِیْهَا حُسْنًا ؕ اِنَّ اللّٰهَ غَفُوْرٌ شَكُوْرٌ ﴿۲۳﴾

၄၂ : ၂၃ ။ ။ ဤသည်ပင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အကြင်ကျွန်တို့အား ပြောကြားတော်မူသော ဝမ်းမြောက်ဖွယ်ရာ သတင်း ဖြစ်ပေသည်။ ထိုကျွန်တို့သည် အီမာန်သက်ဝင် ယုံကြည်ခဲ့ကြသည့်ပြင် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မူဆောက်တည်ခဲ့ကြကုန်၏။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) ငါသည် အသင်တို့ထံမှ ဤ (တရားဓမ္မပို့ဆောင်မှု) နှင့်စပ်လျဉ်း၍ ဆွေမျိုးသားချင်းတော်စပ်မှုကြောင့် ချစ်မြတ်နိုးခြင်းမှအပ မည်သည့်အကျိုးကိုမျှ တောင်းဆိုသည် မဟုတ်ပေ။ စင်စစ် မည်သူမဆို ကောင်းမှုတစ်စုံတစ်ရာကို ရှာဖွေဆည်းပူးသည်ရှိသော် ငါအသျှင်မြတ်သည် ၎င်း၏အဖို့ ယင်းကောင်းမှု၌ ကောင်းမြတ်မှုကို တိုးပွားစေတော်မူမည်။ စင်စစ်ဧကန် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော အသျှင်၊ အလွန်တရာ ရက်ရောစွာ ကျေးဇူးတုံ့ပြန်တော်မူသော အသျှင် ဖြစ်တော်မူ၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(မှန်ကန်သော သာသနာကိုမူ အလ္လာဟ်အသျှင်မြတ်သည် အတည်ပြု ပြဋ္ဌာန်းပေးတော်မူလိုက်ပေပြီ။ သို့ရာတွင် ဤသူတို့သည် ယင်းသာသနာကို မနာခံလေရာ) ၎င်းတို့၌ အလ္လာဟ်အသျှင်မြတ်က ခွင့်ပြုတော်မူခြင်းမရှိသော ဒီးန်သာသနာမျိုးကို ၎င်းတို့အဖို့ (ရွေးချယ်) သတ်မှတ်ပြဋ္ဌာန်း၍ ပေးခဲ့ကြသော (အသျှင်မြတ်နှင့်) တွဲဖက် (ကိုးကွယ်ရာ) များ ရှိကြလေသလော။ (အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်နှင့် ဆန့်ကျင်၍ ထောက်ခံအတည်ပြုခြင်း ခံရသော သာသနာကို ဖန်တီးပေးနိုင်စွမ်းရှိသော မည်သည့်အရှင် တစ်ပါးပါးမျှ ရှိမည် မဟုတ်ပေ။) အမှန်စင်စစ် (အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ) စီရင်ဆုံးဖြတ်ရန် (အတည်ပြု ပြဋ္ဌာန်း) ထားသော အမိန့်တော်တစ်ရပ်သည် (ရှေးဦးမဆွကပင်) မရှိခဲ့ပါလျှင် (ဆိုလိုသည်မှာ ၎င်းတို့အပေါ်၌ မူရင်းပြစ်ဒဏ်သည် သေဆုံးပြီးနောက်မှသာ ကျရောက်လာပေလိမ့်မည်။) ၎င်းတို့အကြား၌ (ကမ္ဘာလောက၌မှာပင် လက်တွေ့ကျကျ) စီရင်ဆုံးဖြတ်ပြီး ဖြစ်မည်သာ ဖြစ်၏။ သို့တစေလည်း ('အာခိရသ်' နောင်တမလွန်၌) မတရားသောသူတို့၌မူ ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် ဧကန်မလွဲ ရှိချေသည်။

(အို၊ နဗီတမန်တော်) အသင်သည် (ထိုနေ့၌) မတရားသောသူတို့အား မိမိတို့၏ ဆည်းပူးခဲ့ကြ(သည့် မကောင်းမှုများ၏ ဆိုးကျိုးကို ခံကြရမည်ဖြစ်) သောကြောင့် (ထိုဆိုးကျိုးပြစ်ဒဏ်သည် မုချကျရောက်လာမည်ကို) ထိတ်လန့်ကြောက်ရွံ့ စိုးရိမ်လျက် ရှိကြသည်ကို တွေ့မြင်ရပေမည်။ စင်စစ် ယင်းဆည်းပူးချက်တို့၏ ဆိုးကျိုးမှာ ၎င်းတို့၌ ကျရောက်မည်သာ ဖြစ်ပေသည်။ (ဤသည်မှု ငြင်းဆိုသော

သူတို့၏ အခြေအနေဖြစ်ပေသည်။) ထို့ပြင် အီမာန်သက်ဝင် ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ခဲ့ကြကုန်သော သူတို့သည် 'ဂျန္နသ်'သုခဘုံများ၏ ဥယျာဉ်များ၌ (ဝင်ရောက်ကာ) ရှိနေကြပေမည်။ (သုခဘုံများဟူ၍ အများကိန်းကို အသုံးပြုထားခြင်းမှာ 'ဂျန္နသ်'သုခဘုံ၌ အဆင့်အမျိုးမျိုး ရှိပေသည်။ အထပ်အလွှာတိုင်းသည် သုခဘုံနန်းတစ်ခုချင်းစီ ဖြစ်၍ အလွှာအထပ်တိုင်း၌လည်း များစွာသော ဥယျာဉ်များ ရှိပေသည်။ မိမိတို့၏ အဆင့်အတန်းနှင့်အညီ အချို့သောသူတို့သည် အချို့အဆင့်များ၌ ရှိ၍ အချို့သည် အချို့အဆင့်များ၌ ရှိကြပေမည်။) ၎င်းတို့အဖို့ ၎င်းတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ထံတော်ပါး၌ ၎င်းတို့ အလိုရှိသော အရာများသည် ရှိကြကုန်၏။ ဤသည် ကြီးကျယ်လှစွာသော ကျေးဇူးတော်ပင် ဖြစ်ပေသည်။ (ကမ္ဘာလောက၌ တည်ရှိသော စည်းစိမ်အရာများကဲ့သို့ ပျက်သုဉ်းသွားမည့် စည်းစိမ်တော်များ မဟုတ်ပေ။)

ဤသည်ပင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အကြင်ကျွန်တို့အား ပြောကြားတော်မူသော ဝမ်းမြောက်ဖွယ်ရာ သတင်းဖြစ်ပေသည်။ ထိုကျွန်တို့သည် အီမာန်သက်ဝင် ယုံကြည်ခဲ့ကြသည့်အပြင် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူ ဆောက်တည်ခဲ့ကြကုန်၏။ (သို့တစေ ကာဖိရ်တို့သည် အကြောင်းအရာကို အပြည့်အဝ နားမထောင်မီအလျင်ပင် ငြင်းဆိုသော မလေ့စရိုက်ကို စွဲနေသောသူများ ဖြစ်ပေသည်။ ထို့ကြောင့် ဤအကြောင်းအရာကို အဆုံးမသတ်မီအလျင် ကြားဖြတ်ဝါကျတစ်ခုအတွင်း၌ ကာဖိရ်များကို စိတ်နှလုံးသားများ နူးညံ့သိမ်မွေ့သွားစေရန် အကြောင်းအရာတစ်ရပ်ကို တင်ပြရန် အမိန့်ပေးတော်မူလိုက်ပေသည်။ အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) ငါသည် အသင်တို့ထံမှ ဤ (တရားတော်) ပို့ဆောင်မှုနှင့် စပ်လျဉ်း၍ ဆွေမျိုးသားချင်းတော်စပ်မှုကြောင့် ချစ်မြတ်နိုးခြင်းမှအပ မည်သည့်အကျိုးကိုမျှ တောင်းဆိုမည်မဟုတ်ပေ။ (အသင်တို့နှင့် ဆွေမျိုးသားချင်း တော်စပ်ခြင်း၏ ဝတ္တရားကိုသာ ရှေးရှု အာရုံစိုက် လိုလားခြင်း ဖြစ်ပေသည်။ 'ကျွန်ုပ်အား အလျင်စလို ရန်ငြိုးရန်စွယ်ထားခြင်း' သည် ဆွေမျိုးသားချင်းတော်စပ်ခြင်း၏ ဝတ္တရားကို ကျေပွန်စေခြင်းမဟုတ်ပေ။ သို့သာမက ကျွန်ုပ်၏ ပြည့်ဝသော တင်ပြချက်ကို နားထောင်၍ ထိုအချက်ကို ဦးနှောက်အသိဉာဏ်နှင့် မှန်ကန်သော အထောက်အထားတို့၏ မှတ်ကျောက်ဖြင့် စမ်းစစ်ချိန်တွယ်ကြကုန်။ အကယ်၍ အဓိပ္ပာယ်ရှိ၍ သဘာဝကျပါမူ လက်ခံရန်ဖြစ်ပြီး တစ်စုံတစ်ရာ သံသယရှိမူ ရှင်းလင်းအောင် ပြုလိုက်ပါ။ အကယ်၍ (မဖြစ်တန်ကောင်းရာ) မှားယွင်းနေမည်ဆိုပါက ကျွန်ုပ်အား ရှင်းပြပါ။ အချုပ်ဆိုရသော် မည်သည့်အချက်ကိုပင် တုန့်ပြန်ချင်သည်ဆိုသော် ကောင်းရာကောင်းကျိုးကို မျှော်ကိုး၍ ပြုကုန်။ ချက်ချင်းဒေါသမီး တဟုန်းဟုန်း တောက်လောင်နေသည့် အသွင်မျိုးကို မပြုလေနှင့်။) စင်စစ် (ရှေ့၌ မုအ်မင်န်တို့အဖို့ သတင်းကောင်းပေးခြင်းကို အဆုံးသတ်ပေးလိုက်ခြင်း၏ ကဏ္ဍရပ်ဖြစ်ပေသည်။) မည်သူမဆို ကောင်းမှုတစ်စုံတစ်ရာကို ရှာဖွေဆည်းပူးသည်ရှိသော် ငါအသျှင်မြတ်သည် ၎င်းအဖို့ ယင်းကောင်းမှု၌ ကောင်းမြတ်မှုကို တိုးပွားစေတော်မူမည်။ (ထိုကောင်းမှု၏ ပင်ကိုယ်အဆင့်မှ ရရှိထိုက်သော အကျိုးစဝါးဗ်ထက်ပင် သာပို၍ ချီးမြှင့်ပေးသနားတော်မူပေမည်။) ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် (အမိန့်နာခံသော သူတို့

၏ အပြစ်ဒုစရိုက်တို့အား) အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးတော်မူသော အရှင်၊ (၎င်းတို့ ပြုကျင့်သော ကုသိုလ်ဆောင်ရွက်ချက်များအား) အလွန်တရာ ရက်ရောစွာ (အကျိုးကုသိုလ်များ ချီးမြှင့်၍) ကျေးဇူးတုန့်ပြန်တော်မူသော အရှင်မြတ် ဖြစ်တော်မူ၏။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

قُل لَّآ أَسْـَٔلُكُمْ عَلَيْهِ أَجْرًا إِلَّا ٱلْمَوَدَّةَ فِى ٱلْقُرْبَىٰ

ငါသည် အသင်တို့ထံမှ ဤသည်နှင့် စပ်လျဉ်း၍ ဆွေမျိုးသားချင်းတော်စပ်မှုကြောင့် ချစ်မြတ်နိုးခြင်းမှအပ မည်သည့်အကျိုးကိုမျှ တောင်းဆိုမည်မဟုတ်ပေ။ [၄၂ : ၂၃]

ဤအာယသ်တော်နှင့် စပ်လျဉ်းသော အကျယ်ဖွင့်ဆိုချက်ကို တင်ပြပါ စကားပြေအကျဉ်းချုပ်အတွင်း၌ တင်ပြထားပြီးဖြစ်ပေသည်။ ဤအဆိုသည်သာလျှင် နှောင်းပိုင်းခေတ် အကျယ်ဖွင့်ဆိုသော ပညာရှင်ကြီးများထံ၌ ကောက်နုတ်ရွေးချယ်ခြင်းခံထားရသော အဆိုပင် ဖြစ်ပေသည်။ အာယသ်တော်၏ အနှစ်ချုပ်သဘောတရားမှာ ဤသို့ပင် ဖြစ်သည်။ 'အသင်တို့အားလုံးအပေါ် ကျွန်ုပ်၏ အဓိကတာဝန်ဝတ္တရားမှာ ဤသို့တည်း။ ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်၏ ဘက်တော်မှ စေလွှတ်တော်မူခြင်းခံရသော ရစူလ်တမန်တော်တစ်ပါး ဖြစ်သည်။ အသင်တို့သည် ထိုအချက်အား လက်ခံ ခံဝန်မှုကို ပြုကြကုန်။ မိမိတို့ကိုယ်ကို မိမိ ပြုပြင်ခြင်းနှင့် အောင်မြင်မှုရရှိရန်အတွက် ကျွန်ုပ်၏ အမိန့်အား နာခံကြကုန်။ သို့ရာတွင် ကျွန်ုပ် နဗီဖြစ်ခြင်းနှင့် ရစူလ်ဖြစ်ခြင်းကို အသင်တို့သည် လက်မခံကြလျှင်မူ လက်မခံဘဲ ရှိကြကုန်။ သို့ရာတွင် ကျွန်ုပ်နှင့် အသင်တို့ကြားဝယ် ထားရှိသော လူ့ကျင့်ဝတ်နှင့် ဆွေမျိုးသားချင်းတော်စပ်ခြင်း၏ ဆက်နွှယ်မှုနှင့် စပ်လျဉ်းသော ဝတ္တရားအချက်တစ်ရပ်ကိုမူ အသင်တို့ ငြင်းဆို၍ မရရှိနိုင်ပေ။ အကြောင်းမှာ အသင်တို့၏ များစွာသော မျိုးနွယ်အုပ်စုများအတွင်းဝယ် ကျွန်ုပ်နှင့် နီးစပ်သော ဆွေမျိုးသားချင်းများ ရှိကြပေသည်။ ဆွေမျိုးသားချင်း တော်စပ်ခြင်း၏ ဝတ္တရားများနှင့် လိုအပ်ချက်များကို အသင်တို့သည် ငြင်းဆို၍ မရရှိပေ။

သို့ရှိရာ ကျွန်ုပ်သည် အသင်တို့ထံမှ 'သင်ကြား၊ ပို့ချရေးနှင့် အခြေအနေနှင့် အပြုအမူများ ပြုပြင်ဆောင်ရွက်ပေးရေးတို့အား ပြုပြင်မှု ပြုလုပ်ပေးခြင်း၏ အကျိုးအခ တစ်စုံတစ်ရာကို အသင်တို့ထံမှ မတောင်းဆိုပေ။ 'ဆွေမျိုးသားချင်းတော်စပ်ခြင်း၏ ဝတ္တရားများကို ကျေပွန်ရန် အချက်ကိုသာ ထောက်ထား တင်ပြခဲ့ခြင်း ဖြစ်ပေသည်။ ကျွန်ုပ်တင်ပြသည့် အချက်များကို လက်ခံခြင်း၊ မခံခြင်းသည် အသင်တို့၏ ရွေးချယ်ပိုင်ဆိုင်မှု အတွင်း၌ ရှိပေသည်။ သို့ရာတွင် အနိမ့်ဆုံးအဆင့်အနေဖြင့် ဆွေမျိုးသားချင်းတော်စပ်ခြင်း၏ ပတ်သက်ဆက်နွှယ်မှုသည် ရန်ငြိုးရန်စွယ်ပွားများခြင်း အချက်အား အဟန့်အတားဖြစ်သင့်ပေသည်။

'ဆွေမျိုးသားချင်းရေးရာဆိုင်ရာ ဝတ္တရားများအား ထောက်ထားမှုပြုခြင်းသည် ၎င်းတို့ကိုယ်တိုင် လိုက်နာဆောက်တည်ရမည်ဖြစ်သော 'ဖွရဇ်'တာဝန် ဖြစ်ကြောင်း' အချက်မှာ ထင်ရှားလှပေသည်။ ထိုသို့

ထောက်ထားမှုပြုခြင်းကို သင်ကြားပို့ချရေးဆိုင်ရာ အလုပ်အကျွေးပြုခြင်းတစ်ရပ်ရပ်၏ အကျိုး၊ အဖိုးအခ အစား ဟူ၍ မပြောဆိုနိုင်ပေ။ တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ ထိုအချက်ကို 'အစ်သစ်နာ' (မှတစ်ပါး လွဲ၍) ဟူသည့် အသုံးအနှုန်းကို သုံးနှုန်းတင်ပြထားခြင်းသည် 'အာရဗီစာပေဘာသာစကား၏ အသုံးအနှုန်းဝေါဟာရ၌ 'အစ်သစ်နာမွန်ကသွေ့အ်' (ရှေ့နောက်နှင့် ပတ်သက်မှုမရှိသော ချွင်းချက်ပြပုဒ်) ဖြစ်ပေသည်။ အကြင်ချွင်းချက်ပြပုဒ်ပါသော ဝါကျအတွင်း၌ ယင်းပုဒ်၏ နောက်မှ လာသော ဝါကျသည် ရှေ့ဝါကျစု၏ အစိတ်အပိုင်း၊ ကဏ္ဍာရပ်မဟုတ်ပေ'ဟူ၍လည်း ဖြစ်နိုင်သကဲ့သို့ 'သွယ်ဝိုက်ကွေ့ကြော်သည့် အသွင်မျိုးဖြင့် အကျိုးအခဟူ၍ ဆိုခြင်းမျိုး'လည်း ဖြစ်နိုင်ပေသည်။ တင်ပြချက်၏ အချုပ်သဘော ရလဒ်မှာ ဤသို့ ဖြစ်သည်။ ကျွန်ုပ်သည် အသင်တို့ထံမှ ဤမျှခန့် အချက်ကိုသာလျှင် လိုလားနေပေသည်။ အကြင်အချက်သည် အမှန်တကယ် အကျိုးအခ မဟုတ်နေလင့်ကစား အကျိုးအစားအခဟူ၍ မှတ်ယူထားလျှင်မူ ဤသည် အသင်တို့၏ အမှားပင်ဖြစ်ပေသည်။ ယင်းအချက်၏ ပုံပမာခိုင်းနှိုင်းချက်များကို အာရဗ်နိုင်ငံနှင့် အခြားသော နိုင်ငံများ၏ စာပေဘာသာစကားများ၌ တွေ့မြင်နိုင်ပေသည်။ 'မုသနဗ်ဗီ'ဟူသော ကဗျာဆရာတစ်ဦးသည် မိမိမျိုးနွယ်အုပ်စု၏ ရဲစွမ်းသတ္တိကို ပြဆိုရန်အတွက် 'ငင်းတို့အတွင်းဝယ် မိမိတို့၏ ဓါးများ၌ စစ်ပွဲနှင့် ခုတ်ဖြတ်မှု များပြားသောကြောင့် ဓါးသွားများ လိပ်လျက်ရှိနေခြင်းများမှအပ အခြားမည်သည့်ပြစ်ချက် တစ်စုံတစ်ရာမျှ မရှိကြောင်း'ဟူသော အချက်ကို ရေးသားစပ်ဆိုထားပေသည်။ 'ရဲစွမ်းသတ္တိရှိကြောင်းကို ပြဆိုရန်အတွက် ဤသည့်အချက်သည် ပြစ်ချက်မဟုတ်ဘဲ အတတ်ပညာသည်သာလျှင် ဖြစ်ကြောင်း'မှာ ထင်ရှားလှပေသည်။ ၎င်း၏ အာရဗီကဗျာမှာ ဤသို့ပင် ဖြစ်သည်။

ولا عيب فيهم غير ان سيوفهم   بهن فلول من قراع الكتائب

အူရ်ဒူကဗျာဆရာတစ်ဦးသည် အထက်တင်ပြပါအာရဗီကဗျာ၏ စာစဉ်အကြောင်းအရာကို ဤသို့ ရေးသားတင်ပြထားပေသည်။

'ကျွန်ုပ်၏ ကြီးမားသော ချွင်းချက်တစ်ရပ်မှာ ကတိတည်ကြည်ခြင်းပင် ဖြစ်ပေသည်။' ၎င်းသည် ကတိတည်ကြည်ခြင်းကို 'ချွင်းချက်'ဟူသော စကားလုံးဖြင့် သုံးနှုန်းကာ မိမိအပြစ်ကင်းကြောင်းကို အလွန်မြင့်မားစွာဖြင့် ဖော်ထုတ်ပြသလိုက်ပေသည်။

အချုပ်သဘောအရ တင်ပြရမည်ဆိုသော် 'ဆွေဝတ်မျိုးဝတ်ကို ထောက်ရှုခြင်းသည် အမှန်တကယ်၌ အကျိုးအခ တစ်စုံတစ်ရာရယူခြင်းမဟုတ်ဘဲ ကျွန်ုပ်သည် အသင်တို့ထံမှ ဆွေဝတ်မျိုးဝတ်မှအပ အခြားမည်သည့် အရာတစ်စုံတစ်ရာကိုမျှ မလိုလားပေ'ဟူ၍ ဖြစ်သည်။

တင်ပြလျက်ရှိနေသော အာယသ်တော်၏ ဤအထက်ဖော်ပြပါ အကျယ်ဖွင့်ဆိုချက်အတိုင်းပင် ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းအတွင်း၌ ဟဇရသ်အိဗ်နေအဗ္ဗာ့စ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ အကျယ်ဖွင့်ဆိုသော ပညာရပ်၏ အေမာမ်ကြီးများ၌ မူဂျာဟီဒ် (ရဟ)၊ ကသာဒါး (ရဟ) နှင့် အလွန်များပြားလှစွာသော အေမာမ်ကြီးများသည် ဤအထက်ဖော်ပြပါ အကျယ်ဖွင့်ဆိုချက်ကိုပင် ရွေးချယ်

ခဲ့လေသည်။ နဗီတမန်တော်တိုင်း မိမိတို့၏ သက်ဆိုင်ရာ ခေတ်ကာလတိုင်းတွင် ကြွေးကြော် တင်ပြခဲ့သည်များမှာလည်း ဤအထက်တင်ပြပါအတိုင်းပင် ဖြစ်ပေသည်။ 'ကျွန်ုပ်သည် အသင်တို့အဖို့ ကောင်းရာကောင်းကျိုးကို မျှော်တွေးကာ စွမ်းစွမ်းတမံ ဆောင်ရွက်သမှု ပြုနေခြင်းတို့ကြောင့် အသင်တို့ထံမှ အကျိုးအခ တစ်စုံတစ်ရာကိုမျှ တောင်းခံနေသည်မဟုတ်။ ကျွန်ုပ်တို့အဖို့ အကျိုးအခကို အလ္လာဟ်အသျှင်မြတ်သည်ပင် ချီးမြှင့်တော်မူပေမည်' ဟူ၍ မိမိတို့၏ သက်ဆိုင်ရာ မျိုးနွယ်အုပ်စုတို့အား ရှင်းလင်းစွာ ထုတ်ဖော်မြွက်ကြားခဲ့ကြပေသည်။ တမန်တော်မြတ် ﷺ သည် ထိုနဗီတမန်တော်များအတွင်း ဂုဏ်ရှိန်ဂုဏ်ဝါ အမြင့်မား၊ အမွန်မြတ်ဆုံးသော နဗီတမန်တော်တစ်ပါး ဖြစ်ပေရာ ထိုနဗီသည် မိမိ၏ မျိုးနွယ်အုပ်စုထံမှ အဘယ်ကဲ့သို့ တစ်စုံတစ်ရာကို တောင်းခံနိုင်အံ့နည်း။

ဟဒီးစ်ပညာရပ်၏ အေမာမ်တစ်ပါးဖြစ်သော စအီးဒ်ဗင်န်မန်စူးရ် (ရဟ)၊ အိဗ်နေစအဒ် (ရဟ)၊ အဗ်ဒ်ဗင်န်ဟိုမိုက်ဒ် (ရဟ)၊ ဟာကင် (ရဟ) နှင့် ဗိုင်ဟကီ (ရဟ) သခင်ကြီးတို့သည် အေမာမ်ရှအ်ဗီး (ရဟ) သခင်ကြီးထံမှ ဤအောက်ဖော်ပြပါ ဖြစ်အင်ကို ဆင့်ပြန်ထားခဲ့ပေသည်။ အေမာမ်ဟာကင်မ် (ရဟ) သခင်ကြီးသည် ထိုဖြစ်အင်၏ ကွင်းဆက်ဆင့်ပြန်မှု အချိတ်အဆက်ကို ခိုင်လုံမှန်ကန်ကြောင်းကို အမိန့်ရှိထားပေသည်။ ဖြစ်အင်မှာ ဤသို့ပင် ဖြစ်သည်။ အေမာမ်ရှအ်ဗီးသခင်ကြီးက အမိန့်ရှိသည်မှာ 'လူတို့သည် ကျွန်ုပ်အား ဤအာယသ်တော်၏ မှန်ကန်သော အကျယ်ဖွင့်ဆိုချက်နှင့် စပ်လျဉ်း၍ မေးမြန်းလာကြသောအခါဝယ် 'ကျွန်ုပ်သည် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးအား စာလွှာရေးသား၍ ထိုအာယသ်တော်၏ မှန်ကန်သော အကျယ်ဖွင့်ဆိုချက်ကို မေးမြန်းလျှောက်ထားရာ ၄င်းက အောက်ဖော်ပြပါအတိုင်း ဖြေကြားရေးသား ပေးပို့ခဲ့ပေသည်။

ان رسول الله ﷺ وكان وسط النسبّ فى قر يش ليس بطن من بطونهم
الا وقد ولدوه فقال الله تعالىٰ قل لااسئلكم اجراعلى ما ادعوكم عليه
الا المودة فى القربى تودونى لقرابتى منكم و تخفظونى بها

(တမန်တော်မြတ် ﷺ သည် ကုရိုက်ရှ်မျိုးနွယ်အုပ်စု၏ ဤကဲ့သို့သော ဆွေမျိုးသားချင်းတို့ဖြင့် ပတ်သက်ဆက်နွယ်နေပေသည်။ ထိုသားချင်းဆွေမျိုးတို့၏ အောက်ဖက်အဆက်နွယ်တိုင်းသည် တမန်တော်မြတ် ﷺ မွေးမြူပွင့်ပေါ်လာခြင်းနှင့် ဆက်နွယ်နေပေသည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် ဤသို့မိန့်တော်မူထားပေသည်။ 'အို၊ နဗီတမန်တော်၊ အသင်သည် ၄င်းတို့အား ဤသို့ ပြောကြားပါလေ။ အချင်းတို့၊ ငါသည် အသင်တို့ထံမှ ဤတရားတော် ပို့ဆောင်မှုနှင့် စပ်လျဉ်း၍ ဆွေမျိုးသားချင်းတော်စပ်မှုကြောင့် ချစ်မြတ်နိုးခြင်းမှအပ မည်သည့်အကျိုးကိုမျှ တောင်းဆိုသည်မဟုတ်ပေ။' ဆွေမျိုးသားချင်း တော်စပ်သည်ကို ထောက်ရှု၍ ဘေးဥပါဒ်တစ်စုံတစ်ရာမျှ မပေးဘဲ မိမိတို့၏ ကြားဝယ် နေထိုင်ခွင့်ပြုကြကုန်။ ထို့နောက် ကျွန်ုပ်အား ထိန်းသိမ်းစောင့်ရှောက်မှုကို ပြုပေးကုန်။) *[ရှုးဟ်]*

အိမ်နေဂျရီးရ် (ရဟ) အစရှိသော သူတို့ထံမှ ဤစကားလုံးများကိုလည်း ဆင့်ပြန်တင်ပြထားပေသည်။

يأقوم اذا ابيتم ان تتابعو نى فاحفظوا قرابتى منكم لاتكون غيركم من العرب اولى بحفظى ونصرتى منكم

(အို၊ ကျွန်ုပ်၏ အမျိုးသားအပေါင်းတို့၊ အကယ်၍ အသင်တို့သည် ကျွန်ုပ်၏ လမ်းစဉ်တရားကို လိုက်နာခြင်းမှ ငြင်းဆိုသမှု ပြုပါကလည်း အသင်တို့နှင့် ကျွန်ုပ်တို့၏ ကြားဝယ် ထားရှိသော သားချင်းတော်စပ်ခြင်း၏ အချက်ကို ဆက်လက် ထိန်းသိမ်းကြကုန်။ (ကျွန်ုပ်နှင့် ဆွေမျိုးသားချင်း မတော်စပ်သော အာရဗ်နိုင်ငံရှိသူတို့သည်) ကျွန်ုပ်အား ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ကူညီမှုပြုပေးရာ၌ အသင်တို့ထက် သာပိုသွားမည့် အချက်သည် မဖြစ်တန်ကောင်းရာ။) *[ရှုဟ်]*

ဟဇရတ်အိမ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှ အားပျော့သော ဆင့်ကဲ ဆင့်ပြန်မှုတစ်ရပ်နှင့်အတူ ဆင့်ပြန်ချက်တစ်ရပ်ကို ဆင့်ပြန်ထားပေသည်။ ဤအထက်ဖော်ပြပါ အာယသ်တော် ကျရောက်လာသောခါ လူအချို့သည် တမန်တော်မြတ် ﷺ အား 'ကိုယ်တော်မြတ် ﷺ ၏ (အိမ်သူ၊ အိမ်သား) ဆွေမျိုးသားချင်းများအတွင်း၌ မည်သူများ ပါဝင်ပေသနည်း'ဟူ၍ လျှောက်ထားရာ ကိုယ်တော်မြတ် ﷺ က 'ဟဇရတ်အလီ ﷺ ၊ ဟဇရတ်ဖာသွေမာဟ် ﷺ သခင်မနှင့် ၎င်းတို့၏ သားသမီးများ' ဖြစ်ကြောင်းကို ပြန်လည်၍ မိန့်မြွက် တော်မူလိုက်ပေသည်။ ထိုဆင့်ပြန်ချက်၏ ကွင်းဆက်ဆင့်ပြန်ချက်နှင့် စပ်လျဉ်း၍ ဒုရ်ရေမန်စူးရ် ကျမ်း၌ စိုယူသွီး (ရဟ) သခင်၊ ၎င်းနောက် သန်ရီဂျေအဟာဒီးစေကရ်ရှားဖ်ကျမ်း၌ ဟာဖိဇ်အိမ်နေဟဂျရ် (ရဟ) သခင်ကြီးသည် 'ထောက်ခံအတည်ပြုခြင်း မခံထားရသော အားပျော့သည် ဟဒီးစ်'ဟူ၍ မိန့်ဆိုထားကြပေသည်။ အကြောင်းမှာ အထက်ပါ ဟဒီးစ်တော်တင်ပြချက်၏ အချုပ်သဘောတရားမှာ 'ကျွန်ုပ်သည် မိမိပြုကျင့်ပေးထားသော သာသနာရေးဆိုင်ရာ အလုပ်အကျွေးပြုစုခြင်း၏ အကျိုးအခအဖြစ် မိမိ၏ သားစဉ်မြေးဆက်တို့ကိုသာလျှင် ထောက်ထားစာနာမှုပြုရန်' အတိုင်းအတာကိုသာ တောင်းခံမည် ဖြစ်ပေသည်။ အကြင်အချက်သည် အခြားသော နဗီများ၊ အထူးသဖြင့် နဗီမန်တော်များ၏ ခေါင်းဆောင်ဖြစ်သော တမန်တော်မြတ် ﷺ ၏ ဂုဏ်ရှိန်ဂုဏ်ဝါတော်နှင့် ကိုက်ညီမှုမရှိပေ။ ထို့ကြောင့် နောင်းပိုင်းခေတ် အာလင်မ်ပညာရှင်ကြီးများ အများစု၏ ရွေးချယ်အသာပေးခြင်းခံရသော အကျယ်ဖွင့်ဆိုချက်မှာ ထိုဖွင့်ဆိုချက်ပင်ဖြစ်သည်။ ၎င်းကို အထက်၌မှာပင် ရေးသားတင်ပြပေးခဲ့ပြီး ဖြစ်ပေသည်။ ရဝါဖိဇ်တို့သည် ထိုဆင့်ပြန်ချက်ကို ရွေးချယ်ကောက်နှုတ်ထားရုံသာမက ထိုဆင့်ပြန်ချက်အပေါ် ကြီးမားသော ခံတပ်တံတိုင်းကြီးအသွင် ဆောက်လုပ်ထားပေသည်။ အကြင်တံတိုင်းနံရံကြီး၏ အခြေခံ အုတ်မြစ်မဏ္ဍိုင် တစ်စုံတစ်ရာမျှပင် မရှိပေ။

တမန်တော်မြတ် ﷺ ၏ အိမ်သူအိမ်သားတို့အား အရိုအသေပေးခြင်းနှင့် ချစ်ခင်မြတ်နိုးခြင်းဆိုင်ရာ ဓမ္မသတ်

အထက်၌ ရေးသားတင်ပြခဲ့သော အချက်သည် 'တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ တမန်တော်မြတ် ﷺ သည် မိမိအလုပ်အကျွေးပြုစုပေးမှု၏ အစား၌ မျိုးနွယ်အုပ်စုထံမှ မိမိ၏ အိမ်သူအိမ်သား

နှင့် သားစဉ်မြေးဆက်တို့အား ချစ်ခင်မှုထားရှိရန်နှင့် အရိုအသေပေးမှု ထားရှိရန်တို့အတွက် တစ်စုံတစ်ရာ တောင်းခံခဲ့ခြင်း မရှိကြောင်း' အချက်နှင့် စပ်လျဉ်းနေပေသည်။ အာယသ်တော်၏ အဓိပ္ပာယ်သည် မိမိ၏ နေရာ၌ 'တမန်တော်မြတ် ﷺ ၏ အိမ်သူအိမ်သားတို့အား အရိုအသေပေး၊ ချစ်ခင်မှုထားရှိရန် တစ်စုံတစ်ရာ အရေးမကြီးကြောင်း' ဟူသော အဓိပ္ပာယ်မျိုးကို ဖော်ဆောင်ကြောင်း မည်သူတစ်ဦးတစ်ယောက်ကမျှလည်း မဖော်ပြထားပေ။ ဤကဲ့သို့သော တွေးခေါ်မှုမျိုးကို ဆိုးယုတ်၊ လမ်းလွဲသူတို့သာလျှင် တွေးခေါ်နိုင်ပေမည်။ တင်ပြပါ ဓမ္မသတ်အချက်၏ အခြေခံဇစ်မြစ်အချက်မှာ ဤသို့ပင် ဖြစ်သည်။ တမန်တော်မြတ် ﷺ အား အရိုအသေပေးမှုနှင့် ချစ်ခင်မှုထားရှိခြင်းသည် ခပ်သိမ်းကုန်သော စကြဝဠာအပေါင်းထက် သာပိုနေရမည် ဖြစ်ကြောင်း အီမာန်၏ အစိတ်အပိုင်းဖြစ်ရုံသာမက အီမာန်၏ အခြေခံမူတည်ချက်ပင် ဖြစ်ပေသည်။ သို့ဆိုလျှင် 'အကြင်မည်သူတစ်ဦးတစ်ယောက်မဆို တမန်တော်မြတ် ﷺ နှင့် အဘယ်မျှခန့် အတိုင်းအတာ သာပိုနီးကပ်မည်ဆိုပါက ထိုမျှခန့် အတိုင်းအတာ ၎င်းအား ချစ်ခင်၊ အရိုအသေပေးခြင်းသည် အရေးကြီးရာ၌ သံသယ တစ်စုံတစ်ရာ မရှိ' ဟူသော အချက်ဖြစ်ပေသည်။ အကြောင်းမှာ လူသားတို့၏ ကျောရိုးစဉ်ဆက် သားစဉ်၊ မြေးဆက်တို့သည် အားလုံးသောသူတို့ထက် သာပို၍ နီးကပ်မှု ရရှိခြင်းကြောင့် ၎င်းတို့အား ချစ်ခင်မှုထားရှိခြင်းသည် မုချဧကန် အီမာန်၏ အစိတ်အပိုင်းဖြစ်ပေသည်။ 'တမန်တော်မြတ် ﷺ ၏ ဇနီးကြင်ယာတော်များနှင့် အခြားသော ဆွဟာဗာကြီးများသည် တမန်တော်မြတ် ﷺ နှင့် အမျိုးမျိုးသော ဆက်နွယ်နီးစပ်မှုများ ရရှိထားခြင်းကြောင့် (သွေးရင်း၊ သားရင်း မတော်စပ်သည့်အပေါ်) ၎င်းတို့အား မေ့လျော့မှုပြုရန် အရိုအသေမပေးထိုက်ရန်' ဟူသော အဓိပ္ပာယ်မျိုးကိုလည်း ဆိုလိုထားသည် မဟုတ်ပေ။

အချုပ်သဘောတရားမှာ ဤသို့ပင် ဖြစ်သည်။ တမန်တော်မြတ် ﷺ ၏ အိမ်သူအိမ်သားတို့အား ချစ်ခင်နှစ်သက်ခြင်းနှင့် စပ်လျဉ်းသော ဓမ္မသတ်သည် အွမ္မသ် (နောက်လိုက်ထု) ၏ အာလင်မ်သာသနာ့ ပညာရှင်ကြီးများကြား၌ မည်သည့်အခါမျှ အကွဲလွဲဖြစ်ကာ အခြေအတင် ဆွေးနွေးရမည့် အချက်အဖြစ် မတည်ရှိခဲ့ပေ။ အွမ္မသ်၏ (အာလင်မ်) သာသနာ့ပညာရှင်ကြီးများအားလုံးသည် '၎င်းတို့အား ချစ်ခင်မှုနှင့် အရိုအသေပေးမှုပြုရန် အရေးကြီးကြောင်း' ကိုသာ မိန့်ဆိုထားပေသည်။ 'အခြားသောသူများအား အရိုအသေပေးခြင်းနှင့်စပ်လျဉ်းသော နေရာများ၌' သာ အကွဲအလွဲများသည် ပေါ်ပေါက် တည်ရှိနေပေသည်။ သို့တည်း မဟုတ်ပါက တမန်တော်မြတ် ﷺ ၏ သားစဉ်မြေးဆက်များဖြစ်ခြင်း၏ ရှုထောင့်နှင့်အညီ အခြားသော စိုင်ယဒ်မျိုးနွယ်ဝင်များသည် မည်မျှခန့်ပင် အဆက်များ ဝေးကွာနေလင့်ကစား ၎င်းတို့အား ချစ်ခင်၊ အရိုအသေပေးခြင်းသည် ကံကောင်းခြင်းအတိနှင့် အကျိုးစဝါးဗ် ရရှိမည့် အမှုကိစ္စပင် ဖြစ်ပေသည်။ သို့ရှိရာ များစွာသော သူတို့သည် ယင်းအချက်၌ မေ့လျော့ပေါ့ဆမှုကို ပြုနေကြပေသည်။ ထို့ကြောင့် အေမာမ် ရှာဖေအီ (ရဟ) သခင်ကြီးသည် ကဗျာအချို့၌ ယင်းအချက်အား လွန်စွာ ပြစ်တင်ပြောဆိုထားပေသည်။ ထိုကဗျာလင်္ကာများမှာ ဤသို့ပင် ဖြစ်သည်။ စင်စစ် ဤသည် နှောင်းပိုင်းခေတ်အာလင်မ်များ အများစု၏ လမ်းစဉ်ပင် ဖြစ်ပေသည်။

يارا كِباقف بالمحصّب من منى   واهتف بساكن خيفها والناهض
سحرا اذا فاض الجحيج الى منى   فيضا كملتطم الفرات الفائض
ان كان رفضا حب ال محمّد ﷺ   فليشهد الثقلان انى رافضى

(အို, မြင်းစီးသူရဲကောင်း၊ 'မီနာ'၏ 'မုဟပ်စ္စ်ဗ္ဗာဗ်' တောင်ကြားအရပ်ဒေသ၌ ရပ်တန့်လိုက်ပါ။ နံနက်မိုးသောက်ယံအချိန်သို့ ရောက်ရှိလာသောအခါဝယ် 'ဟဂျ်'ပြုမှုဆောင်ရွက်ရန် စိတ်ဓါတ်ပြင်းပြနေသော သူများ၏ အဖွဲ့ကြီးတစ်ဖွဲ့သည် မြစ်ရေစီးကြောင်းကဲ့သို့ 'မီနာ'ဘက်သို့ သွားပါမူ ထိုအရပ်ဒေသ၌ နေထိုင်သူများနှင့် လျှောက်လှမ်းကုန်သော သူတို့ကို 'အကယ်၍ တမန်တော်မြတ် ﷺ ၏ သားစဉ်မြေးဆက်များကို ချစ်ခင်ခြင်း၏ အမည်သည်သာလျှင် 'ရဝါဖစ်ဇ်'ဖြစ်မူ ဤစကြဝဠာကြီးအတွင်းရှိ 'ဂျင်နားသ်'များနှင့် လူသားတို့သည် 'ကျွန်ုပ် ရာဖေဇ္ဇီ ဖြစ်ကြောင်း' သက်သေအဖြစ် တည်ရှိကြကုန်'ဟူ၍ ပြောဆိုကြကုန်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

أَمْ يَقُولُونَ افْتَرَىٰ عَلَى اللَّهِ كَذِبًا ۖ فَإِن يَشَإِ اللَّهُ يَخْتِمْ عَلَىٰ قَلْبِكَ ۗ وَيَمْحُ اللَّهُ الْبَاطِلَ وَيُحِقُّ الْحَقَّ بِكَلِمَاتِهِ ۚ إِنَّهُ عَلِيمٌ بِذَاتِ الصُّدُورِ ﴿٢٤﴾

၄၂ : ၂၄ ။ ။ ၎င်းတို့က 'ဤသူ (မုဟမ္မဒ်) သည် အလ္လာဟ်အသျှင်မြတ်အပေါ်၌ မဟုတ်မမှန် လီဆယ်စွပ်စွဲ၍ မုသားကို ပြောဆိုကြလေသလော။ သို့ဖြစ်လျှင် အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် အလိုရှိတော်မူပါလျှင် အသင်၏ စိတ်နှလုံးပေါ်၌ တံဆိပ်ခတ်နှိပ်တော်မူပေမည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အမိန့်တော် (အာယသ်တော်) များဖြင့် အမှားကို ဖျောက်ဖျက်တော်မူ၍ အမှန်ကို အခိုင်အမာဖြစ်အောင် ပြုလုပ်တော်မူလေ့ ရှိ၏။ ကေန်မလွဲ ထိုအသျှင်မြတ်သည် စိတ်နှလုံးများ၏ အတွင်း၌ ရှိသည့် (လျှို့ဝှက်ချက်) များတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင် ဖြစ်တော်မူပေသည်။

وَهُوَ الَّذِي يَقْبَلُ التَّوْبَةَ عَنْ عِبَادِهِ وَيَعْفُو عَنِ السَّيِّئَاتِ وَيَعْلَمُ مَا تَفْعَلُونَ ﴿٢٥﴾

၄၂ : ၂၅ ။ ။ စင်စစ် ထိုအသျှင်မြတ်သည် အကြင်အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်သည် မိမိ ကျွန်များ၏ ဝန်ချတောင်းပန်ခြင်းကို လက်ခံတော်မူ၍ ပြစ်မှုဒုစရိုက်တို့ကို ခွင့်လွှတ်တော်မူ၏။ ထို့ပြင် ထိုအရှင်မြတ်သည် အသင်တို့ ပြုလုပ်သမျှတို့ကို သိတော်မူ၏။

وَيَسْتَجِيبُ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ وَيَزِيدُهُم مِّن فَضْلِهِ ۚ وَالْكَافِرُونَ لَهُمْ عَذَابٌ شَدِيدٌ ﴿٢٦﴾

၄၂ : ၂၆ ။ ။ ထို့ပြင် ထိုအသျှင်မြတ်သည် အီမာန်သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မှုဆောက်တည်ကြကုန်သော သူတို့၏ ဆုတောင်းမှုပြုချက်ကို သဘောတူ လက်ခံတော်မူ၏။ ထို့ပြင် ၎င်းတို့အား မိမိကျေးဇူးတော်အားဖြင့် တိုး၍ပင် ချီးမြှင့်ပေးသနားတော်မူ၏။ သို့ရာတွင် ကာဖိရ် သွေဖည်ငြင်းပယ်သော သူတို့၌မူ ပြင်းထန်လှစွာသော ပြစ်ဒဏ်သည် ရှိချေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငင်းတို့က ဤသူ (မိုဟမ္မဒ် ﷺ) သည် (တမန်တော်မြတ် ﷺ နှင့် စပ်လျဉ်း၍ မပြောကောင်း၊ မဆိုအပ်) အလ္လာဟ်အသျှင်မြတ်အပေါ်၌ မဟုတ်မမှန် လီဆယ်စွပ်စွဲ၍ မုသားကို ပြောဆိုကြလေသလော။ (နဗီဖြစ်ခြင်းနှင့် 'ဝဟီ' ဗျာဒိတ်တော်နှင့် ဆန့်ကျင်ကြွေးကြော်ခဲ့သည်ဟူ၍) သို့ဖြစ်လျှင် (ငင်းတို့၏ အထက်ပါ ပြောဆိုမှုသည်ပင်လျှင် လီဆယ်စွပ်စွဲ၍ ပြောဆိုမှုသာလျှင် ဖြစ်ပေသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ ၏ မှန်ကန်သော ပြန်လည်တင်ပြ ပြောဆိုနေသည့် မင်္ဂလာနူတ်လျှာတော်မှ 'မှန်ကန်သော နဗီတမန်တော်မှ အပ အခြားမည်သူ တစ်ဦးတစ်ယောက်မျှ မပြောဆို၊ မပြောပြနိုင်သော' အံ့ဖွယ်ကောင်းသည့် မုက္ခပါဠ်တော်များကို မိန့်မြွက်လျက် ရှိနေပေသည်။ အကယ်၍ မပြောကောင်း၊ မဆိုအပ်) တမန်တော်မြတ် ﷺ သည် မိမိကိုယ်ကို မိမိရစူလ်ဖြစ်ကြောင်းကို ကြွေးကြော်ရာ၌ မမှန်ကန်ပါမူ အလ္လာဟ်အသျှင်မြတ်သည် ဤ မုက္ခပါဠ်တော်များအား တမန်တော်မြတ် ﷺ အပေါ် ချပေး ပြောဆိုစေခွင့် ပေးမည်မဟုတ်ပေ။ သို့ရှိရာ) အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် (ဤသို့ စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေရာ) အလိုရှိတော်မူပါလျှင် အသင်၏ စိတ်နှလုံးအပေါ်၌ တံဆိပ် ခပ်နှိပ်တော်မူပေမည်။ (ဤမုက္ခပါဠ်တော်ကို အသင်၏ နှလုံးသားအပေါ်၌ ချပေးတော်မူမည် မဟုတ်ပေ။ ဆက်လက်၍လည်း တည်ရှိနေမည် မဟုတ်ပေ။ သို့သာမက ပြန်လည်၍ ရုတ်သိမ်းတော်မူလိုက်မည် ဖြစ်ပေသည်။ သို့ဆိုလျှင် အသင်သည် လုံးဝ မေ့လျော့ သွားပေလိမ့်မည်။ ထိုပုံပန်းသဏ္ဍာန်၌ နူတ်လျှာတော်မှ ထိုမုက္ခပါဠ်တော်များ ပြောဆိုနိုင်စွမ်း ရှိမည်မဟုတ် ကြောင်းမှာ ထင်ရှားလှပေသည်။) စင်စစ် အလ္လာဟ်အသျှင်မြတ်သည် (ထိုအသျှင်မြတ်၏ ဓလေ့တော် ရှိ လေသည်မှာ ယင်းအသျှင်မြတ်သည် နဗီဖြစ်ခြင်း၏ ကြွေးကြော်မှု) အမှားကို မိမိ၏ အမိန့်တော် (အာယသ် တော်) များဖြင့် ဖျောက်ဖျက်တော်မူ၍ (ဆက်လက်၍ ရှင်သန်ခွင့် မပေးဘဲ ဆိုလိုသည်မှာ ဤသို့ မှားယွင်း ကာ နဗီဖြစ်ကြောင်းကို ကြွေးကြော်သောသူများ၏ လက်ဝယ် အံ့ဖွယ်တန်ခိုး 'မုအ်ဂျေဇာဟ်'တော်များ ကို မဖော်ထုတ်စေဘဲ နဗီဖြစ်ကြောင်း ကြွေးကြော်မှု) အမှန်ကို အခိုင်အမာဖြစ်အောင် (လွှမ်းမိုး) ပြုလုပ် တော်မူလေ့ ရှိ၏။ (သို့ရှိရာ အသင်သည် မှန်ကန်သောသူဖြစ်၍ ငင်းတို့သည် မှားယွင်းသောသူများ ဖြစ်ပေ သည်။ သို့ရှိရာ) ဧကန်အမှန် ထို (အလ္လာဟ်) အသျှင်မြတ်သည် စိတ်နှလုံးသားများ၏ အတွင်းထိ (တိုင်) ရှိသည့် (လျှို့ဝှက်ချက်) တို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (နူတ်လျှာ၏ ပြောဆိုမှုများနှင့် ကိုယ်ခန္ဓာ၏ လှုပ်ရှားမှုများကိုပါ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည့် အကြောင်း မှာ ပြောဖွယ်ရာပင် မလိုအပ်တော့ချေ။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်သည် ထိုသူတို့၏ ခံယူချက်ပိုင်းဆိုင်ရာ မူဝါဒများ၊ ပြောဆိုမှုများနှင့် ပြုမူဆောင်ရွက်ချက်များအားလုံးကို သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော် မူပေသည်။ ထိုဆောင်ရွက်ချက်များအလုံးစုံအပေါ် အပြစ်ဒဏ်ကိုလည်း ကောင်းစွာ စီရင်ဆုံးဖြတ်ပေး တော်မူမည့် အသျှင်လည်း ဖြစ်တော်မူပေသည်။)

(အကြင်သူတို့သည် မိမိတို့၏ 'ကုဖွရ်' (သွေဖည်ငြင်းဆိုမှု) နှင့် မကောင်းမှု အကုသိုလ်ဒုစရိုက်များမှ 'သောင်ဗာဟ်' (အမှားဝန်ခံမှု) ကို ပြုလိုက်မည်ဆိုလျှင် ၎င်းတို့အား လွတ်ငြိမ်းပလပ်ခွင့် ပေးတော်မူပေလိမ့်မည်။ အကြောင်းမှာ ဤသည် ထိုအသျှင်မြတ်၏ တရားဥပဒေပင် ဖြစ်၍ ဖြစ်သည်။) စင်စစ်ထိုအသျှင်မြတ်သည် အကြင်ကဲ့သို့ (အတိုင်းအတာမဲ့ ကရုဏာတရား ထားတော်မူသော အသျှင်မြတ်ပင်ဖြစ်တော်မူပေ၏။) ထိုအသျှင်မြတ်သည် မိမိ၏ ကျွန်များ၏ ဝန်ချတောင်းပန်ခြင်းကို ('သောင်ဗာဟ်'၏ လက်သင့်ခံရခြင်း၏ စည်းကမ်းချက်များနှင့်အညီ) လက်ခံတော်မူ၍ (ထိုအသျှင်မြတ်သည် ယင်း 'သောင်ဗာဟ်'၏ 'ဗရ်ကသ်' (မင်္ဂလာ) တော်ဖြင့် (အတိတ်ခေတ်ကာလ၏) ပြစ်မှုဒုစရိုက်တို့ကို ခွင့်လွှတ်တော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့ ပြုလုပ်သမျှ (အားလုံး) တို့ကို သိရှိတော်မူ၏။ (သို့ရှိရာ ထိုအသျှင်မြတ်သည် စိတ်စေတနာဖြူစင်စွာဖြင့် 'သောင်ဗာဟ်'ပြုသည်၊ မပြုသည်တို့ကိုလည်း သိရှိတော်မူပေသည်။)

၎င်းပြင် (အကြင်သူသည် ကုဖွရ် (သွေဖည်ငြင်းဆိုမှု) မှ 'သောင်ဗာဟ်'ပြုကာ မွတ်စလင်မ် ဖြစ်ရှိသွားပါမူ ကာဖိရ်ဘဝ၌ လက်ခံခြင်းမခံထားရသော ကုသိုလ်ကောင်းမှုများသည် ယခု လက်ခံခြင်းခံရနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ် နှစ်သက်မှုအတွက်သက်သက် ပြစားမှုမရှိပါဘဲ) အီမာန်သက်ဝင် ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြကုန်သော (ထိုခဝပ်ကိုးကွယ်မှုများသည် ဤမွန်မြတ်သော ကျင့်မူဆောင်ရွက်ချက်များပင် ဖြစ်ပေသည်။ ထိုမွန်မြတ်သော ကျင့်မူဆောင်ရွက်ချက်များကို လက်ခံခြင်း၏ အလိုသဘောမှာ '၎င်းတို့၏ ကုသိုလ်အကျိုးစဝါးဗ် ချီးမြှင့်တော်မူခြင်း ဖြစ်ပေသည်) ထို့ပြင် (ထိုမွန်မြတ်သော ကုသိုလ်ကောင်းမှုက လိုလားလျက်ရှိနေသော အကျိုးစဝါးဗ်အပြင်) ၎င်းတို့အား မိမိ၏ ကျေးဇူးတော်အားဖြင့် (စဝါးဗ်ကို) တိုး၍ ချီးမြှင့်ပေးသနားတော်မူ၏။ (ဤသည်မှ အီမာန်ရှင်များအဖို့ ဖြစ်ပေသည်။) သို့ရာတွင် (တစ်စိုက်မတ်မတ်ဖြင့်တည်ရှိနေသော) ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့၌မူ (အီမာန်မရယူထားသည့်အတွက်ကြောင့်) ပြင်းထန်လှစွာသော ပြစ်ဒဏ်သည် ရှိချေမည်။ (သတ်မှတ်ထားပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်းရှိ ပထမအာယသ်တော်အတွင်း၌ အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ ၏ နဗီဖြစ်ခြင်း၊ ရစူလ်ဖြစ်ခြင်း၊ ကုရ်အာန်ကျမ်းတော်မြတ်ကို မှားယွင်းခြင်းနှင့် အလ္လာဟ်အသျှင်မြတ်အပေါ် လီဆယ်စွပ်စွဲမှု ပြောဆိုသောသူများအပေါ် မိမိ၏ ခြုံငုံကျယ်ပြန့်လှစွာသော ပုံသေနည်းတစ်ရပ်ကို ပြဆိုကာ တုန့်ပြန်ဖြေကြားပေးထားတော်မူပေသည်။ အကြင်ကဲ့သို့ တုန့်ပြန်ဖြေကြားချက်၏ အချုပ်သဘောတရားမှာ ဤသို့တည်း။ သဘာဝဓလေ့အရ လူသားတို့ ပြုနိုင်စွမ်းမရှိသော အချက်ကို သဘာဝလွန်ဖြစ်ရပ် သို့မဟုတ် 'မုအ်ဂျေဇာဟ်'ဟု ခေါ်ဆိုပေသည်။ အချို့သော အောက်လမ်းပညာရှင်

များသည် မိမိတို့၏ မှော်၊ စုန်းအတတ်ပညာတို့ဖြင့် ထိုကဲ့သို့သော လုပ်ရပ်များကို ပြုလုပ်ဖန်တီး ပြသခဲ့သည်လည်း ရှိ၏။

အထက်ဖော်ပြပါ အချက်နှစ်ရပ်စလုံးမှ မည်သည့်အချက် တစ်ချက်ချက်သည်ပင်လျှင် အလ္လာဟ်အသျှင်မြတ်၏ အလိုသဘောဆန္ဒတော် တစ်စုံတစ်ရာမျှ မပါဝင်ဘဲ တစ်စုံတစ်ရာကိုမျှ ပြုနိုင်စွမ်းမရှိကြောင်း' မှာ ထင်ရှားလှပေသည်။ အလ္လာဟ်အသျှင်မြတ်သည်သာလျှင် မိမိ၏ ကျေးဇူးအသနားတော်ဖြင့် နဗီတမန်တော်များအား နဗီဖြစ်ကြောင်းကို အတည်ပြုစေရန်အတွက် ၎င်းတို့အား 'မုအ်ဂျေဇာဟ်' (အံ့ဖွယ်တန်ခိုးများ) ကို ချီးမြှင့်တော်မူထားခြင်း ဖြစ်ပေသည်။ အကြင်ကဲ့သို့ ချီးမြှင့်ခြင်းခံရခြင်းနှင့် စပ်လျဉ်း၍ နဗီတမန်တော်များအဖို့ ရွေးချယ်မှုတစ်စုံတစ်ရာမျှ မရှိပေ။

ဤကဲ့သို့ပင် အောက်လမ်း စုန်း၊ မှော်အတတ်ပညာရှင်များ၏ မှော်ပညာနှင့် စုန်းပညာများကိုလည်း မိမိ၏ အမြော်အမြင်ဖြစ်သော စမ်းစစ် စမ်းသပ်ခြင်း၏ အချက်အပေါ် မူတည်၍ စူးရှသက်ရောက်ထားစေပေသည်။ သို့ရာတွင် မှော်စုန်းအတတ်ပညာနှင့် 'မုအ်ဂျေဇာဟ်' (တန်ခိုးတော်) ၏ ကြား ကွဲပြားချက်နှင့် နဗီနှင့် မှော်စုန်းအတတ်ပညာရှင်၏ ကြား၌ ခွဲခြားစီစစ်မှုကို ပြုပေးရန်အတွက် ထိုအသျှင်မြတ်သည် ဤပုံသေနည်းအား ပြဋ္ဌာန်းထားတော်မူပေသည်။ နဗီဖြစ်ကြောင်း လိမ်လည်၍ ကြွေးကြော်သောသူ၏ လက်ဝယ် အောက်လမ်း၊ မှော်၊ စုန်းဖြစ်သော မည်သည့်အတတ်ပညာရပ်တစ်ရပ်ရပ်မဆို အောင်မြင် အထမြောက်မည်မဟုတ်ပေ။ အကြင်သူသည် နဗီဖြစ်ကြောင်းကို ကြွေးကြော်သည်မရှိသော် ၎င်း၏ မှော်၊ စုန်းအတတ်ပညာသည် စူးရှသက်ရောက်မှု ရှိတတ်ပေသည်။ လိမ်လည်ကာ နဗီ ဖြစ်ကြောင်းကို ကြွေးကြော်ပြီးနောက် ၎င်း၏ စုန်း၊ မှော်အတတ်ပညာကို အလ္လာဟ်အသျှင်မြတ်သည် စူးရှသက်ရောက်ခွင့် မပေးတော့ပေ။

အလ္လာဟ်အသျှင်မြတ်က နဗီ၊ ရစူလ်အဖြစ် ချီးမြှင့်ပေးသနားထားတော်မူသော သူတို့အား 'မုအ်ဂျေဇာဟ်'တော်များ (တန်ခိုးတော်များ) ကိုလည်း ချီးမြှင့်ပေးသနားထားတော်မူပေသည်။ ထို့ပြင် ၎င်းတို့၏ 'မုအ်ဂျေဇာဟ်'တော်များ (တန်ခိုးတော်) များ၏ ဖြစ်ပေါ် သက်ရောက်မှုများသည် ထင်ရှားလှပေသည်။ ဤနည်းတူစွာ ဖန်ဆင်းသတ်မှတ်တော်မူခြင်းဆိုင်ရာ ပြင်ပသင်္ကေတ၊ အတွင်းပိုင်းသင်္ကေတ ရှုထောင့်နှစ်ဖက်စလုံးအရလည်း ၎င်းတို့ နဗီဖြစ်ကြောင်းကို အတည်ပြုပေးလိုက်ပေသည်။ ဒုတိယအချက်အရ အတည်ပြုပေးခြင်းမှာ မိမိ၏ မုကဒ္ဒပါဠ်တော်၏ အာယသ်တော်များအတွင်းဝယ် ၎င်းတို့အား ထောက်ခံအတည်ပြုခြင်းကို ချပေးသနားတော်မူလိုက်ပေသည်။

ဤအထက်တင်ပြပါ ပုံသေနည်းကို သိရှိသွားသောအခါဝယ် ယခု 'ကုရ်အာန်ကျမ်းတော်မြတ်သည် အံ့ဖွယ် တန်ခိုးတော်တစ်ရပ်ဖြစ်ကြောင်း ခပ်သိမ်းကုန်သော စကြဝဠာများအတွင်း၌ ရှိသည့် 'ဂျင်န်'များနှင့် လူသားတို့သည် အာယသ်တော်တစ် အာယသ်ကဲ့သို့ပင် ပြုလုပ်နိုင်ခြင်းမှ မစွမ်းနိုင်ဘဲ ရှိနေကြောင်း၊ တစ်အာယသ်ပမာကဲ့သို့ပင် ပြုလုပ်နိုင်ခြင်းမှ မစွမ်းဆောင်ကြောင်းကို နဗီတမန်တော်မြတ် ﷺ ၏ ခေတ်ကာလ၌မှာပင် အတည်ဖြစ်ခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ထိတိုင် ဆက်လက် အတည်ဖြစ်ထားဆဲဖြစ်ကြောင်း' စသော အချက်တို့ကို သဘောပေါက် နားလည်ထားကြကုန်။ ဤသို့ ရှင်းလင်းလှစွာသော တန်ခိုးတော်

မျိုးကို မည်သည့် နဗီတဉ်၊ နဗီယောင် တစ်ဦးတစ်ယောက်မဆို တင်ပြပါပုံသေနည်းနှင့် လျော်ညီစွာ မဖော်ထုတ်၊ မပြသနိုင်ကြပေ။ ထို့ကြောင့် အသင်မိုဟမ္မဒ်၏အပေါ် 'ဝဟီ' (ဗျာဒိတ်တော်) ကျရောက်လာခြင်းနှင့် ရစူလ်ဖြစ်ကြောင်းမှာ မှန်ကန်လှပေသည်။ ထိုဗျာဒိတ်တော်ကို မှားယွင်းခြင်းနှင့် လီဆယ်ကြံစည်ထားခြင်းဟူ၍ ပြောဆိုသောသူတို့သည်သာလျှင် လမ်းလွဲမှားကာ လီဆယ်ကြံစည်သောသူများ ဖြစ်ကြပေသည်။

ဒုတိယအာယသ်တော်အတွင်း၌ ငြင်းဆိုကာ မုန်းတီးမှု ရန်ငြိုးထားကြကုန်သော သူတို့အား 'ယခုအချိန်၌လည်း ငြင်းဆိုသွေဖည်မှုတို့မှ ရပ်တန့်မှ ရပ်ကြကာ 'သောင်ဗာဟ်' (အမှားဝန်ခံမှု) ကို ပြုမည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ အတိုင်းအတာမဲ့ ကရုဏာထားတော်မူသော အသျှင်နှင့် အလွန်တရာ သနားကြင်နာကာ ရက်ရောစွာ ချီးမြှင့်ပေးသနားတော်မူသော အသျှင်ဖြစ်ကြောင်း၊ အမှားဝန်ခံသော သူတို့၏ အမှားဝန်ခံချက်ကို လက်ခံတော်မူကြောင်းနှင့် ၎င်းတို့၏ မသိမိုက်မဲမှုများကို ပလပ်ခွင့်ပေးသနားတော်မူသော အသျှင်ဖြစ်ကြောင်း'ဟူ၍ ဆိုဆုံးမမှုကို ပြုထားပေသည်။

"သောင်ဗာဟ်" (အမှားဝန်ခံခြင်း) ၏ အစစ်အမှန် ပုံသဏ္ဌာန်

'သောင်ဗာဟ်'၏ လုံးချင်းကောက်အဓိပ္ပာယ်သည် ပြန်လှည့်လာခြင်း ဖြစ်ပေသည်။ သာသနာတော်၏ အသုံးအနှုန်းဝေါဟာရ၌ 'ပြစ်မှုဒုစရိုက် တစ်စုံတစ်ရာကို မပြုတော့ဘဲ ရပ်တန့်လိုက်ခြင်း' ကို ခေါ်ဆိုပေသည်။ ထို 'သောင်ဗာဟ်' (အမှားဝန်ခံမှု) မှန်ကန်အတည်ပြုခြင်း ခံရရန်အတွက် စည်းကမ်းချက် (၃) ချက်ရှိပေသည်။

ပထမစည်းကမ်းချက်မှာ ယခုလက်ရှိ နစ်မွန်းလျက် ရှိနေသော ပြစ်မှုဒုစရိုက်ကို ချက်ချင်း စွန့်လွှတ်လိုက်ရပေမည်။

ဒုတိယစည်းကမ်းချက်မှာ အတိတ်ခေတ်ကာလက ကျူးလွန်ခဲ့ပြီးသော ပြစ်မှုဒုစရိုက်အပေါ် နာကျင်အရှက်ရမှု ထားရှိပြီး၊

တတိယစည်းကမ်းချက်မှာ နောင်လာမည့် အနာဂါတ်ကာလ၌လည်း ထိုပြစ်မှုဒုစရိုက်ကို စွန့်လွှန်ရန် ခိုင်မာသော ယတိပြတ်ဆုံးဖြတ်ချက်ကို ချထားရပေမည်။

သာသနာရေးဆိုင်ရာ 'ဖွရဇ်'တာဝန် တစ်စုံတစ်ရာကို စွန့်လွှတ်ထားပါမူ ၎င်းအား 'အဒါ'(လက်ငင်းတာဝန်ထမ်းဆောင်ခြင်း စနစ်) သို့မဟုတ် 'ကဇွာ' (ပြန်လည် တာဝန်ချထမ်းဆောင်ခြင်းစနစ်) တို့ကို ပြုမူရပေမည်။ အကယ်၍ ပြစ်မှုဒုစရိုက်သည် အဖန်ဆင်းခံ ဗန္ဒာကျေးကျွန်များဖြင့် သက်ဆိုင်လျက်ရှိမူ ၎င်းနှင့်စပ်လျဉ်း၍ အပိုစည်းကမ်းချက်တစ်ရပ်မှာ တစ်ဦးတစ်ယောက်၏ ပစ္စည်းဥစ္စာသည် မိမိ၏ အပေါ်၌ တင်ရှိကာ ပေးဆပ်ရန် တာဝန်ရှိပါမူ ရယူပိုင်ဆိုင်မည့်သူ ထိုပစ္စည်းပိုင်ရှင်သည် သက်ရှိထင်ရှား ရှိနေသည်ဆိုပါက ပြန်လည်၍ ပေးဆပ်လိုက်ရမည်။ သို့မဟုတ် ၎င်းအား အသနားခံ ခွင့်လွှတ်နိုင်းလိုက်ရမည်။ အကယ်၍ ရယူပိုင်ဆိုင်မည့်သူ ထိုပစ္စည်းပိုင်ရှင်သည် သက်ရှိထင်ရှားမရှိကာ ၎င်း၏ အမွေစားအမွေခံများရှိမူ ၎င်းအမွေစားတို့အား ပြန်လည်၍ ပေးဆပ်လိုက်ရပေမည်။ အကယ်၍ အမွေစား၊ အမွေခံများ

သည်လည်း မရှိလျှင်မူ အများပြည်သူ ပိုင်ဘဏ္ဍာအတွင်းသို့ ထည့်ပေးလိုက်ရပေမည်။ မွတ်စလင်မ်ပိုင် အစိုးရပိုင်ဘဏ္ဍာမရှိလျှင်သော်လည်းကောင်း၊ (သို့မဟုတ်) ထိုပြည်သူပိုင်ဌာန၏ စီမံရေးသည် မမှန်ကန်လျှင်သော်လည်းကောင်း ဖြစ်ပါမူ ထိုရယူပိုင်ဆိုင်ခွင့်ရှိသော သူဘက်မှ 'စွာဒ်ကာဟ်' (ဒါနကြေး) အဖြစ် ပေးလှူလိုက်ရပေမည်။ ထို့ပြင် အကယ်၍ ပစ္စည်းဥစ္စာမဟုတ်သော တစ်ဦးတစ်ယောက်၏ အခြားသော အခွင့်အရေးတစ်ရပ်သည် မိမိအပေါ်၌ ပြန်လည်ပေးဆပ်ရန် တာဝန်ရှိနေပါမူ၊ ဥပမာ– တစ်ဦးတစ်ယောက်ကို မတရားသဖြင့် ဒုက္ခပေးလိုက်လျှင်သော်လည်းကောင်း၊ မကောင်းပြောဆိုလိုက်လျှင်သော်လည်းကောင်း (သို့မဟုတ်) အတင်းအဖျင်း ပြောဆိုလိုက်လျှင်သော်လည်းကောင်း ဖြစ်ပါမူ မိမိဘက်မှ ၎င်းကာယကံရှင်အား ဖြစ်နိုင်သည့် မည်သည့်နည်း တစ်နည်းနည်းနှင့်မဆို ပြန်လည်၍ နှစ်မြို့၊ နှစ်သက်အောင် ပြုကာ ခွင့်လွှတ်ကျေနပ်မှုကို ပြန်လည် ရယူရပေမည်။

ယခုတင်ပြမည့် အချက်သည်မူ 'သောင်ဗာဟ်' အမျိုးအစား အမျိုးမျိုးအတွက် အရေးကြီးသော အချက်ဖြစ်ပေသည်။ ၎င်းမှာ ပြစ်မှုဒုစရိုက်အား စွန့်လွှတ်လိုက်ခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ နှစ်လိုမှု ရရန်အတွက်သာ ဖြစ်ရမည်ဖြစ်ပြီး မိမိ၏ ကိုယ်ခန္ဓာရေးရာ ချို့တဲ့ ယိုယွင်းမှု တစ်စုံတစ်ရာကြောင့်သော်လည်းကောင်း၊ (သို့မဟုတ်) မတတ်သာ၍ စွန့်လွှတ်လိုက်ရခြင်းသော်လည်းကောင်းဟူသော ပုံစံမျိုး မဖြစ်စေရ။ သာသနာတော်က အဓိက လိုလားလျက်ရှိနေသော အချက်သည်မူ 'သောင်ဗာဟ်' ပြုလုပ်သည့် အခါ ပြစ်မှုဒုစရိုက် အလုံးစုံအတွက် ပြုရပေမည်။ သို့ရာတွင် အကယ်၍ သီးသန့်ပြစ်မှု ဒုစရိုက်တစ်ခု အဖို့သာလျှင် 'သောင်ဗာဟ်'ပြုမည်ဆိုလျှင် 'အဲဟ်လေ့စွန္နသ်ဝလ်ဂျမာအသ်'၏ လမ်းစဉ်နှင့်အညီ ထိုပြုကျင့်သော 'ဂိုနာဟ်' (ပြစ်မှုဒုစရိုက်) အတိုင်းအတာထိသာ ပလပ်ခွင့်ကို ရရှိပေမည်။ အခြားသော ပြစ်မှု ဒုစရိုက်တို့၏ ပြစ်ဒဏ်သည် မိမိ၏ ထံတော်ပါးဝယ် ဆက်လက် တည်ရှိနေပေလိမ့်မည်'ဟူ၍ ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَلَوْ بَسَطَ اللَّهُ الرِّزْقَ لِعِبَادِهِ لَبَغَوْا فِي الْأَرْضِ وَلَٰكِن يُنَزِّلُ بِقَدَرٍ
مَّا يَشَاءُ ۚ إِنَّهُ بِعِبَادِهِ خَبِيرٌ بَصِيرٌ ﴿٢٧﴾

၄၂ : ၂၇ ။ ။ စင်စစ် အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် မိမိကျွန် (အပေါင်း) တို့အား စားနပ်ရိက္ခာကို (အကန့်အသတ်မရှိ) ကျယ်ဝန်းပေါများစွာ ချီးမြှင့်တော်မူခဲ့ပါလျှင် အမှန်ပင် ထိုကျွန် (အပေါင်း) တို့သည် ကမ္ဘာမြေဝယ် ဆိုးသွမ်း သောင်းကျန်းခဲ့ကြမည်သာ (ဖြစ်၏။) သို့ရာတွင် အသျှင်မြတ်သည် (စားနပ်ရိက္ခာကို တဖြည်းဖြည်း) မိမိအလိုရှိတော်မူသော အတိုင်းအတာနှင့်အမျှ ချပေးတော်မူ၏။ ဧကန်စင်စစ် ထိုအသျှင်မြတ်သည် မိမိကျွန်အပေါင်းတို့ (၏ အရေးအကြောင်းတို့) နှင့် ပတ်သက်၍ ကောင်းစွာ သိတော်မူသော အသျှင်၊ (၎င်းတို့၏အခြေအနေကို) ကောင်းစွာ မြင်တော်မူသော အသျှင် ဖြစ်တော်မူ၏။

وَهُوَ الَّذِي يُنَزِّلُ الْغَيْثَ
مِنْ بَعْدِ مَا قَنَطُوا وَيَنْشُرُ رَحْمَتَهُ ۚ وَهُوَ الْوَلِيُّ الْحَمِيدُ ﴿٢٨﴾

၄၂ : ၂၈ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် လူတို့မျှော်လင့်ချက် ကင်းခဲ့ကြသည့်နောက်တွင် မိုးရေကို ရွာသွန်းစေတော်မူ၏။ ၎င်းပြင် မိမိကရုဏာတော်ကို ပြန့်စေတော်မူ၏။ စင်စစ် ထိုအသျှင်မြတ်သည် ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးတော်မူသော အသျှင်၊ ချီးမွမ်းအပ်သည့် အထူးထူးသော ဂုဏ်၊ ဝိသေသအပေါင်းတို့နှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

وَمِنْ آيَاتِهِ خَلْقُ السَّمَاوَاتِ وَالْأَرْضِ وَمَا بَثَّ فِيهِمَا مِنْ دَابَّةٍ ۚ
وَهُوَ عَلَىٰ جَمْعِهِمْ إِذَا يَشَاءُ قَدِيرٌ ﴿٢٩﴾

၄၂ : ၂၉ ။ ။ မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူခြင်းသည်လည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေ၌ ဖြန့်ထားတော်မူသော သက်ရှိအပေါင်းတို့အား ဖန်ဆင်းတော်မူခြင်းသည်လည်းကောင်း၊ ထိုအသျှင်မြတ်၏ သက်သေလက္ခဏာတော်များအနက် (တစ်ပါး) အပါအဝင် ဖြစ်၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသောအခါ ၎င်းတို့အား စုရုံးခြင်းကိုလည်း ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

وَمَا أَصَابَكُمْ مِنْ مُصِيبَةٍ فَبِمَا كَسَبَتْ أَيْدِيكُمْ وَيَعْفُو عَنْ كَثِيرٍ ﴿٣٠﴾

၄၂ : ၃၀ ။ ။ စင်စစ် အသင်တို့၌ သက်ရောက်လေ့ရှိသော ဘေးဒုက္ခဟူသရွေ့သည် အသင်တို့၏ လက်များက ရှာဖွေဆည်းပူးခဲ့ကြသော အပြုအမူတို့ကြောင့်ပင် သက်ရောက်ခဲ့သည်သာ (ဖြစ်၏။) ၎င်းပြင် ထိုအသျှင်မြတ်သည် များစွာသော ပြစ်မှုများကိုမူ ခွင့်လွှတ် တော်မူ၏။

وَمَا أَنْتُمْ بِمُعْجِزِينَ فِي الْأَرْضِ ۖ وَمَا لَكُمْ مِنْ دُونِ اللَّهِ مِنْ وَلِيٍّ وَلَا نَصِيرٍ ﴿٣١﴾

၄၂ : ၃၁ ။ ။ ၎င်းပြင် အသင်တို့သည် ထို (အသျှင်မြတ်အား) ကမ္ဘာမြေ၏ မည်သည့်အစိတ်အပိုင်း မည်သည့်နေရာ၌ (မျှပင်) မတတ်စွမ်းနိုင်အောင် ပြုစွမ်းနိုင်ကြသူများ မဟုတ်ကြပေ။ ထို့ပြင် အသင်တို့၌ အလ္လာဟ်အသျှင်မြတ်အပြင် ကာကွယ်စောင့်ရှောက်မည့်သူဟူ၍လည်း အလျဉ်းမရှိပြီ။ ကူညီစောင်မမည့်သူဟူ၍လည်း အလျှင်း မရှိပေ။

وَمِنْ آيَاتِهِ الْجَوَارِ فِي الْبَحْرِ كَالْأَعْلَامِ ﴿٣٢﴾

၄၂ : ၃၂ ။ ။ ထို့ပြင် သမုဒ္ဒရာပင်လယ်၌ တောင်များပမာ (လှုပ်ရှားသွားလာလျက် ရှိနေကြသော) ရွက် သင်္ဘောများမှာလည်း ထိုအသျှင်မြတ်၏ သက်သေလက္ခဏာတော်တို့တွင် (တစ်ပါး) အပါအဝင် ဖြစ်ကြကုန်၏။

إِن يَشَأْ يُسْكِنِ الرِّيحَ فَيَظْلَلْنَ رَوَاكِدَ عَلَىٰ ظَهْرِهِ ۚ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّكُلِّ صَبَّارٍ شَكُورٍ ﴿٣٣﴾

၄၂ : ၃၃ ။ ။ အကယ်၍ ထိုအသျှင်မြတ်သည် အလိုရှိတော်မူပါလျှင် လေကို ငြိမ်သက်စေတော်မူမည်သာ (ဖြစ်၏။) ထိုအခါ ယင်းရွက်သင်္ဘောများမှာ သွားလာလှုပ်ရှားနိုင်ခြင်း မရှိတော့ဘဲ၊ သမုဒ္ဒရာပင်လယ်၏ မျက်နှာပြင်ဝယ် ရပ်တန့်လျက်ပင် ရှိနေကြပေမည်။ ဧကန်မလွဲ ဤသည့်၌ အလွန်တရာ ကျေးဇူးသိတတ်သော၊ အလွန်တရာ သည်းခံခြင်းတရားထားရှိသူတိုင်းအဖို့ အမှန်ပင် သက်သေလက္ခဏာများသည် ရှိကြကုန်၏။

أَوْ يُوبِقْهُنَّ بِمَا كَسَبُوا وَيَعْفُ عَن كَثِيرٍ ﴿٣٤﴾

၄၂ : ၃၄ ။ ။ သို့တည်းမဟုတ် ထိုအသျှင်မြတ်သည် (အလိုရှိတော်မူပါလျှင်) ထိုသင်္ဘော (ပေါ်၌ စီးနင်းလိုက်ပါကြသော သူ) တို့အား ၎င်းတို့၏ ပြုမူ ဆည်းပူးချက်တို့ကြောင့် ဖျက်ဆီးတော်မူပေမည်။ သို့တစေလည်း ထိုအသျှင်မြတ်သည် (၎င်းတို့အနက်) များစွာသော သူတို့အား ခွင့်လွှတ်တော်မူလေ့ ရှိ၏။

وَيَعْلَمَ الَّذِينَ يُجَادِلُونَ فِي آيَاتِنَا مَا لَهُم مِّن مَّحِيصٍ ﴿٣٥﴾

၄၂ : ၃၅ ။ ။ (ထိုအခါ) ငါအသျှင်မြတ်၏ အာယသ်တော်များ၌ အငြင်းအခုံပြုလေ့ရှိကြသော သူတို့သည် မိမိတို့၌ ထွက်ပြေးလွတ်မြောက်ရာဟူ၍ အလျှင်းမရှိတော့ပြီဟု [မျက်ဝါးထင်ထင်] သိရှိ (သွား) ကြရန်အလို့ငှာ (ဖြစ်ပေ၏။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

စင်စစ် (အလ္လာဟ်အသျှင်မြတ်၏ အမြော်အမြင်နှင့် ပြည့်စုံတော်မူသော လက္ခဏာတော်များစွာမှ လက္ခဏာတစ်ရပ်မှာ ထိုအသျှင်မြတ်သည် အားလုံးသော သူတို့အား ပစ္စည်းဥစ္စာများစွာကို မချီးမြှင့်ပေ။ အဘယ်ကြောင့်ဆိုသော်) အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကျွန် (အပေါင်း) တို့အား စားနပ်ရိက္ခာကို (အကန့်အသတ်မရှိ) ကျယ်ဝန်းပေါများစွာ ချီးမြှင့်တော်မူခဲ့ပါလျှင် အမှန်ပင် ထိုကျွန် (အပေါင်း) တို့သည် ကမ္ဘာမြေဝယ် (များသောအားဖြင့်) ဆိုးသွမ်းသောင်းကျန်းခဲ့ကြမည်သာ (ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် လူသားထုအားလုံး ချမ်းသာကြွယ်ဝကြကာ တစ်ဦးတစ်ယောက်သည်ပင်လျှင် အခြားတစ်ဦးတစ်ယောက်အဖို့ လုံးဝ လိုလားတပ်မက်မှု မရှိပါမူ မည်သူတစ်ဦးတစ်ယောက်မျှလည်း အခြားတစ်ဦးတစ်ယောက်အား ရှိန်၍ ကြောက်ရွံ့မည်မဟုတ်ပေ။) သို့ရာတွင် (လုံးဝ တစ်ဦးတစ်ယောက်ကိုမျှ တစ်စုံတစ်ရာ မျှကိုပင် မပေးသည်ဟူ၍လည်း မရှိပေ။ သို့သာမက) ထိုအသျှင်မြတ်သည် (စားနပ်ရိက္ခာကို တစ်ဖြည်းဖြည်း) မိမိအလိုရှိတော်မူသော (သင့်တော်သည့်) အတိုင်းအတာနှင့်အမျှ (တစ်ဦးတစ်ယောက်ချင်းအဖို့) ချပေးတော်မူ၏။ (အဘယ်ကြောင့်ဆိုသော် ဧကန်စင်စစ် ထိုအသျှင်မြတ်သည် မိမိကျွန်အပေါင်း၏ အရေးအကြောင်း) တို့နှင့်ပတ်သက်၍ ကောင်းစွာ သိတော်မူသော အသျှင်၊ (၎င်းတို့၏ အခြေအနေကို) ကောင်းစွာ မြင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

၄င်းပြင် (ထိုအသျှင်မြတ်သည်ပင် ဤသို့ အတိုင်းအတာမဲ့ ကရုဏာထားတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ အကြင်အသျှင်မြတ်သည်ပင်လျှင် များစွာသော အချိန်အခါမျိုးတွင်) လူတို့ မျှော်လင့်ချက်ကင်းမဲ့သွားကြပြီးနောက်တွင် မိုးရေကို ရွာသွန်းစေတော်မူ၏။ ထို့ပြင် မိမိ၏ ကရုဏာတော်၏ နိမိတ်လက္ခဏာတော်များကို (ကမ္ဘာမြေပထဝီပေါ်ဝယ်) ပြန့်စေတော်မူ၏။ (ကရုဏာတော်၏ နိမိတ်လက္ခဏာများ၏ အလိုသဘောသည် သစ်ပင်ပေါက်ပင်များနှင့် သစ်သီးသစ်ရွက်တို့ပင် ဖြစ်သည်။) စင်စစ် ထိုအသျှင်မြတ်သည် ကိစ္စအဝဝ (အားလုံး) ကို ပြီးစီးအောင် ဆောင်ရွက်ပေးတော်မူသော အသျှင်၊ ထိုသို့ ဆောင်ရွက်နိုင်စွမ်း ရှိခြင်းအပေါ်) ချီးမွမ်းအပ်သည့် အထူးထူးသော ဂုဏ်ဝိသေသအပေါင်းတို့နှင့် ပြည့်စုံတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းခြင်းသည်လည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေ၌ ဖြန့်ထားတော်မူသော သက်ရှိအပေါင်းတို့အား ဖန်ဆင်းတော်မူခြင်းသည်လည်းကောင်း ထိုအသျှင်မြတ်၏ (စွမ်းဆောင်နိုင်တော်မူခြင်း) ၏ သက်သေလက္ခဏာတော်များအနက် (တစ်ပါး) အပါအဝင် ဖြစ်၏။ ၄င်းပြင် ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသော ('ကေယာမသ်' နေ့တွင် ဒုတိယအကြိမ် အသက်ရှင်ပြန် ထစေကာ) ၄င်း (အဖန်ဆင်းခံအားလုံး) တို့အား စုရုံးခြင်းကိုလည်း ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

စင်စစ် (ထိုအသျှင်မြတ်သည် အစားယူတော်မူသော၊ ကလဲ့စားချေတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ သို့ရာတွင် တစ်ဆက်တည်းမှာပင် ချမ်းသာပလပ်ခွင့် ပေးသနားတော်မူသော အသျှင်မြတ်လည်း ဖြစ်တော်မူပေသည်။ သို့ရှိရာ အို၊ ပြစ်မှုဒုစရိုက်ကို ကျူးလွန်နေသူအပေါင်းတို့) အသင်တို့၌ (အမှန်တကယ်) သက်ရောက်လေ့ရှိသော ဘေးဒုက္ခဟူသရွေ့တို့သည် အသင်တို့၏ လက်များက ရှာဖွေဆည်းပူးခဲ့ကြသော အပြုအမူတို့ကြောင့်ပင် သက်ရောက်ခဲ့သည်သာ (ဖြစ်၏။ သို့သော်ငြားလည်း ပြစ်မှုဒုစရိုက်တိုင်းအပေါ်၌လည်း မသက်ရောက်စေထားဘဲ အချို့သော ပြစ်မှုဒုစရိုက်တို့အပေါ်၌သာ သက်ရောက်စေထားပေသည်) ၄င်းပြင် ထိုအသျှင်မြတ်သည် များစွာသော ပြစ်မှုများကို ခွင့်လွှတ်ချမ်းသာပေးတော်မူ၏။ (နှစ်လောကနှစ်ဌာနစလုံး၌ဖြစ်စေ၊ (သို့မဟုတ်) ဤကမ္ဘာလောက၌သာလျှင် ဖြစ်စေ) ၄င်းပြင် (အကယ်၍ ထိုအသျှင်မြတ်သည် ပြစ်မှုဒုစရိုက်အလုံးစုံတို့အပေါ် အရေးယူဆောင်ရွက်တော်မူပါမူ) အသင်တို့သည် (ထိုအသျှင်မြတ်အား) ကမ္ဘာမြေ (၏ မည်သည့်အစိတ်အပိုင်း၊ မည်သည့်နေရာ) ၌ (မျှပင် ခိုလှုံမှုကို ရယူကာ ထိုအပြစ်ဒဏ်မှာ လွတ်မြောက်မှု ရရှိအောင်) မတတ်စွမ်းနိုင်အောင် ပြုစွမ်းနိုင်ကြသူများ မဟုတ်ကြပေ။ ထို့ပြင် (ဤကဲ့သို့သော အချိန်၌) အသင်တို့၌ အလ္လာဟ်အသျှင်မြတ်အပြင် ကာကွယ်စောင့် ရှောက်မည့်သူ ဟူ၍လည်း အလျဉ်းမရှိပေ။

ထို့ပြင် ပင်လယ်သမုဒ္ဒရာ၌ (ဤသို့ မြင့်မားလှစွာသော) တောင်များပမာ (လှုပ်ရှားသွားလာလျက် ရှိနေကြသော ရွက်သင်္ဘောများမှာလည်း ထိုအသျှင်မြတ်၏ (တန်ခိုးတော်) သက်သေလက္ခဏာတို့တွင် (တစ်ပါး) အပါအဝင် ဖြစ်ကြကုန်၏။ အလိုသဘောမှာ ထိုသင်္ဘောများ ပင်လယ်သမုဒ္ဒရာများ

အတွင်း၌ သွားလာလှုပ်ရှားနေခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ အံ့ဖွယ်ကောင်းသော ဖန်ဆင်းမှုလက်ရာတော်၏ အထောက်အထားများအနက်မှ တစ်ခုဖြစ်ပေသည်။)

(သို့တည်းမဟုတ်) အကယ်၍ ထိုအသျှင်မြတ်သည် အလိုရှိတော်မူလျှင် လေကို (ငြိမ်သက်စေတော်မူမည်သာ ဖြစ်၏။) ထိုအခါ ယင်းရွက်သင်္ဘောများမှာ သွားလာလှုပ်ရှားနိုင်ခြင်း မရှိတော့ဘဲ သမုဒ္ဒရာပင်လယ်ပြင်၏ မျက်နှာပြင်ဝယ် ရပ်တန့်လျက်ပင် ရှိနေကြပေမည်။ (လေကို တိုက်ခတ်စေ၍ ၎င်းဖြင့် ရွက်သင်္ဘောများကို သွားလာစေခြင်းသည် ထိုအသျှင်မြတ်၏ ပြုမူဆောင်ရွက်ချက်သာ ဖြစ်ပေသည်။) ဧကန်မလွဲ ဤသည်၌ (စွမ်းဆောင်နိုင်တော်မူခြင်း၏ တန်ခိုးတော်များအပေါ် ညွှန်ပြလျက် ရှိနေသည့်) အလွန်တရာ ကျေးဇူးသိတတ်တော်မူသော၊ အလွန်တရာ သည်းခံခြင်းတရား ထားရှိသူတိုင်း (မုအ်မင်န်များ) အဖို့ အမှန်ပင် သက်သေလက္ခဏာများသည် ရှိကြကုန်၏။

(ထိုအချက်နှင့် စပ်လျဉ်းသော အကျယ်ဖွင့်ဆိုချက်ကို စူရာဟ်လွတ်က်မာန်၏ နောက်ဆုံးရုကူအ်တွင် အထက်ဖော်ပြပါကဲ့သို့သော အာယသ်တော် ဝါကျများ၏ ရှင်းလင်းချက်အောက်၌ တင်ပြခဲ့ပြီး ဖြစ်ပေသည်။ အချုပ်မှာ အကယ်၍ ထိုအသျှင်မြတ် အလိုရှိတော်မူသည်ဆိုလျှင် လေကို တည်ငြိမ်အောင်ပြု၍ သင်္ဘောများကို ရပ်တန့်ထားစေတော်မူပေမည်။) သို့တည်းမဟုတ် (အကယ်၍ ထိုအသျှင်မြတ် အလိုရှိတော်မူသည်ဆိုလျှင် လေပြင်းမုန်တိုင်း တိုက်ခတ်စေ၍) ထိုသင်္ဘော (ပေါ်၌ စီးနင်းလိုက်ပါလာကြကုန်သောသူ) များကို ၎င်းတို့၏ မကောင်းသော) ပြုမူဆည်းပူးချက်၊ ('ကုဖွရ်' သွေဖည်ငြင်းဆိုမှု) တို့ကြောင့် ဖျက်ဆီးတော်မူပေမည်။ သို့တစေလည်း ထိုအသျှင် မြတ်သည် (၎င်းတို့အနက်) များစွာသော သူတို့အား ခွင့်လွှတ်တော်မူလေ့ရှိ၏။ (နောင်တမလွန်၌ 'အဇာဗ်' အပြစ်ဒဏ်ခံရနေလင့်ကစား ဤကမ္ဘာလောက၌မူ ရေမနစ်မြုပ်စေခဲ့ပေ။)

ထို (ကဲ့သို့ ပျက်စီးခြင်းခံရသောအချိန်) အခါ (ငါအသျှင်မြတ်၏ အာယသ်တော်များ၌ အငြင်းအခုံပြုလေ့ ရှိကြသော သူတို့အား (ယခု) မိမိတို့၌ ထွက်ပြေးလွတ်မြောက်ရာဟူ၍ (နည်းလမ်း) အလျဉ်းမရှိတော့ပြီဟု (မျက်ဝါးထင်ထင်) သိရှိ (သွား) ကြရန်အလို့ငှာ (ဖြစ်ပေ၏။ အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့ အချိန်အခါမျိုး၌လည်း ၎င်းတို့သည်လည်း မိမိတို့ မျှော်လင့်ခဲ့ကြသော ဖက်စပ် ခဝပ်ကိုးကွယ်လျက်ရှိနေသော အရာမျိုးကို မစွမ်းနိုင်သော အရာများ'ဟူ၍သာ မှတ်ယူထားလေ့ရှိကြ၍ ဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အာယသ်တော်များ၏ ဆက်စပ်မှုနှင့် ကျရောက်လာခြင်း၏ ကျောထောက်နောက်ခံသမိုင်း

ဤအာယသ်တော်များအတွင်း၌ အလ္လာဟ်အသျှင်မြတ်သည် ကိုးကွယ်ခံထိုက်သော အသျှင်တစ်ပါးတည်း တည်ရှိခြင်း၏ အခြေခံမူဝါဒကို အတည်ပြုပေးစေရန် ခပ်သိမ်းကုန်သော စကြဝဠာအပေါင်းတို့အား ခိုင်မာစွာ ထိန်းချုပ်ဝိုင်းရံထားစေခြင်း၏ အဓိက အကြောင်းခံဖြစ်သော မိမိ၏ ပြီးပြည့်စုံသော ဆင်ခြင်တုံ

တရားနှင့် ပြည့်စုံတော်မူသော အမြော်အမြင်တော်အကြောင်းအား တင်ပြထားပေသည်။ အလိုသဘောမှာ စကြဝဠာများအား ဤသို့ နိုင်မာစွာ ထိန်းချုပ်ထားနိုင်ခြင်းသည် 'ဆင်ခြင်တုံတရားနှင့် ပြီးပြည့်စုံတော်မူသော အမြော်အမြင်ရှိသော အသျှင်နှင့် သိရှိနားလည်တော်မူသော အသျှင်တစ်ပါးသည် ၄င်းစကြဝဠာများအား လှုပ်ရှားလည်ပတ် သွားလာနေစေခြင်းဖြစ်သည်'ဟူသော အကြောင်းအပေါ် ရှင်းလင်းလှစွာသော အထောက်အထား ဖြစ်ပေသည်။

ထိုစာစဉ်အကြောင်းအရာ၏ အစနိဒါန်းကို အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အမြော်အမြင်တော်ဖြင့် ကမ္ဘာလောက၌ ကျင်လည်လှုပ်ရှား သွားလာထားစေ၍ ဝမ်းစာရှာဖွေစေခြင်း၏ စီမံကိန်းဘက်သို့ ရည်ညွှန်းဖော်ထုတ်ကာ မိန့်တော်မူထားပေသည်။ ဤစာစဉ်အကြောင်းအရာသည် လွန်လေပြီးခဲ့သော အာယသ်တော်များဖြင့် ဤသို့ ဆက်နွယ်လျက် ရှိနေပေသည်။ လွန်လေပြီးသော အာယသ်တော်များအတွင်းတွင် 'အလ္လာဟ်အသျှင်မြတ်သည် မုအ်မင်န်တို့၏ ခဝပ်ကိုးကွယ်မှုများကို လက်ခံတော်မူကြောင်း၊ ထိုခဝပ်ကိုးကွယ်မှုများကို လက်ခံခြင်း၏ ကွင်းဆက်တစ်ဆက်တည်းအတွင်းတွင် ၄င်းတို့၏ တောင်းဆုဒိုအာကို လက်ခံထားတော်မူခြင်း အကြောင်းသည်လည်း ပါဝင်နေ၏' တို့ကို တင်ပြထားပေသည်။ 'ယခု ဤနေရာ၌ မွတ်စ္စလင်မ်တို့သည် မိမိတို့၏ လောကီရေးရာ ရည်ရွယ်ချက်တစ်စုံတစ်ရာအတွက် ဆုမွန်ဒိုအာကို တောင်းခံပေရာ ယင်းရည်ရွယ်ချက် မပြည့်ဝကြောင်းကို များသောအားဖြင့် မြင်တွေ့နေခြင်း'နှင့် စပ်လျဉ်းသော စောဒကတစ်ရပ် တက်နိုင်ဖွယ်ရှိပေသည်။ ထိုစောဒက၏ အဖြေကို တင်ပြလျက်ရှိနေသော အာယသ်တော်များ၏ ပထမဦးဆုံးသော အာယသ်တော်အတွင်း၌ ဖြေကြား မိန့်မြွက်ထားပေသည်။ ဖြေကြားချက်၏ အချုပ်သဘောတရားမှာ ဤသို့ပင် ဖြစ်သည်။ လူသားတို့၏ တပ်မက်မှုတိုင်း ပြည့်ဝခြင်းမှာ အချို့သော အချိန်အခါမျိုးတွင် ၄င်းလူသားတစ်ဦးတစ်ယောက် ကိုယ်တိုင်၏ အကျိုးတရားအရသော်လည်းကောင်း၊ အများအကျိုးအရသော်လည်းကောင်း စသော အချက်တို့ဖြင့် ဆန့်ကျင်ဘက်ဖြစ်နေတတ်ပေသည်။ ဤအတွက်ကြောင့် အကယ်၍ အချိန်တစ်ချိန်၌ တစ်ဦးတစ်ယောက်၏ တောင်းဆုဒိုအာ တစ်စုံတစ်ရာသည် ပြင်ပသဏ္ဍာန်အားဖြင့် ရှုမြင်သုံးသပ်မည်ဆိုလျှင် လက်ခံခြင်းမခံထားရကြောင်းကို တွေ့မြင်နိုင်ပေသည်။ သို့ရှိရာ ထိုသို့ လက်ခံတော်မမူခြင်း၏ နောက်ကွယ်၌ 'အကြွင်းမဲ့ သိတော်မူသော အသျှင်၊ ဆင်ခြင်တုံတရား အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အသျှင်၊ ဖန်ဆင်းတော်မူသော အသျှင်မြတ်'မှအပ အခြားမည်သူ တစ်ဦးတစ်ယောက်မျှ မသိရှိနိုင်သော စကြဝဠာများအတွင်းရှိ ကြီးကျယ်လှစွာသော ကြောင်းကျိုးတရားများ ရှိနေပေသည်။ အကယ်၍ ကမ္ဘာလောကအတွင်းရှိ လူသားတိုင်းကို အမျိုးမျိုးသော ရိဇ်ကရိက္ခာနှင့် အမျိုးမျိုးသော စည်းစိမ်ရတနာများကို ချီးမြှင့်ထားပါမူ ကမ္ဘာလောကကြီး၏ ဤစီမံမှု၊ စီမံကိန်းကြီးသည် အမြော်အမြင်တော်ဖြင့် လည်ပတ်သွားလာနိုင်မည် မဟုတ်တော့ပေ။ *[သဖ်စီးရ်ရှေကဗီးရ်]*

သို့ရှိရာ အချို့သော ဆင့်ပြန်ချက်များဖြင့် တင်ပြပါအချက်အား အထောက်အကူပြု မီးမောင်းထိုးပြထားပေသည်။ ဤအာယသ်တော်သည် ထိုကဲ့သို့သော မုအ်မင်န်များနှင့် စပ်လျဉ်း၍ ကျရောက်လာပေ

သည်။ အကြင်မုအ်မင်န်များသည် ကာဖိရ်များ၏ ပစ္စည်းဥစ္စာ ခနစည်းစိမ်ကို ကြည့်ကာ မိမိတို့သည်လည်း ဤကဲ့သို့ ချောင်လည်ပေါများ ကြွယ်ဝမှုရရှိလျှင် ကောင်းလေစွ'ဟူ၍ ဆန္ဒတပ်မက်မှု ထားလာခဲ့ကြပေသည်။ အေမာမ်ဗဂဝီး (ရဟ) သခင်ကြီးသည် ဟဇရသ်ခဗ်ဗားဗ် ဗင်န် အာရသ် رضي الله عنه ၏ ဤအဆိုကို တင်ပြ ဆင့်ပြန်ထားပေသည်။ ကျွန်ုပ်တို့သည် ဗနူကုရိုက်ဇားဟ်၊ ဗနူနဇိုးရ်နှင့် ဗနူကိုင်နုကားအ်တို့၏ ခနစည်းစိမ်ရတနာများကို တွေ့မြင်ပါမှု ကျွန်ုပ်တို့၏ နှလုံးသားများအတွင်း၌ ပစ္စည်းဥစ္စာများအား တပ်မက်သည့် စိတ်များ ပေါ်ပေါက်လာပေသည်။ ထိုအချက်အပေါ် ဤအထက်ဖော်ပြပါ အာယသ်တော် ကျရောက်လာပေသည်။ ဟဇရသ်အမရ်ဗင်န်ဟုရိုင်းစ် رضي الله عنه သခင်ကြီးက ဤသို့ တင်ပြထားပြန်ပေသည်။ အစ္ဖဟာဗေ့စုဖ်ဖား (မတ်စ်ဂျေဒ္ဒေနဗဝီနေ ကျောင်းတော်သား) များထဲမှ အချို့သော သူတို့သည် တမန်တော်မြတ် ﷺ ၏ ရှေ့တော်မှောက်ဝယ် အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့အား ကြွယ်ဝသူများအဖြစ် ပြုပေးတော်မူပါစေ'ဟူသော တပ်မက်မှုကို ဖော်ထုတ်လိုက်သောအခါ ဤအထက်ဖော်ပြပါ အာယသ်တော် ကျရောက်လာပေသည်။ *[ရှုဟုလ်မအာနီး]*

ကမ္ဘာလောက၌ ဥစ္စာပစ္စည်းပေါများ ကြွယ်ဝလာခြင်းသည်လည်း ပျက်စီးရာပျက်စီးကြောင်း၏ အကြောင်းခံဖြစ်ခြင်းအကြောင်း

မည်သို့ပင်ဆိုစေကာမူ အာယသ်တော်မြတ်အတွင်း၌ ဤသို့ မိန့်မြွက်ထားတော်မူပေသည် အကယ်၍ ကမ္ဘာလောက၌ ရှိသော သူတိုင်းအား အမျိုးမျိုးသော စားနပ်ရိက္ခာများနှင့် အမျိုးမျိုးသော စည်းစိမ်ရတနာများကို ချီးမြှင့်လိုက်ပါမူ လူတို့သည် တစ်ဦးနှင့်တစ်ဦး ဖီလာဆန်ကျင်မှုကို ပြုကာ ပုန်ကန်ထကြွမှုနှင့် ပျက်စီးရာပျက်စီးကြောင်းတို့ကို အတိုင်းထက်အလွန် ပြုမူကြပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ပစ္စည်းဥစ္စာများ ပေါများကြွယ်ဝလာခြင်းကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ အခြားတစ်ဦးတစ်ယောက်အား လိုလားတပ်မက်သူနှင့် အနိမ်ခံဘဝသို့ မရောက်ရှိလိုကြတော့ပေ။ ဒုတိယရှုထောင့်တစ်ရပ်မှာ ခနစည်းစိမ် ပေါများကြွယ်ဝခြင်း၏ ဝိသေသတစ်ရပ်မှာ အဘယ်မျှခန့် ဥစ္စာခနစည်းစိမ် တိုးပွားများပြားလာလေ၊ ထိုမျှခန့် လောဘရမ္မက် တိုးပွားလာမည်ပင် ဖြစ်သည်။ လောဘတိုးပွားလာခြင်းကြောင့် မုချ သက်ရောက်လာမည့် အကျိုးဆက်မှာ တစ်ဦးသည် အခြားသော သူတစ်ဦးတစ်ယောက် ပိုင်ဆိုင်သော ပိုင်ဆိုင်မှုများအပေါ် လက်ဝါးကြီးဆုပ်ရန်အတွက် အင်အားအာဏာနှင့် အခြားမတရားသော ဖိနှိပ်ချုပ်ချယ်မှု၊ နိုင်ထက်စီးနင်းမှုတို့ကို တွန့်ဆုတ်မှုမရှိဘဲ အသုံးချမည်သာ ဖြစ်သည်။ ခိုက်ရန်ဖြစ်ပွားခြင်း၊ အရှုပ်အရှင်းပြဿနာများ ပေါ်ပေါက်လာခြင်း၊ ဆိုးသွမ်းယုတ်မာမှုများကို ပြုလာခြင်းနှင့် အခြားသော ဒုစရိုက်မှုများသည် အတိုင်းထက်အလွန် သာပို များပြားစွာ ဖြစ်ပေါ်လာပေမည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် လူတိုင်းအား အမျိုးမျိုးသော စားနပ်ရိက္ခာနှင့် အမျိုးမျိုးသော စည်းစိမ်ရတနာများကို မချီးမြှင့်ဘဲ ထိုစည်းစိမ်ရတနာများကို မိမိ၏ ကျေးကျွန်များအပေါ်ဝယ် 'အချို့သော သူများထံ၌ စည်းစိမ်ရတနာများ ပေါများကြွယ်ဝ

ကာ အချို့သောသူများသည် ကျန်းမာရေးနှင့် အားအင်ပြည့်ဖြိုးမှု၌ အခြားသောသူများထက် သာပိုနေပေသည်။ အချို့သောသူများကို ရုပ်ရူပကာ အဆင်းသဏ္ဍာန်ကို တင့်တယ်စွာ ချီးမြှင့်ထားပြီး အချို့သောသူများထံဝယ် 'အီလ်မ်' (အသိပညာ) နှင့် အမြော်အမြင်တို့ သည် အခြားသောသူများထက် သာပိုနေပေသည်' ဟူသော ဝေခွဲရေးစနစ်ဖြင့် ချီးမြှင့်ပေးထားပေသည်။ အချုပ်မှာ လူတိုင်းသည် မည်သည့်အချက်အလက် တစ်ချက်ချက်ကိုမဆို အခြားသောသူများအား တပ်မက် နေရပေသည်။ ထိုသို့ အချင်းချင်းကြား တစ်ဦးကို တစ်ဦး လိုလားနေရသည့်အပေါ် 'စည်းလုံးညီညွတ်စွာ နေထိုင်ခြင်း' ၏ အဆောက်အဦးကို တည်ဆောက်ထားပေသည်။

وَلٰكِنْ يُّنَزِّلُ بِقَدَرٍ مَّا يَشَآءُ

(သို့ရာတွင် ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသော အတိုင်းအတာနှင့်အမျှ ချပေးတော်မူ၏)

[၄၂ : ၂၇]

ဟူသော အာယသ်တော်၏ အလိုသဘောသည်လည်း ဤသည်သာလျှင် ဖြစ်ပေသည်။ အလ္လာဟ် အသျှင်မြတ်သည် မိမိ၏ စည်းစိမ်တော်များကို သီးသန့်အတိုင်းအတာတစ်ရပ်ဖြင့် လောကသားများအပေါ်ဝယ် ချပေးသနားထားတော်မူပေသည်။

ထို့နောက် ရှေ့တွင်

اِنَّهٗ بِعِبَادِهٖ خَبِيْرٌۢ بَصِيْرٌ

(ဧကန်စင်စစ် ထိုအသျှင်မြတ်သည် မိမိကျွန်အပေါင်းတို့နှင့် ပတ်သက်၍ ကောင်းစွာ သိတော်မူသော အသျှင်၊ ကောင်းစွာ မြင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။) [၄၂ : ၂၇]

ဟူ၍ မိန့်တော်မူကာ မည်သူ့အဖို့ မည်သည့်စည်းစိမ်ရတနာသည် သင့်တော်၍ မည်သူ့အဖို့ မည်သည့် စည်းစိမ်ရတနာသည် ဆုံးရှုံးမှုဖြစ်ပေါ်စေသည်ကို အလ္လာဟ်အသျှင်မြတ်သည် ကောင်းစွာ သိနားလည်တော်မူသော အသျှင်ဖြစ်ခြင်းဘက်သို့ ရည်ညွှန်းဖော်ထုတ်တော်မူလိုက်ပေသည်။ ဤအတွက်ကြောင့် ထိုအသျှင်မြတ်သည် လူတိုင်းအား သင့်တော်သော စည်းစိမ်ရတနာများကို ချီးမြှင့်ပေးသနားထားတော်မူပေသည်။ အကယ်၍ တစ်ဦးတစ်ယောက်ထံမှ စည်းစိမ်တစ်စုံတစ်ရာကို ပြန်လည် ရုပ်သိမ်းလိုက်သည်ဆိုလျှင်လည်း ထိုသို့ ရုပ်သိမ်းလိုက်ခြင်းသည် ၎င်းကာယကံရှင်ကိုယ်တိုင်နှင့် စကြဝဠာတစ်ခွင်လုံး၏ အကျိုးအပေါ်၌သာ မူတည်၍ ရုပ်သိမ်းလိုက်ခြင်း ဖြစ်ပေသည်။ လူတိုင်းလူတိုင်းနှင့် စပ်လျဉ်း၍ ဤသို့ ကြောင်းကျိုးတရားသည် ကျွန်ုပ်တို့၏ အသိဉာဏ်အတွင်းသို့ ရောက်ရှိကာ နားလည်ရမည်'ဟူသော အချက်သည် လုံးဝ အရေးမကြီးပေ။ အဘယ်ကြောင့်ဆိုသော် ဤနေရာလောက၌ လူတိုင်းသည် မိမိတို့ သိမြင်နိုင်ခြင်း၏ အတိုင်းအတာဘောင်တစ်ခု အတွင်း၌သာ တည်ရှိသော စဉ်းစားမှုမျိုးကိုသာ ပြုနိုင်ပေသည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် ခပ်သိမ်းကုန်သော စကြဝဠာအပေါင်း၏ ကြောင်းကျိုးတရားများ တည်ရှိနေပေသည်။ ထို့ကြောင့် ပင် ယင်းအသျှင်မြတ်၏ အမြော်အမြင်တော်များ အားလုံးထိတိုင် စဉ်းစားရောက်ရှိရန်မှာ မဖြစ်နိုင်ပေ။

ယင်းအချက်နှင့် စပ်လျဉ်းသော ခံစားသိမြင်နိုင်သော သီအိုရီတစ်ရပ်မှာ သစ္စာသမာဓိရှိသော တိုင်းပြည်ရေးရာကို စီမံခန့်ခွဲနေသော သူတစ်ဦးသည် များစွာသော အချိန်အခါမျိုး၌ 'အချို့သော သူများနှင့် ဆန့်ကျင်ဘက် ဖြစ်ရှိနေသော' အမိန့်များကို အတည်ပြုပြဋ္ဌာန်းတော်မူပေသည်။ ၎င်းတို့သည် ထိုသို့ ပြဋ္ဌာန်းလိုက်သည့်အတွက်ကြောင့် ဒုက္ခတွင်းထဲသို့ သက်ရောက်သွားပေသည်။ အကြင်သူသည် ဤကဲ့သို့ ဒုက္ခ၏ သားကောင်ဖြစ်သွားခြင်းသည် စင်စစ် ၎င်းသည် မိမိ၏ အတ္တအကျိုးအတွင်းသာ နေ၍ စဉ်းစားတွေးခေါ်လျက် ရှိနေခြင်းကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် ၎င်းသည် စီမံအုပ်ချုပ်သောသူ၏ ဤပြဋ္ဌာန်းချက်အသစ်ကို 'မကောင်း' ဟူ၍ ထင်မြင်ကောင်း ထင်မြင်နိုင်ပေသည်။ သို့ရာတွင် တစ်တိုင်းပြည်လုံးနှင့် မျိုးနွယ်အုပ်စု တစ်အုပ်စုလုံး၏ အခြေအနေများကို သေချာကျနစွာ ကြည့်ရှုသောသူသည် 'တစ်ဦးတစ်ယောက်ကောင်းကျိုးအတွက် တစ်တိုင်းပြည်လုံးကို မစွန့်လွှတ်နိုင်ကြောင်း' ကို သဘောပေါက်၍ ၎င်းသည် ဤကဲ့သို့သော စီမံကိန်း ချမှတ်မှုများကို 'မကောင်း' ဟူ၍လည်း စဉ်းစားတွေးတောမည် မဟုတ်ပေ။ ယခု အကြင် 'ဇာတ်' (ပင်ကိုယ်တော်) သည် ခပ်သိမ်းကုန်သော စကြဝဠာများ၏ စီမံကိန်းရေးရာကို လှုပ်ရှားသွားလာစေလျက်ရှိရာ ထိုအသျှင်မြတ်၏ အမြော်အမြင်တော်များအား မည်သူ ဝန်းခြုံတွေးတောနိုင်အံ့နည်း။ အကယ်၍ ဤအချက်သည် နှလုံးသား ဦးနှောက်အတွင်းသို့ ဝင်ရောက်သွားသည်ဆိုလျှင် 'ကမ္ဘာလောက၌ တစ်ဦးတစ်ယောက် ဒုက္ခရောက်နေသည်ကို တွေ့မြင်ကာ ပေါ်ပေါက်လာသော ဒွိဟသံသယနှင့် သို့လော၊ သို့လော အချက်များသည်' အလိုအလျောက် ပပျောက်သွားနိုင်ပေသည်။

ဤအထက်ဖော်ပြပါ အာယသ်တော်မှ 'ကမ္ဘာလောကအတွင်း၌ ရှိသော သူများအားလုံးသည် ခေတ္တစည်းစိမ်ရေးရာနှင့် စပ်လျဉ်း၍ သာတူညီမျှ ရရှိ၊ ဖြစ်ရှိရန်မှာ မဖြစ်နိုင်ကြောင်းနှင့် ဖန်ဆင်းခြင်းဆိုင်ရာ ကမ္ဘာလောက၏ စီမံကိန်းရေးရာ၏ ကြောင်းကျိုးအချက်အလက်များသည်လည်း ယင်းအချက်ကို မလိုလားကြောင်း' ဟူသော အချက်ကိုလည်း သိရှိရပေသည်။ ထိုမွေသတ်နှင့် စပ်လျဉ်းသော ပြည့်ဝစွာသော အကျယ်ချဲ့ဖွင့်ဆိုချက်ကို အကယ်၍ အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူမည်ဆိုလျှင် စူရာဟ်ဇုခ်ရုဖ်၏

نَحْنُ قَسَمْنَا بَيْنَهُمْ مَعِيْشَتَهُمْ ــ الاية

ဟူသော အာယသ်တော်၏ ရှင်းလင်းချက်အောက်၌ ရေးသားဖော်ပြပေးသွားမည် ဖြစ်ပေသည်။

"ဂျန္နသ်"နှင့် ကမ္ဘာလောက၏ ကွဲပြားခြားနားချက်

ဤနေရာ၌ 'ဂျန္နသ်'၌မူ လူသားအားလုံးတို့အပေါ် အမျိုးမျိုးသော 'နေအ်မသ်'စည်းစိမ်တော်များသည် ပေါများကြွယ်ဝစွာ ချီးမြှင့်ခြင်း ခံရပေလိမ့်မည်။ ထို 'ဂျန္နသ်'လောက၌ ဤခေတ္တစည်းစိမ်ရတနာတို့သည် ပျက်စီးရာပျက်စီးကြောင်း၏ အကြောင်းခံ အဘယ်ကြောင့် မဖြစ်ရှိပေသနည်း' ဟူသော စောဒကတစ်ရပ် ဝင်လာပြန်ပေသည်။ ယင်းစောဒက၏ တုန့်ပြန်ဖြေကြားချက်မှာ ဤသို့ပင် ဖြစ်သည်။ ကမ္ဘာလောက၌

ပျက်စီးရာပျက်စီးကြောင်း၏ အကြောင်းခံသည့် မနစည်းစိမ် ပေါ်များကြွယ်ဝခြင်းနှင့်အတူ 'ချမ်းသာကြွယ်ဝခြင်းနှင့်အတူ တစ်စတစ်စ ဆထက်ထမ်းပိုး ပိုမိုများပြားလာသော အလိုလောဘ ရမ္မက်၏ စိတ်ခါတ်ပြင်းထန်မှု' တို့သည်လည်း ရှိပေသည်။ ထိုကမ္ဘာလောကနှင့် ဆန့်ကျင်ကာ 'ဂျန္နသ်' ၌ စည်းစိမ်တော်များ မိုးရွာသွန်းသကဲ့သို့ ချီးမြှင့်ခြင်း ခံရတော်မူပြီး ဆိုးသွမ်းမှုနှင့် ရမ္မက်ဇောများကို အမြစ်ပြတ် ဖြတ်တောက်ထားတော်မူခြင်း ခံရပေလိမ့်မည်။ သို့ရှိရာ ထိုလောက၌ ဤသို့ ပျက်စီးရာပျက်စီးကြောင်းများ၏ အသွင်သဏ္ဌာန်သည် ပေါ်ပေါက်လာလိမ့်မည်မဟုတ်ပေ။ ဟဇရသ်ထာနဝီသခင်ကြီးသည် စကားပြေအကျဉ်းချုပ်၌ بحالات موجوده (ယခုလက်ရှိ လောကီဘဝ၌) ဟူသော စကားလုံးကို ထိုအချက်၏ဘက်သို့ အရိပ်အမြွက်အနေဖြင့် ပြသရန်အတွက် ပို၍ ရေးသားထားခြင်း ဖြစ်ပေသည်။ *[ဗယာနုလ်ကုရ်အာန်]*

'ကမ္ဘာလောက၌လည်း မနစည်းစိမ်ပေါ်များကြွယ်ဝခြင်း၏ ရမ္မက်ဇောသည် အဘယ်ကြောင့် အမြစ်ပြတ် ချေမှုန်းခြင်း မခံထားရပေသနည်း' ဟူ၍ ဇောဒကတက်လာမည်ဆိုလျှင် ဤဇောဒကသည် လုံးဝ အဓိပ္ပာယ်မရှိသော ဇောဒကတက်မှုမျိုး ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာလောကကြီးအား ဖန်ဆင်းတော်မူရခြင်း၏ ရည်ရွယ်ချက်မှာ 'အကောင်းနှင့်အဆိုး' အင်အားနှစ်ရပ်စလုံးကို စုစည်းကာ ပေါင်းစပ်ထားသော လောကတစ်ခုအသွင်ဖြင့် ဖန်ဆင်းထားခြင်း ဖြစ်ပေသည်။ ထိုသို့ အကောင်းအဆိုးမပါရှိဘဲ 'ကမ္ဘာလောကကြီးအား ဖန်ဆင်းထားရခြင်း၏ အဓိကရည်ရွယ်ချက်ဖြစ်သော လူသားတို့အား စမ်းစစ်ခြင်း' သည် ဖြစ်ပင် မဖြစ်နိုင်ပေ။ ဤအတွက်ကြောင့် အကယ်၍ ဤကမ္ဘာလောက၌ လူသားတို့အတွင်းမှ ဤဖွဲ့စိတ်၊ ရမ္မက်ဇောများကို ပပျောက်အောင် ပြုထားပါမူ ကမ္ဘာလောကကြီးအား အဓိက ဖန်ဆင်းထားခြင်း၏ ရည်ရွယ်ချက်ပင် ပပျောက်သွားပေမည်။ ထိုလောကနှင့် ဆန့်ကျင်စွာ 'ဂျန္နသ်' ၏ လောကသည် ကောင်းမှုချည်းသီးသန့်သာ ပါဝင်လျက်ရှိနေသော လောကဖြစ်ပေသည်။ ဤအတွက်ကြောင့် ထို 'ဂျန္နသ်' ၏ လောက၌ ဤရမ္မက်ဇောစိတ်များကို ချေမှုန်းပစ်ထားခြင်း ဖြစ်ပေသည်။

هُوَ الَّذِي يُنَزِّلُ الْغَيْثَ مِنْ بَعْدِ مَا قَنَطُوا

၄င်းပြင် ထိုအသျှင်မြတ်သည်ပင် လူတို့ မျှော်လင့်ချက် ကင်းမဲ့သွားကြပြီးနောက်တွင် မိုးရေကို ရွာသွန်းစေတော်မူ၏။ *[၄၂ : ၂၈]*

များသောအားဖြင့် အလ္လာဟ်အသျှင်မြတ်၏ ဓလေ့တော်မှာ ကမ္ဘာမြေပထဝီပေါ်ဝယ် ရေခါတ်များပြားစွာ လိုအပ်လာသော အချိန်အခါတွင် မိုးရေကို ရွာသွန်းဖြိုးစေတော်မူပေသည်။ သို့ရာတွင် ဤနေရာ၌ 'မျှော်လင့်ချက်ကင်းမဲ့သွားပြီးနောက်' ဟူ၍ မိန့်တော်မူကာ 'တစ်ခါတစ်ရံ အလ္လာဟ်အသျှင်မြတ်သည် မိုးရွာသွန်းစေရာ၌ ဖြစ်လေ့ဖြစ်ထရှိသော အချက်နှင့် ဆန့်ကျင်စွာ လူတို့ မျှော်လင့်ချက် ကင်းမဲ့သွားရလောက်သည့် အတိုင်းအတာထိတိုင် နှောင့်ဆိုင်းထားစေတော်မူခြင်း' ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားသည်။ အထက်ပါအချက်မှ စမ်းစစ်ခြင်းအပြင် 'မိုးရွာသွန်းခြင်းနှင့် မိုးခေါင်ခြင်းအားလုံးသည် အလ္လာဟ်အသျှင်မြတ်၏

လက်ဝယ်တော်အတွင်း၌ ရှိခြင်း၊ ထိုအသျှင်မြတ် လိုလားတော်မူသည်ဆိုလျှင် လူတို့၏ မကောင်းမှု ဒုစရိုက် အစရှိသော အရာတို့ကြောင့် မိုးရွာသွန်းစေခြင်းကို ရပ်ဆိုင်းထားစေတော်မူခြင်းများဘက်သို့ သတိပေးရန် ရည်ရွယ်ထားတော်မူပေသည်။ သို့မှသာ စူးစိုက်ကာ ထိုအသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် ရှိ့ကျိုးမှုနှင့် မစွမ်းနိုင်မှုကို ထုတ်ဖော်၍ ထိုအသျှင်မြတ်၏ 'ရဟ်မသ်'ကရုဏာတော်များဘက်သို့ ပြန်လှည့်လာရန် ဖြစ်ပေသည်။ သို့တည်းမဟုတ်ပါက မိုးသည် အချိန်နှင့်ရွာ၍ အချိန်နှင့် တိတ်ပြီး မည်သည့်အခါမျှ လုံးဝ ပြောင်းလွဲခြင်းမျိုး မဖြစ်မှု၊ လူတို့သည် ထိုမိုးရွာချိန်၊ တိတ်ချိန်အား အပေါ်ယံ အကြောင်းခံများ၏ အောက်၌ ရှိခြင်းသက်သက်သာ မှတ်ယူ၍ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်အား ဂရုမမူဘဲ ရှိနေကြလိမ့်မည်။ ဤနေရာ၌ 'မျှော်လင့်ချက်ကင်းမဲ့ခြင်း'ဟူသော စကားလုံးကို သုံးနှုန်းမိန့်ဆိုထားရခြင်း၏ အလိုသဘောမှာ 'မိမိတို့၏ အကြံစည်၊ အကြံဉာဏ်များကြောင့် မျှော်လင့်ချက် ကင်းမဲ့ခြင်း'ဟူ၍ ဖြစ်သည်။ သို့တည်း မဟုတ်က အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်မှ မျှော်လင့်ချက်ကင်းမဲ့ခြင်းသည် 'ကုဖွရ်' (သွေဖည် ငြင်းဆိုမှု) ပင် ဖြစ်သည်။

وَمَابَثَّ فِيۡهِمَامِنۡ دَابَّـةٍ

(ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေရှိ ဖြန့်ထားတော်မူသော သက်ရှိအပေါင်းအား ဖန်ဆင်းခြင်းသည်လည်းကောင်း) *[၄၂ : ၂၉]*

دَابَّةٌ 'ဒါးဗ်ဗသူးန်'ဟူသော စကားလုံးသည် မူရင်းအဘိဓါန်၌ 'မိမိ၏ ပင်ကိုယ် အခွင့်အရေးဖြင့် သွားလာလှုပ်ရှားနိုင်သော အရာတိုင်း' ကို ခေါ်ဆိုကြောင်း လာရှိထားပေသည်။ နောက်ပိုင်း၌ ဤစကားလုံးသည် တိရစ္ဆာန်များအတွက်သာ အသုံးပြုပေတော့သည်။ ဤအာယသ်တော်အတွင်း၌ မိုးကောင်းကင်နှင့် မြေပထဝီနှစ်မျိုးစလုံး၏ ဘက်သို့ ဆက်နွယ်ကာ 'ထိုမိုးကောင်းကင်နှင့် မြေပထဝီအတွင်း၌ အလ္လာဟ်အသျှင်မြတ်သည် များစွာသော လှုပ်ရှားသွားလာလျက် ရှိနေသည့် အဖန်ဆင်းခံများကို ဖန်ဆင်းထားတော်မူပေသည်' ဟူသော အချက်ကို မိန့်မြွက်ထားတော်မူပေသည်။ မြေပထဝီပေါ်၌ လှုပ်ရှားသွားလာလျက်ရှိသော အဖန်ဆင်းခံများသည်မူ ထင်ရှားလှပေသည်။ မိုးကောင်းကင်အတွင်း၌ ဖန်ဆင်းတော်မူထားခြင်းခံရသော အဖန်ဆင်းခံများ၏ အလိုသဘောသည် 'ကောင်းကင်တမန်များ'လည်း ဖြစ်နိုင်သလို 'ယခုအချိန်ထိတိုင် လူသားတို့၏ ဦးနှောက်အာရုံအတွင်းသို့ မရောက်ရှိနိုင်သေးသော သတ္တဝါများ တည်ရှိနေကြောင်း' လည်း ဖြစ်နိုင်ပေသည်။

မည်သို့ပင် ဆိုစေကာမူ အလိုသဘောမှာ ဤသို့ပင် ဖြစ်သည်။ လောကီရေးဆိုင်ရာ စီမံကိန်း၏ ကြောင်းကျိုးရေးရာတို့ကို ထောက်ရှုကာ အလ္လာဟ်အသျှင်မြတ်သည် လူတိုင်းအား စနစ်ကြည်းစိမ်အား ကြွယ်ဝစွာ မချီးမြှင့်ပေးထားပေ။ သို့သာမက အမြော်အမြင်ရှိလှစွာသော အသွင်သဏ္ဌာန်မျိုးဖြင့် စားနပ်ရိက္ခာအား ချီးမြှင့်ပေးသနားထားတော်မူပေသည်။ သို့ရာတွင် စကြဝဠာကြီး၏ အတွင်း၌ရှိသော အများအကျိုးအတွက် ချီးမြှင့်ပေးသနားထားတော်မူသော 'နေ့အ်မသ်' (စည်းစိမ်တော်များ) အား လူတိုင်းလူတိုင်းသည် အများဆိုင်

အကျိုးကို ခံစားနေကြပေသည်။ မိုး၊ မိုးတိမ်၊ မိုးကောင်းကင်နှင့် မြေပထဝီဝင်၊ ၎င်းအရာများအတွင်းရှိ အဖန်ဆင်းခံများအားလုံးကို ကမ္ဘာ့လူသားထုတစ်ရပ်လုံး၏ အကျိုးအတွက် ဖန်ဆင်းထားတော်မူခြင်း ဖြစ်ပေသည်။ ဤအရာများအားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ 'ဝဟ်ဒါနီယသ်' (အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်း တည်ရှိခြင်း) အပေါ် ညွှန်ပြလျက် ရှိနေပေသည်။ ထို့နောက် တစ်ဦးတစ်ယောက်ထံသို့ ဘေးဒုက္ခ တစ်စုံတစ်ရာ ဆိုက်ရောက်လာသည်ဆိုလျှင် ထိုဒုက္ခသည် ၎င်း၏ မကောင်းမှု ဒုစရိုက်ကြောင့် ကျရောက်လာခြင်း ဖြစ်ပေသည်။ ဤအတွက်ကြောင့် ၎င်းသည် ထိုသို့ ဒုက္ခရောက်ရှိလာသည့်အပေါ် အလ္လာဟ်အသျှင်မြတ်အား တိုင်တန်းလျှောက်ထားမှု ပြုနေရမည့်အစား မိမိကိုယ်ကို မိမိ ပြန်လည်စမ်းစစ် လေ့လာကြည့်ရှုသင့်ပေသည်။

وَمَآاَصَابَكُمْ مِّنْ مُّصِيْبَةٍ فَبِمَا كَسَبَتْ اَيْدِيْكُمْ وَيَعْفُوْاعَنْ كَثِيْرٍ

(စင်စစ် အသင်တို့၌ သက်ရောက်လေ့ရှိသော ဘေးဒုက္ခဟူသရွေ့သည် အသင်တို့၏ လက်များက ရှာဖွေဆည်းပူးခဲ့ကြသော အပြုအမူတို့ကြောင့်ပင် သက်ရောက်ခဲ့သည်သာ ဖြစ်၏။) *[၄၂ : ၃၀]*

ဟူသော အာယသ်တော်၏ အလိုသဘောသည် ဤသည်သာလျှင် ဖြစ်ပေသည်။ ဟဇရသ်ဟစန်း ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက်လာရှိထားပေသည်။ ဤအာယသ်တော်မြတ် ကျရောက်လာသောအခါ တမန်တော်မြတ် ﷺ သည် ဤသို့ အမိန့်ရှိတော်မူပေသည်။ 'ငါကိုယ်တော်၏ အသက်ဇီဝိန်ကို စိုးပိုင်တော်မူသော အသျှင်မြတ်၏ ကစမ်၊ တစ်ဦးတစ်ယောက်အား တုတ်ချောင်း၊ ဝါးခြမ်းပြား ရှလျှင်သော်လည်းကောင်း၊ (သို့မဟုတ်) အကြောတတ်လျှင်သော်လည်းကောင်း၊ (သို့မဟုတ်) ချော်လဲလျှင်သော်လည်းကောင်း စသော အချက်များအားလုံးသည် ၎င်း၏ ပြစ်မှုဒုစရိုက်များကြောင့်သာလျှင် ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ပြစ်မှုဒုစရိုက်တိုင်း၏ အစားအားလည်း ပေးတော်မမူဘဲ အလ္လာဟ်အသျှင်မြတ် ခွင့်လွှတ်တော်မူသော ပြစ်မှုဒုစရိုက်တို့သည် အစားယူတော်မူသော ပြစ်မှုဒုစရိုက်များထက် သာ၍ များပြားပေသည်။'

ဟဇရသ်အရှ်ရဖုလ်မရှာအိခ်ထာနဝီ (ရဟ) သခင်ကြီးက ဤသို့ အမိန့်ရှိထားပေသည်။ ကိုယ်ခန္ဓာ ရေးရာ ဘေးဒုက္ခတို့သည် ပြစ်မှုဒုစရိုက်များ၏အကြောင်းခံကြောင့် ဖြစ်သကဲ့သို့ အတွင်းပိုင်းဆိုင်ရာ ရောဂါများ သည်လည်း ပြစ်မှုဒုစရိုက်တစ်စုံတစ်ရာ၏ အကျိုးဆက်တရားကြောင့် ဖြစ်ပေါ်လာပေသည်။ လူတစ်ဦး တစ်ယောက်၏ထံမှ ပြစ်မှုဒုစရိုက် တစ်စုံတစ်ရာ ဖြစ်ပေါ်သွားခြင်းသည် အခြားသော ပြစ်မှုဒုစရိုက် ဆက်လက် ကျူးလွန်ရန်အတွက် အကြောင်းခံဖြစ်သွားပေသည်။ ပမာတင်ပြရသော် ဟာဖိဇ်အိဗ်နေကိုက်ယင်းမ် (ရဟ) သခင်ကြီးသည် 'အဒ်ဒဝါးအှရ်ရှာဖီး' ကျမ်း၌ ရေးသားထားသည်မှာ 'ပြစ်မှုဒုစရိုက်တစ်ရပ်ကို ကျူးလွန်ခြင်း ၏ လက်ငင်းပြစ်ဒဏ်တစ်ရပ်မှာ ယင်းပြစ်မှုဒုစရိုက်နှင့်အတူ အခြားသော ပြစ်မှုဒုစရိုက်များအတွင်းဝယ် နစ်မွန်းသွားခြင်း ဖြစ်ပေသည်။ ဤကဲ့သို့ပင် ကုသိုလ်ကောင်းမှုတစ်ခု၏ လက်ငင်းအကျိုးတစ်ရပ်မှာ ယင်း ကုသိုလ်ကောင်းမှုတစ်ခုသည် အခြားသော ကုသိုလ်အကျိုးကောင်းမှုကို ဆွဲယူလာပေသည်။

မိုင်သွာဝီ (ရဟ) အစရှိသော ပညာရှင်ကြီးများက 'ဤအာယသ်တော်သည် ပြစ်မှုဒုစရိုက်ကျူးလွန်မိ တတ်သော သူတို့နှင့် စပ်လျဉ်း၍သာ သီးသန့်ဖြစ်သည်' ဟူ၍ မိန့်တော်မူထားပေသည်။ ပြစ်မှုဒုစရိုက်များမှ

ကင်းစင်သော နဗီတမန်တော်များ (သို့မဟုတ်) အရွယ်မရောက်သေးသော ကလေးငယ်များနှင့် ပြစ်မှုဒုစရိုက် မပြုကြသော အရူးတို့အပေါ်ဝယ် ကျရောက်လာသော ဘေးဒုက္ခသည် အထက်ဖော်ပြပါ အမိန့်အတွင်း မပါဝင်ပေ။ ယင်းအချက်နှင့် စပ်လျဉ်း၍ အခြားသော အကြောင်းခံများနှင့် အမြော်အမြင်တော်များသည် ရှိပေသည်။ ဥပမာ- အဆင့်အတန်းများကို မြင့်မားစေခြင်းတို့ ဖြစ်ပေသည်။ စင်စစ် ထိုအသျှင်မြတ်၏ အမြော်အမြင်တော်များအား လွှမ်းခြုံကာ ရေတွက်ရန်မှာ လူသားတို့အဖို့ မစွမ်းနိုင်သောအရာပင် ဖြစ်ပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံးဖြစ်တော်မူပေ၏။)

အကျိုးထူး ။ ။ အချို့ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များမှ 'ပြစ်မှုဒုစရိုက်များအပေါ် ပြစ်ဒဏ် တစ်စုံတစ်ရာကို လောကီရေးရာ၌မှာပင် ပေးခြင်းခံရသော မုအ်မင်နတို့အဖို့ 'အာခေရသ်' နောင်တမလွန်တွင် ၎င်းပြစ်မှုဒုစရိုက်အပေါ် ချမ်းသာပလပ်ခွင့် ပေးခြင်းခံရမည်ဟူ၍ သိရှိရနိုင်ပေသည်။ ပမာတင်ပြရမည် ဆိုသော် အေမာမ်ဟာကင်မ် (ရဟ) သခင်ကြီးက မွတ်စ်သသာရပ်က်ကျမ်းအတွင်း၌လည်းကောင်း၊ အေမာမ်ဗဂဝီး (ရဟ) သခင်ကြီးသည် ဟဇရသ်အလီ ﷺ သခင်ကြီးထံမှလည်းကောင်း၊ 'မရ်ဖူးအ်' (တမန်တော်မြတ် ﷺ ထံမှ တိုက်ရိုက်မိန့်မြွက် ထားသော ဟဒီးစ်) ပုံစံမျိုးဖြင့် ဆင့်ပြန်ချက်များ ဆင့်ပြန်တင်ပြထားပေသည်။

[မဇ္ဇဟရီး]

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

فَمَآ أُوتِيتُم مِّن شَيْءٍ فَمَتَاعُ الْحَيَوٰةِ الدُّنْيَا ۖ وَمَا عِندَ اللَّهِ خَيْرٌ وَأَبْقَىٰ
لِلَّذِينَ ءَامَنُوا وَعَلَىٰ رَبِّهِمْ يَتَوَكَّلُونَ ﴿٣٦﴾

၄၂ : ၃၆ ။ ။ မည်သို့ပင်ဖြစ်စေ အသင်တို့ ချီးမြှင့် ပေးသနားတော်မူခြင်း ခံခဲ့ကြရသော ဥစ္စာပစ္စည်းဟူသမျှတို့သည် (ခေတ္တခဏမျှ ဖြစ်သော) မျက်မှောက်လောကီဘဝ၏ အသုံးအဆောင်ပစ္စည်းမျှသာ ဖြစ်ကြကုန်၏။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်ထံတော်၌ ရှိသမျှတို့သည် ပိုမို၍ ကောင်းမြတ်သော အတည်မြဲဆုံးပင် ဖြစ်ကုန်၏။ (၎င်းတို့မှာ) အကြင်သူတို့အဖို့ ဖြစ်၏။ ထိုသူတို့သည် အီမာန်သက်ဝင် ယုံကြည်ခဲ့ကြသည့်ပြင် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အပေါ်၌ ယုံကြည်ကိုးစား အားထားကြကုန်၏။

وَالَّذِينَ يَجْتَنِبُونَ
كَبَـٰٓئِرَ الْإِثْمِ وَالْفَوَٰحِشَ وَإِذَا مَا غَضِبُوا هُمْ يَغْفِرُونَ ﴿٣٧﴾

၄၂ : ၃၇ ။ ။ ၎င်းပြင် အကြင်သူတို့အဖို့ ဖြစ်၏။ ထိုသူတို့သည် ကြီးလေးသော ပြစ်မှုဒုစရိုက်များနှင့် ညစ်ညမ်းသော အမှုကိစ္စတို့မှ ကြဉ်ရှောင်ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် မည်သည့်အခါမျိုးမဆို ဒေါသအမျက် ထွက်ကြသည်ရှိသော် ခွင့်လွှတ်လေ့ရှိကြကုန်၏။

وَالَّذِينَ اسْتَجَابُوا لِرَبِّهِمْ وَأَقَامُوا الصَّلَوٰةَ وَأَمْرُهُمْ شُورَىٰ
بَيْنَهُمْ وَمِمَّا رَزَقْنَٰهُمْ يُنفِقُونَ ﴿٣٨﴾

၄၂ : ၃၈ ॥ ॥ ၄င်းပြင် အကြင်သူတို့အဖို့ ဖြစ်၏။ ထိုသူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်(၏ ဖိတ်ခေါ်ချက်၊ အမိန့်တော်) ကို နာယူကြကုန်၏။ ထို့ပြင် ၄င်းတို့သည် 'ဆွလာသ်'ဝတ်ပြုမှုကို ဆောက်တည်ကြကုန်၏။ ထို့ပြင် ၄င်းတို့၏ (အရေးကြီးသော) အမှုကိစ္စများကို မိမိတို့အချင်းချင်း ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ကြကုန်၏။ ထို့ပြင် ၄င်းတို့သည် ငါအသျှင်မြတ် ၄င်းတို့အား ချီးမြှင့်ပေးသနားတော်မူသော ဥစ္စာပစ္စည်းများမှ သုံးစွဲလှူဒါန်းကြကုန်၏။

وَالَّذِينَ إِذَا أَصَابَهُمُ الْبَغْيُ هُمْ يَنتَصِرُونَ ﴿٣٩﴾

၄၂ : ၃၉ ॥ ॥ ထို့ပြင် အကြင်သူတို့အဖို့ ဖြစ်၏။ ထိုသူတို့သည် မတရား နှိပ်စက်ခြင်းကို ခံကြရသောအခါ ၄င်းတို့သည် မိမိတို့ (နှိပ်စက်ခြင်း) ခံစားကြရသည်နှင့်အမျှ လက်စားချေလေ့ ရှိကြကုန်သည်။

وَجَزَٰٓؤُا سَيِّئَةٍ سَيِّئَةٌ مِّثْلُهَا ۖ
فَمَنْ عَفَا وَأَصْلَحَ فَأَجْرُهُ عَلَى اللَّهِ ۚ إِنَّهُ لَا يُحِبُّ الظَّٰلِمِينَ ﴿٤٠﴾

၄၂ : ၄၀ ॥ ॥ စင်စစ် မကောင်းပြုခြင်း၏အစား ယင်းမကောင်းမှုပြုခြင်းနှင့် အညီအမျှ မကောင်းပြုခြင်းပင် (ဖြစ်၏) သို့တစေလည်း မည်သူမဆို ခွင့်လွှတ်ခဲ့ပါမူ ၄င်းပြင် (မိမိတို့အချင်းချင်း၏ အရေးကိစ္စများကို ပြေလည်) ကောင်းမွန်အောင် ပြုပြင်ခဲ့ပါမူ ထိုသူအား အကျိုးပေးခြင်းမှာ အလ္လာဟ်အသျှင်မြတ်၏ တာဝန်ပင် ဖြစ်၏။ ဧကန်မလွဲ ထိုအသျှင်မြတ်သည် မတရားသော သူတို့အား နှစ်မြို့တော်မူသည် မဟုတ်ပေ။

وَلَمَنِ انتَصَرَ بَعْدَ ظُلْمِهِ فَأُولَٰٓئِكَ مَا عَلَيْهِم مِّن سَبِيلٍ ﴿٤١﴾

၄၂ : ၄၁ ॥ ॥ သို့ရာတွင် မည်သူမဆို မိမိမတရားနှိပ်စက်ခြင်း ခံခဲ့ရပြီးနောက် (ယင်းခံစားခဲ့ရသည်နှင့် အညီအမျှ) လက်စားချေခဲ့သည်ရှိသော် ထိုကဲ့သို့သော သူတို့အပေါ်၌ အပြစ်တင်ရန် နည်းလမ်းဟူ၍ အလျဉ်းမရှိတော့ပေ။

إِنَّمَا السَّبِيلُ عَلَى الَّذِينَ يَظْلِمُونَ النَّاسَ وَ
يَبْغُونَ فِي الْأَرْضِ بِغَيْرِ الْحَقِّ ۚ أُولَٰٓئِكَ لَهُمْ عَذَابٌ أَلِيمٌ ﴿٤٢﴾

၄၂ : ၄၂ ॥ ॥ စင်စစ် အပြစ်တင်ရန် နည်းလမ်းမှာကား လူတို့အပေါ်၌ နှိပ်စက်ကြသော တိုင်းပြည်၌ မတရားသဖြင့် ဆူပူသောင်းကျန်း ဆိုးသွမ်းကြသော သူတို့အပေါ်၌သာလျှင် ရှိပေသည်။ ယင်းကဲ့သို့သောသူတို့၌ နာကျင်ဖွယ်ရာဖြစ်သော ပြစ်ဒဏ်သည် ရှိချေမည်။

وَلَمَنْ صَبَرَ وَغَفَرَ إِنَّ ذَٰلِكَ لَمِنْ عَزْمِ الْأُمُورِ ﴿٤٣﴾

၄၂ : ၄၃ ။ ။ သို့ရာတွင် မည်သူမဆို သည်းခံခြင်းကိုလည်းကောင်း၊ ခွင့်လွှတ်ခြင်းကိုလည်းကောင်း ပြုခဲ့ပါလျှင် ဧကန်မလွဲ ဤသို့ ပြုလုပ်ခြင်းကား ဖွဲ့သတ္တိနှင့် သက်ဆိုင်သော အမှုကိစ္စတို့တွင် အမှန်ပင် အပါအဝင် ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ထို့ပြင် အသင်တို့သည် အထက်၌ 'လောကီရေးရာသမား၏ လောကီရေးရာ တပ်မက်မှုအလုံးစုံတို့သည် ပြည့်ဝမည်မဟုတ်ကြောင်း၊ နောင်တမလွန်၏ အကျိုးတို့မှလည်း လက်မဲ့ဖြစ်နေမည်ဖြစ်ကြောင်းနှင့် 'အာခေရသ်' နောင်တမလွန်အား ရှာဖွေတပ်မက်သောသူသည် တိုးတက်မှု ရရှိနေမည်ဖြစ်ကြောင်း' ကို နားလည်သိရှိပြီး ဖြစ်ပေသည်။ 'လောကီပစ္စည်းဥစ္စာ ပေါများကြွယ်ဝခြင်း၏ အဆုံးရလဒ်သည် မကောင်းကြောင်းနှင့် ထိုသို့ ခနစည်းစိမ် ပေါများကြွယ်ဝခြင်းကြောင့် များသောအားဖြင့် အကျိုးယုတ်စေသော အပြုအမူများ ပေါ်ပေါက်လာတတ်ကြောင်း' ကိုလည်း နားလည်သိရှိပြီး ဖြစ်ပေသည်။) မည်သို့ပင်ဖြစ်စေ (အထက်ပါ တင်ပြချက်များမှ ရည်ရွယ်ချက်ပန်းတိုင်အဖြစ် ဖန်တီးရန် ထိုက်တန်သော ဌာနေသည် ကမ္ဘာလောကမဟုတ်ကြောင်း၊ သို့သာမက 'အာခေရသ်' နောင်တမလွန်သာလျှင် ဖြစ်ကြောင်း' ကို အတည်ပြုနိုင်ပေသည်။ ကျန်ရှိသော လောကီရေးရာ၏ ပစ္စည်းများထဲမှ) အသင်တို့အား ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ကြရသော ဥစ္စာပစ္စည်းဟူသမျှတို့သည် (ခေတ္တခဏမျှ ဖြစ်သော) မျက်မှောက်လောကီဘဝ၏ အသုံးအဆောင် ပစ္စည်းမျှသာ ဖြစ်ကြကုန်၏။ (သက်တမ်းကုန်ဆုံးသွားခြင်းနှင့်အတူ ထိုသို့ ပစ္စည်းဥစ္စာအား အကျိုးခံထိုက်နေခြင်းသည်လည်း ကုန်ဆုံးသွားမည် ဖြစ်ပေသည်။)

သို့ရာတွင် အသျှင်မြတ်ထံတော်၌ (နောင်တမလွန်ဘဝ၌ ချီးမြှင့်ခြင်းခံရမည်ဖြစ်သော ကုသိုလ်အကျိုးစဝါးဗ်) ရှိသမျှတို့သည် ပိုမို၍ ကောင်းမြတ်သော အတည်မြဲဆုံးပင် ဖြစ်ကြကုန်၏။ (အရေအတွက်အားဖြင့်လည်း ပိုမိုများပြား၍ အရည်အချင်း၊ အရည်အသွေးအားဖြင့်လည်း သာပို၍ တည်မြဲသော အရာများပင် ဖြစ်ပေသည်။ ဆိုလိုသည်မှာ ထာဝစဉ် တည်ရှိနေမည့် အရာများ ဖြစ်ပေသည်။ သို့ရှိရာ လောကီရေးရာအား ရှာဖွေခြင်းကို စွန့်လွှတ်၍ 'အာခေရသ်'နောင်တမလွန်အား ရှာဖွေမှုကို ပြုကြကုန်။ သို့ရာတွင် 'အာခေရသ်'နောင်တမလွန်အား ရှာဖွေရယူမှုကို ပြုရန်အတွက် အနိမ့်ဆုံးသော စည်းကမ်းချက်မှာ အီမာန်ကို ရယူခြင်းနှင့် 'ကုဖွ်ရ်' (သွေဖည်ငြင်းဆိုမှု) ကို စွန့်လွှတ်ရန် ဖြစ်ပေသည်။ 'အာခေရသ်' နောင်တမလွန်၌ ပြည့်ဝသော အဆင့်အတန်းများအား ရယူရန်အတွက် 'ဝါဂျိဗ်'နှင့် 'ဖွရဇ်'အချက်များအားလုံးကို ရွေးချယ်ပြုမူရန်နှင့် ပြစ်မှုဒုစရိုက်အလုံးစုံကို စွန့်လွှတ်ရန် အရေးကြီးပေသည်။ နီးစပ်မှု၏ အဆင့်အတန်းများအား ရယူရန်အတွက် 'နဖွလ်' (အပိုခဝပ်မှုများ) ကို ရွေးချယ်ရန်နှင့် 'ခေလာဖေ့အောင်လာ' (ပြုပိုင်ခွင့် ရှိ၍ မပြုလျှင် ပို၍ကောင်းသော ကျင့်စဉ်အပြုအမူများ) ကို စွန့်လွှတ်ထားခြင်းသည်လည်း နှစ်မြို့ဖွယ်ကောင်းသော

အမှုကိစ္စများပင် ဖြစ်ပေသည်။ သို့ရှိရာ အထက်၌ တင်ပြထားသော အကျယ်ဖွင့်ဆိုချက်အရ အကျိုးစဝါးဗ် ရရှိမည်ဖြစ်သော သူတို့သည်) အကြင်သူတို့အဖို့ ဖြစ်၏။ ထိုသူတို့သည် အီမာန်သက်ဝင် ယုံကြည်ခဲ့ကြသည့် အပြင်၊ မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အပေါ်၌ ယုံကြည်ကိုးစား အားထားကြကုန်၏။

၎င်းပြင် အကြင်သူတို့အဖို့ ဖြစ်၏။ ထိုသူတို့သည် ကြီးလေးသော ပြစ်မှုဒုစရိုက်များနှင့် (ထိုပြစ်မှု ဒုစရိုက်များအတွင်းမှ အထူးသဖြင့် သာပို၍) ညစ်ညမ်းသော အမှုကိစ္စတို့မှ ရှောင်ကြဉ်ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် မည်သည့်အခါမျိုး၌မဆို ဒေါသအမျက် ထွက်ကြသည်ရှိသော် ခွင့်လွှတ်လေ့ရှိကြကုန်၏။

၎င်းအပြင် အကြင်သူတို့အဖို့ ဖြစ်၏။ (ထိုသူတို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ် (၏ ဖိတ်ခေါ်ချက်) အမိန့်တော်ကို နာယူကြကုန်၏။ ထို့ပြင် ၎င်းတို့သည် 'ဆွလားသ်' (ဝတ်ပြုမှု) ကို ဆောက်တည်ကြကုန်၏။ ထို့ပြင် ၎င်းတို့၏ (အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ သတ်မှတ် ချက်တစ်စုံတစ်ရာ မထားရှိပေးထားသော အရေးကြီးသည့်) အမှုကိစ္စများကို မိမိတို့အချင်းချင်း ညှိနှိုင်း တိုင်ပင်၍ ဆောင်ရွက်ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် ငါအသျှင်မြတ် ၎င်းတို့အား ချီးမြှင့်ပေးသနားထား တော်မူသော ဥစ္စာပစ္စည်းများမှ သုံးစွဲလှူဒါန်းကြကုန်၏။

ထို့ပြင် (၎င်းတို့သည် ဤသို့ တရားမျှတသောသူများ ဖြစ်သည်။) ထိုသူတို့သည် ဘက်တစ်ဘက်ဘက် မှ) မတရားနှိပ်စက်ခြင်း (အချို့) ကို ခံကြရသောအခါ (ကလဲ့စားရယူရန် ရှိမူ) ၎င်းတို့သည် မိမိတို့ (နှိပ်စက်ခြင်း) ခံကြရသည်နှင့် အညီအမျှသာ လက်စားချေလေ့ ရှိကြကုန်၏။ (သာပို၍ အတိုင်းထက်အလွန်ကို မပြုမူ ကြချေ။ ခွင့်လွှတ်လိုက်ခြင်း မရှိဟူသော အလိုသဘောမျိုးလည်း မဟုတ်ပေ။)

စင်စစ် (သာတူညီမျှစွာ ကလဲ့စားချေမှုကို ရယူရန်အတွက် ငါအသျှင်မြတ်သည် ဤခွင့်ပြုချက်ကို ထားရှိပေးထားသည်မှာ) မကောင်းပြုခြင်း၏ အစား ယင်းမကောင်းမှုပြုခြင်းနှင့် အညီအမျှ မကောင်း ပြုခြင်းပင် (ဖြစ်၏။)

(သို့သော် ယင်းလုပ်ရပ်ကိုယ်တိုင်သည် ပင်ကိုယ်အရ မကောင်းမှု အကုသိုလ် ဒုစရိုက် မဖြစ်စေရ ဟူသော စည်းကမ်းချက် ရှိပေသည်။) သို့တစေလည်း (ကလဲ့စားချေခွင့် ပေးထားသည့် ကြားကတည်း ကပင်) မည်သူမဆို ခွင့်လွှတ်ခဲ့ပါမူ ၎င်းပြင် (မိမိတို့အချင်းချင်း အရေးကိစ္စများကို ပြေလည်) ကောင်းမွန် အောင် ပြုပြင်ခဲ့ပါမူ (အကြင်ကဲ့သို့ ညှိနှိုင်းမှုပြုပေးလိုက်ခြင်းကြောင့် အချင်းချင်းကြား၌ ရှိသော ရန်ငြိုးမှု တို့သည် ဝေးကွာသွားကာ ချစ်ခင်ရင်းနှီးမှု ဖြစ်ရှိသွားပေမည်။) ထိုသူ့အား အကျိုးပေးခြင်းမှာ (ကတိတော် နှင့်အညီ) အလ္လာဟ်အသျှင်မြတ်၏ တာဝန်ပင် ဖြစ်၏။ (အကြင်သူသည် ကလဲ့စားရယူရာ၌ အတိုင်းထက် အလွန် ပြုမူပါမူ ဤသည့်အချက်ကို နားထောင်ကြလေကုန်။) ဧကန်မလွဲ ထိုအသျှင်မြတ်သည် မတရားသော သူတို့အား နှစ်မြို့တော်မူသည် မဟုတ်ပေ။

သို့ရာတွင် မည်သူမဆို (ကလဲ့စားရယူရာ၌ အတိုင်းထက်အလွန် မပြုမူပါမူ သို့တစေ) မိမိအား မတရားနှိပ်စက်ခြင်း ခံခဲ့ရပြီးနောက် (ယင်းခံစားခဲ့ရသည်နှင့် အညီအမျှ) လက်စားချေခဲ့သည်ရှိသော် ထိုကဲ့ သို့သော သူတို့အပေါ်၌ အပြစ်တင်ရန် နည်းလမ်းဟူ၍ အလျဉ်းမရှိတော့ပေ။

စင်စစ် အပြစ်တင်ရန်မှာမူ (မိမိဘက်မှပင် အစပြု၍သော်လည်းကောင်း၊ သို့မဟုတ် ကလဲ့စား ရယူသော အချိန်၌သော်လည်းကောင်း) လူတို့အပေါ်၌ နှိပ်စက်ညှဉ်းပန်းသည့်အပြင် တိုင်းပြည်၌ မတရား သဖြင့် (မာနထောင်လွှားကာ) ဆူပူသောင်းကျန်း ဆိုးသွမ်းကြသော သူတို့အပေါ်၌သာလျှင် ရှိပေသည်။ (ဤသို့ မာန်မာနထောင်လွှားခြင်းသည်သာလျှင် မတရားသမှုကို ပြုစေသည့် အကြောင်းခံ ဖြစ်သွားသည်။ 'မတရားသဖြင့်' ဟူ၍ မိန့်တော်မူရခြင်းအကြောင်းမှာ 'ဆိုးသွမ်းမှု' နှင့် 'မာန်မာနထောင်လွှားခြင်း' သည် အမြဲတစေ မတရာသမှုချည်းသာ ဖြစ်နေပေသည်။ (ရှေ့၌ ထိုသူတို့အား အပြစ်တင် တင်ပြထားသည်မှာ) ယင်းကဲ့သို့သော သူတို့၌ နာကျင်ဖွယ်ရာဖြစ်သော ပြစ်ဒဏ်သည် ရှိချေမည်။

သို့ရာတွင် မည်သူမဆို (မိမိအား အခြားသောသူက မတရားသမှု ပြုသောအခါ) သည်းခံခြင်းကို လည်းကောင်း၊ ခွင့်လွှတ်ခြင်းကိုလည်းကောင်း ပြုခဲ့ပါလျှင် စေကန်မလွဲ ဤသို့ ပြုလုပ်ခြင်းသည် ဖွဲ့သတ္တိနှင့် သက်ဆိုင်သော အမှုကိစ္စတို့တွင် အမှန်ပင် အပါအဝင်ဖြစ်ပေသည်။ (ဆိုလိုသည်မှာ ဤကဲ့သို့ ပြုလုပ်ခြင်းသည် သာ၍ ကောင်းမွန်၍ ဖွဲ့သတ္တိရှင်များအဖို့ ရှိသင့်ရှိထိုက် လိုလားလျက်ရှိနေသော အချက်ပင် ဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်း၌ လောကီစည်းစိမ်များသည် လျော့နည်း မပြည့်စုံ ကာ ပျက်သုဉ်းသွားမည် ဖြစ်ခြင်းအကြောင်းနှင့် ယင်းလောကီစည်းစိမ်များနှင့် ဆန့်ကျင်ကာ 'အာခေရည်' တမလွန်၏ စည်းစိမ်တော်များသည် ပြီးပြည့်စုံကာ ထာဝစဉ်တည်ရှိမည့်အကြောင်းကို တင်ပြထားပေသည်။ 'အာခေရည်'နောင်တမလွန်၏ စည်းစိမ်တော်များအား ရယူရန်အတွက် အလွန်အရေးပါအရာရောက်သော စည်းကမ်းချက်မှာ အီမာန်ပင်ဖြစ်ပေသည်။ ထိုအီမာန်မပါရှိဘဲ ထိုတမလွန်လောက၌ မည်သူတစ်ဦး တစ်ယောက်မျှ ယင်းစည်းစိမ်တော်များကို ရရှိပေလိမ့်မည်မဟုတ်ပေ။ သို့ရာတွင် အီမာန်ယုံကြည်ခြင်းတရား နှင့်အတူ အကယ်၍ ကောင်းမြတ်သော အကျင့်သီလများကိုလည်း ပြည့်ပြည့်ဝဝ ဂရုမူစွာ ဆောက်တည် မည်ဆိုလျှင် တမလွန်လောကတွင် ဤစည်းစိမ်တော်များသည် လုံးဝ ရရှိပေလိမ့်မည်။ သို့တည်းမဟုတ်ပါက မိမိတို့၏ ပြစ်မှုဒုစရိုက်များနှင့် လိုအပ်ချက်များ၏ ပြစ်ဒဏ်ကို ခံစားပြီးနောက်၌မှပင် ရရှိပေလိမ့်မည်။ ထို့ကြောင့် တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်းတွင် ပထမဦးဆုံး စည်းကမ်းချက်အဖြစ်

اَلَّذِيْنَ اٰمَنُوْا

ထိုသူတို့သည် အီမာန်သက်ဝင်ယုံကြည်ခဲ့ကြသည့်အပြင်။ *[၄၂ : ၃၆]*

ဟူ၍ မိန့်တော်မူထားပေသည်။ ထိုအီမာန်နှင့် စပ်လျဉ်းလျက်ရှိနေသော သီးသန့် ကျင့်မှုဆောင်ရွက် ချက်များကို တင်ပြထားပေသည်။ အကြင်အချက်အလက်များ မပါရှိဘဲနှင့် ပုံသေနည်းဥပဒေသနှင့်အညီ 'အာခေရည်'နောင်တမလွန်၏ 'နေ့အ်မသ်'စည်းစိမ်တော်များကို အစကတည်းကပင် ရရှိလိမ့်မည်မဟုတ်ဘဲ

မိမိတို့၏ ပြစ်မှုဒုစရိုက်များ၏ ပြစ်ဒဏ်များကို ခံစားရပြီးသည့်နောက်မှာပင် ရရှိပေလိမ့်မည်။ 'ပုံသေနည်း ဥပဒေသနှင့်အညီ' ဟူ၍ မိန့်ဆိုတော်မူထားရခြင်း၏ အကြောင်းမှာ 'အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူသည်ဆိုလျှင် ပြစ်မှုဒုစရိုက်အားလုံးကို ခွင့်လွှတ်ပေးသနားတော်မူကာ စတင်၍ ဝင်လျှင်ဝင်ခြင်း အချိန်၌မှာပင် နောင်တမလွန်၏ စည်းစိမ်တော်များအား အလွန့်အလွန် ဆိုးသွမ်းသော သူယုတ်မာတို့ကိုပင် ပေးနိုင်စွမ်း ရှိပေသည်။ ထိုအသျှင်မြတ်အား မည်သည့်ပုံသေနည်း ဥပဒေဘောင်တစ်ရပ်ရပ်ကပင် လာရောက်ကာ ထိန်းချုပ်ထားခြင်းမျိုးလည်း မရှိပေ' ဟူသော အကြောင်းတို့ကြောင့် ဖြစ်ပေသည်။ ယခု ဤနေရာ၌ အရေးပါအရာရောက်သော ကျင့်ကြံပြုမူ ဆောင်ရွက်ချက်များအကြောင်းကို တင်ပြထားပေသည်။

ပထမအရည်အချင်း

عَلٰى رَبِّهِمْ يَتَوَكَّلُوْنَ

မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အပေါ်၌ ယုံကြည်ကိုးစား အားထားကြကုန်၏။

[၄၂ : ၃၆]

ဆိုလိုသည်မှာ ဆောင်ရွက်ချက်တိုင်းနှင့် အခြေအနေတိုင်းအပေါ်တွင် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အပေါ် အားကိုးအားထားမှုကို ပြုကြပေသည်။ ထိုအသျှင်မြတ်မှအပ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လုံးလုံးလျားလျား စစ်မှန်စွာ စွမ်းဆောင်ပေးနိုင်သူဟူ၍ မမှတ်ယူထားပေ။

ဒုတိယအရည်အချင်း

اَلَّذِيْنَ يَجْتَنِبُوْنَ كَبٰٓئِرَ الْاِثْمِ وَ الْفَوَاحِشَ

ထိုသူတို့သည် ကြီးလေးသော ပြစ်မှုဒုစရိုက်များနှင့် ညစ်ညမ်းသော အမှုကိစ္စတို့မှ ရှောင်ကြဉ်ကြကုန်၏။

[၄၂ : ၃၇]

ဆိုလိုသည်မှာ ကြီးလေးသော ပြစ်မှုဒုစရိုက်များနှင့် ယင်းပြစ်မှုများအတွင်းထဲမှပင် အထူးသဖြင့် အရှက်တရား ကင်းမဲ့သော ပြုမူဆောင်ရွက်ချက်များကို ရှောင်ကြဉ်သောသူများ ဖြစ်ကြကုန်၏။ 'ကြီးလေးသော ပြစ်မှုဒုစရိုက်များသည် မည်ကဲ့သို့သော ပြစ်မှုဒုစရိုက်များ ဖြစ်ပေသနည်း။' ယင်းအချက်နှင့် စပ်လျဉ်းသော အကျယ်ဖွင့်ဆိုချက်ကို စူရာဟ်နေဆာအ် အစရှိသော စူရာဟ်များတွင် အရှေ့၌ တင်ပြခဲ့ပြီး ဖြစ်ပေသည်။ ထို့ပြင် သေးသိမ်သော ကျွန်ုပ် (မိုဟမ္မဒ်ရှဖီးအ်) သည် အတိုချုပ်စာစောင် တစ်ရပ်အတွင်း၌ ကြီးလေးသော ပြစ်မှုနှင့် သေးငယ်သော ပြစ်မှုဒုစရိုက်များ၏ ပြည့်ဝသော မာတိကာ တစ်ရပ်ကို ရေးသားထားပေသည်။ အကြင်စာစောင်ငယ်ကို گنا ہِ بے لذت 'ဂိုနားဟ်ဗေလစ်ဇ်ဇသ်' (အရသာမရှိသော 'ဂိုနာဟ်' များ) ဟူသော အမည်ဖြင့် ထုတ်ဝေထားပေသည်။

ကြီးလေးသော ပြစ်မှုဒုစရိုက်များအတွင်း၌ အားလုံးသော ပြစ်မှုဒုစရိုက်များ ပါဝင်ပေသည်။ ထိုပြစ်မှုများထဲမှ 'အရှက်တရားကင်းမဲ့သော ပြစ်မှုဒုစရိုက်များ' ကို သီးခြားကာ မိန့်တော်မူထားရခြင်း၏ အမြော်အမြင်တော်မှာ 'အရှက်တရားကင်းမဲ့သော ပြစ်မှုဒုစရိုက်များသည် အခြားအခြားသော ပြစ်မှုဒုစရိုက်များထက် သာပို၍ ပြင်းထန်၍ အခြားသောသူများထိတိုင် ကူးစက်လေ့ရှိသော၊ သက်ရောက်မှုရှိသော ကူးစက်ရောဂါ ပြစ်မှုဒုစရိုက်များ ဖြစ်သည့်အတွက်ကြောင့် ဖြစ်ပေသည်။ فواحش 'ဖဝါဟိရှ်'ဟူသော စကားလုံးသည် အရှက်တရားကင်းမဲ့သော အလုပ်များအတွက် ခေါ်ဝေါ်ပြောဆိုကြ ပေသည်။ ဥပမာ- 'ဇေနာ' (ကာမေသုမိစ္ဆာရကံ ကျူးလွန်ခြင်းနှင့် ၎င်း၏ ရှေ့ပြေးဆောင်ရွက်ချက်များ' ဖြစ်ပေသည်။ ထို့ပြင် ပေါ်လွင်ထင်ရှားစွာ ပြုမူသော အကျင့်မူဆိုးများလည်း ၎င်း فواحش (အရှက်တရားကင်းမဲ့သော လုပ်ရပ်များ) ထဲတွင် ပါဝင်ပေသည်။ အကြောင်းမှာ ထိုစရိုက်အမှုများ၏ မကောင်းသော တန်ပြန်ဆိုးကျိုးတို့သည် အလွန်ပြင်းထန်၍ လူ့ဘောင်အသိုင်းဝိုင်းတစ်ရပ်လုံးကို ဖျက်ဆီး၊ ပျက်စီးစေသော ပြုမူဆောင်ရွက်ချက်များ ဖြစ်သောကြောင့် ဖြစ်ပေသည်။

တတိယအရည်အချင်း

وَاِذَامَا غَضِبُوْا هُمْ يَغْفِرُوْنَ

ထို့ပြင် ၎င်းတို့သည် မည်သည့်အခါမျိုး၌မဆို ဒေါသအမျက်ထွက်ကြသည်ရှိသော် ခွင့်လွှတ်လေ့ရှိကြကုန်၏။ *[၄၂ : ၃၇]*

ဆိုလိုသည်မှာ '၎င်းတို့သည် အမျက်ဒေါသထွက်လာလျက်ရှိသော အချိန်၌ပင်ဝယ် ခွင့်လွှတ်လေ့ရှိကြကုန်၏။ ဤသည် စာရိတ္တကောင်းမွန်လှပခြင်း၏ အမြင့်မားဆုံးသော စံနမူနာတစ်ရပ်ပင် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် တစ်ဦးတစ်ယောက်အား ချစ်ခင်ခြင်း၊ (သို့မဟုတ်) တစ်ဦးတစ်ယောက်အပေါ် အမျက်ဒေါသထွက်လျက်ရှိနေခြင်း၊ ဤအချက်နှစ်ရပ်စလုံးသည် လွှမ်းမိုးလာသောအခါဝယ် လူကောင်းသူကောင်း၊ ဘွဲ့ရပညာတတ်၊ ဦးနှောက်အသိဉာဏ်ရှိသော သူတို့ကိုပင် မျက်ကန်း၊ နားကန်းသောသူများအဖြစ် ပြုလုပ်လိုက်ပေသည်။ ထိုသူသည် ပိုင်ခြင်း၊ မပိုင်ခြင်း၊ တရားခြင်း၊ မတရားခြင်းနှင့် မှန်ကန်ခြင်း၊ မှားယွင်းခြင်း မိမိပြုမူဆောင်ရွက်လိုက်ခြင်း၏ နောက်ဆုံး အကျိုးဆက်တရားအပေါ် စဉ်းစားတွေးခေါ်သိမြင်တတ်ခြင်း၏ အရည်အချင်းကိုပင် ဖျက်ဆီးပစ်လိုက်ပေသည်။ 'ဒေါသအမျက်ထွက်လျက် ရှိနေသောသူ'သည် မည်သည့်နည်းနှင့်မဆို မိမိ၏ အမျက်ဒေါသကို ပြေလျော့သွားစေရန် ကြိုးစားမှုကို ပြု၍ လာသောကြောင့် ဖြစ်ပေမည်။ မုအ်မင်န်နှင့် သူတော်ကောင်းတို့၏ အရည်အချင်းကိုမူ 'ဒေါသထွက်ချိန်၌ တရားခြင်းနှင့် မတရားခြင်း၏ အတိုင်းအတာ ဘောင်အတွင်း၌သာ တည်ရှိနေစေရန်' ဟူသော အချက်အပေါ်၌ ရောင့်ရဲတင်းတိမ်မနေဘဲ မိမိဘက်မှ မှန်ကန်၍ အခွင့်အရေး ရယူထိုက်ပါလျက် ခွင့်လွှတ်မှုကို ပြုကြပေသည်ဟူ၍ အလ္လာဟ်အသျှင်မြတ်သည် တင်ပြထားတော်မူပေသည်။

စတုတ္ထအရည်အချင်း

اَلَّذِيۡنَ اسۡتَجَابُوۡا لِرَبِّهِمۡ وَاَقَامُوا الصَّلٰوةَ

ထို့ပြင် ၎င်းတို့သည် မိမိတို့အား မွေးမြူတော်မူသော အသျှင်မြတ်၏ ဖိတ်ခေါ်ချက် အမိန့်တော်ကို နာယူကြကုန်၏။ ထို့ပြင် ၎င်းတို့သည် 'ဆွလားသ်'ဝတ်ပြုမှုကို ဆောက်တည်ကြကုန်၏။ /၄၂ : ၃၈ /

استجابت 'အစ်သေဂျာဗသ်'၏ အလိုသဘောမှာ 'အလ္လာဟ်အသျှင်မြတ်၏ဘက်တော်မှ ရောက်ရှိလာသော အမိန့်ပညတ်ချက်ကို ချက်ချင်းစဉ်းစားတွေးခေါ်မှုနှင့် စောဒကတစ်စုံတစ်ရာ မတက်ဘဲ မိမိ၏ စိတ်နေသဘောသဘာဝနှင့် တိုက်ဆိုင်သည်ဖြစ်စေ၊ မတိုက်ဆိုင်သည်ဖြစ်စေ အခြေအနေတိုင်း၌ နာခံလက်ခံခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ရန် အသင့်ပြင်လိုက်ခြင်း၊ ယင်းမိန့်မြွက်ချက်အတွင်းတွင် အစ္စလာမ်သာသနာ ၏ 'ဖွရ်ဇ်'အချက်များအားလုံးကို ပြုမူဆောင်ရွက်ရန်နှင့် တားမြစ်ထားသော အချက်များနှင့် နှစ်မြို့ဖွယ်မကောင်းသော အချက်များအားလုံးမှ ရှောင်ရှားရန် တာဝန်များလည်း ပါဝင်သည်' ဟူ၍ပင် ဖြစ်သည်။ သို့ရာတွင် 'ဖွရ်ဇ်'အချက်များအတွင်း၌ နမာဇ်သည် အရေးကြီးဆုံးသော 'ဖွရ်ဇ်'ချက်ဖြစ်သည့်အတွက်ကြောင့် တစ်ဖန် ယင်းနမာဇ်အတွင်းတွင် ၎င်းအပေါ် တာဝန်ထမ်းဆောင်ခြင်းဖြင့် အခြားသော ဆောင်ရွက်ချက်များအားလည်း အတိအကျထမ်းဆောင်နိုင်စွမ်း ရရှိမည် ဖြစ်ခြင်းနှင့် တားမြစ်ထားသော အချက်များမှလည်း ရှောင်ရှားနိုင်စွမ်း ရရှိခြင်း' ၏ အစွမ်းသတ္တိရှိပေသည်။ ထို့ကြောင့် နမာဇ်ကို သီးခြားစွာ ခွဲ၍ မိန့်တော်မူထားခြင်း ဖြစ်ပေသည်။

وَاَقَامُوا الصَّلٰوةَ

ထို့ပြင် ၎င်းတို့သည် 'ဆွလားသ်'ဝတ်ပြုမှုကို ဆောက်တည်ကြကုန်၏။ /၄၂ : ၃၈ /

ဆိုလိုသည်မှာ ဤသူတို့သည် နမာဇ်ကို ထိုနမာဇ်၏ 'ဝါဂျိဗ်'နှင့် 'မွတ်စ်သဟဗ်'အချက်များအားလုံးနှင့်အတူ မှန်ကန်စွာ ဆောက်တည်ကြကုန်၏။

ပဉ္စမအရည်အချင်း

وَاَمۡرُهُمۡ شُوۡرٰى بَيۡنَهُمۡ

ထို့ပြင် ၎င်းတို့၏ အရေးကြီးသော အမှုကိစ္စများကို မိမိတို့အချင်းချင်း ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ကြကုန်၏။ /၄၂ : ၃၈ /

ဆိုလိုသည်မှာ ၎င်းတို့သည် မိမိတို့၏ အမှုကိစ္စများကို မိမိတို့အချင်းချင်းကြား၌ ညှိနှိုင်းတိုင်ပင်မှုဖြင့် ဆောင်ရွက်ကြကုန်၏။ **شورى** 'ရှူရာ'ဟူသော စကားလုံးသည် **بشرى** 'ဗုရှ်ရား'ဟူသော အက္ခရာချိန်ခွင်အပေါ်၌ လာရှိကာ 'နာမ်'ပုဒ် ဖြစ်သည်။ ဝါကျအပြည့်အစုံမှာ **ذو شورى** 'ဇူးရှူးရား'ဟူ၍ ဖြစ်ပေသည်။ အလိုသဘောမှာ ဤသို့တည်း။ သာသနာတော်မှ သီးသန့်အမိန့်ပညတ်ချက် တစ်စုံတစ်ရာ

မသတ်မှတ်ပေးထားသော အရေးကိစ္စများနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချရာ၌ ၄င်းတို့သည် အချင်းချင်း ညှိနှိုင်းတိုင်ပင်မှုဖြင့် ဆောင်ရွက်ကြပေသည်။ 'အရေးကြီးသော အမှုကိစ္စများ' ဟူ၍ ဘောင်ခတ်ထားခြင်းအကြောင်းမှာ ကျမ်းမြတ်ကုရ်အာန်အတွင်း၌ လာရှိထားသော أَمْرٌ (အမ်ရုန်) ဟူသော စကားလုံးမှ ကောက်နုတ်တင်ပြထားခြင်း ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အများပြည်သူတို့ထံ၌ 'အမရ်'ဟူသော ပုဒ်ကို အရေးပါအရာရောက်သော အမှုကိစ္စများကိုသာ ခေါ်ဝေါ်သုံးနှုန်းလေ့ ရှိကြပေသည်။ ပမာဆိုရသော် စူရာဟ်အားလေ့အင်မ်ရာန်၏ အာယသ်တော်

وَشَاوِرْهُمْ فِي الْأَمْرِ

အောက်၌ အကျယ်ချဲ့အချက်ကို ဖွင့်ဆိုရေးသား တင်ပြခဲ့ပြီးဖြစ်သည်။ ထိုအကျယ်ချဲ့ဖွင့်ဆိုချက်အတွင်း၌ အရေးပါ အရာရောက်သော အမှုကိစ္စများအတွင်းတွင် 'တိုင်းပြည်ရေးရာ၊ အုပ်ချုပ်မှုရေးရာနှင့် အများဆိုင် အရေးကြီးသော အမှုကိစ္စများလည်း ပါဝင်ကြောင်း'ကိုလည်း ရှင်းလင်းထုတ်ဖော် ပြဆိုထားပေသည်။ အိဗ်နေကစီးရ် (ရဟ) သခင်ကြီးကလည်း ဤသို့ မိန့်ဆိုထားပေသည်။ တိုင်းပြည်၏ အုပ်ချုပ်မှုရေးရာနှင့် စပ်လျဉ်း၍ ညှိနှိုင်းတိုင်ပင်မှုကို ရယူရန်သည် 'ဝါဂျိဗ်'ဖြစ်ပေသည်။ အစ္စလာမ်သာသနာ၌ ခေါင်းဆောင်အား ရွေးချယ်ခြင်းကိုလည်း ညှိနှိုင်းတိုင်ပင်မှုအပေါ် အခြေခံ၍ အတိတ်ခေတ်ကာလ၏ ပုဂ္ဂိုလ်ရေးရာဆိုင်ရာ အုပ်ချုပ်မှုပြုခြင်းများကို အမြစ်ပြတ်ချေမှုန်းထားပေသည်။ အကြင်ကဲ့သို့ ပုဂ္ဂိုလ်ရေးရာဆိုင်ရာ အုပ်ချုပ်မှုရေးရာကို ရယူလိုသော သူတို့သည် အုပ်ချုပ်မှုရေးရာကို အမွေဆက်ခံသည့် အသွင်မျိုးဖြင့် ရယူလိုက်ကြပေသည်။ အစ္စလာမ်သာသနာသည် ဦးစွာပထမ ယင်းအချက်ကို အမြစ်ပြတ် ချေမှုန်း၍ အများစု ဆုံးဖြတ်ချက်၏ စစ်မှန်သော အခြေခံအရင်းအမြစ်ဆိုင်ရာ အုတ်မြစ်မဏ္ဍိုင်ကို ပန္နက်ရိုက်ပေးထားပေသည်။ သို့ရာတွင် အနောက်တိုင်း စည်းလုံးညီညွတ်ရေးဆိုင်ရာကဲ့သို့သော ခပ်သိမ်းသော ပြည်သူအပေါင်းတို့အဖို့၏ ဘက်မှလည်း ရွေးချယ်စီစစ်မှုမျိုးကို မပေးထားဘဲ ညှိနှိုင်းတိုင်ပင်သင့်သော သူတို့အပေါ်၌ ဆုံးဖြတ်ချက်ချမှတ်ပေးရန် အချို့သော စည်းကမ်းချက်များကို ချမှတ်ပေးထားပေသည်။ ဤကဲ့သို့ဖြင့် အစ္စလာမ်သာသနာ၏ အုပ်ချုပ်မှု၏ စက်ယန္တရားသည် ပုဂ္ဂိုလ်ရေးဆိုင်ရာ စိုးမိုးအုပ်ချုပ်မှုနှင့် အနောက်တိုင်းဆိုင်ရာ ဖွဲ့စည်းပုံအခြေခံစနစ်တို့ဖြင့် ကွဲလွဲကာ အလွန်တရာ တရားမျှတသော အခြေခံစည်းမျဉ်းတစ်ရပ်ကို စီမံသတ်မှတ် ပြဋ္ဌာန်းပေးထားသည်။ ယင်းအချက်၏ အကျယ်ချဲ့သဘောတရားကို မအာရိဖွလ်ကုရ်အာန် (မြန်မာပြန်)၊ အတွဲ-၄၊ စာမျက်နှာ ၁၄၆ မှ ၁၅၈ ထိတိုင် လေ့လာ ကြည့်ရှုပါ။

အေမာမ်ဂျဆ္ဆွားစ် (ရဟ) သခင်ကြီးသည် အဟ်ကားမုလ်ကုရ်အာန်ကျမ်း၌ ဤသို့ အမိန့်ရှိထားပေသည်။ ဤအာယသ်တော်မှ ညှိနှိုင်းတိုင်ပင်မှု (မရှ်ဝါရာ) သည် အရေးပါအရာရောက်ကြောင်း ထင်ရှားစွာ သိရှိရပေသည်။ 'အရေးကြီးသော အမှုကိစ္စများ၌ အလျင်စလိုနှင့် ပင်ကိုယ်အကြံစည်၊ အကြံဉာဏ်ဖြင့် မပြုမူဘဲ ဆောင်ရွက်ရန်၊ မဆောင်ရွက်ရန်'ဟူသော ညှိနှိုင်းတိုင်ပင်မှုကို ရယူရန် ကျွန်ုပ်တို့အပေါ် အမိန့်ပေးထားပေသည်။ အကြားအမြင်၊ ဗဟုသုတ ကြွယ်ဝသောသူများထံမှ ညှိနှိုင်းတိုင်ပင်မှုကို ရယူ၍ စတင်လုပ်ရှားမှုကို ပြုရန် ဖြစ်သည်။

"မရှ်ဝါရ်" (ညှိနှိုင်းတိုင်ပင်ခြင်း) ၏ အရေးပါခြင်းနှင့် ၎င်း၏ နည်းလမ်း

ခသ္တီးဗ်ဗဂ်ဒီး (ရဟ) သခင်ကြီးသည် ဟဇရသ်အလီ ﷺ သခင်ထံမှ ဆင့်ပြန်ထားသည်မှာ မိမိသည် တမန်တော်မြတ် ﷺ အား 'ကိုယ်တော်မြတ်မရှိပြီးနောက် ကျွန်ုပ်တို့သည် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌သော်လည်းကောင်း၊ ကိုယ်တော်မြတ်၏ ထံမှသော်လည်းကောင်း တစ်စုံတစ်ရာ မိန့်မြွက်ဆုံးဖြတ်ချက် ချပေးထားခြင်း မရှိသော အမှုကိစ္စတစ်စုံတစ်ရာနှင့် ကြုံကြိုက်လာရပါမူ မည်သို့ ပြုရမည်နည်း' ဟူ၍ လျှောက်ထားရာ ကိုယ်တော်မြတ် ﷺ က ဤသို့ မိန့်တော်မူလိုက်ပေသည်။

اجمعو اله العابدين من امتى واجعلوه بينكم شورى ولاتقضوا برأى واحد

ထိုအမှုကိစ္စအတွက် ငါကိုယ်တော်၏ အွမ္မသ် (နောက်လိုက်ထု) အတွင်းရှိ ခဝပ်ကိုးကွယ်မှုပြုသော တရားဓမ္မရှိသူများအား စုရုံး၍ အချင်းချင်းကြား ညှိနှိုင်းတိုင်ပင် ဆွေးနွေးကြကာ ဆုံးဖြတ်ချက်ချကြကုန်။ တစ်ဦးတစ်ယောက်၏ အကြံအစည်တစ်ရပ်တည်းဖြင့် ဆုံးဖြတ်ချက်ချခြင်းကို မပြုကြလေနှင့်။

[ရှုဟုလ်မအာနီး]

အထက်ပါဆင့်ပြန်ချက်၏ အချို့သော စကားလုံးတော်များအတွင်း၌ 'ဖုကဟား၊ အာဗိဒီးန်' ဟူသော စကားလုံးတော်များ လာရှိထားပေသည်။ သို့ဆိုလျှင် ယင်းဆင့်ပြန်ချက်မှ 'ညှိနှိုင်းတိုင်ပင်မှု' (မရှ်ဝါရာ) ကို ဓမ္မသတ်ပညာရှင်များ (သာသနာ့အသိ သိရှိကြသောသူများ) ထံမှ ရယူသင့်ကြောင်း' ကို သိရှိရပေသည်။

ရှုဟုလ်မအာနီကျမ်းရှင်က မိန့်ဆိုထားသည်မှာ 'မရှ်ဝါရာ' (ညှိနှိုင်းတိုင်ပင်မှု) ကို အထက်ပါနည်းလမ်းပုံစံမျိုးဖြင့် မရယူဘဲ ပညာမဲ့၊ သာသနာမဲ့သောသူများအတွင်း၌မှာပင် တဝဲလည်လည် ရှိနေမည်ဆိုပါက ပျက်စီးရာပျက်စီးကြောင်းသည် မှန်ကန် ကောင်းမွန်ခြင်း၏ အချက်အပေါ် လွှမ်းမိုးနေပေလိမ့်မည်' ဟူ၍ ဖြစ်သည်။

အေမာမ်ဗိုင်ဟကီး (ရဟ) သခင်ကြီးသည် ရှိအဗုလ်အီမာန်ကျမ်းအတွင်း၌ ဟဇရသ်အိဗ်နေအုမရ် ﷺ သခင်ထံမှ ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'အကြင်သူတစ်ဦးတစ်ယောက်သည် အလုပ်ကိစ္စရပ် တစ်စုံတစ်ရာကို ပြုမူဆောင်ရွက်ရန် ဆန္ဒသဘောကို ပိုက်လိုက်ပေသည်။ ထိုအလုပ်ကိစ္စစပ်နှင့် စပ်လျဉ်း၍ ညှိနှိုင်းတိုင်ပင်မှု (မရှ်ဝါရာ) ကို ရယူကာ အကောင်အထည်ကို ဖော်ပါမူ အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား အမှန်ကန်၊ အကောင်းမွန်ဆုံးသော အမှုကိစ္စများဘက်သို့ လမ်းညွှန်တော်မူပေလိမ့်မည်။ ဆိုလိုသည်မှာ ၎င်းအဖို့ အဆုံးရလဒ်၌ ကောင်းကျိုးချမ်းသာ ရရှိစေခြင်းဆီသို့ ပို့ဆောင်ပေးတော်မူပေလိမ့်မည်။' ဤကဲ့သို့ပင် ဟဒီးစ်တော်တစ်ရပ်ကို အေမာမ်ဘိုခါရီ (ရဟ) သခင်ကြီးသည် 'အလ်အဒဗုလ်မုဖ်ရဒ်' ကျမ်း၌သော်လည်းကောင်း၊ အဗ်ဒ်ဗင်နဲဟိုမိုက်ဒ် (ရဟ) သခင်ကြီးသည် မပ်စ်နဒ်ကျမ်း၌သော်လည်းကောင်း ဟဇရသ်ဟစန်း ﷺ သခင်ထံမှ ဆင့်ပြန်ထားပေသည်။ အကြင်ဆင့်ပြန်ချက်အတွင်း၌ သခင်ကြီးသည် တင်ပြပါ အာယသ်တော်အား ဖတ်ရွတ်ကာ ဤသို့ မိန့်တော်မူထားပေသည်။

ماتشا ورقوم قط الا هدوالارشد امرهم

(မည်သည့်မျိုးနွယ်အုပ်စု တစ်အုပ်စုမဆို ညှိနှိုင်းတိုင်ပင်မှု (မရှ်ဝါရာ) ဖြင့် အမှုကိစ္စတို့ကို ဆောင်ရွက်ပါမူ၊ ဧကန်မုချ ၎င်းတို့အဖို့ မှန်ကန်သော လမ်းစဉ်ဘက်သို့ ညွှန်ပြတော်မူခြင်းကို ခံရပေမည်။)

ဟဒီးစ်တော်တစ်ရပ်အတွင်း၌ တမန်တော်မြတ် ﷺ သည် ဤသို့ မိန့်တော်မူထားပေသည်။ အသင်တို့အား စိုးမိုးအုပ်ချုပ်လျက်ရှိနေသော အကြီးအကဲ ခေါင်းဆောင်များသည် အသင်တို့အတွင်းထဲမှ အကောင်းဆုံးသောသူများဖြစ်မူ၊ အသင်တို့၏ ဥစ္စာဓနရှင်များမှာ ရက်ရောစွာ လှူဒါန်းသုံးစွဲပေးသော သူများ (အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌သော်လည်းကောင်း၊ သူဆင်းရဲသားများအပေါ်၌သော်လည်းကောင်း လှူဒါန်းသုံးစွဲမှုကို ပြုကြပေသည်) ဖြစ်မူ၊ ၎င်းနောက် အသင်တို့၏ အမှုကိစ္စများသည် 'မရှ်ဝါရာ' (ညှိနှိုင်းတိုင်ပင်မှု) နှင့် ဆုံးဖြတ်ချက်ချကာ ပြုလုပ်နေသရွေ့ ကာလပတ်လုံး အသင်တို့သည် ကမ္ဘာမြေပထဝီပေါ်၌ နေထိုင်ခြင်း (ဝါ) အသက် ရှင်နေခြင်းသည် သာပို၍ ကောင်းမွန်ပေသည်။ အသင်တို့၏ ခေါင်းဆောင်ပိုင်း အကြီးအကဲများသည် မျိုးနွယ်အုပ်စုအတွင်းရှိ မကောင်းသောသူများ ဖြစ်လာချိန်၊ အသင်တို့၏ စည်းစိမ်ဓန ဥစ္စာချမ်းသာ ကြွယ်ဝသောသူများသည် စေးနဲတွန့်တိုသောသူများ ဖြစ်လာချိန်နှင့် 'ပြုချင်သလို ပြု' ဟူ၍ အသင်တို့သည် မိမိတို့၏ အမှုကိစ္စများအား အမျိုးသမီးများအား အပ်နှင်းလာချိန်ဝယ် အသင်တို့အဖို့ ကမ္ဘာမြေပထဝီ၏ ကျောကုန်းထက်ဝယ် နေနေကြရမည့်အစား ကမ္ဘာမြေပထဝီ၏ ဝမ်းဗိုက်သည် အသင်တို့အဖို့ သာပို၍ ကောင်းမွန်ပေသည်။ ဆိုလိုသည်မှာ အသက်ရှင်နေထိုင်ခြင်းထက် သေခြင်းသည် သာပို၍ ကောင်းမွန်ပေလိမ့်မည်။ *[ရှုဟုလ်မအာနီကျမ်း]*

ဆဌမအရည်အချင်း

مِمَّا رَزَقْنٰهُمْ يُنْفِقُوْنَ

ထို့ပြင် ၎င်းတို့သည် ငါအသျှင်မြတ်သည် ၎င်းတို့အား ပေးသနားတော်မူသော ပစ္စည်းဥစ္စာများမှ သုံးစွဲလှူဒါန်းကြကုန်၏။ *[၄၂ : ၃၈]*

ဆိုလိုသည်မှာ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ပေးသနားထားတော်မူသော ဥစ္စာပစ္စည်းများထဲမှ အချို့သော ပစ္စည်းဥစ္စာများကို မွန်မြတ်သော အလုပ်များအတွင်း၌ သုံးစွဲလှူဒါန်းမှုကို ပြုကြကုန်၏။ အကြင် လှူဒါန်းသုံးစွဲမှုအတွင်း၌ 'ဇကားသ်ဖွရဒ်' နှင့် 'နဖွလ်' အလှူဒါနများအားလုံး ပါဝင်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ များစွာသော တင်ပြပုံ တင်ပြနည်းကို ထောက်ရှုကြည့်မည့်ဆိုလျှင် 'ဇကားသ်' နှင့် အခြားသော အလှူဒါနများသည် နမာဇ်၏ နောက်၌ တစ်ဆက်တည်း လာသင့်ပေသည်။ ဤနေရာ၌မူ နမာဇ်၏ အကြောင်းကို တင်ပြပြီးနောက် 'မရှ်ဝါရာ'၏ ဓမ္မသတ်ကို ဦးစွာ တင်ပြကာ ထို့နောက်တစ်ဖန် 'ဇကားသ်'အကြောင်းကို တင်ပြထားပေသည်။ ထိုသို့ တင်ပြပုံ၊ တင်ပြနည်းနှင့် စပ်လျဉ်း၍ 'နမာဇ်'အား တည်တံ့မြဲမြံစွာ ဆောက်တည်ခြင်းအတွက် ဗလီဝတ်ကျောင်းတော်များအတွင်း၌ ငါးကြိမ်

စုရုံးမှု ပြုရပေသည်။ ထိုသို့ စုရုံးရောက်ရှိလာခြင်းမှ အရေးကြီးသော အမှုကိစ္စများနှင့်စပ်လျဉ်း၍ ညှိနှိုင်းတိုင်ပင်ခြင်း၏ အချက်ကို ရယူနိုင်ခြင်းဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန်တူပေသည်။

[ရှုဟုလ်မအာနီကျမ်း]

သတ္တမအရည်အချင်း

وَالَّذِيْنَ اِذَا اَصَابَهُمُ الْبَغْيُ هُمْ يَنْتَصِرُوْنَ

ထိုသူတို့သည် မတရားနှိပ်စက်ခြင်းကို ခံကြရသောအခါ ၎င်းတို့သည် မိမိတို့နှိပ်စက်ခြင်း ခံကြရသည်နှင့်အညီ လက်စားချေလေ့ရှိကြကုန်၏။ *[၄၂ : ၃၉]*

ယင်းသို့ လက်စားချေမှုကို ရယူရာ၌ အတိုင်းထက်အလွန် မပြုကြချေ။ ဤအရည်အချင်းသည် စင်စစ်၌ တတိယအရည်အချင်းကို ရှင်းလင်းတင်ပြနေခြင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တတိယအရည်အချင်း၏ စာစဉ်အကြောင်းအရာမှာ ဤသို့ပင် ဖြစ်သည်။ ဤသူတို့သည် မိမိတို့အား ဆန့်ကျင်သမှုပြုသော သူတို့အား ခွင့်လွှတ်လေ့ ရှိကြကုန်၏။ သို့ရာတွင် အချို့သောအချိန်အခါမျိုး၌ ခွင့်လွှတ်ပေးလိုက်ခြင်းကြောင့် ပျက်စီးရာပျက်စီးကြောင်း၏ အခြေအနေများ ပိုမို ပေါ်ပေါက်လာတတ်ပေရာ ထိုသို့သော အချိန်အခါမျိုး၌ လက်စားချေခြင်းသည်သာလျှင် သာ၍ ကောင်းမွန်သွားတတ်ပေသည်။ ဤဥပဒေသကို ဤအာယသ်တော်အတွင်း၌ ပြဆိုထားပေသည်။ အကယ်၍ နေရာအချိန်အခါတစ်ရပ်၌ ကလဲ့စားရယူခြင်းသည်မှာ ကြောင်းကျိုးတရားနှင့် ကိုက်ညီသော အချက်အဖြစ် မှတ်ယူထားရလျှင်မူ ‘ယင်းသို့ ကလဲ့စားရယူရာ၌ အတိုင်းထက်အလွန် မဖြစ်ရှိစေရန်’ဟူသော အချက်ကို ဂရုမူရန် အရေးကြီးပေသည်။ သို့တည်းမဟုတ်ပါက ကလဲ့စားရယူသော သူကိုယ်တိုင်သည်ပင်လျှင် မတရားသောသူ ဖြစ်သွားပေလိမ့်မည်။ ထို့ကြောင့် ‘ကလဲ့စားရယူပိုင်ခွင့် ရှိကြောင်း’ အချက်ကို တင်ပြပြီးနောက်

وَجَزٰٓؤُا سَيِّئَةٍ سَيِّئَةٌ مِّثْلُهَا

(စင်စစ် မကောင်းပြုခြင်း၏အစား ယင်းမကောင်းမှုပြုခြင်းနှင့် အညီအမျှ မကောင်းပြုခြင်းပင် ဖြစ်၏။) *[၄၂ : ၄၀]*

ဆိုလိုသည်မှာ အဘယ်မျှခန့်အတိုင်းအတာ အသင့်အား ကိုယ်ခန္ဓာရေးရာ၌သော်လည်းကောင်း၊ ပစ္စည်းဥစ္စာအရေး၌သော်လည်းကောင်း ဆုံးရှုံးမှု ပြုထားသည်ဆိုပါက ထိုမျှခန့် အတိုင်းအတာ အတိအကျကို သာလျှင် ပြန်လည်၍ လက်စားချေမှုကို ရယူရပေမည်။ ၎င်းသည် အသင့်အား အဘယ်ကဲ့သို့သော မကောင်းမှုကို ပြုထားသည်ဆိုပါက ထိုကဲ့သို့ပင် မကောင်းမှုကို အသင့်ဘက်မှ ပြန်လည်၍ ပြုလုပ်လိုက်ပါ။ သို့ရာတွင် ယင်းကဲ့သို့ ရယူရာ၌လည်း ‘ထိုလက်စားချေ မကောင်းပြုခြင်းသည် ပင်ကိုယ်အရ မကောင်းမှုအကုသိုလ် ဒုစရိုက်မဖြစ်စေရ’ ဟူသော စည်းကမ်းချက်သည် ရှိပေသည်။ ဥပမာ- တစ်ဦးတစ်ယောက်သည်

၎င်းအား အတင်းအဓမ္မ အရက်ကို တိုက်ကျွေးပါမူ၊ ယင်းအချက်ကို တုန့်ပြန်လက်စားချေရာ၌ 'အတင်းအဓမ္မ ၎င်းအား တစ်ဖန် အရက်သေစာ တိုက်ကျွေးခြင်း' သည် ၎င်းအဖို့ မပိုင်ပေ။

ဤအာယသ်တော်တွင်း၌ တန်းတူ၊ ညီတူ ကလဲ့စားချေခွင့်ကို ပေးထားနေလင့်ကစား သို့ရာတွင် ရှေ့၌ ဤသို့ ဆက်လက်ကာ အမိန့်ရှိထားပေသည်။

فَمَنْ عَفَا وَ اَصْلَحَ فَاَجْرُهٗ عَلَى اللّٰهِ

(သို့တစေလည်း မည်သူမဆို ခွင့်လွှတ်ခဲ့ပါမူ ၎င်းပြင် ကောင်းမွန်အောင် ပြုပြင်ခဲ့ပါမူ ထိုသူ့အား အကျိုးပေးခြင်းမှာ အလ္လာဟ်အသျှင်မြတ်၏ တာဝန် ဖြစ်၏။) *[၄၂ : ၄၀]*

ဤအာယသ်တော်အတွင်း၌ ခွင့်လွှတ်မှုပြုပေးခြင်းသည် အမွန်မြတ်ဆုံးဖြစ်ကြောင်းကို လမ်းညွှန်ထားပေသည်။ ထိုအချက်၏နောက်၌ ထပ်မံ တင်ပြလာသော အာယသ်တော် နှစ်အာယသ်အတွင်း၌ ယင်းအချက်နှင့် စပ်လျဉ်းသော သာပို၍ ရှင်းလင်းထားသော ရှင်းလင်းချက်များ ပါရှိထားသေည်။

ခွင့်လွှတ်ခြင်းနှင့် လက်စားချေခြင်း၌ မျှတသော ဆုံးဖြတ်ချက်

ဟဇရသ်အီဗ်ရာဟီးမ်နခ်အီး (ရဟ) သခင်ကြီးက အမိန့်ရှိသည်မှာ အတိတ်ခေတ်ရှိ သူတော်စင်အကြီးအကဲများသည် 'မုအ်မင်န်များသည် မိမိတို့ကိုယ်ကို မိမိသူယုတ်မာများ၏ ရှေ့ဝယ် သေးသိမ်နိမ့်ချခံရခြင်းနှင့် ၎င်းသူယုတ်မာတို့၏ အတင့်ရဲမှုသည် သာပို ပြင်းထန်လာမည့် အချက်' ကို မနှစ်မြို့ကြချေ။ ထို့ကြောင့် ခွင့်လွှတ်လိုက်ခြင်းဖြင့် သူယုတ်မာ၊ လူဆိုးတို့၏ အတင့်ရဲမှုနှင့် ယုတ်မာမှုသည် ပိုမိုလာကာ အခြားသော သူမွန်၊ သူမြတ်တို့ကိုလည်း ဒုက္ခပေးဖွယ်ရာရှိသော အချိန်အခါ၊ နေရာဌာနမျိုး၌ လက်စားချေခြင်းသည် သာပို၍ ကောင်းမွန်ပေလိမ့်မည်။ 'မတရားသမှုပြုသောသူသည် မိမိ၏ လုပ်ရပ်အပေါ် ရက်ကြောက် နာကျည်းကာ မတရားသမှု ပြုခြင်းအပေါ် ၎င်း၏ အတင့်ရဲမှု သာပို၍ ဖြစ်ပေါ်လာမည်ကို မစိုးရိမ်ရသော အချိန်၌' ခွင့်လွှတ်ခြင်းသည် အကောင်းဆုံးပုံစံ ဖြစ်ပေသည်ဟူ၍ ဖြစ်သည်။ ကာဇီအဗူဗကရ်အိဗ်နေ အရဗီ (ရဟ) သခင်ကြီးသည် အဟ်ကားမုလ်ကုရ်အာန်ကျမ်းအတွင်း၌သော်လည်းကောင်း၊ ကုရ်သုဗီ (ရဟ) သခင်ကြီးသည် မိမိအကျယ်ချဲ့ဖွင့်ဆိုသော ကျမ်း၌သော်လည်းကောင်း ခွင့်လွှတ်ခြင်းနှင့် လက်စားချေခြင်း အမိန့်နှစ်ရပ်စလုံးသည် အခြေအနေအမျိုးမျိုးကို ထောက်ရှုကာ ကွဲပြားနေပေသည်။ အကြင်သူသည် မတရားသမှုကို ပြုပြီးနောက် ရက်ကြောက်ကာ နောင်ကြဉ်သွားပါက ၎င်းအား ခွင့်လွှတ်ရန်သည် အမွန်မြတ်ဆုံးဖြစ်၍ အကြင်သူသည် ဇွတ်အတင်းအကြပ်နှင့် မတရားသမှုအပေါ် စဉ်ဆက်မပြတ် ပြုနေသည်ဆိုပါက ၎င်းအား လက်စားချေခြင်းသည် အမွန်မြတ်ဆုံးဖြစ်ကြောင်း' ဟူသော အချက်ကို ကောက်နုတ် ရွေးချယ်ထားကြပေသည်။

ဟဇရသ်အရှ်ရဖ်မရှာအိခ် (ဟဇရသ်ထာနဝီ) (ရဟ) သခင်ကြီးသည် ဗယာနုလ်ကုရ်အာန်ကျမ်း၌ 'အလ္လာဟ်အသျှင်မြတ်သည် ဤအာယသ်တော်နှစ်ပုဒ်စလုံးတွင် မုအ်မင်န်များ၊ စိတ်စေတနာ ဖြူစင်သူများ

နှင့် မွန်မြတ်သော သူများ၏ ဝိသေသဂုဏ်ထူးနှစ်ရပ်အား တင်ပြမိန့်ခြွေထားပေသည်’ဟူ၍ တင်ပြခဲ့သည်။ هُمْ يَغْفِرُوْنَ (ခွင့်လွှတ်လေ့ရှိကြကုန်၏) ဟူသော အာယသ်တော်အတွင်း၌မူ ‘ဤသူတို့သည် အမျက်ဒေါသ ထွက်ရာ၌ အသိအာရုံ လွှမ်းမိုးခြင်း မခံကြရကာ သို့သာမက ကရုဏာတရားနှင့် ရက်ရောမှုတို့သည် ၎င်းတို့၏ ဗီဇသဘောသဘာဝအတွင်းဝယ် လွှမ်းမိုးလျက်ရှိကာ ခွင့်လွှတ်မှုကို ပြုကြလေ့ရှိပေသည်။ ထို့ပြင် هُمْ يَنْتَصِرُوْنَ (လက်စားချေလေ့ ရှိကြကုန်၏) ဟူသော အာယသ်တော်အတွင်းဝယ် ‘အကယ်၍ တစ်ခါတစ်ရံ မတရားသမှုအား အစားယူလိုစိတ် နှလုံးသားအတွင်း၌ ပေါ်ပေါက်လာကာ အစားယူသည်ဆိုပါကလည်း’ ခွင့်လွှတ်မှုပြုခြင်းသည် ၎င်းအဖို့ အမွန်မြတ်ဆုံး ဖြစ်နေလင့်ကစား’ အတိုင်းထက်အလွန် မပြုပေ’ဟူသော အချက်ကိုလည်း သူတော်ကောင်းတို့၏ ဂုဏ်ထူးဝိသေသအချက်အဖြစ် ပြုဆိုထားပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَمَنْ يُّضْلِلِ اللّٰهُ فَمَا لَهٗ مِنْ وَّلِيٍّ مِّنْۢ بَعْدِهٖ ؕ وَتَرَى الظّٰلِمِيْنَ
لَمَّا رَاَوُا الْعَذَابَ يَقُوْلُوْنَ هَلْ اِلٰى مَرَدٍّ مِّنْ سَبِيْلٍ ۚ﴿٤٤﴾

၄၂ : ၄၄ ။ ။ စင်စစ် အကြင်သူအား အလ္လာဟ်အသျှင်မြတ်သည် လမ်းမှား၌ပင် ရှိစေတော်မူပါလျှင် ထိုသူ၏အဖို့ ထိုအသျှင်မြတ်မှတစ်ပါး (ဤမျက်မှောက်လောကီဘဝတွင်လည်း) ၎င်း၏ အမှားကို ပြုပြင်၍ ပေးမည့်သူဟူ၍ အလျှင်းမရှိတော့ပြီ။ ထို့ပြင် (အို, နဗီတမန် တော် နောင်တမလွန်ဘဝတွင်လည်း) အသင်သည် မတရားသော သူတို့အား ၎င်းတို့သည် ပြစ်ဒဏ်ကို တွေ့မြင်ကြသောအခါ ‘(ကမ္ဘာလောကသို့) ပြန်သွားရန် နည်းလမ်းတစ်စုံတစ်ရာ ရှိပါသလော’ဟု ကြေကွဲစွာ ပြောဆိုနေကြမည်ကို တွေ့မြင်ရပေမည်။

وَتَرٰىهُمْ يُعْرَضُوْنَ عَلَيْهَا خٰشِعِيْنَ مِنَ الذُّلِّ يَنْظُرُوْنَ مِنْ طَرْفٍ خَفِيٍّ ؕ
وَقَالَ الَّذِيْنَ اٰمَنُوْٓا اِنَّ الْخٰسِرِيْنَ الَّذِيْنَ خَسِرُوْٓا اَنْفُسَهُمْ وَاَهْلِيْهِمْ
يَوْمَ الْقِيٰمَةِ ؕ اَلَآ اِنَّ الظّٰلِمِيْنَ فِيْ عَذَابٍ مُّقِيْمٍ ﴿٤٥﴾

၄၂ : ၄၅ ။ ။ အို, နဗီတမန်တော်၊ ထို့ပြင် အသင်သည် ထိုသူတို့အား ယင်းငရဲမီးရှေ့ဝယ် အရှက်တကွဲ အကျိုးနည်းမှုကြောင့် အောက်ကျို့လျက် ယူဆောင်လာစေခြင်း ခံကြရသည်ကို တွေ့မြင်ရပေမည်။ ၎င်းတို့မှာ (ယင်းငရဲမီးကို ရဲရဲမကြည့်ဝံ့ဘဲ) ခိုးဝှက်စွာ ကြည့်နေကြပေမည်။ ၎င်းပြင် ‘မုအ်မင်န်’သက်ဝင်ယုံကြည်သူတို့သည် (ဤသို့) ပြောဆိုကြပေမည်။ အမှန်စင်စစ် ‘ကေယာမသ်’ ရှင်ပြန်ထရမည့်နေ့တွင် မိမိတို့နှင့်တကွ မိမိတို့နှင့် ပတ်သက်သော သူများကိုပါ ဆုံးရှုံးပျက်စီးစေ

သူတို့သည်သာလျှင် ပျက်စီးဆုံးရှုံးသူ (အစစ်အမှန်) များ ဖြစ်ကြကုန်၏။ သတိပြုကြလေကုန်။ ဧကန်မလွဲ မတရားသော သူတို့သည် အမြဲထာဝရ ခံကြရမည်ဖြစ်သော ပြစ်ဒဏ်၌ ရှိကြပေမည်။

وَمَا كَانَ لَهُمْ مِّنْ أَوْلِيَآءَ يَنصُرُونَهُم مِّن دُونِ ٱللَّهِ ۗ وَمَن يُضْلِلِ ٱللَّهُ فَمَا لَهُۥ مِن سَبِيلٍ ﴿٤٦﴾

၄၂ : ၄၆ ။ ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်မှ လွဲ၍ ၎င်းတို့အား ကူညီစောင်မကြရန်အလို့ငှာ ကာကွယ်စောင့်ရှောက်မည့်သူများဟူ၍လည်း ၎င်းတို့၌ ရှိကြမည်မဟုတ်ပေ။ စင်စစ် အကြင်သူအား အလ္လာဟ်အသျှင်မြတ်သည် လမ်းမှား၌ပင် (စွန့်ထား၍) ရှိစေတော်မူပါလျှင် ထိုသူ့၌ (လွတ်မြောက်ရန်ဟူ၍) မည်သည့်နည်းလမ်းမျှပင် ရှိတော့မည်မဟုတ်ပေ။

ٱسْتَجِيبُوا۟ لِرَبِّكُم مِّن قَبْلِ أَن يَأْتِىَ يَوْمٌ لَّا مَرَدَّ لَهُۥ
مِنَ ٱللَّهِ ۚ مَا لَكُم مِّن مَّلْجَإٍ يَوْمَئِذٍ وَمَا لَكُم مِّن نَّكِيرٍ ﴿٤٧﴾

၄၂ : ၄၇ ။ ။ အသင်တို့သည် အကြင်နေ့မဆိုက်ရောက်မီ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့် တော်ကို နာယူကြလေကုန်။ အလ္လာဟ်အသျှင်မြတ်ထံတော်မှ ယင်းနေ့ကို လွှဲဖယ်ခြင်း၊ ရွှေ့ဆိုင်းခြင်းဟူ၍ အလျဉ်း ရှိလိမ့်မည် မဟုတ်ပေ။ (တစ်နည်း) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်တော်ကို အလ္လာဟ်အသျှင်မြတ်ထံတော်မှ အကြင်နေ့ ရောက်မလာမီ နာယူကြလေကုန်။ ယင်းနေ့ကို မည်သူတစ်ဦးတစ်ယောက်မျှပင် ရွှေ့ဆိုင်းနိုင်မည် မဟုတ်ပေ။) ထိုနေ့တွင် အသင်တို့၌ ခိုလှုံရာဌာနဟူ၍လည်း အလျဉ်းရှိမည် မဟုတ်ပေ။ အသင်တို့နှင့် ပတ်သက်၍ (အသျှင်မြတ်အား) ဟန့်တားမည့် သူဟူ၍ (အသင်တို့၌ မိမိတို့အား မမှတ်မိနိုင်ရန် အကြောင်းဟူ၍အပြင် ငြင်းဆိုနိုင်ခြင်းဟူ၍) လည်း လုံးဝ ရှိလိမ့်မည်မဟုတ်ပေ။

فَإِنْ أَعْرَضُوا۟ فَمَآ أَرْسَلْنَٰكَ عَلَيْهِمْ حَفِيظًا ۖ إِنْ عَلَيْكَ إِلَّا ٱلْبَلَٰغُ ۗ وَإِنَّآ إِذَآ أَذَقْنَا
ٱلْإِنسَٰنَ مِنَّا رَحْمَةً فَرِحَ بِهَا ۖ وَإِن تُصِبْهُمْ سَيِّئَةٌۢ بِمَا قَدَّمَتْ
أَيْدِيهِمْ فَإِنَّ ٱلْإِنسَٰنَ كَفُورٌ ﴿٤٨﴾

၄၂ : ၄၈ ။ ။ သို့ပါလျက် ၎င်းတို့သည် (အမိန့်တော်ကို နာယူခြင်း မရှိကြဘဲ) မျက်နှာလွှဲခဲ့ကြလျှင် (အို, နဗီတမန် တော်) ငါအသျှင်မြတ်သည် အသင့်အား ၎င်းတို့အပေါ် စောင့်ကြပ်သူအဖြစ် စေလွှတ်တော်မူခဲ့သည် မဟုတ်ပေ။ အသင်၏ တာဝန်မှာ အမိန့်တော်များကို ပို့ဆောင်ခြင်းသာဖြစ်၏။ စင်စစ် ငါအသျှင်မြတ်သည် (ထိုသို့သော) လူသားအား မိမိ၏ ကျေးဇူးတော်တစ်စုံတစ်ရာ (၏ အရသာ) ကို (အနည်းငယ်မျှ) မြည်းစမ်းစေတော်မူသောအခါ ၎င်းလူသားသည် ယင်းကျေးဇူး တော်ကြောင့် ဝမ်းမြောက်ရွှင်မြူးလေ့ ရှိ၏။ သို့ရာတွင် အကယ်၍ ၎င်းတို့၌ ၎င်းတို့၏ လက်များက ကြိုတင်၍ ပို့နှင့်ခဲ့သော အပြုအမူကြောင့် ဘေးဒုက္ခတစ်စုံတစ်ရာ သက်ရောက်ပါလျှင် ဧကန်မလွဲ ထိုလူသားမှာ လွန်စွာ ကျေးဇူးကန်းသူ ဖြစ်သွားလေသည်။

لِلّٰهِ مُلْكُ السَّمٰوٰتِ وَالْاَرْضِ ۭ
يَخْلُقُ مَا يَشَاۗءُ ۭ يَهَبُ لِمَنْ يَّشَاۗءُ اِنَاثًا وَّيَهَبُ لِمَنْ يَّشَاۗءُ الذُّكُوْرَ ۝

၄၂ : ၄၉ ။ ။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို စိုးမိုးအုပ်ချုပ်မှုအာဏာသည် အလ္လာဟ်အသျှင်မြတ်၌သာ ရှိ၏။ ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသောအရာကို ဖန်ဆင်းတော် မူ၏။ ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား (သမီး) မိန်းကလေးများကို ချီးမြှင့်တော်မူ၍ မိမိအလိုရှိတော်မူသော သူအား (သား) ယောကျ်ားကလေးများကို ချီးမြှင့်တော်မူ၏။

اَوْ يُزَوِّجُهُمْ ذُكْرَانًا وَّاِنَاثًا ۚ وَيَجْعَلُ مَنْ يَّشَاۗءُ عَقِيْمًا ۭ اِنَّهٗ عَلِيْمٌ قَدِيْرٌ ۝

၄၂ : ၅၀ ။ ။ သို့တည်းမဟုတ် ထိုအသျှင်မြတ်သည် ၎င်းတို့အား သားယောကျ်ားကလေးများနှင့် သမီးမိန်းကလေးများကို ပေါင်းစပ်၍၊ စုံတွဲ၍ ပေးတော်မူ၏။ ထို့ပြင် မိမိအလိုရှိတော်မူသောသူအား (သားသမီး မထွန်းကားသော) အမြုံပြုလုပ်ထားတော်မူ၏။ ဧကန်မလွဲ ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်၊ အရာခပ်သိမ်းတို့ကို လွန်စွာ ပြုစွမ်းနိုင်တော်မူသော အသျှင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ဤအခြေအနေသည်မူ လမ်းမှန်တရားရရှိသောသူတို့၏ အခြေအနေပင် ဖြစ်သည်။ ၎င်းတို့သည် ကမ္ဘာလောက၌ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ လမ်းမှန်တရားနှင့် 'အာခိရသ်' (နောင်တမလွန်) တွင် အကျိုးစဝါးဖ်ကို ချီးမြှင့်ပေးသနားတော်မူခြင်းကို ခံကြရပေမည်။) စင်စစ် (ရှေ့၌ လမ်းလွဲ၊ လမ်းမှားသောသူတို့၏ အခြေအနေကို နားထောင်ကြကုန်။ ၎င်းတို့၏ အခြေအနေမှာ ဤသို့ပင် ဖြစ်သည်။) အကြင်သူအား အလ္လာဟ်အသျှင်မြတ်သည် လမ်းမှား၌ စွန့်ထားတော်မူခဲ့ပါလျှင် ထိုသူ၏အဖို့ ထိုအသျှင်မြတ်မှတစ်ပါး (ဤမျက်မှောက်လောကီဘဝတွင်လည်း) ၎င်း၏ အမှားကို ပြုပြင်၍ (လမ်းမှန်တရားအပေါ် တင်ဆောင်) ပေးမည့်သူ ဟူ၍ အလျှင်းမရှိတော့ပြီ။ ထို့ပြင် ('ကေယာမသ်' နေ့၌လည်း ဆိုးရွားသော အခြေအနေဖြင့် ရင်ဆိုင်ရပေလိမ့်မည်။ သို့ရှိရာ ထိုနေ့တွင် အို, နဗီတမန်တော်) အသင်သည် (၎င်း) မတရားသောသူတို့အား '၎င်းတို့သည် ပြစ်ဒဏ်ကို တွေ့မြင်ကြသောအခါ (ကမ္ဘာလောကသို့) တစ်ဖန်ပြန်လည် သွားရောက်ရန် မည်သည့်ပုံစံ ရှိနိုင်ပါသနည်း။ (သို့မှသာ တစ်ဖန် ကောင်းမြတ်သော အကျင့်သီလများကို စောင့်ထိန်း၍ ပြန်လည် လာရောက်ကြပေမည်)' ဟု (အလွန် ကြေကွဲစွာ) ပြောဆိုနေကြမည်ကို တွေ့မြင်ရပေမည်။

ထို့ပြင် (အို, နဗီတမန်တော်) အသင်သည် ထိုသူတို့အား ယင်း (ငရဲမီးရှေ့ဝယ် အရှက်တကွဲ အကျိုးနည်းမှုကြောင့် အောက်ကျို့လျက် ယူဆောင်လာစေခြင်း ခံကြရသည်ကို တွေ့မြင်ရပေမည်။ ၎င်းတို့မှာ (ယင်းငရဲမီးကို ရဲရဲမကြည့်ဝံ့ဘဲ) ခိုးဝှက်စွာ ကြည့်နေကြပေမည်။ (စိုးရိမ် ထိတ်လန့်နေသောသူ ကြည့်သကဲ့သို့ ဖြစ်ပေသည်။ အခြားသော အာယသ်တော်တစ်ပါးအတွင်း 'ကေယာမသ်'နေ့၌ မျက်ကန်းအဖြစ်

ပြန်လည် ရှင်ပြန်ထရမည်ဖြစ်ကြောင်း' လာရှိထားပေသည်။ ဤသို့ စိုးရိမ်ထိတ်လန့်မှု ဖြစ်ရှိခြင်း၊ မျက်ကန်း အဖြစ် ရှင်ပြန်ထရခြင်းမှာ 'ဟရှရ်'နေ့ (ဝါ) ပြန်လည် ရှင်ပြန်ထရမည့် အချိန်၏ ဖြစ်အင် ဖြစ်ပေသည်။ ယခု တင်ပြပါအခြေအနေမှာ ၎င်း၏ နောက်တွင် ဖြစ်မည့် ဖြစ်အင် ဖြစ်သည်။ သို့ရှိရာ ထိုအာယသ်တော် အတွင်း၌ نَحْشُرُهُ (ငါအသျှင်မြတ်သည် ၎င်းအား 'ဟရှရ်'နေ့၌ ပြန်လည် ရှင်ပြန်ထစေတော်မူမည်) ဟူသော စကားလုံးသည် ရှင်းလင်းစွာဖြင့် လာရှိထားပေသည်။) ၎င်းပြင် (ထိုအချိန်၌) မုအ်မင်နိသက်ဝင် ယုံကြည်သူတို့သည် (မိမိတို့ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းအပေါ် ကျေးဇူးတင်ရှိရန်နှင့် ၎င်းတို့ အပေါ် စောင်းချိတ်ကဲ့ရဲ့ရန်အတွက် ဤသို့ ပြောဆိုကြပေမည်။) အမှန်စင်စစ် (ယနေ့) 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင် မိမိတို့နှင့်တကွ မိမိတို့နှင့် ပတ်သက်သောသူများကိုပါ ဆုံးရှုံးပျက်စီးစေသော သူတို့ သည်သာလျှင် ဆုံးရှုံးပျက်စီးသူ (အစစ်အမှန်) များ ဖြစ်ကြကုန်၏။ (ထိုအချက်နှင့် စပ်လျဉ်းသော အကျယ် ချဲ့ဖွင့်ဆိုချက်ကို စူရာဟ်ဇုမရ်၏ ဒုတိယရုကူအ်၌ တင်ပြထားပြီး ဖြစ်ပေသည်။) သတိပြုကြလေကုန်။ ဧကန်မလွဲ မတရားသော သူ (ကာဖိရ်နှင့် မုရှ်ရစ်က်) တို့သည် အမြဲထာဝရ ခံကြရမည်ဖြစ်သော ပြစ်ဒဏ် ၌ ရှိကြပေမည်။

ထို့ပြင် (ယင်းနေ့တွင်) အလ္လာဟ်အသျှင်မြတ်မှလွဲ၍ ၎င်းတို့အား ကူညီစောင်မကြရန်အလို့ငှာ ကာကွယ်စောင့်ရှောက်မည့်သူများဟူ၍လည်း ၎င်းတို့၌ ရှိကြမည်မဟုတ်ပေ။ စင်စစ် အကြင်သူအား အလ္လာဟ် အသျှင်မြတ်သည် လမ်းမှား၌ပင် (စွန့်ထား၍) ရှိစေတော်မူပါလျှင် ထိုသူ့၌ (လွတ်မြောက်ရန်ဟူ၍) မည်သည့် နည်းလမ်းမျှပင် ရှိတော့မည်မဟုတ်ပေ။ (ဆိုလိုသည်မှာ မည်သည့်ချွင်းချက်အဖြစ် တင်လျှောက်မှု၊ အခြား တစ်ဦးတစ်ယောက်၏ ကူညီမှုနှင့် အခြားမည်သည့်အချက် တစ်စုံတစ်ရာကိုမျှပင် လက်ခံခြင်းခံရမည် မဟုတ်ပေ။)

(ရှေ့၌ ကာဖိရ် (သွေဖည်ငြင်းပယ်သောသူ) တို့အား မိန့်မြွက်ထားသည်မှာ 'အို၊ လူသားအပေါင်း တို့၊ အသင်တို့သည် 'ကေယာမသ်'နေ့၏ ဤကြောက်မက်ဖွယ်ကောင်းသော အခြေအနေများကို ကြားနာ ခဲ့ပြီးဖြစ်ရာ) အသင်တို့သည် ထိုနေ့မဆိုက်ရောက်မီ မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ် ၏ အမိန့်တော်ကို (အီမာန်ရယူခြင်း စသော အချက်များကို) နာယူကြလေကုန်။ အလ္လာဟ်အသျှင်မြတ် ထံတော်မှ ယင်းနေ့ကို လွဲဖယ်ခြင်း၊ ရွှေ့ဆိုင်းခြင်းဟူ၍ အလျဉ်းရှိလိမ့်မည်မဟုတ်ပေ။ (ကမ္ဘာလောက၌ ပြစ်ဒဏ်တော်ကို ရွှေ့ဆိုင်းခြင်း ပြုလိုက်ခြင်း ရှိပါသော်လည်း 'အာခေရသ်'နောင်တမလွန်၌ ထိုကဲ့သို့ ရွှေ့ဆိုင်းခြင်း ရှိလိမ့်မည် မဟုတ်ပေ။ ထိုနေ့တွင် အသင်တို့၌ ခိုလှုံရာဌာနဟူ၍လည်း အလျဉ်း ရှိနိုင်မည် မဟုတ်ပေ။ အသင်တို့နှင့် ပတ်သက်၍ (အသျှင်မြတ်အား) ဟန့်တားမည့်သူဟူ၍ ('၎င်းတို့အား ဤကဲ့သို့ သော အခြေအနေ ကိန်းဆိုက်ရောက်လာအောင် အဘယ်ကြောင့် ဖန်တီးထားပေသနည်း'ဟူသော မေးခွန်း ကိုမျှပင် မေးနိုင်ကြမည်မဟုတ်) လုံးဝ ရှိလိမ့်မည် မဟုတ်ပေ။

(အို၊ နဗီတမန်တော်၊ အသင်သည် ၎င်းတို့အား ဤသို့ ပြောပြတော်မူပါ။) သို့ပါလျက် ၎င်းတို့သည် (အမိန့်တော်ကို ကြားနာကာ နာယူခြင်းမရှိဘဲ) မျက်နှာလွှဲခဲ့ကြပါလျှင် (အီမာန်ကို မရယူကြပါလျှင်၊

အသင်သည် သောကဗျာပါဒ မပွားများလေနှင့်။ အဘယ်ကြောင့်ဆိုသော် အို, နဗီတမန်တော်) ငါအသျှင်မြတ်သည် အသင့်အား ၎င်းတို့အပေါ်၌ စောင့်ကြပ်သူအဖြစ် စေလွှတ်တော်မူခဲ့သည် မဟုတ်ပေ။ (အသင်၏ စောင့်ကြပ်ထိန်းသိမ်းမှုအတွင်းဝယ် ရှိနေကာ ၎င်းတို့ထဲမှ ဤကဲ့သို့သော အမှုကိစ္စများသည် အဘယ်ကြောင့် ဖြစ်ပေါ်သွားပေသနည်း' ဟူသော မေးမြန်းမှုမျိုးကို မမေးမြန်းရုံသာမက) အသင်၏ တာဝန်မှာ (အမိန့်တော်များကို) ပို့ဆောင်ခြင်းသာ ဖြစ်၏။ (အကြင်တာဝန်အား အသင်သည် ထမ်းဆောင်လျက်ရှိနေပေသည်။ သို့ရှိရာ အသင်သည် ယင်းအချက်နှင့် စပ်လျဉ်း၍ သာဝိုစွာ အဘယ်ကြောင့် သောကပွားနေပါသနည်း။) စင်စစ် (၎င်းတို့ အမှန်တရားမှ မျက်နှာ လွှဲဖယ်လိုက်ခြင်း၏ အကြောင်းခံမှာ အလ္လာဟ်အသျှင်မြတ်နှင့် ဆက်သွယ်မှုသည် အားနည်းသွားသောကြောင့် ဖြစ်ပေသည်။ အကြင်ကဲ့သို့ ဆက်နွယ်မှု အားနည်းခြင်း၏ နိမိတ်လက္ခဏာမှာ) ငါအသျှင်မြတ်သည် (ထိုသို့သော) လူသားအား မိမိ၏ ကျေးဇူးတော် တစ်စုံတစ်ရာ (၏ အရသာ) ကို (အနည်းငယ်မျှ) မြည်းစမ်းစေတော်မူသောအခါ ၎င်းလူသားသည် ယင်းကျေးဇူးတော်ကြောင့် (ဂုဏ်မောက်ကာ) ဝမ်းမြောက်ရွှင်မြူးလေ့ရှိ၏။ (ကျေးဇူးတရား ချီးမြှင့်တော်မူသော အသျှင်မြတ်အပေါ် ကြည့်ရှုကာ ကျေးဇူးဥပကာရ မတင်ရှိပေ။) သို့ရာတွင် အကယ်၍ ၎င်း (ကဲ့သို့သော) သူတို့၌ ၎င်းတို့၏ ထိုလက်များက ကြိုတင်၍ ပို့နှင့်ခဲ့သော အပြုအမူ (မကောင်းမှုဒုစရိုက်ကြောင့်) ဘေးဒုက္ခတစ်စုံတစ်ရာ သက်ရောက်ပါလျှင် ထို (သို့သော) လူသားသည် လွန်စွာ ကျေးဇူးကန်းသောသူ ဖြစ်သွားလေသည်။ (ပြစ်မှုဒုစရိုက်တို့မှ 'သောင်ဗာဟ်' (အမှား ဝန်ခံမှု) နှင့် 'အိဓ်သိဂ်ဖားရ်' (လွတ်ငြိမ်းချမ်းသာခွင့်) နှင့် ခဝပ်ကိုးကွယ်မှု၊ နာခံမှုတို့ကို အကြောင်းခံ၍ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးသို့ ချဉ်းကပ်ခြင်းကို မပြုကြပေ။ ဤအခြေအနေနှစ်ရပ်စလုံးသည် '၎င်းသည် မိမိ၏ စိတ်ကြိုက် နှစ်မြို့သည့် အရသာများဘက်သို့ သာပို တပ်မက်ကာ အလ္လာဟ်အသျှင်မြတ်နှင့် ဆက်နွယ်မှုသည် ပျောက်ဆုံးနေခြင်း၊ (သို့မဟုတ်) အားနည်းနေခြင်း'တို့၏ အချင်းလက္ခဏာပင် ဖြစ်ပေသည်။ ထို့ကြောင့်သာလျှင် ၎င်းသည် 'ကုဖ္ဖရ်' (သွေဖည်ငြင်းဆိုမှု) အတွင်း နစ်မွန်းသွားပေသည်။ ဤခလေ့အကျင့် အခြေအနေသည် ၎င်းတို့၏ အရိုးစွဲလေ့ ဖြစ်သွားပေသည်။ ဤအတွက်ကြောင့် အသင့်အနေနှင့် သောကဖြစ်ရှိနေရလောက်အောင် ၎င်းတို့ အီမာန်ရယူရန် အဘယ်ကြောင့် မျှော်လင့်ချက် ထားရှိနေပေသနည်း။)

(ရှေ့၌ တစ်ဖန် 'သောင်ဟီးဒ်' တစ်ပါးတည်းတည်ရှိခြင်း၏ အကြောင်းကို တင်ပြထားပေသည်) မိုးကောင်းကင်များနှင့် မြေပထဝီကို စိုးမိုးအုပ်ချုပ်မှု (အာဏာအာလုံးစုံ) သည် အလ္လာဟ်အသျှင်မြတ်၌သာရှိ၏။ ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသော အရာကို ဖန်ဆင်းတော်မူ၏။ (သို့ရှိရာ) ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား (သမီး) မိန်းကလေးများကို ချီးမြှင့်တော်မူ၍ မိမိအလိုရှိတော်မူသော သူအား (သား) ယောကျ်ားကလေးများကို ချီးမြှင့်တော်မူ၏။

သို့တည်းမဟုတ် ထိုအသျှင်မြတ်သည် (အကြင်သူတို့အဖို့ လိုလားတော်မူသည်ဆိုလျှင်) ၎င်းတို့အား သားယောကျ်ားကလေးများနှင့် သမီးမိန်းကလေးများကို ပေါင်းစပ်၍ စုံတွဲပေးတော်မူ၏။ ထို့ပြင်

မိမိအလိုရှိတော်မူသော သူအား (သားသမီးမထွန်းကားဘဲ) အမြုံပြုလုပ်၍ ထားတော်မူ၏။ စေကန်မလွဲ ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်၊ အရာခပ်သိမ်းတို့ကို လွန်စွာ ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

တင်ပြလျက်ရှိနေသော အာယသ်တော်များ၏ အစပိုင်း အာယသ်တော်များအတွင်း၌ မွန်ရည်သော မုအ်မင်န်များနှင့် ဆန့်ကျင်ဘက် 'အာခေရသ်' နောင်တမလွန်ကို သောကထားရမည့်အစား လောကီရေးရာ၏ စည်းစိမ်နှင့် သက်တောင့်သက်သာမှုကိုသာလျှင် လိုလားတပ်မက်လျက် ရှိနေသောသူတို့၏ အချုပ်ဇာတ်သိမ်း ပိုင်းကို တင်ပြထားပေသည်။ ထို့နောက်

اِسۡتَجِيۡبُوۡا لِرَبِّكُمۡ

(မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်တော်ကို နာယူကြလေကုန်။)

[၄၂ : ၄၇]

ဟူသော အာယသ်တော်အတွင်း၌ 'ကေယာမသ်' နေ့၏ ပြစ်ဒဏ် မဆိုက်ရောက်မီအလျှင် 'သောင်ဗာဟ်' (အမှားဝန်ခံမှု) ကို ပြုရန်နှင့် အီမာန်ရယူရန် ၎င်းတို့အား ဆိုးဆုံးမမှုကို ပြုထားပေသည်။ ထို့နောက်တစ်ဖန် တမန်တော်မြတ် ﷺ အား 'အသင့်အနေနှင့် အကြိမ်ကြိမ်အခါခါ ပို့ချရေးကိစ္စနှင့် စွမ်းစွမ်း တမံ ကြိုးပမ်းမှု ပြုနေသည့် ကြားကတည်းကပင် အကယ်၍ ဤသူတို့သည် အသိတရား မရရှိပါကလည်း သောကမဖြစ်ရန်' ဖြေသိမ့်မှုနှင့် စိတ်နှလုံးတည်ငြိမ်မှု ရှိစေရန် အမိန့်ရှိထားပေသည်။

فَاِنۡ اَعۡرَضُوۡا فَمَاۤ اَرۡسَلۡنٰكَ عَلَيۡهِمۡ حَفِيۡظًا

(သို့ပါလျက် ၎င်းတို့သည် (အမိန့်တော်ကို နာယူခြင်းမရှိဘဲ) မျက်နှာလွှဲခဲ့ကြပါလျှင် (အို၊ နဗီ တမန်တော်) ငါအသျှင်မြတ်သည် အသင့်အား ၎င်းတို့အပေါ်၌ စောင့်ကြပ်သူအဖြစ် စေလွှတ်တော်မူခဲ့ သည်မဟုတ်ပေ။)

[၄၂ : ၄၈]

ဟူသော အာယသ်တော်၏ အလိုသဘောသည် ဤသည်သာလျှင် ဖြစ်ပေသည်။ နောက်ဆုံးပိုင်း အာယသ်တော်များအတွင်း لِلّٰهِ مُلۡكُ السَّمٰوٰتِ မှ စ၍ အဆုံးထိတိုင် ခပ်သိမ်းသော စကြဝဠာများအား ဖန်ဆင်းရာတွင် 'မြင့်တွေ့နေရသည့် အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝစုံလင်လှစွာသော တန်ခိုးတော်နှင့် ပြီးပြည့်စုံတော်မူလှသော အမြော်အမြင်တော်' သည် တည်ရှိနေပေသည်။ အကြင်ကဲ့သို့ ဖန်ဆင်းတော်မူရာ၌ မည်သူတစ်ဦးတစ်ယောက်မျှ ထိုအသျှင်မြတ်နှင့် ဖက်စပ်ပုံစံမျိုးဖြင့် ပါဝင်ထားခြင်းမျိုး မရှိပေ။ ထိုအချက် ကို တင်ပြကာ 'သောင်ဟီးဒ်' (တစ်ပါးတည်းတည်ရှိခြင်း) ၏ ဘက်သို့ ဖိတ်ခေါ်ထားပေသည်။ ယင်းသို့ တင်ပြနေခြင်း၏ ကွင်းဆက်တစ်ဆက်တည်းမှာပင် မိုးကောင်းကင်များနှင့် မြေပထဝီဝင်အား ဖန်ဆင်း

ထားခြင်းအကြောင်းကို မိန့်တော်မူပြီးနောက် 'ပြုနိုင်စွမ်းရှိခြင်း တန်ခိုးတော်' ၏ ပုံသေနည်းတစ်ရပ်ကို ဤသို့ မိန့်မြွက်တင်ပြထားတော်မူပေသည်။

يَخْلُقُ مَا يَشَآءُ

(ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသော အရာကို ဖန်ဆင်းတော်မူ၏။) *[၄၂ : ၄၉]*

ဆိုလိုသည်မှာ ထိုအသျှင်မြတ်သည် သေးငယ်သောအရာတိုင်းနှင့် ကြီးမားသော အရာတိုင်းအား ဖန်ဆင်းရန်အပေါ် လွန်စွာ စွမ်းဆောင်နိုင်တော်မူသော တန်ခိုးတော်အသျှင်မြတ် ဖြစ်တော်မူပေသည်။ လိုလားတော်မူသော အချိန်၌ လိုလားသည့်အရာကို ဖန်ဆင်းတော်မူပေသည်။ ထိုတင်ပြချက်၏ တစ်ဆက်တည်းမှာပင် လူသားများအား ဖန်ဆင်းခြင်းဆိုင်ရာ ကဏ္ဍရပ်အချက်ကိုလည်း တင်ပြထားပြန်ပေသည်။

يَهَبُ لِمَنْ يَّشَآءُ اِنَاثًا وَّيَهَبُ لِمَنْ يَّشَآءُ الذُّكُوْرَ اَوْيُزَوِّجُهُمْ ذُكْرَانًا وَّاِنَاثًا وَيَجْعَلُ مَنْ يَّشَآءُ عَقِيْمًا اِنَّهٗ عَلِيْمٌ قَدِيْرٌ

(ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား သမီးမိန်းကလေးများကို ချီးမြှင့်တော်မူ၍ မိမိအလိုရှိတော်မူသော သူအား သားယောကျ်ားလေးများကို ချီးမြှင့်တော်မူပေသည်။ သို့တည်းမဟုတ် ထိုအသျှင်မြတ်သည် ၎င်းတို့အား သားယောကျ်ားကလေးများနှင့် သမီးမိန်းကလေးများကို ပေါင်းစပ်၍ စုံတွဲ ပေးတော်မူ၏။ ထို့ပြင် မိမိအလိုရှိတော်မူသော သူအား သားသမီး မထွန်းကားစေဘဲ အမြုံပြုလုပ်၍ ထားတော်မူ၏။ ကေန်မလွဲ ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်၊ အရာခပ်သိမ်းတို့ကို ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။) *[၄၂ : ၄၉-၅၀]*

ဆိုလိုသည်မှာ လူသားတို့အား မွေးမြူဖန်ဆင်းတော်မူရာ၌ မည်သူတစ်ဦးတစ်ယောက်၏ အလိုသဘော ဆန္ဒနှင့် ရွေးချယ်မှုကို မဆိုထားဘိဦး။ အသိနှင့် သတင်းမျှပင် ဝင်ရောက်စွက်ဖက် ပါဝင်ခြင်း မရှိပေ။ အခြားသူတစ်ဦးတစ်ယောက်ကိုပင် ထပ်မံ၍ မဆိုထားဘိဦး၊ ၎င်းအား မွေးမြူပေါ်ပေါက်လာစေရန် အပေါ်ယံ အကြောင်းခံအဖြစ် တည်ရှိနေသော ၎င်း၏ မိဘနှစ်ပါးကိုယ်တိုင်သည်ပင်လျှင် ကလေးငယ်အား မွေးမြူ ဖန်ဆင်းပေးတော်မူခြင်း၏ ကဏ္ဍရပ်၌ 'အလိုသဘောဆန္ဒနှင့် ရွေးချယ်မှု'တို့သည် တစ်စုံတစ်ရာမျှပင် ဖက်စပ်ပါဝင်ခြင်း မရှိပေ။ အလိုသဘောဆန္ဒနှင့် ရွေးချယ်မှု၌ မပါဝင်သည်ဆိုပေရာ 'ဖန်ဆင်းပေးခြင်း' ကွင်းဆက်သည် သာပို၍ ဝေးကွာလှစွာသော အချက်ပင် ဖြစ်ပေသည်။ ကလေးငယ်အား မမွေးဖွားမီ အလျှင် 'မိမိ၏ ဝမ်းဗိုက်အတွင်း၌ မည်သည့်အရာနည်း၊ မည်ကဲ့သို့နည်း၊ မည်သို့ ဖြစ်ပေါ်တည်ရှိနေပေသနည်း' ဟူသော အချက်များကို မိခင်သည်ပင်လျှင် တစ်စုံတစ်ရာကိုမျှ မသိရှိပေ။ 'အချို့သော သူတို့ကို သမီးမိန်းကလေးများ ချီးမြှင့်၍ အချို့အား သားယောကျ်ားကလေးများ ချီးမြှင့်ကာ အချို့ကို သားယောကျ်ားများနှင့် သမီးမိန်းကလေးများကို တစ်တွဲတည်း ချီးမြှင့်ပြီး အချို့ကို သားသမီးလုံးဝ မချီးမြှင့်ဘဲ အမြုံအဖြစ် ပြုလုပ်တော်မူထားခြင်း'သည် အလ္လာဟ်အသျှင်မြတ်၏ ဆောင်ရွက်ချက်သည်သာလျှင် ဖြစ်ပေသည်။

ဤအထက်တင်ပြပါ အာယသ်တော်များအတွင်းတွင် ကလေးငယ်များ၏ အမျိုးအစားများကို တင်ပြရာတွင် ဦးစွာပထမ အလ္လာဟ်အသျှင်မြတ်သည် သမီးမိန်းကလေးများကို တင်ပြထားပေသည်။ သားယောကျ်ားများကို နောက်မှ တင်ပြထားပေသည်။ ဤအာယသ်တော်၏ ညွှန်ပြမှုအချက်ကို ထောက်ရှု၍ ဟဇရသ်ဝါစေလာဗင်န်အစ်စ်ကအ် ﷺ သခင်ကြီးသည် 'သမီးမိန်းကလေး စတင် မွေးဖွားပေးသော အမျိုးသမီးသည် မင်္ဂလာကံထူးရှင်အမျိုးသမီးဖြစ်သည်' ဟူ၍ မိန့်တော်မူထားပေသည်။ *[ကုရ်သုဗီး]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَمَا كَانَ لِبَشَرٍ اَنْ يُّكَلِّمَهُ اللّٰهُ اِلَّا وَحْيًا اَوْ مِنْ وَّرَآئِ
حِجَابٍ اَوْ يُرْسِلَ رَسُوْلًا فَيُوْحِيَ بِاِذْنِهٖ مَا يَشَآءُ ۭ اِنَّهٗ عَلِيٌّ حَكِيْمٌ ﴿٥١﴾

၄၂ : ၅၁ ။ ။ စင်စစ် မည်သည့်လူသား တစ်ဦးတစ်ယောက်နှင့်မျှ အလ္လာဟ်အသျှင်မြတ်သည် 'ဝဟီ'အမိန့်တော် ထုတ်ပြန်တော်မူခြင်းမှအပ၊ အရိပ်အခြည် ပြတော်မူခြင်းမှအပ၊ သို့တည်းမဟုတ် အကွယ်အကာ တစ်စုံတစ်ရာ၏ နောက်မှအပ ၎င်းနှင့် (မျက်နှာချင်းဆိုင်တော်မူ၍) စကားပြောတော်မူသည် မဟုတ်ပေ။ သို့တည်းမဟုတ် ထိုအသျှင်မြတ်သည် စေတမန် တစ်ပါးပါးကို စေလွှတ်တော်မူ၏။ ထိုအခါ ထိုစေတမန်သည် ထိုအသျှင်မြတ်၏ အမိန့်တော်နှင့် ထိုအသျှင်မြတ် အလိုရှိတော်မူသော 'ဝဟီ'ထုတ်ပြန်ချက်ကို ပို့ပေးလေ၏။ ဧကန်စင်စစ် ထိုအသျှင်မြတ်သည် အလွန်တရာ မြင့်မြတ်တော်မူသော အသျှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

وَكَذٰلِكَ اَوْحَيْنَآ اِلَيْكَ رُوْحًا مِّنْ اَمْرِنَا ۭ مَا كُنْتَ تَدْرِيْ مَا الْكِتٰبُ
وَلَا الْاِيْمَانُ وَلٰكِنْ جَعَلْنٰهُ نُوْرًا نَّهْدِيْ بِهٖ مَنْ نَّشَآءُ مِنْ عِبَادِنَا ۭ
وَاِنَّكَ لَتَهْدِيْٓ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿٥٢﴾

၄၂ : ၅၂ ။ ။ ထိုနည်းအတိုင်းပင် ငါအသျှင်မြတ်သည် မိမိ အမိန့်တော်များအနက်မှ 'ရူးဟ်'တည်းဟူသော ကုရ်အာန်ကျမ်းတော်မြတ်ကို ထုတ်ပြန်တော်မူခဲ့၏။ စင်စစ် အသင်သည် ကျမ်းဂန်တော်ဟူသည် အဘယ်နည်းဟူ၍လည်းကောင်း၊ အီမာန်သက်ဝင်ယုံကြည်မှုဟူသည် အဘယ်နည်းဟူ၍လည်းကောင်း သိရှိခဲ့သည်မဟုတ်ပေ။ သို့ရာတွင် ငါအသျှင်မြတ်သည် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို လင်းရောင်ခြည် ပြုလုပ်တော်မူ၍ ထိုလင်းရောင်ခြည်ဖြင့် ငါအသျှင်မြတ်သည် မိမိကျွန်တို့အနက်မှ မိမိအလိုရှိတော်မူသော သူအား (မိမိထံပါးသို့ ချဉ်းကပ်နိုင်ရန်) တရားလမ်းမှန်ကို ညွှန်ပြတော်မူ၏။ ၎င်းပြင် ဧကန်မလွဲ အသင်သည် ဖြောင့်မတ်သော တရားလမ်းကို အမှန်ပင် ညွှန်ပြလျက် ရှိ၏။

صِرَاطِ اللّٰهِ الَّذِىْ لَهٗ مَا
فِى السَّمٰوٰتِ وَمَا فِى الْاَرْضِ ۗ اَلَاۤ اِلَى اللّٰهِ تَصِيْرُ الْاُمُوْرُ ﴿٥٣﴾

၄၂ း ၅၃ ။ ။ (အကြင်အလ္လာဟ်အသျှင်မြတ်၏ တရားလမ်းကို ညွှန်ပြလျက်ရှိပြီး ၎င်းတရားလမ်းအား ကျင့်သုံးမှုနှင့် မကျင့်သုံးမှုသည် မိမိတို့၏ တာဝန်သာ ဖြစ်၏။) မိုးကောင်းကင်များ၊ ပထဝီမြေ၌ ရှိသမျှတို့သည် ထိုအသျှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူသော အရာများ ဖြစ်ကြကုန်၏။ သတိပြုကြလေကုန်။ အရေးကိစ္စ အလုံးစုံတို့သည် ထိုအသျှင်မြတ်ထံတော်သို့ သာလျှင် ပြန်လည်၍ ရောက်ရှိကြရပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

စင်စစ် (လက်ရှိအခြေအနေ၌ တည်ရှိနေသော) မည်သည့်လူသားတစ်ဦးတစ်ယောက်နှင့်မျှ အလ္လာဟ်အသျှင်မြတ်သည် (သို့ရာတွင် အောက်ပါနည်းလမ်း (၃) ရပ်မှအပ) 'ဝဟီ'အမိန့်တော် ထုတ်ပြန်တော်မူခြင်း 'အိလ်ဟားမ်'ပြုခြင်း၏ (နှလုံးသားအတွင်းဝယ် ကောင်းသော အလင်းတရား၏ အတွင်းစကားကို ထည့်သွင်းပေးခြင်း) မှအပ၊ အရိပ်အမြွက်ပြခြင်းမှအပ၊ သို့တည်းမဟုတ် အကာအကွယ်တစ်စုံတစ်ရာ၏ နောက်မှ (အချို့သော စကားရပ်တော်များကို ကြားနာစေလေသည်။ ပမာဆိုရသော် တမန်တော်မူစာ ﷺ သည် ကြားနာတော်မူခဲ့ပေသည်) မှအပ ၎င်းနှင့် (မျက်နှာချင်းဆိုင်) စကားပြောဆိုတော်မူသည် မဟုတ်ပေ။ သို့တည်းမဟုတ် ထိုအသျှင်မြတ်သည် စေတမန်တစ်ပါးပါးကို စေလွှတ်တော်မူ၏။ ထိုအခါ ၎င်းစေတမန်သည် ထိုအသျှင်မြတ်၏ အမိန့်တော်နှင့် ထိုအသျှင်မြတ် အလိုရှိတော်မူသော 'ဝဟီ'ထုတ်ပြန်ချက်ကို ပို့ပေးလေ၏။ (ယင်းသို့ ပြုရတော်မူခြင်း၏ အကြောင်းအရင်းမှာ) ကေန်စင်စစ် ထိုအသျှင်မြတ်သည် အလွန်တရာ မြင့်မြတ်တော်မူသော အသျှင်၊ (ထိုအသျှင်မြတ်ကိုယ်တော်တိုင် စွမ်းအား မချီးမြှင့်ပေးသရွေ့ ကာလပတ်လုံး မည်သူတစ်ဦးတစ်ယောက်မျှ ထိုအသျှင်မြတ်နှင့် စကားပြောဆိုနိုင်စွမ်း မရှိပေ။ သို့ရာတွင် ထိုအချက်နှင့်အတူ) ဆင်ခြင်တုံတရားနှင့် (လည်း) ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ (ထို့ကြောင့်ပင် ကျေးကျွန်များ၏ ကြောင်းကျိုးတရားများကို ထောက်ရှု၍ ထိုအသျှင်မြတ်သည် တင်ပြပါ ပြောဆိုတော်မူခြင်း ပုံစံ (၃) ရပ်ကို သတ်မှတ် ပေးသနားထားတော်မူပေသည်။)

(လူသားတို့နှင့်အတူ ငါအသျှင်မြတ်သည် စကားပြောဆိုတော်မူခြင်း၏ နည်းလမ်းကို သတ်မှတ်ပေးထားသကဲ့သို့) ထိုနည်းအတိုင်းပင် (ဆိုလိုသည်မှာ ထိုသို့သော ဥပဒေနှင့်အညီ) ငါအသျှင်မြတ်သည် မိမိ၏ အမိန့်တော်များအနက်မှ 'ရူးဟ်'တည်းဟူသော ('ဝဟီ'ဗျာဒိတ်တော် အမိန့်၊ ကုရ်အာန်ကျမ်းတော်မြတ်) ကို အသင့်ထံသို့ (လည်း) ထုတ်ပြန်တော်မူခဲ့၏။ (ထို့နောက် အသင့်အား နဗီအဖြစ် ပြုလုပ်တော်မူခဲ့သည်။ ဤ 'ဝဟီ'ဗျာဒိတ်တော်သည် 'အသင်၏ အနိူင်းမဲ့သော ပညာရပ်များသည် ထိုဗျာဒိတ်တော်၏ အကြောင်းခံဖြင့် တိုးတက်မှု ရရှိနေမည်ဖြစ်သော' လမ်းညွှန်တရားပင် ဖြစ်ပေသည်။ သို့ရှိရာ 'ဝဟီ'ဗျာဒိတ်တော်

မကျရောက်မီအလျှင်၊ စင်စစ်) အသင်သည် (အလ္လာဟ်အသျှင်မြတ်၏) ကျမ်းဂန်တော်ဟူသည် အဘယ် နည်းဟူ၍လည်းကောင်း၊ ယခုလက်ရှိ အချိန်၌ ရရှိထားသော အပြည့်ဝဆုံးသော အဆင့်ရှိသည့်) အီမာန် သက်ဝင် ယုံကြည်မှု'ဟူသည် အဘယ်နည်းဟူ၍လည်းကောင်း (မူရင်း အီမာန်၏ ဇစ်မြစ် အခြေခံအချက် ကိုမူ နဗီအဖြစ် မချီးမြှောက်မီကာလကတည်းက ချီးမြှင့်ခြင်းခံရနေလင့်ကစား) သိရှိခဲ့သည် မဟုတ်ပေ။ သို့ရာတွင် ငါအသျှင်မြတ်သည် (အသင့်အား နဗီအဖြစ် ချီးမြှောက်ကာ ကုရ်အာန်ကျမ်းတော်မြတ်ကို ချီးမြှင့် တော်မူလိုက်ပြီး) ယင်း (ကုရ်အာန်) ကျမ်းတော်မြတ်ကို (ဦးစွာပထမ အသင့်အဖို့သော်လည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် အခြားသော သူများအဖို့လည်းကောင်း) လင်းရောင်ခြည် ပြုလုပ်တော်မူ၍ (အကြင် လင်းရောင်ခြည်ကြောင့် အသင်သည် ဤသို့ ကြီးကျယ်လှစွာသော ပညာရပ်များနှင့် မြင့်မားသော အဆင့် အတန်းရှိသည့် အခြေအနေကို ရရှိခဲ့၏။) ထိုလင်းရောင်ခြည်ဖြင့် ငါအသျှင်မြတ်သည် မိမိ၏ ကျွန်တို့ အနက်မှ မိမိအလိုရှိတော်မူသော သူတို့အား (မိမိထံတော်ပါးသို့ ချဉ်းကပ်နိုင်ရန်) တရားလမ်းမှန်ကို ညွှန်ပြ တော်မူ၏။ (သို့ရှိရာ ထိုကုရ်အာန်ကျမ်းတော်မြတ်၏ ကြီးကျယ်လှစွာသော လင်းရောင်ခြည်ဖြစ်ခြင်း၌ ယုံမှားသံသယဖြစ်ဖွယ်ရာ မရှိပေ။ ယခု မျက်ကန်းသည်သာလျှင် ထိုလင်းရောင်ခြည်၏ အကျိုးကျေးဇူး မှ လက်မဲ့ဖြစ်ရှိနေရုံသာမက ငြင်းဆိုသူလည်း ဖြစ်နေပေသည်။ ပမာဆိုရသော် ဤသို့ စောဒကတက်နေ သောသူများ ဖြစ်သည်။) ၎င်းပြင် ဧကန်မလွဲ အသင်သည် (ထိုကုရ်အာန်ကျမ်းတော်မြတ်နှင့် 'ဝဟီ'၏ အကြောင်းခံဖြင့် များစွာသောသူတို့ကို) ဖြောင့်မတ်သော တရားလမ်းကို အမှန်ပင် ညွှန်ပြလျက် ရှိ၏။

(ဆိုလိုသည်မှာ) အကြင်အသျှင်မြတ်၏ တရားလမ်းကို (ညွှန်ပြလျက်ရှိပြီး ၎င်းတရားလမ်းအား ကျင့်သုံးမှုနှင့် မကျင့်သုံးမှုသည် မိမိတို့၏ တာဝန်သာ ဖြစ်၏။) မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိသမျှ တို့သည် ထိုအသျှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူသော အရာများ ဖြစ်ကြကုန်၏။ (ရှေ့၌ ထိုပညတ်ချက်များ အား နာခံသူ၊ မနာခံသူတို့၏ အကြောင်းအကျိုး၊ အကောင်းအဆိုးတို့နှင့် စပ်လျဉ်းသော ပြစ်ဒဏ်နှင့် အကျိုးကို တင်ပြထားပေသည်။) သတိပြုကြလေကုန်။ အရေးကိစ္စအလုံးစုံတို့သည် အလ္လာဟ်အသျှင်မြတ် ထံတော်သို့သာလျှင် ပြန်လည်၍ ရောက်ရှိကြရပေမည်။ (သို့ရှိရာ ထိုအသျှင်မြတ်သည် ထိုသူများအားလုံး တို့အား အကျိုးနှင့် အစားကို ပေးတော်မူပေလိမ့်မည်။)

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်းရှိ ပထမဦးဆုံးသော အာယသ်တော်သည် ယဟူဒီ တို့၏ ရန်ငြိုးရန်စွယ်ထား တောင်းဆိုမှုကို တုန့်ပြန်ဖြေကြားချက် ပေးခြင်းအဖြစ် ကျရောက်လာခဲ့ခြင်း ဖြစ်ပေသည်။ ပမာဆိုရသော် ဗဂ်ဝီး (ရဟ) သခင်ကြီးနှင့် ကုရ်သုဗီး (ရဟ) အစရှိသော သခင်ကြီးတို့သည် ရေးသားတင်ပြထားပေသည်။ ''ယဟူဒီတို့သည် တမန်တော်မြတ် ﷺ အား 'ကျွန်ုပ်တို့သည် အသင့်အပေါ် မည်ကဲ့သို့ အီမာန်ရယူရမည်နည်း။ ဟဇရသ်မူစာ عليه السلام ကဲ့သို့ အလ္လာဟ်အသျှင်မြတ်အား တွေ့မြင်တော်

မူပြီး စကားပြောဆိုတော်မူသကဲ့သို့ အသင်သည် အလ္လာဟ်အသျှင်မြတ်ကို တွေ့မြင်တော်မူခြင်း မရှိ၊ စကားလည်း ပြောဆိုတော်မူခြင်း မရှိပေ'ဟူ၍ ပြောဆိုကြကုန်၏။''

တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ ဟဇရသ်မူစာ عليه السلام သည် အလ္လာဟ်အသျှင်မြတ်အား တွေ့မြင်တော်မူခဲ့သည်ဟု ပြောဆိုခြင်းမှာ မှားယွင်းပေသည်။ ထိုမိန့်မြွက်လိုက်သည့်အပေါ် ဤအာယသ်တော်သည် ကျရောက်လာပေသည်။ အာယသ်တော်၏ အချုပ်သဘောတရားမှာ 'မည်သည့်လူသားတစ်ဦးတစ်ယောက်အဖို့ အလ္လာဟ်အသျှင်မြတ်နှင့်အတူ ဤကမ္ဘာလောက၌ တိုက်ရိုက်စကားပြောဆိုရန်လည်း မဖြစ်နိုင်ပေ။ ဟဇရသ်မူစာ عليه السلام ကိုယ်တော်တိုင်သည်လည်း တိုက်ရိုက် စကားတော်ကို ကြားတော်မူခဲ့ခြင်းမရှိဘဲ 'ပရ်ဒါ' (အတားအဆီး) ၏ နောက်ကွယ်မှသာ ကြားနာခဲ့ရပေသည်။

အထက်တင်ပြပါ အာယသ်တော်မြတ်အတွင်း၌ 'လူသားတစ်ဦးတစ်ယောက်အား အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ စကားပြောဆိုတော်မူနိုင်ခြင်း၏ ပုံစံ (၃) ရပ် ရှိကြောင်း' ကို ပြဆိုထားပေသည်။

ပထမပုံစံမှာ 'ဝဟီ'ဟူသော အကြောင်းအရာတစ်ရပ်ကို နှလုံးသားအတွင်းသို့ ထည့်ပေးလိုက်ခြင်း ဖြစ်သည်။ ဤသို့ ထည့်သွင်းပေးခြင်းသည် နိုးကြားလျက်ရှိနေသော အခြေအနေ၌လည်း ဖြစ်နိုင်သကဲ့သို့ အိပ်နေစဉ် ကာလအတွင်း အိပ်မက်အတွင်း၌ ထည့်သွင်းပေးလိုက်ခြင်းမျိုးလည်း ဖြစ်နိုင်ပေသည်။ ပမာဆိုရသော် များစွာသော ဟဒီးစ်တော်များ၌ တမန်တော်မြတ် ﷺ ထံတော်မှ ဆင့်ပြန်ချက်များ လာရှိထားပေသည်။ ,ထိုဆင့်ပြန်ချက်များအတွင်း၌ တမန်တော်မြတ် ﷺ သည် القى فى روعى (ဤအချက်ကို ငါကိုယ်တော်၏ နှလုံးသားအတွင်းသို့ ထည့်သွင်းပေးခြင်း ခံခဲ့ရသည်) ဟူ၍ မိန့်တော်မူထားပေသည်။ နဗီတမန်တော်များ၏ အိပ်မက်များသည်လည်း 'ဝဟီ'ဗျာဒိတ်တော်ပင် ဖြစ်ပေသည်။ ထိုအိပ်မက်များအတွင်း ရှိုက်သွာန်ဘက်မှ ဝင်ရောက်စွက်ဖက်နိုင်စွမ်း မရှိပေ။ ထိုပုံစံအတွင်း၌ များသောအားဖြင့် စကားလုံးတော်များသည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ မဟုတ်ဘဲ အကြောင်းအရာတစ်ရပ်ကိုသာလျှင် နှလုံးသားအတွင်းသို့ ထည့်သွင်းပေးလိုက်ခြင်း ဖြစ်ပေသည်။ အကြင်အကြောင်းအရာကို ထိုနဗီသည် မိမိ၏ စကားလုံးဖြင့် သုံးနှုန်းဖွဲ့ဆို မိန့်တော်မူလိုက်ပေသည်။

ဒုတိယပုံစံမှာ- مِنْ وَّرَآءِ حِجَابٍ

အကာအကွယ်တစ်စုံတစ်ရာ၏ နောက်မှ စကားရပ်တော်များကို ကြားနာခြင်း *[၄၂ : ၅၁]*

ဟူသော ပုံစံမျိုးဖြစ်သည်။ ဆိုလိုသည်မှာ နိုးကြားလျက်ရှိနေသော အခြေအနေ၌ စကားရပ်တော် တစ်စုံတစ်ရာကို အကာအကွယ် တစ်စုံတစ်ရာနောက်မှ ကြားတော်မူခြင်း ဖြစ်ပေသည်။ ပမာဆိုရသော် ဟဇရသ်မူစာ عليه السلام အဖို့ 'သူရ်'တောင်ပေါ်၌ ကြုံကြိုက်ခဲ့ရသော ပုံစံမျိုးဖြစ်ပေသည်။ မိန့်မြွက်ချက်ကိုမူ ကြားတော်မူ၍ ဖူးတွေ့တော်မူခဲ့ခြင်း မရှိပေ။ ထို့ကြောင့်သာလျှင် ဖူးတွေ့ခွင့် ပေးတော်မူရန် رَبِّ اَرِنِىٓ اَنْظُرْ اِلَيْكَ အို, ကျွန်တော်မျိုး၏ အသျှင်၊ ကျွန်တော်မျိုးအား မိမိကိုယ်ကို ပြသတော်မူပါ။ ဖူးမျှော်ပါရစေ။ *[၇ : ၁၄၃]*

ဟူ၍ လျှောက်ထားရာ ယင်းလျှောက်ထားချက်ကို 'မဖြစ်နိုင်ခြင်း' ဟူသော တုန့်ပြန်ဖြေကြားချက်မျိုးအဖြစ် ပြန်လည်ဖြေကြားလိုက်ပေသည်။

لَنْ تَرَانِيْ

(အသင်သည် ဤလောကတွင် ငါအသျှင်မြတ်အား အလျဉ်း ဖူးမြော်နိုင်မည် မဟုတ်ပေ။)

[၇ း ၁၄၃]

လူသားတို့အား ကမ္ဘာလောက၌ အလ္လာဟ်အသျှင်မြတ်အား ဖူးတွေ့နိုင်ရန် အဟန့်အတားဖြစ်စေသောအရာ ထိုအကာအကွယ်၊ အတားအဆီးသည် အလ္လာဟ်အသျှင်မြတ်အား ဖုံးကွယ်၊ ကွယ်ဝှက်ပေးနိုင်သည့် အရာမျိုးလည်း မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုအသျှင်မြတ်၏ ဝိုင်းရံခြုံငုံ၍ ရှိတော်မူသော 'နူရ်' လင်းရောင်ခြည်ကို မည်သည့်အရာကမျှပင် လာရောက်၍ ဖုံးအုပ်၊ ဖုံးကွယ်နိုင်စွမ်း မရှိပေ။ သို့သာမက လူသားတို့၏ အမြင်အားနည်းခြင်းသည်သာလျှင် ၎င်းတို့အဖို့ အလ္လာဟ်အသျှင်မြတ်အား ဖူးတွေ့တော်မူခြင်းအတွက် အဟန့်အတား ဖြစ်ရှိနေပေသည်။ ဤအတွက်ကြောင့် 'ဂျန္နသ်' သုခဘုံ၌ ၎င်းတို့၏ မျက်စိအမြင်အားကို အင်အား ဖြည့်ဆည်းပေးတော်မူလိုက်မည်ဆိုလျှင် ထို 'ဂျန္နသ်' ၏ လောက၌ 'ဂျန္နသ်' သူ၊ 'ဂျန္နသ်' သားတိုင်းသည် အလ္လာဟ်အသျှင်မြတ်အား ဖူးတွေ့ခွင့်ကို ရရှိပေလိမ့်မည်။ စစ်မှန်သော ဟဒီးစ်တော်များ၏ ရှင်းလင်းချက်နှင့်အညီ 'အဲဟ်လေ့စ္စုန္နသ်ဝလ်ဂျမာအသ်' တို့၏ လမ်းစဉ်ခံယူချက်သည် ဤနည်းအတိုင်းပင် ဖြစ်သည်။

တင်ပြလျက်ရှိနေသော အာယသ်တော်၌ တင်ပြမိန့်မြွက်ခဲ့သော ဥပဒေသသည် ကမ္ဘာလောကနှင့် စပ်လျဉ်းနေပေသည်။ အကြောင်းမှာ ကမ္ဘာလောက၌ မည်သည့်လူသားတစ်ဦးတစ်ယောက်မျှပင် အလ္လာဟ်အသျှင်မြတ်နှင့် အတားအဆီးကင်းမဲ့စွာဖြင့် တိုက်ရိုက်စကားပြောဆိုနိုင်စွမ်း မရှိပေ။ အာယသ်တော်အတွင်း၌ 'လူသား' ဟူ၍ အထူးပြုကာ မိန့်တော်မူထားရခြင်းအကြောင်းမှာ 'ဤနေရာ၌ ပြောဆို မိန့်မြွက်မှုသည် လူသားတို့နှင့်သာ စပ်လျဉ်းနေသောကြောင့် ဖြစ်ပေသည်။' သို့တည်းမဟုတ်ပါက 'ကောင်းကင်တမန်တော်များဖြင့်လည်း အလ္လာဟ်အသျှင်မြတ်သည် တိုက်ရိုက်စကားပြောဆိုတော်မူခြင်း မရှိကြောင်း' မှာ ထင်ရှားလှပေသည်။ ပမာတင်ပြရသော် သိရ်မေဇီကျမ်း၏ ဆင့်ပြန်ချက်၌ ဟဇရသ်ဂျိဗ်ရာအီးလ် ﷺ ၏ တင်ပြချက် လာရှိထားသည်မှာ 'ကျွန်ုပ်သည် လွန်စွာ နီးကပ်သွားပေသည်။ သို့သော်ငြားလည်း 'ပရ်ဒါ' (အတားအဆီး) ပေါင်း (၇၀၀၀၀) ကျန်နေပေသည်' ဟူ၍ ဖြစ်သည်။ ကောင်းကင်ဘုံနန်းခရီးကို ကြွမြန်းသွားသောည၌ တမန်တော်မြတ် ﷺ သည် အချို့သော အာလင်မ်များ၏ အဆိုအရ အလ္လာဟ်အသျှင်မြတ်နှင့် တိုက်ရိုက် စကားပြောဆိုခွင့်ကို ရရှိသည် ဟူ၍ အတည်ပြုမည်ဆိုလျှင် ထိုအတည်ပြုချက်ကို အငြင်းဝင်၍ မရပေ။ အဘယ်ကြောင့်ဆိုသော် ထိုသို့ စကားပြောဆိုတော်မူခြင်းသည် ဤကမ္ဘာလောက၌ မဟုတ်ဘဲ အထက်အာကာသ ကောင်းကင်ဘုံလောက၌ ဖြစ်ပေသည်။ (အလ္လာဟ်အသျှင်မြတ်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏။)

တတိယပုံစံမှာ-

اَوْيُرْسِلَ رَسُوْلًا

သို့တည်းမဟုတ် ထိုအသျှင်မြတ်သည် စေတမန်တစ်ပါးပါးကို စေလွှတ်တော်မူ၏။ *[၄၂ း ၅၁]*

ဆိုလိုသည်မှာ ကောင်းကင်တမန်တော်တစ်ပါးဖြစ်သော ဟဇရသ်ဂျိဗ်ရာအီးလ် ﷺ အစရှိသော သူတို့အား မိမိ၏ မိန့်မြွက်ချက်ကို ပေးကာ စေလွှတ်တော်မူလိုက်၏။ ထိုကောင်းကင်တမန်တော်သည် ရစူလ်တမန်တော်ကို ဖတ်ရွတ်ပြပေသည်။ ဤနည်းလမ်းသည်သာလျှင် အဖြစ်များ၏။ ကုရ်အာန်ကျမ်းတော်မြတ်တစ်အုပ်လုံးသည် ဤကဲ့သို့ပင် ကောင်းကင်တမန်တော်၏ အမှီသဟဲဖြင့် ကျရောက်လာခဲ့ခြင်း ဖြစ်သည်။ တင်ပြပါရှင်းလင်းချက်၌ 'ဝဟီ' ဟူသော စကားလုံးကို 'နှလုံးသားအတွင်း အသိစကား ထည့်ပေးခြင်း' ဟူသော အဓိပ္ပာယ်ကို ကောက်နှုတ်ထားပေသည်။ သို့ရာတွင် များသောအားဖြင့် ဤစကားလုံးကို အလ္လာဟ်အသျှင်မြတ်၏ မုက္ခပါဌ်တော်အလုံးစုံအတွက်လည်း အသုံးပြုပေသည်။ ပမာတင်ပြရသော် ဆွဟီးဟ် ဘိုခါရီကျမ်း၏ ရှည်လျားသော ဟဒီးစ်တော်တစ်ရပ်၌ 'ဝဟီ' ၏ အမျိုးအစားများတွင် ကောင်းကင်တမန်တော်၏ ကြားခံဖြင့် မိန့်မြွက်တော်မူခြင်းကိုလည်း ရေတွက်ထားပေသည်။ ထိုအချက်နှင့် စပ်လျဉ်း၍ ထပ်မံ ရှင်းလင်း မိန့်မြွက်ထားသည်မှာ 'ကောင်းကင်တမန်၏ ကြားခံဖြင့် ကျရောက်လာသော 'ဝဟီ' ဗျာဒိတ်တော်ကိုလည်း ပုံစံနှစ်မျိုး ခွဲထားပြန်ပေသည်။ တစ်ခါတစ်ရံ ကောင်းကင်တမန်သည် မိမိ၏ ပင်ကိုယ်အသွင်ဖြင့် လာရောက်တော်မူ၍ တစ်ခါတစ်ရံ လူသားတစ်ဦးအသွင်ဖြင့် ရှေ့မှောက်သို့ လာရောက်သည်လည်း ရှိတတ်ပေသည်' (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏။)

مَاكُنْتَ تَدْرِىْ مَاالْكِتَابُ وَلَا الْاِيْمَانُ وَلٰكِنْ ـــ الاية

(စင်စစ် အသင်သည် ကျမ်းဂန်တော်ဟူသည် အဘယ်နည်းဟူ၍လည်းကောင်း၊ အီမာန်သက်ဝင် ယုံကြည်မှုဟူသည် အဘယ်နည်းဟူ၍လည်းကောင်း သိရှိခဲ့သည်မဟုတ်ပေ။ သို့ရာတွင် ငါအသျှင်မြတ်သည် ယင်းကျမ်းမြတ်ကို လင်းရောင်ခြည်အဖြစ် ပြုလုပ်၍။) *[၄၂ း ၅၂]*

ဤအာယသ်တော်သည် ပထမအာယသ်တော်၏ စာစဉ်အကြောင်းအရာကို ဖြည့်ဆည်းပေးသော ဝါကျဖြစ်သည်။ အာယသ်တော်၏ အချုပ်သဘောတရားမှာ ဤသို့ပင် ဖြစ်သည်။ 'ကမ္ဘာလောက၌ အတားဆီးမဲ့ တိုက်ရိုက် စကားပြောဆိုတော်မူခြင်းကိုမူ မည်သူတစ်ဦးတစ်ယောက်နှင့်မျှ မပြုခဲ့သကဲ့သို့ ပြုနိုင်မည်လည်း မဟုတ်ပေ။ သို့သာမက အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ သီးသန့်ကျေးကျွန်များအပေါ် မိမိ၏ 'ဝဟီ' ဗျာဒိတ်တော်ကို ထုတ်ပြန်ပို့ချပေးတော်မူထား၏။ အကြင်ကဲ့သို့ ထုတ်ပြန်ပို့ချပေးတော်မူခြင်း၏ နည်းလမ်း (၃) ရပ်ကို ပထမအာယသ်တော်အတွင်း၌ တင်ပြထားပေသည်။ ထိုအလ္လာဟ်အသျှင်မြတ်၏ ဓလေ့တော်နှင့်အညီ အသင့်အပေါ်သို့လည်း 'ဝဟီ' ဗျာဒိတ်တော်ကို ထုတ်ပြန်ပို့ချပေးခဲ့ပေသည်။ 'အသင်သည် အလ္လာဟ်အသျှင်မြတ်နှင့် ကြားခံမှုကင်းမဲ့ကာ အဘယ်ကြောင့် တိုက်ရိုက် စကားပြောဆိုတော်မူခြင်း မရှိသနည်း' ဟူ၍ ယဟူဒီတို့၏ တောင်းဆိုချက်သည် အသိဉာဏ်အလိမ္မာ ကင်းမဲ့၍ ဆန့်ကျင်ကာ

ရန်ပြုးမှုတရား ထားခြင်းသည်သာလျှင် ဖြစ်သည်။ ထို့ကြောင့် ဤသို့ မိန့်ဆိုတော်မူလိုက်ပေသည်။ မည်သည့်လူသားတစ်ဦးကို မဆိုထားဘိဦး။ နောက်ဆုံးအဆင့်အနေဖြင့် ရစူလ်တမန်တော်တစ်ပါးပါး ရရှိထားသော 'အိလ်မ်' (အသိပညာ) များသည်ပင်လျှင် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ချီးမြှင့်တော်မူထားခြင်း ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် 'ဝဟီ'ဗျာဒိတ်တော်၏ အကြောင်းခံဖြင့် ၄င်းတို့အား မသင်ကြား၊ မပြသသရွေ့ ကာလပတ်လုံး ၄င်းတို့သည် မည်သည့်ကျမ်းစာအုပ် တစ်စောင်ကိုမျှပင်သော်လည်းကောင်း၊ အီမာန်သက်ဝင် ယုံကြည်ခြင်း၏ အကျယ်ချဲ့အချက်ကိုသော်လည်းကောင်း သိနားလည်နိုင်စွမ်း မရှိခဲ့ပေ။ 'ဝဟီ'မကျရောက်မီအလျှင် ဤစာအုပ်အား မသိနားမလည်ခြင်း' ၏ အချက်သည်မူ ထင်ရှားလှပေသည်။ အီမာန်သက်ဝင် ယုံကြည်ခြင်းအချက်အား မသိနားမလည်ခြင်း၏ အဓိပ္ပာယ်တွင် 'အီမာန်၏ အကျယ်ချဲ့ဖွင့်ဆိုချက်များ၊ အီမာန်၏ အခန်းကဏ္ဍရပ်နှင့် အစိတ်အပိုင်းများ၊ (သို့မဟုတ်) 'ဝဟီ'ဗျာဒိတ်တော် ကျရောက်ပြီးနောက် ရရှိထားသည်ဖြစ်သော အီမာန်၏ မြင့်မားသော အဆင့်အတန်း' တို့ ဖြစ်ပေသည်။ သို့တည်းမဟုတ်ပါက အွမ္မသ် (နောက်လိုက်ထု) ၏ အာလင်မ်သာသနာ့ ပညာရှင်များအားလုံးက 'အလ္လာဟ်အသျှင်မြတ်သည် အကြင်မည်သည့်လူသား တစ်ဦးတစ်ယောက်ကိုမဆို နဗီ၊ ရစူလ်အဖြစ် ဖန်ဆင်းတော်မူရန်ရှိသည်ဆိုလျှင် ၄င်းအား အစကတည်းကပင် အီမာန်ရှင်အဖြစ်သာ ဖန်ဆင်းမွေးမြူတော်မူလိုက်ခြင်း၊ ၄င်း၏ ဗီဇသဘော သဘာဝကို အီမာန်အပေါ်၌သာ အခြေခံ၍ ထားရှိပေးခြင်း၊ နဗီဖြစ်ခြင်းနှင့် 'ဝဟီ'ဗျာဒိတ်တော် မကျရောက်မီအလျှင်ကပင်လည်း ၄င်းသည် ပြီးပြည့်စုံ ရင့်ကျက်သော မုအ်မင်န်၊ အီမာန်၏ အခြေခံအုတ်မြစ်အချက်သည် ၄င်းတို့၏ ဗီဇသဘာဝအတွင်း၌ ပါဝင်နေခြင်း'ဟူသော အချက်တို့ကို အတည်ပြုထားပေသည်။ ဤအတွက်ကြောင့်သာလျှင် ပွင့်လေသမျှသော နဗီတမန်တော်အပေါင်းတို့အား ၄င်းတို့၏ သက်ဆိုင်ရာ အမျိုးသားများသည် ဆန့်ကျင်ဘက်ပြု၍ အမျိုးမျိုး သွားပုတ်လေလွင့်၊ ကဲ့ရဲ့ပြစ်တင်ချက်များကို ပြစ်တင်ပြောဆိုလေ့ ရှိကြပေသည်။ သို့ရာတွင် မည်သည့်နဗီတမန်တော် တစ်ပါးပါးကိုမျှ ၄င်းတို့၏ သက်ဆိုင်ရာ မည်သည့်မျိုးနွယ်အုပ်စု တစ်အုပ်စုမဆို 'အသင်သည် နဗီအဖြစ် ချီးမြှင့်ခြင်း မခံရမီအလျှင် ကျွန်ုပ်တို့ကဲ့သို့ပင် ရုပ်တု၊ စဉ်းတုများကို ခဝပ်ကိုးကွယ်သောသူ ဖြစ်သည်' ဟူ၍ စောင်းချိတ်ကဲ့ရဲ့ စွပ်စွဲပြောဆိုခြင်းမျိုးများ မရှိခဲ့ပေ။ ဂုရ်သုဗီး (ရဟ) သခင်ကြီးသည် မိမိ အကျယ်ချဲ့ဖွင့်ဆိုသော ကျမ်း၌လည်းကောင်း၊ ကာဇီအိယာဇ် (ရဟ) က 'ရှေဖာအ်'ကျမ်း၌လည်းကောင်း ထိုအကြောင်းအရာကို ပြီးပြည့်စုံစွာ အကျယ်ချဲ့၍ ရေးသားထားပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ်ဇုခ်ရုဖ်

ရွှေအကြောင်းပါဝင်သောကဏ္ဍ

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

حمٓ ۝١

၄၃ : ၁ ။ ။ ဟာ....၊ မီမ်။

وَالْكِتَابِ الْمُبِينِ ۝٢

၄၃ : ၂ ။ ။ (ငါအသျှင်မြတ်သည်) ဤရှင်းလင်းထင်ရှားစွာသော တရားကျမ်းဂန်ကို သက်သေထူတော်မူ၏။

إِنَّا جَعَلْنَاهُ قُرْآنًا عَرَبِيًّا لَّعَلَّكُمْ تَعْقِلُونَ ۝٣

၄၃ : ၃ ။ ။ ဧကန်စင်စစ် ငါအသျှင်မြတ်သည် အသင်တို့ (ကောင်းမွန်စွာ) သိနားလည်ကြရန်အလို့ငှာ ယင်းကျမ်းဂန်ကို အရဗီဘာသာစကားဖြင့် (ထုတ်ပြန်အပ်သော) ကုရ်အာန်ကျမ်းတော်မြတ် ပြုလုပ်တော်မူ၏။

وَإِنَّهُ فِي أُمِّ الْكِتَابِ لَدَيْنَا لَعَلِيٌّ حَكِيمٌ ۝٤

၄၃ : ၄ ။ ။ ၎င်းပြင် ဧကန်စင်စစ် ကုရ်အာန်ကျမ်းတော်မြတ်သည် မူရင်းကျမ်း (ဖြစ်သော 'လောင်ဟေမဟ်ဖူဇ်' သင်ပုန်း) တွင် ရှိ၍ ငါအသျှင်မြတ်ထံတော်တွင် အမှန်ပင် လွန်စွာ မြင့်မြတ်သော ဉာဏ်ပညာရပ်များနှင့် ပြည့်စုံလှ၏။

أَفَنَضْرِبُ عَنكُمُ الذِّكْرَ صَفْحًا أَن كُنتُمْ قَوْمًا مُّسْرِفِينَ ۝٥

၄၃ : ၅ ။ ။ သို့ဖြစ်ပေရာ အသင်တို့သည် စည်းကမ်း ကျူးလွန်သူများဖြစ်သောကြောင့် ငါအသျှင်မြတ်သည် (ဤ) အဆုံးအမ တရားကျမ်းကို အသင်တို့ထံမှ (ပို့ဆောင်ခြင်း မပြုဘဲ) လွှဲဖယ်တော်မူရမည်လော။

وَكَمْ أَرْسَلْنَا مِن نَّبِيٍّ فِي الْأَوَّلِينَ ⑥

၄၃ : ၆ ။ ။ စင်စစ် ငါအသျှင်မြတ်သည် ရှေးသူဟောင်းတို့တွင် မြောက်မြားစွာသော နဗီတမန်တော်များကို စေလွှတ်တော်မူခဲ့၏။

وَمَا يَأْتِيهِم مِّن نَّبِيٍّ إِلَّا كَانُوا بِهِ يَسْتَهْزِءُونَ ⑦

၄၃ : ၇ ။ ။ သို့တစေလည်း ၎င်းတို့သည် မိမိတို့ထံ ရောက်ရှိလာသော နဗီတမန်တော်တိုင်းကိုပင် ပြက်ရယ်ပြောင်လှောင်ခဲ့ကြသည်သာ (ဖြစ်၏။)

فَأَهْلَكْنَا أَشَدَّ مِنْهُم بَطْشًا وَمَضَىٰ مَثَلُ الْأَوَّلِينَ ⑧

၄၃ : ၈ ။ ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် လက်ရှိ ဤသူတို့ထက် ခွန်အားဗလနှင့် ရဲစွမ်းသတ္တိအရာ၌ ပိုမို၍ ပြင်းထန်သောသူတို့ကိုပင် ဖျက်ဆီးတော်မူခဲ့ပေသည်။ စင်စစ် ရှေးဟောင်းသူတို့၏ (ဤအဖြစ်အပျက်) အကြောင်းမှာ လွန်လေခဲ့ပြီး ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဟာ....၊ မီးမ်...။ (ထိုအက္ခရာတော်များ၏ အဓိပ္ပာယ်ကို အလ္လာဟ်အသျှင်မြတ်သာလျှင် သိရှိတော်မူပေသည်။)

(ငါအသျှင်မြတ်သည်) ဤရှင်းလင်းထင်ရှားစွာသော တရားကျမ်းဂန်ကို သက်သေထူ (ကစမ်) ကျိန်ဆိုတော်မူ၏။

ဧကန်စင်စစ် ငါအသျှင်မြတ်သည် (အို၊ အာရဗ်အမျိုးသားအပေါင်းတို့) အသင်တို့ (ကောင်းမွန်လွယ်ကူစွာ) သိနားလည်ကြရန်အလို့ငှာ ဤကျမ်းဂန်ကို အာရဗီဘာသာစကား (ဖြင့် ထုတ်ပြန်အပ်သော) ကုရ်အာန်ကျမ်းတော်မြတ် ပြုလုပ်တော်မူ၏။

၎င်းပြင် ဧကန်စင်စစ် ဤ (ကုရ်အာန်) ကျမ်းတော်မြတ်သည် မူရင်းကျမ်းတော်မြတ် (ဖြစ်သော 'လောင်ဟေမဟ်ဖူးဇ်' သင်ပုန်း) တွင် ရှိ၍ ငါအသျှင်မြတ်၏ ထံတော်တွင် အမှန်ပင် လွန်စွာ မြင့်မြတ်သော ဉာဏ်ပညာရပ်များနှင့် ပြည့်စုံလှ၏။ (သို့ရှိရာ ထိုကျမ်းမြတ်သည် သိနားလည်ရာ၌ လွယ်ကူ၍ ငါအသျှင်မြတ်၏ သီးသန့် ထိန်းသိမ်းစောင့်ရှောက်မှုအောက်၌ ရှိကာ အံ့ဖွယ်ကောင်းသည့်အတွက်ကြောင့် အလွန်အဆင့်မြင့်ပြီး အမြော်အမြင်တော်များနှင့် ပြည့်စုံသော အကြောင်းအရာများ ပါဝင်လျက်ရှိပေရာ ဤကဲ့သို့သော ကျမ်းမျိုးကို မုချ လက်ခံသင့်ပေသည်။ သို့ရာတွင် အကယ်၍ အသင်တို့အနေဖြင့် မနာခံ၊ မလက်ခံပါကလည်း ငါအသျှင်မြတ်သည် မိမိ၏ အမြော်အမြင်တော်၏ လိုလားချက်အရ ထိုကျမ်းမြတ်အား ထုတ်ပြန်ပို့ချခြင်းနှင့် အသင်တို့အား ယင်းကျမ်းမြတ်၏ အမိန့်တော်ကို ကြားနာသောသူများအဖြစ် ပြုခြင်းမှ စွန့်လွှတ်လိမ့်မည် မဟုတ်ပေ။)

(သို့ရှိရာ မိန့်တော်မူထားသည်မှာ) သို့ဖြစ်ပေရာ အသင်တို့သည် (အမိန့်နာခံခြင်း၏) အတိုင်းအတာ ဘောင်မှ စည်းကမ်းကျူးလွန်သောသူ၊ လက်မခံသူများ ဖြစ်ကြသောကြောင့် (၄င်းအချက်တစ်ချက်ချက်ကို ထောက်ရှု၍ ငါအသျှင်မြတ်သည် (ဤ) အဆုံးအမ တရားကျမ်းကို အသင်တို့ထံသို့ (ပို့ဆောင်ခြင်း မပြုဘဲ) လွှဲဖယ်တော်မူရမည်လော။ (ဆိုလိုသည်မှာ အသင်တို့ နာခံသည်၊ လက်ခံသည်ဖြစ်စေ၊ မနာခံ၊ လက်မခံသည် ဖြစ်စေ၊ သို့ရာတွင် ဆိုဆုံးမမှုကိုမူ စဉ်တိုက်ဆက်တိုက် ပြုနေမည်သာ ဖြစ်ပေသည်။ ထို့ပြင် ဤအကျိုး ထူးသည် ပြည့်ဝလျက် တည်ရှိနေမည် ဖြစ်သည်။ သို့မှသာ ထိုအကျိုးထူးဖြင့် မုအ်မင်န်များအဖို့ အကျိုး ဖြစ်ထွန်းကာ အသင်တို့အပေါ်၌လည်း အထောက်အထားအဖြစ် တည်ရှိနေမည်ဖြစ်သည်။)

စင်စစ် ငါအသျှင်မြတ်သည် ရှေးသူဟောင်းတို့တွင် (၄င်းတို့များစွာ စွပ်စွဲငြင်းဆိုလျက် ရှိနေသည့် ကြားကတည်းကပင်) မြောက်မြားစွာသော နဗီတမန်တော်များကို စေလွှတ်တော်မူခဲ့၏။ (၄င်းတို့ ငြင်းဆို၊ မုသားပြောဆိုမှုမျိုးကို ပြုနေကြသည့်အတွက်ကြောင့် နဗီစေလွှတ်တော်မူခြင်း၏ ကွင်းဆက်ဇယားကို မဖြတ်တောက်ခဲ့ပေ။)

သို့ရှိရာ (အို၊ နဗီတမန်တော်၊ ငါအသျှင်မြတ်သည် ၄င်းတို့ မဟုတ်မမှန်၊ မတရားစွပ်စွဲ ပြောဆို နေကြခြင်းကို ဂရုမမူသလို အသင်သည်လည်း တစ်စုံတစ်ရာ ဝမ်းနည်းသောက ဖြစ်တော်မမူလေနှင့်။ အဘယ် ကြောင့်ဆိုသော်) ၄င်း (ရှေးသူဟောင်း) တို့ (၏ အခြေအနေသည်လည်း ဤသို့သာလျှင် ဖြစ်ပေသည်။ ထိုသူတို့သည်) မိမိတို့ထံသို့ ရောက်ရှိလာသော နဗီတမန်တော်တိုင်းကိုပင် ပြက်ရယ် ပြောင်လှောင်ခဲ့ကြ သည်သာ (ဖြစ်၏။)

သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် (လက်ရှိ) ဤ (မက္ကာဟ်မြို့သူ၊ မြို့သား) တို့ထက် ခွန်အားဗလ နှင့် ရဲစွမ်းသတ္တိအရာ၌ ပိုမိုပြင်းထန်သောသူတို့ကိုပင် (လိမ်လည်၊ ပြောင်လှောင်ခြင်း၏ အစား၌) ဖျက်ဆီး တော်မူခဲ့ပေသည်။ စင်စစ် ရှေးသူဟောင်းတို့၏ (ဤ) အဖြစ်အပျက်မှာ လွန်လေခဲ့ပြီးဖြစ်ပေသည်။ (သို့ရှိရာ ၄င်းတို့သည်လည်း ဤကဲ့သို့သော အခြေအနေ ကိန်းဆိုက်ရောက်ခြင်းနှင့် စပ်လျဉ်း၍ 'အသင်သည် သောက ဖြစ်ရှိ၍ မနေလေနှင့်။ ပမာဆိုရသော် 'ဗဒရ်'အစရှိသော စစ်ပွဲများ၌ ဖြစ်ပေါ်ခဲ့သည်။ နမူနာဖြစ်အင်များ တည်ရှိနေရာ ဤသူတို့အဖို့အနေနှင့်လည်း သောကကင်းမဲ့စွာဖြင့် မနေထိုင်သင့်ပေ။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤစူရာဟ်တော်သည် မက္ကာဟ်ရွှေမြို့တော်၌ ကျရောက်ခဲ့သော စူရာဟ်တော်ဖြစ်ပေသည်။ သို့သော် လည်း ဟဇရတ်မကာသိလ် (ရဟ) သခင်ကြီး၏ အဆိုအရ

وَاسْئَلْ مَنْ أَرْسَلْنَا ــ الخ

ဟူသော အာယသ်တော်သည် မဒီနာရွှေမြို့တော်၌ ကျရောက်ခဲ့သော အာယသ်တော် ဖြစ်ပေသည်။ အဆိုတစ်ရပ်အရ ဤစူရာဟ်တော်သည် 'မေ့အ်ရားဂျ်' (ကောင်းကင်ဘုံနန်းခရီး) သို့ ကြွမြန်းသွားသောအချိန်

မိုးကောင်းကင်ပေါ်၌ ကျရောက်ခဲ့သော စုရာဟ်ဖြစ်ကြောင်းလည်း လာရှိထားပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏။) *[ရူးဟုလ်မအာနီး]*

وَالْكِتٰبِ الْمُبِيْنِ

ငါအသျှင်မြတ်သည် ဤရှင်းလင်းထင်ရှားစွာသော တရားကျမ်းဂန်ကို သက်သေထူတော်မူ၏။

[၄၃ : ၂]

ရှင်းလင်းထင်ရှားစွာသော တရားကျမ်းဂန်၏ အလိုသဘောသည် ကုရ်အာန်ကျမ်းတော်မြတ်သာလျှင် ဖြစ်၏။ အလ္လာဟ်အသျှင်မြတ်သည် အရာတစ်ခုအား ကစမ်ကျိန်ဆို၊ သက်သေထူလိုက်သည်ဆိုလျှင် များသောအားဖြင့် ထိုအရာသည် နောက်၌ လာရှိထားသော ကြွေးကြော်ချက်၏ အထောက်အထား ဖြစ်ရှိနေပေသည်။ ဤနေရာ၌ ကုရ်အာန်ကျမ်းတော်မြတ်ကို 'ကစမ်' ကျိန်ဆိုကာ 'ကုရ်အာန်ကျမ်းတော်မြတ်သည် မိမိ၏ အံ့ချီးမဆုံးနိုင်လောက်အောင်သော တန်ခိုးတော်ကြောင့် မိမိမှန်ကန်ကြောင်း၏ အထောက်အထား ဖြစ်ခြင်း' ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်ကို ထင်ရှားရှင်းလင်းသော ကျမ်းဟူ၍ မိန့်ဆိုတော်မူရခြင်း၏ အလိုသဘောမှာ 'ထိုကျမ်းမြတ်လာ တရားဒေသနာနှင့် ဆိုဆုံးမမှုများ ပါဝင်လျက်ရှိနေသော အကြောင်းအရာများသည် လွယ်ကူစွာဖြင့် သဘောပေါက်နိုင်ကြပေသည်' ဟူ၍ ဖြစ်သည်။ သို့ရာတွင် ထိုကျမ်းမြတ်မှ သာသနာ့ပညတ်ချက်များကို ထုတ်ယူကောက်နုတ်သော အချက်သည်မူ ကေန်မုချ ခက်ခဲသော လုပ်ရပ်တစ်ရပ် ဖြစ်ပေသည်။ ပြည့်ဝသော ထိုးထွင်းကြံဆဉာဏ် အရည်အချင်းမရှိဘဲ ပန်းတိုင်အထိ ရောက်ရှိနိုင်မည်မဟုတ်ပေ။ သို့ရှိရာ ဒုတိယတစ်နေရာ၌ ဤအချက်ကို ဤကဲ့သို့ ရှင်းလင်းစွာ ဖော်ထုတ်မိန့်ဆိုထားပေသည်။

وَلَقَدْ يَسَّرْنَا الْقُرْاٰنَ لِلذِّكْرِ فَهَلْ مِنْ مُّدَّكِرٍ

ထို့ပြင် ကေန်မလွဲ ငါအသျှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ်တရားရယူနိုင်ရန်အလို့ငှာ လွယ်ကူစေတော်မူခဲ့ရာ ကျက်မှတ်တရားယူမည့်သူ တစ်ဦးတစ်ယောက် ရှိလေသလော။

[၅၄ : ၁၇]

ထိုအထက်တင်ပြပါ အာယသ်တော်အတွင်း၌ 'ကုရ်အာန်ကျမ်းတော်မြတ်သည် ဆုံးမနာယူမှုကို ခံရန်အတွက် လွယ်ကူပေသည်။ ထို့ကြောင့်ပင် ယင်းအချက်မှ 'စဉ်းစားဆင်ခြင်၊ ထိုးထွင်းကြံဆမှု ဉာဏ်ဖြင့် ထုတ်နုတ်ကောက်ယူ ဖော်ပြခြင်း' သည်လည်း မုချ လွယ်ကူသည်ဟု မဖြစ်တန်ရာ။ သို့သာမက အခြားသော အထောက်အထားများဖြင့် အတည်ပြု၍ ရရှိသော အချက်မှာ 'ထိုအချက်အတွက် သတ်မှတ်ဆက်နွယ်လျက် ရှိနေသော ပညာရပ်များကို ပြီးပြည့်စုံစွာ ကျွမ်းကျင်ခြင်းမှာမူ ၄င်း၏ စည်းကမ်းချက် ဖြစ်ပေသည်။

သာသနာရေးရာအား ပို့ချ ဖြန့်ဖြူးသော သူသည် မျှော်လင့်ချက်ကင်းမဲ့ကာ လက်မလျှော့သင့်ကြောင်း

أَفَنَضْرِبُ عَنكُمُ الذِّكْرَ صَفْحًا أَن كُنتُمْ قَوْمًا مُّسْرِفِينَ

သို့ဖြစ်ပေရာ အသင်တို့သည် စည်းကမ်းကျူးလွန်သူများ ဖြစ်ကြသောကြောင့် ငါအသျှင်မြတ်သည် ဤအဆုံးအမတရားကျမ်းကို အသင်တို့ထံမှ ပို့ဆောင်ခြင်းမပြုဘဲ လွှဲဖယ်တော်မူရမည်လော။

[၄၃ : ၅]

အလိုသဘောမှာ ဤသို့ပင်ဖြစ်သည်။ အသင်တို့သည် မိမိတို့၏ ဆိုးသွမ်း၊ မနာခံမှု၌ အဘယ်မျှခန့်ပင် အတိုင်းထက်အလွန် ဖြစ်ရှိနေလင့်ကစား သို့ရာတွင် ငါအသျှင်မြတ်သည် အသင်တို့အား ကုရ်အာန်ကျမ်းတော်မြတ်ကို အကြောင်းပြု၍ ဆုံးမခြင်းကို စွန့်လွှတ်လိမ့်မည်မဟုတ်ပေ။ ထိုအချက်မှ 'အကြင်သူသည် သာသနာရေးရာများကို ပို့ချ ဖြန့်ဖြူးခြင်း အမှုကိစ္စကို ထမ်းဆောင်နေသည်ဆိုပါက ၎င်းသည် မှန်ကန်သော တရားဒေသနာတော်ကို ယူဆောင်ကာ လူတို့ထံသို့ သွားသင့်ကြောင်း။ 'မည်သည့်အသင်းအဖွဲ့ တစ်ဖွဲ့ဖွဲ့နှင့် အုပ်စုတစ်အုပ်စုကိုမဆို ၎င်းတို့သည် အဆုံးစွန်သော အဆင့်ထိတိုင် သာသနာမဲ့သောသူများ၊ သူယုတ်မာများဖြစ်ရာ ၎င်းတို့အား မည်သည့်အရာအား သာသနာပြုရပေမမည်နည်း' ဟူသော အချက်ကို အခြေခံမှုတည်၍ သာသနာပြုလုပ်ငန်းကို ပြုလုပ်ခြင်းမှ မစွန့်လွှတ်သင့်ကြောင်း' ဟူသော အချက်တို့ကို သိရှိရပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَئِن سَأَلْتَهُم مَّنْ خَلَقَ السَّمَاوَاتِ وَالْأَرْضَ لَيَقُولُنَّ خَلَقَهُنَّ الْعَزِيزُ الْعَلِيمُ ⑨

၄၃ : ၉ ။ ။ စင်စစ် အကယ်၍ (အို၊ နဗီတမန်တော်) အသင်သည် ထိုသူတို့အား 'မိုးကောင်းကင်များနှင့် ပထဝီမြေကို မည်သူသည် ဖန်ဆင်းခဲ့သနည်း' ဟု မေးမြန်းခဲ့ပါလျှင် ထိုသူတို့က ယင်း (မိုးကောင်းကင်များနှင့် ပထဝီမြေ) တို့ကို အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော၊ အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖန်ဆင်းတော်မူခဲ့သည် ဟူ၍ပင် ဧကန်မလွဲ ပြောဆို (ဖြေကြား) ကြပေမည်။

الَّذِي جَعَلَ لَكُمُ الْأَرْضَ مَهْدًا وَجَعَلَ لَكُمْ فِيهَا سُبُلًا لَّعَلَّكُمْ تَهْتَدُونَ ⑩

၄၃ : ၁၀ ။ ။ အကြင်အသျှင်မြတ်ပင် (ဖြစ်၏။) ထိုအသျှင်မြတ်သည် အသင်တို့အဖို့ ပထဝီမြေကို အခင်းပြုလုပ်တော်မူခဲ့၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့အဖို့ ယင်းပထဝီမြေ၌ အသင်တို့သည် (မိမိတို့ လိုရာခရီးများကို လွယ်ကူစွာ သွားနိုင်ရန်) လမ်းမှန်ကို ရရှိကြရန်အလို့ငှာ လမ်းပမ်းများကို ပြုလုပ်၍ ပေးတော်မူခဲ့၏။

وَالَّذِي نَزَّلَ مِنَ
السَّمَاءِ مَاءً بِقَدَرٍ فَأَنشَرْنَا بِهِ بَلْدَةً مَّيْتًا ۚ كَذَٰلِكَ تُخْرَجُونَ ﴿١١﴾

၄၃ း ၁၁ ။ ။ ထို့ပြင် အကြင်အသျှင်မြတ်ပင် (ဖြစ်၏။) ထိုအသျှင်မြတ်သည် မိုးကောင်းကင်မှ မိုးရေကို အတိုင်းအတာ အချိန်အဆနှင့် ရွာသွန်းစေတော်မူခဲ့၏။ တစ်ဖန် ထိုအသျှင်မြတ်သည် ထိုမိုးရေဖြင့် (သွေ့ခြောက်) သေလွန်ပြီးဖြစ်သော မြို့ရွာ (မြေယာ) များကို ရှင်ပြန် (စိမ်းစို) စေတော်မူခဲ့၏။ ဤနည်းအတိုင်းပင် အသင်တို့သည်လည်း (မိမိတို့၏ သင်္ချိုင်းတွင်းမှ ရှင်ပြန်) ထွက်စေခြင်းကို ခံကြရပေမည်။

وَالَّذِي خَلَقَ الْأَزْوَاجَ كُلَّهَا وَجَعَلَ لَكُم مِّنَ الْفُلْكِ وَالْأَنْعَامِ مَا تَرْكَبُونَ ﴿١٢﴾

၄၃ း ၁၂ ။ ။ ၎င်းပြင် အကြင်အသျှင်မြတ်ပင် (ဖြစ်၏။) အကြင်သျှင်မြတ်သည် အလုံးစုံသော ဖိုမ၊ စုံတွဲအမျိုးအစားများကို ဖန်ဆင်းတော်မူခဲ့၏။ ထို့ပြင် ထိုအသျှင်မြတ်သည် အသင်တို့ စီးနင်းကြကုန်သော သင်္ဘောများကိုလည်းကောင်း၊ ခြေလေးချောင်းတိရစ္ဆာန်များကိုလည်းကောင်း ပြုလုပ် ဖန်ဆင်းတော်မူခဲ့၏။

لِتَسْتَوُوا عَلَىٰ ظُهُورِهِ ثُمَّ تَذْكُرُوا نِعْمَةَ رَبِّكُمْ إِذَا
اسْتَوَيْتُمْ عَلَيْهِ وَتَقُولُوا سُبْحَانَ الَّذِي سَخَّرَ لَنَا هَٰذَا وَمَا كُنَّا لَهُ مُقْرِنِينَ ﴿١٣﴾

၄၃ း ၁၃ ။ ။ (ယင်းသို့ ဖန်ဆင်းတော်မူခြင်းမှာ အသင်တို့သည် ယင်း (အစီးအနင်း) ၏ ကျောကုန်းပေါ်တွင် ကျနမြဲမြံစွာ တက်စီးကြရန်အလို့ငှာလည်းကောင်း၊ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကျေးဇူးတော်ကို အောက်မေ့တသ သတိရကြရန်အလို့ငှာလည်းကောင်း၊ (ထို့ပြင်) 'ကျွန်တော်မျိုးတို့၏ အကျိုးငှာ ဤအစီးအနင်းကို နိုင်နင်းစေတော်မူခဲ့သော အသျှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ အမှန်စင်စစ် ကျွန်တော်မျိုးတို့သည် ဤအစီးအနင်းကို နိုင်နင်းကြသူများ မဟုတ်ခဲ့ကြပေ' (ဟူ၍) ပြောဆိုကြရန် အလို့ငှာလည်းကောင်း (ဖြစ်ပေသည်။)

وَإِنَّا إِلَىٰ رَبِّنَا لَمُنقَلِبُونَ ﴿١٤﴾

၄၃ း ၁၄ ။ ။ ၎င်းပြင် ဧကန်မလွဲ ကျွန်တော်မျိုးတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်သို့ အမှန်ပင် ပြန်သွားကြရမည့်သူများပင် ဖြစ်ကြပေသည်။

وَجَعَلُوا لَهُ مِنْ عِبَادِهِ جُزْءًا ۚ إِنَّ الْإِنسَانَ لَكَفُورٌ مُّبِينٌ ﴿١٥﴾

၄၃ း ၁၅ ။ ။ သို့သော်လည်း ၎င်းတို့သည် ထိုအသျှင်မြတ်၏ ကျွန်များအနက် (အချို့ကို) ထိုအသျှင်မြတ်၏ အစိတ်အပိုင်းတစ်ခုဟူ၍ သတ်မှတ်ခဲ့ကြကုန်၏။ ဧကန်အမှန် လူသားသည် ထင်ရှားစွာသော ကျေးဇူးကန်းသူပင် ဖြစ်ချေသည်။

أَمِ اتَّخَذَ مِمَّا يَخْلُقُ بَنَاتٍ وَأَصْفَاكُم بِالْبَنِينَ ﴿١٦﴾

၄၃ : ၁၆ ။ ။ ထိုအသျှင်မြတ်သည် မိမိအဖန်ဆင်းခံတို့အနက် မိမိအဖို့ သမီးမိန်းကလေးများကို ရွေးချယ်တော်မူ၍ အသင်တို့ကိုမူ သားယောကျ်ားကလေးတို့ဖြင့် ချီးမြှောက်တော်မူခဲ့ပါသလော။

وَإِذَا بُشِّرَ أَحَدُهُم بِمَا ضَرَبَ لِلرَّحْمَٰنِ مَثَلًا ظَلَّ وَجْهُهُ مُسْوَدًّا وَهُوَ كَظِيمٌ ﴿١٧﴾

၄၃ : ၁၇ ။ ။ စင်စစ် ၎င်းတို့အနက် တစ်ဦးတစ်ယောက်သည် (မိမိကိုယ်တိုင် မနှစ်ခြိုက်သည့်အပြင်) အနန္တကရုဏာတော်ရှင်အား ခိုင်းနှိုင်းဖော်ပြ ကျူးလွန်စော်ကားခဲ့သော (သမီးမိန်းကလေး ချီးမြှောက်တော်မူခြင်းနှင့် စပ်လျဉ်းသည့်) အရာဖြင့် သတင်းကောင်းပြောကြားခြင်းကို ခံရလေသောအခါ ထိုသူသည် စိတ်တွင်း၌ ခံစားမှုကို ချုပ်တည်းမျိုသိပ်လျက် ရှိသည်သာမက ၎င်း၏ မျက်နှာမှာလည်း တစ်နေကုန် ညှိုးနွမ်းမည်းမှောင်၍ပင် နေလေတော့၏။

أَوَمَن يُنَشَّأُ فِي الْحِلْيَةِ وَهُوَ فِي الْخِصَامِ غَيْرُ مُبِينٍ ﴿١٨﴾

၄၃ : ၁၈ ။ ။ မည်သို့ပါနည်း။ လက်ဝတ်လက်စား အလှဆင်ယင်မှု၌ ပေါက်ဖွားကြီးပြင်းလာရသည့်ပြင် အချေအတင်ပြောဆိုရာ၌လည်း ရှုပ်ထွေးပွေလီ (ပြတ်သားစွာ ပြောဆိုနိုင်ခြင်း မရှိ) စေသော သူသည် (အလ္လာဟ်အသျှင်မြတ်၏) သမီးမိန်းကလေး ဖြစ်နိုင်ရန် အရည်အချင်း ရှိပါသလော။

وَجَعَلُوا الْمَلَائِكَةَ الَّذِينَ هُمْ عِبَادُ الرَّحْمَٰنِ إِنَاثًا ۚ
أَشَهِدُوا خَلْقَهُمْ ۚ سَتُكْتَبُ شَهَادَتُهُمْ وَيُسْأَلُونَ ﴿١٩﴾

၄၃ : ၁၉ ။ ။ ထို့ပြင် ၎င်းတို့သည် အနန္တကရုဏာတော်ရှင်၏ ကျွန်များ ဖြစ်ကြကုန်သော 'မလာအေကဟ်' ကောင်းကင်တမန်တို့အား မိန်းမများဟူ၍ (စွပ်စွဲကာ) သတ်မှတ်ခဲ့ကြကုန်၏။ ၎င်းတို့သည် ထို 'မလာအေကဟ်' ကောင်းကင်တမန်တို့အား ဖန်ဆင်းရာ၌ ရှေ့မှောက်ဝယ် ရှိခဲ့ကြလေသလော။ (မည်သို့ပင်ဖြစ်စေ) ၎င်းတို့၏ သက်သေထွက်ချက်သည် (မှတ်တမ်းတင်) ပြီး ဖြစ်ချေသည်။ ထို့ပြင် ၎င်းတို့သည် (ကေယာမသ်) ရှင်ပြန်ထမည့်နေ့တွင် (ဤသည်နှင့် စပ်လျဉ်း၍) စစ်ဆေးမေးမြန်းခြင်းကိုလည်း ခံကြရပေဦးမည်။

وَقَالُوا لَوْ شَاءَ الرَّحْمَٰنُ مَا عَبَدْنَاهُم ۗ مَّا لَهُم بِذَٰلِكَ مِنْ عِلْمٍ ۖ إِنْ هُمْ إِلَّا يَخْرُصُونَ ﴿٢٠﴾

၄၃ : ၂၀ ။ ။ ထို့ပြင် ၎င်းတို့က ပြောဆိုခဲ့ကြကုန်၏။ အကယ်၍သာ အနန္တကရုဏာတော်ရှင်သည် အလိုရှိတော်မူခဲ့ပါလျှင် ကျွန်ုပ်တို့သည် ထို 'မလာအေကဟ်' ကောင်းကင်တမန်တို့အား ဆည်းကပ် ကိုးကွယ်ခဲ့ကြမည်မဟုတ်ပေ။ ဤသည်နှင့် စပ်လျဉ်း၍ ၎င်းတို့၌ အသိပညာ လုံးဝမရှိပြီ။ (စင်စစ်) ၎င်းတို့မှာ ရမ်းဆ ပြောဆိုနေကြသည်သာ ဖြစ်၏။

أَمْ آتَيْنَاهُمْ كِتَابًا مِّن قَبْلِهِ فَهُم بِهِ مُسْتَمْسِكُونَ ﴿٢١﴾

၄၃ : ၂၁ ။ ။ ငါအသျှင်မြတ်သည် ၎င်းတို့အား ဤ (ကုရ်အာန်ကျမ်းတော်မြတ်) အလျင် ကျမ်းဂန်တစ်စောင်စောင်ကို ချီးမြှင့် ပေးသနားတော်မူခဲ့လေသလော။ သို့ဖြစ်ရာ ၎င်းတို့သည် ယင်းကျမ်းဂန်ကို အားကိုးအားထားပြုလျက် ရှိကြသည် (လော)

بَلْ قَالُوا إِنَّا وَجَدْنَا آبَاءَنَا عَلَىٰ أُمَّةٍ وَإِنَّا عَلَىٰ آثَارِهِم مُّهْتَدُونَ ﴿٢٢﴾

၄၃ : ၂၂ ။ ။ ထိုသို့ အလျဉ်းမဟုတ်။ စင်စစ် ၎င်းတို့သည် (ဤသို့) ပြောဆိုကြကုန်၏။ ကေန်အမှန် ကျွန်ုပ်တို့သည် မိမိတို့၏ အဘ၊ ဘိုး၊ ဘေးတို့အား အယူဝါဒ သာသနာ့လမ်းစဉ် တစ်ခုပေါ်၌ တွေ့ရှိခဲ့ကြကုန်၏။ ကေန်မလွဲ ကျွန်ုပ်တို့သည် ထိုအဘ၊ အဘိုး၊ ဘေးတို့၏ နောက်သို့ပင် ဖဝါးခြေထပ် လိုက်နာသူများပင် ဖြစ်ကြကုန်၏။

وَكَذَٰلِكَ مَا أَرْسَلْنَا مِن قَبْلِكَ فِي قَرْيَةٍ مِّن نَّذِيرٍ إِلَّا قَالَ مُتْرَفُوهَا
إِنَّا وَجَدْنَا آبَاءَنَا عَلَىٰ أُمَّةٍ وَإِنَّا عَلَىٰ آثَارِهِم مُّقْتَدُونَ ﴿٢٣﴾

၄၃ : ၂၃ ။ ။ ၎င်းပြင် ဤနည်းအတိုင်းပင် ငါအသျှင်မြတ်သည် အသင့်အလျင် မည်သည့်မြို့ရွာ၌မဆို သတိပေးနှိုးဆော်သူ (နဗီတမန်တော်) တစ်ပါးပါးကို စေလွှတ်တော်မူခဲ့တိုင်း ယင်းမြို့ရွာမှ စည်းစိမ်ရှင်တို့က (ဤသို့) ပြောဆိုခဲ့ကြသည်သာ ဖြစ်၏။ 'ကေန်စင်စစ် ကျွန်ုပ်တို့သည် မိမိတို့၏ အဘ၊ ဘိုး၊ ဘေးတို့အား (အယူဝါဒ) သာသနာ့လမ်းစဉ်တစ်ခုပေါ်၌ တွေ့ရှိခဲ့ကြပါ၏။ ကေန်မုချ ကျွန်ုပ်တို့သည် ၎င်းတို့၏ ခြေရာများပေါ်၌ လိုက်နာကြသူများပင် ဖြစ်ကြပါ၏။

قَالَ أَوَلَوْ جِئْتُكُم بِأَهْدَىٰ مِمَّا وَجَدتُّمْ عَلَيْهِ آبَاءَكُمْ ۖ قَالُوا إِنَّا بِمَا أُرْسِلْتُم بِهِ كَافِرُونَ ﴿٢٤﴾

၄၃ : ၂၄ ။ ။ ထိုသတိပေးနှိုးဆော်သူ (နဗီတမန်တော်) က '(အချင်းတို့) အကယ်၍ ငါသည် အသင်တို့ထံ အသင်တို့ မိမိတို့ အဘ၊ ဘိုး၊ ဘေးတို့ (လိုက်ခဲ့ကြသည်) ကို တွေ့ရှိခဲ့ကြလေသော လမ်းစဉ်ထက် ပိုမို (တိကျမှန်ကန်သော) တရားလမ်းမှန်ကို အသင်တို့ထံ ဆောင်ကြဉ်းခဲ့ကြသော်ငြားလည်း (အသင်တို့သည် မိမိတို့၏ ရိုးရာဓလေ့ လမ်းစဉ်များကိုသာ လိုက်စားကြဦးမည်လော)' ဟု ပြောဆို (မေးမြန်း) ခဲ့လေ၏။ (ထိုအခါ) ၎င်းတို့က နဗီတမန်တော်အား 'ကေန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့ ယူဆောင်ခဲ့ကြလေသော တရားကိုပင် ယုံကြည်သူများမဟုတ်' ဟု ပြောဆိုခဲ့ကြကုန်၏။

فَانتَقَمْنَا مِنْهُمْ ۖ فَانظُرْ كَيْفَ كَانَ عَاقِبَةُ الْمُكَذِّبِينَ ﴿٢٥﴾

၄၃ : ၂၅ ။ ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ၎င်းတို့အား တုံ့ပြန်လက်စားချေတော်မူခဲ့ရာ (အို၊ နဗီတမန်တော်) အသင်သည် မဟုတ်မမှန်ဟူ၍ စွပ်စွဲ ငြင်းပယ်ခဲ့ကြကုန်သော သူတို့၏ နောက်ဆုံးအကျိုးသည် မည်သို့မည်ပုံ ရှိခဲ့သည်ကို (လေ့လာ) ကြည့်ရှုပါလေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

စင်စစ် အကယ်၍ (အို၊ နဗီတမန်တော်) အသင်သည် ထိုသူတို့အား 'မိုးကောင်းကင်များနှင့် ပထဝီမြေကို မည်သူသည် ဖန်ဆင်းခဲ့သနည်း' ဟု မေးမြန်းခဲ့ပါလျှင် ထိုသူတို့က ယင်း (မိုးကောင်းကင်များ နှင့် ပထဝီမြေ) တို့ကို အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော၊ အကြွင်းမဲ့ သိတော်မူသော (အလ္လာဟ်) အသျှင်မြတ် ဖန်ဆင်းတော်မူခဲ့သည်ဟူ၍ပင် ဧကန်မလွဲ ပြောဆို (ဖြေကြား) ကြပေမည်။ (အကြင်ကဲ့သို့ တစ်ပါးတည်းတည်ရှိတော်မူသော ပင်ကိုယ်ဇာတ်တော်သည် ဤမျှခန့် ကြီးကျယ်လှစွာသော အဖန်ဆင်းခံ များကို ဖန်ဆင်းတော်မူထားပေရာ 'အေဗာဒသ်' (ခဝပ်ကိုးကွယ်ခြင်း) သည်လည်း ထိုအသျှင်မြတ်တစ်ပါး တည်းသာ ထိုက်တန်ပေသည်။ ဤအတွက်ကြောင့် 'သောင်ဟီးဒ်' ဟူသော ကိုးကွယ်ရာအသျှင် တစ်ပါးတည်း တည်ရှိခြင်း တရားသည် ၎င်းသူတို့ကိုယ်တိုင် ဖွင့်ဟဝန်ခံခြင်းဖြင့် အတည်ပြုပြီး ဖြစ်သွားပေသည်။)

(ရှေ့၌ ဆက်လက်၍ အလ္လာဟ်အသျှင်မြတ်သည် 'သောင်ဟီးဒ်' တစ်ပါးတည်း တည်ရှိခြင်းတရား ၏ အချက် အထောက်အထားကို သာပို လေးနက် များပြားစေရန်အတွက် ကိုးကွယ်ခံထိုက်သော အသျှင် တစ်ပါးတည်း တည်ရှိခြင်းတရားအပေါ် ညွှန်ပြလျက်ရှိနေသော မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်း တော်မူထားခြင်းနှင့် အစရှိသော ပြုမူဆောင်ရွက်ချက်များကို တင်ပြထားပေသည်။) အကြင်အသျှင်မြတ် ပင် (ဖြစ်၏။) ထိုအသျှင်မြတ်သည် အသင်တို့အဖို့ (သက်တောင့်သက်သာ ရှိစေရန်) ပထဝီမြေကို အခင်း (ပမာ) ပြုလုပ်ပေးတော်မူခဲ့၏။ (ထိုမြေပထဝီပေါ်၌ အနားယူရန်ဖြစ်သည်။) ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့အဖို့ ယင်းပထဝီမြေ၌ အသင်တို့သည် (မိမိတို့ လိုရာခရီးများကို လွယ်ကူစွာ သွားလာနိုင်ရန်) လမ်းမှန်ကို ရရှိကြရန်အလို့ငှာ (ထိုလမ်းများအပေါ်မှ လျှောက်လှမ်း၍ လိုရာခရီးအဆုံးထိတိုင် ရောက်ရှိ ကြရန်အလို့ငှာ) လမ်းပန်းများကို ပြုလုပ်၍ ပေးတော်မူခဲ့၏။

ထို့ပြင် အကြင်အသျှင်မြတ်ပင် (ဖြစ်၏။) ထိုအသျှင်မြတ်သည် မိုးကောင်းကင်မှ မိုးရေကို (သီးသန့်) အတိုင်းအတာ၊ အချိန်အဆနှင့် (မိမိ၏ သဘောတော်၊ အမြော်အမြင်တော်နှင့်အညီ) ရွာသွန်းစေတော်မူ ခဲ့၏။ တစ်ဖန် ထိုအသျှင်မြတ်သည် ထိုမိုးရေဖြင့် (ခြောက်သွေ့) သေလွန်ပြီးဖြစ်သော မြို့ရွာ (မြေယာ) များကို (လိုက်လျောညီထွေစွာ) ရှင်ပြန် (စိမ်းစို) စေတော်မူခဲ့၏။ (အထက်တင်ပြပါအချက်မှ 'သောင်ဟီးဒ်' ကိုးကွယ်ရာအသျှင် တစ်ပါးတည်း တည်ရှိခြင်းတရားအပေါ် အထောက်အထားအဖြစ် ပြသပြီးအပြင် ဤ အောက်ဖော်ပြပါ အချက်ကိုလည်း သိနားလည်ထားသင့်ပေသည်။) ဤနည်းအတိုင်းပင် အသင်တို့သည် လည်း (မိမိတို့၏ သင်္ချိုင်းများအတွင်းမှ ရှင်ပြန်) ထွက်စေခြင်းကို ခံကြရပေမည်။

၎င်းပြင် အကြင်အသျှင်မြတ်သည် (အမျိုးမျိုးအဖုံဖုံသော) အလုံးစုံသော (အမျိုးအစားများဖြစ်သော) ဖိုမစုံတွဲ၊ အမျိုးအစားများကို ဖန်ဆင်းတော်မူခဲ့၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့ စီးနင်းကြကုန်သော သင်္ဘောများနှင့် ခြေလေးချောင်းတိရစ္ဆာန်များကို ပြုလုပ်ဖန်ဆင်းတော်မူခဲ့၏။

(ယင်းသို့ ဖန်ဆင်းတော်မူခြင်းမှာ) အသင်တို့သည် ယင်း (အစီးအနင်းများဖြစ်သော သင်္ဘောများနှင့် တိရစ္ဆာန်များ) ၏ (အပေါ်) နှင့် ကျောကုန်းပေါ်ဝယ် (တည်ငြိမ်) ကျနမြဲမြံစွာ တက်စီးကြရန်အလို့ငှာ လည်းကောင်း၊ ထို့နောက် အသင်တို့သည် ယင်း (အစီးအနင်း) အပေါ်၌ ကျနမြဲမြံစွာ တက်စီးကြပြီးခဲ့သော အခါ မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ထို) ကျေးဇူးတော်ကို (နှလုံးသားအတွင်းမှ) အောက်မေ့တသ သတိရကြရန်အလို့ငှာလည်းကောင်း (ထိုပြင် နှုတ်လျှာမှလည်း အကျိုးစဝါးဇ်ကို ရရှိရန်၊ နှစ်မြို့မှုကို ရရှိရန် 'မွတ်စ်သဟဗ်' ပုံစံမျိုးဖြင့်) ကျွန်တော်မျိုးတို့၏ အကျိုးငှာ ဤအစီးအနင်းကို နိုင်နင်းစေတော်မူခဲ့သော အသျှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ အမှန်စင်စစ် ကျွန်တော်မျိုးတို့သည် ဤအစီးအနင်းကို (ထိန်းချုပ်နိုင်သူ၊ အင်အားရှိသူနှင့် အတတ်ပညာရှင်များ) နိုင်နင်းကြသူများ မဟုတ်ခဲ့ကြပေ' (ဟူ၍) ပြောဆိုကြရန်အလို့ငှာလည်းကောင်း (ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် တိရစ္ဆာန်များထက် သာပို၍ အင်အားရှိသော မည်သည့်သတ္တဝါမျှ မရှိပေ။ အလ္လာဟ်အသျှင်မြတ် နှလုံးသားအတွင်းသို့ ထည့်ပေးသော အသိပညာမရှိဘဲနှင့် လှေ၊ သင်္ဘော၊ ယာဉ်များကို မောင်းနှင်နိုင်ရန် အကြံအစည်၊ အကြံဉာဏ်ကို သိနားလည်ခဲ့ကြသည် မဟုတ်။ နှစ်ချက်စလုံးနှင့် ပတ်သက်၍ အလ္လာဟ်အသျှင် မြတ်မှ အကြံအစည်၊ အကြံဉာဏ်များ ထည့်သွင်းပေးထားခြင်း ဖြစ်ပေသည်။

၄င်းပြင် ဧကန်မလွဲ ကျွန်တော်မျိုးတို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်သို့ အမှန်ပင် ပြန်သွားကြရမည့်သူများ ဖြစ်ကြပေသည်။ (ထို့ကြောင့်) ကျွန်ုပ်တို့သည် ထိုအစီးအနင်းအပေါ် စီးနင်းကာ ကျေးဇူးဥပကာရ တင်ရှိရန် မေ့လျော့ခြင်း (သို့မဟုတ်) မာန်မာန ထောင်လွှားမှုကို မပြုပေဟူ၍ ဖြစ်သည်။)

သို့သော်လည်း ('သောင်ဟီးဒ်' ကိုးကွယ်ရာအသျှင် တစ်ပါးတည်း တည်ရှိခြင်းတရား၏ အထောက်အထားများ ရှင်းလင်းပေါ်လွင်ပြီးဖြစ်သည့် ကြားကတည်းကပင်) ၄င်းတို့သည် ('ရှရစ်က်' (တုဖက်နှိုင်းယှဉ်ခြင်း) ကို ရွေးချယ်ထားကြပေသည်။ ထို့ပြင် 'ကောင်းကင်တမန်တော်များအား အလ္လာဟ်အသျှင်မြတ်၏ သမီးများဟူ၍ ပြောဆိုကာ ထိုကောင်းကင်တမန်တော်များကိုပင် ခဝပ်ကိုးကွယ်မှုကို ပြုနေကြခြင်းသည်' လည်း အဘယ်မျှခန့် ဆိုးရွားသော အချက်ဖြစ်နေပေသနည်း။ သို့ရှိရာ မှားယွင်းချွတ်ချော်မှုတစ်ရပ်သည် ဤသို့တည်း။ ၄င်းမှာ ထိုသူတို့သည်) ထိုအသျှင်မြတ်၏ (အဖန်ဆင်းခံ) ကျွန်များအနက် (အချို့ကို) ထိုအသျှင်မြတ်၏ အစိတ်အပိုင်းတစ်ခုဟူ၍ သတ်မှတ်ခဲ့ကြကုန်၏။ (အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်အဖို့ အစိတ်အပိုင်း တည်ရှိခြင်းသည် ဦးနှောက်ပိုင်းဆိုင်ရာ စဉ်းစားတွေးခေါ်မှုအရပင် မဖြစ်နိုင်သော အချက် ဖြစ်ပေသည်။) ဧကန်အမှန် (ဤကဲ့သို့သော) လူသားသည် ထင်ရှားစွာသော ကျေးဇူးကန်းသူပင် ဖြစ်ချေသည်။ (အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်အား 'အစိတ်အပိုင်းရှိသူ' အဖြစ် သတ်မှတ်လိုက်ခြင်းသည် အဘယ်မျှခန့် ကြီးမားလှစွာသော 'ကုဖွရ်' (သွေဖည်ငြင်းဆိုမှု) ဖြစ်ပေသနည်း။ အကြင်ကဲ့သို့ အလ္လာဟ်အသျှင်မြတ်အား အစိတ်အပိုင်းရှိသည်ဟူ၍ သတ်မှတ်လိုက်ခြင်းဖြင့် အလ္လာဟ်အသျှင်မြတ်သည် (မပြောကောင်း မဆိုအပ်) အစကနဦးကတည်း မရှိ၊ တစ်စုံတစ်ဦး၏ ဖန်ဆင်းမှုကြောင့် ဖြစ်ပေါ်

တည်ရှိလာ၍ တစ်နေ့တစ်ချိန် မုချ ပျက်သုဉ်းမည့်သူအဖြစ် ဖြစ်ရှိသွားချေမည်။ အချုပ်မှာ မှားယွင်းချွတ်ချော်မှုတစ်ရပ်သည်မှ အထက်တင်ပြပါ နည်းအတိုင်းပင် ဖြစ်ပေသည်။)

(ဒုတိယချွတ်ချော်မှားယွင်းသော အချက်တစ်ရပ်မှာ ဤသူတို့သည် သမီးမိန်းကလေးများအား အားနည်း၊ မပြည့်စုံသော အဖန်ဆင်းခံများဟူ၍ မှတ်ယူ၍ ရှိကြကုန်၏။ သို့သော်ငြားလည်း အလ္လာဟ် အသျှင်မြတ်အဖို့ သမီးမိန်းကလေးများရှိသည်ဟူ၍ မှတ်ယူကြပေရာ) ထိုအသျှင်မြတ်သည် မိမိ၏ အဖန်ဆင်းခံတို့အနက် (အသင်တို့၏ ထင်မြင်ယူဆချက်အတိုင်း မိမိအဖို့) သမီးမိန်းကလေးများကို ရွေးချယ်တော်မူ၍ အသင်တို့ကိုမူ သားယောကျ်ားကလေးများကို ချီးမြှင့်တော်မူခဲ့ပါသလော။

စင်စစ် (အသင်တို့သည် သမီးမိန်းကလေးများကို ဤမျှခန့် အတိုင်းအတာထိတိုင် မကောင်းဟူ၍ မှတ်ယူထားကြသည်။) ၎င်းတို့အနက် တစ်ဦးတစ်ယောက်သည် (မိမိကိုယ်တိုင် မနှစ်ခြိုက်သည့်အပြင်) အနန္တကရုဏာတော်ရှင်အား နိုင်းနှိုင်းဖော်ပြ ကျူးလွန်စော်ကားခဲ့သော အရာနှင့် စပ်လျဉ်း၍ သတင်းကောင်း၊ သားသမီး ထွန်းကားလာကြောင်း) ပြောကြားခြင်းကို ခံခဲ့ရလေသောအခါ (အလိုသဘောမှာ သမီးမိန်းကလေးမွေးဖွားသည်ဟူ၍ သတင်းပေးခြင်းခံရသောအခါ ဤမျှခန့် အတိုင်းအတာထိတိုင် မနှစ်မြို့ဖြစ်သွားသည်။) ၎င်း၏ မျက်နှာမှာသည် တစ်နေကုန် ညိုးနွမ်းမည်းမှောင်၍ပင် နေလေတော့၍ ထိုသူသည် စိတ်အတွင်း အလွန် ခံပြင်းနာကျင်ကာ ခံစားမှုကို သည်းခံချုပ်တည်း မျိုသိပ်လျက် ရှိနေလေ၏။ (သို့ရှိရာ အံ့ဩရလောက်အောင်သော အချက်မှာ အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ လျော့နည်း၊ မပြည့်စုံခြင်း၏ အချက်ကို ဆက်နွှယ်ကာ ပြောဆိုသမှုကို ပြုနေပေသည်။ ဤသည်ဖြင့် ၎င်းတို့၏ မှားယွင်းသော ခံယူချက်ပိုင်းဆိုင်ရာ မူဝါဒအား စောဒကတက်ရန် အခွင့်အလမ်းမရှိသော နှုတ်ပိတ်အဖြေပေးကာ ချေပတိုက်ဖျက်လိုက်ခြင်း ဖြစ်သည်။ အကြင်ချေပချက်၏ ရှင်းလင်းချက်ကို စူရာဟ် 'ဇွာဖ်ဖားသ်'၌ ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပေသည်။)

(ရှေ့၌ ဆက်လက်၍ ထိုခံယူချက်ပိုင်းဆိုင်ရာ ဝါဒ၏ စီစစ်သုတေသနပြု နည်းစနစ်မှန်မှန် ချေပမှုကို တင်ပြထားပေသည်။ သမီးမိန်းကလေးဖြစ်ခြင်းသည် အသင်တို့ တွေးထင် ယုံကြည်ထားသကဲ့သို့ သေးသိမ်အရှက်ရစေသော အချက်တစ်ချက် မဟုတ်နေလင့်ကစား သို့ရာတွင် 'ထိုမိန်းကလေးများကို ၎င်းတို့ မွေးရာပါဗီဇကို ထောက်ရှု သုံးသပ်မည်ဆိုလျှင် စဉ်းစားတွေးခေါ်မှုပိုင်းဆိုင်ရာ၌ မုချ လျော့နည်းချက်ရှိခြင်းတွင် သံသယမရှိပေ။ သို့ရှိရာ ဤသို့ ဖြစ်ရှိနေသည်ဆိုလျှင်မူ) မည်သို့ပါနည်း။ (ခလေ့ မွေးရာပါဗီဇအရ) လက်ဝတ်လက်စား အလှဆင်ယင် (ခြယ်မှုန်း) မှု၌ ကြီးပြင်းလာရသည့်အပြင် (၎င်းအချက်သည်ပင် လက်ဝတ်ရတနာ ဝတ်ဆင်၊ အလှတန်ဆာပင် ပြင်ဆင်ခြယ်မှုန်းမှုဘက်သို့ ထိုမိန်းကလေး၏ တပ်မက်ရခြင်း၏ အကြောင်းခံ ဖြစ်နေပေသည်။ ယင်းအချက်၏ နောက်ဆက်တွဲ မုချ အကျိုးဆက်တရားသည် ဦးနှောက်အသိဉာဏ် မရင့်ကျက်ခြင်းပင် ဖြစ်သည်။ တွေးခေါ်မှုစွမ်းအား နည်းပါးခြင်းအပေါ် အခြေခံမူတည်၍) အချေအတင် ပြောဆိုရာ၌ ရှုပ်ထွေးပွေလီ၊ (ပြတ်သားစွာ ပြောဆိုနိုင်ခြင်းမရှိ) စေသော သူသည် (သို့ရှိရာ အမျိုးသမီးများသည် များသောအားဖြင့် မိမိတို့၏ နှလုံးသားအတွင်းရှိသော အချက်များကို ဉာဏ

စွမ်းအားနှင့် ရှင်းလင်းစွာ တင်ပြရာ၌ အမျိုးသားများနှင့် နှိုင်းယှဉ်လျှင် စွမ်းဆောင်နိုင်မှု နည်းပါးပေသည်။ များသော အားဖြင့် မပြည့်မစုံ တစ်ဝက်တစ်ပြတ်ကိုသာ တင်ပြကြပေသည်။ အဓိက တင်ပြရမည့် အချက်များကို တစ်စုံတစ်ရာမျှ မတင်ပြဘဲ အပို၊ မလိုအပ်သော အချက်များကို ရောထွေးကာ တင်ပြမှုကို ပြုကြပေသည်။ ဤသည်မှ မှားယွင်းချွတ်ချော်မှုနှစ်ရပ် ဖြစ်ပေသည်။) အလ္လာဟ်အသျှင်မြတ်၏ သမီးမိန်းကလေးဖြစ်နိုင်ရန် အရည်အချင်း ရှိပါ၏လော။

ထို့ပြင် (တတိယမှားယွင်းသော အချက်မှာ 'ရှရစ်က်' (တုဖက်နှိုင်းယှဉ်မှု) မုချ ဖြစ်ရှိခြင်း၊ ၎င်းတို့သည် အနန္တကရုဏာတော်ရှင် (အလ္လာဟ်အသျှင်မြတ်) ၏ ကျွန် (အဖန်ဆင်းခံ) များ ဖြစ်ကြကုန်သော 'မလာအေ့ကာဟ်' (ကောင်းကင်တမန်တော်) တို့အား (အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ ပြည့်ဝသော အခြေအနေကို သိရှိပေသည်။ ယင်းကောင်းကင်တမန်တော်များအား မတွေ့မြင်ရသည့် အတွက်ကြောင့် ၎င်းတို့၏ ဂုဏ်ထူးဝိသေသ အရည်အချင်းများကို အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ပြဆိုထားခြင်းမျိုးမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ မသိရှိနိုင်ပေ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် 'ကောင်းကင်တမန်တော်များသည် အမျိုးသမီးများဖြစ်ကြောင်း' မည်သည့်နေရာ တစ်နေရာ၌မှာပင် မိန့်ခြွေထားခြင်းမျိုးလည်း မရှိပေ။ သို့ရာတွင် ထိုသို့ ရှင်းလင်းစွာ တင်ပြနေသည့် ကြားကတည်းကပင် ၎င်းတို့သည် ယင်းကောင်းကင်တမန်များကို အထောက်အထားမဲ့) မိန်းမများဟူ၍ (စွပ်စွဲကာ) သတ်မှတ်ခဲ့ကြကုန်၏။ (ထိုကောင်းကင်တမန်များသည် အမျိုးသမီးများဖြစ်ခြင်း ခိုင်လုံသော ဦးနှောက်အသိဉာဏ်ပိုင်းဆိုင်ရာ အထောက်အထား တစ်စုံတစ်ရာလည်း မရှိသကဲ့သို့ ဆင့်ကဲဆင့်ကဲ ဆင့်ပြန်လာထားခြင်း 'အိလ်မ်' (အသိပညာ) ပိုင်းဆိုင်ရာ အထောက်အထားလည်း တစ်စုံတစ်ရာမျှပင် မရှိပေ။ ဤအတွက်ကြောင့် လက်တွေ့ကျကျ မြင်တွေ့ရန် လိုအပ်နေသည် ဆိုပါကလည်း) ၎င်းတို့သည် ယင်း ('မလာအေ့ကာဟ်'ကောင်းကင်တမန်) တို့အား ဖန်ဆင်းရာ၌ ရှေ့မှောက်ဝယ် ရှိခဲ့ကြလေသလော။ (ရှုမြင်လျက်ရှိနေပါ၏လော။ '၎င်းတို့သည် ကောင်းကင်တမန်တော်များအား ဖန်ဆင်းချိန်၌ တွေ့မြင်ခဲ့ခြင်း မရှိပါ' ဟူသော အဖြေသာ ထွက်မည်မှာ ထင်ရှားလှပေသည်။ ဤအတွက်ကြောင့် ၎င်းတို့၏ ဤဦးနှောက်အသိဉာဏ်ကင်းမဲ့သော ကြွေးကြော်ချက်၏ အတိမ်အနက် ရှင်းလင်းသွားပေပြီ။ မည်သို့ပင်ဖြစ်စေ) ၎င်းတို့၏ (အထောက်အထားမဲ့) သက်သေထွက်ဆိုချက်သည် (အကောင်း၊ အဆိုးစာရင်း၌ မှတ်တမ်းတင်) ရေးမှတ်ထားပြီး ဖြစ်ချေသည်။ ထို့ပြင် ၎င်းတို့သည် (ကေယာမသ်) ရှင်ပြန်ထရမည့်နေ့တွင် (ဤသည်နှင့် စပ်လျဉ်း၍) စစ်ဆေးမေးမြန်းခြင်းကိုလည်း ခံကြရပေဦးမည်။ (ဤမိန့်မြွက်ပြောဆိုခြင်းသည်မှ ကောင်းကင်တမန်တော်များအား အမျိုးသမီးများဖြစ်သည်ဟု စွပ်စွဲပြောဆိုခြင်းနှင့် စပ်လျဉ်း၍ နေပေသည်။)

ထို့ပြင် (ရှေ့၌ ၎င်းတို့၏ 'ခဝပ်ကိုးကွယ်ခြင်းခံထိုက်သော အရှင်များရှိခြင်း' ဟူသော ခံယူချက်ဝါဒနှင့် စပ်လျဉ်း၍ တင်ပြနေပေသည်။) ၎င်းတို့က ပြောဆိုခဲ့ကြကုန်၏။ 'အကယ်၍သာ အနန္တကရုဏာတော်ရှင်သည် (ဤအချက်ကို နှစ်မြို့စွာဖြင့်) အလိုရှိတော်မူပါလျှင် (ယင်းအချက်မှာ ကောင်းကင်တမန်တော်များအား ခဝပ်ကိုးကွယ်ခြင်း မပြုရန်ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတို့အား ခဝပ်ကိုးကွယ်ခြင်းဖြင့် နှစ်မြို့တော်မမူပါမူ)

ကျွန်ုပ်တို့သည် ထိုကောင်းကင်တမန်တော်များအား (မည်သည့်အခါမျှ) ဆည်းကပ် ကိုးကွယ်ခဲ့ကြမည် မဟုတ်ပေ။ (အဘယ်ကြောင့်ဆိုသော် ထိုအသျှင်မြတ်သည် ခဝပ်ကိုးကွယ်မှု ပြုခွင့်ကိုလည်း ပေးတော်မူမည်မဟုတ်ပေ။ သို့သာမက အတင်းအဓမ္မ တားမြစ် ဟန့်တားထားတော်မူပေမည်။ မတားမြစ်ထားခြင်းမှ 'ထိုအသျှင်မြတ်သည် ၄င်းတို့အား ခဝပ်ကိုးကွယ်ခြင်းကို မပြုခြင်းကြောင့် မနှစ်မြို့ရုံသာမက ခဝပ်ကိုးကွယ်ခြင်းကို ပြုမှသာ ဝမ်းမြောက်တော်မူကြောင်း' ကို သိရှိရပေသည်။ ရှေ့၌ ယင်းအချက်အား တုန့်ပြန်ချေပထားပေသည်) ဤသည်နှင့် စပ်လျဉ်း၍ ၄င်းတို့၌ အသိပညာ လုံးဝ မရှိပေ။ (စင်စစ်) ၄င်းတို့သည် ရမ်းဆပြောဆိုနေကြသည်သာ ဖြစ်၏။ (အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ မိမိ၏ အဖန်ဆင်းခံများအပေါ် လုပ်ရပ်တစ်ရပ်ရပ်အား ပြုစွမ်းနိုင်မှု ပေးသနားထားတော်မူခြင်းသည် 'ထိုလုပ်ရပ်သည် အလ္လာဟ်အသျှင်မြတ် သဘောတူနှစ်မြို့ခြင်း၏ လုပ်ရပ်' ဖြစ်ခြင်း၏ အထောက်အထား မဟုတ်ပေ။ ပမာဆိုရသော် (၈) ပါရာတစ်ဝက်၏ အလျင် အာယသ်တော်ဖြစ်သော

سَيَقُوْلُ الَّذِيْنَ اَشْرَكُوْا

ဟူသော အာယသ်တော်အတွင်း၌ ယင်းအချက်၏ ရှင်းလင်းချက်ကို တင်ပြခဲ့ပြီးဖြစ်ပေသည်။)

(ယခု ဤအချက်ကို ပြသကြကုန်။) ငါအသျှင်မြတ်သည် ၄င်းတို့အား ဤ (ကုရ်အာန်) ကျမ်းတော်မြတ်အလျင် ကျမ်းဂန်တစ်စောင်ကို ချီးမြှင့် ပေးသနားတော်မူခဲ့သလော။ သို့ဖြစ်ပေရာ ၄င်းတို့သည် ယင်းကျမ်းဂန်ကို (မိမိတို့၏ ကြွေးကြော်မှုနှင့် စပ်လျဉ်း၍) အားကိုးအားထားပြုလျက် ရှိကြသည် (လော။ စင်စစ်၌ ၄င်းတို့ထံဝယ် ဦးနှောက်အသိဉာဏ်ပိုင်းဆိုင်ရာအရ လက်ခံရလောက်အောင်သော အထောက်အထား တစ်စုံတစ်ရာ မရှိသကဲ့သို့ ဆင့်ကဲဆင့်ကဲ ဆင့်ဆိုမှု၏ 'အိလ်မ်' (ပညာအရ) လည်း အထောက်အထား တစ်စုံတစ်ရာမျှ မရှိပေ။)

ထိုသို့ အလျဉ်းမဟုတ်။ စင်စစ် ၄င်းတို့သည် (မိမိတို့၏ ဘိုးဘွားဘီဘင်တို့၏ နောက်လိုက်သမှုကိုသာ ပြု၍ ဤသို့) ပြောဆိုခဲ့ကြကုန်၏။ ဧကန်အမှန် ကျွန်ုပ်တို့သည် မိမိတို့၏ အဘ၊ ဘိုး၊ ဘေးတို့အား (အယူဝါဒ) သာသနာ့လမ်းစဉ်တစ်ခုအပေါ်၌ တွေ့ရှိခဲ့ကြကုန်၏။ ဧကန်မလွဲ ကျွန်ုပ်တို့သည် ထိုအဘ၊ ဘိုး၊ ဘေးတို့၏ နောက်သို့ပင်လျှင် ခြေရာများ ထပ်လျက် လိုက်နာသူများပင် ဖြစ်ကြကုန်၏။)

၄င်းပြင် (ဤသူတို့သည် အထောက်အထားမဲ့ ဖြစ်ရုံသာမက ဆန့်ကျင်ဘက် အထောက်အထားဖြစ်သော ရှေးဟောင်းလမ်းစဉ်ကို အထောက်အထားအဖြစ် တင်ပြကြသကဲ့သို့) ဤနည်းအတိုင်းပင် ငါအသျှင်မြတ်သည် အသင့်အလျင် မည်သည့်မြို့ရွာကိုမဆို သတိပေးနိူးဆော်သူ (နဗီတမန်တော်) တစ်ပါးပါးကို စေလွှတ်တော်မူခဲ့တိုင်း ယင်းမြို့ရွာမှ စည်းစိမ်ရှင်တို့က (ဦးစွာပထမ၊ ၄င်းတို့၏ နောက်လိုက်တို့သည် ဒုတိယအနေဖြင့်) ဤသို့ ပြောဆိုခဲ့ကြသည်သာ ဖြစ်၏။ (ဧကန်စင်စစ် ကျွန်ုပ်တို့သည် မိမိတို့၏ အဘ၊ ဘိုး၊ ဘေးတို့အား (အယူဝါဒ) သာသနာ့လမ်းစဉ်တစ်ခုအပေါ်၌ တွေ့ရှိခဲ့ကြကုန်၏။ ဧကန်မုချ ကျွန်ုပ်တို့သည် ၄င်းတို့၏ ခြေရာများအပေါ်သို့ လိုက်နေကြသူများပင် ဖြစ်ကြကုန်၏။

(ယင်းသို့ ပြောကြားချက်အပေါ် ၎င်းတို့၏) ထိုသတိပေးနှိုးဆော်သူ (နဗီတမန်တော်) က (၎င်းတို့အား အချင်းတို့၊ အကယ်၍ ငါသည် အသင်တို့ထံသို့၊အသင်တို့ မိမိတို့ အဘ၊ ဘိုး၊ ဘေးတို့ (လိုက်ခဲ့ကြသည်) ကို တွေ့မြင်ခဲ့ကြ လေသော လမ်းစဉ်ထက် ပိုမို (တိကျမှန်ကန်သော) တရားလမ်းမှန် (ခရီးပန်းတိုင်) ကို အသင်တို့ထံ ဆောင်ကြဉ်းခဲ့ကြသော်ငြားလည်း (အသင်တို့သည် မိမိတို့ရိုးရာဓလေ့ လမ်းစဉ်များကိုသာ လိုက်စားကြဦး မည်လော) ဟု ပြောဆို (မေးမြန်း) ခဲ့လေ၏။

သို့ဖြစ်ပေရာ (၎င်းတို့က ရန်ငြိုးရန်စွယ်ပွား ဆန့်ကျင်သောအသွင်ဖြင့် အို၊ နဗီတမန်တော်) စေကန်စင်စစ် ကျွန်ုပ်တို့သည် (အသင်တို့ လက်ခံ ယုံကြည်ထားကြသည့်အတိုင်း) အသင်တို့ ယူဆောင်ခဲ့ကြလေသော တရား (သာသနာ) ကိုပင် ယုံကြည်သူများ မဟုတ်ပေ'ဟု ပြောဆိုခဲ့ကြကုန်၏။

သို့ဖြစ်ပေရာ (ရန်ငြိုးရန်စွယ်ထားရှိမှုသည် အတိုင်းထက်အလွန် ဖြစ်ရှိသွားသော အချိန်၌ အို၊ နဗီတမန်တော်) ငါအသျှင်မြတ်သည် ၎င်းတို့အား တုန့်ပြန်လက်စားချေတော်မူခဲ့ရာ အသင်သည် (တရားတော်) ကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်သော သူတို့၏ နောက်ဆုံး (ဆိုးရွားသော) အကျိုးသည် မည်သို့မည်ပုံ ရှိခဲ့ကြသည်ကို (လေ့လာ) ကြည့်ရှုပါလေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

جَعَلَ لَكُمُ الْأَرْضَ مَهْدًا

ထိုအသျှင်မြတ်သည် အသင်တို့အဖို့ ပထဝီမြေကို အခင်းပြုလုပ်တော်မူခဲ့၏။ *[၄၃ ፥ ၁၀]*

အလိုသဘောမှာ 'ကမ္ဘာမြေပထဝီ၏ အပေါ်ယံပုံပန်းသဏ္ဌာန်နှင့် ၎င်း၏ သက်တောင့်သက်သာ ဖြစ်မှုသည် အခင်းကဲ့သို့ ဖြစ်သည်ဟူ၍ ဖြစ်သည်။ ဤအတွက်ကြောင့် ယင်းအချက်သည် 'ကမ္ဘာကြီးသည် လုံးဝိုင်းသည်' ဟူသော အချက်နှင့် ဆန့်ကျင်ဘက် ဖြစ်ရှိမနေပေ။'

وَجَعَلَ لَكُم مِّنَ الْفُلْكِ وَالْأَنْعَامِ مَا تَرْكَبُونَ

၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့ စီးနင်းကြကုန်သော သင်္ဘောများနှင့် ခြေလေးချောင်း တိရစ္ဆာန်များကို ပြုလုပ်ဖန်ဆင်းတော်မူခဲ့၏။ *[၄၃ ፥ ၁၂]*

လူသားတို့ စီးနင်းသော အစီးအနင်းသည် နှစ်မျိုးရှိပေသည်။

ပထမတစ်မျိုးမှာ လူသားတို့သည် မိမိတို့ တီထွင်မှုအတတ်ပညာ၏ အကြောင်းခံဖြင့် ကိုယ်တိုင် ဖန်တီးထားသော အစီးအနင်းများ ဖြစ်ပေသည်။

ဒုတိယတစ်မျိုးမှာ ၎င်းတို့၏ ဖန်ဆင်းခြင်းခံထားရာ၌ လူသားတို့၏ အတတ်ပညာ တစ်စုံတစ်ရာမျှ ဝင်ရောက် စွက်ဖက်မှုမရှိသော တိရစ္ဆာန်များ ဖြစ်ပေသည်။ 'သင်္ဘောများ'ဟူ၍ မိန့်ခြွေကာ အစီးအနင်း

များ၏ ပထမအမျိုးအစားကို အဲလိုသဘောအဖြစ် ကောက်ယူထားပေသည်။ ခြေလေးချောင်းသတ္တဝါများသည် ဒုတိယအမျိုးအစားဖြစ်ပေသည်။ မည်သည့်အခြေအနေ၌မှာမဆို အလိုသဘောမှာ ဤသို့ပင် ဖြစ်သည်။ အစီးအနင်းများအား ပြုလုပ်ပြင်ဆင်ရာ၌ လူသားတို့၏ ဖန်တီးမှု ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ လူသားတို့ အသုံးပြုလျက်ရှိနေသည့် အစီးအနင်းများအားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ အလွန်ကြီးကျယ်လှစွာသော 'နေ့အ်မသ်' (စည်းစိမ်တော်) တစ်ရပ်ပင် ဖြစ်ပေသည်။ ခြေလေးချောင်းသတ္တဝါများ 'နေ့အ်မသ်' (စည်းစိမ်တော်) ဖြစ်ကြောင်းမှာ ထင်ရှားလှပေသည်။ အကြောင်းမှာ ထိုသတ္တဝါများသည် လူသားတို့ထက် အဆပေါင်းများစွာ ကြီး၍ အင်အားရှိကြပေသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် ထိုသတ္တဝါများအား လူသားတို့ရှေ့ဝယ် 'ကလေးငယ်တစ်ဦးသည်ပင်လျှင် ထိုသတ္တဝါ၏ ဇက်ကြိုး၊ (သို့မဟုတ်) နဖားကြိုးကို ကိုင်ကာ ခေါ်ဆောင်လိုသည့်နေရာသို့ ခေါ်ဆောင်နိုင်စွမ်း ရှိခြင်း'၏ အတိုင်းအတာအထိတိုင် ယဉ်ပါးနူးညံ့အောင် ပြုပေးထားသည်။ ဤကဲ့သို့ပင် ထိုအစီးအနင်းများသည်လည်း အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်လှစွာသော 'နေ့အ်မသ်' (စည်းစိမ်တော်) များ ဖြစ်ပေသည်။ အကြင်အစီးအနင်းများအား ပြုလုပ်ဖန်တီးရာ၌ လူသားတို့၏ အတတ်ပညာရပ်သည် ပါဝင်နေပေသည်။ လေယာဉ်ပျံမှအစ သာမန်ဆိုင်ကယ်၊ စက်ဘီးထိတိုင် ရှိသော အစီးအနင်းများအားလုံးသည် ပြင်ပသဏ္ဌာန်အားဖြင့် ရှုမြင်သုံးသပ်မည်ဆိုလျှင် လူသားတို့ကိုယ်တိုင် ပြုလုပ်ထားသော အစီးအနင်းများ ဖြစ်နေလင့်ကစား သို့ရာတွင် ထိုအစီးအနင်းများအား တီထွင်မှု၏ နည်းလမ်းများကို နားလည်သိရှိစေသော သူသည် အလ္လာဟ်အသျှင်မြတ်မှအပ မည်သူ ဖြစ်နိုင်ပေမည်နည်း။ ထိုအသျှင်မြတ်သည် အရာရာတိုင်းကို ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေရာ အကြင်အသျှင်မြတ်သည်ပင်လျှင် လူသားတို့၏ ဦးနှောက်အား 'သံကို ဖယောင်းအဖြစ် ပြုလုပ်ခြင်း' ၏ အင်အားစွမ်းအင်ကို ချီးမြှင့်ပေးသနားထားတော်မူပေသည်။ ထို့ပြင် လူသားတို့ ဖန်ဆင်းပြုလုပ်မှုအတွင်း၌ အသုံးပြုလျက်ရှိနေသော ကုန်ကြမ်းပစ္စည်းများနှင့် ၎င်းတို့၏ အစွမ်းသတ္တိများသည်မူ အလ္လာဟ်အသျှင်မြတ်မှ တိုက်ရိုက် ဖန်ဆင်းပေးသနားထားတော်မူသော အရာများသာ ဖြစ်ပေသည်။

ثُمَّ تَذْكُرُوا نِعْمَةَ رَبِّكُمْ

မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ကျေးဇူးတော်ကို အောက်မေ့တသ သတိရကြရန် အလို့ငှာလည်းကောင်း။ [၄၃ : ၁၃]

ဤအာယသ်တော်မြတ်မှ 'ဦးနှောက်အသိ၊ သတိရှိသော လူသားတို့ ပြုမူရန်မှာ ၎င်းတို့သည် မူရင်း 'နေ့အ်မသ်' (စည်းစိမ်တော်များ) ကို ချီးမြှင့်ပေးသနားတော်မူသော အသျှင်မြတ်၏ 'နေ့အ်မသ်' (စည်းစိမ်တော်) များကို အသုံးပြုလျက် ဂရုမမူမှု၊ မေ့လျော့မှုနှင့် တောင့်တလိုအပ်မှု အလျဉ်းမရှိဟူသော ပုံသဏ္ဌာန်ကို ထုတ်ဖော်ရမည့်အစား 'ဤသည် ကျွန်ုပ်အပေါ် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ချီးမြှင့်ပေးသနားတော်မူထားသော ဆုလာဘ်ဖြစ်ကြောင်း ဤအတွက်ကြောင့် ကျွန်ုပ်အပေါ် ထိုအသျှင်မြတ်အား ကျေးဇူးဥပကာရ တင်ရှိရန်နှင့် ရိုကျိုးမှုကို ထုတ်ဖော်ရန် 'ဝါဂျိဗ်'ဖြစ်ခြင်းအကြောင်း'ဟူသော အချက်တို့အပေါ်

နှလုံးသွင်းထားရမည်ဖြစ်ကြောင်း'တို့ကို ရည်ညွှန်းဖော်ထုတ်ထားပေသည်။ ကာဖိရ်တစ်ဦးနှင့် မုအ်မင်န်တစ်ဦး၏ ကြား၌ စင်စစ် ကွဲပြားခြားနားချက်မှာ ဤသည့်အချက်သာလျှင် ဖြစ်ပေသည်။ စကြဝဠာအတွင်းရှိ 'နေအ်မသ်' (စည်းစိမ်တော်များ) ကို ယင်းလူတန်းစား နှစ်ရပ်စလုံး အသုံးပြုကြပေသည်။ သို့ရာတွင် ကာဖိရ်သည် ထို 'နေအ်မသ်'(စည်းစိမ်တော်များ) ကို ဂရုမမူ၊ မေ့လျော့စွာဖြင့် အသုံးပြုပြီး မုအ်မင်န်သည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ချီးမြှင့်ပေးသနားထားတော်မူသော ဆုလာဘ်များ ဖြစ်သည်ဟူ၍ နှလုံးသွင်းကာ မိမိ၏ ဦးခေါင်းကို ထိုအသျှင်မြတ်၏ အခစားတော်၌ ရိုကျိုးမှုကို ပြုပေးလိုက်ပေသည်။ ထိုရည်ရွယ်ချက်တော်ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များတွင် အမျိုးမျိုးသော အလုပ်များကို အဆုံးသတ်ပေးသောအချိန်၌ သည်းခံမှုတရား ထားရှိရန်နှင့် ကျေးဇူးတင်ရှိရန် အကြောင်းအရာများပါဝင်သော ဒိုအာများကို သင်ပြထားပေးတော်မူသည်။ အကယ်၍ လူသားသည် မိမိ၏ နေ့စဉ် အသက်ရှင်သန်၊ နေထိုင်မှု၌ ထိုင်ထ၊ သွားလာလှုပ်ရှားလျက် ရှိနေသောအချိန်၌ ထိုတောင်းဆုဒိုအာများကို မိမိ၏ လုပ်ရိုးလုပ်စဉ်အဖြစ် ပြုမူထားပါမူ ၎င်း၏ 'မုဗါးဟ်'လုပ်ပိုင်ခွင့်ရှိသော အလုပ်များအားလုံးသည်လည်း 'အေဗာဒသ်' (ခဝပ်ကိုးကွယ်မှု) ဖြစ်သွားပေမည်။ ၎င်းတောင်းဆုဒိုအာများကို အလ္လာမဟ်ဂျဇ်ရီး (ရဟ) ၏ ဟိဇ်ဗွ်နေဟဆွီးန်ကျမ်း၌သော်လည်းကောင်း၊ ဟဇရသ် ဟကီမုလ် အွမ္မသ်ထာနဝီ (ရဟ) သခင်ကြီး၏ မုနာဂျာသေ့မပ်က်ဖူးလ်ကျမ်း၌သော်လည်းကောင်း ကြည့်ရှုနိုင်ပေသည်။

ခရီးထွက်ချိန် ရွတ်ဖတ်ရမည့် ဒိုအာများ

سُبۡحَانَ الَّذِىۡ سَخَّرَ لَنَا هٰذَا ـــ الخ

ကျွန်တော်မျိုးတို့၏ အကျိုးငှာ ဤအစီးအနင်းကို နိုင်နင်းစေတော်မူခဲ့သော အသျှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ *[၄၃ း ၁၃]*

ဤသည် အစီးအနင်းအပေါ် ထိုင်သည့်အချိန်၌ ဖတ်ရမည့်ဒိုအာ ဖြစ်ပေသည်။ သို့ရှိရာ တမန်တော်မြတ် ﷺ ၏ ထံတော်ပါးမှ များစွာသော ဆင့်ပြန်ချက်များအတွင်းတွင် ဆင့်ပြန်ချက်အဖြစ် လာရှိထားသည်မှာ 'တမန်တော်မြတ် ﷺ သည် အစီးအနင်းအပေါ် စီးနင်းရန် ထိုင်ချိန်၌ ဤစကားလုံးတော်များကို ရွတ်ဖတ်တော်မူလေ့ ရှိပေသည်' ဟူ၍ ဖြစ်သည်။ စီးနင်းခြင်း၏ 'မွတ်စ်သဟဗ်' ပြီးပြည့်စုံသော ယဉ်ကျေးမှုနည်းစနစ် လမ်းစဉ်သည် ဟဇရသ်အလီ ؓ သခင်ကြီးထံမှ ဤသို့ ဆင့်ပြန် လာရှိထားပေသည်။ အစီးအနင်းပေါ် ခြေတင်ချိန်၌ 'ဗိစ်မိလ္လားဟ်'ကို ရွတ်ဆိုရန်ဖြစ်ပြီး အစီးအနင်းကို စီးနင်းကာ ထွက်ခွာသွားပြီးနောက် 'အလ်ဟမ်ဒုလိလ္လာဟ်' ကို ရွတ်ဆိုရကာ ထို့နောက် (၄၃း၁၃) အာယသ်တွင်ရှိသော ဒိုအာ

سُبۡحَانَ الَّذِىۡ سَخَّرَ لَنَا

ကို 'မွန်ကလိဗုန်း' ထိတိုင် ရွတ်ဆိုရပေမည်။ *[ကုရ်သုဗီး]*

ထို့ပြင် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးမှ ဤဆင့်ပြန်ချက်သည်လည်း ဆင့်ပြန်ချက်အဖြစ် လာရှိထားပြန်ပေသည်။ တမန်တော်မြတ် ﷺ သည် ခရီးတစ်ခုကို ထွက်တော်မူသွားသောအခါ အထက် ဖော်ပြပါ စကားလုံးတော်များ၏နောက် ဤအောက်ဖော်ပြပါ ဒိုအာကိုလည်း ရွတ်ဆိုတော်မူလေ့ ရှိပေသည်။

اَللّٰهُمَّ اَنْتَ الصَّاحِبُ فِى السَّفَرِ وَالْخَلِيْفَةُ فِى الْاَهْلِ وَالْمَالِ
اَللّٰهُمَّ اِنِّىْ اَعُوْذُ بِكَ مِنْ وَّعْثَآءِ السَّفَرِ وَكَابَةِ الْمُنْقَلِبِ
وَالْحَوْرِ بَعْدَ الْكَوْرِ وَسُوْءِ الْمَنْظَرِ فِى الْاَهْلِ وَالْمَالِ

ထို့ပြင် အခြားသော ဆင့်ပြန်ချက်တစ်ရပ်၌

اَللّٰهُمَّ لَآ اِلٰهَ اِلَّآ اَنْتَ ظَلَمْتُ نَفْسِىْ فَاغْفِرْلِىْ اِنَّهٗ لَا يَغْفِرُ الذُّنُوْبَ اِلَّآ اَنْتَ

ဤစကားလုံးတော်များကိုလည်း ရွတ်ဆိုတော်မူကြောင်း လာရှိထားပေသည်။ *[ကုရ်သုဗီး]*

وَمَا كُنَّا لَهٗ مُقْرِنِيْنَ

(အံမှန်စင်စစ် ကျွန်တော်မျိုးတို့သည် ဤအစီးအနင်းများကို နိုင်နင်းကြသူများ မဟုတ်ခဲ့ကြပေ။) *[၄၃ ႏ ၁၃]*

ဤအချက်သည် ခြေလေးချောင်းသတ္တဝါများနှင့် သတ္တဝါများအပေါ် မူတည်သက်ရောက်နေသကဲ့သို့ စက်တပ်ယာဉ်အစီးအနင်းများအဖို့လည်း မူတည်ကာ သက်ရောက်နေပေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် ထိုယာဉ်များ၏ ကုန်ကြမ်းပစ္စည်းများအတွင်းရှိ အစွမ်းဓါတ်ပစ္စည်းများကို မထည့် သွင်းပေးထားလျှင်သော်လည်းကောင်း၊ (သို့မဟုတ်) ဉာဏ်စွမ်းအားကို ထိုအစွမ်းသတ္တိများအား သိရှိစေ ခြင်း၏ အင်အားကို မချီးမြှင့်ပေးထားလျှင်သော်လည်းကောင်း စကြဝဠာကြီးတစ်ခွင်လုံး ပူးပေါင်း၍လည်း ဤကဲ့သို့သော အစီးအနင်းများကို ဖန်ဆင်းပေးနိုင်မည်မဟုတ်ပေ။

وَاِنَّآ اِلٰى رَبِّنَا لَمُنْقَلِبُوْنَ

၄င်းပြင် ကေန်မလွဲ ကျွန်တော်မျိုးတို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ် ထံတော်သို့ အမှန်ပင် ပြန်သွားကြရမည့်သူများ ဖြစ်ကြပေသည်။ *[၄၃ ႏ ၁၄]*

ထိုစကားလုံးတော်များကို အကြောင်းခံ၍ 'လူသားတို့သည် မိမိတို့ လောကီရေးရာနှင့် စပ်လျဉ်း၍ ခရီးနှင်သော အချိန်တိုင်း၌၊ အခြေအနေတိုင်း၌ ရင်ဆိုင်တွေ့ကြုံလာရမည်ဖြစ်သော 'အာခေရသ်' တမလွန် ၏ လေးလံခက်ခဲသော ခရီးကို သတိရသင့်ပေသည်။ ထိုခရီးစဉ်အား လွယ်ကူစွာ ဖြတ်ကျော်နိုင်ရန်အတွက်

ကောင်းမြတ်သော အကျင့်သီလတို့မှတစ်ပါး အခြားမည်သည့်အစီးအနင်း တစ်စုံတစ်ရာမျှ မရှိကြောင်း' ဟူသော အချက်တို့ကို သင်ကြားပြသပေးထားပေသည်။

وَجَعَلُوا لَهُ مِنْ عِبَادِهِ جُزْءًا

၄င်းတို့သည် ထိုအသျှင်မြတ်၏ ကျွန်များအနက် အချို့ကို ထိုအသျှင်မြတ်၏ အစိတ်အပိုင်းတစ်ခု ဟူ၍ သတ်မှတ်ခဲ့ကြကုန်၏။ *[၄၃ : ၁၅]*

ဤနေရာ၌ جزء 'အစိတ်အပိုင်း' ဟူသော စကားလုံး၏ အလိုသဘောမှာ သားသမီးများဟူ၍ပင် ဖြစ်သည်။ အကြောင်းမှာ 'မုရှ်ရစ်က်' (တုဖက်နိုင်းယှဉ် ခဝပ်ကိုးကွယ်သောသူ) တို့သည် ကောင်းကင်တမန် တော်များကို အလ္လာဟ်အသျှင်မြတ်၏ သမီးတော်များဟူ၍ ပြောဆိုလေ့ရှိကြပေသည်။ اولاد 'အောင်လာဒ်' ဟူသော စကားလုံးကို သုံးနှုန်းမိန့်ဆိုရမည့်အစား جزء 'ဂျုဇ်' ဟူသော စကားလုံးကို ရွေးချယ်မိန့်မြွက်ထားရ ခြင်း၏ အကြောင်းမှာ 'မုရှ်ရစ်က်' တို့၏ အောက်ဖော်ပြပါ ဦးနှောက်ပိုင်းဆိုင်ရာ မှားယွင်းသော ကြွေးကြော် ချက်ကို ချေပခြင်းဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။ အကြင်ကြွေးကြော်ချက်၏ အချုပ်သဘော တရားမှာ ဤသို့ပင် ဖြစ်သည်။ အကယ်၍ အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌ သားသမီးတစ်စုံတစ်ရာ ရှိမည်ဆိုလျှင် ထိုသားသမီးတို့သည် ယင်းအသျှင်မြတ်၏ အစိတ်အပိုင်းဖြစ်ပေသည်။ 'အခြေအမြစ်တိုင်းသည် မိမိတည်ရှိရပ်တည်ရန်အတွက် အစိတ်အပိုင်းကို လိုလားလျက်ရှိနေခြင်းမှာ ဦးနှောက်အသိဉာဏ်ပိုင်းဆိုင်ရာ လက်ခံထားသော နည်းဥပဒေသပင် ဖြစ်ပေသည်။ သို့ဆိုလျှင် ယင်းအချက်မှ (မပြောကောင်းမဆိုအပ်) အလ္လာဟ်အသျှင်မြတ်သည်လည်း မိမိ၏ သားသမီးများကို လိုလားတောင့်တလျက် ရှိနေခြင်း' ဟူသော အချက်သည် မုချ ဆိုက်ရောက်လာပေမည်။ 'မည်သည့်အမျိုးအစား တပ်မက်မှုမျိုးမဆို အလ္လာဟ်အသျှင် မြတ်၏ ဂုဏ်ရှိန်၊ ဂုဏ်ဝါတော်နှင့် လုံးဝ မဖြစ်နိုင်ကြောင်း၊ ဆန့်ကျင်ဘက်ဖြစ်ရှိနေကြောင်း' မှာ ထင်ရှား လှသော အချက်ဖြစ်ပေသည်။

اَوَمَنْ يُّنَشَّؤُا فِي الْحِلْيَةِ

(မည်သို့ပါနည်း။ လက်ဝတ်လက်စား အလှဆင်ယင်မှု၌ ပေါက်ဖွား ကြီးပြင်းလာရသည့်အပြင်။) *[၄၃ : ၁၈]*

အထက်တင်ပြပါ အာယသ်တော်မှ 'အမျိုးသမီးများအဖို့ လက်ဝတ်လက်စားများအား အသုံးပြုခြင်း၊ သာသနာ့စည်းမျဉ်းဘောင်နှင့်အညီ အလှဆင်ယင်မှုပြုခြင်း ပိုင်ကြောင်း' ကို သိရှိရပေသည်။ သို့ရှိရာ ယင်း အချက်အပေါ် အာလင်မ်သာသနာ့ပညာရှင်ကြီးများသည် တစ်ညီတစ်ညွတ်တည်း အတည်ပြု ဆုံးဖြတ်ချက် ချပေးထားကြပေသည်။ သို့ရာတွင် ကွင်းဆက်နောက်လိုက် တစ်ဆက်တည်းမှာပင် နေ့ရောညပါ တစ်နေကုန် အချိန်ပြည့် အလှပြင်ဆင်မှု၌သာ နစ်မွန်းနေခြင်းသည် မသင့်လျော်ကြောင်း၊ သို့သာမက ဤအချက်သည် ဦးနှောက် အသိဉာဏ်နည်းပါးခြင်း၏ လက္ခဏာနှင့် အကြောင်းခံအချက်ဖြစ်ကြောင်း' ကိုလည်း ပြဆို ထားပေသည်။

وَهُوَ فِي الْخِصَامِ غَيْرُ مُبِينٍ

(အခြေအတင် ပြောဆိုရာ၌လည်း ရှုပ်ထွေးပွေလီ ပြတ်သားစွာ ပြောဆိုနိုင်ခြင်း မရှိစေသောသူသည် အလ္လာဟ်အသျှင်မြတ်၏ သမီးမိန်းကလေးဖြစ်နိုင်ရန် အရည်အချင်း ရှိပါသလော။) *[၄၃ : ၁၈]*

အလိုသဘောမှာ ဤသို့ပင် ဖြစ်သည်။ အမျိုးသမီးများအများစုမှာ ဤသို့ ဖြစ်ကြပေသည်။ ဤသူမတို့သည် မိမိတို့၏ ရင်တွင်းခံစားချက်များကို စကားအရာ၌ ထိထိမိမိ ရှင်းရှင်းလင်းလင်း ပြောဆိုတင်ပြရာတွင် အမျိုးသားများနှင့် ရင်ဘောင်တန်း ပြောဆိုနိုင်စွမ်း မရှိပေ။ ဤအတွက်ကြောင့် အကယ်၍ တစ်နေရာရာတွင် အခြေအတင် စကားပြောဆိုရန် ကိန်းဆိုက်ရောက်လာပါလျှင် မိမိ၏ ကြွေးကြော်ချက်ကို အတည်ပြုရန်နှင့် တစ်ဖက်သား၏ အထောက်အထားများကို ချေပရန်သည် ၎င်းသူမတို့အဖို့ ခက်ခဲသွားပေသည်။ သို့ရာတွင် ဤအမိန့်သည် အများစုကို ထောက်ရှု၍ ဖြစ်ပေသည်။ ဤအတွက်ကြောင့် အကယ်၍ အချို့သော အမျိုးသမီးများသည် စကားအရာ၌ ကျွမ်းကျင်လိမ္မာစွာ ပြောဆိုနိုင်၍ ထိုသို့ အခြေအတင်ပြောဆိုခြင်း အမှုကိစ္စ၌ အမျိုးသားများထက် သာပို၍ ပြောဆိုနိုင်စွမ်း ရှိနေပါကလည်း ဤအာယသ်တော်မြတ်နှင့် ဆန့်ကျင်ဘက် ဖြစ်ရှိ၍ မနေပေ။ အဘယ်ကြောင့်ဆိုသော် အမိန့်သည် အများပိုင်းအပေါ် သက်ရောက်နေပေသည်။ အများပိုင်းသည် ဧကန်မုချ ဤသို့သာလျှင် ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَإِذْ قَالَ إِبْرٰهِيمُ لِأَبِيهِ وَقَوْمِهِۦٓ إِنَّنِى بَرَآءٌ مِّمَّا تَعْبُدُونَ ﴿٢٦﴾

၄၃ : ၂၆ ။ ။ ထို့ပြင် (ပြန်လည် သတိရရှိကြလေကုန်။) တစ်ရံရောအခါ (တမန်တော်) အီဗ်ရာဟီမ်သည် မိမိ၏ ဖခင်နှင့် မိမိ၏ အမျိုးသားတို့အား (အချင်းတို့) 'မုချဧကန် ငါသည် အသင်တို့ ဆည်းကပ် ကိုးကွယ်ကြသည်တို့မှ ကင်းလွတ်သည်' ဟု ပြောကြားခဲ့လေ၏။

إِلَّا ٱلَّذِى فَطَرَنِى فَإِنَّهُۥ سَيَهْدِينِ ﴿٢٧﴾

၄၃ : ၂၇ ။ ။ အကြင် အသျှင်မြတ်မှတစ်ပါး '(တစ်နည်း) သို့ရာတွင် (ငါသည်) အကြင်အသျှင်မြတ်ကိုသာလျှင် (ဆည်းကပ်ကိုးကွယ်၏)' ထိုအသျှင်မြတ်သည် ငါ့အား ဖန်ဆင်းတော်မူခဲ့၏။ တစ်ဖန် ထိုအသျှင်မြတ်သည်ပင် ငါ့အား တရားလမ်းမှန်ကို ပြသတော်မူ၏။

وَجَعَلَهَا كَلِمَةً بَاقِيَةً فِي عَقِبِهِ لَعَلَّهُمْ يَرْجِعُونَ ﴿٢٨﴾

၄၃ : ၂၈ ။ ။ ထို့ပြင် ၎င်း (အီဗ်ရာဟီမ်) သည် ယင်း ('သောင်ဟီဒ်' တစ်ဆူတည်းဟူသော) အယူဝါဒကို ၎င်း (မက္ကာဟ်မြို့သား မုရှ်ရစ်က်) တို့သည် (အနာဂတ်ကာလ၌လည်း 'သောင်ဟီဒ်'ဘက်သို့ ပြန်လှည့်ကြရန်အလို့ငှာ မိမိ၏ နောက်ပိုင်းတွင် ဆက်လက်တည်ရှိ ကျန်ရစ်စေခဲ့သော စကားမွန်တစ်ရပ် ဖြစ်စေခဲ့သည်။

بَلْ مَتَّعْتُ هَٰؤُلَاءِ وَآبَاءَهُمْ حَتَّىٰ جَاءَهُمُ الْحَقُّ وَرَسُولٌ مُبِينٌ ﴿٢٩﴾

၄၃ : ၂၉ ။ ။ အမှန်စင်စစ် ငါအသျှင်မြတ်သည် ဤသူတို့နှင့် ဤသူတို့၏ အဘ၊ ဘိုး၊ ဘေးတို့အား (လောကီ) စည်းစိမ်ချမ်းသာကို ခံစားပေးတော်မူခဲ့၏။ နောက်ဆုံးတွင် ထိုသူတို့ထံသို့ (ကုရ်အာန်ကျမ်းတော်မြတ်တည်းဟူသော) အမှန်တရားနှင့် (အမိန့်တော်များကို) ဖော်ပြရှင်းလင်းစေသော ရစူလ်တမန်တော်တစ်ပါးသည် ရောက်ရှိ၍ လာခဲ့၏။

وَلَمَّا جَاءَهُمُ الْحَقُّ قَالُوا هَٰذَا سِحْرٌ وَإِنَّا بِهِ كَافِرُونَ ﴿٣٠﴾

၄၃ : ၃၀ ။ ။ သို့ရာတွင် ၎င်းတို့ထံ (ကုရ်အာန်ကျမ်းတော်မြတ်တည်းဟူသော) အမှန်တရားသည် ရောက်ရှိ၍လာခဲ့သောအခါ ၎င်းတို့က 'ဤသည် စုန်းအတတ်ပညာ ဖြစ်၏။ ၎င်းပြင် ကေန်စင်စစ် ကျွန်ုပ်တို့သည် ဤသည်ကို ငြင်းပယ်သူများပင် ဖြစ်ကြသည်' ဟု ပြောဆိုခဲ့ကြကုန်၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် (ပြန်လည်သတိရရှိကြလေကုန်။) တစ်ရံရောအခါဝယ် (တမန်တော်) အီဗ်ရာဟီမ်သည် မိမိ၏ ဖခင်နှင့် မိမိ၏ အမျိုးသားတို့အား (အချင်းတို့) ကေန်မုချ ငါသည် အသင်တို့ ခဝပ်ကိုးကွယ်ဆည်းကပ်ကြသော (အရာတို့အား ခဝပ်ကိုးကွယ်ဆည်းကပ်ခြင်း) တို့မှ ကင်းလွတ်သည် (ပတ်သက်မှု မရှိ) ဟု ပြောကြားခဲ့လေ၏။

အကြင်အသျှင်မြတ်မှတစ်ပါး (တစ်နည်း) သို့ရာတွင် (ငါသည်) အကြင်အသျှင်မြတ်ကိုသာလျှင် (ဆည်းကပ်ကိုးကွယ်၏။) ထိုအသျှင်မြတ်သည် ငါ့အား ဖန်ဆင်းတော်မူခဲ့၏။ တစ်ဖန် ထိုအသျှင်မြတ်သည်ပင် ငါ့အား (လောကီရေးရာနှင့် သာသနာရေးရာ၏ အကျိုးကျေးဇူးများထိတိုင်) တရားလမ်းမှန်ကို ပြသတော်မူ၏။ (အလိုသဘောမှာ ၎င်းတို့သည် ဟဇရသ်အီဗ်ရာဟီမ် عليه السلام ၏ အခြေအနေကို သတိရသင့်ပေသည်။ အကြောင်းမှာ ၎င်းအီဗ်ရာဟီမ် عليه السلام သည် ကိုယ်တိုင်လည်း 'သောင်ဟီဒ်'ကိုးကွယ်ရာ အသျှင် တစ်ပါးတည်း တည်ရှိခြင်းတရားကို လက်ခံယုံကြည်ထားသူ ဖြစ်ပေသည်။

ထို့ပြင် (သေတမ်းစာဖြင့် လမ်းညွှန်မှာကြား၍ ၎င်းမှာတမ်းသမှုကို ဟဇရသ်အီဗ်ရာဟီမ် عليه السلام သည် ဤသို့သော ရည်ရွယ်ချက်ဖြင့် ပြုခဲ့ခြင်းဖြစ်သည်။ ၎င်း (အီဗ်ရာဟီမ် عليه السلام) သည် ယင်း ('သောင်ဟီဒ်'

ကိုးကွယ်ရာအသျှင် တစ်ဆူတည်းဟူသော) အယူဝါဒကို ၎င်း (မက္ကာဟ်မြို့သား မုရှ်ရစ်က်) တို့နှင့် ခေတ်ကာလတိုင်း၌ ရှိသော မုရှ်ရစ်က်တို့သည် (တစ်ပါးတည်း တည်ရှိခြင်းတရားကို ယုံကြည်ကြသော သူတို့ထံမှ တစ်ပါးတည်း တည်ရှိခြင်း၏ ခံယူချက်ပိုင်းဆိုင်ရာ မူဝါဒကို ကြားနာကာ အနာဂတ်ကာလ၌လည်း 'သောင်ဟီးဒ်'ဘက်သို့) ပြန်လှည့်နိုင်ကြရန် ('ရှရစ်က်'ပြု တုဖက်နှိုင်းယှဉ်ခြင်းမှ ရပ်တန့်မှုပြုရန်) အလို့ငှာ မိမိ၏ နောက်ပိုင်း သားစဉ်မြေးဆက်များအတွင်း ဆက်လက်တည်ရှိ ကျန်ရစ်စေခဲ့သော စကားမွန်တစ်ရပ်ဖြစ်စေခဲ့သည်။ (ဆိုလိုသည်မှာ မိမိ၏ သားစဉ်မြေးဆက်တို့ကိုလည်း မှာတမ်းသမှုပြုခဲ့ပေသည်။ အကြင်ကဲ့သို့ မှာတမ်းသမှုပြုခြင်း၏ အနည်းနှင့်အများမဆို အကျိုးဆက်တရားသည် တမန်တော်မြတ် ﷺ ပွင့်ပေါ်လာသည့် ခေတ်ကာလထိတိုင် စဉ်တိုက်ဆက်တိုက် တည်ရှိနေပေသည်။ နောက်ဆုံးအဆင့်အနေဖြင့် အမိုက်ခေတ် အတွင်းရှိ အာရဗ်လူမျိုးများထံ၌လည်း အချို့သော သူတို့သည် 'ရှရစ်က်' တုဖက်နှိုင်းယှဉ်ခြင်းမှ ရှံရှာမုန်းတီးမှုကို ပြုကြပေသည်။

အမှန်စင်စစ် (သို့တစေလည်း ဤအထက်ဖော်ပြပါ သူတို့သည် ရပ်တန်းက မရပ်တန့်ကြသည် သာမက ၎င်းအချက်ဘက်သို့ အာရုံစူးစိုက်ခြင်းပင် မပြုကြပေ။ သို့သာမက) ငါအသျှင်မြတ်သည် ဤသူတို့နှင့် ဤသူတို့၏ အဘ၊ ဘိုး၊ ဘေးတို့အား (လောကီ) စည်းစိမ်ချမ်းသာကို အမြောက်အမြား ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ၎င်းတို့သည် ထိုစည်းစိမ်များအတွင်း၌ပင် နစ်မွန်းကာ မေ့မေ့လျော့လျော့ ထိုင်နေကြပေသည်) နောက်ဆုံးတွင် (ထိုသို့ နစ်မွန်းနေခြင်းနှင့် မေ့လျော့မှု၏ အိပ်မက်မှ နိုးကြားစေရန်အတွက်) ထိုသူတို့ထံသို့ မှန်ကန် တိကျပြတ်သားသော ကုရ်အာန်ကုရ်အာန်ကျမ်းတော်မြတ် (ကျမ်းတော်မြတ်ကုရ်အာန်သည် လူများ တုပရေးသား သီကုံးနိုင်စွမ်းမရှိသော အံ့ဖွယ်အရာ ဖြစ်သည့်အတွက်ကြောင့် ၎င်း၏ မှန်ကန်သော ကျမ်းမြတ်ဖြစ်ခြင်းအပေါ် ၎င်းကိုယ်တိုင်ပင် အထောက်အထား ဖြစ်ပေသည်။) နှင့် ဖော်ပြရှင်းလင်းစေသော (အလ္လာဟ်အသျှင်မြတ်၏ ဘက်တော် မှ) ရစူလ်တမန်တော်တစ်ပါးသည် ရောက်ရှိ၍ လာခဲ့၏။

သို့ရာတွင် ၎င်းတို့ထံ (ကုရ်အာန်ကျမ်းတော်မြတ်တည်းဟူသော) အမှန်တရားသည် ရောက်ရှိ၍ (ထိုကျမ်းတော်မြတ်ကို တုပရေးသား သီကုံးနိုင်စွမ်းမရှိကြောင်း ပေါ်လွင်ထင်ရှား) လာသောအခါ ၎င်းတို့က 'ဤသည် စုန်းအတတ်ပညာ ဖြစ်၏။ ၎င်းပြင် ဧကန်စင်စစ် ကျွန်ုပ်တို့သည် ဤသည်ကို ငြင်းပယ်သူများပင် ဖြစ်ကြသည်' ဟု ပြောဆိုခဲ့ကြကုန်၏။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَاِذْ قَالَ اِبْرَاهِيْمُ ــ الخ

တစ်ရံရောအခါဝယ် တမန်တော်အီဗ်ရာဟီးမ် عليه السلام သည် ပြောကြားခဲ့လေ၏။ [၄၃ : ၂၆]

လွန်လေပြီးသော အာယသ်တော်များ၏ အဆုံးပိုင်း၌ အလ္လာဟ်အသျှင်မြတ်သည် 'အာရဗ်နိုင်ငံရှိ မုရှ်ရစ်က်တို့အတွက် ၎င်းတို့၏ 'ရှရစ်က်' တုဖက်နှိုင်းယှဉ်ခြင်းအပေါ် ဘိုး၊ ဘွား၊ ဘီ၊ ဘင်တို့၏ မိရိုး

ဖလာ ဓလေ့ထုံးစံအား အကောင်အထည်ဖော်နေခြင်းအပြင် အခြားမည်သည့်အထောက်အထား တစ်စုံတစ်ရာမျှ မရှိကြောင်း'ကို တင်ပြမိန့်ဆိုထားပေသည်။ 'ရှင်းလင်းပြတ်သားလှစွာသော ဦးနှောက်အသိဉာဏ်က လက်ခံနိုင်လောက်သည့် အထောက်အထားနှင့် ဆင့်ကဲဆင့်ကဲ သက်ရောက်လာသည့် သာသနာရေးရာဆိုင်ရာ အထောက်အထားများ တည်ရှိနေသည့် ကြားကပင် မိရိဖလာ ထုံးဓလေ့ကိုသာ ဖွတ်အတင်း လိုက်နာလျက်ရှိနေခြင်းသည် တရားမျှတမှုနှင့် အမှန်တရားတို့မှ မည်မျှခန့် ဝေးကွာလျက် ရှိနေကြောင်း' မှာ ထင်ရှားလှပေသည်။ ယခု ဤအာယသ်တော်များအတွင်း၌ 'အကယ်၍ ဘိုး၊ ဘွား၊ ဘီ၊ ဘင်တို့၏ လမ်းစဉ်ကိုသာ လိုက်နာရန် လိုလားကြပါမူ ဟဇရသ်အိဗ်ရာဟီးမ် ﷺ ၏ လမ်းစဉ်၏ နောက်သို့ အဘယ်ကြောင့် မလိုက်ကြပေသနည်း။ အကြင်နဗီတမန်တော်ကြီးသည် အသင်တို့၏ အမွန်မြတ်ဆုံး၊ အမြင့်မြတ်ဆုံးသော ဘိုးတော်နဗီကြီးတစ်ပါး ဖြစ်ပေသည်။ အကြင်နဗီတမန်တော်ကြီးနှင့် ဆွေမျိုးတော်စပ်နေခြင်းကို အသင်တို့ကိုယ်တိုင် မိမိတို့အဖို့ ဂုဏ်ယူဖွယ်ရာ အချက်ဟူ၍ မှတ်ယူကြပေသည်။ ထိုနဗီတမန်တော်ကြီးသည် 'သောင်ဟီးဒ်' တစ်ပါးတည်း တည်ရှိခြင်းတရားကို ဖွင့်ဟပြောဆိုခဲ့ရုံသာမက မိမိ၏ သားစဉ်မြေးဆက်တို့ကိုလည်း ယင်းအချက်နှင့် စပ်လျဉ်း၍ မှာတမ်းသမှုပြုထားရုံသာမက ၎င်းနဗီကြီး၏ လက်တွေ့ကျကျ ကျင့်မှုလုပ်ဆောင်ပြခဲ့သော လုပ်ရပ်မှ ''ဦးနှောက်အသိဉာဏ်က လက်ခံရလောက်အောင်သော ဆင့်ကဲဆင့်ကဲ ရောက်ရှိလာသော သာသနာ့အထောက်အထားများ ရှင်းလင်းစွာဖြင့် တည်ရှိနေသည့် ကြားကပင် ဘိုး၊ ဘွား၊ ဘီ၊ ဘင်တို့၏ ဓလေ့ထုံးကိုသာ လိုက်နာခြင်း မပိုင်ကြောင်း'' ဟူသော အချက်ကို မီးမောင်းထိုးပြသလျက်ရှိပေသည်' ဟူသော အချက်များဘက်သို့ ရည်ညွှန်းဖော်ထုတ် ထားပေသည်။ ထိုနဗီတမန်တော်ကြီး ကမ္ဘာလောကအတွင်းသို့ ကြွမြန်းလာသောအခါ ၎င်း၏ မျိုးနွယ်အုပ်စု တစ်အုပ်စုလုံးသည် ဘိုးဘွားဘီဘင်တို့၏ နောက်လိုက်သမှုကို ပြုခြင်းဖြင့် 'ရှရစ်က်'ဟူသော တုဖက်နိုင်းယှဉ်ခြင်း၏ အတွင်းဝယ် နစ်မွန်းနေပေသည်။ သို့ရာတွင် ထိုနဗီကြီးသည် ဘိုးဘွားဘီဘင်တို့၏ လမ်းစဉ်ကို မျက်ကန်းမျိုးချစ်ပမာ လိုက်နာသမှုကို ပြုရမည့်အစား ရှင်းလင်းလှစွာသော အထောက်အထားများကို လိုက်နာသမှုပြုလျက် မိမိ၏ မျိုးနွယ်အုပ်စုဖြင့် ကင်းလွတ်စွာ တည်ရှိကြောင်းကို ထုတ်ဖော် မိန့်မြွက်တော်မူလိုက်ပေသည်။

إِنَّنِي بَرَآءٌ مِّمَّا تَعْبُدُونَ

(ကေန်မုချ ငါသည် အသင်တို့ ခဝပ်ကိုးကွယ် ဆည်းကပ်ကြသည်တို့မှ ကင်းလွတ်သည်ဟု ပြောကြားခဲ့လေသည်။) [၄၃ : ၂၆]

အထက်ပါအာယသ်တော်မှ 'အကယ်၍ တစ်ဦးတစ်ယောက်သည် အကျင့်ဆိုးနှင့် ဓလေ့ဆိုးတို့ကို ကျူးလွန်လျက်ရှိကြကုန်သော အသင်းအဖွဲ့ (သို့) ယုံကြည်ချက် ခံယူချက် ပျက်ပြားကွဲပြားသူတို့၏ ကြား၌ နေထိုင်သူဖြစ်လျှင် ၎င်း၏ ဆိတ်ဆိတ်နေခြင်းကြောင့် ထိုသူ့အားလည်း ထိုအဖွဲ့ဝင်ပင် ဖြစ်မည်' ဟူ၍ သတ်မှတ် သမှတ်ကြမည်ကို စိုးရိမ်မကင်း ဖြစ်ရှိလာရသော အချိန်၌မူ ထိုသူ့အတွက် မိမိ၏ အကျင့်အမူ

နှင့် အယူဝါဒကို မှန်မှန်ကန်ကန် ထားရှိရုံဖြင့် မလုံလောက်သည်သာမက ထိုအသင်းအဖွဲ့၏ အကျင့်ဓလေ့နှင့် မူဝါဒဆိုးတို့မှ မိမိအနေဖြင့် မပတ်သက်ကြောင်း ကင်းလွတ်ကြောင်းကို ထုတ်ဖော်ခြင်းသည်လည်း အရေးကြီးပေသည်' ဟူသော အချက်ကို သိရှိရပေသည်။ သို့ရှိရာ ဤနေရာ၌ ဟဇရတ်အိဗ်ရာဟီးမ် ﷺ သည် မိမိ၏ ကျင့်ကြံချက်များနှင့် ခံယူချက်များကို 'မုရှိရစ်က်' (တဖက် နှိုင်းယှဉ်သောသူ) တို့ဖြင့် လက်တွေ့ကျကျ ခြားနားမှုကို ပြဆိုထားရုံသာမက နှုတ်လျှာတော်ဖြင့်လည်း ကင်းလွတ်ကြောင်းကိုလည်း ဖွင့်ဟပြောဆိုထားပေသည်။

وَجَعَلَهَا كَلِمَةً بَاقِيَةً فِي عَقِبِهِ

(ထို့ပြင် ၎င်းသည် ယင်းအယူဝါဒကို မိမိ၏ နောက်ပိုင်းတွင် ဆက်လက်တည်ရှိ ကျန်ရစ်စေခဲ့သော စကားမွန်တစ်ရပ် ဖြစ်စေခဲ့သည်။) *[၄၃ : ၂၈]*

အလိုသဘောမှာ ဤသို့ပင် ဖြစ်သည်။ မိမိ၏ 'သောင်ဟီးဒ်' ကိုးကွယ်ခံထိုက်တော်မူသော အသျှင်တစ်ပါးတည်း တည်ရှိခြင်းဆိုင်ရာ ခံယူချက်ကို ၎င်းသည် မိမိ၏ တစ်ကိုယ်ရည်တစ်ကာယ အတိုင်းအတာထိ အတွင်း၌သာ ထားရှိစေခဲ့သည်မဟုတ်ဘဲ မိမိ၏ သားစဉ်မြေးဆက်တို့ကိုလည်း ထိုခံယူချက်ပိုင်းဆိုင်ရာ ဝါဒအပေါ် တည်တံ့မြဲမြံစွာ နေထိုင်ရန် မှာတမ်းသမှု ပြုထားပေသည်။ သို့ရှိရာ ထိုနဗီတမန်တော်ကြီး၏ သားစဉ်မြေးဆက်အတွင်းရှိ အလွန်ကြီးမားလှစွာသော အရေအတွက်တစ်ရပ်သည် ကိုးကွယ်ခံထိုက်တော်မူသော အသျှင် 'တစ်ပါးတည်း တည်ရှိခြင်းတရားကို ယုံကြည်လက်ခံသောသူများအဖြစ် တည်ရှိခဲ့သည်။ မက္ကာဟ်ရွှေမြို့တော်နှင့် ထိုမြို့၏ အနီးနားပတ်ဝန်းကျင် ဒေသများ၌ တမန်တော် မြတ် ﷺ ပွင့်ပေါ်လာသည့် အချိန်ထိ နှစ်ပေါင်းရာစုများစွာ ကျော်လွန်ခဲ့ပြီးဖြစ်သည့်တိုင် ဟဇရတ်အိဗ်ရာဟီးမ် ﷺ ၏ မူရင်းသာသနာအပေါ် တည်ရှိနေသော ဓိဇဓလေ့ မှန်ကန်တည်ကြည်သောသူများ ရှိခဲ့ကြပေသည်။

အထက်ပါရှင်းလင်းချက်မှ 'မိမိ၏ 'ဇားသ်'(တစ်ကိုယ်ရည်၊ တစ်ကာယ) အပြင် မိမိ၏ သားသမီးများကိုလည်း မှန်ကန်သော သာသနာအပေါ်ဝယ် ခိုင်မာစွာ တည်ရှိစေရန်နှင့် ထားရှိရန် သောကထားခြင်းသည်လည်း လူသားတို့၏ 'ဖွရ်ဇ်' တာဝန် ဝတ္တရားများအတွင်း၌ ပါဝင်ပေသည်' ဟူသော အချက်ကိုလည်း သိရှိရပေသည်။ နဗီတမန်တော်များထဲမှ ဟဇရတ်အိဗ်ရာဟီးမ် ﷺ အပြင် ဟဇရတ်ယအ်ကူးဗ် ﷺ နှင့်စပ်လျဉ်း၍လည်း ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ '၎င်းသည် ကွယ်လွန်အံ့ဆဲဆဲ အချိန်တွင် မိမိ၏ သားများအား မှန်ကန်သော သာသနာအပေါ်ဝယ် တည်တံ့မြဲမြံစွာ နေထိုင်ရန် မှာတမ်းသမှုပြုထားကြောင်း' ကို ပြဆိုထားပေသည်။ ဤအတွက်ကြောင့် မည်သည့်ပုံစံမျိုးဖြင့်မဆို ဖြစ်နိုင်ချေရှိသည့် ပုံစံများဖြင့် သားသမီးများ၏ ကျင့်ကြံမှုများနှင့် စာရိတ္တတို့ကို ပြုပြင်ပေးရာ၌ အစွမ်းကုန် ကြိုးစားပေးရန်မှာ ကျွန်ုပ်တို့အဖို့ အရေးလည်းကြီးကာ နဗီတမန်တော်များ၏ စွန္နသ်ဓလေ့တော်လည်း ဖြစ်ပေသည်။ သားသမီးတို့အား ပြုပြင်ရန် နည်းလမ်းများစွာ ရှိပေသည်။ အကြင်နည်းလမ်းများကို သင့်တော်သလို အသုံးပြုနိုင်

ပေသည်။ သို့ရာတွင် ဟဇရတ် ရှိက်ခ်အဗ်ဒုလ် ဝဟ်ဟာဗ် ရှအ်ရာနီး (ရဟ) သခင်ကြီးသည် 'လဝ္ဝာအိဖုလ် မေ့နန်ဝလ်အခ်လာက်' ကျမ်း၌ ရေးသားထားသည်မှာ သားသမီးများအား ပြုပြင်မွမ်းမံရန်အတွက် အရေးပါ အရာရောက်ဆုံးသော ပြုမူဆောင်ရွက်ချက်မှာ 'မိဘနှစ်ပါးသည် ၎င်းသားသမီးတို့၏ သာသနာရေးဆိုင်ရာ အချက်အလက်တို့အပေါ် ပြုပြင်မှုရရန်အတွက် ဒီအာကို အလေးအနက်ထား တောင်းခံပေးခြင်းဖြစ်သည်။ ဝမ်းနည်းရသည်မှာ ထိုလွယ်ကူသော အကြံအစည်၊ အကြံဉာဏ်အား ယနေ့ မျက်မှောက်ခေတ်၌ မေ့မေ့လျော့လျော့ လစ်လျူရှုလျက် ရှိနေပေရာ ထိုမေ့မေ့လျော့လျော့ လစ်လျူရှုထားခြင်း၏ အဆုံးမဲ့မကောင်းရလဒ် မြင်ကွင်းကို မိဘနှစ်ပါးကိုယ်တိုင် မျက်ဝါးထင်ထင် မြင်တွေ့နေရပေပြီ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَقَالُوْا لَوْلَا نُزِّلَ هٰذَا الْقُرْاٰنُ عَلٰى رَجُلٍ مِّنَ الْقَرْيَتَيْنِ عَظِيْمٍ ﴿٣١﴾

၄၃ : ၃၁ ။ ။ ထို့ပြင် ၎င်းတို့က ဤကုရ်အာန်ကျမ်းတော်မြတ်သည် ဤ (မက္ကဟ်မြို့နှင့် ဿာအစ်ဖ်မြို့) နှစ်မြို့မှ လူကြီးလူကောင်း တစ်ဦးတစ်ယောက်၏အပေါ်၌ အဘယ်ကြောင့် ချပေးခြင်းမခံခဲ့ရသနည်း' ဟု ပြောဆိုခဲ့ကြကုန်၏။

اَهُمْ يَقْسِمُوْنَ رَحْمَتَ رَبِّكَ ۚ نَحْنُ قَسَمْنَا بَيْنَهُمْ مَّعِيْشَتَهُمْ فِى الْحَيٰوةِ الدُّنْيَا وَرَفَعْنَا بَعْضَهُمْ فَوْقَ بَعْضٍ دَرَجٰتٍ لِّيَتَّخِذَ بَعْضُهُمْ بَعْضًا سُخْرِيًّا ۗ وَرَحْمَتُ رَبِّكَ خَيْرٌ مِّمَّا يَجْمَعُوْنَ ﴿٣٢﴾

၄၃ : ၃၂ ။ ။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကရုဏာတော် (တည်းဟူသော နဗီတမန်တော်မြတ်အဖြစ် ချီးမြှောက်ခြင်း) ကို ၎င်းတို့သည်ပင် ခွဲဝေပေးကြသလော။ (စင်စစ်) လောကီဘဝ၌ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုကိစ္စ၊ စားနပ်ရိက္ခာကိုပင် ၎င်းတို့၏အကြား၌ ငါအသျှင်မြတ် ခွဲဝေပေးထားတော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အနက် အချို့သည် အချို့အား လက်အောက်ခံ ငယ်သားအဖြစ် အခိုင်းအစေပြုရန်အလို့ငှာ ၎င်းတို့အနက် အချို့ကို အချို့ထက် အဆင့်အတန်းများစွာ မြှင့်ပေးတော်မူခဲ့၏။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကရုဏာတော် (တည်းဟူသော နဗီတမန်တော်အဖြစ် ချီးမြှောက်ခြင်း) သည် ၎င်းတို့၌ ဆည်းပူးစုဆောင်းလျက် ရှိကြသည့် (ဥစ္စာပစ္စည်း၊ ခေါင်းဆောင်မှု စသည်) တို့ထက် သာလွန် ကောင်းမြတ်လှပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ဤအထက်ဖော်ပြပါ အချက်အလက်တို့ကိုမူ 'ကာဖိရ်' (သွေဖည်ငြင်းဆိုသောသူ) များသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စပ်လျဉ်း၍ ပြောဆိုခဲ့ခြင်းဖြစ်သည်။) ထို့ပြင် (တမန်တော်မြတ် ﷺ နှင့်

စပ်လျဉ်း၍) ၄င်းတို့က 'ဤကုရ်အာန်ကျမ်းတော်မြတ်သည် (အကယ်၍ အလ္လာဟ်အသျှင်မြတ်၏ မုက္ခပါဠ်တော်ဖြစ်၍ ထုတ်ပြန်ပို့ချခံရခြင်း၏ အသွင်ဖြင့် ကျရောက်လာလျှင်မူ) ဤ (မက္ကာဟ်မြို့နှင့် 'သွာအိဖ်') မြို့ နှစ်မြို့မှ လူကြီးလူကောင်း တစ်ဦးတစ်ယောက်၏ အပေါ်၌ အဘယ်ကြောင့် ချပေးခြင်း မခံခဲ့ရသနည်း' ဟု ပြောဆိုခဲ့ကြကုန်၏။ (ဆိုလိုသည်မှာ ရစူလ်တမန်တော်ဖြစ်ရန်အတွက် ဂုဏ်ရှိန်ဂုဏ်ဝါ၊ ဟိတ်ဟန်ကြီးကျယ် ခန့်ညားမှုရှိရန် အရေးကြီးပေသည်။ တမန်တော်မြတ် ﷺ သည် အုပ်ချုပ်မှုရေးရာနှင့် ဓနစည်းစိမ် မထားရှိသည့်အတွက်ကြောင့် နဗီတမန်တော်တစ်ပါး မဖြစ်နိုင်ပေ။)

(အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့၏ သံသယအား ချေပမှုပေး မိန့်တော်မူထားသည်မှာ) အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ (သီးသန့်) ကရုဏာ (တော်တည်းဟူသော နဗီတမန်တော်မြတ်အဖြစ် ချီးမြှင့်ခြင်း) ကိုပင် ၄င်းတို့ (ကိုယ်တိုင်) သည် ခွဲဝေပေးကြသလော။ (ဆိုလိုသည်မှာ ၄င်းတို့၏ 'ကျွန်ုပ်တို့၏ သဘောဆန္ဒနှင့်အညီ 'နဗူဝသ်' ရထိုက်သူဟု ထင်မြင်သူကိုသာလျှင် 'နဗူဝသ်' ရသင့်ပေသည်' ဟု မျှော်လင့်တောင့်တခြင်းသည် အမှန်စင်စစ် ကိုယ်တိုင် ခွဲဝေမှုပြုရန် တပ်မက်မှု ထားရှိနေခြင်းပင် ဖြစ်ပေသည်။ ဧကန်စင်စစ် ဤသို့ တပ်မက်မှုထားရှိခြင်းသည် လုံးဝ အသိဉာဏ်အလိမ္မာကင်းမဲ့ခြင်း အချက်ချည်းသာ ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် စင်စစ်) လောကီဘဝ၌ (မူ) ၄င်းတို့၏ အသက်မွေးဝမ်းကြောင်းမှုကိစ္စ၊ စားနပ်ရိက္ခာကိုပင် ၄င်းတို့ကြား၌ ငါအသျှင်မြတ် (ကပင်လျှင်) ခွဲဝေပေးထားတော်မူခဲ့၏။ ထို့ပြင် (ယင်းကဲ့သို့ ခွဲဝေပေးထားရာ၌) ငါအသျှင်မြတ်သည် (ဤသို့သော အကြောင်းအကျိုးတရားကို ထောက်ရှု၍) ၄င်းတို့အနက် အချို့သည် အချို့အား လက်အောက်ခံ ငယ်သားအဖြစ် အခိုင်းအစေပြုလုပ်ရန်အလို့ငှာ (ကမ္ဘာလောကကြီး၏ စီမံကိန်း ဆက်လက် တည်ရှိနေစေရန်အလို့ငှာ) ၄င်းတို့အနက် အချို့ကို အချို့ထက် အဆင့်အတန်းများစွာ မြှင့်ပေးတော်မူခဲ့၏။ စင်စစ် (လုံးဝ ရှင်းလင်းပြတ်သားစွာ ယုံကြည်ရမည့်အချက်မှာ) အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ (သီးသန့်) ကရုဏာတော် (တည်းဟူသော နဗီတမန်တော်အဖြစ် ချီးမြှင့်ခြင်း) သည် ၄င်းတို့၌ ဆည်းပူးစုဆောင်းလျက် ရှိကြသည့် (လောကီရေးရာပစ္စည်း၊ ခေါင်းဆောင်မှု စသည်) တို့ထက် သာမွန် ကောင်းမြတ်လှပေသည်။ (သို့ရှိရာ လောကီရေးရာ ရာဖွေမှု ချီးမြှင့်ပေးခြင်း၏ ခွဲဝေမှုကို ငါအသျှင်မြတ်သည် ၄င်းတို့၏ အကြံအစည်၊ အကြံဉာဏ်အပေါ် မထားရှိထားပေ။ အကယ်စင်စစ် ထိုစည်းစိမ်ချမ်းသာ ရတနာတို့သည် အလွန်အဆင့်အတန်းနိမ့်သော အရာပင် ဖြစ်ပေသည်။ သို့ရှိရာ နဗီတမန်တော်အဖြစ် ချီးမြှင့်ပေးသနားထားတော်မူခြင်းသည် ကိုယ်တိုင်လည်း အလွန်အဆင့်အတန်း အမြင့်မားဆုံးသောအချက် ဖြစ်သည့်အတွက်ကြောင့် ၄င်း၏ အကျိုးကျေးဇူး တရားတော်များသည်လည်း အလွန်မြင့်မားသော အဆင့်အတန်းအတွင်း၌ ရှိပေသည်။ ထိုအဆင့်မြင့်သော ချီးမြှင့်ပေးသနားတော်မူခြင်းကို ခွဲဝေပေးရန် ၄င်းတို့၏ အကြံအစည်၊ အကြံဉာဏ်အပေါ်၌ ထားရှိရန်မှာ မည်ကဲ့သို့ ဖြစ်နိုင်အံ့နည်း။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအာယသ်တော်များအတွင်း၌ အလ္လာဟ်အသျှင်မြတ်သည် အာရဗ်လူမျိုး မုရှ်ရစ်က်တို့၏ 'တမန်တော်မြတ် ﷺ အား ရစူလ်တမန်တော်အဖြစ် ခန့်အပ်လိုက်သည့်အပေါ်' တက်ထားသော စောဒကအား တုန့်ပြန်ဖြေကြားထားတော်မူပေသည်။ စင်စစ် အစကနဦးပိုင်း၌ ၄င်းတို့သည် 'အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်တစ်ပါးပါးသည် လူသားတစ်ဦးဖြစ်နိုင်သည့် အချက်'ကိုမူ ယုံကြည်ရန် အသင့်မရှိကြပေ။ သို့ရှိရာ ၄င်းတို့၏ 'မိုဟမ္မဒ် ﷺ ကို ကျွန်ုပ်တို့သည် မည်ကဲ့သို့သောနည်းဖြင့် ရစူလ်တမန်တော်အဖြစ် ယုံကြည်ရပေမည်နည်း။ အကြင်အခါဝယ် ၄င်းသည် အခြားသော လူသားများကဲ့သို့ပင် စားသောက်ကာ ဈေးထဲ၌ လှည့်လည်နေပေသည်'ဟူသော စောဒကတက်သည့် အချက်များကို ကုရ်အာန်ကျမ်းတော်မြတ်သည် နေရာအနှံ့အပြား၌ တင်ပြထားပေသည်။ သို့ရာတွင် များစွာသော ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များ၏ အကြောင်းခံဖြင့် 'ဤသည် တမန်တော်မြတ် ﷺ အဖို့သာလျှင် အထူးပြုထားသည် မဟုတ်ပေ။ သို့သာမက ကမ္ဘာလောကအတွင်းဝယ် ကြွမြန်းလာသမျှသော နဗီတမန်တော်များအားလုံးသည် လူသားများသာလျှင်ဖြစ်ကြောင်း' ရှင်းချက် ထုတ်ပေးထားပေသည်။ သို့ရှိရာ ယခု ၄င်းတို့သည် စကားပရိယာယ်အရာကို ပြောင်းလွဲကာ 'အကယ်၍ လူတစ်ဦးတစ်ယောက်ကိုသာ နဗီအဖြစ် အပ်နှင်းရန် ရှိသည်ဆိုလျှင် တမန်တော်မြတ် ﷺ သည် ဓနစည်းစိမ်အရာကို ထောက်ရှု၍ ကြီးမားစွာသော အဆင့်အတန်းရှိသောသူ မဟုတ်။ ဤရာထူးကို တမန်တော်မြတ် ﷺ ၏အစား မက္ကာဟ်မြို့နှင့် 'သွာအိဖ်'မြို့၌ ရှိသော ဓနရှင်နှင့် ဩဇာအာဏာရှင်တို့အား အဘယ်ကြောင့် မချီးမြှင့်ပေးထားသနည်း'ဟူ၍ စောဒကတက်ကြပြန်ပေသည်။ ဆင့်ပြန်ချက်များအတွင်း၌ လာရှိထားသည်မှာ ထိုအထက်တင်ပြပါ နဗီအဖြစ် ရွေးချယ်ရာနှင့်စပ်လျဉ်း၍ ၄င်းတို့သည် မက္ကာဟ်ရွှေမြို့တော်မှ ဝလီးဒ်ဗင်န်မုဂီရားနှင့် အုသ်ဗားဗင်န်ရဗီအားတို့ကိုသော်လည်းကောင်း၊ 'သွာအိဖ်'မြို့မှ အုရ်ဝဟ်ဗင်န် မတ်စ်အူးဒ်စကဖီး၊ ဟဗီးဗ်ဗင်န် အမရ်စကဖီး (သို့မဟုတ်) ကိနာနဟ်ဗင်န် အဗ်ဒ်ယာလိုက်လ်ဟူသော သူတို့၏ အမည်ကို တင်ပြလိုက်ပေသည်။ *[ရှူးဟုလ်မအာနီ]*

မုရှ်ရစ်က်တို့၏ အထက်တင်ပြပါ စောဒကတို့အား အလ္လာဟ်အသျှင်မြတ်သည် တုန့်ပြန်ဖြေကြားချက် (၂) ရပ် ပေးထားတော်မူပေသည်။

ပထမတုန့်ပြန်ဖြေကြားချက်ကို တင်ပြလျက်ရှိနေသော အာယသ်တော်များ၏ ဒုတိယအာယသ်တော်၌လည်းကောင်း၊ ဒုတိယတုန့်ပြန်ဖြေကြားချက်ကို လာမည့် အာယသ်တော်များ၌သော်လည်းကောင်း၊ တင်ပြန်မိန့်ဆိုထားပေသည်။ ထိုတုန့်ပြန်ဖြေကြားချက်၏ အကျယ်ချဲ့သဘောတရားကိုလည်း ထိုနေရာ၌မှာပင် ရှင်းလင်းတင်ပြပေးမည် ဖြစ်ပေသည်။ ပထမတုန့်ပြန်ချက်၏ အချုပ်သဘောတရားမှာ ဤသို့ပင် ဖြစ်သည်။ 'အလ္လာဟ်အသျှင်မြတ်သည် နဗီအဖြစ် ချီးမြှင့်ပေးခြင်းကို 'မည်သူ့ကို ပေး၍ မည်သူ့ကို မပေးပေ'ဟူသော အမှုကိစ္စ၌ အသင်တို့အနေဖြင့် တစ်စုံတစ်ရာကိုမျှ ဝင်ရောက်စွက်ဖက်နိုင်ခြင်း၏ အခွင့်အလမ်းမျှပင် မရှိပေ။' တစ်ဦးတစ်ယောက်ကို နဗီအဖြစ် မချီးမြှင့်ပေးမီအလျှင် အသင်တို့ထံမှ အကြံစည်၊ အကြံဉာဏ်ကို ရယူ

ရလောက်အောင် နဗီအဖြစ် ချီးမြှင့်ပေးခြင်း၏ ခွဲဝေပေးမှုကို အသင်တို့၏ လက်ဝယ်အတွင်း မအပ်နှင်းထားပေ။ ဤကိစ္စရပ်သည် အလ္လာဟ်အသျှင်မြတ်၏ လက်တော်ဝယ်အတွင်း၌သာ အပြည့်အဝ ရှိသည်။ အလ္လာဟ်အသျှင်မြတ်သည်သာလျှင် မိမိ၏ ကြီးကျယ်လှစွာသော အကြောင်းအကျိုးတရားနှင့် လျော်ညီစွာ ထိုကိစ္စရပ်အား အဆုံးသတ်ပေးထားပေသည်။ နဗီအဖြစ် ချီးမြှင့်ပေးခြင်း၏ အလုပ်ကို အသင်တို့၏ လက်ဝယ်အတွင်းဝယ် အပ်နှင်းရလောက်အောင် အသင်တို့၏ တည်ရှိမှုနှင့် ဦးနှောက်အသိဉာဏ်သည် ဤသို့ ကြီးကျယ်လှစွာသောအလုပ်အား သိမြင်နိုင်ခြင်း အရည်အချင်း စွမ်းအားမရှိပေ။ နဗီအဖြစ် ချီးမြှင့်ပေးခြင်း၏ အချက်သည်မူ အလွန် အဆင့်အတန်းမြင့်သော အချက်ဖြစ်ပေသည်။ အသင်တို့၏ တည်ရှိမှုနှင့် သိနားလည်မှု၏ အခြေအနေသည်မူ 'အသင်တို့ကိုယ်တိုင်၏ ဝမ်းစာ ရှာဖွေရေးနှင့် ရှာဖွေရေးကိစ္စ အထောက်အကူပြု ပစ္စည်းများကို ခွဲဝေပေးခြင်း အမှုကိစ္စကိုပင် အသင်တို့၏ လက်ဝယ်အတွင်းသို့ အပ်နှင်းရနိုင်လောက်အောင် ခံနိုင်ရည်စွမ်းအားရှိသော အတွေးအခေါ် သိမြင်နိုင်မှု မရှိ။ အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့ အပ်နှင်းပေးလိုက် မည်ဆိုပါက 'အသင်တို့သည် စကြဝဠာ အလုံးစုံတို့ကို တစ်ရက်ပင် ပြည့်အောင် စီမံခန့်ခွဲနိုင်မည် မဟုတ်ကြောင်းနှင့် စကြဝဠာကြီးတစ်ခုလုံးသည် ကပြောင်းကပြန် ဖြစ်သွားမည်' ကို ငါအသျှင်မြတ်သည် သိရှိတော်မူပေသည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် လောကီရေးရာ သက်တမ်း၌ အသင်တို့အဖို့ စားနပ်ရိက္ခာ ဝေခွဲပေးခြင်း၏ ကဏ္ဍကိုလည်း အသင်တို့၏ တာဝန်အဖြစ် မအပ်နှင်းထားပေ။ သို့သာမက စားနပ်ရိက္ခာ စီးပွားရေးဆိုင်ရာ ခွဲဝေပေးခြင်း၏ အလုပ်ကို ကိုယ်တော်တိုင် မိမိ၏ လက်တော်တွင်း၌ ထားရှိထားပေသည်။ အနိမ့်ကျဆုံး၊ အသေးငယ်ဆုံးသော အဆင့်ရှိသည့် အလုပ်ကိုပင် အသင်တို့၏ လက်ဝယ် အပ်နှင်း၍ မရနိုင်ပေရာ နဗီအဖြစ် ချီးမြှင့်ပေးခြင်းကဲ့သို့သော ကြီးကျယ်လှစွာသော အလုပ်ကို အသင်တို့၏ လက်တွင်းသို့ မည်ကဲ့သို့ အပ်နှင်းနိုင်အံ့နည်း။ အာယသ်တော်များ၏ အဓိက မိန့်မြွက်လိုသော အကြောင်းအရာသည် ဤမျှခန့်သာလျှင် ဖြစ်ပေသည်။ သို့ရာတွင် မုရှ်ရစ်က်တို့အား တုန့်ပြန်ဖြေကြားပေးခြင်း၏ ကွင်းဆက်တစ်ဆက်တည်းမှာပင် အလ္လာဟ်အသျှင်မြတ်သည် ကမ္ဘာလောကကြီး၏ စားဝတ်နေရေးဆိုင်ရာ စီမံကိန်းနှင့် စပ်လျဉ်း၍ အကြင်အချက်အလက်များကို မိန့်မြွက်ထားပေသည်။ ထိုမိန့်မြွက်ချက်များထဲမှ များစွာသော ဝမ်းစာရှာဖွေရေးဆိုင်ရာ အခြေခံဥပဒေသတို့ကို ကောက်ယူ ထုတ်နှုတ်နိုင်ပေသည်။ ဤနေရာ၌ ထိုကဏ္ဍရပ်တို့၏ အတိုချုပ် အချက်အလက်တို့ကို ရှင်းပြရန်သည် အရေးကြီးပေသည်။

ဝမ်းစာရှာဖွေရေးအား ခွဲဝေပေးထားခြင်း၏ သဘာဝ တန်ခိုးတော်စီမံကိန်း

نَحْنُ قَسَمْنَا بَيْنَهُمْ مَعِيْشَتَهُمْ

စင်စစ် လောကီဘဝ၌ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှု ကိစ္စ၊ စားနပ်ရိက္ခာကိုပင် ၎င်းတို့၏ အကြား၌ ငါအသျှင်မြတ် ခွဲဝေပေးထားတော်မူခဲ့၏။ [၄၃ : ၃၂]

အလိုသဘောမှာ ဤသို့ပင် ဖြစ်သည်။ ငါအသျှင်မြတ်သည် မိမိ၏ ပြည့်စုံ ရင့်ကျက်လှစွာသော အမြော်အမြင်တော်ဖြင့် ကမ္ဘာလောကကြီး၏ စီမံကိန်းကို ဤကမ္ဘာလောကကြီး၌ လူတိုင်းသည် မိမိ၏ လိုအပ်ချက်များကို ပြည့်ဝစွာ အကောင်အထည်ဖော်ရန်အတွက် အခြားသော သူများ၏ အကူအညီကို လိုလားလျက် ရှိနေရခြင်းနှင့် ခပ်သိမ်းကုန်သော သူတို့သည် ထိုအချင်းချင်းကြား လိုအပ်ချက်၏ ဆက်နွယ်မှု အတွင်းဝယ် ချည်နှောင်လျက်ရှိကာ အသိုင်းအဝိုင်းတစ်ခုလုံး၏ လိုအပ်ချက်များကို ပြည့်ဝစွာ ဖော်ဆောင်လျက် ရှိနေကြောင်း'ဟူသော ပုံစံမျိုးဖြင့် ပြုလုပ်တည်ထောင်ပေးထားပေသည်။ ဤအာယသ်တော်သည် 'အလ္လာဟ်အသျှင်မြတ်သည် စီးပွားရေးဆိုင်ရာ ခွဲဝေပေးခြင်း၏ လုပ်ငန်းဆောင်တာကို (ဖက်စပ်အသွင်မျိုးဖြင့်) နယ်ပယ်ဒေသအလိုက် လိုအပ်ချက်ဆိုသည်မှာ မည်သို့နည်း။ ထိုအချက်အလက်များကို မည်သို့ ပြည့်ဝအောင် ပြုရပေမည်နည်း။ ပေါ်ထွက်ပစ္စည်းများကို မည်သို့ အချိုးအစားနှင့် မည်သည့်လုပ်ငန်းရပ်များ၌ အသုံးချပေမည်နည်း။ ၎င်းတို့၏ကြားဝယ် ဝင်ငွေအား ခွဲဝေပေးမှုကို မည်သည့်အချက်အပေါ် အခြေခံ၍ ပြုရပေမည်နည်း'ဟူ၍ စီမံကိန်းရေးဆွဲခြင်း ဆုံးဖြတ်ချက်ချရန်ကို မည်သည့်လူသား တစ်ဦးတစ်ယောက်ကိုမဆို၊ မည်သည့်အဖွဲ့အစည်းတစ်ရပ်ကိုမဆို ရွေးချယ်ပိုင်ဆိုင်ခွင့်ပေး အပ်နှင်း၍ မထားပေ။ ထိုစီမံကိန်း အလုံးစုံကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကို မအပ်နှင်းဘဲ ဤအမှုကိစ္စ အလုံးစုံကို အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ လက်ဝယ်တော်တွင်း၌ ထားရှိထားပေသည်။ မိမိ၏ လက်တော်တွင်းဝယ် ထားရှိခြင်း၏ အလိုသဘောမှာ 'လူတိုင်းအား အခြားသောသူများ၏ လိုလားတပ်မက်သော သူများအဖြစ် ပြုလုပ်ကာ ကမ္ဘာလောကကြီး၏ စီမံကိန်းကိုပင်လျှင် ဤသို့ ပြုလုပ်ထားပေသည်။ 'အကြင်စီမံမှုတို့တွင် အကယ်၍ (သူရင်းငှား၊ စာရင်းငှာ အစရှိသော သူတို့၏ အကြောင်းခံဖြင့်) ဓလေ့သဘော သဘာဝမဟုတ်သော အဟန့်အတားများ ပေါ်ပေါက်လာခြင်း မရှိပါက ထိုစီမံကိန်းသည် အလိုအလျောက် ဤခက်ခဲမှု ကိစ္စရပ် အလုံးစုံကို ဖြေရှင်းပေးပေလိမ့်မည်။ အချင်းချင်းကြား ကူညီရိုင်းပင်း တပ်မက်လျက် ရှိနေသော စီမံကိန်းကို လက်ရှိ စီးပွားရှာဖွေခြင်း၏ အသုံးအနှုန်းဝေါဟာရ၌ ရှာဖွေ ပို့ဆောင်ပေးခြင်း' စီမံကိန်းဟူ၍ ခေါ်ဆိုကြပေသည်။ 'ရှာဖွေ၊ ပို့ဆောင်ပေးခြင်း'၏ တန်ခိုးသဘာဝ၏ ဥပဒေသမှာ 'အကြင်အရာ၏ ထုတ်ကုန် ပို့ဆောင်မှုသည် နည်းပါးရှားပါးကာ တပ်မက်၊ သုံးစွဲမှု များပြားလာသည်ဆိုလျှင် ထိုအရာ၏ တန်ဖိုးသည် မြင့်တက်သွားပေသည်' ဟူ၍ ဖြစ်သည်။

ဤအတွက်ကြောင့် ထိုထွက်ကုန်များကို အသင့်စီမံ ထားရှိ ပြုလုပ်ရာ၌ သာပို၍ အကျိုးအမြတ်ကို တွေ့မြင်ကာ ထိုအရာထုတ်ကုန်အဖြစ် ထွက်ပေါ်လာခြင်းဘက်သို့သာ အာရုံ စူးစိုက်လေတော့သည်။ ထုတ်ကုန်သည် သုံးစွဲမှုနှင့် နှိုင်းယှဉ်ပါက သာပို၍ များပြားနေသည်ဆိုလျှင် တန်ဖိုးသည် လျော့ကျသွားပေသည်။ သို့ရှိရာ ထိုအရာဝတ္ထုပစ္စည်းအား သာပို၍ ထုတ်လုပ်မှုတွင် အကျိုးမရှိတော့ပေ။ ထိုအခါ ထုတ်ကုန် ထုတ်လုပ်မှုကို ထိုအရာများ၏အစား သာပို၍ လိုအပ်သော အခြားသော ကုန်ကြမ်းကို ထုတ်လုပ်ခြင်းဖြင့် ပြောင်းလွဲလိုက်ပေသည်။ အစ္စလာမ်သာသနာသည် 'ကုန်ထုတ်လုပ်မှုနှင့် သုံးစွဲခြင်း'တို့၏ ထိုသဘာဝ တန်ခိုးတော်၏ စွမ်းအားများကို အကြောင်းခံ၍ ဓနစည်းစိမ် ဥစ္စာပစ္စည်း တိုးတက်ခွဲဝေပေးခြင်း၏ ကိစ္စရပ်

ကို အသုံးချပေးထားပေသည်။ များစွာသော အခြေအနေများ၌ 'စီးပွားရေးကဏ္ဍရပ်များအား ခွဲဝေပေးခြင်း' ၏ အလုပ်ကို လူ့ဘောင် အဖွဲ့အစည်းတစ်ရပ်ထံသို့ မအပ်နှင်းထားပေ။ ထိုသို့ မအပ်နှင်းရခြင်းမှာ စီမံခန့်ခွဲရေးဆိုင်ရာ ကဏ္ဍရပ်အတွက် မည်မျှခန့်ပင် တိုးတက်ဖွံ့ဖြိုးသော နည်းလမ်းများကို သိရှိထားနေလင့်ကစား ၄င်းအဖွဲ့အစည်းအနေဖြင့် အသေးစိတ် လိုအပ်ချက် ကဏ္ဍရပ် တစ်ခုချင်းစီကို အုပ်မိရန်မှာ မဖြစ်နိုင်ပေ။ ဤသို့သော ကူးလူးသွားလာ ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ ခက်ခဲမှု ပြဿနာရပ်များသည် များသောအားဖြင့် ဤကဲ့သို့သော တန်ခိုးတော်အသျှင်မြတ်၏ စီမံကိန်း၏ နောက်လိုက်အဖြစ်သာ ရှိနေပေသည်။ ဘဝသက်တမ်း၏ များစွာသော ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ ခက်ခဲသော အချက်အလက်များသည် ဤကဲ့သို့ပင် ဓလေ့သဘောသဘာဝ အသွင်မျိုးဖြင့် ကိုယ်တိုင်ဖြတ်သန်းလျက် ရှိနေပေသည်။ ထိုသို့ များစွာလှသော ခက်ခဲမှုကိစ္စရပ်တို့ကို အစိုးရ၏ စီမံခန့်ခွဲပေးမှုဆိုင်ရာ အဖွဲ့အစည်းထံသို့ အပ်နှင်းပေးလိုက်ခြင်းသည် သက်တမ်းဘဝအတွင်းဝယ် ခိုင်မာသော တုတ်နှောင်၊ ချည်နှောင်မှုတို့ကို ပေါ်ပေါက်စေခြင်းမှအပ အခြားမည်သည့်အရာ တစ်စုံတစ်ရာကိုမျှ ဖြစ်ပေါ်လာစေမည် မဟုတ်ပေ။

ဥပမာအရ တင်ပြရမည်ဆိုလျှင် နေ့အချိန်သည် အလုပ်ပြုလုပ်ရန်အတွက် ညအချိန်သည် အိပ်စက်ရန်အတွက် ဖြစ်ခြင်းတို့သည် ပုဂ္ဂိုလ်ရေးဆိုင်ရာ တစ်ဦးတစ်ယောက်၏ အပြန်အလှန် ပဋိညာဉ် ခံဝန်ကတိပေး ချမှတ်ထားသော စီမံကိန်းအောက်၌ ဆုံးဖြတ်ထားခြင်းမျိုး မဟုတ်ပေ။ သို့ရာတွင် စွမ်းဆောင်နိုင်တော်မူသော တန်ခိုးတော်အသျှင်မြတ်၏ ဘက်တော်မှ ကိုယ်တော်တိုင် ချမှတ်ပေးထားသော စီမံကိန်းကပင် ဤသို့ ဆုံးဖြတ်ချက် ချထားပေးခြင်း ဖြစ်ပေသည်။ ဤကဲ့သို့ပင် 'မည်သူသည် မည်သည့် အမျိုးသမီးဖြင့် ထိမ်းမြားသင့်သနည်း' ဟူသော ကိစ္စရပ်ဖြစ်သည်။ သဘာဝကိုက်ညီမှု၏ ဓလေ့ စီမံကိန်း၏ အောက်ဝယ် အလိုအလျောက် ပီပြင်ကာ အကောင်အထည်ဖော်သွားကာ ထိုအချက်အလက်ကို စီမံကိန်းရေးဆွဲ၍ ရှင်းလင်းဖော်ထုတ်ရန် မည်သူတစ်ဦးတစ်ယောက်မျှပင် မတွေးခေါ်ထားပေ။ သို့မဟုတ် ဥပမာ- မည်သူသည် အသိပညာနှင့် အတတ်ပညာ၏ မည်သည့်ရှုထောင့်ကို မိမိအဖို့ နှံ့နှံ့စပ်စပ် ကျွမ်းကျင်လိမ္မာသော ပညာရပ် ဖြစ်ရမည်ဟူ၍ သတ်မှတ်လေ့ကျင့် ကြိုးစားရမည်နည်း။ မည်သူက မည်သည့်အသိပညာနှင့် အတတ်ပညာကို ရယူရမည်နည်းဟူသော ကိစ္စရပ်ကို စီမံခန့်ခွဲမှုရေး ဆိုင်ရာတို့အား အပ်နှင်းလိုက်ခြင်းသည် အလျင်စလို ပြုမူလိုက်သော မနိုင်သည့်ဝန်ကို ထမ်းခိုင်းခြင်း၊ အတင်းအဓမ္မ စေခိုင်းလိုက်ခြင်းပင် ဖြစ်သည်။ ထိုသို့ ပြုမူလိုက်ခြင်းကြောင့် ဓလေ့သဘော၏ စီမံကိန်းသည် ကပြောင်းကပြန် ဖြစ်သွားနိုင်ပေသည်။ ဤကဲ့သို့ပင် ဝမ်းစာရှာဖွေရေးဆိုင်ရာ စီမံချက်ကိုလည်း အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ လက်တော်တွင်း၌ ထားရှိထားပေသည်။ လူသားတိုင်း၏ နှလုံးသားအတွင်းဝယ် '၄င်းအဖို့ သာပို၍ လျော်ကန်သော၊ ကျွမ်းကျင်လိမ္မာစွာဖြင့် အဆုံးသတ်နိုင်သော အလုပ်ကို 'ထည့်သွင်းပေးထားတော်မူသည်။ သို့ရှိရာ 'တံမြက်စည်းလှဲနေသော ဝန်ထမ်းဖြစ်နေလင့်ကစား' လူတိုင်းသည် မိမိ၏ အလုပ်အတွင်းဝယ် ပျော်မွေ့နေပေသည်။ ထိုအလုပ်ကိုပင် မိမိအဖို့ ဂုဏ်ယူဖွယ်ရာအချက်အဖြစ် မှတ်ယူထားပေသည်။

كُلُّ حِزْبٍ بِمَا لَدَيْهِمْ فَرِحُونَ

ငင်းတို့အနက် ဂိုဏ်းဃန အသီးသီးတို့သည် မိမိတို့၌ ရှိသော ဝါဒလမ်းစဉ်များနှင့်ပင် ကျေနပ် ဝမ်းမြောက် မွေ့ပျော်လျက် ရှိနေကြပေသည်။ [၃၀ : ၃၂]

သို့သာမက 'ရလေလိုလေ အိုတဏှာ'ဟူသော စီမံကိန်းမျိုးကဲ့သို့ အစ္စလာမ်သာသနာသည် ပုဂ္ဂိုလ် တစ်ဦးချင်းစီကို 'ငင်းတို့သည် ပိုင်သော၊ မပိုင်သော နည်းလမ်းတို့ဖြင့် ဥစ္စာပစ္စည်းကို ရယူစုဆောင်းကာ အခြားသောသူများအဖို့ စားနပ်ရိက္ခာ၏ တံခါးကို ပိတ်ခိုင်းစေခြင်း'ထိတိုင် ခွင့်မပေးထားပေ။ သို့သာမက ဝင်ငွေရှာဖွေခြင်း၏ အကြောင်းခံများအတွင်းဝယ် 'ဟလာလ်'နှင့် 'ဟရာမ်'ကို ခွဲခြားပေးကာ 'အတိုး၊ စည်းကမ်းချက်ဖြင့် ပြုလုပ်သော လောင်းကစား၊ အပေးအယူ လောင်းကစားနှင့် လူအများ လိုအပ်နေပါ သော်လည်း ထုတ်ရောင်းခြင်းမပြုဘဲ ဈေးကောင်းဖြင့် ရောင်းချရန် ပစ္စည်းစုဆောင်းထားခြင်း' တို့ကို တားမြစ်ထားပေသည်။

တစ်ဖန် ပိုင်သော ဝင်ငွေများအပေါ်၌လည်း 'ဇကားသ်' (၄၀ ပုံ ၁ ပုံ ပေးလှူရသော အလှူဒါန) နှင့် 'အုရှုရ်' (၁၀ ပုံ ၁ ပုံ ပေးလှူရသော အလှူဒါန) စသော တာဝန်များကို ချမှတ်ပေးထားကာ ဖြစ်ပေါ်လာမည့် ဆိုးကျိုးအန္တရာယ် ကိစ္စရပ်များမှ ပိတ်ပင်တားဆီးထားပေသည်။ ငင်းအချက်အလက် တို့ကို လက်ရှိ ဘဏ္ဍာရှာဖွေခြင်း စီမံကိန်းရေး ပုံစံများ၌ တွေ့မြင်နေရပေသည်။ ထိုအချက်တို့ တည်ရှိ နေသည့် ကြားကပင် အကယ်၍ တစ်ခါတစ်ရံ 'အငှား၊ အရမ်း' ပြုခြင်း၏ အချက်အလက်များနှင့် အဖွဲ့ အစည်း ဂိုဏ်းဃနများကို ထူထောင်လာပါမူ၊ ငင်းတို့အား ဖြိုဖျက်ရန်အတွက် နိုင်ငံတော်အစိုးရ၏ ဝင်ရောက် တိုက်ဖျက်ပေးရန် တောင်းဆိုမှုကို ပိုင်သော အချက်အဖြစ် ထားရှိပေးထားပေသည်။ ဤနေရာ၌ ယင်း အချက်တို့ကို အကျယ်ချဲ့ဖွင့်ဆို တင်ပြရန် အခြေအနေနှင့် အချိန် မရှိပေ။ ထိုအချက်တို့အား ဆွေးနွေးထားရှိ ခြင်းကို ကျွန်ုပ် သေးသိမ်သော (မိုဟမ္မဒ်ရှဖီးအ်) ၏ သီးသန့်စာအုပ်ငယ်များဖြစ်သော 'မတ်စ်အလာ အေစူးဒ်'၊ 'အစ်လားမ်ကားနေဇ္ဇာမေ့သပ်က်စီးမေ့ ဒေါင်လသ်'နှင့် 'အစ်လာမီးနေဇ္ဇားမ် မဲမအာရီး အစ္စသွေ လာဟားသ်' ကို လေ့လာကြည့်ရှုကြကုန်။

စီးပွားရေးဆိုင်ရာ တန်းတူ အခွင့်အရေးထားရှိခြင်း၏ အခြေခံသဘောတရား

وَرَفَعْنَا بَعْضَهُمْ فَوْقَ بَعْضٍ دَرَجٰتٍ

ထို့ပြင် ငါအသျှင်မြတ်သည် ငင်းတို့အနက် အချို့ကို အချို့ထက် အဆင့်အတန်းများစွာ ချီးမြှင့် ပေးတော်မူခဲ့သည်။ [၄၃ : ၃၂]

အထက်ပါအာယသ်တော်မှ 'စီးပွားရေးဆိုင်ရာတို့၌ တန်းတူဖြစ်ခြင်း (ကမ္ဘာလောက၌ ရှိသော သူများအားလုံး၏ ဝင်ငွေသည် လုံးဝ တန်းတူဖြစ်ရမည်) သည် ရှရီအသ်တရားတော်က လိုလား အမိန့်

ပေးထားသော ကိစ္စမဟုတ်သည်သာမက ဖြစ်ပေါ်လာနိုင်ဖွယ် မရှိသော အချက်'ဟူ၍ သိရှိရပေသည်။ ယင်းအချက်နှင့် စပ်လျဉ်းသော အကျယ်ချဲ့သော တရားမှာ ဤသို့ပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ဤကမ္ဘာလောကကြီးရှိ ရှိရှိသမျှသော အဖန်ဆင်းခံများအပေါ် 'ဖွရဇ်'ထမ်းဆောင်ရမည့် တာဝန်အချို့နှင့် ရပိုင်ခွင့် အခွင့်အရေးအချို့ကို သတ်မှတ်ပေးထားပေသည်။ ထိုကဏ္ဍရပ် (၂) ရပ်ကို သတ်မှတ်ပေးရာ၌ မိမိ၏ အမြော်အမြင်တော်ဖြင့် 'မည်သည့်အဖန်ဆင်းခံအတွက် ၎င်းထမ်းဆောင်ရမည့် 'ဖွရဇ်' တာဝန် မည်မျှခန့် ရှိပေသနည်း။ ထိုမျှခန့်ပင် ရယူပိုင်ခွင့် အခွင့်အရေးကိုလည်း ချီးမြှင့်ပေးထားပေသည်' ဟူသော ပုံစံမျိုးဖြင့် ညီညီမျှမျှ သတ်မှတ် ထားရှိပေးထားပေသည်။ လူသားတို့မှအပ ကျန်ရှိသော သတ္တဝါများသည် သာသနာတော်၏ ရှုထောင့်အရ ပိုင်ခြင်း၊ မပိုင်ခြင်းနှင့် စပ်လျဉ်း၍ တာဝန်ရှိ အဖန်ဆင်းခံများ မဟုတ်သည့်အတွက်ကြောင့် 'ဖွရဇ်'တာဝန်များသည် အားလုံးသော အဖန်ဆင်းခံများထက် နည်းပါးလေရာ ၎င်းတို့၏ ရပိုင်ခွင့်သည်လည်း အားလုံးသော အဖန်ဆင်းခံတို့ထက် နည်းပါးပေသည်။ သို့ရှိရာ လူသားတို့အား ယင်းအဖန်ဆင်းခံ သတ္တဝါများနှင့် စပ်လျဉ်း၍ ကျယ်ဝန်းလွတ်လပ်စွာ ချယ်လှယ် သုံးစွဲနိုင်စွမ်း ချီးမြှင့်ထားပေရာ ၎င်းတို့သည် ထိုသတ္တဝါများမှ အချို့သော သာမန် မပြောပလောက်သည့် စည်းကမ်းချက်များကို လိုက်နာကျေပွန်စွာ ထမ်းဆောင်၍ လိုလားသလို အကျိုးခံစားနိုင်ပေသည်။ သို့ရှိရာ အချို့သော တိရစ္ဆာန်များကို ၎င်းလူသားတို့သည် လှီးဖြတ်စားသောက်၍ အချို့ကို စီးနင်းကာ အချို့ကို ဖျက်ဆီးပစ်လေသည်။

သို့ရာတွင် ထိုသို့ ပြုလုပ်ခြင်းကို ထိုတိရစ္ဆာန်များ၏ အခွင့်အရေးကို ဖျက်ဆီးပစ်လိုက်သည်ဟူ၍ မမှတ်ယူထားကြပေ။ အကြောင်းမှာ ထိုအဖန်ဆင်းခံသတ္တဝါများအပေါ် 'ဖွရဇ်'တာဝန် နည်းပါးသည့်အတွက်ကြောင့် ၎င်းတို့၏ ရပိုင်ခွင့်သည်လည်း အလွန်နည်းပါးပေသည်။ တစ်ဖန် စကြဝဠာကြီးအတွင်းဝယ် အားလုံးသော အဖန်ဆင်းခံများထက် သာပို၍ 'ဖွရဇ်' ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို လူသားတို့နှင့် 'ဂျင်န်'များအပေါ်၌ အတည်ပြု သတ်မှတ်ပေးထားပေသည်။ အကြောင်းမှာ ထိုလူသားနှင့် 'ဂျင်န်'များသည် မိမိတို့၏ ပြောဆိုမှု၊ လုပ်ရပ်တိုင်းနှင့် လှုပ်ရှားမှုတိုင်းနှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် အဖြေပေးရပေမည်။ အကယ်၍ မိမိတို့၏ ထမ်းဆောင်ရမည့် တာဝန်များကို ပြည့်ဝစွာ မဆောင်ရွက်နိုင်လျှင်မူ 'အာခိရတ်' နောင်တမလွန်၏ ပြစ်ဒဏ်ကို ခံရပေမည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် လူသားတို့နှင့် 'ဂျင်န်'တို့အား အခြားသော အဖန်ဆင်းခံများနှင့် နှိုင်းယှဉ်လျှင် ရပိုင်ခွင့်များကိုလည်း ပို၍ ပေးထားပေသည်။ တစ်ဖန် လူသားများနှင့် စပ်လျဉ်း၍လည်း 'အကြင်သူတို့၏ ဝတ္တရားနှင့် 'ဖွရဇ်'တာဝန်များသည် အခြားသောသူများထက် များပြားနေပါက '၎င်း၏ ရပိုင်ခွင့် အခွင့်အရေးများသည်လည်း အခြားသောသူများထက် သာပိုများပြားကြောင်း' ဟူသော အချက်ကိုလည်း ထောက်ရှုထားပေသည်။ လူသားများအတွင်းဝယ် အားလုံးသောသူတို့ထက် တာဝန်အရှိဆုံးသော သူများမှာ နဗီတမန်တော်များပင် ဖြစ်ပေသည်။ သို့ရှိရာ ၎င်းတို့အားလည်း အခြားသောသူများထက် နှိုင်းယှဉ်လျှင် အခွင့်အရေး၊ ရပိုင်ခွင့်များ သာပို၍ ချီးမြှင့်ပေးသနားထားတော်မူပေသည်။

စီးပွားရေးဆိုင်ရာ စီမံကိန်းအတွင်း၌လည်း အလွန်မှာမှန်ကန်အသျှင်မြတ်သည် ဤထောက်ထားချက်ကို ထားရှိထားပေသည်။ လူတိုင်းအား ၎င်းတို့ ထမ်းဆောင်နိုင်မည့် ဝန်မျှခန့်သာ ဝမ်းစာရှာဖွေရေးဆိုင်ရာ တာဝန်ဝတ္တရားကို ပေးထားပေသည်။ တာဝန်ဝတ္တရားများအတွင်း၌ တန်းတူဖြစ်ပေါ်စေခြင်းသည် လုံးဝ မဖြစ်နိုင်သလို၊ ထိုတာဝန်ဝတ္တရားများအတွင်း၌ ကွဲပြားခြားနားစွာ တည်ရှိနေခြင်းသည် သင့်တော်လျော်ကန်သော အချက်ဖြစ်ကြောင်း'မှာ ထင်ရှားလှပေသည်။ 'လူတိုင်း၏ ရှာဖွေခြင်း၊ ဝင်ငွေနှင့် တာဝန်များသည် အခြားသောသူတို့နှင့် လုံးဝ တန်းတူ ထပ်တူထပ်မျှ ဖြစ်ရှိမည်'မှာ လုံးဝ မဖြစ်နိုင်သော အချက်ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဝမ်းစာရှာဖွေရေးဆိုင်ရာ ကဏ္ဍရပ်နှင့် ဝင်ငွေများနှင့် 'ဖွရဇ်'တာဝန်ဝတ္တရားတို့ကို ကျေပွန်နိုင်ခြင်းတို့သည် လူသားတို့၏ ဗီဇလေ့ အရည်အချင်းများအပေါ် မူတည်နေပေသည်။ အကြင်အရည်အချင်းများအတွင်းဝယ် ကာယစွမ်းအား ကျန်းမာရေးကောင်းမွန်ခြင်း၊ ဉာဏစွမ်းအားနှင့် အသက်အရွယ်၊ မှတ်သားနိုင်စွမ်းနှင့် သွက်လက်ဖျတ်လတ်မှု စသော အချက်များ ပါဝင်ပေသည်။ 'ထိုအရည်အချင်းများကို ထောက်ရှု၍ လူသားတို့၏ ကြားဝယ် တန်းတူညီမျှ ပေါ်ပေါက်စေခြင်း ဆိုသည်မှာ အလွန် တိုးတက်လျက်ရှိသော အာဏာပိုင် လူ့အခွင့်အရေးအား ကြွေးကြော်နေသော အစိုးရ၏ လက်ဝယ်အတွင်း၌လည်း မရှိကြောင်း' ကို လူတိုင်းသည် ပေါ်လွင်ထင်ရှားစွာဖြင့် မြင်တွေ့နိုင်ပေသည်။ လူသားတို့၏ အရည်အချင်းများ မတူညီခြင်းသည် လျော်ကန်သော အချက်ဖြစ်သောကြောင့် ၎င်းတို့၏ တာဝန်ဝတ္တရားများ၌ မုချ ကွဲပြားမှု ဖြစ်ပေါ်နေပေလိမ့်မည်။ ရှာဖွေစုဆောင်းရေးဆိုင်ရာ အချက်သည်လည်း ထိုတာဝန်ဝတ္တရားများအပေါ်၌သာ မူတည်နေသောကြောင့် ရှာဖွေစုဆောင်းခြင်း၏ အခွင့်အရေးများဖြစ်သည့် ဝင်ငွေများနှင့် စပ်လျဉ်း၍ မတူညီနေကြခြင်းမှာလည်း သင့်မြတ်လှပေသည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ အားလုံးသော သူတို့၏ ဝင်ငွေကို လုံးဝ တစ်တန်းတည်းထားကာ တာဝန်ဝတ္တရားများ၌ ခြားနားမှုအဖြစ် ထားရှိထားမည်ဆိုပါက ယင်းမတူညီသော အချက်နှစ်ချက်ဖြင့် မည်သည့်အခါမျှ တရားမျှတမှုကို တည်ထောင်နိုင်မည် မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် ထိုပုံစံ၌ အချို့သောသူတို့၏ ဝင်ငွေသည် ၎င်းတို့၏ တာဝန် လုပ်အားများထက် များပြား၍ အချို့၏ ဝင်ငွေသည် ၎င်းတို့၏ တာဝန်လုပ်အားများထက် နည်းပါးသွားပေလိမ့်မည်။ အကြင်အချက်သည် ရှင်းလင်းစွာ မြင်တွေ့နိုင်သော မမျှတမှုပင် ဖြစ်သည်။ အထက်ပါရှင်းလင်း ဖော်ပြချက်မှ 'ဝင်ငွေ၌ လုံးဝ တန်းတူညီတူ ဖြစ်ရှိရမည်' ဆိုသော အချက်သည် မည်သည့်ခေတ်ကာလ၌မှာမဆို တရားမျှတမှု၏ အကြောင်းခံ မဖြစ်နိုင်ကြောင်း'ဟူသော အချက်သည် ရှင်းလင်းသွားပေသည်။ ဤအတွက်ကြောင့် တန်းတူညီမျှ လူ့အခွင့်အရေးဟု ကြွေးကြော်နေသော ကွန်မြူနစ်စနစ်ကို အကောင်အထည်ဖော်ကြည့်မည်ဆိုလျှင်လည်း ၎င်း၏ နောက်ဆုံးရလဒ်၌ ၎င်းတို့ ကြွေးကြော်ခဲ့သော 'တန်းတူညီမျှ လူ့အခွင့်အရေး' ဟူသော ကြွေးကြော်ချက်သည်လည်း မည်သည့်အခြေအနေ၌မှာပင် ကျင့်သုံးရန် မဖြစ်နိုင်။ မထိုက်တန်၍ တရားမျှတမှုနှင့် လုံးဝ နီးစပ်မှုလည်း မရှိပေ။ တစ်ဖန် 'မည်သူ၏ တာဝန်ဝတ္တရားသည် များပြား၍ မည်သူ၏ တာဝန်ဝတ္တရားသည် နည်းပေသနည်း။ ယင်းအချက်၏ အချိုးအစားနှင့်အညီ မည်သူ့အဖို့ ပိုင်ဆိုင်

ခွင့် မည်မျှရသင့်ပေသနည်း' ဟူ၍ သတ်မှတ်လျာထားမှု ပြုခြင်းသည်လည်း အဆုံးစွန်သော အသေးစိတ်၊ အနုစိတ်ကျနမှုနှင့် ခက်ခဲသော လုပ်ရပ် ဖြစ်ပေသည်။ လူသားတို့ထံ၌ အထက်ဖော်ပြပါ အချက်အား 'တိုင်းထွာရန် တိတိကျကျ အဖြေပေး သတ်မှတ်နိုင်ရန်' မည်သည့်တိုင်းထွာချက် တစ်စုံတစ်ရာမျှ မရှိပေ။ အချို့သော အချိန်အခါမျိုး၌ 'အတွေ့အကြုံရင့်ကျက်၍ ကျွမ်းကျင်သော အင်ဂျင်နီယာတစ်ဦးသည် တစ်နာရီ အတွင်း၌ 'အတတ်ပညာ ရှင်မဟုတ်သော အလုပ်သမားတစ်ဦး တစ်နေ့တာလုံး မြေကြီးသယ်ကာ မရရှိနိုင်သော ဝင်ငွေမျိုး'ကို ရရှိနိုင်ပေသည်' ဟူသော ခံစားချက်များ ပေါ်ပေါက်လာတတ်ပေသည်။ သို့ရာတွင် တရားမျှတစွာဖြင့် ကြည့်ရှုမည်ဆိုလျှင် 'အလုပ်သမား၏ တစ်နေ့တာလုံး ဝန်ထုတ်ဝန်ပိုးမရှိသော ကြိုးပမ်းမှု' သည် အင်ဂျင်နီယာ၏ ထမ်းထားရသော ဝန်၊ တာဝန်နှင့် ယှဉ်ကြည့်လျှင် လုံးဝ မတူညီနိုင်ပေ။ ဤသည်ကိုလည်း ထားပေဦး။ အင်ဂျင်နီယာတစ်ဦး၏ ဤဝင်ငွေသည် ၎င်း၏ တစ်နာရီခန့်မျှသာ ကြိုးပမ်း၍ ရရှိသော ဝင်ငွေမျိုးမဟုတ်ရုံသာမက နှစ်ပေါင်းများစွာ (အင်ဂျင်နီယာသင်တန်းကို တက်ရောက်သော အချိန်မှစ၍ သင်ယူရှာဖွေမှု၊ အတွေ့အကြုံ ရင့်ကျက်မှုနှင့် ကျွမ်းကျင်မှုကို ရယူရာ၌ ဒုက္ခခံ ရင်းနှီးခဲ့ရသော) ဦးနှောက်ဖြင့် တွေးခေါ်မှုများ၊ ချွေးထွက်၊ သွေးထွက်ခြင်း (ဝါ) စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်ခြင်းနှင့် အသက်ပင် ထွက်လုမတတ် အပတ်တကုတ် ကြိုးစားခဲ့ရခြင်းနှင့် ကြိုးပမ်းမှုတို့သည် အစိတ်အပိုင်း တစ်ရပ်အဖြစ် အပါအဝင် ဖြစ်ပေသည်။ 'တန်းတူအခွင့်အရေး' အဖွဲ့အစည်းသည် မိမိတို့၏ ကနဦးပိုင်း ခေတ်ကာလ၌ ဝင်ငွေကွဲပြားခြားနားမှု ဖြစ်ရှိခြင်းအချက်ကိုမူ လက်ခံထားကြပေသည်။

သို့ရှိရာ တန်းတူအခွင့်အရေးစနစ်ကို ကျင့်သုံးရန် ကြိုးပမ်းနေကြသော နိုင်ငံများအားလုံး၌ မြို့ပြ တည်နေရာ၏ အမျိုးမျိုးသော နယ်ပယ်များကြားဝယ် လစာများ အလွန် ကွာခြားစွာ ရှိနေကြောင်းကို တွေ့မြင်နေရပေသည်။ သို့ရာတွင် 'သီးနှံထုတ်ကုန် ပေါ်ထွက်လာပြီးနောက် ၎င်းကုန်ပစ္စည်းများကို အုပ်ချုပ်ရေးအစိုးရထံသို့ လွှဲပြောင်းပေးအပ်လိုက်ကာ ၎င်းကုန်ပစ္စည်းများအတွက် တာဝန်ဝတ္တရားများကို သတ်မှတ်ခွဲဝေပေးခြင်း၊ တစ်ဖန် ထိုတာဝန်ဝတ္တရားများနှင့် လျော်ညီစွာ ၎င်းတို့အဖို့ ရယူပိုင်ဆိုင်ခွင့်ရှိသော ဝင်ငွေများအား ခွဲဝေပေးမှု ကိစ္စရပ်အားလုံးကိုလည်း အာဏာပိုင်အစိုးရ၏ လက်ဝယ်အတွင်းသို့ အပ်နှင်းပေးထားပေသည်'ဟူသော ဤအချက်၌ ကွာဟလစ်ဟင်းချက်ဖြစ်ပေါ်နေပေသည်။ အကယ်စင်စစ် အထက်၌ တင်ပြခဲ့ပြီးဖြစ်သကဲ့သို့ တာဝန်ဝတ္တရားများနှင့် ရပိုင်ခွင့် အခွင့်အရေးများ၏ကြား သင့်တော် လျော်ကန်မှု ဆက်လက် တည်ရှိနေစေရန်အတွက် လူသားတို့ထံ၌ မည်သည့်ကိရိယာတစ်စုံတစ်ရာမျှ တိုင်းထွာရန် မရှိပေ။ သို့ရှိရာ တန်းတူဖြစ်ရှိစေခြင်း၏ လုပ်ငန်းစဉ်အောက်၌ တစ်တိုင်းပြည်လုံးရှိ လူသားတို့၏ စားနပ်ရိက္ခာအား သတ်မှတ်ပေးမှုသည် အာဏာပိုင်အစိုးရ၏ လူပုဂ္ဂိုလ်၊ မင်းမှုထမ်းအချို့၏ လက်ဝယ်အတွင်းသို့ ရောက်ရှိသွားပေမည်။ သို့ဆိုလျှင် ၎င်းမင်းမှုထမ်းပုဂ္ဂိုလ်များအဖို့ 'မိမိတို့ နှစ်သက်သည့်သူများကို နှစ်မြို့သည့် အတိုင်းအတာထိတိုင်အောင် ပေးပြီး မနှစ်မြို့သောသူများအား ကန့်သတ်ကာ ထား၍ရကြောင်း' ဟူသော ချယ်လှယ်ခွင့်များ ရရှိလာကြပေသည်။ ယင်းသို့ ပြုမူရာ၌ ပထမအချက်သည်မှု 'နီယသ်' မကောင်းသော သူများနှင့် ဆွေချစ်မျိုးချစ်သော သူများအဖို့ အလွန် ကြီးကျယ်လှစွာသော အခွင့်ထူးကြီး

တစ်ရပ် ရရှိသွားခြင်း ဖြစ်ပေသည်။ အကြင်ကဲ့သို့ လူတန်းစားမျိုးများ၏ အကြောင်းခံဖြင့် နန်းတွင်းဝန်အကြီးအကဲတို့၏ ဘဝသည် သာယာဝပြော၍ နေပေသည်။ ဒုတိယအချက်မှာ အကယ်၍ အာဏာပိုင်အစိုးရ၏ ဝန်ထမ်းများအားလုံးကို ကောင်းကင်တမန်တော်များဟူ၍ပင် မှတ်ယူမည်ဆိုကြပါစို့။ ၎င်းတို့သည် အမှန်တကယ်ပင် 'တိုင်းပြည်၌ ဝင်ငွေရရှိခြင်းတွင် တရားမျှတမှု၏ အုတ်မြစ်မဏ္ဍိုင်အပေါ်၌ တည်ရှိနေစေရန်' ဟူသော အချက်မျိုးကိုပင် လိုလားနေကြသည် ဖြစ်သည်ဆိုလျှင် နောက်ဆုံးအဆင့်အနေဖြင့် ၎င်းတို့၏ ထံ၌ 'အင်ဂျင်နီယာတစ်ဦးနှင့် အလုပ်သမားတစ်ဦး၏ ကြားရှိ တာဝန်ဝတ္တရားတို့သည် မည်မျှခန့် ခြားနား၍ နေပေသနည်း။ ထိုခြားနားချက်ကို ထောက်ရှု၍ ၎င်းတို့၏ ဝင်ငွေများအတွင်းတွင် မည်မျှခန့် အတိုင်းအတာ ကွာဟခြင်းသည် တရားမျှတမှုနှင့် အနီးစပ်ဆုံးအချက် ဖြစ်ပေသနည်း' ဟူသော အချက်တို့ကို ဆုံးဖြတ်ချက်ချနိုင်လောက်အောင် တိုင်းထွာရန် မည်သည့်ပစ္စည်းကိရိယာ ရှိပေသနည်း။

ယင်းအထက်ဖော်ပြပါ အချက်တို့အား မှန်ကန်စွာ ဆုံးဖြတ်ချက်ချနိုင်ရန်သည် လူ့ဦးနှောက်ပိုင်းဆိုင်ရာ ခံစားသိမြင်နိုင်ခြင်း၏ အပြင်ဘက်သို့ လုံးဝ ရောက်ရှိနေပေသည်။ ထို့ကြောင့် တန်ခိုးတော်အသျှင်မြတ်သည် ယင်းအချက်ကို မိမိ၏ လက်ဝယ်တော်အတွင်း၌ ထားရှိထားပေသည်။ လက်ရှိတင်ပြလျက်ရှိသော အာယသ်တော်ဖြစ်သည့်

وَرَفَعْنَا بَعْضَهُمْ فَوْقَ بَعْضٍ

ဟူသော အာယသ်တော်အတွင်း၌လည်း အလ္လာဟ်အသျှင်မြတ်သည် 'ထိုကွာခြားမှု သတ်မှတ်ပေးခြင်းကို ငါအသျှင်မြတ်သည် လူသားတို့၏ လက်ဝယ်အတွင်းဝယ် မအပ်နှင်းထားဘဲ ငါအသျှင်မြတ်၏ လက်ဝယ်တော်အတွင်း၌သာ ထားရှိထား၏' ဟူသော အကြောင်းအရာဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။ မိမိ၏ လက်တော်တွင်း၌ ထားရှိခြင်း၏ အလိုသဘောမှာ ဤနေရာ၌ အောက်ဖော်ပြမည့် ရည်ရွယ်ချက်မျိုးသာ ဖြစ်ပေသည်။ ကမ္ဘာလောကအတွင်းရှိ လူတိုင်းလူတိုင်း၏ လိုအပ်ချက်များကို အခြားသော သူများနှင့်အတူ ဆက်နွယ်စေကာ 'လူတိုင်း မိမိတို့၏ လိုအပ်ချက်များ ပြည့်ဝစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးအတွက် အခြားသူများအား ၎င်းတို့၏ လုပ်အားနှင့် ထိုက်သင့်လျော်ကန်ပတ်သည့် အဖိုးအခပေးစေခြင်းဟူသော စီမံကိန်းမျိုးများကို ပြုထားပေသည်။ ဤနေရာ၌လည်း မိမိတို့ အချင်းချင်းကြား လိုလားတပ်မက်၊ ယိုင်းပင်းကူညီသည့်အပေါ် အခြေခံ၍ 'ရှာဖွေ၊ ထုတ်လုပ်၊ ပို့ဆောင်ပေးရေး' စီမံကိန်းသည် လူသားတိုင်း၏ ဝင်ငွေကို သတ်မှတ်ပေးလိုက်ပေသည်။ ဆိုလိုသည်မှာ လူသားတိုင်းသည် 'ကျွန်ုပ်အပေါ်၌ ထားရှိပေးသော တာဝန်ဝတ္တရားများအနက် မည်မျှကို ကျေပွန်စွာ ထမ်းဆောင်လျှင် ၎င်း၏ အဖိုးအခ မည်မျှ ရထိုက်ပေသနည်း။ ရသင့်ရထိုက်သော ပမာဏထက် နည်းနေမည်ဆိုပါက အလုပ်လုပ်ရန် သဘောတူမည်မဟုတ်ဘဲ ဤအလုပ်သမားဘက်မှ သာပို၍ အဖိုးအခကို တောင်းခံမည်ဆိုပါကလည်း အလုပ်ရှင်သည် ၎င်းအား အသုံးချမည် မဟုတ်ကြောင်း' ကို လူတိုင်းသည် ကိုယ်တိုင်ဆုံးဖြတ်ချက်ချနိုင်ပေသည်။

لِيَتَّخِذَ بَعْضُهُمْ بَعْضًا سُخْرِيًّا

၏ အလိုသဘောမှာလည်း ဤအတိုင်းသာလျှင် ဖြစ်သည်။ 'ငါအသျှင်မြတ်အနေဖြင့် ဝင်ငွေခွဲခြားနားပေးသနားတော်မူထားရခြင်း၏ အကြောင်းမှာ တစ်ဦးသည် အခြားတစ်ဦးကို အမှီသဟဲပြု၍ အလုပ်ပြုနိုင်စေရန် အကျိုးငှာကြောင့် ဖြစ်ပေသည်။' သို့တည်းမဟုတ် အားလုံးသော သူတို့၏ ဝင်ငွေသည် တစ်သမတ်တည်း ဖြစ်နေမည်ဆိုပါက မည်သူတစ်ဦးတစ်ယောက်မျှ အခြားတစ်ဦး၏ အလုပ်ကို လုပ်ကိုင်ဆောင်ရွက်ပေးမည် မဟုတ်ပေ။

သို့သာမက အချို့သာမန်မဟုတ်သော အခြေအနေ၊ အချိန်အခါမျိုး၌ လုပ်ငန်းရှင်ကြီးများသည် ထိုသဘာဝစီမံကိန်းမှ မပိုင်သော အသွင်ဖြင့် အမြတ်ထုတ်ကာ သူဆင်းရဲများအား 'ငှင်းတို့ ရယူပိုင်ဆိုင်ခွင့်ရှိသော အခွင့်အရေးထက် လျှော့ချကာ အလုပ်ခိုင်းစေခြင်း' တို့အား အတင်းအဓမ္မ ပြုထားပေသည်။ အစ္စလာမ်သာသနာသည် ပထမတွင်မူ ပိုင်ခြင်း၊ မပိုင်ခြင်း၏ ကျယ်ပြန့်သော ပညတ်ချက်များကို အကြောင်းခံ၍သော်လည်းကောင်း၊ ထို့ပြင် စာရိတ္တရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် 'အာခေရသ်' နှလုံးသွင်းရန် အချက်ကို အကြောင်းခံ၍သော်လည်းကောင်း ဤကဲ့သို့သော အခြေအနေဆိုးများကို ပေါ်ပေါက်စေခြင်းမှ ပိတ်ပင်တားဆီးပေးထားပေသည်။ ထို့ပြင် အကယ်၍ တစ်ခါတစ်ရံ တစ်နေရာရာ၌ ဤကဲ့သို့သော ပုံစံမျိုး ပေါ်ပေါက်လာပါမူ အစ္စလာမ်သာသနာအစိုးရကို 'ထိုသို့ သာမန်မဟုတ်သော အခြေအနေရက်များထိတိုင် လုပ်အားခများအား သတ်မှတ်ပေးနိုင်သည့်' ရွေးချယ်ခွင့်ကို ချီးမြှင့်ပေးထားပေသည်။ သို့ရာတွင် 'ဤသည့်အချက်သည် သာမန်မဟုတ်သော အခြေအနေများအတွက်သာ ဖြစ်သည့်အတွက်ကြောင့် ထိုရည်ရွယ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပေါ်ထွက်သီးနှံ ဖွံ့ဖြိုး တိုးတက်စေရေး၏ အကြောင်းခံကိစ္စရပ်များကို အစိုးရများကို အပ်နှင်းရန် တစ်စုံတစ်ရာ အကြောင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ အပ်နှင်းပေးလိုက်ခြင်းဖြင့် ဆိုးကျိုးနစ်နာမှုများသည် ကောင်းကျိုးများထက် များပြားလျက်ရှိနေမည်သာ ဖြစ်သည်။

အစ္စလာမ်သာသနာက ချမှတ်ပေးထားသော တန်းတူဖြစ်ရှိခြင်း၏ အလိုသဘော

အထက်တင်ပြပါ ညွှန်ပြချက်များမှ 'အားလုံး၏ ဝင်ငွေ လုံးဝ ထပ်တူထပ်မျှ ဖြစ်ရမည်' ဆိုခြင်းသည် တရားမျှတမှုမှ လိုလားအပ်သော အချက်မဟုတ်သလို လက်တွေ့ကျကျ သဘောမျိုးဖြင့်လည်း မည်သည့်နေရာ တစ်နေရာ၌မျှပင် ထူထောင်နိုင်ခဲ့ခြင်းလည်း မရှိကာ နောင်လည်း ထူထောင်နိုင်မည်မဟုတ်၍ ဤအချက်ကို အစ္စလာမ်သာသနာက လိုလားလျက်ရှိနေသော အချက်မဟုတ်ကြောင်း' ကို ထင်ရှားပေါ်လွင်သွားပြီး ဖြစ်ပေသည်။ သို့သာမက အစ္စလာမ်သာသနာက တန်းတူညီတူအဖြစ် တည်ထောင်ထားသော အချက်များမှာ ဥပဒေသ၊ အပေးအယူ ပေါင်းသင်းဆက်ဆံရေးဆိုင်ရာနှင့် ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ခြင်း အစရှိသည်တို့၌ ထပ်တူထပ်မျှ လိုက်နာရမည်ဖြစ်သော အချက်များဖြစ်ပေသည်။ အလို

သဘောမှာ ဤသို့ပင် ဖြစ်သည်။ တင်ပြပါ သဘာဝနည်းလမ်းစဉ်၏ အောက်ဝယ် အကြင်သူသည် မိမိ၏ အပေါ်ဝယ် သက်ရောက်လျက်ရှိနေသော တာဝန်ဝတ္တရားများ ချမှတ်ပြုမှု အကောင်အထည်ဖော်ကာ ဥပဒေရေးဆိုင်ရာ၊ စည်းလုံးညီညွတ်မှုရေးဆိုင်ရာနှင့် ပေါင်းသင်းဆက်ဆံခြင်းရေးဆိုင်ရာ စသော အခွင့်အရေးတို့၌ အားလုံး တန်းတူ တစ်သမတ်တည်း တည်ရှိရပေမည်။ 'သူဌေးလူကုံထံတစ်ဦး (သို့မဟုတ်) အာဏာရှင်တစ်ဦး (သို့မဟုတ်) ရာထူးရှိသော လူသားတို့သည် မိမိတို့အနေဖြင့် ရယူပိုင်ဆိုင်ခွင့်ရှိသော အခွင့်အရေးတို့ကို သိက္ခာရှိစွာနှင့်အတူ လွယ်ကူစွာ ရယူ၍ သူဆင်းရဲအဖို့ မိမိအခွင့်အရေးကို ရယူရာ၌ တစ်အိမ်ဆင်း၊ တစ်အိမ်တက် သေးသိမ်၊ ဂုဏ်သရေ ညိုးနွမ်းစွာဖြင့် ရယူရခြင်းကြောင့် တရားဥပဒေသည် လူကုံထံ၊ ခေါင်းဆောင်သူဌေး၏ ပိုင်ဆိုင်ခွင့်ရှိသော အခွင့်အရေးတို့ကို ထိန်းသိမ်းပေး၍ သူဆင်းရဲများကို ကူညီမှု ကင်းမဲ့စွာ စွန့်လွှတ်ထားသည်ဟူသော အဓိပ္ပာယ်မျိုး မသက်ရောက်ပေ။ ထိုအချက်ကိုပင်လျှင် ဟဇရတ် အဗူဗကရ်ဆွိဒ္ဒီးက် ﷺ သခင်ကြီးသည် မိမိ၏ မိန့်ခွန်းတော်တစ်ရပ်အတွင်းဝယ် ဤသို့ မိန့်မြွက်ထားတော်မူပေသည်။

والله ماعندى اقوى من الضعيف حتى اخذ الحق له ولَا عندى

اضعف من القوى حتى اخذ الحق منه

(ကျွန်ုပ်သည် ကြွယ်ဝချမ်းသာသူ၏ အခွင့်အရေးကို သူဆင်းရဲအား မပေးခိုင်းပေးသရွေ့ ကာလပတ်လုံး အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ ကျွန်ုပ်ထံ၌ အားအင်ချည့်နဲ့သောသူတစ်ဦးထက် သာပို၍ တောင့်တင်းခိုင်မာသူတစ်ဦးတစ်ယောက်မျှ ရှိမည်မဟုတ်ပေ။ ကျွန်ုပ်သည် ထိုချမ်းသာ တောင့်တင်းခိုင်မာသူထံမှ ချည့်နဲ့သူ၏ အခွင့်အရေးကို မရယူပေးသရွေ့ ကာပလတ်လုံး ကျွန်ုပ်ထံ၌ တောင့်တင်းခိုင်မာသော ကြွယ်ဝသူထက် သာပို၍ ချည့်နဲ့သူ မရှိပေ။)

ဤကဲ့သို့ပင် နေ့စဉ်မြင်တွေ့နေကျ စီးပွားရေးရှုထောင့်ဖြင့် အစ္စလာမ်သာသနာရေးရာ၏ တန်းတူအခွင့်အရေးပေးခြင်း၏ အလိုသဘောကို ရှုမြင်သုံးသပ်မည်ဆိုပါက ဤသို့ ဖြစ်သည်။ အစ္စလာမ်သာသနာ၏အရှု၌ လူတိုင်းသည် ဝမ်းစာရှာဖွေခြင်း၏ တန်းတူအခွင့်အရေးများကို ရရှိထားပေသည်။ ထို့ပြင် အစ္စလာမ်သာသနာသည် အချို့သော စည်းစိမ်ဓနရှင် ကုန်သည်ကြီးများ၏ ဥစ္စာဓန စည်းစိမ် အရင်းအနှီးများကို လက်ဝါးကြီးအုပ် ရယူသိမ်းပိုက်ထားကာ လူငှား၊ စာရင်းငှား၊ သူရင်းငှား အဖွဲ့များကို တည်ထောင်ထားပေသည်။ သာမန် ကုန်သည်ငယ်များမှာမူ ဈေးထဲ၌ တစ်နေကုန် ထိုင်ရကာ ဒုက္ခခံနေရသည်ဟူသော အချက်မျိုးကိုလည်း မနှစ်မြို့ပေ။ သို့ရှိရာ အတိုးအပေးအယူ၊ အနိုင်အရှုံး စည်းကမ်းချက်ဖြင့် ပြုလုပ်သော လောင်းကစား၊ လူအများ အလွန် လိုအပ်နေပါသော်လည်း ထုတ်ရောင်းခြင်း မပြုဘဲ ဈေးကောင်းဖြင့် ရောင်းရန် ပစ္စည်းများကို စုဆောင်းထားခြင်းနှင့် အငှားချ၍ ပေးကာ မတရားသဖြင့် တစ်ကိုယ်တည်း သိမ်းပိုက်ခြင်း၏ ရောင်းဝယ်ဖောက်ကားခြင်းဆိုင်ရာ ခံဝန်ကတိပြုချက်များကို တားဆီးပိတ်ပင်

ကာ 'ဇကားသ်' (၄၀ ပုံ ၁ ပုံ ပေးကမ်းရသော အလှူဒါန)၊ 'အုရှ်ရ်' (ပေါ်ထွက် သီးနှံအပေါ် ပေးရသော (၁၀) ပုံ (၁) ပုံ အလှူဒါနကြေး)၊ 'ခေရားဂ်' (လယ်ယာမြေအပေါ် ပေးဆောင်ရသော အကောက်အခွန်)၊ မိမိ ဦးစီးမှုအောက်၌ ရှိသူများ၏ စရိတ်များ၊ အပိုအလှူဒါနများနှင့် အခြားအရေးကြီးသော လှူဒါန်းမှုများကို အတည်ပြု သတ်မှတ်ပေးကာ 'လူတိုင်းသည် မိမိတို့၏ ပင်ကိုယ်အရည်အချင်း၊ ကြိုးပမ်းမှုနှင့် အရင်းအနှီးတို့၏ အချိုးအစားဖြင့် ရှာဖွေ၍ သင့်တော်သော နေရာများကို ရရှိနိုင်စေခြင်း' ၏ ပတ်ဝန်းကျင်ကို ဖန်တီးပေးထားပေသည်။ ယင်းပတ်ဝန်းကျင်ဖြင့် သာယာဝပြောသော လူနေမှုစနစ်တစ်ရပ်ကို တည်ထောင်နိုင်ပေသည်။ စင်စစ်၌ ဝင်ငွေတန်းတူ မဖြစ်ရှိခြင်းသည် သင့်တော်လျော်ကန်မှုတစ်ခုပင် ဖြစ်သည်။ လူသားတို့၏ ကြားအတွင်းဝယ်ရှိသော ချောမောလှပမှု၊ အင်အားနှင့် ကျန်းမာရေး၊ မှတ်သားမှု ဦးနှောက် ဉာဏ်စွမ်းအား၊ အိမ်သူသက်ထားနှင့် သားသမီးများ ရရှိခြင်း၌ မတူညီခြင်းများလည်းရှိပေရာ ယင်းသို့ မတူညီသော အချက်များကို ဖျောက်ဖျက်ရန်မှာ မဖြစ်နိုင်ပေ။ ထိုနည်းအတူ ဝင်ငွေတန်းတူ မဖြစ်ခြင်း၏ အချက်ကိုလည်း အမြစ်ပြတ်ချေမှုန်း၍ ရနိုင်မည် မဟုတ်ပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَوْلَآ أَن يَكُونَ ٱلنَّاسُ أُمَّةً وَٰحِدَةً لَّجَعَلْنَا لِمَن يَكْفُرُ بِٱلرَّحْمَٰنِ
لِبُيُوتِهِمْ سُقُفًا مِّن فِضَّةٍ وَمَعَارِجَ عَلَيْهَا يَظْهَرُونَ ۝٣٣

၄၃ : ၃၃ ။ ။ စင်စစ် အကယ်၍သာ လူခပ်သိမ်းတို့သည် (ကုဖွ်ရ်) သာသနာဝင် အုပ်စုတစ်စုတည်းသာ ဖြစ်သွားကြရန် [အလ္လာဟ်အရှင်မြတ်၏ အလိုတော်နှင့် ဆန့်ကျင်သည့်] အကြောင်းမရှိခဲ့ပါလျှင် အမှန်ပင် ငါအလ္လာဟ်အရှင်မြတ်သည် အနန္တကရုဏာတော်ရှင်အား သွေဖည်ငြင်းပယ်ကြကုန်သော သူတို့အဖို့ ၎င်းတို့ နေအိမ်များ၏ အမိုးတို့ကို ငွေဖြင့် ပြုလုပ်၍ ပေးတော်မူခဲ့မည်သာ (ဖြစ်၏။) ၎င်းပြင် လှေကားများကိုလည်း (ငွေဖြင့်) ပြုလုပ်၍ ပေးတော်မူခဲ့မည်သာ (ဖြစ်၏။ ထို့ပြင်) ၎င်းတို့သည် ယင်း (လှေကားများ) ဖြင့် (ခေါင်မိုးများသို့) တက်ကြပေမည်။ [ယင်းကဲ့သို့ ကာဖိရ်များ၊ ရွှေ၊ ငွေ အိမ်များနှင့် နေထိုင်ကြရသည်ကို ကြည့်ပြီး လူများသည် များသောအားဖြင့် ကာဖိရ်ဖြစ်ကုန်ကြပေမည်။]

وَلِبُيُوتِهِمْ أَبْوَٰبًا وَسُرُرًا عَلَيْهَا يَتَّكِـُٔونَ ۝٣٤

၄၃ : ၃၄ ။ ။ ထို့ပြင် ထိုသူတို့ နေအိမ်များ၏ တံခါးများကိုလည်းကောင်း၊ ထိုသူတို့မှီ၍ ထိုင်ကြကုန်သော ခုတင်များကိုလည်းကောင်း (ငွေဖြင့် ပြုလုပ်၍ ပေးတော်မူခဲ့ပေမည်။)

وَزُخْرُفًا ۚ وَإِن كُلُّ ذَٰلِكَ لَمَّا
مَتَاعُ الْحَيَاةِ الدُّنْيَا ۚ وَالْآخِرَةُ عِندَ رَبِّكَ لِلْمُتَّقِينَ ۝٣٥

၄၃ : ၃၅ ။ ။ ထို့ပြင် ယင်း (ပစ္စည်းများကို) ရွှေဖြင့်လည်း (ပြုလုပ်၍ ပေးတော်မူခဲ့ပေမည်။) သို့ရာတွင် ၎င်း (ပစ္စည်း) အလုံးစုံတို့မှာ မျက်မှောက်လောကီဘဝ၏ အသုံးအဆောင်ပစ္စည်းမျှသာလျှင် ဖြစ်ကုန်ကြ၏။ အမှန်စင်စစ် 'အာခိရတ်' တမလွန်ဘဝသည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်တွင် ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ကြကုန်သော သူတော်စင်တို့အဖို့သာလျှင် ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ဤကာဖိရ်တို့သည် ဥစ္စာခနေ စည်းစိမ်ပေါများကြွယ်ဝခြင်းကို နဗီဖြစ်ထိုက်ခြင်း၏ အရည်အချင်း စည်းကမ်းချက်အဖြစ် မှတ်ယူထားကြပေသည်။ အကယ်စင်စစ် နဗီဖြစ်ခြင်းသည် အလွန်ကြီးကျယ်လှစွာသော အချက်တစ်ချက်ဖြစ်သည့်အတွက်ကြောင့် ၎င်း၏ စည်းကမ်းချက် အရည်အချင်းသည်လည်း ကြီးကျယ်မြင့်မြတ်သော အချက် ဖြစ်သင့်ပေသည်။ စင်စစ် (လောကီရေးရာ၏ စည်းစိမ်ရတနာနှင့် ရာထူးဂုဏ်ထူးတို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ ဤမျှခန့် သေးသိမ်သည်မှာ) အကယ်၍သာ လူခပ်သိမ်းတို့သည် (တစ်နွယ်ဝင် တစ်စင်ပါသကဲ့သို့ နီးကပ်၊ နီးစပ်မှုတို့ဖြင့် 'ကုဖွရ်' သာသနာဝင် အုပ်စုတစ်အုပ်စုတည်းသာ ဖြစ်သွားကြရန် (အသျှင်မြတ်၏ အလိုတော်နှင့် ဆန့်ကျင်သည့်) အကြောင်းမရှိခဲ့ပါလျှင် အမှန်ပင် ငါအသျှင်မြတ်သည် အနန္တကရုဏာတော်ရှင်အား သွေဖည်ငြင်းပယ်ကြကုန်သော သူတို့ (အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ လွန်စွာ မုန်းတီးခြင်းခံရသော သူများ ဖြစ်သွားကြပေသည်။ အားလုံး) အဖို့ ၎င်းတို့နေအိမ်များ၏ အမိုးတို့ကို ငွေဖြင့် ပြုလုပ်၍ ပေးတော်မူခဲ့မည်သာ (ဖြစ်၏။) ၎င်းပြင် လှေကားများကိုလည်း (ငွေဖြင့်) ပြုလုပ်၍ ပေးတော်မူခဲ့မည်သာ (ဖြစ်၏။ ထို့ပြင်) ၎င်းတို့သည် ယင်းလှေကားများ) ဖြင့် (ခေါင်မိုးများ) သို့ တက်ကြပေမည်။ (ယင်းကဲ့သို့ ကာဖိရ်များ ရွှေ၊ ငွေ၊ အိမ်များနှင့် နေထိုင်ကြရသည်ကိုကြည့်ပြီး လူများသည် များသောအားဖြင့် ကာဖိရ်ဖြစ်ကြကုန်ပေမည်။)

ထို့ပြင် ၎င်းတို့၏ နေအိမ်များ၏ တံခါးများကိုလည်းကောင်း၊ ထိုသူတို့ မှီ၍ ထိုင်ကြကုန်သော ကုတင်များကိုလည်းကောင်း၊ (ငွေဖြင့် ပြုလုပ်၍ ပေးတော်မူခဲ့ပေမည်။)

(ထို့ပြင်) ယင်း (ပစ္စည်းများကို) ရွှေဖြင့်လည်း (ပြုလုပ်၍ ပေးတော်မူခဲ့ပေမည်။ ဆိုလိုသည်မှာ အချို့ကို ရွှေဖြင့် ပြုလုပ်ပေးတော်မူ၍ အချို့ကို ငွေဖြင့် ပြုလုပ်ပေးတော်မူပေမည်။ သို့ရာတွင် ဤပစ္စည်းများကို ကာဖိရ်များအားလုံးအား မပေးထားရခြင်းအကြောင်းမှာ များစွာသော သူတို့၏ ဇီဇသဘော၊ သဘာဝအတွင်းဝယ် ပစ္စည်းဥစ္စာအား တပ်မက်မှု၏ လောဘစိတ်သည် လွှမ်း မိုးနေပေသည်။ အထက်ပါ ပုံစံအတွင်း၌ 'ကုဖွရ်' (သွေဖည်ငြင်းဆိုမှုပြုခြင်း) သည် ထိုပစ္စည်းဥစ္စာတို့အား ရယူရန်အတွက် မုချ အကြောင်းခံ

အဖြစ် ဖြစ်ရှိနေပေသည်။ သို့ရှိရာ အချို့နည်းနည်းပါးပါးသော လူတို့ကို စွန့်လွှတ်ချန် ထားရစ်ကာ နီးစပ်မှုရှိသော သူများအားလုံးသည် ‘ကုဖွ်ရ်’ (သွေဖည်ငြင်းဆိုမှု) ကို ရွေးချယ်ကြပေလိမ့်မည်။ ဤအတွက်ကြောင့် ငါအသျှင်မြတ်သည် ကာဖိရ်များအားလုံးကို ဓနစည်းစိမ်အင်အားကို ဤမျှခန့် ကျယ်ဝန်းစွာ မပေးထားခြင်း ဖြစ်ပေသည်။ သို့တည်းမဟုတ်ပါက အကယ်၍ ဤကြောင်းကျိုးတရား မရှိလျှင်မူ ငါအသျှင်မြတ်သည် ဤသို့သာလျှင် ပြုပေးတော်မူလိုက်ပေမည်။ ‘ရန်သူများကို တန်ဖိုးရှိ၊ ကျယ်ဝန်းမှု ဖြစ်ရှိစေသော အရာများပေးလေ့ မရှိကြောင်း’ မှာ ထင်ရှားလှပေသည်။ အထက်ပါရှင်းလင်းချက်မှ ‘လောကီရေးရာ၏ ဓနစည်းစိမ်သည် အမှန်စင်စစ်၌ ကြီးကျယ်မြင့်မြတ်လှစွာသော အရာမဟုတ်ကြောင်း’ ကို သိရှိရပေသည်။ သို့ရှိရာ ထိုလောကီရေးရာ စည်းစိမ်သည် နဗီဖြစ်ခြင်းကဲ့သို့သော ကြီးကျယ်လှစွာသော ဂုဏ်ထူး အရှိန်အဝါအတွက် အရည်အချင်း ဖြစ်ထိုက်ဖွယ် စည်းကမ်းချက်လည်း မဖြစ်နိုင်ပေ။ ထိုအချက်အလက်တို့၏ အစား၊ နဗီဖြစ်ထိုက်စေရန် စည်းကမ်းချက်မှာ ‘အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ နဗီတမန်တော်များအား ချီးမြှင့်ပေးသနားထားတော်မူသော’ အဆင့်အတန်း အမြင့်မားဆုံးသော ပင်ကိုယ်ပါ အရည်အချင်း ဖြစ်ပေသည်။ ဤပင်ကိုယ်ပါ အရည်အချင်းများသည် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးဝယ် အပြည့်အစုံပါဝင်လျက် ရှိနေပေသည်။ သို့ရှိရာ နဗီဖြစ်ခြင်းသည် အထက်ဖော်ပြပါ အရည်အချင်းနှင့် ပြည့်စုံသော သူတို့အဖို့သာ ထိုက်တန်ပြီး မက္ကာဟ်မြို့နှင့် ‘သွာအိဖ်’မြို့ရှိ ခေါင်းဆောင်များအဖို့ ထိုက်တန်သော အချက်မဟုတ်ပေ။) သို့ရာတွင် (လောကီရေးရာ၏ သေးသိမ်ခြင်း၏ လုံးဝ ရှင်းလင်းလှစွာသော အကြောင်းတစ်ရပ်ကို ဤသို့ တင်ပြထားပြန်ပေသည်။ အထက်၌ တင်ပြထားသော ပစ္စည်းဥစ္စာ အလုံးစုံသည်) ၎င်း (ပစ္စည်း) အလုံးစုံတို့မှာ မျက်မှောက်လောကီဘဝ၏ အသုံးအဆောင် ပစ္စည်းမျှသာလျှင် ဖြစ်ကြကုန်၏။ (ပျက်သုဉ်းသွားမည့် ပစ္စည်းများသာ ဖြစ်ပေသည်။) အမှန်စင်စစ် (ထာဝစဉ်၊ ထာဝရ တည်ရှိမည်ဖြစ်သော လောက) တမလွန်ဘဝသည် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်တွင် ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ကြကုန်သော သူတော်ကောင်းတို့အဖို့သာလျှင် ဖြစ်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

ဓန ဥစ္စာပစ္စည်း ပေါများကြွယ်ဝခြင်းသည် မြင့်မြတ်ခြင်း၏ အကြောင်းခံမဟုတ်ခြင်းအကြောင်း

ကာဖိရ်များသည် ‘မက္ကာဟ်မြို့နှင့် သွာအိဖ်မြို့၌ ရှိသော ကြီးမားသော ခေါင်းဆောင်ကြီးများကို အဘယ်ကြောင့် နဗီအဖြစ် မပြုပေးခဲ့ပေသနည်း’ဟူ၍ ပြောဆိုခဲ့ကြပေသည်။ ဤအထက်တင်ပြပါ အာယသ်တော်များအတွင်းဝယ် ယင်းအချက်အား အဖြေပေးထားပေသည်။ ဖြေကြားချက်၏ အချုပ်သဘောတရားမှာ ဤသို့ပင် ဖြစ်သည်။ ဧကန်မုချ နဗီဖြစ်ခြင်းအတွက် ၎င်းနှင့် ထိုက်တန်သော စည်းကမ်းချက် အချို့ရှိရန် အရေးကြီးပေသည်။ သို့ရာတွင် ဓနစည်းစိမ် ပေါများကြွယ်ဝသည့်အပေါ် အခြေခံ၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ နဗီအဖြစ် မချီးမြှင့်ပေးနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဥစ္စာပစ္စည်းနှင့် ဓနစည်းစိမ်တို့သည် ငါအသျှင်မြတ်၏ အရှုတော်ရှေ့တော်မှောက်ဝယ် အကယ်၍ လူများအားလုံး ကာဖိရ်ဖြစ်သွားမည်

ဟူသော စိုးရိမ်ချက်မရှိပါမူ ငါအသျှင်မြတ်သည် ကာဖိရ်များအားလုံးအပေါ်၌ ရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုး ပေးတော်မူလိုက်ပေမည်' ဟူသော အတိုင်းအတာခန့် သေးသိမ်နေပေသည်။ ဆွဟီးဟ်သိရ်မေဇီကျမ်း၏ ဟဒီးစ်တော်တစ်ပုဒ်၌ တမန်တော်မြတ် ﷺ ၏ အောက်ဖော်ပြပါ မိန့်မြွက်ချက် လာရှိထားပေသည်။

لو كانت الدنيا تعدل عند الله جناح بعوضة ماسقى كافرا منها شربة ماء

(အကယ်၍ ကမ္ဘာလောကကြီးသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ ယင်းကောင်တစ်ကောင်၏ အတောင်ပံတစ်ဖက်မျှခန့်ပင် အဆင့်ရှိသည်ဆိုပါက အလ္လာဟ်အသျှင်မြတ်သည် မည်သည့်ကာဖိရ်တစ်ဦး တစ်ယောက်မျှကိုပင် ရေတစ်စက်၊ တစ်ပေါက် တိုက်လိမ့်မည်မဟုတ်။) အထက်တင်ပြပါဟဒီးစ်တော်မှ 'ပစ္စည်းဥစ္စာ ဓနစည်းစိမ် ပေါများကြွယ်ဝခြင်းသည် အကျိုးထူးမြတ်မှု၊ မှန်ရည်မှုတစ်စုံတစ်ရာ မဖြစ်ကြောင်းနှင့် ထိုပစ္စည်းဥစ္စာ နည်းပါးရှားပါးခြင်းသည်လည်း လူသားတို့အဖို့ အဆင့်အတန်းနိမ့်ပါးခြင်း၏ လက္ခဏာမဟုတ်ကြောင်း' ကို သိရှိရပေသည်။ သို့သာမက နဗီဖြစ်ထိုက်ရန်အတွက် အလွန်အဆင့်အတန်း မြင့်မားသော ဂုဏ်ထူးဝိသေသ အရည်အချင်းများရှိရန် အရေးကြီးပေသည်။ ထိုအရည်အချင်းများသည် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးဝယ် အပြည့်ဝဆုံးသော အဆင့်အနေအထားဖြင့် တည်ရှိနေပေသည်။ ထို့ကြောင့် ဤသို့ စောဒကတက်ခြင်းသည် လုံးဝ မှားယွင်းနေပေသည်။

တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ 'အကယ်၍ ကာဖိရ်များထံ၌ ဤမျှခန့်၊ ဤရွှေမျှ ပစ္စည်းဥစ္စာကို တိုးပွားအောင် ပြုပေးလိုက်မည်ဆိုလျှင် လူများအားလုံး ကာဖိရ်များ ဖြစ်သွားပေမည်' ဟူ၍ မိန့်မြွက်ထားပေသည်။ ယင်းသို့ မိန့်မြွက်ထားရခြင်း၏ အလိုသဘောမှာ လူအများစုကို ဆိုလိုထားခြင်း ဖြစ်ပေသည်။ သို့တည်းမဟုက်ပါက အလ္လာဟ်အသျှင်မြတ်၏ အချို့မွန်မြတ်သော သူများသည် ဤသို့လည်း ရှိကြပေသည်။ အကြင်သူတို့သည် 'ကုဖ္ဖရ်'သွေဖည်ငြင်းဆိုမှုကို ရွေးချယ်၍ ဓနစည်းစိမ် ဥစ္စာတို့ဖြင့် သာယာစိုပြေမှုကို ဖန်တီးနိုင်ကြောင်း' ကို ယုံကြည်ထားကြကာ သို့ရာတွင် ၄င်းတို့သည် ပစ္စည်းဥစ္စာ၊ ဓနတို့ကြောင့် 'ကုဖ္ဖရ်'(သွေဖည်ငြင်းဆိုမှု) ကို မရွေးချယ်ကြပေ။ ဤသို့ နည်းပါးလှစွာသော အချို့သော သူတို့သည် ထိုကဲ့သို့သော အခြေအနေ၌ အီမာန်အပေါ်၌မှာပင် ရပ်တည်၍ နေကြပေမည်။ သို့သော် အရေအတွက်အရ အလွန်နည်းပါးပေလိမ့်မည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَمَن يَعْشُ عَن ذِكْرِ الرَّحْمَٰنِ نُقَيِّضْ لَهُ شَيْطَانًا فَهُوَ لَهُ قَرِينٌ ﴿٣٦﴾

၄၃ : ၃၆ ။ ။ စင်စစ် မည်သူမဆို အနန္တကရုဏာတော်ရှင်အား အောက်မေ့တသခြင်းကို မမြင်ဟန် မသိဟန်ဆောင်သည်ရှိသော် ငါအသျှင်မြတ်သည် ထိုသူ၏ အပေါ်၌ ရှိုက်သွာန်တစ်ကောင်ကို သတ်မှတ်၍ ပေးတော်မူ၏။ ထိုအခါ ယင်းရှိုက်သွာန်သည် ထိုသူ၏ အဖော်ဖြစ်သွားလေ၏။

وَإِنَّهُمْ لَيَصُدُّونَهُمْ عَنِ السَّبِيلِ وَيَحْسَبُونَ أَنَّهُم مُّهْتَدُونَ ﴿٣٧﴾

၄၃ : ၃၇ ॥ ॥ ၎င်းပြင် ယင်းရိုက်သွာန်တို့သည် ထိုသူတို့အား (ဖြောင့်မတ်မှန်ကန်သော တရား) လမ်းမှ ပိတ်ပင်တားဆီးလေ့ရှိကြကုန်၏။ သို့ရာတွင် ထိုသူတို့သည် မိမိတို့မှာ တရားလမ်းမှန်ကို ရရှိသူများ ဖြစ်ကြသည်ဟူ၍ပင် ထင်မှတ်လေ့ရှိကြကုန်၏။

حَتَّىٰ إِذَا جَاءَنَا قَالَ يَا لَيْتَ بَيْنِي وَبَيْنَكَ بُعْدَ الْمَشْرِقَيْنِ فَبِئْسَ الْقَرِينُ ﴿٣٨﴾

၄၃ : ၃၈ ॥ ॥ နောက်ဆုံးတွင် ထိုမသိဟန်ဆောင်သောသူသည် ငါအသျှင်မြတ်ထံတော်သို့ ရောက်လေသောအခါ (မိမိ၏ အဖော်ဖြစ်သော ရှိုက်သွာန်အား ဤသို့) ပြောဆိုလေ၏။ 'သြော်- ကျွန်ုပ်နှင့် အသင်၏ အကြားဝယ် အရှေ့နေထွက်ရာ အရပ်နှင့် အနောက်နေဝင်ရာ အရပ်မျှ ဝေးကွာခဲ့လျှင် ကောင်းလေစွ။ စင်စစ်မှာ ယင်းရှိုက်သွာန်သည် လွန်စွာ ဆိုးယုတ်လှသော အဖော်ဖြစ်၏။

وَلَن يَنفَعَكُمُ الْيَوْمَ إِذ ظَّلَمْتُمْ أَنَّكُمْ فِي الْعَذَابِ مُشْتَرِكُونَ ﴿٣٩﴾

၄၃ : ၃၉ ॥ ॥ ထို့ပြင် အသင်တို့ကိုယ်တိုင် မတရား ကျူးလွန်ခဲ့ကြသောကြောင့် ယင်း (ယှဉ်တွဲမရဖြစ်ခြင်း) သည် ယနေ့ အသင်တို့အဖို့ အလျှဉ်း အကျိုးပေးမည်မဟုတ်ပေ။ ဧကန်မလွဲ အသင်တို့သည် (ထိုအဖော်များ ဖြစ်ကြသော ရှိုက်သွာန်တို့နှင့်အတူ) ပြစ်ဒဏ်၌ ဖက်စပ်ပါဝင်သူများပင် ဖြစ်ကြကုန်၏။

أَفَأَنتَ تُسْمِعُ الصُّمَّ أَوْ تَهْدِي الْعُمْيَ وَمَن كَانَ فِي ضَلَالٍ مُّبِينٍ ﴿٤٠﴾

၄၃ : ၄၀ ॥ ॥ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် (ယင်းကဲ့သို့သော) နားပင်းသူတို့အား (အဆုံးအမ တရားတော်ကို) ကြား စေနိုင်ပါသလော။ သို့တည်းမဟုတ် အသင်သည် မျက်စိကန်းသူများနှင့် ထင်ရှားလှစွာသော လမ်းမှား၌ ရှိနေသူတို့အား တရားလမ်းမှန်ကို ညွှန်ပြနိုင်ပါသလော။

فَإِمَّا نَذْهَبَنَّ بِكَ فَإِنَّا مِنْهُم مُّنتَقِمُونَ ﴿٤١﴾

၄၃ : ၄၁ ॥ ॥ (အို၊ နဗီတမန်တော်) စင်စစ် အကယ်၍ ငါအသျှင်မြတ်သည် အသင့်အား (ဤလောကမှ) ဆောင်ယူသွားတော်မူပါလျှင်လည်း ဧကန်မလွဲ ငါအသျှင်မြတ်သည် ၎င်းတို့အား လက်စားချေတော်မူမည်ဖြစ်သော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

أَوْ نُرِيَنَّكَ الَّذِي وَعَدْنَاهُمْ فَإِنَّا عَلَيْهِم مُّقْتَدِرُونَ ﴿٤٢﴾

၄၃ : ၄၂ ॥ ॥ သို့တည်းမဟုတ် ငါအသျှင်မြတ်သည် ၎င်းတို့အား ချိန်းချက်တော်မူခဲ့သော ပြစ်ဒဏ်ကို အသင့်အား (အသင်သည် ဤလောကီဘဝ၌ ရှိနေစဉ်) ပြသတော်မူလျှင်လည်း (ဖြစ်နိုင်၏။) ဧကန်မလွဲ ငါအသျှင်မြတ်သည် ၎င်းတို့အပေါ်၌ (ပြစ်ဒဏ်သက်ရောက်စေခြင်းကို ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

فَاسْتَمْسِكْ بِالَّذِيْٓ اُوْحِيَ اِلَيْكَ ۚ اِنَّكَ عَلٰي صِرَاطٍ مُّسْتَقِيْمٍ ۝٤٣

၄၃ : ၄၃ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် မိမိထံ 'ဝဟီ'အားဖြင့် ထုတ်ပြန်ခြင်းခံရလေသော (ကုရ်အာန်) ကျမ်းတော်မြတ်ကိုပင် အထောက်အထားပြုလျက် (မြဲမြံစွာ) ရှိပါလေ။ ကေန်မလွဲ အသင်သည် ဖြောင့်မတ်မှန်ကန်သော လမ်းပေါ်၌ ရှိနေပေသည်။

وَاِنَّهٗ لَذِكْرٌ لَّكَ وَلِقَوْمِكَ ۚ وَسَوْفَ تُسْـَٔلُوْنَ ۝٤٤

၄၃ : ၄၄ ။ ။ ထို့ပြင် ဧကန်မုချ ယင်း (ကုရ်အာန်) ကျမ်းတော်မြတ်သည် အသင်နှင့်တကွ အသင်၏ အမျိုးသားတို့အဖို့ (ထူးကဲမြင့်မြတ်လှစွာသော) ဂုဏ်ကျက်သရေပင် ဖြစ်ချေသည်။ ထို့ပြင် အသင်တို့အားလုံးသည် မကြာမြင့်မီပင် စစ်ဆေးမေးမြန်းခြင်းကို ခံကြရပေမည်။

وَسْـَٔلْ مَنْ اَرْسَلْنَا مِنْ قَبْلِكَ مِنْ رُّسُلِنَآ اَجَعَلْنَا مِنْ دُوْنِ
الرَّحْمٰنِ اٰلِهَةً يُّعْبَدُوْنَ ۝٤٥

၄၃ : ၄၅ ။ ။ ၎င်းပြင် (အို၊ နဗီတမန်တော်) အသင်သည် မိမိ၏ အလျင် ငါအသျှင်မြတ် စေလွှတ်တော်မူခဲ့သော ရစူလ်တမန်တော်အပေါင်းတို့အား မေးမြန်းစုံစမ်း၍ ကြည့်ပါလေ။ 'ငါအသျှင်မြတ်သည် အနန္တကရုဏာတော်ရှင်မှတစ်ပါး ဆည်းကပ် ကိုးကွယ်ခြင်းခံကြရန် အခြားကိုးကွယ်ရာများကို ပြဋ္ဌာန်း၍ သတ်မှတ်ပေးတော်မူခဲ့ပါသလော။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

စင်စစ် မည်သူမဆို အနန္တကရုဏာတော်ရှင် အလ္လာဟ်အသျှင်မြတ်၏ အဆုံးအမတရား (အလိုသဘောမှာ ကုရ်အာန်ကျမ်းတော်မြတ် နှင့် 'ဝဟီ'ဗျာဒိတ်တော် ဖြစ်၏။) ကို (သိလျက်နှင့်) မမြင်ဟန်၊ မသိဟန်ဆောင်သည်ရှိသော် (ပမာဆိုရသော် ဤကာဖိရ် များ ဖြစ်ပေသည်။ အကြောင်းမှာ ပြည့်ဝခိုင်လုံလုံလောက်လှစွာသော အထောက်အထားများရှိနေသည့် ကြားကပင် မသိမိုက်မဲစွာ ပြုမူနေထိုင်လျက် ရှိကြပေသည်။) ငါအသျှင်မြတ်သည် ထိုသူ၏အပေါ်၌ ရှိုက်သွာန်ကို သတ်မှတ်၍ ပေးတော်မူလိုက်၏။ ထိုအခါ ယင်းရှိုက်သွာန်သည် (အချိန်တိုင်း၌) ထိုသူ၏ အဖော် ဖြစ်သွားလေ၏။

၎င်းပြင် ယင်း (သို့ အတူတကွ ရှိနေသော) ရှိုက်သွာန်တို့သည် ထို (သို့ ကုရ်အာန်ကျမ်းတော်မြတ်အား မသိဟန်ဆောင်သောသူ) တို့အား (အစဉ်မပြတ် ဖြောင့်မတ်မှန်ကန်သော တရား) လမ်းမှ ပိတ်ပင်တားဆီးလျှက် ရှိကြကုန်၏။ (၎င်းတို့ အုပ်စိုးလာခြင်း၏ အကျိုးဆက်တရားသည် ဤသည်သာလျှင် ဖြစ်ပေသည်။) သို့ရာတွင် ထိုသူတို့သည် (လမ်းမှန်တရားမှ ဝေးကွာစွာ တည်ရှိနေသည့်ကြားကပင်) မိမိတို့မှာ တရားလမ်းမှန်ကို ရရှိသူများ ဖြစ်ကြသည်ဟူ၍ပင် ထင်မှတ်လျှက် ရှိကြကုန်၏။ (သို့ရှိရာ ၎င်းတို့၏ လမ်းလွဲ

လမ်းမှားခြင်း၏ ပုံစံမှာ ဤသို့ ဖြစ်ရှိနေရာ ဤကဲ့သို့သော အခြေအနေ၌ ၄င်းတို့ လမ်းမှန်တရားအပေါ် ရောက်ရှိရန် မည်ကဲ့သို့ မျှော်လင့်ချက် ထားရှိနိုင်အံ့နည်း။ သို့ရှိရာ အဘယ်ကြောင့် သောကပွားး၍ နေပေသနည်း။ '၄င်းတို့၏ ဤမေ့လျော့မှုသည် လျှင်မြန်စွာပင် ပပျောက်သွားမည်ဖြစ်ပြီး ၄င်းတို့၏ အမှားကို ၄င်းတို့ ထင်ရှားစွာ မကြာမီ သိမြင်ရပေလိမ့်မည်' ဟူသော ဖြေသိမ့်မှုတရားကိုလည်း အသင့်အနေဖြင့် ထားရှိပါ။ အဘယ်ကြောင့်ဆိုသော် ဤသို့ မေ့လျော့ပေါ့ဆမှုသည် ၄င်းတို့အဖို့ ဤလောကီသက်တမ်း ထိသာလျှင် ဖြစ်ပေသည်။)

နောက်ဆုံးတွင် ထိုမသိဟန်ဆောင်သော သူသည် ငါအသျှင်မြတ်ထံတော်သို့ ရောက်ရှိလေသော အခါ (၄င်း၏ အမှားသည် ဘူးပေါ်သလို ပေါ်သွားချိန်တွင် မိမိ၏ အဖော်ဖြစ်သော ရှိုက်သွာန်အား ဤသို့) ပြောဆိုလေ၏။ 'သြော်- ကျွန်ုပ်နှင့် အသင်၏ ကြားဝယ် (ကမ္ဘာလောကတွင်) အရှေ့နေထွက်ရာ အရပ်နှင့် အနောက်နေဝင်ရာအရပ်မျှ ဝေးကြခဲ့လျှင် ကောင်းလေစွ။ (အဘယ်ကြောင့်ဆိုသော်) စင်စစ်မှာ အသင်သည် လွန်စွာ ဆိုးယုတ်လှသော အဖော်ဖြစ်၏။ (အကြောင်းမှာ အသင်သည် ကျွန်ုပ်အား လမ်းလွဲအောင် ပြုခဲ့သည်။ သို့သော် ၄င်း၏ ထိုဝမ်းနည်းမှုမျိုးသည် ထိုအချိန်၌ အကျိုးဖြစ်ထွန်း အကျိုးပေးမည် မဟုတ်။)

ထို့ပြင် (၄င်းအား ထပ်မံ၍ ပြောဆိုမည်မှာ) အသင်တို့ကိုယ်တိုင် (ကမ္ဘာလောက၌) 'ကုဖ္ဖရ်' ပြုမတရားကျူးလွန်ခဲ့ကြသောကြောင့် (ယနေ့ အသင်တို့၏ ဝမ်းနည်းကြေကွဲခြင်း အကျိုးမရှိ အကျိုးမပေးသလို ယနေ့ အသင်နှင့်အတူ အသင်၏ အဖော် ရှိုက်သွာန်တို့ကိုလည်း 'အဇာဗ်' အပြစ်ဒဏ်ခံရာ၌ ပူးတွဲပါဝင်စေမည်ဆိုလျှင်လည်း ထိုအချက်သည် အသင်တို့အတွက် အလျဉ်း အကျိုးဖြစ်ထွန်း အကျိုးပေးမည် မဟုတ်ပေ။ (ကမ္ဘာလောက၌ အချို့သော အချိန်အခါမျိုးတွင် အခြားသောသူများကို မိမိကဲ့သို့ ဘေးဒုက္ခတစ်စုံတစ်ခု ဆိုက်ကပ်နေသည်ကို တွေ့မြင်၍ ရှုထောင့်တစ်ရပ်အရ အတိုင်းအတာတစ်ခုအထိ ဖြေသိမ့်မှု အနည်းငယ် ရရှိလေ့ရှိသည်။ သို့ပါသော်လည်း 'အာခိရသ်' လောက၏ ပြစ်ဒဏ်သည် အလွန် ပြင်းထန်သည့် အတွက်ကြောင့် အခြားသောသူများကို အာရုံထားနိုင်မည်မဟုတ်ဘဲ လူတိုင်းသည် မိမိ၏ အခြေအနေတွင်း၌မှာပင် ဗျာများ သောကပွားလျက် ရှိနေမည်။ မိမိသည်သာလျှင် ပြစ်ဒဏ်အခံနေရဆုံးဟူ၍ မှတ်ယူနေပေလိမ့်မည်။

သို့ဖြစ်ပေရာ (အသင်သည် ၄င်းတို့ လမ်းမှန်တရားရရှိရန် မျှော်လင့်ချက်မရှိခြင်း၏ အခြေအနေကို သိရှိသွားရသောအခါဝယ်၊ အို၊ နဗီတမန်တော်) အသင်သည် (ယင်းကဲ့သို့သော) နားပင်းသူတို့အား (အဆုံးအမ တရားတော်ကို) ကြားစေနိုင်ပါသလော။ သို့တည်းမဟုတ် အသင်သည် (ယင်းကဲ့သို့) မျက်စိကန်းသူများနှင့် ထင်ရှားလှစွာသော လမ်းမှားမှု၌ ရှိနေသူတို့အား (နစ်မွန်းနေသူတို့အား) တရားလမ်းမှန်ကို ညွှန်ပြနိုင်ပါသလော။ (ဆိုလိုသည်မှာ ၄င်းတို့ တရားလမ်းမှန် ရရှိခြင်းသည် အသင်၏ ရွေးချယ်ပိုင်ဆိုင်ခွင့်၏ အပြင်ဘက်၌ ရှိနေပေသည်။ အသင်သည် ထိုအချက်နောက်သို့ မလိုက်လေနှင့်။)

(အို၊ နဗီတမန်တော်) စင်စစ် (၎င်းတို့၏ ဤဆိုးသွမ်းယုတ်မာမှုတို့သည် ဗလာချည်းသက်သက်သာ ပျောက်ဆုံးသွားမည့်အရာ မဟုတ်ရုံသာမက ထိုအချက်၏ ပြစ်ဒဏ်အစားကို အသင် သက်ရှိထင်ရှား ရှိနေစဉ် ကာလ၌ဖြစ်စေ၊ သို့တည်းမဟုတ် အသင် 'ဝဖားသ်' (ကွယ်လွန်) ပြီးနောက်ဖြစ်စေ မုချ ခံစားရမည်သာ ဖြစ်ပေသည်။ သို့ရာတွင်) အကယ်၍ ငါအသျှင်မြတ်သည် အသင့်အား (ဤလောကမှ) ဆောင်ယူသွားတော်မူပါလျှင်လည်း ဧကန်မလွဲ ငါအသျှင်မြတ်သည် (၎င်းကာဖိရ်) တို့အား လက်စားချေတော်မူမည် ဖြစ်သော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

သို့တည်းမဟုတ် ငါအသျှင်မြတ်သည် ၎င်းတို့အား ချိန်းချက်တော်မူခဲ့သော (ကျရောက်လာမည့်) ပြစ်ဒဏ်ကို အသင့်အား (အသင် ဤလောကီဘဝ၌ ရှိနေစဉ်မှာပင်) ပြသတော်မူလျှင်လည်း (ဖြစ်နိုင်၏။ ယင်းသို့ ပြသနိုင်ခြင်းမှာလည်း တစ်စုံတစ်ရာ ခဲယဉ်းဝေးကွာလှစွာသော အချက်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော်) ဧကန်မလွဲ ငါအသျှင်မြတ်သည် ၎င်းတို့အပေါ်၌ (ပြစ်ဒဏ်သက်ရောက်စေခြင်းကို) ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ (အလိုသဘောမှာ မည်သည့်အချိန်တစ်ချိန်ချိန်၌မှာမဆို ပြစ်ဒဏ်သည် မုချ သက်ရောက်လာပေလိမ့်မည်။)

သို့ဖြစ်ပေရာ (ထိုသို့ဆိုလျှင် အို၊ နဗီတမန်တော်၊ တည်ငြိမ်အေးချမ်းစွာဖြင့် ဖြေသိမ့်မှုတရား ရယူကုန်။) အသင်သည် မိမိထံ 'ဝဟီ'အားဖြင့် ထုတ်ပြန်ခြင်း ခံရလေသော (ကုရ်အာန်) ကျမ်းတော်မြတ်ကိုပင် အထောက်အထားပြုလျက် (မြဲမြံစွာ) ရှိပါလေ။ (အဘယ်ကြောင့်ဆိုသော်) ဧကန်မလွဲ အသင်သည် ဖြောင့်မတ်မှန်ကန်သော လမ်းပေါ်၌ ရှိနေပေသည်။ (အလိုသဘောမှာ မိမိဆောင်ရွက်ရမည့် တာဝန်များကို ဆက်လက် ဆောင်ရွက်တော်မူနေ၍ အခြားသောသူများနှင့် စပ်လျဉ်း၍ သောကပွားမနေကုန်လင့်။)

ထို့ပြင် ဧကန်မုချ ယင်း (ကုရ်အာန်) ကျမ်းတော်မြတ်သည် (ငါအသျှင်မြတ်အနေနှင့် ယင်းကျမ်းမြတ် ကုရ်အာန်အပေါ် တည်တံ့မြဲမြံစွာ နေထိုင်တော်မူရန် အသင့်အပေါ် အမိန့်ထုတ်ပြန်ထားတော်မူသည်။) အသင်နှင့်တကွ အသင်၏ အမျိုးသားတို့အဖို့ (ထူးကဲ မြင့်မြတ်လှစွာသော) ဂုဏ်ကျက်သရေပင် ဖြစ်ချေသည်။ (အသင့်အဖို့မူ အသင့်အပေါ်သို့ တိုက်ရိုက် မြွက်ကြားတော်မူခြင်း ခံရခြင်းကြောင့်ဖြစ်ပြီး အသင်၏ အမျိုးသားတို့အဖို့ ထူးကဲမြင့်မြတ်သော ဂုဏ်ကျက်သရေ ဖြစ်ရခြင်းအကြောင်းမှာ တစ်ဆင့်ခံဖြင့် မိန့်ကြားတော်မူခြင်း ခံရခြင်းကြောင့် ဖြစ်ပေသည်။ လောကီ၏ ဘုရင်ခံများဖြင့် စကားလက်စုံ ပြောဆိုခွင့် ရရှိခြင်းကို မိမိအတွက် ဂုဏ်ကျက်သရေ သိက္ခာရှိစေသော အချက်ဟူ၍ မှတ်ယူကြသည်။ သို့ဆိုလျှင် ဘုရင်တကာ့ ဘုရင်တို့၏ ဘုရင်ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ မိန့်ခွန်းခံရခြင်းကိုမူ ဆိုဖွယ်ရာ မရှိပြီ။) ထို့ပြင် အသင်တို့အားလုံးသည် မကြာမီပင် ('ကေယာမသ်'နေ့၌) စစ်ဆေးမေးမြန်းခြင်းကို ခံကြရပေမည်။ (အရေးကြီးသော တာဝန်ဝတ္တရားတို့နှင့် စပ်လျဉ်း၍ မေးမြန်းတော်မူခြင်းကို ခံကြရပေလိမ့်မည်။ အသင်နှင့် စပ်လျဉ်း၍ သာသနာဖြန့်ဖြူး ပို့ချပေးခြင်းကိစ္စနှင့် စပ်လျဉ်း၍သာ မေးမြန်းတော်မူမည်ဖြစ်သည်။ ယင်းအချက်ကို အသင်သည် ကောင်းမွန်စွာ တာဝန်ထမ်းဆောင်ခဲ့ပြီး ဖြစ်သည်။ ကျင့်ကြံဆောင်ရွက်ခြင်းကဏ္ဍနှင့်

စပ်လျဉ်း၍ ၎င်းတို့အား မေးမြန်းတော်မူမည် ဖြစ်ပေသည်။ အသင့်အား ၎င်းတို့၏ ကျင့်ကြံပြုမူ ဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ မေးမြန်းတော်မူမည်မဟုတ်ရာ အသင်သည် အဘယ်ကြောင့် သောကဖြစ်၍ နေပေသနည်း)

ထို့ပြင် (ငါအသျှင်မြတ်သည် အသင့်အပေါ် ထုတ်ပြန်ချမှတ် ပေးသနားထားတော်မူသော 'ဝဟီ' (ဗျာဒိတ်တော်) ကို အမှန်တရားအဖြစ် သတ်မှတ် ပေးသနားထားတော်မူပေသည်။ ထိုဗျာဒိတ်တော်များနှင့် စပ်လျဉ်း၍ ကာဖိရ်သွေဖည်ငြင်းဆိုသောသူများ၏ အကြီးမားဆုံးသော စောဒကတက်မှုမှာ 'သောင်ဟီးဒ်' ကိုးကွယ်ခံထိုက်တော်မူသော အသျှင်တစ်ပါးတည်း တည်ရှိခြင်းနှင့် စပ်လျဉ်း၍ ဖြစ်ပေသည်။ အကြင် 'သောင်ဟီးဒ်' ကိုးကွယ်ခံထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်းတရား မှန်ကန်မှုနှင့် စပ်လျဉ်း၍ ၎င်းတို့သည် လွန်စွာ အချေအတင် ပြောဆိုမှုကို ပြုကြပေသည်။ သို့ရှိရာ စင်စစ် ထိုကိုးကွယ်ခံထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်းတရား၏ အချက်သည် နဗီတမန်တော်များအားလုံး တစ်စုတစ်စည်းတည်း ယုံကြည်လက်ခံထားကြကုန်သော ဓမ္မသတ်ပင် ဖြစ်ပေသည်။ အကြောင်းမှာ နဗီတမန်တော်များ သည် ဦးနောက်အသိဉာဏ်ပိုင်းဆိုင်ရာနှင့် ဆင့်ကဲဆင့်ကဲ တတ်မြောက် သိရှိလာသော 'အီလ်မ်' (အသိပညာ) ပိုင်းဆိုင်ရာတို့၌ ပြီးပြည့်စုံသောသူများ ဖြစ်ကြပေသည်။ ဤအတွက်ကြောင့် ကိုးကွယ်ခံယူထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်း ဓမ္မသတ်အပေါ် ထောင်ပေါင်းများစွာသော ဦးနောက်အသိဉာဏ်ပိုင်းဆိုင်ရာနှင့် 'အီလ်မ်' အသိပညာပိုင်းဆိုင်ရာ အထောက်အထားများ တည်ရှိနေသည့်အလား ဖြစ်ပေသည်။ သို့ရှိရာ အကယ်၍ အသင့်အနေနှင့် လိုလားနှစ်မြို့သည်ဆိုလျှင် အို၊ နဗီတမန်တော်) အသင်သည် အသင့်အလျှင် ငါအသျှင်မြတ် စေလွှတ်တော်မူခဲ့သော ရစူလ်တမန်တော်အပေါင်းတို့အား မေးမြန်းစုံစမ်း၍ ကြည့်ရှုပါလေ။ (ဆိုလိုသည်မှာ ၎င်းတို့၏ ကျမ်းကြီးကျယ်ငယ် အသွယ်သွယ်မှ ကျန်ရစ်လျက်ရှိနေသော ကဗ္ဗာရပ်များအား စီစစ်သုတေသန ပြုကုန်။) ငါအသျှင်မြတ်သည် အနန္တကရုဏာတော်ရှင်မှအပ ဆည်းကပ်ကိုးကွယ်ခြင်း ခံကြရန် (တစ်ကြိမ်တစ်ခါမျှပင်) အခြားကိုးကွယ်ရာများကို ပြဋ္ဌာန်း၍ သတ်မှတ်ပေးတော်မူခဲ့ပါသလော။ (နှစ်မြို့သည်ဆိုပါက သုတေသနပြုကုန်' ဟူ၍ မိန့်ဆိုထားခြင်းသည် အခြားသောသူများအား ကြားနာစေရန် ဖြစ်ပေသည်။ စာအုပ်များ၌ ကြည့်ရှုစေခြင်းကို နဗီတမန်တော်များအား မေးမြန်းခြင်းအချက်အနေဖြင့် သွယ်ဝိုက်ကာ မိန့်တော်မူထားခြင်း ဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်းမှ မျက်နှာလွှဲဖယ်သွားခြင်းသည် မကောင်းသော အသိုင်းအဝိုင်းနှင့် ကြုံဆုံရမည့် အကြောင်းခံ ဖြစ်ခြင်းအကြောင်း

وَمَنْ يَّعْشُ عَنْ ذِكْرِ الرَّحْمٰنِ ــ الخ

(စင်စစ် မည်သူမဆို အနန္တကရုဏာတော်ရှင်အား အောက်မေ့တသခြင်းကို မမြင်ဟန်၊ မသိဟန်ဆောင်သည်ရှိသော်။) [၄၃ : ၃၆]

အလိုသဘောမှာ အကြင်သူသည် အလ္လာဟ်အသျှင်မြတ်၏ ဆိုဆုံးမစကားဖြစ်သော (သို့မဟုတ်) ကုရ်အာန်ကျမ်းတော်မြတ်နှင့် 'ဝဟီ' ဗျာဒိတ်တော်တို့အား သိလျက်နှင့် မသိဟန်ဆောင်သည်ရှိသော် ငါ အသျှင်မြတ်သည် ထိုသူ့အပေါ်၌ ရှိုက်သွာန်ကို လွှမ်းမိုးခြယ်လှယ်စေတော်မူလိုက်၏' ဟူ၍ ဖြစ်သည်။ အကြင် ရှိုက်သွာန်သည် ကမ္ဘာလောက၌လည်း ၎င်းနှင့်အတူတကွ နေထိုင်ကာ ကောင်းမှုများအား တားမြစ်၍ မကောင်းမှုများကို ပြုရန် တိုက်တွန်းနှိုးဆော်ပေလိမ့်မည်။ 'အာခေသ်'နောင်တမလွန်၌လည်း ၎င်းသူ 'ကဗရ်'မှ ထလာသောအခါ ထိုရှိုက်သွာန်သည် ၎င်းနှင့်အတူ ရှိနေပေလိမ့်မည်။ နောက်ဆုံး ၎င်းတို့နှစ်ဦးစလုံးသည် 'ဂျဟန္နမ်'ငရဲဘုံအတွင်းသို့ ဝင်ရောက်သွားရပေလိမ့်မည်။ *[ကုရ်သုဗီး]*

အထက်ပါအာယသ်တော်မှ 'အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်းမှ မသိဟန်ဆောင်ပြု မျက်နှာလွှဲဖယ်လိုက်ခြင်း၏ မကောင်းဆိုးကျိုး ပြစ်ဒဏ်အဖြစ် ဤဒွနိယာလောက၌ပင် ၎င်းသူသည် မကောင်းသော အသိုင်းအဝိုင်းနှင့် ကြုံဆုံရမည်။ ၎င်းနောက် ရှိုက်သွာန်တို့သည် (လူသားများအတွင်းမှသော်လည်းကောင်း၊ 'ဂျင်န်'အဖန်ဆင်းခံများအတွင်းမှသော်လည်းကောင်း၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်တို့အား ကောင်းမှုများမှ အလှမ်းဝေးစေ၍ မကောင်းမှုများဘက်သို့ နီးသထက် နီးကပ်စေလေသည်။ ထိုသူတို့သည် လမ်းလွဲမှားယွင်းသော အမှုကိစ္စများကို ပြုမူနေပြီး သို့ရာတွင် ၎င်းတို့သည် မိမိတို့ ပြုမူဆောင်ရွက်နေသည်ကို ကောင်းသော အလုပ်များဟူ၍သာ ထင်မှတ်နေပေမည်ဟူသော အချက်ကို သိရှိရပေသည်။ *[ကုရ်သုဗီး]*

ဤနေရာ၌ အလ္လာဟ်အသျှင်မြတ်မှ ခြယ်လှယ်၊ လွှမ်းမိုးစေထားတော်မူသော ရှိုက်သွာန်မှာ မုအ်မင်န်၊ ကာဖိရ်အားလုံးတို့နှင့်အတူ အစဉ်အမြဲ တစ်ပါတည်း တည်ရှိနေသော ရှိုက်သွာန်အပြင် အခြားသော ရှိုက်သွာန် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် မုအ်မင်န်၊ ကာဖိရ်တို့နှင့်အတူ တစ်ပါတည်း တည်ရှိနေသော ရှိုက်သွာန်သည် အချို့သော အချိန်အခါမျိုး၌ မုအ်မင်န်တို့ထံပါးမှ ဝေးကွာစွာလည်း ရှိတတ်ပေသည်။ ဤတင်ပြပါ အာယသ်တော်အတွင်း၌ ပါရှိသော ရှိုက်သွာန်သည် အစဉ်အမြဲ တည်ရှိနေမည်သာ ဖြစ်ပေသည်။

[ဗယာနွလ်ကုရ်အာန်ကျမ်း]

وَلَنْ يَّنْفَعَكُمُ الْيَوْمَ ـــ الخ

(ထို့ပြင် အသင်တို့ကိုယ်တိုင် မတရား ကျူးလွန်ခဲ့ကြသောကြောင့် ယင်းယူကျုံးမရဖြစ်ခြင်းသည် ယနေ့ အသင်တို့အဖို့ အလျဉ်း အကျိုးပေးမည်မဟုတ်ပေ။) *[၄၃ : ၃၉]*

ဤအာယသ်တော်အား ပုံစံနှစ်မျိုး အကျယ်ချဲ့ ဖွင့်ဆိုနိုင်ပေသည်။ ပထမတစ်မျိုးမှာ 'အသင်တို့၏ 'ကုဖွရ်' (သွေဖည်ငြင်းဆိုမှု) နှင့် 'ရှစ်ကဲ' (တုဖက်နှိုင်းယှဉ်ခြင်း) အတည်ဖြစ်ရှိကာ ခိုင်မာသေချာသွားသောအခါဝယ် 'အာခေရသ်' နောင်တမလွန်၌ 'ဤရှိုက်သွာန်သည် ကျွန်ုပ်ထံတော်ပါးမှ ဝေးကွာစွာ နေခဲ့လျှင် ကောင်းလေစွ'ဟူ၍ ယူကျုံးမရဖြစ်ခြင်းသည် တစ်စုံတစ်ရာမျှ အကျိုးဖြစ်ထွန်းစေမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်၌ အသင်တို့အားလုံးသည် ပြစ်ဒဏ်ခံရခြင်း၌ အားလုံး အတူတကွ ဖြစ်နေ၍ ဖြစ်သည်။ ထိုပုံစံ၌ اَنَّكُمْ فِى الْعَذَابِ ـــ الخ ဟူသော အာယသ်တော်၌ لِاَنَّكُمْ (အတွက်

ကြောင့်) ဟူသော အဓိပ္ပာယ်ကို ကောက်ယူရပေမည်။ يَنفَعَ ဟူသော ကြိယာအတွင်း၌ ပါသော အညွှန်းနာမ်စားသည် ၎င်းတို့ ပြောကြားချက်ဖြစ်သော يَالَيْتَ بَيْنِي ၏ ဘက်သို့ ညွှန်းနေသည်။

ဒုတိယဖွင့်ဆိုချက် အလိုသဘောမှာ ဤသို့လည်း ဖြစ်နိုင်ပေသည်။ 'ထိုလောကသို့ ရောက်ရှိပြီးနောက် အသင်တို့နှင့် ရှိုက်သွာန်များသည် ပြစ်ဒဏ်အတွင်း၌ အတူတကွ ခံစားနေရခြင်းသည် အသင်တို့အဖို့ အနည်းငယ်မျှပင် အကျိုးပြုပေးလိမ့်မည်မဟုတ်ပေ။ ကမ္ဘာလောက၌မူ ဘေးဒုက္ခ တစ်စုံတစ်ရာအတွင်း၌ လူအချို့ ဖက်စပ်ကာ အတူတကွ နေကြရသည်ဆိုလျှင် တစ်ဦးချင်းစီ၏ သောကသည် မုချ ပေါ့သွားလေ့ရှိသည်။ သို့ရာတွင် ထိုလောက၌မူ တစ်ဦးချင်းစီတို့၏ သောကဗျာပါဒသည် ၎င်းတို့အဖို့သာ ဖြစ်ပေမည်။ မည်သူတစ်ဦးတစ်ယောက်မျှ အခြားတစ်ဦးတစ်ယောက်၏ သောကကို မျှဝေခံစားပေးနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ဤသို့ အပြစ်ဒဏ်ကို အတူတကွ ခံစားနေရသည့်အတွက်ကြောင့် တစ်စုံတစ်ရာ အကျိုးသက်ရောက်လိမ့်မည်မဟုတ်ပေ။ ထိုပုံစံ၌ اَنَّكُمْ (မုချ အသင်တို့သည်) သည် يَنفَعَ (ကြိယာ) ၏ ကတ္တားဖြစ်သွားပေလိမ့်မည်။

မွန်မြတ်သော ကျော်ကြားမှုသည်လည်း သာသနာတော်၌ နှစ်လိုဖွယ်အချက် ဖြစ်ခြင်းအကြောင်း

وَاِنَّهٗ لَذِكْرٌ لَّكَ وَلِقَوْمِكَ

ထို့ပြင် ဧကန်မုချ ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် အသင်နှင့်တကွ အသင်၏ အမျိုးသားတို့အဖို့ ထူးကဲမြင့်မြတ်လှစွာသော ဂုဏ်ကျက်သရေပင် ဖြစ်ချေသည်။ [၄၃ : ၄၄]

'ဇိက်ရ်' ဟူသော စကားလုံး၏ အလိုသဘောမှာ ဤနေရာ၌ 'မွန်မြတ်သော ကျော်ကြားမှုပင်' ဖြစ်ပေသည်။ အလိုသဘောမှာ 'ကုရ်အာန်ကျမ်းတော်မြတ်သည် အသင်မိုဟမ္မဒ် ﷺ နှင့် အသင်၏ အမျိုးသားတို့အဖို့ ကြီးကျယ်လှစွာသော မွန်မြတ်မှုနှင့် မွန်မြတ်သော ကျော်ကြားမှု၏ အကြောင်းခံဖြစ်သည်' ဟူ၍ ဖြစ်သည်။ အေမာမ်ရာဇီး (ရဟ) သခင်ကြီးက ဤအာယသ်တော်မှ 'မွန်မြတ်သော ကျော်ကြားမှုသည် တပ်မက် နှစ်လိုဖွယ်ရာကောင်းသော အရာတစ်ခုဖြစ်ကြောင်း' သိရှိရပေသည်။ အဘယ်ကြောင့်ဆိုသော် ဤနေရာ၌ ယင်းအချက်ကို ကျေးဇူးပြုထားသော အချက်အရာ အသွင်မျိုးဖြင့် အမိန့်ရှိထားတော်မူပေသည်။ ထို့ကြောင့်ပင် ဟဇရသ်အီဗ်ရာဟီးမ် عليه السلام သည်

وَاجْعَلْ لِّيْ لِسَانَ صِدْقٍ فِى الْاٰخِرِيْنَ

(၎င်းပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးအဖို့ နောင်လာနောက်သားများတွင် အမည်ကောင်းခြင်းကို ပြုလုပ်ပေးတော်မူပါ) ဟူသော ဒိုအာကို တောင်းခံခဲ့ခြင်း ဖြစ်သည်။ [၂၆ : ၈၄]

သို့ရာတွင် 'အမည်ကောင်း ကျော်ကြားမှုသည် ယင်းကို မိမိဘဝသက်တမ်း၏ အဓိကရည်ရွယ်ချက်အဖြစ်မပြုဘဲ မိမိတို့၏ ကောင်းမြတ်သော အကျင့်သီလတို့ကြောင့် အလိုအလျောက် ရရှိလာသော အချိန်၌သာ' ကောင်းမွန်ပေသည်။ အကယ်၍ လူသားသည် 'ကုသိုလ်ကောင်းမှုများအား ကမ္ဘာလောက၌ အမည်ရရှိလိုသော ရည်ရွယ်ချက်မျိုး' ဖြင့် ပြုမူပါမူ 'ပြစားမှု'ပင် ဖြစ်သွားပေမည်။ အကြင်ကဲ့သို့ ပြစားမှုကြောင့် ကုသိုလ်ကောင်းမှု၏ အကျိုးအလုံးစုံတို့သည် ပပျောက်သွား၍ ပြောင်းပြန် ပြန်လည်၍ အပြစ်ဒဏ်ကို ခံရပေမည်။ ဤအာယသ်တော်အတွင်း၌ ပါရှိသော 'အသင်၏ မျိုးနွယ်အုပ်စု' ဟူသော စကားတော်၏ အလိုသဘောကို အချို့အကျယ်ဖွင့်ဆိုသော ပညာရှင်များသည် ကုရိုက်ရှ်မျိုးနွယ်အုပ်စုတို့သာလျှင် ဖြစ်သည်ဟူ၍ ကောက်ချက်ချထားကြပေသည်။ ယင်းအချက်ကို အခြေခံ၍ ကုရိုက်ရှ်မျိုးနွယ်အုပ်စုတို့ မွန်မြတ်ထွတ်မြတ်ကြောင်းကို အတည်ပြုထားပေသည်။ သို့ရာတွင် အလ္လာမားဟ်ကုရ်သုဗီး (ရဟ) သခင်ကြီးက အမိန့်ရှိထားသည်မှာ ထိုစကားလုံးတော်၏ မှန်ကန်သော အလိုသဘောမှာ 'မည်သည့်မျိုးနွယ်အုပ်စု၊ မည်သည့်အရောင်အသွေး၊ အသားအရေနှင့်ပင် ရှိနေပါစေ တမန်တော်မြတ် ﷺ ၏ အွမ္မသ် (နောက်လိုက်ထု) တစ်ရပ်လုံးသည် ထိုစကားတော်၏ အလိုသဘောအဖြစ် အကျုံးဝင်၍ နေပေသည်' ဟူ၍ ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ၎င်းတို့အားလုံးအဖို့ ကြီးကျယ်၊ မွန်မြတ်မှုနှင့် မွန်မြတ်သော ကျော်ကြားမှုတို့ကို ရရှိစေသည်။ *[ကုရ်သုဗီး]*

وَسۡـَٔلۡ مَنۡ اَرۡسَلۡنَا مِنۡ قَبۡلِكَ مِنۡ رُّسُلِنَا

(ထို့ပြင် အို၊ နဗီတမန်တော်၊ အသင်သည် မိမိအလျင် ငါအသျှင်မြတ် စေလွှတ်တော်မူခဲ့သော ရစူလ်တမန်တော်အပေါင်းတို့အား မေးမြန်း၍ စုံစမ်းကြည့်ပါလေ။) *[၄၃ : ၄၅]*

'အတိတ်ခေတ် နဗီတမန်တော်များသည် ကွယ်လွန်သေဆုံးသွားပြီးဖြစ်သောကြောင့် ၎င်းတို့အား မေးမြန်းရန် အမိန့်ကို မည်ကဲ့သို့ ထုတ်ပြန် ပေးထားတော်မူပေသနည်း' ဟူသော မေးခွန်းမျိုး မေးမြန်းစရာအကြောင်း ပေါ်ပေါက်လာပေသည်။ ယင်းအချက်နှင့် စပ်လျဉ်းသော အဖြေကို အဖွင့်ရှင်များသည် ဤသို့ ပေးထားကြလေသည်။ အာယသ်တော်၏ အလိုသဘောမှာ ဤသို့ပင် ဖြစ်သည်။ အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် 'မုအ်ဂျေဇာဟ်' (တန်ခိုးတော်) ၏ အသွင်ဖြင့် အတိတ်ခေတ် နဗီတမန်တော်များအား တမန်တော်မြတ် ﷺ ဖြင့် တွေ့ဆုံခွင့်ပေးကာ၊ ယင်းသို့ တွေ့ဆုံနှုတ်ဆက်ခွင့် ရရှိသော အချိန်၌ ၎င်းတို့အား အထက်ဖော်ပြပါအချက်ကို မေးမြန်းနိုင်ပေသည်။ သို့ရှိရာ 'မိအ်ရာဂျ်' ကောင်းကင်ဘုံနန်းခရီးသို့ ကြွမြန်းသွားသောအချိန်၌ တမန်တော်မြတ် ﷺ သည် နဗီတမန်တော်အပေါင်းတို့ဖြင့် တွေ့ဆုံနှုတ်ဆက်ခွင့်ကို ရရှိခဲ့ပေသည်။ အလ္လာမဟ်ကုရ်သုဗီးသခင်ကြီးသည် အချို့သော ဆင့်ပြန်ချက်များကို ဆင့်ပြန်ထားပေသည်။ အကြင်ဆင့်ပြန်ချက်များမှ 'တမန်တော်မြတ် ﷺ သည် နဗီတမန်တော်အပေါင်းတို့အား 'အေမာမသ်' ဦးစီးဦးရွက်ပြု 'နမာဇ်' ဝတ်ပြုပြီးသည့်နောက် ၎င်းတို့အား ဤအထက်ဖော်ပြပါ အချက်ကိုသာ မေးမြန်းတော်မူခဲ့ကြောင်း' ကို သိရှိရပေသည်။ သို့ရာတွင် ယင်းဆင့်ပြန်ချက်များ၏ ဆင့်ကဲဆင့်ကဲ

ဆင့်ပြန်မှု အခြေခံကွင်းဆက်ဖယားကို ကျွန်ုပ်တို့အဖို့ လက်လှမ်းမမှီ မသိရှိနိုင်ခဲ့ပေ။ သို့ရှိရာ များစွာသော အဖွင့်ပညာရှင်များသည် အာယသ်တော်၏ အလိုသဘောကို ဤသို့ ဆိုထားပေသည်။ 'နဗီတမန်တော်တို့အား မေးမြန်းခြင်းမဟုတ်ဘဲ ၎င်းတို့အပေါ် ကျရောက်ခဲ့သော ကျမ်းငယ်များအား စီစစ်သုတေသနပြုခြင်းနှင့် ထိုသက်ဆိုင်ရာ နဗီတမန်တော်များ၏ 'အုမ္မသ်' နောက်လိုက်ထုအတွင်း ရှိသော အာလင်မ်သာသနာ့ပညာရှင် တို့အား မေးမြန်းပါလေ'ဟူသော အလိုသဘော ဖြစ်ပေသည်။ သို့ရှိရာ ဗနီအိစ်ရာအီးလ်မျိုးနွယ်ဝင် နဗီတမန် တော်များအပေါ် ကျရောက်ခဲ့သော ယခုလက်ရှိ ရှိနေသော ကျမ်းငယ်များအတွင်းတွင် များစွာ အပြောင်းအလွဲ၊ ကပြောင်းကပြန် ပြုထားသည့် ကြားကပင် 'သောင်ဟီးဒ်' တစ်ပါးတည်း တည်ရှိခြင်းတရားကို သင်ပြ လမ်းညွှန်ထားချက်နှင့် 'ရှရစ်က်' တုဖက်နိုင်းယှဉ်ခြင်း တို့မှ လွတ်လွတ်ကင်းကင်းနေကြရန် ညွှန်ကြားချက် များသည် ယနေ့ထိတိုင် မပျောက်မပျက် တည်ရှိနေပေသည်။ ဥပမာသဘောမျိုးဖြင့် လက်ရှိ 'ဗိုင်ဗလ်' ကျမ်း အတွင်းတွင် မှတ်တမ်းတင်ပါရှိထားသော အကြောင်းအရာများကို လေ့လာကြည့်ရှုကြပါစို့။

အတိတ်ခေတ်နဗီတမန်တော်များ၏ ကျမ်းငယ်များတွင် ပါရှိသော "သောင်ဟီးဒ်" နှင့်စပ်လျဉ်းသော လမ်းညွှန်ထားမှုများ

လက်ရှိ 'သောင်ရားသ်' ကျမ်းအတွင်း၌ ပါရှိသည်မှာ 'သို့မှသာ အသင် သိရှိနားလည်သွားစေရန် ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည်သာလျှင် ခဝပ်ကိုးကွယ်ခြင်း ခံထိုက်တော်မူသော အရှင်မြတ် ဖြစ်တော် မူပေသည်။၊ ထိုအရှင်မြတ်မှအပ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ခဝပ်ကိုးကွယ်ခြင်းကို ခံထိုက်သူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိပေ။ *[အစ်သစ်နား၊ ၄ : ၃၅]*

'အို၊ အိစ်ရာအီးလ်၊ အသင်တို့ နားထောင်ကြကုန်။ ကျွန်ုပ်တို့၏ အရှင်ဖြစ်သော အလ္လာဟ်အရှင် မြတ်သည် တစ်ပါးတည်းသော ခဝပ်ကိုးကွယ်ခြင်းကို ခံထိုက်တော်မူသော အရှင်မြတ် ဖြစ်တော်မူပေသည်။ *[အစ်သစ်နား၊ ၆ : ၄]*

ဟဇရသ်အရှ်အယားအ် ﷺ ၏ ကျမ်းငယ်စောင်များအတွင်း၌ ပါရှိထားသည်မှာ 'ငါအရှင်မြတ် သည်သာလျှင် ခဝပ်ကိုးကွယ်ခြင်းကို ခံထိုက်တော်မူသော အရှင်မြတ် ဖြစ်တော်မူပေသည်။ ထို့ပြင် မည်သည့်အရှင်တစ်ပါးမျှ မရှိပေ။ ငါအရှင်မြတ်မှတစ်ပါး အခြားမည်သည့် ခဝပ်ကိုးကွယ်ရာအရှင် တစ်ပါးမျှ မရှိပေ။ သို့မှသာ ကမ္ဘာ့အရှေ့ဘက်မှ အနောက်ဘက်အထိတိုင် တည်ရှိနေသောသူများ 'ငါအရှင် မြတ်မှတစ်ပါး အခြားမည်သည့်အရာ တစ်စုံတစ်ရာမျှ ခဝပ်ကိုးကွယ်ခြင်းကို မခံထိုက်ကြောင်း၊ ငါအရှင် မြတ်သည်သာလျှင် ခဝပ်ကိုးကွယ်ခြင်းကို ခံထိုက်တော်မူသော အရှင်မြတ်ဖြစ်ကြောင်းနှင့် ငါအရှင်မြတ် မှအပ အခြားမည်သူတစ်ဦးတစ်ယောက်မျှ မရှိကြောင်း' ကို သိရှိနားလည်သွားစေရန် ဖြစ်သည်။ *[ယပ်စ်အယား၊ ၄၅ : ၅ : ၆]*

ဟဇရသ်အီစာ ﷺ ၏ ဤမိန့်မြွက်ချက်သည် လက်ရှိ 'အင်န်ဂျီးလ်' ကျမ်းများအတွင်း၌ ပါရှိထား ပေသည်။

(အို၊ အီစ်ရာအီးလ်၊ နားထောင်ကြကုန်။ ကျွန်ုပ်တို့ ခဝပ်ကိုးကွယ်လျက်ရှိနေသော အလ္လာဟ်အသျှင်မြတ်သည် တစ်ဆူတည်းသော ခဝပ်ကိုးကွယ်ရာ အသျှင်မြတ် ဖြစ်တော်မူပေသည်။ သို့ရှိရာ ခဝပ်ကိုးကွယ်ခြင်းကို ခံထိုက်တော်မူသော မိမိတို့၏ အသျှင်မြတ်အား မိမိတို့၏ အလုံးစုံသော စိတ်နှလုံးသား၊ အလုံးစုံသော အသက်ဇီဝိန်များ၊ မိမိ၏ ချစ်ခင်နှစ်မြို့လှစွာသော ဦးနှောက်အသိဉာဏ်နှင့် မိမိ၏ အင်အား အလုံးစုံနှင့် ချစ်ခင်နှစ်သက်ကြလေကုန်။) *[မုရကပ်စ်၊ ၁၂ : ၂၉။ မသ်သာ၊ ၂၂ : ၃၆]*

ဟဇရသ်အီစာ ﷺ သည် တစ်ကြိမ်တစ်ခါ ဆုမွန်ဒိုအာပြုစဉ် တောင်းဆိုသမှု ပြုထားသော တောင်းဆုတော်တစ်ရပ် ဆင့်ပြန်ချက်၌ လာရှိထားသည်မှာ-

'ထာဝစဉ်၊ ထာဝရ သက်တမ်း၏ အောင်မြင်မှုမှာ 'အို၊ အသျှင်မြတ်၊ တစ်ပါးတည်း၊ မှန်ကန်စွာဖြင့် တည်ရှိနေတော်မူသော အသျှင်မြတ်ကို၊ ၎င်းနောက် အသျှင်မြတ် စေလွှတ်တော်မူခဲ့သော 'ယစူးအ်မစီးဟ်' ကို နားလည်သိရှိသွားခြင်းပင် ဖြစ်ပါသည်။ *[ယူဟာင်န်နား၊ ၁၇ : ၃]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَلَقَدْ اَرْسَلْنَا مُوْسٰى بِاٰيٰتِنَآ اِلٰى فِرْعَوْنَ وَمَلَا۟ىٕهٖ فَقَالَ اِنِّىْ رَسُوْلُ رَبِّ الْعٰلَمِيْنَ ﴿٤٦﴾

၄၃ : ၄၆ ။ ။ ၎င်းပြင် ဧကန်စင်စစ် ငါအသျှင်မြတ်သည် (တမန်တော်) မူစာအား မိမိ၏ သက်သေလက္ခဏာ တန်ခိုးတော်များနှင့်တကွ ဖိရ်အောင်န်နှင့် ၎င်း၏ မှူးမတ်တို့ထံသို့ စေလွှတ်တော်မူခဲ့ရာ ၎င်း (မူစာ) သည် (ဖိရ်အောင်န်နှင့်တကွ ၎င်း၏ မှူးမတ်တို့အား) 'ဧကန်စင်စစ် ငါသည် စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်သည်' ဟု ပြောကြားခဲ့၏။

فَلَمَّا جَآءَهُمْ بِاٰيٰتِنَآ اِذَا هُمْ مِّنْهَا يَضْحَكُوْنَ ﴿٤٧﴾

၄၃ : ၄၇ ။ ။ သို့ရာတွင် ယင်း (မူစာ) သည် ၎င်းတို့ထံ ငါအသျှင်မြတ်၏ သက်သေလက္ခဏာ တန်ခိုးတော်များကို ယူဆောင်ခဲ့သောအခါ ရုတ်တရက် ၎င်းတို့သည် ယင်းသက်သေလက္ခဏာ တန်ခိုးတော်များကို (မြင်၍ ပြက်ရယ်သောအားဖြင့်) ရယ်မောကြကုန်၏။

وَمَا نُرِيْهِمْ مِّنْ اٰيَةٍ اِلَّا هِىَ اَكْبَرُ مِنْ اُخْتِهَا وَاَخَذْنٰهُمْ بِالْعَذَابِ لَعَلَّهُمْ يَرْجِعُوْنَ ﴿٤٨﴾

၄၃ : ၄၈ ။ ။ စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့အား ပြသတော်မူခဲ့သော သက်သေလက္ခဏာ တန်ခိုးတော်တိုင်းမှာ ၎င်း၏အလျင် ပြသခဲ့သော အခြားတန်ခိုးတော်ထက် ပိုမို ကြီးကျယ်သော တန်ခိုးတော်သာလျှင် ဖြစ်ခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား (သွေဖည်ငြင်းပယ်မှုကို စွန့်၍ ငါအသျှင်မြတ်ဘက်သို့) ပြန်လှည့်လာကြရန်အလို့ငှာ (ကပ်ဘေးဆိုက်သော ဘေးဒုက္ခ) ပြစ်ဒဏ်ဖြင့် ဖမ်းဆီးအရေးယူတော်မူခဲ့၏။

وَقَالُوا يَا أَيُّهَ السَّاحِرُ ادْعُ لَنَا رَبَّكَ بِمَا عَهِدَ عِندَكَ إِنَّنَا لَمُهْتَدُونَ ﴿٤٩﴾

၄၃ : ၄၉ ။ ။ ထို့ပြင် ၄င်းတို့သည် (မူစာအား ဤသို့) ပြောဆို (အသနားခံ) ခဲ့ကြ၏။ 'အို, စုန်းအတတ်ကို ကျွမ်းကျင်သော ဆရာ၊ အသင်သည် ကျွန်ုပ်တို့အဖို့ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်၌ အသင့်အား ကတိပြုထားတော်မူခဲ့သည်နှင့်အညီ ဆုတောင်း၍ ပေးပါ။ (ယခုသော် ထိုကပ်ဘေး ပပျောက်သွားပါလျှင်) ဧကန်မလွဲ ကျွန်ုပ်တို့သည် တရားလမ်းမှန်ကို လိုက်နာကြပါတော့မည်။' (ကပ်ဘေးများမှာ မိုးခေါင်ခြင်းကပ်၊ ကောက်ပဲသီးနှံ ယုတ်လျော့ခြင်းကပ်၊ မိုးသက်မုန်တိုင်းကျခြင်းကပ်၊ ကျိုင်းကောင်များ ကျရောက်ခြင်းကပ်၊ (သန်းကောင်) များ ကျရောက်ခြင်းကပ်၊ နေရာအနှံ့ ဖားတိရစ္ဆာန်များ၏ ဘေးအန္တရာယ်ကပ်၊ ရေသည် သွေးဖြစ်ခြင်းကပ်။)

فَلَمَّا كَشَفْنَا عَنْهُمُ الْعَذَابَ إِذَا هُمْ يَنكُثُونَ ﴿٥٠﴾

၄၃ : ၅၀ ။ ။ သို့တစေလည်း ငါအသျှင်မြတ်သည် ၄င်းတို့ထံမှ (ကပ်ဘေးဒုက္ခ) ပြစ်ဒဏ်ကို ဖယ်ရှား၍ ပေးတော်မူသောအခါ ၄င်းတို့ သည် ရုတ်တရက် ချက်ချင်းပင် (မိမိတို့၏) ကတိကို ဖျောက်ဖျက်ကြလေသည်။

وَنَادَىٰ فِرْعَوْنُ فِي قَوْمِهِ قَالَ يَا قَوْمِ أَلَيْسَ لِي مُلْكُ مِصْرَ وَهَٰذِهِ الْأَنْهَارُ
تَجْرِي مِن تَحْتِي ۖ أَفَلَا تُبْصِرُونَ ﴿٥١﴾

၄၃ : ၅၁ ။ ။ ၄င်းပြင် ဖိရ်အောင်နှ်သည် မိမိ၏ အမျိုးသားတို့ကို 'အို, ငါ၏ အမျိုးသားတို့၊ အီဂျစ်နိုင်ငံကို ငါသာလျှင် စိုးမိုးအုပ်ချုပ်သည် မဟုတ်ပါလော၊ ထို့ပြင် ဤရေချောင်းတို့မှာ ငါ၏ (ဘုံနန်း) အောက်မှ စီးတွေလျက် ရှိကြသည် (မဟုတ်လော။) သို့ပါလျက် အသင်တို့သည် (ဤဘုန်းတန်ခိုးများကို) မမြင်ကြလေသလော' ဟု (ပြောဆို) ကြေညာခဲ့လေ၏။

أَمْ أَنَا خَيْرٌ مِّنْ هَٰذَا الَّذِي هُوَ مَهِينٌ وَلَا يَكَادُ يُبِينُ ﴿٥٢﴾

၄၃ : ၅၂ ။ ။ သို့တည်းမဟုတ် 'ငါသည် ဤဂုဏ်သရေ သေးသိမ်သူ (တမန်တော်မူစာ) ထက် မြင့်မြတ်သည် (ကို အသင်တို့သည် မမြင်ကြလေသလော။) ၄င်းပြင် ဤသူသည် ရှင်းလင်းစွာ (စကား) ပြောဆိုနိုင်သည်လည်း မရှိပြီ။'

فَلَوْلَا أُلْقِيَ عَلَيْهِ أَسْوِرَةٌ مِّن ذَهَبٍ أَوْ جَاءَ مَعَهُ الْمَلَائِكَةُ مُقْتَرِنِينَ ﴿٥٣﴾

၄၃ : ၅၃ ။ ။ တစ်ဖန် (ဤသူသည် နဗီတမန်တော်ဖြစ်လျှင်) ၄င်း၏ (လက်များတွင်) ရွှေလက်ကောက်၊ လက်မောင်းပတ်များ အဘယ်ကြောင့် ဆင်ယင်ပေးခြင်းကို မခံရသနည်း။ သို့တည်းမဟုတ် 'မလာအေကဟ်' ကောင်းကင်တမန်များသည် အဘယ်ကြောင့် ၄င်းနှင့်အတူ အစဉ်မပြတ် လိုက်ပါလာခြင်း မရှိကြသနည်း (ဟု ပြောဆိုခဲ့လေ၏။)

فَاسْتَخَفَّ قَوْمَهٗ فَاَطَاعُوْهُ ؕ اِنَّهُمْ كَانُوْا قَوْمًا فٰسِقِيْنَ ﴿٥٤﴾

၄၃ : ၅၄ ။ ။ အချုပ်မှာ ၎င်း (ဖိရ်အောင်န်) သည် (ဤမြည်သော စကားများ ပြောဆိုခြင်းအားဖြင့်) မိမိ၏ အမျိုးသားတို့အား လူ့ဗာလများ (အဖြစ် အသိပညာ ထုံထိုင်းစေအောင်) ပြုလုပ်ခဲ့ပေရာ၊ ထိုအမျိုးသားတို့မှာ ၎င်းတို့၏ စကားကို နာယူခဲ့ကြကုန်၏။ စင်စစ်အမှန် ၎င်းတို့သည် (မူလကပင်) စည်းကမ်းကျူးလွန်သော လေလွင့်သော အမျိုးသားများပင် ဖြစ်ခဲ့ကြကုန်၏။

فَلَمَّاۤ اٰسَفُوْنَا انْتَقَمْنَا مِنْهُمْ فَاَغْرَقْنٰهُمْ اَجْمَعِيْنَ ﴿٥٥﴾

၄၃ : ၅၅ ။ ။ ထို့နောက် ၎င်းတို့သည် ငါအသျှင်မြတ်အား အမျက်ထွက်စေခဲ့ကြသောအခါ ငါအသျှင်မြတ်သည် ၎င်းတို့အား လက်စားချေတော်မူခဲ့၏။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ၎င်းတို့အားလုံးကိုပင် (တစ်ယောက်မကျန်) နစ်မြုပ်စေတော်မူခဲ့၏။

فَجَعَلْنٰهُمْ سَلَفًا وَّمَثَلًا لِّلْاٰخِرِيْنَ ﴿٥٦﴾

၄၃ : ၅၆ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် ထိုသူတို့အား နောင်လာနောက်သားတို့အဖို့ ဦးစီးရှေ့ဆောင်နှင့် သင်ခန်းစာ ဖြစ်စေတော်မူခဲ့ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းပြင် စေန်စင်စစ် ငါအသျှင်မြတ်သည် (တမန်တော်) မူစာအား မိမိ၏ သက်သေလက္ခဏာ တန်ခိုးတော်များ (ဖြစ်သော တောင်ဝှေးတော်နှင့် ဖြူဖွေးလင်းလက် တောက်ပသော တန်ခိုးတော်လက်တော်) နှင့်တကွ ဖိရ်အောင်န်နှင့် ၎င်း၏ မှူးမတ်တို့ထံသို့ စေလွှတ်တော်မူခဲ့ရာ ၎င်းမူစာသည် (ဖိရ်အောင်န်နှင့်တကွ ၎င်း၏ မှူးမတ်များထံသို့ သွားရောက်ကာ ၎င်းတို့အား) စေန်စင်စစ် ငါသည် စကြဝဠာခပ်သိမ်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ (ဘက်တော်မှ ရစူလ်အဖြစ် အသင်တို့ တရားလမ်းမှန် ရရှိကြစေရန်အလို့ငှာ လာရောက်သော) ရစူလ်တမန်တော်ဖြစ်သည်ဟု ပြောကြားခဲ့၏။ (သို့ရာတွင် ဖိရ်အောင်န်နှင့် ၎င်း၏ အပေါင်းအပါတို့သည် လက်မခံကြပေ။)

သို့ရာတွင် (ငါအသျှင်မြတ်သည် အခြားသော သက်သေလက္ခဏာတန်ခိုးတော်များကို ပြစ်ဒဏ်အသွင်မျိုးဖြင့် ထိုမူစာ عليه السلام နဗီဖြစ်ကြောင်းကို အတည်ပြုရန်အတွက် ထုတ်ဖော်ပြသတော်မူခဲ့ပေသည်။ ဆိုလိုသည်မှာ ကပ်များ ဆိုက်ကပ်ခြင်း အစရှိသည်တို့ ဖြစ်ပေသည်။ သို့ရာတွင် ၎င်းတို့၏ အခြေအနေမှာ ရှိရင်းအတိုင်းသာ တည်ရှိနေပေရာ) ယင်း (မူစာ عليه السلام) သည် ၎င်းတို့ထံ ငါအသျှင်မြတ်၏ (ထို) သက်သေလက္ခဏာ တန်ခိုးတော်များကို ယူဆောင်ခဲ့သောအခါ (အကြင်သက်သေလက္ခဏာတန်ခိုးတော်များကို လက္ခဏာတော်ကြီး (၉) ပါးဟူ၍ ခေါ်ဆိုပေသည်။) ရုတ်တရက် ၎င်းတို့သည် ယင်းသက်သေ

လက္ခဏာတန်ခိုးတော်များကို (မြင်၍ ပြက်ရယ်သောအားဖြင့်) ရယ်မောခဲ့ကြကုန်၏။ (ဤသည် အံ့သြ ကောင်းမွန်သော တန်ခိုးတော်များ ဖြစ်ပါ၏လော။ သာမန်ဖြစ်အင်များသာ ဖြစ်ပေသည်။ အဘယ်ကြောင့် ဆိုသော် မိုးခေါင်ရေရှားဖြစ်ခြင်း အစရှိသော ကပ်ဆိုက်မှုတို့သည် ဖြစ်ပေါ်လေ့ရှိသော အမှုကိစ္စများ ဖြစ်ပေ သည်။ သို့ရာတွင် ဤသည် ၎င်းတို့၏ အသိဉာဏ်၊ အလိမ္မာခေါင်းပါးမှုသာ ဖြစ်ပေသည်။ အဘယ် ကြောင့်ဆိုသော် အခြားသော အကြောင်းခံများမှ 'ဤဖြစ်အင်များသည် သာမန် အမှုကိစ္စများမဟုတ်ဘဲ 'မုအ်ဂျေဇာဟ်' (တန်ခိုးတော်) အသွင်ဖြင့် ဖြစ်ပေါ်လျက်ရှိနေကြောင်း' ကို ရှင်းလင်းစွာဖြင့် သိရှိရပေ သည်။ ထို့ကြောင့်ပင်လျှင် ၎င်းတို့သည် ယင်း 'မုအ်ဂျေဇာဟ်' (တန်ခိုးတော်) အချက်များအပေါ် စုန်းပဍ္ဍလက် အတတ်ပညာဟူ၍ မတရားစွပ်စွဲမှုကို ပြုကြခဲ့ပေသည်။ ပမာဆိုရသော် စူရာဟ်အအ်ရားဖ်အတွင်း၌ ပါရှိ သော لِتَسْحَرَنَا بِهَا ဟူသော စကားလုံးသည် ယင်းအချက်အပေါ် သက်သေထူနေပေသည်။)

စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့အား ပြသတော်မူခဲ့သော သက်သေလက္ခဏာ တန်ခိုးတော်တိုင်း မှာ (အခြေအနေအရ ဤသို့ပင် ဖြစ်သည်။ ၎င်းမှာ) ၎င်း၏အလျှင် ပြခဲ့သော အခြားတန်ခိုးတော်ထက် ပိုမို ကြီးကျယ်သော တန်ခိုးတော်သာလျှင် ဖြစ်ခဲ့လေ၏။ (အလိုသဘောမှာ အားလုံးသော တန်ခိုးတော်များ သည် ကြီးကျယ်လှစွာသော တန်ခိုးတော်များ ဖြစ်ပေသည်။ 'တန်ခိုးတော်များအနက်မှ တစ်ခုတိုင်း တစ်ခုတိုင်း သည် အခြားသော တန်ခိုးတော် သက်သေလက္ခဏာတော်များနှင့် နှိုင်းယှဉ်လျှင် ကြီးသည်' ဟူသော အလို သဘောမျိုး မဟုတ်ပေ။ ဤသည် ဝေါဟာရ အသုံးအနှုန်းတစ်ခု ဖြစ်သည်။ အရာအမြောက်အမြားရှိကာ တစ်ခုတိုင်းဆီတွင် ပြည့်စုံကုံလုံမှုရှိကြောင်းကို တင်ပြလိုလျှင် အထက်ပါအတိုင်းသာ တစ်ခုထက်တစ်ခု ပို၍ ရှိလေသည်ဟူ၍ ပြောလေ့ ရှိကြသည်။ သို့မဟုတ် 'အမှန်တကယ်တွင်လည်း နောင်ရောက်ရှိလာမည့် သက်သေလက္ခဏာ တန်ခိုးတော်များသည် ကုန်လွန်လေပြီးခဲ့သော သက်သေလက္ခဏာ တန်ခိုးတော်ထက် အကျိုးကျေးဇူး တစ်စုံတစ်ရာ ထားရှိပေသည်' ဟူသော သဘောမျိုးလည်း ဖြစ်နိုင်ပေသည်။) ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား (သွေဖည်ငြင်းပယ်မှုကို စွန့်၍ ငါအသျှင်မြတ်ဘက်သို့) ပြန်လှည့်လာ ကြရန်အလို့ငှာ (ကပ်ဘေးဆိုက်သော ဘေးဒုက္ခ) ပြစ်ဒဏ်ဖြင့် ဖမ်းဆီးအရေးယူတော်မူခဲ့၏။ (ဆိုလိုသည် မှာ ဤသက်သေလက္ခဏာ တန်ခိုးတော်များသည် နဗီဖြစ်ခြင်း၏ အထောက်အထားလည်း ဖြစ်သကဲ့သို့ ၎င်းတို့အဖို့ အပြစ်ဒဏ်လည်း ဖြစ်ပေသည်။ သက်သေလက္ခဏာတော်တိုင်း ဖြစ်ပေါ် ဆိုက်ရောက်လာပြီး သည့် နောက်တွင်လည်း ၎င်းတို့ထံမှ အကြိမ်ကြိမ်အခါခါ ပဋိညာဉ်ခံဝန်ချက်ကို ရယူခဲ့ပါသော်လည်း သို့ရာတွင် ၎င်းတို့သည် တွန့်ဆုတ်ရပ်တန့်ခြင်း မရှိခဲ့ကြပေ။

ထို့ပြင် ၎င်းတို့သည် ဟဇရတ်မူစာ عليه السلام အား သက်သေလက္ခဏာတော်များ ကျရောက်လာတိုင်း ဤသို့ ပြောဆို (အသနားခံ) ခဲ့ကြ၏။ 'အို၊ စုန်းအတတ်ကို ကျွမ်းကျင်သော ဆရာ (ဤစကားလုံးကို ၎င်းတို့သည် အလွန် ထိတ်လန့်စိုးရိမ် ကြောက်ရွံ့နေသောအချိန် ပထမ မိမိတို့၏ ဓလေ့အကျင့် (ဝသီ) အတိုင်း နှုတ်လျှာမှ အလိုအလျောက် ထွက်သွားခြင်း ဖြစ်သည်။ သို့တည်းမဟုတ်ပါက ဤသို့ အားအင်

ချည့်နဲ့ကာ မစွမ်းဆောင်နိုင်၍ အကူအညီတောင်းခံနေသော နေရာမျိုးတွင် ဤသို့ ဆိုးသွမ်းသော စကားလုံးများကို ပြောဆိုရန်မှာ မဖြစ်နိုင်။ ခဲယဉ်း၊ ဝေးကွာလှပေသည်။ မည်သို့ပင်ဖြစ်စေ အလိုသဘောမှာ အို, မူစာ) အသင်သည် ကျွန်ုပ်တို့အဖို့ အသင့်အား မွေးဖြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်၌ အသင့်အား ကတိပြုထားတော်မူခဲ့သည်နှင့်အညီ ဆုတောင်း၍ ပေးပါ။ (ကျွန်ုပ်တို့ ရပ်တန့်က ရပ်မည် ဆိုလျှင် ပြစ်ဒဏ်တော်ကို ဖယ်ရှားပေးမည်ဟူသော ကတိတော်ပင် ဖြစ်သည်။ အကယ်၍ အသင်သည် ထိုပြစ်ဒဏ်ကို ဆုမွန်ဒိုအာ တောင်းခံပေးကာ ဖယ်ရှားပေးစေလိုက်မည်ဆိုပါက (တစ်နည်း) ယခုသော် ထိုကပ်ဘေး ပပျောက်သွားပါလျှင်) ဧကန်မလွဲ ကျွန်ုပ်တို့သည် တရားလမ်းမှန်ကို လိုက်ကြပါတော့မည် (ဟူ၍ ကတိပေးမည်ဖြစ်သည်။ ကပ်ဘေးများမှာ မိုးခေါင်ခြင်းကပ်၊ ကောက်ပဲသီးနှံ ယုတ်လျော့ခြင်းကပ်၊ မိုးသက်မုန်တိုင်း ကျရောက်ခြင်းကပ်၊ ကျိုင်းကောင်များ ကျရောက်ခြင်းကပ်၊ ပိုးမွှားသန်ကောင်များ ကျရောက်ခြင်းကပ်၊ နေရာအနှံ့အပြား၌ တိရစ္ဆာန်များ၏ ဘေးအန္တရာယ်ကပ်နှင့် ရေသည် သွေးဖြစ်သွားခြင်း၏ ကပ်တို့ ဖြစ်ပေသည်။)

သို့တစေလည်း ငါအသျှင်မြတ်သည် ၎င်းတို့ထံမှ (ကပ်ဘေးဒုက္ခ) ပြစ်ဒဏ်ကို ဖယ်ရှား၍ ပေးတော်မူသောအခါ ၎င်းတို့သည် ရုတ်တရက် ချက်ချင်းပင် (မိမိတို့၏) ကတိကို ဖောက်ဖျက်ကြလေသည်။ (ထိုသက်သေလက္ခဏာတန်ခိုးတော်များအကြောင်း စူရာဟ်အအ်ရားဖ်၌ တင်ပြပြီး ဖြစ်သည်။)

၎င်းပြင် ဖိရ်အောင်န်သည် မိမိအမျိုးသားတို့အား (သက်သေလက္ခဏာ တန်ခိုးတော်များကို ကြည့်ရှုကာ အများပြည်သူတို့သည် မွတ်စ္စလင်မ်များ ဖြစ်ကောင်းဖြစ်သွားပေမည်ဟူသော အချက် အသိအာရုံ၌ ဝင်ရောက်လွှမ်းမိုးလာသောအခါ ထိုစိုးရိမ်စိတ်ဖြင့် ကြေညာချက်ထုတ်ပြန်ရာ၌ ဤသို့ ကြေညာပြောဆိုခိုင်းပေသည်။) အို, ငါ၏ အမျိုးသားတို့၊ အီဂျစ်နိုင်ငံ (နှင့် ထိုနိုင်ငံ၏ နယ်ပယ်တစ်ခွင်လုံး) ကို ငါသာလျှင် စိုးမိုးအုပ်ချုပ်သည် မဟုတ်ပါလော။ ထို့ပြင် (ကြည့်ရှုကြကုန်။) ဤရေချောင်းတို့မှာ ငါ၏ (ဘုံနန်း) အောက်မှ စီးတွေလျက် ရှိကြသည် မဟုတ်လော။) သို့ပါလျက် အသင်တို့သည် (ဤဘုန်းတန်ခိုးများကို) မမြင်ကြလေသလော'ဟု (မိမိ၏ မျိုးနွယ်အုပ်စု အတွင်းဝယ်) ပြောဆို (ကြေညာ) ခဲ့လေ၏။

(မူစာ عليه السلام ၏ ထံပါးတော်၌ ဥစ္စာဓန တစ်စုံတစ်ရာမျှ မရှိပေရာ ပြောပြကြကုန်။ ကျွန်ုပ်သည် မှန်မြတ်၍ ကျွန်ုပ်၏ လမ်းစဉ်အား လိုက်နာသင့်ပေ၏လော။ သို့မဟုတ် ဟဇရတ်မူစာ عليه السلام ၏ လမ်းစဉ်ကို လိုက်နာသင့်ပေ၏လော။) သို့တည်းမဟုတ် 'ငါသည် (သာလျှင် ပစ္စည်းဥစ္စာနှင့် အုပ်ချုပ်မှု ရာထူးအာဏာအား ထောက်ရှု၍ ဤသို့) ဂုဏ်သရေသေးသိမ်သူ (တမန်တော်မူစာ عليه السلام) ထက် မြင့်မြတ်သည် (ကို အသင်တို့သည် မမြင်ကြလေသလော။) ၎င်းပြင် ဤသူသည် (စကားကို) ရှင်းလင်းစွာ (ပြောဆိုနိုင်သည်လည်း) မရှိပေ။

တစ်ဖန် (ဤသူသည် မိမိကိုယ်ကို မိမိ နဗီတမန်တော်ဖြစ်သည်ဟူ၍ ပြောဆို ပြသလာပါလျှင်) ၎င်း၏ (လက်များ) တွင် ရွှေလက်ကောက်၊ ရွှေမောင်းပတ်၊ လက်ပတ်များ အဘယ်ကြောင့် ဆင်ယင်ပေးခြင်းကို မခံရသနည်း။ (လောကီရေးရာ ဘုရင်ခံများ၏ ဓလေ့မှာ တစ်ဦးတစ်ယောက်အား သီသန့် ချီးမြှင့်

ပေးမှုကို ချီးမြှင့်လေသောအခါ ၎င်းအား ညီလာခံ နန်းရင်ပြင်တွင် ရွှေလက်ကောက်များကို ဝတ်ဆင်ပေးလေ့ရှိပေသည်။ အလိုသဘောမှာ 'အကယ်၍ ၎င်းအား နဗီအဖြစ် ချီးမြှောက်လိုက်သည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ၎င်း၏ လက်ဝယ် ရွှေလက်ကောက်များ ဆင်မြန်းပေးမည် ဖြစ်ပေသည်။) သို့တည်းမဟုတ် ကောင်းကင်တမန်များသည် အဘယ်ကြောင့် ၎င်းနှင့်အတူ အစဉ်မပြတ် လိုက်ပါလာခြင်း မရှိကြသနည်း။ (ဟု ပြောဆိုခဲ့လေ၏။ ပမာဆိုရသော် သီးသန့်နန်းရင်းဝန်များ၏ ကြွလှမ်းလာမှုနှင့် အခမ်းအနားသို့ တက်ရောက်ခြင်းသည် ဤကဲ့သို့သော ပုံစံမျိုးများဖြင့် လာရောက်ကြလေ့ ရှိပေသည်။

အချုပ်မှာ ၎င်း (ဖိရ်အောင်န်) သည် (ဤမည်သော စကားများကို ပြောဆို၍) မိမိ၏ အမျိုးသားများအား လူ့ဗာလများ (အဖြစ် အသိပညာကို ထုံထိုင်းစေအောင်) ပြုလုပ်ခဲ့ပေရာ ထိုအမျိုးသားတို့မှာ ၎င်း၏ စကားကို နာယူခဲ့ကြကုန်၏။ စင်စစ်အမှန် ၎င်းတို့သည် (မူလကပင်) စည်းကမ်းကျူးလွန်သော (ဆိုးသွမ်းသော အမျိုးသားများပင် ဖြစ်ခဲ့ကြကုန်၏။ ဤအတွက်ကြောင့် ဖိရ်အောင်န်၏ စကားများသည် ၎င်းတို့အပေါ် ပို၍ စူးရှသက်ရောက်မှု ရှိခဲ့၏။)

ထို့နောက် ၎င်းတို့သည် (ကုဖ္ဖရ် သွေဖည်ငြင်းဆိုမှုနှင့် ရန်ငြိုးမှု၊ ဆန့်ကျင်မှုကို စဉ်ဆက်မပြတ်ထားရှိကြကာ) ငါအသျှင်မြတ်အား အမျက်ထွက်စေခဲ့ကြသောအခါ ငါအသျှင်မြတ်သည် ၎င်းတို့အား လက်စားချေတော်မူခဲ့၏။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ၎င်းတို့အားလုံးကိုပင် (တစ်ယောက်မကျန်) နစ်မြုပ်စေတော်မူခဲ့၏။

ထို့နောက် ငါအသျှင်မြတ်သည် ၎င်းသူတို့အား နောင်လာနောက်သားတို့အဖို့ ဦးစီးရှေ့ဆောင်နှင့် သင်ခန်းစာဖြစ်စေတော်မူခဲ့ပေသည်။ (နောင်လာနောက်သားတို့အဖို့ ဦးစီးရှေ့ဆောင်နှင့် သင်ခန်းစာအဖြစ် ပြုတော်မူခြင်း၏ အလိုသဘောမှာ လူတို့သည် ၎င်းတို့၏ ဖြစ်အင်ကို သတိရရှိ၍ 'ကြည့်ကြကုန်။ အတိတ်ခေတ်လူသားတို့သည် ဤသို့သော အပြုအမူများကို ပြုကြသည့်အတွက်ကြောင့် ၎င်းတို့သည် ဤကဲ့သို့သော အခြေအနေကိန်းကို ဆိုက်ရောက်ခဲ့ရပေသည်' ဟူ၍ သံဝေဂတရား ရယူရန် ဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဟဇရတ်မူစာ ﷺ ၏ ဖြစ်အင်သည် နောက်၌ အကြိမ်ကြိမ်အခါခါ လာရှိခဲ့ပြီးဖြစ်သည်။ ဤအာယသ်တော်တွင် တင်ပြထားသော ဖြစ်အင်များကိုလည်း အကျယ်ဖွင့်ဆိုချက်နှင့်အတူ စူရာဟ်အအ်ရားဖ်၌ တင်ပြထားပြီးဖြစ်သည်။ ဤနေရာ၌ ၎င်းဖြစ်အင်များအား သတိပေးရခြင်း၏ ရည်ရွယ်ချက်မှာ 'မက္ကာဟ်မြို့ရှိ ကာဖိရ်များသည် တမန်တော်မြတ် ﷺ နဗီဖြစ်ခြင်းအား ဓနရှင်တစ်ဦး မဖြစ်သည့်အတွက် သံသယဖြစ်နေပေသည်။ ဤသည် သံသယအသစ်မဟုတ်ပေ။ သို့သာမက ဖိရ်အောင်န်နှင့် ၎င်း၏ မျိုးနွယ်အုပ်စုတို့သည် ဤသံသယကိုပင် ဟဇရတ်မူစာ ﷺ နဗီဖြစ်ခြင်းအပေါ် စွဲချက်တင်ခဲ့သည်။ ဖိရ်အောင်န်၏ ပြောကြားမှုမှာ 'ကျွန်ုပ်သည် အီဂျစ်နိုင်ငံကို အစိုးရသော မင်းဖြစ်သည်။ ကျွန်ုပ်၏ နန်းဥယျာဉ်များ၏ အောက်မှ

စမ်းချောင်းများ စီးတွေလျက် ရှိနေပေသည်။ ထို့ကြောင့် ကျွန်ုပ်သည် ဟဇရသ်မူစာ عليه السلام ထက် (မပြော ကောင်းမဆိုအပ်) သာပို၍ မွန်မြတ်ပေသည်။ သို့ဆိုလျှင် ကျွန်ုပ်နှင့် နှိုင်းယှဉ်လျှင် ၎င်းသည် နဗီဖြစ်ခြင်း အချက်ကို မည်သည့်ပုံစံမျိုးဖြင့် ရရှိနိုင်ပေမည်နည်း' ဟူ၍ ဖြစ်သည်။ ၎င်း၏ ဤစောဒကသံသယသည် တစ်စုံတစ်ရာကိုမျှပင် အသုံးမဝင်ခဲ့ပေ။ ၎င်းသည် မိမိ၏ အပေါင်းအပါ၊ မျိုးနွယ်အုပ်စုတို့နှင့်အတူ ရေနစ်မြုပ် ခဲ့ရပေသည်။ ဤကဲ့သို့ပင် မက္ကာဟ်မြို့ရှိ ကာဖိရ်များ၏ ဤစောဒကသည်လည်း ၎င်းတို့အား လောကီ၊ လောကုတ္တရာ နှစ်လောကစလုံး၏ ဆိုးကျိုး ပြစ်ဒဏ်တို့မှ ရှောင်ရှားကယ်တင်စေ နိုင်မည်မဟုတ်ပေ' ဟူသော အကြောင်းတို့ကြောင့် ဖြစ်ပေသည်။

وَلَا يَكَادُ يُبِينُ

(၎င်းပြင် ဤသူတို့သည် စကားကို ရှင်းလင်းစွာ ပြောဆိုနိုင်သည်လည်း မရှိပေ။) *[၄၃ : ၅၂]*

ဟဇရသ်မူစာ عليه السلام ၏ ဒိုအာကြောင့် အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ နှုတ်လျှာ၏ ထစ်အမှုကို ဖယ်ရှားဝေးကွာစေခဲ့ပါသော်လည်း ဖိရ်အောင်န်သည် ၎င်း၏ ကနဦးမြင်ကွင်းကိုသာ သတိရ သိရှိ တွေ့မြင် ထားသည့်အတွက်ကြောင့် ဟဇရသ်မူစာ عليه السلام ၏အပေါ် ဤပြစ်ချက်ကို တင်ပြလိုက်ခြင်းဖြစ်ပေသည်။ ဤနေရာ၌ 'ရှင်းလင်းစွာ ပြောဆိုနိုင်သည့် စွမ်းအား' ၏ အလိုသဘောမှာ ပုံမှန်ပြောဆိုနိုင်ခြင်း၏အစား အထောက်အထားများနှင့် ရှင်းလင်းစွာ ပြောဆိုနိုင်ခြင်း၏ စွမ်းအားလည်း ဖြစ်နိုင်ပေသည်။ ဖိရ်အောင်န် ၏ အလိုသဘောမှာ 'ဟဇရသ်မူစာ عليه السلام ၏ ထံတော်ပါး၌ ကျွန်ုပ်တို့အဖို့ စိတ်နှလုံး တည်ငြိမ်အေးချမ်းမှု ရရှိနိုင်အောင်သော ပြည့်ဝသည့် အထောက်အထားများ မရှိပေ' ဟူ၍ ဖြစ်သည်။ ကေန်စင်စစ် ဤအချက် သည် ဖိရ်အောင်န်၏ဘက်မှ သီးသန့်စွဲချက် မတရားပြောဆိုခြင်းသာ ဖြစ်ပေသည်။ သို့တည်းမဟုတ်ပါက ဟဇရသ်မူစာ عليه السلام သည် ငြင်းမရသော အထောက်အထားတို့ဖြင့် နှိုင်းယှဉ်ချေပပြောဆိုရာ၌ ဖိရ်အောင်န်အား လုံးဝ နှုတ်ပိတ်အဖြေပေး သနားတော်မူခဲ့သည်သာ ဖြစ်ပေသည်။ *[သဖ်စီးရေကဗီးရ်၊ ရူဟုလ်မအာနီး။]*

فَاسْتَخَفَّ قَوْمَهُ

(မိမိ၏ အမျိုးသားတို့အား လှည့်ဖြားများ ပြုလုပ်ခဲ့ပေရာ။) *[၄၃ : ၅၄]*

ထိုအာယသ်တော်အား ဘာသာပြန်မှုနှစ်ရပ် ပြုနိုင်ပေသည်။

ပထမတစ်ရပ်မှာ 'ဖိရ်အောင်န်သည် မိမိ၏ အမျိုးသားတို့အား လွယ်ကူစွာဖြင့် မိမိ၏ နောက်လိုက် အဖြစ် သွတ်သွင်းနိုင်ခဲ့ပေသည်' ဟူ၍ ဖြစ်သည်။

ဒုတိယတစ်ရပ်မှာ '၎င်းသည် မိမိ၏ မျိုးနွယ်အုပ်စု အမျိုးသားများကို အသိဉာဏ်၊ အလိမ္မာ ကင်းမဲ့သောသူများအဖြစ် တွေ့မြင်ခဲ့ပေသည်' ဟူ၍ ဖြစ်သည်။ *[ရူဟုလ်မအာနီး]*

فَلَمَّا آسَفُونَا

(ထို့နောက် ၎င်းတို့သည် ငါအသျှင်မြတ်အား အမျက်ထွက်စေခဲ့ကြသောအခါ။) *[၄၃ : ၅၅]*

اَسَفُوْنَا ဟူသော စကားလုံးသည် اسف ဟူသော ပုဒ်မှ ဆင်းသက်လာကာ အဘိဓါန်အရ 'ဝမ်းနည်းခြင်း' ဟူ၍ အဓိပ္ပာယ်ရရှိ၏။ ထို့ကြောင့်ပင် ယင်းဝါကျ၏ လုံးချင်းကောက် အဓိပ္ပာယ်ကို '၎င်းတို့သည် ငါအသျှင်မြတ်အား ဝမ်းနည်းစေတော်မူခဲ့ပေရာ' ဟူ၍ ဘာသာပြန်ဆိုရပေမည်။ 'ဝမ်းနည်းခြင်း' ကို များသောအားဖြင့် ဒေါသထွက်စေခြင်း၏ အနက်အဓိပ္ပာယ်၌လည်း အသုံးပြုလေ့ ရှိကြပေသည်။ ထို့ကြောင့် အများနားလည်လွယ်သော အသုံးအနှုန်း အနက်အဓိပ္ပာယ်ကို ထောက်ရှု၍ များသောအားဖြင့် '၎င်းတို့သည် ငါအသျှင်မြတ်အား အမျက်ဒေါသ ထွက်စေခဲ့ကြသောအခါ' ဟူ၍ ပုံစံမျိုးဖြင့် ပြန်ဆိုကြပေသည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် ဒေါသထွက်ခြင်းနှင့် ဝမ်းနည်းခြင်းများမှ သန့်ရှင်းစင်ကြယ်တော်မူပေသည်။ ဤအတွက်ကြောင့် အာယသ်တော်၏ အလိုသဘောမှာ '၎င်းတို့ ငါအသျှင်မြတ်သည် လုံးဝ ပြစ်ဒဏ်ပေးတော်မူရန် ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်ရသည့် အပြုအမူမျိုးကို ၎င်းတို့ ပြုကျင့်ခဲ့ကြသောအခါ' ဟူ၍ ဖြစ်သည်။ *[ရှုးဟ်]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَلَمَّا ضُرِبَ ابْنُ مَرْيَمَ مَثَلًا إِذَا قَوْمُكَ مِنْهُ يَصِدُّوْنَ ﴿٥٧﴾

၄၃ : ၅၇ ။ ။ ထို့ပြင် (အို, နဗီတမန်တော်) မရ်ယမ်၏ သား (နဗီတမန်တော်အီစာ) သည် စံနမူနာအဖြစ် ခိုင်းနှိုင်း တင်ပြခြင်းကို ခံရလေသောအခါ၊ အသင်၏ အမျိုးသားတို့မှာ ယင်းဥပမာကြောင့် နှစ်ထောင်းအားရ ရွှင်ပျ ဟစ်အော်ခဲ့ကြကုန်၏။

وَقَالُوْٓا ءَاٰلِهَتُنَا خَيْرٌ اَمْ هُوَ ۭ مَا ضَرَبُوْهُ لَكَ اِلَّا جَدَلًا ۭ بَلْ هُمْ قَوْمٌ خَصِمُوْنَ ﴿٥٨﴾

၄၃ : ၅၈ ။ ။ ထို့ပြင် ၎င်းတို့က 'ကျွန်ုပ်တို့၏ ကိုးကွယ်ရာများသည် မြင့်မြတ်လေသလော။ သို့မဟုတ် ၎င်းမရ်ယမ်၏ သား (အီစာ) သည် မြင့်မြတ်လေသလော' ဟု ပြောဆိုခဲ့ကြကုန်၏။ ၎င်းတို့သည် ဤသည်ကို အသင့်ရှေ့ဝယ် အငြင်းအခုံပြု၍ တင်ပြခဲ့ခြင်းသာလျှင် ဖြစ်ပေသည်။ အမှန်စင်စစ် ၎င်းတို့သည် အငြင်းအခုံပြုလေ့ရှိသော အမျိုးသားများပင် ဖြစ်ကြကုန်၏။

اِنْ هُوَ اِلَّا عَبْدٌ اَنْعَمْنَا عَلَيْهِ وَجَعَلْنٰهُ مَثَلًا لِّبَنِيْٓ اِسْرَاۗءِيْلَ ﴿٥٩﴾

၄၃ : ၅၉ ။ ။ ၎င်း (မရ်ယမ်) ၏ သား (အီစာ) သည် ကျွန်တစ်ပါးမျှ ဖြစ်၏။ ငါအသျှင်မြတ်သည် ၎င်း၏အပေါ်၌ ကျေးဇူးပြုတော်မူခဲ့သည့်ပြင် ၎င်းအား အိဿရာအီလ်အမျိုးသားတို့အဖို့ စံနမူနာတစ်ခု ပြုလုပ်တော်မူခဲ့၏။

وَلَوْ نَشَآءُ لَجَعَلْنَا مِنكُم مَّلَٰٓئِكَةً فِى ٱلْأَرْضِ يَخْلُفُونَ ﴿٦٠﴾

၄၃ : ၆၀ ။ ။ စင်စစ် အကယ်၍သာ ငါအသျှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် အသင်တို့မှ 'မလာအေ့ကဟ်' ကောင်းကင်တမန်များကို ဖန်ဆင်းတော်မူခဲ့မည်ဖြစ်ရာ ၎င်းကောင်းကင်တမန်တို့မှာ ကမ္ဘာမြေဝယ် (အသင်တို့၏) အရိုက်အရာကို ဆက်ခံကြမည်ဖြစ်၏။

وَإِنَّهُۥ لَعِلْمٌ لِّلسَّاعَةِ فَلَا تَمْتَرُنَّ بِهَا وَٱتَّبِعُونِ ۚ هَٰذَا صِرَٰطٌ مُّسْتَقِيمٌ ﴿٦١﴾

၄၃ : ၆၁ ။ ။ ထို့ပြင် စေကန်မလွဲ ၎င်း (မရ်ယမ်) ၏ သား (အီစာ) သည် 'ကေယာမသ်' ရှင်ပြန်ထမည့် အချိန်ကာလနှင့်စပ်လျဉ်း၍ လက္ခဏာ၊ စည်းကမ်းသတ်မှတ်ချက်အဖြစ် 'ကေယာမသ်' ရှင်ပြန်ထမည့်နေ့ကို ယုံကြည်ရန် အကြောင်းတစ်ရပ် ပင်ဖြစ်၏။ သို့ဖြစ်ပေရာ အသင်တို့သည် ယင်း 'ကေယာမသ်' နေ့နှင့် စပ်လျဉ်း၍ ယုံမှားသံသယ မဖြစ်ကြကုန်လင့်။ ၎င်းပြင် အသင်တို့သည် ငါ၏နောက်သို့ လိုက်ခဲ့ကြလေကုန်။ ဤသည် ဖြောင့်မတ်မှန်ကန်သော တရားလမ်းပင်ဖြစ်ပေသည်။

وَلَا يَصُدَّنَّكُمُ ٱلشَّيْطَٰنُ ۖ إِنَّهُۥ لَكُمْ عَدُوٌّ مُّبِينٌ ﴿٦٢﴾

၄၃ : ၆၂ ။ ။ ထို့ပြင် ရှိုက်သွာန်သည် အသင်တို့အား (တရားလမ်းမှ) တားဆီးပိတ်ပင်ခြင်း မပြုစေရ။ စေကန်မလွဲ ၎င်းသည် အသင်တို့၏ ထင်ရှားစွာသော ရန်သူပင် ဖြစ်ပေသည်။

وَلَمَّا جَآءَ عِيسَىٰ بِٱلْبَيِّنَٰتِ قَالَ قَدْ جِئْتُكُم بِٱلْحِكْمَةِ وَلِأُبَيِّنَ
لَكُم بَعْضَ ٱلَّذِى تَخْتَلِفُونَ فِيهِ ۖ فَٱتَّقُوا۟ ٱللَّهَ وَأَطِيعُونِ ﴿٦٣﴾

၄၃ : ၆၃ ။ ။ ၎င်းပြင် အီစာသည် ထင်ရှားလှစွာသော သက်သေလက္ခဏာများနှင့်တကွ ယူဆောင်၍ လာခဲ့သောအခါ (ဤသို့) ပြောကြားခဲ့လေသည်။ စေကန်စင်စစ် ငါသည် အသင်တို့ထံ နက်နဲသိမ်မွေ့သော ဉာဏ်ပညာကို ယူဆောင်၍လာခဲ့သည်။ ထို့ပြင် ငါသည် အသင်တို့အချင်းချင်း သဘောကွဲလွဲနေကြသော အရေးကိစ္စ အချို့တို့ကို အသင်တို့အား ရှင်းလင်းဖော်ပြရန် လာခဲ့သည်။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့လေကြကုန်။ ၎င်းပြင် ငါ၏စကားကို လိုက်နာကြလေကုန်။

إِنَّ ٱللَّهَ هُوَ رَبِّى وَرَبُّكُمْ فَٱعْبُدُوهُ ۚ هَٰذَا صِرَٰطٌ مُّسْتَقِيمٌ ﴿٦٤﴾

၄၃ : ၆၄ ။ ။ စေကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည်ပင် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ ထို့ပြင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်လည်း ဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုအသျှင်မြတ်ကိုသာလျှင် ဆည်းကပ် ကိုးကွယ်ကြလေကုန်။ ဤသည် ဖြောင့်မတ်မှန်ကန်သော တရားလမ်းပင် ဖြစ်ချေသည်။

فَاخۡتَلَفَ الۡاَحۡزَابُ مِنۡۢ بَیۡنِهِمۡ ۚ فَوَیۡلٌ لِّلَّذِیۡنَ ظَلَمُوۡا مِنۡ عَذَابِ یَوۡمٍ اَلِیۡمٍ ﴿۶۵﴾

၄၃ : ၆၅ ။ ။ သို့ပါလျက် ၎င်းတို့၏အထဲမှ အုပ်စု (ဂိုဏ်းဂဏ) အသီးသီးတို့သည် ကွဲခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ မတရား ကျူးလွန်ခဲ့ကြသော သူတို့၌ လွန်စွာ ပြင်းပြနာကျင်ဖွယ်သော နေ့၏ ပြစ်ဒဏ်ကြောင့် ပျက်စီးခြင်းသည် ရှိပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(တစ်ကြိမ်တစ်ခါက တမန်တော်မြတ် ﷺ သည် 'အလ္လာဟ်အသျှင်မြတ်မှအပ အခြားအရာများကို ခဝပ်ကိုးကွယ်နေကြသည်ဆိုပါက ယင်းသို့ ခဝပ်ကိုးကွယ်ခြင်း ခံနေကြသော အရာများတွင် ကောင်းချီး တစ်စုံတစ်ရာမျှပင် ရှိသည်မဟုတ်ကြောင်း' ကို မိန့်မြွက်တော်မူလိုက်ပေသည်။ ထိုမိန့်မြွက်ချက်အပေါ် ကုရိုက်ရှ်အမျိုးသားအချို့မှ 'နစ္စရာနီတို့သည် ဟဇရသ်အီစာ عليه السلام အား ခဝပ်ကိုးကွယ်ကြပေသည်။ သို့ရာတွင် ၎င်းနဗီနှင့် စပ်လျဉ်း၍ 'ယင်းနဗီအတွင်း၀ယ် ကောင်းချည်းသာလျှင် ရှိကြောင်း' အသင်သည်လည်း ယုံကြည်လက်ခံထားပေသည်' ဟူ၍ စောဒကတက်ကြလေရာ ၎င်းတို့အား တုန့်ပြန်ဖြေကြားရာ၌ အလ္လာဟ် အသျှင်မြတ်သည် မိန့်မြွက်ထားတော်မူပေသည်။) ထို့ပြင် (အို၊ နဗီတမန်တော်) မရ်ယမ်၏သား (နဗီတမန် တော်အီစာ) နှင့် စပ်လျဉ်း၍ (စောဒကတက်သောသူ တစ်ဦး၏ဘက်မှ ထူးဆန်းသော အကြောင်းအရာအဖြစ်) စံနမူနာအဖြစ် နှိုင်းယှဉ်တင်ပြခြင်းကို ခံရလေသောအခါ (အံ့ဖွယ်ကောင်းရခြင်းအကြောင်းမှာ အပေါ်ယံ ဝါဒီဖြင့်သာ ရှုမြင်သုံးသပ်မည်ဆိုလျှင်လည်း ယင်းအချက်မှားယွင်းကြောင်းကို ၎င်းတို့ကိုယ်တိုင် သိရှိ သွားနိုင်ပေသည်။ သို့ရှိရာ ဦးနှောက်အသိဉာဏ်ရှိပါလျက်နှင့် ဤသို့ စောဒကတက်ခြင်းသည် အလွန် အံ့ဖွယ်ကောင်းလှပေသည်။ အချုပ်ဆိုရသော် ဤသို့ စောဒကတက်ကြသောအခါ၀ယ်) အသင်၏ အမျိုးသား တို့မှာ ယင်းဥပမာ (စောဒကကို ကြားလိုက်ရသောကြောင့် ပျော်ရွှင်စွာ) နှစ်ထောင်းအားရ ရွှင်ပျှဟစ်အော် ခဲ့ကြကုန်၏။

ထို့ပြင် (ယင်းစောဒကတက်သူနှင့် ပူးပေါင်းကာ) ၎င်းတို့က (အသင့်ထံ၌ မည်သည့် အဖြေ ရှိသနည်း။ ကျွန်ုပ်တို့အား ဖြေကြားပြောဆိုကြကုန်။) ကျွန်ုပ်တို့၏ ကိုးကွယ်ရာများသည် မြင့်မြတ် လေသလော။ သို့မဟုတ် (မရ်ယမ်၏ သား) အီစာ عليه السلام သည် မြင့်မြတ်လေသလော' ဟု ပြောဆိုခဲ့ကြ ကုန်၏။ (၎င်းတို့ ပြောကြားမေးမြန်းချက်၏ အလိုသဘောမှာ ဤသို့ပင် ဖြစ်သည်။ အသင်သည် ဟဇရသ် အီစာ عليه السلام ကိုမူ ကေန်မုချ သာပို မြင့်မြတ်သည်ဟူ၍ မှတ်ယူထားပေသည်။ စင်စစ် အသင်သည် 'အလ္လာဟ် အသျှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ခြင်း ခံရသော အရာများ၌မူ တစ်စုံတစ်ရာ ကောင်းချီးမင်္ဂလာ မရှိ' ဟူ၍ ခေါ်ဆိုခဲ့သည်။ ယင်းသို့ ပြောကြားချက်၏ တောင်းဆိုချက်သဘောမှာ 'ဟဇရသ်အီစာ عليه السلام ၏ ထံတော်ပါး၌လည်း ကောင်းချီး မင်္ဂလာတစ်စုံတစ်ရာ လုံး၀မရှိ' ဟူသော သဘောမျိုး သက်ရောက်သွား ပေသည်။ (မပြောကောင်းမဆိုအပ်) သို့ဆိုလျှင် အသင်၏ ပြောဆိုမှုသည် မမှန်ကန်တော့ပေ။ ဒုတိယ အချက်အဖြစ် သိရှိရသောအချက်မှာ 'အသင့်အနေနှင့် ကောင်းသည်ဟူ၍ ပြောဆိုခဲ့သော အရာသည်လည်း

ခဝပ်ကိုးကွယ် ခံခဲ့ရသည်။ ထို့ကြောင့် ယင်းအချက်မှ ရှရစ်က်တုဖက်နိုင်းယှဉ်ခြင်း မှန်ကန်ကြောင်းကို အတည်ပြု၍ ရရှိကြောင်း' ကို သိရှိရပေသည်။ ရှေ့၌ ယင်းစောဒကအား ဖြေကြားထားပေသည်။ ဦးစွာ ပထမ အကျဉ်းချုပ်၊ ထို့နောက်တစ်ဖန် အကျယ်တဝင့် ဖြေကြားချက်ကို တင်ပြထားပေသည်။ အကျဉ်းချုပ် အနေဖြင့် ဤသို့ တင်ပြထားသည်။ ၄င်းမှာ) ၄င်းတို့သည် (ဤအံ့ဖွယ်ကောင်းသော စံနမူနာစောဒက) ကို အသင့်ရှေ့ဝယ် အငြင်းအခုံပြုရန် တင်ပြခဲ့ခြင်းသာလျှင် ဖြစ်ပေသည်။ (အမှန်တရားကို ရှာဖွေရန် ရည်ရွယ်၍ မဟုတ်ပေ။ သို့တည်း မဟုတ်ပါက ၄င်းတို့အပေါ်၌ ထိုစောဒက၏ အကျိုးမဲ့ အလဟဿ ဖြစ်ရှိနေခြင်းသည် ဖုံးကွယ်နေမည်မဟုတ်ပေ။ ထို့ပြင် ၄င်းတို့၏ အခြေအတင် ငြင်းခုံမှုပြုခြင်းသည် ဤ စောဒက အကြောင်းအရာအပေါ်၌သာ သီးသန့်မဟုတ်ရုံသာမက) အမှန်စင်စစ် ၄င်းတို့သည် (မိမိတို့၏ အကျင့်အမူအားဖြင့်လည်း) အငြင်းအခုံပြုလေ့ရှိသော အမျိုးသားများပင် ဖြစ်ကြကုန်၏။ (များသောအားဖြင့် မှန်ကန်သော အချက်အလက်၊ အကြောင်းအရာများနှင့် စပ်လျဉ်း၍ အရှုပ်အရှင်း ပြဿနာများကို ဖော်ထုတ် ရှာဖွေလေ့ ရှိကြပေသည်။)

(ရှေ့၌ အကျယ်တဝင့် ချေပမိန့်မြွက်မှုများအား တင်ပြထားပေသည်။) ၄င်း (မရ်ယမ်၏ သား) အီဆာ ﷺ သည် ဤကဲ့သို့သော ကျွန်တစ်ပါးမျှသာ ဖြစ်၏။ ငါအသျှင်မြတ်သည် ၄င်း၏အပေါ်၌ (လက်ခံ ရွေးချယ်တော်မူ၍ နဗီတစ်ပါးအတွက် ရှိသင့်ရှိထိုက် လိုအပ်သော ပြည့်ဝစုံလင်လှသည့် အရည်အချင်း တော်များကို ချီးမြှင့်ကာ) ကျေးဇူးပြုတော်မူခဲ့သည့်အပြင် ၄င်းအား (ဦးစွာပထမ) အီစ်ရာအီလီမျိုးနွယ် တို့အဖို့ (ဒုတိယအဆင့်အနေဖြင့် အခြားသော သူတို့အဖို့ မိမိ၏ တန်ခိုးတော် စွမ်းဆောင်နိုင်တော်မူခြင်း အပေါ်) စံနမူနာတစ်ခုအဖြစ် ပြုလုပ်ထားရှိတော်မူခဲ့၏။ သို့မှသာ လူတို့သည် 'အလ္လာဟ်အသျှင်မြတ်အဖို့ ဖခင်မရှိဘဲနှင့်လည်း ဖန်ဆင်းနိုင်၊ မွေးဖွားစေရာတွင် တစ်စုံတစ်ရာ ခက်ခဲမှုမရှိ' ဟူသော အချက်ကို သိနားလည်သွားစေရန် ဖြစ်ပေသည်။ ထိုမိန့်မြွက်ချက်မှ ၄င်းတို့ဘက်မှ တက်လာသော စောဒကနှစ်ရပ် စလုံး၏ တုန့်ပြန်ဖြေကြားချက်သည် ထွက်ပေါ်လာသည်။ အကြင်တုန့်ပြန် ဖြေကြားချက်၏ ရှင်းလင်း ချက်ကို သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များကဏ္ဍရပ်၌ တင်ပြပေမည်။)

(ငါအသျှင်မြတ်သည်မူ ထို့ထက်သာပို၍ အံ့ဖွယ်ကောင်းသော အမှုကိစ္စများကိုပင် ပြုစွမ်းနိုင်တော် မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ သို့ရှိရာ) စင်စစ် အကယ်၍သာ ငါအသျှင်မြတ်သည် အလိုရှိ တော်မူခဲ့ပါလျှင် အသင်တို့မှ ကောင်းကင်တမန်တော်များကို (အသင်တို့အနေဖြင့် အသင်တို့၏ သားသမီး များကို မွေးဖွားပေးသကဲ့သို့) ဖန်ဆင်းတော်မူခဲ့မည်ဖြစ်ရာ ၄င်းကောင်းကင်တမန်တို့မှာ (လူသားများကဲ့သို့ အသင်တို့၏) အရိုက်အရာကို ဆက်ခံကြမည် ဖြစ်၏။ (ဆိုလိုသည်မှာ မွေးဖွားခြင်းသည်လည်း လူသားတို့ ကဲ့သို့ဖြစ်ပြီး၊ သေဆုံးခြင်းမှာလည်း လူသားတို့ကဲ့သို့ပင် ဖြစ်မည်။ ဖခင်မရှိဘဲ မွေးဖွားလာခြင်းကြောင့် 'ဟဇရတ်အီဆာ ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ ကျွန်နှင့် ထိုအသျှင်မြတ်၏ တန်ခိုးအာဏာစက်အတွင်း ဝယ် မတည်ရှိပေ' ဟူသော အချက်သည် လုံးဝဥဿုံ မသက်ရောက်ပေ။ ဤအတွက်ကြောင့် ယင်းအမှု ကိစ္စသည် 'ဟဇရတ်အီဆာ ﷺ သည် ခဝပ်ကိုးကွယ်ခြင်းခံထိုက်သော အသျှင် ဖြစ်ခြင်း၏ အထောက်အထား

မဖြစ်နိုင်တော့ပေ။ ယင်းသို့ မီးဖွားသန့်စင်စေလိုက်ခြင်းဖြင့် အချို့သော အမြော်အမြင်တော်များ ရှိပေသည်။ အမြော်အမြင်တော်တစ်ရပ်ကို အထက်၌ 'ၚင်းအား မိမိ စွမ်းဆောင်နိုင်တော်မူကြောင်း၏ စံနမူနာတစ်ရပ်အဖြစ် ပြုလုပ်ရန်ဖြစ်သည်' ဟူ၍ မိန့်မြွက်ထားတော်မူခဲ့ပြီး ဖြစ်ပေသည်။)

ထို့ပြင် (ဒုတိယအမြော်အမြင်တော်တစ်ရပ်မှာ) ဧကန်မလွဲ ၎င်း (မရ်ယမ်၏သား အီစာ عليه السلام) သည် (၎င်းအား ဤသို့ မွေးဖွားစေပေးရာ၌ 'ကေယာမသ်'ဖြစ်ပေါ်လာမည်ဖြစ်ခြင်း) ရှင်ပြန်ထရမည့် အချိန်ကာလနှင့် စပ်လျဉ်း၍ လက္ခဏာစည်းကမ်း သတ်မှတ်ချက် (အဖြစ်) နှင့် 'ကေယာမသ်'ရှင်ပြန်ထရမည့် နေ့ကို ယုံကြည်ရန် အကြောင်းတစ်ရပ်ပင် ဖြစ်၏။ (၎င်းမှာ ဤကဲ့သို့ ဖြစ်သည်။) 'ကေယာမသ်' နေ့၌ ဒုတိယအကြိမ် ပြန်လည်ရှင်ပြန်ထစေခြင်းနှင့် စပ်လျဉ်း၍ ဒုတိယအကြိမ် ပြန်လည်ရှင်ပြန်ထရခြင်းသည် ဖြစ်ရိုးဖြစ်စဉ် သဘာဝနှင့် ဆန့်ကျင် ဘက်ဖြစ်နေခြင်းထက် သာပို၍ အခြားမည်သည့်အချက်မှ မရှိကြောင်းမှာ စဉ်းစားတွေးခေါ်ရာ၌ ခက်ခဲ၍ အလှမ်းမမီလောက်အောင် ဝေးကွာလှသော အကြောင်းအရာ မဟုတ်ပေ။ ဟဇရသ်အီစာ عليه السلام အား ဖခင်မရှိဘဲ မွေးဖွားစေလိုက်ခြင်းဖြင့် 'အလ္လာဟ်အသျှင်မြတ်သည် သဘာဝနှင့် ဆန့်ကျင်သော အမှုကိစ္စများ ဖြစ်ပေါ်သွားစေရန် စွမ်းဆောင်နိုင်တော်မူသော အသျှင်ဖြစ်ကြောင်း' ကို အတည်ပြု၍ ရရှိနိုင်ပေသည်။ သို့ရှိရာ ယင်းအချက် အတည်ပြုသွားပြီး ဖြစ်သောကြောင့် 'ကေယာမသ်' နှင့် 'အာခေရသ်' နောင်တမလွန်၏ ယုံကြည်ချက်ပိုင်းဆိုင်ရာ အချက်များသည်လည်း မှန်ကန်သွားကြောင်း ထပ်မံ၍ အတည်ပြု၍ ရရှိနိုင်ပေသည်။ အသင်တို့သည် နောင်တမလွန် 'အာခေရသ်' ၏ ယုံကြည်ချက်ပိုင်းဆိုင်ရာ ဤအထောက်အထားကို ကြားနာရသောအခါဝယ်) သို့ဖြစ်ပေရာ အသင်တို့သည် ယင်း 'ကေယာမသ်' နှင့် စပ်လျဉ်း၍ (အမှန်တကယ် ဆိုက်ရောက်လာမည်) ဖြစ်ကြောင်းကို ယုံမှားသံသယ မဖြစ်ကြကုန်လင့်။ ၎င်းပြင် အသင်တို့သည် ('သောင်ဟီးဒ်'တစ်ပါးတည်း တည်ရှိခြင်းတရားနှင့် 'အာခေရသ်' နောင်တမလွန်နှင့် စပ်လျဉ်းသော ယုံကြည်ချက်ပိုင်း မူဝါဒများ၌) ငါ၏နောက်သို့ လိုက်ခဲ့ကြကုန်။ ဤသည် (ကျွန်ုပ် အသင်တို့အား ဖိတ်ခေါ်လျက်ရှိနေသော လမ်းစဉ်အားလုံးသည်) ဖြောင့်မတ်မှန်ကန်သော တရားလမ်းပင် ဖြစ်ပေသည်။

ထို့ပြင် ရှိုက်သွာန်သည် အသင်တို့အား (တရားလမ်းမှ) တားဆီးပိတ်ပင်ခြင်း မပြုစေရ။ ဧကန်မလွဲ ၎င်းသည် အသင်၏ ထင်ရှားလှစွာသော ရန်သူပင် ဖြစ်ပေသည်။ (ဤနေရာထိတိုင် ကာဖိရ်များ၏ တင်ပြပါ ဓောဒကတို့အား တုန့်ပြန်ဖြေကြားထားခြင်း အကြောင်း ဖြစ်ပေသည်။)

(ရှေ့၌ ဟဇရသ်အီစာ عليه السلام ကိုယ်တော်တိုင်၏ 'ဒအ်ဝသ်'ပေးဖိတ်ခေါ်ခဲ့သော အကြောင်းအရာများမှ 'သောင်ဟီးဒ်' (ကိုးကွယ်ခံထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်းတရား) အား အတည်ပြုပေးမှုနှင့် 'ရှရစ်က်' (တုဖက်နိုင်းယှဉ်ခြင်း) အား မှားယွင်းကြောင်း ချေဖျက် တိုက်ထုတ်ပေးခြင်းအား ထောက်ခံအတည်ပြု မိန့်တော်မူထားပေသည်။) ၎င်းပြင် အီစာ عليه السلام သည် ထင်ရှားလှစွာသော သက်သေလက္ခဏာတော်များနှင့်တကွ ယူဆောင်လာခဲ့သောခါ (ဤသို့ လူတို့အား) ပြောကြားခဲ့လေသည်။

ဧကန်စင်စစ် ငါသည် အသင်တို့ထံ နက်နဲသိမ်မွေ့သော အသိဉာဏ်ပညာကို ယူဆောင်လာခဲ့သည်။ (သို့မှသာ အသင်တို့၏ ခံယူချက်ပိုင်းဆိုင်ရာ မူဝါဒတို့အား ပြုပြင်ရန် ဖြစ်သည်။) ထို့ပြင် ငါသည် အသင်တို့ အချင်းချင်း သဘောကွဲလွဲနေကြသော (ပိုင်သည့် အမှုကိစ္စနှင့် မပိုင်သော အမှုကိစ္စ) အရေးကိစ္စအချို့တို့ကို အသင်တို့အား ရှင်းလင်းဖော်ပြရန် လာခဲ့ပေသည်။ (အကြင်ကဲ့သို့ ရှင်းလင်းပေးလိုက်ခြင်းဖြင့် အကွဲကွဲ အလွဲလွဲ ဖြစ်နေခြင်းနှင့် ဒွိဟသံသယတို့သည် ကွယ်ပျောက်သွားပေလိမ့်မည်။ ကျွန်ုပ်သည် ဤသို့ လာရောက်သောအခါ) သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ (ကျွန်ုပ် နဗီဖြစ်ခြင်းကိုလည်း မငြင်းဆိုကြနှင့်။ အဘယ်ကြောင့်ဆိုသော် ဤသို့ ငြင်းဆိုခြင်းသည် အလ္လာဟ်အသျှင်မြတ်အား ဆန့်ကျင်သမှုပြုခြင်းပင် ဖြစ်သည်။) ၎င်းပြင် ငါ၏ စကားကို လိုက်နာကြလေကုန်။ (အဘယ်ကြောင့်ဆိုသော် နဗီဖြစ်ကြောင်းကို ထောက်ခံခြင်းအတွက် ဤအချက်သည် အရေးကြီးပေသည်။)

(ဟဇရသ်အီစာ عليه السلام သည် ဤအချက်ကိုလည်း မိန့်မြွက်တော်မူပေသည်။) ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည်ပင် ငါ့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ (ထို့ပြင်) အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်လည်း ဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုအသျှင်မြတ်ကိုသာလျှင် ဆည်းကပ်ကိုးကွယ်ကြလေကုန်။ ဤ ('သောင်ဟီးဒ်' ကိုးကွယ်ခံထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်းတရား) သည်သာ ဖြောင့်မတ်မှန်ကန်သော တရားလမ်းပင် ဖြစ်ချေသည်။

သို့ပါလျက် (ဟဇရသ်အီစာ عليه السلام သည် ကိုးကွယ်ခံထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်း တရားအား မှတ်သားဖွယ်ကောင်းလောက်အောင် တင်ပြနေသည့် ကြားကပင် သို့တစေလည်း) ၎င်းတို့ထဲမှ အုပ်စု (ဂိုဏ်းဂဏ) အသီးသီးတို့သည် (ထိုကိုးကွယ်ခံထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်းတရားနှင့် ပတ်သက်၍ ကွဲလွဲခဲ့ကြကုန်၏။ (ဆိုလိုသည်မှာ 'သောင်ဟီးဒ်'ကိုးကွယ်ခံထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်းတရားနှင့် ဆန့်ကျင်စွာ အမျိုးမျိုးသော ဘာသာ သာသနာများကို တီထွင်ဖန်တီးမှုများ ပြုခဲ့ကြပေသည်။ သို့ရှိရာ 'သောင်ဟီးဒ်'ကိုးကွယ်ခံထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်းတရားနှင့် စပ်လျဉ်း၍ နစ္စရာနီ (ခရစ်ယာန်) များနှင့် နစ္စရာနီ (ခရစ်ယာန်) မဟုတ်သူတို့၏ အကွဲအလွဲကိုလည်း သိရှိနိုင်ပြီး ဖြစ်ပေသည်။) သို့ဖြစ်ပေရာ မတရား ကျူးလွန်ခဲ့ကြသော သူတို့ (ကျမ်းရ မုရှ်ရစ်က်တို့နှင့် ကျမ်းမရ မုရှ်ရစ်က်တို့) ၌ လွန်စွာ ပြင်းပြ နာကျင်ဖွယ်သောနေ့၏ ပြစ်ဒဏ်ကြောင့် ပျက်စီးခြင်းသည် (ရောက်) ရှိ (လာ) ပေလိမ့်မည်။ (သို့ရှိရာ ဟဇရသ်အီစာ عليه السلام ၏ ထိုဖိတ်ခေါ်မှုဖြင့် ကိုးကွယ်ခံထိုက်တော်မူသော အသျှင်တစ်ပါးတည်း တည်ရှိခြင်း 'သောင်ဟီးဒ်' တရားသည် လေးနက်ခိုင်မာ အတည်ဖြစ်သွားပေသည်။ ဤအတွက်ကြောင့် ဟဇရသ်အီစာ عليه السلام အား မတရားသဖြင့် ခစပ်ကိုးကွယ်မှုပြုခြင်းမှ 'ရှရစ်က်' (တုဖက် နှိုင်းယှဉ်ခြင်း) မှန်ကန်မှုရှိသော လမ်းစဉ်ဖြစ်ကြောင်း အပေါ် အထောက်အထားကို ရယူထားကြခြင်းသည် ပြဒါးတစ်လမ်း၊ သံတစ်လမ်းပမာပင် ဖြစ်ပေသည်)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَلَمَّا ضُرِبَ ابْنُ مَرْيَمَ مَثَلًا اِذَا قَوْمُكَ مِنْهُ يَصِدُّوْنَ

ထို့ပြင် အို့, နဗီတမန်တော်၊ မရ်ယမ်၏ သား ဟဇရသ်အီစာ ﷺ သည် စံနမူနာအဖြစ် ခိုင်းနှိုင်းတင်ပြခြင်းကို ခံရလေသောအခါ အသင်၏ အမျိုးသားတို့မှာ ယင်းဥပမာကြောင့် နှစ်ထောင်းအားရ ရွှင်ပြဟစ်အော်ခဲ့ကြကုန်၏။ *[၄၃ : ၅၇]*

ထိုအာယသ်တော်များ ကျရောက်လာခြင်း၏ ကျောထောက်နောက်ခံ သမိုင်းနှင့် စပ်လျဉ်း၍ အဖွင့်ရှင်များသည် ဆင့်ပြန်ချက် (၃) ရပ်ကို တင်ပြထားပေသည်။ ဆင့်ပြန်ချက်တစ်ရပ်မှာ တစ်ကြိမ်တစ်ခါက တမန်တော်မြတ် ﷺ သည် ကုရိုက်ရှ်အမျိုးသားတို့အား ဤသို့ အောက်ဖော်ပြပါအတိုင်း မိန့်မြွက်လိုက်ပေသည်။

يامعشر قريش لاخير فى احديعبدمن دون الله

အို့, ကုရိုက်ရှ်အမျိုးသားအပေါင်းတို့၊ အလ္လာဟ်အသျှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ခြင်း ခံနေရသော အရာများတွင် ကောင်းချည်းတစ်စုံတစ်ရာမျှ မရှိပေ။ ယင်းမိန့်မြွက်ချက်အပေါ် မုရ်ှရစ်ကင်တို့သည် 'နစ္စရာနီတို့သည် ဟဇရသ်အီစာ ﷺ အား ခဝပ်ကိုးကွယ်ကြပေသည်။ သို့ရာတွင် အသင်ကိုယ်တိုင်ပင် 'ငှင်းနဗီသည် အလ္လာဟ်အသျှင်မြတ်၏ မွန်မြတ်သော ကျေးကျွန်နှင့် နဗီဖြစ်ကြောင်း' ကို ယုံကြည်လက်ခံထားပေသည်' ဟူ၍ ပြောဆိုလာကြပေသည်။ ငှင်းတို့၏ ဤစောဒကအား တုန့်ပြန်ဖြေကြားရာ၌ ဤအထက်ဖော်ပြပါ အာယသ်တော်များ ကျရောက်လာပေသည်။ *[ကုရ်သုဗီး]*

ဒုတိယဆင့်ပြန်ချက်မှာ ဤသို့ပင် ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏

اِنَّكُمْ وَمَا تَعْبُدُوْنَ مِنْ دُوْنِ اللهِ حَصَبُ جَهَنَّمَ

ကေန်စင်စစ် အသင်တို့နှင့် အလ္လာဟ်အသျှင်မြတ်အား စွန့်လွှတ်၍ အသင်တို့ ကိုးကွယ်လျက်ရှိကြသော အသင်တို့၏ ကိုးကွယ်ရာတို့သည် 'ဂျဟန္နမ်' ငရဲဘုံ၏ လောင်စာများပင် ဖြစ်ကြကုန်၏။ *[၂၁ : ၉၈]*

ဟူသော အာယသ်တော် ကျရောက်လာသောအခါ ထိုအချိန်၌ ကာဖိရ်အမျိုးသားတစ်ဦးဖြစ်သော အဗ်ဒုလ္လာဟ်ဗင်နိဇိဗ်အရားသည် 'ဤအာယသ်တော်မြတ်နှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့ထံ၌ အကောင်းဆုံးသော အဖြေရှိပေသည်။ ထိုအဖြေမှာ 'နစ္စရာနီတို့သည် ဟဇရသ်အီစာ ﷺ အားလည်းကောင်း၊ ယဟူဒီတို့သည် ဟဇရသ်အိုဇိုက်ရ် ﷺ အားလည်းကောင်း ခဝပ်ကိုးကွယ်ကြလေရာ ဤသူနှစ်ဦးစလုံးသည်လည်း 'ဂျဟန္နမ်' ၏ လောင်စာမီး ဖြစ်သွားမည်၏လော' ဟူ၍ပင် ဖြစ်သည်' ဟု ပြောဆိုပေတော့သည်။ ဤစကားကို ကြားကာ ကုရိုက်ရှ်အမျိုးသား မုရ်ှရစ်ကင်တို့သည် အလွန်ပျော်ရွှင်သွားကြပေသည်။ ထိုအချက်အပေါ်

اِنَّ الَّذِيْنَ سَبَقَتْ لَهُمْ مِّنَّا الْحُسْنٰى اُولٰٓئِكَ عَنْهَا مُبْعَدُوْنَ

ကေန်စင်စစ် အကြင်သူတို့သည် ငါအသျှင်မြတ်ထံတော်မှ မူလကပင် ထိုသူတို့အဖို့ ကောင်းကျိုးကို ပြဋ္ဌာန်းပြီးဖြစ်သည်။ ထိုသူတို့သည် ယင်း 'ဂျဟန္နမ်'ငရဲဘုံမှ ဝေးလံစွာ ထားစေခြင်းကို ခံကြရမည့်သူများပင် ဖြစ်ကြပေမည်။ *[၂၁ : ၁၀]*

ဟူသော အာယသ်တော်နှင့် စူရာဟ်ဇုခ်ရုဖ်၏ ယခု တင်ပြလျက်ရှိနေသော အာယသ်တော်များ ကျရောက်လာပေသည်။ *[အိဗ်နေကဆီးရ်]*

တတိယဆင့်ပြန်ချက်မှာ ဤသို့ပင် ဖြစ်သည်။ တစ်ကြိမ်တစ်ခါက မက္ကာဟ်မြို့ရှိ မုရှ်ရစ်က်တို့သည် အမှန်စင်စစ် မိုဟမ္မဒ် ﷺ သည် မိမိကိုယ်ကို မိမိ ခဝပ်ကိုးကွယ်ခြင်း ခံထိုက်တော်မူသော အသျှင်ဖြစ်ကြောင်းကို ကြွေးကြော်လိုသည်သာ ဖြစ်ပေသည်။ နစ္စရာနီတို့သည် ဟဇရသ်မစီးဟ် عليه السلام အား ခဝပ်ကိုးကွယ်ကြသကဲ့သို့ ကျွန်ုပ်တို့သည်လည်း ၎င်းအား ခဝပ်ကိုးကွယ်မှုကို ပြုစေရန် သဘောဆန္ဒ ရှိနေပေသည်' ဟု အခြေအမြစ်မရှိသော တွေးဆမှုကို ဖော်ထုတ်တင်ပြ ပြောဆိုခဲ့ကြ၏။ ထိုအချက်အပေါ် အထက်တင်ပြပါ အာယသ်တော်များ ကျရောက်လာပေသည်။ စင်စစ် ဤဆင့်ပြန်ချက် (၃) ရပ်စလုံး၌ ဆန့်ကျင်ဘက် တစ်စုံတစ်ရာမျှ မရှိပေ။ ကာဖိရ်တို့သည် စကားရပ် (၃) ရပ်စလုံးကို ပြောဆိုခြင်းမျိုးလည်း ဖြစ်နိုင်ပေသည်။ အကြင်ပြောဆိုချက်များကို တုန့်ပြန်ဖြေကြားရာ၌ အလ္လာဟ်အသျှင်မြတ်သည် ဤသို့ ပြီးပြည့်စုံသော အာယသ်တော်များကို ချပေးသနားတော်မူလိုက်ပေသည်။ အကြင်အာယသ်တော်များမှ ၎င်းတို့၏ စောဒက (၃) ရပ်စလုံးအား တုန့်ပြန် ဖြေကြားပေးပြီး ဖြစ်သွားပေမည်။ နောက်ဆုံးစောဒကအား တုန့်ပြန်ဖြေကြားခြင်းကိုမူ အာယသ်တော်၌ လုံးဝ ရှင်းလင်းစွာ လာရှိထားပေသည်။ အကြင်သူတို့သည် ဟဇရသ်မစီးဟ် عليه السلام အား ခဝပ်ကိုးကွယ်သမှု ပြုခဲ့ကြသည်။ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ အမိန့်ပညတ်ချက် တစ်စုံတစ်ရာကိုသော်လည်းကောင်း မရရှိထားသည်ကတစ်ကြောင်း၊ ဟဇရသ်မစီးဟ် عليه السلام ကိုယ်တော်တိုင်၏ ဆန္ဒသဘောအထားနှင့် ကျေနပ်သဘောတူမှုမှာလည်း ဤသို့မဟုတ်သည်က တစ်ကြောင်းနှင့် ကုရ်အာန်ကျမ်းတော်မြတ်ကလည်း ၎င်းအား ခဝပ်ကိုးကွယ်ရန် အထောက်အကူပြု ပြသထားခြင်းလည်း မရှိခြင်းကတစ်ကြောင်း စသော အကြောင်းများ ရှိနေသည့်ကြားကပင် ဖခင်မဲ့ မွေးဖွားလာသည်ကို အမြင်မှားကာ ခဝပ်ကိုးကွယ်မှုကို ပြုနေပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုသို့ ထင်ယောင်ထင်မှား အမြင်ဖြစ်မှုအား တုန့်ပြန်ဖြေကြား မိန့်မြွက်ထားသည်ဖြစ်ရာ 'တမန်တော်မြတ် ﷺ သည် (မပြောကောင်း မဆိုအပ်) အီစာအီလူမျိုးတို့အား ကြည့်ရှုကာ မိမိကိုယ်ကို မိမိ ခဝပ်ကိုးကွယ်ခြင်း ခံထိုက်သော အသျှင်အဖြစ် ကြွေးကြော်လိုလာခြင်းမှာ မည်ကဲ့သို့ ဖြစ်နိုင်အံ့နည်း။'

ပထမဆင့်ပြန်ချက်နှင့် ဒုတိယဆင့်ပြန်ချက်အတွင်း၌ ကာဖိရ်များဘက်မှ တက်လာသော စောဒကနှစ်ရပ်လုံး၏ အချုပ်ရလဒ်မှာ တစ်မျိုးတည်းသာ ဖြစ်ပေသည်။ ၎င်းတို့အား တုန့်ပြန်ဖြေကြားရန် အဖြေကိုတင်ပြလျက်ရှိနေသော အာယသ်တော်များမှ ဤသို့ ဖြေကြား ကောက်နုတ်နိုင်ပေသည်။ အလ္လာဟ်အသျှင်မြတ်

သည် 'အလ္လာဟ်အသျှင်မြတ်မှအပ အခြားသော အရာများကို လူတို့သည် ခဝပ်ကိုးကွယ်ခြင်း ခံထိုက်တော်မူသော အရာများအဖြစ် သတ်မှတ်ထားကြပေသည်။ ထိုအရာများသည် 'ဂျဟန္နမ်'၏ လောင်စာများဖြစ်မည်' ဟူ၍ မိန့်တော်မူထားပေသည်။ သို့မဟုတ် တမန်တော်မြတ် ﷺ သည် ထိုအရာများအတွင်း ကောင်းချီးမရှိပေ'ဟူ၍ မိန့်တော်မူထားပေသည်။ အလိုသဘောမှာ ခဝပ်ကိုးကွယ်ခြင်း ခံနေရသော ကျောက်ရုပ်တု၊ ဆင်းတုတို့ကဲ့သို့ အသက်ဇီဝိန် ကင်းမဲ့သော ကျောက်တုံး၊ ကျောက်ခဲများကို ရည်ရွယ်ခြင်း ဖြစ်မည်။ (သို့) သက်ရှိအရာများလည်း ဖြစ်နိုင်ပေသည်။ သို့ရာတွင် ကိုယ်တော်တိုင် မိမိတို့အား ခဝပ်ကိုးကွယ်မှုပြုရန် အမိန့်ပေးသော သို့မဟုတ် ယင်းသို့ ခဝပ်ကိုးကွယ်မှုပြုခြင်းကို နှစ်မြို့နေကြသော ဥပမာ- ရှိုက်သွာန်များ၊ ဖိရ်အောင်န်နှင့် နမ်ရူးဒ် အစရှိသော သူများကို ရည်ရွယ်ခြင်းလည်း ဖြစ်နိုင်ပေသည်။ ဟာဇရသ်အီစာ عليه السلام သည် ထိုအုပ်စုအတွင်း မည်ကဲ့သို့ ပါနိုင်အံ့နည်း။ အကြင်အခါဝယ် ၎င်းသည် မည်သည့် အဆင့်၊ အခြေအနေ၌မှာပင်မဆို မိမိအား ခဝပ်ကိုးကွယ်မှုပြုခြင်းကို နှစ်မြို့တော်မူသည် မဟုတ်ပေ။ နစ္စရာနီတို့သည် ၎င်း၏ လမ်းညွှန်ချက်တစ်ရပ်ရပ်အပေါ် အခြေခံ၍ ၎င်းအား ခဝပ်ကိုးကွယ်ခဲ့ကြခြင်း မဟုတ်ပေ။ သို့သာမက ၎င်းအား (ငါအသျှင်မြတ်သည် မိမိစွမ်းဆောင်နိုင်တော်မူခြင်း၏ စံနမူနာတစ်ခုအဖြစ်ပြုကာ ဖခင်မရှိဘဲ မွေးဖွားစေလိုက်ပေသည်။ သို့မှသာ လူတို့သည် 'အလ္လာဟ်အသျှင်မြတ်အဖို့ ဖန်ဆင်းတော်မူခြင်း ကဏ္ဍရပ်၌ အကြောင်းခံများကို မည်သည့်အဆင့်၌ပင် မလိုအပ်ကြောင်း' ရှင်းလင်းသွားစေရန် ဖြစ်ပေသည်။ သို့ရာတွင် နစ္စရာနီတို့သည် အလိုသဘော ကောက်ယူမှု လွဲမှားသွားကာ ၎င်းအား ခဝပ်ကိုးကွယ်ခြင်း ခံထိုက်သောသူဟူ၍ ပြုလုပ်ဖန်တီးလိုက်ကြပေသည်။ ဧကန်စင်စစ် ၎င်းအား ဤသို့ ခဝပ်ကိုးကွယ်ခြင်းကို ခံထိုက်သောသူအဖြစ် ပြုလုပ်လိုက်ခြင်းသည် ဦးနှောက်အသိဉာဏ်အရလည်း မှားယွင်းနေသလို ဟာဇရသ်အီစာ عليه السلام ကိုယ်တိုင် 'ဒအ်ဝသ်'ပေး ဖိတ်ခေါ်နေသည့် အချက်နှင့်လည်း လုံးဝ ဆန့်ကျင်နေပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် အမြဲတစေ 'သောင်ဟီးဒ်' ကိုးကွယ်ခံထိုက်တော်မူသော အသျှင် တစ်ပါးတည်းသာ တည်ရှိခြင်း တရားဘက်သို့သာ ဟောပြော ဖိတ်ခေါ်နေပေသည်။ အချုပ်ဆိုရသော် ဟာဇရသ်အီစာ عليه السلام ၏ မိမိအား ခဝပ်ကိုးကွယ်စေခြင်းမှ မပတ်သက်သည်သာမက ကင်းကွာစွာ ရှိနေခဲ့ခြင်းသည် ၎င်းအား အခြားသော ခဝပ်ကိုးကွယ်ခြင်း ခံခဲ့ကြရသော အရာများ၏ အတန်းအစားအတွင်း ထည့်သွင်းရေတွက်စေခြင်းမှ အဟန့်အတား ဖြစ်ရှိသွားပေပြီ။

အထက်ပါ ရှင်းလင်းချက်မှ ကာဖိရ်များ၏ ဤစောဒကသည်လည်း ပပျောက်သွားလေပြီ။ အကြင်စောဒကအကြောင်း အကျယ်ဖွင့်ဆိုချက် အနှစ်ချုပ်အတွင်း၌ 'အသင်ကိုယ်တော်တိုင် ကောင်းသည်ဟုဆိုထားသော ဟာဇရသ်အီစာ عليه السلام အားလည်း ခဝပ်ကိုးကွယ်သည့်အကြောင်း' လာရှိထားပေသည်။ သို့ဆိုလျှင် ယင်းအချက်မှ 'အလ္လာဟ်အသျှင်မြတ်မှအပ အခြားသောအရာများအား ခဝပ်ကိုးကွယ်ခြင်းသည် တစ်စုံတစ်ရာ မကောင်းသော အချက်မဟုတ်ကြောင်း' ကို သိရှိရပေသည်ဟူ၍ တင်ပြခဲ့ပြီး ဖြစ်သည်။ တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်း၌ ထိုအချက်အား ရှင်းလင်းစွာဖြင့် ဤသို့ တုန့်ပြန်ဖြေကြားထားပေသည်။ ဟာဇရသ်အီစာ عليه السلام အား ခဝပ်ကိုးကွယ်မှု ပြုခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ သဘောတူ

နှစ်မြို့သော အချက်နှင့်လည်း ဆန့်ကျင်ဘက်ဖြစ်နေသကဲ့သို့ ဟဇရသ်အီစာ عليه السلام ကိုယ်တိုင် ဖိတ်ခေါ် 'ဒအ်ဝသ်'ပေးသော အချက်တို့နှင့်လည်း ဆန့်ကျင်ဘက်ဖြစ်နေပေသည်။ ဤအတွက်ကြောင့် ထိုအချက်မှ 'ရှရစ်က်' (တုဖက်နိူင်းယှဉ်ခြင်း) ပိုင်ကြောင်းအပေါ် အထောက်အထားအဖြစ် မရယူနိုင်ပေ။

وَلَوْ نَشَآءُ لَجَعَلْنَا مِنْكُمْ مَّلٰٓئِكَةً فِى الْاَرْضِ يَخْلُفُوْنَ

(စင်စစ် အကယ်၍သာ ငါအသျှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် အသင်တို့မှ ကောင်းကင်တမန်တော်များကို ဖန်ဆင်းတော်မူခဲ့မည်ဖြစ်ရာ ၎င်းကောင်းကင်တမန်တော်တို့မှာ ကမ္ဘာမြေဝယ် (အသင်တို့၏) အရိုက်အရာကို ဆက်ခံကြမည် ဖြစ်၏။) [၄၃ : ၆၀]

ဤသည် နစ္စရာနီတို့၏ ၎င်းတို့အနေဖြင့် ဟဇရသ်အီစာ عليه السلام အား ခဝပ်ကိုးကွယ် ခံထိုက်တော်မူသော အသျှင်အဖြစ် သတ်မှတ်လိုက်ကြသည့် ၎င်းတို့၏ မှားယွင်းကာ အဓိက အခြေခံခဲ့သည့် အချက်ကို တုန့်ပြန် ဖြေကြားလိုက်ခြင်း ဖြစ်ပေသည်။ ၎င်းတို့သည် ဟဇရသ်အီစာ عليه السلام ၏ ဖခင်မရှိဘဲ မွေးဖွားလာခြင်းကို ၎င်း၏ 'ခဝပ်ကိုးကွယ်ခြင်း ခံထိုက်တော်မူသော အသျှင်ဖြစ်ကြောင်း' အပေါ် အထောက်အထားအဖြစ် ရယူကိုးကားလိုက်ကြပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား 'ဤအချက်သည်မူ ငါအသျှင်မြတ် စွမ်းဆောင်နိုင်တော်မူကြောင်းကို ထုတ်ဖော်ပြလိုက်သည့် ပြယုဂ်တစ်ခုအဖြစ်လည်းကောင်း၊ ငါအသျှင်မြတ်သည်မူ ထို့ထက်လည်း သာပို၍ သဘာဝနှင့် ဆန့်ကျင်သော သဘာဝလွန်ဖြစ်ရပ်များအပေါ် စွမ်းဆောင်နိုင်တော်မူသော အသျှင်ဖြစ်ကြောင်း၊ ဖခင်မရှိဘဲနှင့် မွေးဖွားလာခြင်းသည် သာပို ထူးဆန်း၍ သဘာဝနှင့် ဆန့်ကျင်သော အချက်မဟုတ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဟဇရသ်အာဒမ် عليه السلام သည် မိဘနှစ်ပါး မရှိဘဲ ဖန်ဆင်းခြင်းခံထားရကြောင်း၊ ထို့ပြင် အကယ်၍ ငါအသျှင်မြတ် လိုလားတော်မူလျှင် ယခုအချိန်အထိတိုင် ထိုနည်းတူစွာ ပြယုဂ်တစ်စုံတစ်ရာမျှ မရှိသေးသော ပုံစံဖြစ်သည့် လူသားတို့မှ ကောင်းကင်တမန်တော်များကို ဖန်ဆင်းနိုင်တော်မူကြောင်း'ဟူ၍ စသည်တို့ဖြင့် တုန့်ပြန် ဖြေကြားတော်မူလိုက်ပေသည်။

وَاِنَّهٗ لَعِلْمٌ لِّلسَّاعَةِ

(ထို့ပြင် ဧကန်မလွဲ ၎င်းမရ်ယမ်၏ သား အီစာ عليه السلام သည် 'ကေယာမသ်'ရှင်ပြန်ထရမည့် အချိန်ကာလနှင့် စပ်လျဉ်း၍ လက္ခဏာ စည်းကမ်းသတ်မှတ်ချက် (အဖြစ်) နှင့် 'ကေယာမသ်'ရှင်ပြန်ထရမည့် နေ့ကို ယုံကြည်ရန် အကြောင်းတစ်ရပ်ပင် ဖြစ်၏။) [၄၃ : ၆၁]

ဤအာယသ်တော်၏ အကျယ်ဖွင့်ဆိုချက် (၂) ရပ် လာရှိထားပေသည်။ တစ်ရပ်ကို အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်တွင် တင်ပြခဲ့ပြီး ဖြစ်သည်။ ဆိုလိုသည်မှာ ဟဇရသ်အီစာ عليه السلام ၏ သဘာဝနှင့် ဆန့်ကျင်ကာ ဖခင်မရှိဘဲ မွေးဖွားလာခြင်းသည် 'အလ္လာဟ်အသျှင်မြတ်သည် အပေါ်ယံ အကြောင်းခံများ မပါရှိဘဲနှင့်လည်း လူသားတို့ကို ဖန်ဆင်းနိုင်ကြောင်း' အချက်၏ အထောက်အထားပင် ဖြစ်ပေသည်။ အထက်ပါတင်ပြချက်မှ 'သေသူများကို ဒုတိယအကြိမ် ပြန်လည်ရှင်ပြန်ထစေခြင်းသည် ထိုအသျှင်မြတ်

အဖို့ တစ်စုံတစ်ရာ ခဲယဉ်းသော အမှုကိစ္စမဟုတ်ကြောင်း' အတည်ပြု ရရှိပေသည်။ သို့ရာတွင် များစွာသော အဖွင့်ရှင်များသည် ဤအာယသ်တော်၏ အလိုသဘောကို ဤသို့ အောက်ဖော်ပြပါအတိုင်း ရှင်းလင်း မိန့်ဆိုထားကြပေသည်။ ဟဇရသ်အီစာ ﷺ ၏ မိုးကောင်းကင်မှ တစ်ဖန် ပြန်လည်ဆင်းသက်လာခြင်းသည် 'ကေယာမသ်'၏ နိမိတ်လက္ခဏာပင် ဖြစ်ပေသည်။ သို့ရှိရာ ယင်းနဗီအနေဖြင့် နှောင်းပိုင်းခေတ်ကာလ၌ တစ်ဖန် ပြန်လည် ကြွမြန်းလာမည်ဖြစ်ခြင်းနှင့် 'ဒဂ်ဂျားလ်'အား သတ်ဖြတ်မည် ဖြစ်ခြင်းသည် ငြင်းမရသော ဟဒီးစ်တော်များဖြင့် အတည်ဖြစ်ထားပြီးဖြစ်ပေသည်။ ထိုဓမ္မသတ်နှင့် စပ်လျဉ်းသော အကျယ်ဖွင့်ဆိုချက်အချို့ကို စူရာဟ်အားလေ့အင်မ်ရားန်၏ အာယသ်တော်ဖြစ်သော

اِنِّى مُتَوَفِّيْكَ وَرَافِعُكَ اِلَىَّ

ဟူသော အာယသ်တော်အတွင်း၌သော်လည်းကောင်း၊ အချို့ကို 'စူရာဟ်မာအေဒဟ်'အတွင်း၌ တင်ပြထားပြီး ဖြစ်ပေသည်။ ထပ်မံ၍ အကျယ်ချဲ့ဖွင့်ဆိုချက်များကို ရှုလိုသော သူများအဖို့ ကျွန်ုပ် (မိုဟမ္မဒ် ရှဖီး) ရေးသားထားသော စာစောင်ငယ်များဖြစ်သည့် 'အသ်သစ္စ်ရီဟုဗိမားသဝါးသရဖီး နုဇူးလိလ်မစီးဟ်' နှင့် 'မစီးဟေ့မောင်အူးဒ်ကီးပဲဟ်ကျားန်' စသော စာစောင်ငယ်များကို ပြန်လည်၍ ရှုလေကုန်။

وَلِاُبَيِّنَ لَكُمْ بَعْضَ الَّذِىْ يَخْتَلِفُوْنَ فِيْهِ

ထို့ပြင် ငါသည် အသင်တို့အချင်းချင်း သဘောကွဲလွဲနေကြသော အရေးကိစ္စအချို့ကို အသင်တို့အား ရှင်းလင်းဖော်ပြရန် လာခဲ့ပေသည်။ [၄၃ : ၆၃]

ဗနီအိစ်ရာအီးလ်လူမျိုးစုတို့တွင် ရန်ငြိုးရန်စွယ်ပွား ဆိုးသွမ်းမှုများနှင့် ထင်ရာဆိုင်းသည့် အကျင့်ဓလေ့ ရှိနေလေရာ အချို့သော သာသနာ့ပညတ်ချက်များအတွင်း ကပြောင်းကပြန် ပြုလုပ်ခဲ့ကြပေသည်။ ဟဇရသ်အီစာ ﷺ သည် ထိုကပြောင်းကပြန် ပြုမှုချက်၏ အခြေခံဇစ်မြစ်အချက်ကို လှန်ပြလိုက်ပေသည်။ 'အရေးကိစ္စ'အချို့ဟူ၍ မိန့်တော်မူထားရခြင်းအကြောင်းမှာ 'အချို့သော အမှုကိစ္စများသည် လောကီရေးရာ သက်သက်သာ ဖြစ်ပေသည်။ ဟဇရသ်အီစာ ﷺ သည် ထိုအမှုကိစ္စများအတွင်း၀ယ် ဖြစ်ပေါ်တည်ရှိနေသော ကစဉ့်ကလျားဖြစ်နေမှုနှင့် ကွဲလွဲမှုများကို ဝေးကွာပပျောက်သွားစေရန်ကို လိုအပ်သော ကိစ္စရပ်ဟူ၍ သတ်မှတ်မထားပေရာ ၎င်းကိစ္စများကို မတင်ပြပေ။ [ဗယာနုလ်ကုရ်အာန်]

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

هَلْ يَنْظُرُوْنَ اِلَّا السَّاعَةَ اَنْ تَأْتِيَهُمْ بَغْتَةً وَّهُمْ لَا يَشْعُرُوْنَ ﴿٦٦﴾

၄၃ : ၆၆ ။ ။ ၎င်းတို့သည် မိမိတို့ထံ 'ကေယာမသ်' ရှင်ပြန်ထရမည့် အချိန်ကာလသည် ၎င်းတို့အမှုမဲ့ အမှတ်မဲ့ ရှိနေခိုက် ရုတ်တရက် ရောင်တခင် ရောက်လာခြင်းကိုသာလျှင် စောင့်စား၍ နေကြကုန်သည်။

ٱلْأَخِلَّآءُ يَوْمَئِذٍۭ بَعْضُهُمْ لِبَعْضٍ عَدُوٌّ إِلَّا ٱلْمُتَّقِينَ ﴿٦٧﴾

၄၃ : ၆၇ ။ ။ ထိုနေ့တွင် (အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်သော) 'မွတ်သကီ' သူတော်ကောင်းတို့မှ အပ အခြားမိတ်ဆွေရင်းချာတို့မှာ အချို့သည် အချို့၏ ရန်သူများပင် ဖြစ်ကြပေမည်။

يَٰعِبَادِ لَا خَوْفٌ عَلَيْكُمُ ٱلْيَوْمَ وَلَآ أَنتُمْ تَحْزَنُونَ ﴿٦٨﴾

၄၃ : ၆၈ ။ ။ (ထိုနေ့တွင် အလ္လာဟ်အသျှင်မြတ်ထံတော်မှ သူတော်စင်တို့နှင့် ပတ်သက်၍ ဤသို့ အမိန့်တော် ထုတ်ပြန်တော်မူမည်၊) 'အို၊ ငါအသျှင်မြတ်၏ ကျွန်တို့ ယနေ့ အသင်တို့၌ (အနာဂတ်နှင့် စပ်လျဉ်း၍) မည်သည့်စိုးရိမ်မှုမျှ မရှိပြီ။ ထို့ပြင် အသင်တို့သည် (အတိတ်နှင့် စပ်လျဉ်း၍) မည်သို့မျှ ပူဆွေး စိတ်သောကဖြစ်ရန်လည်း မရှိပြီ။

ٱلَّذِينَ ءَامَنُوا۟ بِـَٔايَٰتِنَا وَكَانُوا۟ مُسْلِمِينَ ﴿٦٩﴾

၄၃ : ၆၉ ။ ။ (ထိုသူတို့သည်) အကြင်သူတို့ပင် (ဖြစ်၏။) ၎င်းတို့သည် ငါအသျှင်မြတ်၏ အာယသ်တော်၊ သက်သေလက္ခဏာတော်များကို သက်ဝင်ယုံကြည်ခဲ့ကြသည်သာမက ၎င်းတို့သည် 'မွတ်စ္စလင်မ်' (အမိန့်တော်ကို လက်တွေ့လိုက်နာသူများလည်း ဖြစ်ခဲ့ကြကုန်၏။

ٱدْخُلُوا۟ ٱلْجَنَّةَ أَنتُمْ وَأَزْوَٰجُكُمْ تُحْبَرُونَ ﴿٧٠﴾

၄၃ : ၇၀ ။ ။ အသင်တို့နှင့် အသင်တို့၏ ဇနီးကြင်ရာတို့သည် 'ဂျန္နသ်' သုခဘုံသို့ (ပျော်ရွှင်စွာ) ဝင်ရောက်ကြလေကုန်။ (ယင်းသုခဘုံ၌) အသင်တို့ (အားလုံးတို့) သည် ဝမ်းမြောက်စေခြင်း၊ ရှိသေခြင်းကို ခံကြရပေမည်။

يُطَافُ عَلَيْهِم بِصِحَافٍ مِّن ذَهَبٍ وَأَكْوَابٍ ۖ وَفِيهَا
مَا تَشْتَهِيهِ ٱلْأَنفُسُ وَتَلَذُّ ٱلْأَعْيُنُ ۖ وَأَنتُمْ فِيهَا خَٰلِدُونَ ﴿٧١﴾

၄၃ : ၇၁ ။ ။ ထိုသူတို့၏ ရှေ့ဝယ် ရွှေပန်းကန်ပြားများနှင့် သောက်ရေ ရွှေဖလားများသည် လှည့်ပတ်လျက် ရှိကြပေမည်။ ထို့ပြင် ယင်းသုခဘုံ၌ စိတ်အလိုဆန္ဒရှိသမျှနှင့် မျက်စိအရသာ ခံစားရမည်ဖြစ်သော အကြောင်းအရာတို့သည် ရှိကြပေမည်။ ၎င်းပြင် အသင်တို့သည် ယင်း (သုခဘုံ) ၌ အမြဲထာဝရ နေထိုင်ကြရမည်ပင် ဖြစ်ကြကုန်၏။

وَتِلْكَ ٱلْجَنَّةُ ٱلَّتِىٓ أُورِثْتُمُوهَا بِمَا كُنتُمْ تَعْمَلُونَ ﴿٧٢﴾

၄၃ : ၇၂ ။ ။ စင်စစ် ဤသည်ပင် အကြင် 'ဂျန္နသ်' သုခဘုံ ဖြစ်၏။ အသင်တို့သည် မိမိတို့ ကျင့်မူခဲ့ကြကုန်သော ကောင်းမှုသုစရိုက်များကြောင့် ယင်း 'ဂျန္နသ်' သုခဘုံအား အမွေအဖြစ် ချီးမြှင့်ပေးသနားတော်မူခြင်းကို ခံခဲ့ကြရ၏။

لَكُمْ فِيهَا فَاكِهَةٌ كَثِيرَةٌ مِّنْهَا تَأْكُلُونَ ﴿٧٣﴾

၄၃ း ၇၃ ။ ။ အသင်တို့အဖို့ ယင်း 'ဂျန္နသ်' သုခဘုံ၌ မြောက်မြားစွာသော သစ်သီးဝလံများသည် ရှိကြပေသည်။ အသင်တို့သည် ယင်းသစ်သီးဝလံများမှ စားသုံးကြလေကုန် (ဟု မိန့်ကြားခြင်းကို ခံကြရပေမည်။)

إِنَّ الْمُجْرِمِينَ فِي عَذَابِ جَهَنَّمَ خَالِدُونَ ﴿٧٤﴾

၄၃ း ၇၄ ။ ။ စကန်အမှန် ပြစ်မှုကျူးလွန်သော သူတို့သည် 'ဂျဟန္နမ်' ငရဲဘုံ၏ ပြစ်ဒဏ်၌ အမြဲထာဝရ နေထိုင် (ခံစား) ကြရမည့်သူများပင် ဖြစ်ကြကုန်၏။

لَا يُفَتَّرُ عَنْهُمْ وَهُمْ فِيهِ مُبْلِسُونَ ﴿٧٥﴾

၄၃ း ၇၅ ။ ။ ယင်းပြစ်ဒဏ်မှာ ၎င်းတို့မှ ပေါ့လျော့စေခြင်း ခံရမည်လည်း မဟုတ်ပေ။ စင်စစ် ၎င်းတို့သည် ယင်း ပြစ်ဒဏ်၌ပင် မျှော်လင့်ချက်ကင်းစွာဖြင့် ရှိနေကြရပေမည်။

وَمَا ظَلَمْنَاهُمْ وَلَٰكِن كَانُوا هُمُ الظَّالِمِينَ ﴿٧٦﴾

၄၃ း ၇၆ ။ ။ စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့အား မတရား နှိပ်စက်တော်မူခဲ့သည် မဟုတ်ပေ။ သို့ရာတွင် ၎င်းတို့သည် မိမိတို့ကိုယ်တိုင်ပင် မတရားသောသူများ ဖြစ်ခဲ့ကြကုန်၏။

وَنَادَوْا يَا مَالِكُ لِيَقْضِ عَلَيْنَا رَبُّكَ ۖ قَالَ إِنَّكُم مَّاكِثُونَ ﴿٧٧﴾

၄၃ း ၇၇ ။ ။ ထို့ပြင် ၎င်းတို့သည် ('ဂျဟန္နမ်' ငရဲဘုံကို ကွပ်ကဲအုပ်ချုပ်သူအား) 'အို့၊ မာလစ်က်၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ကျွန်ုပ်တို့အား အဆုံးစီရင်တော်မူပါစေ' ဟု ဟစ်အော် (ပြောဆို) ကြပေမည်။ (ထိုအခါ) ၎င်းမာလစ်က်သည် (ဤသို့) ပြောဆို (ဖြေကြား) ပေမည်။ စကန်မလွဲ အသင်တို့သည် (ဤအခြေအနေ၌ပင် အမြဲ ထာဝစဉ်) နေမြဲ နေကြရမည့်သူများ ဖြစ်ကြကုန်၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းတို့သည် (အမှန်တရားကို ကွက်ကွက်ကွင်းကွင်း ရှင်းလင်းစွာ မြင်တွေ့နေရသည့် ကြားကပင် လမ်းစဉ်အမှားပေါ်၌ မျက်စိစုံမှိတ် ရှိနေခြင်းမှာ) မိမိတို့ထံ 'ကေယာမသ်' ရှင်ပြန်ထရမည့် အချိန်ကာလ သည် ၎င်းတို့ အမှုမဲ့အမှတ်မဲ့ ရှိနေခိုက် ရုတ်တရက် ရောင်တခင် ရောက်ရှိလာခြင်းကိုသာလျှင် စောင့်စား နေကြကုန်သည်။ (ငြင်းဆိုထားသည့် ကြားကပင် စောင့်ဆိုင်းလျက်ရှိနေသည်ဟု ပြောဆိုထားခြင်း၏

အလိုသဘောမှာ ၎င်းတို့အနေဖြင့် အထောက်အထားများကို မယုံကြည်နေကြခြင်းမှာ 'မျက်လုံးများဖြင့် ရှုမြင်ရပါမှ ယုံကြည်မည်' ဟူသော အသွင်မျိုး ဖြစ်ပေသည်။)

(ထို 'ကေယာမသ်'နေ့၏ ဖြစ်အင်များမှာ ဤသို့ပင် ဖြစ်သည်။) ထိုနေ့တွင် (အီမာန်ရယူထား ကြကာ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်သော) 'မွတ်သကီ' သူတော်ကောင်းတို့မှအပ (ကမ္ဘာ လောကရှိ) အခြားမိတ်ဆွေရင်းချာတို့မှာမူ အချို့သည် အချို့၏ ရန်သူများပင် ဖြစ်ကြပေမည်။ (အဘယ် ကြောင့်ဆိုသော် ထိုနေ့တွင် မှားယွင်းသော သူအား အဆွေခင်ပွန်း ဖွဲ့လိုက်ခြင်း၏ ဆုံးရှုံးမှုကို ခံစားသိမြင်လာ သောအခါ ဤသူတို့သည်သာ ဆုံးရှုံးနစ်နာစေသူများဖြစ်သည်ဟု မုချ ၎င်းတို့အား ရွံရှာသွား၍ မုန်းတီး စိတ်များ ပေါ်ပေါက် ဖြစ်ပေါ်လာပေလိမ့်မည်။ အမှန်တရားသမားကို အဆွေခင်ပွန်းဖွဲ့ခြင်း၏ အကျိုးစဝါးဗ် ကို ခံစား သိမြင်လာပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ယင်းသို့ အဆွေခင်ပွန်းဖွဲ့၍ နေထားခြင်းဖြင့် အကျိုးစဝါးဗ်သည် ဆက်လက်တည်ရှိကာ ကျန်ရစ်နေပေလိမ့်မည်။)

(ထိုနေ့တွင် အလ္လာဟ်အသျှင်မြတ်ထံတော်မှ မုအ်မင်န်သူတော်စင်တို့နှင့် ပတ်သက်၍ ဤသို့ အမိန့် ထုတ်တော်မူမည်။) အို၊ ငါအသျှင်မြတ်၏ ကျွန်တို့၊ ယနေ့သည် အသင်တို့၌ (အနာဂတ်နှင့် စပ်လျဉ်း၍ ဆိုက်ရောက်လာမည်ဖြစ်သော) မည်သည့်စိုးရိမ်မှုမျှ မရှိပြီ။ ထို့ပြင် အသင်တို့သည် (အတိတ်နှင့် စပ်လျဉ်း၍) မည်သို့မျှ ပူဆွေး၊ စိတ်သောကဖြစ်ရန်လည်း မရှိပြီ။

(ထိုသူတို့သည်) အကြင်သူတို့ပင် (ဖြစ်၏။) ၎င်းတို့သည် ငါအသျှင်မြတ်၏ အာယသ်တော် သက်သေ လက္ခဏာတော်များကို သက်ဝင်ယုံကြည်ခဲ့ကြသည်သာမက ၎င်းတို့သည် မွတ်စ္စလင်မ်အမိန့်တော်ကို (သိရှိ မှုနှင့်အညီ လက်တွေ့) လိုက်နာသူများလည်း ဖြစ်ခဲ့ကြကုန်၏။ အသင်တို့နှင့် အသင်တို့၏ (အီမာန်ရှင်) ဇနီးကြင်ယာတို့သည် 'ဂျန္နသ်'သုခဘုံသို့ (ပျော်ရွှင်စွာ) ဝင်ရောက်ကြလေကုန်။ (ယင်းသုခဘုံ၌) အသင်တို့ (အားလုံးတို့) သည် ဝမ်းမြောက်စေခြင်း၊ ရိုသေခြင်းကို ခံကြရပေမည်။

('ဂျန္နသ်'သုခဘုံသို့ ဝင်ရောက်ပြီးနောက် ၎င်းတို့အဖို့ ဤသို့ ရှိမည်။ ထိုသူတို့၏ရှေ့ဝယ် (စားစရာ များနှင့် ပြည့်နှက်နေသော) ရွှေပန်းကန်ပြားများနှင့် (သောက်စရာများနှင့် ပြည့်လျှံနေသော) သောက်ရေ ရွှေ (နှင့်သော်လည်းကောင်း၊ အခြားအရာများဖြင့်သော်လည်းကောင်း၊ ပြုလုပ်ထားသော) ဖလားများ သည် လှည့်ပတ်လျက်ရှိကြပေမည်။ (ဆိုလိုသည်မှာ 'ဂျန္နသ်' ရှိ ကလေးငယ်များက ယူဆောင်လာပေလိမ့် မည်။) ထို့ပြင် ယင်းသုခဘုံ၌ စိတ်အလိုဆန္ဒ ရှိသမျှနှင့် မျက်စိအရသာ ခံစားရမည်ဖြစ်သော အကြောင်း အရာတို့သည် ရှိကြပေမည်။ (၎င်းတို့အား အမိန့်ရှိသည်မှာ) ၎င်းအပြင် အသင်တို့သည် ယင်း (သုခဘုံ) ၌ အမြဲထာဝရ နေထိုင်ကြရမည်ပင် ဖြစ်ကြကုန်၏။

(ဤအချက်ကိုလည်း ထပ်မံ၍ အမိန့်ရှိတော်မူပေမည်။) စင်စစ် ဤသည်ပင် အကြင် 'ဂျန္နသ်' သုခဘုံဖြစ်၏။ အသင်တို့သည် မိမိတို့ ကျင့်မူခဲ့ကြကုန်သော ကောင်းမှုသုစရိုက်များကြောင့် ယင်း 'ဂျန္နသ်' သုခဘုံအား အမွေအဖြစ် ချီးမြှင့်ပေးသနားတော်မူခြင်းကို ခံခဲ့ကြရ၏။ (အသင်တို့၏ ထံတော်ပါးမှ မည်သည့် အခါမျှပင် ပြန်လည်၍ ယူဆောင်ရုပ်သိမ်းခြင်းကို ခံရလိမ့်မည်မဟုတ်။)

အသင်တို့အဖို့ပင် ယင်း 'ဂျန္နသ်'သုခဘုံ၌ မြောက်မြားစွာသော သစ်သီးဝလံများသည် ရှိကြပေသည်။ အသင်တို့သည် သစ်သီးဝလံများမှ စားသုံးကြလေကုန် (ဟု မိန့်ကြားခြင်းကို ခံကြရပေမည်။ ဤသည်မှ အီမာန်ရှင်များ၏ အခြေအနေဖြစ်သည်။)

(ရှေ့၌ ကာဖိရ်များ၏ အကြောင်းအား တင်ပြထားပေသည်။) စေကန်အမှန် ပြစ်မှုကျူးလွန်သော (ကာဖိရ်) တို့သည် 'ဂျဟန္နမ်'ငရဲဘုံ၏ ပြစ်ဒဏ်၌ အမြဲထာဝရ နေထိုင် (ခံစား) ကြရမည့်သူများပင် ဖြစ်ကြကုန်၏။

ယင်းပြစ်ဒဏ်သည် ၄င်းတို့ (အပေါ်) မှ ပေါ့လျော့စေခြင်းကို ခံရမည်လည်း မဟုတ်ပေ။ စင်စစ် ၄င်းတို့သည် ယင်းပြစ်ဒဏ်၌ပင် မျှော်လင့်ချက်ကင်းမဲ့စွာဖြင့် ရှိနေကြရပေမည်။

(ရှေ့၌ ဆက်လက်၍ အလ္လာဟ်အသျှင်မြတ်သည် မိန့်တော်မူထားသည်မှာ) စင်စစ် ငါအသျှင်မြတ်သည် (မတရားသဖြင့် ပြစ်ဒဏ်ခတ်တော်မူရန်) ၄င်းတို့အား (အနည်းငယ်မျှပင်) မတရားနှိပ်စက်တော်မူခဲ့သည်မဟုတ်ပေ။ သို့ရာတွင် ၄င်းတို့သည် 'ကုဖ္ဖရ်' (သွေဖည်ငြင်းဆိုမှု) နှင့် 'ရှရစ်က်' (တုဖက်နိုင်းယှဉ်ခြင်း) ကို ပြုကာ မိမိတို့ကိုယ်ကို မိမိတို့ ဆုံးရှုံးနစ်နာစေကာ) မိမိတို့ကိုယ်တိုင်ပင် မတရားသောသူများ ဖြစ်ခဲ့ကြကုန်၏။

(ရှေ့၌ ၄င်းတို့၏ ကျန်ရှိသော အခြေအနေကို တင်ပြထားပေသည်။ လွတ်မြောက်မှုမှ လုံးဝမျှော်လင့်ချက်ကင်းမဲ့သွားသော အချိန်၌ သေခြင်းတရားကို တမ်းတကာ 'ဂျဟန္နမ်'၏ အစောင့်တံခါးမှူးဖြစ်သော မာလိက်စ်အမည်ရှိသော ကောင်းကင်တမန်တော်ကြီးအား) ထို့ပြင် ၄င်းတို့သည် ('ဂျဟန္နမ်'ငရဲဘုံကို ကွပ်ကဲအုပ်ချုပ်သူအား) အို၊ မာလစ်က်၊ (ဒိုအာပြုလေကုန်။ အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် ကျွန်ုပ်တို့အား (သေဆုံးစေကာ) အဆုံးစီရင်တော်မူပါစေ'ဟု ဟစ်အော် (ပြောဆို) ကြပေမည်။ (ထိုအခါ) ၄င်း (ကောင်းကင်တမန်တော်) မာလိက်စ်သည် (ဤသို့) ပြောဆို (ဖြေကြား) ပေမည်။ 'စေကန်မလွဲ အသင်တို့သည် (ဤအခြေအနေ၌ပင် ထွက်၍လည်း မရဘဲ၊ သေခြင်းလည်း မရှိဘဲ) အမြဲထာဝစဉ် နေမြဲ နေကြရမည့်သူများ ဖြစ်ကြကုန်၏။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အဆွေခင်ပွန်းဖွဲ့ခြင်းသည် စင်စစ်၌ အလ္လာဟ်အသျှင်မြတ်အတွက်သာလျှင် ဖွဲ့ရမည်ဖြစ်ခြင်း

اَلْاَخِلَّاۗءُ يَوْمَىِٕذٍۢ بَعْضُهُمْ لِبَعْضٍ عَدُوٌّ اِلَّا الْمُتَّقِيْنَ

(ထိုနေ့တွင် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်သော 'မွတ်သက္ကီ'သူတော်ကောင်းတို့မှအပ အခြားမိတ်ဆွေရင်းချာတို့မှာ အချို့သည် အချို့၏ ရန်သူများပင် ဖြစ်ကြပေမည်။) [၄၃ : ၆၇]

ဤအာယသ်တော်က ကမ္ဘာလောကၖ လူသားတို့ ဂုဏ်ယူဝင့်ကြွားလျက် ရှိနေသော အဆွေခင်ပွန်းဖွဲ့ခြင်း၏ ထိုဆက်နွယ်ပတ်သက်မှုများ၊ အကြင်ကဲ့သို့ ပတ်သက်ဆက်နွယ်မှုကို အခြေခံ၍ 'ဟရာမ်'နှင့် 'ဟလာလ်' မခွဲခြား၊ မရှောင်ကြဉ်တော့သည့်အထိ ဖြစ်သည်။ ၎င်းသည် 'ကေယာမသ်'နေ့၌ ထိုသူ့အဖို့ အကျိုးမပြုမည်ကို ထားဘိဦး။ ချစ်ခင်မှုသည် မုန်းတီးမှုသို့ ပြောင်းလွဲသွားမည်ဖြစ်ကြောင်း' ကို ရှင်းလင်း ဖွင့်ဟပြထားပေသည်။ သို့ရှိရာ ဟာဖိဇ်အိဗ်နေကစီးရ် (ရဟ) သခင်ကြီးသည် ဤအာယသ်တော်၏ ရှင်းချက်အောက်၌ ဟဇရသ်အလီ ﷺ သခင်ကြီး၏ ဤမိန့်မြွက်ချက်ကို မုစ္စာန်နဖ်အဗ်ဒုရ်ရဇ်ဇားက်နှင့် အိဗ်နေအဗီဟာသင်မ်တို့၏ ဆင့်ပြန်ချက်ဖြင့် ဆင့်ဆိုထားပေသည်။ မုအ်မင်န်မိတ်ဆွေနှစ်ဦးနှင့် ကာဖိရ် မိတ်ဆွေနှစ်ဦး ရှိခဲ့ဖူးသည်။ မုအ်မင်န်မိတ်ဆွေနှစ်ဦးထဲမှ တစ်ဦး ကွယ်လွန်သေဆုံးသွားပေရာ ၎င်းအဖို့ 'ဂျန္နသ်' ရရှိမည်ဖြစ်ကြောင်း သတင်းကောင်းပေးခြင်း ခံရပေရာ ၎င်းသည် မိမိ၏ မိတ်ဆွေကို သတိရလာပေသည်။ ၎င်းက 'အို၊ အလ္လာဟ်အသျှင်မြတ်၊ ကျွန်ုပ်၏ မိတ်ဆွေသည် ကျွန်တော်မျိုးအား အသျှင်မြတ်နှင့် အသျှင်မြတ်၏ ရစူလ်တမန်တော်၏ အမိန့်တော်များကို လိုက်နာရန် လေးနက်စွာ တိုက်တွန်းနှိုးဆော်ခဲ့ပေသည်။ ကောင်းမှုများပြုရန် အမိန့်ပေး၍ မကောင်းမှုများကို ပြုခြင်းမှ တားမြစ်ခဲ့ပေသည်။ ထို့ပြင် ကျွန်တော်မျိုးအား 'တစ်နေ့ အသျှင်မြတ်၏ ထံတော်ပါးသို့ ရောက်ရှိမည်ဖြစ်ကြောင်း'ကိုလည်း သတိပေးခဲ့ပေသည်။ ဤအတွက်ကြောင့် 'အို၊ အသျှင်မြတ်၊ ကျွန်တော်မျိုး မရှိပြီးနောက် အသျှင်မြတ်သည် ကျွန်တော်မျိုးအား 'ဂျန္နသ်'၏ ရှုခင်း၊ မြင်ကွင်းများအား ပြသချီးမြှင့်ပေးသနားသကဲ့သို့ ၎င်းအားလည်း ပြသ ချီးမြှင့်ပေးသနားတော်မူရန်အတွက်သော်လည်းကောင်း၊ ကျွန်တော်မျိုးအား သဘောတူနှစ်မြို့သကဲ့သို့ ၎င်းအားလည်း သဘောတူနှစ်မြို့စေရန်အတွက်သော်လည်းကောင်း လမ်းလွဲမှားစေခြင်းကို မပြုလေနှင့်' ဟူ၍ ဆုမွန်ဒိုအာကို ပြုပေသည်။ ဤဒိုအာအား ပြန်လည်ဖြေကြားရာ၌ အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား 'အသင်သည် သွားရောက်ကြည့်ရှုကုန်။ အသင်၏ မိတ်ဆွေအတွက် ငါအသျှင်မြတ်သည် မည်ကဲ့သို့သော အကျိုးစဝါးဇ် ထားရှိသည်ကို အသင်သည် သိမြင်သွားမည်ဆိုပါက အသင်သည် အနည်းငယ်မျှသာ ဝမ်းနည်း၍ များစွာ ဝမ်းသာပျော်ရွှင်သွားပေလိမ့်မည်' ဟူ၍ မိန့်တော်မူလိုက်ပေသည်။ ထို့နောက် ဒုတိယမိတ်ဆွေသည်လည်း ကွယ်လွန်သေဆုံးသွားပြီးနောက် ၎င်းတို့၏ ဝိညာဉ်နှစ်ပါး ဆုံစည်းချိန်တွင် အလ္လာဟ်အသျှင်မြတ်သည် ယင်းသူနှစ်ဦးစလုံးအား 'အသင်တို့နှစ်ဦးစလုံးထဲမှ တစ်ဦးချင်းစီသည် အခြားတစ်ဦးအား ချီးမွမ်းစကားပြောကုန်' ဟု အမိန့်ရှိသည်။ ၎င်းတို့နှစ်ဦးထဲမှ တစ်ဦးချင်းစီသည် အခြားတစ်ဦးအား '၎င်းသည် အကောင်းဆုံးသော ညီနောင်၊ အကောင်းဆုံးသော မိတ်ဆွေ၊ အကောင်းဆုံးသော အဆွေခင်ပွန်းဖြစ်သည်' ဟူ၍ အပြန်အလှန် ပြောဆိုခဲ့ကြသည်။

အထက်ပါအချက်နှင့် ဆန့်ကျင်ကာ ကာဖိရ်မိတ်ဆွေနှစ်ဦးထဲမှ တစ်ဦးတစ်ယောက် သေဆုံးသွားရာ '၎င်းအား 'ဂျဟန္နမ်'ငရဲဘုံအတွင်းသို့ ပစ်ချမည်ဖြစ်ကြောင်း' ပြဆိုရာ ၎င်းသည်လည်း မိမိ၏ မိတ်ဆွေကို သတိရရှိသွားပေသည်။ ထိုအချိန်၌ ၎င်းသည် ဤသို့ 'အို၊ အသျှင်၊ ကျွန်ုပ်၏ မိတ်ဆွေသည် ကျွန်တော်မျိုး

အား အသျှင်မြတ်နှင့် အသျှင်မြတ်၏ ရစူလ်တမန်တော်၏ အမိန့်ကို ဖီဆန်ရန် အမိန့်ပေးခဲ့ပေသည်။ မကောင်းမှု အကုသိုလ် ဒုစရိုက်များကို ကျူးလွန်ရန် အမိန့်ပေး၍ ကုသိုလ်ကောင်းမှု ပြုကျင့်ခြင်းတို့မှ တားမြစ်ထားပေသည်။ 'ကျွန်ုပ်သည် မည်သည့်အခါမျှ အသျှင်မြတ်၏ ထံတော်ပါးသို့ ရောက်ရှိလိမ့်မည်မဟုတ်' ဟူ၍ ပြောဆိုခဲ့ပါသည်။ ဤအတွက်ကြောင့် 'အို၊ အသျှင်မြတ်၊ အသျှင်မြတ်အနေနှင့် ကျွန်တော်မျိုးအား 'ဂျဟန္နမ်' မြင်ကွင်းများ ပြသ၍ ထည့်သွင်းလိုက်သကဲ့သို့ ၎င်းအားလည်း ပြသထည့်သွင်းရန်အတွက်သော်လည်းကောင်း၊ အသျှင်မြတ်အနေနှင့် ကျွန်တော်မျိုးအား မနှစ်မြို့သကဲ့သို့ ၎င်းအားလည်း မနှစ်မြို့စေရန်အတွက်သော်လည်းကောင်း၊ ကျွန်တော်မျိုး ကွယ်လွန်ပြီးနောက် ၎င်းအား လမ်းမှန်တရား ချီးမြှင့်တော်မမူပါနှင့်' ဟူ၍ မကောင်းဆုတောင်းမှုကို ပြုပေသည်။ ထို့နောက် ဒုတိယကာဖိရ်မိတ်ဆွေသည်လည်း ကွယ်လွန်သေဆုံးသွားပေရာ နှစ်ဦးစလုံး၏ ဝိညာဉ်များကို စုရုံးစေ၍ 'အသင်တို့နှစ်ဦးစလုံးထဲမှ တစ်ဦးချင်းစီသည် မိမိမိတ်ဆွေ၏ အကြောင်းကို ပြောဆိုတင်ပြကုန်' ဟု ပြောဆိုခြင်း ခံရသောအခါ နှစ်ဦးစလုံးမှ တစ်ဦးချင်းစီသည် အခြားတစ်ဦးတစ်ယောက်အား 'ဤသူသည် မကောင်းဆုံးသော ညီနောင်၊ မိတ်ဆွေ၊ အပေါင်းအဖော် ခင်ပွန်းဖြစ်သည်' ဟူ၍ အပြန်အလှန် ပြောဆိုမှုကို ပြုကြသည်' ဟူ၍ မိန့်ခြွေတော်မူလိုက်ပေသည်။

[အိဗ်နေကစီးရ်၊ အတွဲ-၄၊ စာ-၁၃၄။]

ထို့ကြောင့် လောကီလောကုတ္တရာ နှစ်ဌာနစလုံးကို ထောက်ရှု၍ အကောင်းဆုံးသော မိတ်ဆွေတို့မှာ အလ္လာဟ်အသျှင်မြတ်အတွက် ချစ်ခင်နေကြသော မိတ်ဆွေများသာ ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ် သဘောတူနှစ်မြို့စေရန်အတွက် ချစ်ခင်လျက်ရှိနေသော မွတ်စ္စလင်မ်နှစ်ဦးတို့အဖို့ ရရှိမည်ဖြစ်သော အလွန်ကြီးမားလှစွာသော အကျိုးကျေးဇူးတို့သည် ဟဒီးစ်တော်များအတွင်း၌ လာရှိထားပေသည်။ အကြင် ဟဒီးစ်တော်များအနက်မှ ဟဒီးစ်တော်တစ်ရပ်တွင် 'ဟရှရ်' ကွင်းပြင်၌ ဤသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ 'အရ်ှရ်' ပလ္လင်တော်၏ အရိပ် အာဝါသအောက်၌ နေထိုင်ကြရပေလိမ့်မည်' ဟူ၍ လာရှိထားပေသည်။ အလ္လာဟ်အသျှင်မြတ် သဘောတူ နှစ်မြို့စေရန်အတွက် ချစ်ခင်ရမည်ဖြစ်ခြင်း၏ အလိုသဘောမှာ 'တစ်ဦးသည် အခြားတစ်ဦးတစ်ယောက်အား '၎င်းသည် အလ္လာဟ်အသျှင်မြတ်၏ ဒီးန်သာသနာလမ်းစဉ်အပေါ်ဝယ် မှန်ကန်သောသူအဖြစ် လိုက်နာနေသည်' ဟူသော အချက်ကို အခြေခံမူတည်၍ ပတ်သက်မှုထားရှိခြင်း' ဟူ၍ ဖြစ်သည်။ သို့ရှိရာ သာသနာရေးရာ ပညာတို့အား တတ်ကျွမ်းသော ဆရာသခင်များ၊ လမ်းမှန်ပြဆရာသခင်ကြီးများဖြစ်သော ရှိုက်ခ်၊ မုရ်ရှိဒ်၊ အာလင်မ်သာသနာ့ပညာရှင်များနှင့် သူတော်စင်ကြီးများအားလည်းကောင်း၊ ထို့ပြင် အစ္စလာမ့်နိုင်ငံအတွင်း၌ရှိသော မွတ်စ္စလင်မ်များအားလည်းကောင်း အခြားမျှော်လင့်ချက်များမပါဘဲ ချစ်ခင်ခြင်းသည် အထက်ဖော်ပြပါ အမိန့်အတွင်း၌ ပါဝင်ပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

لَقَدْ جِئْنَٰكُم بِٱلْحَقِّ وَلَٰكِنَّ أَكْثَرَكُمْ لِلْحَقِّ كَٰرِهُونَ ﴿٧٨﴾

၄၃ : ၇၈ ။ ။ ဧကန်မလွဲ ငါအသျှင်မြတ်သည် (နဗီတမန်တော်များမှတစ်ဆင့်) မှန်ကန်သော ဒီးန်သာသနာတော်ကို အသင်တို့ထံ ပို့ဆောင်တော်မူခဲ့သော်လည်း အသင်တို့အနက် အများစုမှာ မှန်ကန်သော ဒီးန်သာသနာတော်ကို စက်ဆုပ်သူများပင် ဖြစ်ခဲ့ကြကုန်၏။

أَمْ أَبْرَمُوٓا۟ أَمْرًا فَإِنَّا مُبْرِمُونَ ﴿٧٩﴾

၄၃ : ၇၉ ။ ။ ၎င်းတို့သည် အရေးကိစ္စတစ်စုံတစ်ရာကို စီမံဆောင်ရွက်ရန် ပြဋ္ဌာန်းပြီး ဖြစ်ခဲ့ကြလေသလော။ သို့ဖြစ်လျှင် ဧကန်မလွဲ ငါအသျှင်မြတ်သည်လည်း စီမံပြဋ္ဌာန်းတော်မူမည်ဖြစ်၏။

أَمْ يَحْسَبُونَ أَنَّا لَا نَسْمَعُ سِرَّهُمْ وَنَجْوَىٰهُم ۚ بَلَىٰ وَرُسُلُنَا لَدَيْهِمْ يَكْتُبُونَ ﴿٨٠﴾

၄၃ : ၈၀ ။ ။ သို့တည်းမဟုတ် ငါအသျှင်မြတ်သည် ထိုသူတို့၏ လျှို့ဝှက်ချက်များနှင့် တီးတိုး ဆွေးနွေးချက်များတို့ကို ကြားတော်မူသည်မဟုတ်ဟု ၎င်းတို့ ထင်မှတ်ကြလေသလော။ အမှန်ပင် (ငါအသျှင်မြတ်သည် ကြားတော်မူ၏။) ထို့ပြင် ငါအသျှင်မြတ်၏ စေတမန်များသည်လည်း (ထိုအကြောင်းများကို) ၎င်းတို့ထံ၌ပင် ရေးမှတ်လျက် ရှိကြကုန်သည်။

قُلْ إِن كَانَ لِلرَّحْمَٰنِ وَلَدٌ فَأَنَا۠ أَوَّلُ ٱلْعَٰبِدِينَ ﴿٨١﴾

၄၃ : ၈၁ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့) အကယ်၍သာ အနန္တကရုဏာတော်ရှင်၌ သားတော်တစ်ပါးပါး ရှိခဲ့ပါမူ ငါသည် ရှေးဦးစွာ ပထမ (ထိုသားတော်ကို) ဆည်းကပ်ကိုးကွယ်သူ ဖြစ်ခဲ့မည်သာ (ဖြစ်၏။)

سُبْحَٰنَ رَبِّ ٱلسَّمَٰوَٰتِ وَٱلْأَرْضِ رَبِّ ٱلْعَرْشِ عَمَّا يَصِفُونَ ﴿٨٢﴾

၄၃ : ၈၂ ။ ။ မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူသော အသျှင်မြတ် (ဖြစ်သည့်အပြင်) 'အရ်ရှ်' ပလ္လင်တော်ကိုလည်း ဖန်ဆင်းတော်မူသော အသျှင်မြတ်သည် ၎င်း (မုရှ်ရိစ်က်) တို့ ကြံဖန် (စွပ်စွဲ) ပြောဆိုကြသော စွပ်စွဲချက်တို့မှ (လုံး၀) ကင်းရှင်း စင်ကြယ်တော်မူသည်။

فَذَرْهُمْ يَخُوضُوا۟ وَيَلْعَبُوا۟ حَتَّىٰ يُلَٰقُوا۟ يَوْمَهُمُ ٱلَّذِى يُوعَدُونَ ﴿٨٣﴾

၄၃ : ၈၃ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) ထိုသူတို့သည် မိမိတို့ ချိန်းဆိုခြင်းခံကြရလေသော နေ့နှင့် တွေ့ဆုံရင်ဆိုင်ကြရသည့်တိုင်အောင် အသင်သည် ထိုသူတို့အား အချည်းနှီး အကျိုးမဲ့ဖြစ်သော စကားများ ပြောဆိုလျက်ရှိကြရန်လည်းကောင်း၊ ကစားခုန်စား ပျော်မြူးလျက် ရှိကြရန်လည်းကောင်း စွန့်ထားပါလေ။

وَهُوَ الَّذِي فِي السَّمَاءِ إِلَٰهٌ وَفِي الْأَرْضِ إِلَٰهٌ ۚ وَهُوَ الْحَكِيمُ الْعَلِيمُ ﴿٨٤﴾

၄၃ : ၈၄ ။ ။ အမှန်စင်စစ် ထိုအသျှင်မြတ်သည်သာလျှင် မိုးကောင်းကင်၌လည်း (တစ်ဆူတည်းသော) ဆည်းကပ်ကိုးကွယ်ရာ အသျှင်မြတ် ဖြစ်တော်မူသည်။ ပထဝီမြေ၌လည်း (တစ်ဆူတည်းသော) ဆည်းကပ်ကိုးကွယ်ရာ အသျှင်မြတ် ဖြစ်တော်မူသည်။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် နက်နဲသိမ်မွေ့သော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်၊ (အလုံးစုံတို့ကို) အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

وَتَبَارَكَ الَّذِي لَهُ مُلْكُ السَّمَاوَاتِ وَالْأَرْضِ وَمَا بَيْنَهُمَا
وَعِندَهُ عِلْمُ السَّاعَةِ وَإِلَيْهِ تُرْجَعُونَ ﴿٨٥﴾

၄၃ : ၈၅ ။ ။ ထို့ပြင် အကြင်အသျှင်မြတ်သည် ကောင်းခြင်းမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူသည်။ မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိရှိသမျှတို့သည်လည်းကောင်း ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေနှစ်ခု၏ အကြား၌ ရှိသမျှတို့သည်လည်းကောင်း၊ စိုးမိုးအုပ်ချုပ်မှုသည် ထိုအသျှင်မြတ်၌သာ ရှိသည်။ ထို့ပြင် 'ကေယာမသ်' ရှင်ပြန်ထရမည့် အချိန်ကာလကိုလည်း ထိုအသျှင်မြတ်ပင် သိမြင်တော်မူ၏။ ၎င်းပြင် အသင်တို့သည် ထိုအသျှင်မြတ်၏ထံတော်သို့ပင် ပြန်သွားကြရပေမည်။

وَلَا يَمْلِكُ الَّذِينَ يَدْعُونَ مِن دُونِهِ الشَّفَاعَةَ إِلَّا مَن شَهِدَ بِالْحَقِّ وَهُمْ يَعْلَمُونَ ﴿٨٦﴾

၄၃ : ၈၆ ။ ။ စင်စစ် ထိုအသျှင်မြတ်အား စွန့်၍ ၎င်းတို့ ဟစ်ခေါ်တသလျက် ရှိကြကုန်သော သူတို့၌ ကြားဝင် အသနားခံ ပေးနိုင်ခွင့် အလျှင်းမရှိချေ။ သို့ရာတွင် အမှန်တရားကို သိရှိပြီး ဝန်ခံခဲ့ကြကုန်သော သူတို့မှာမူ (အသျှင်မြတ်၏ ခွင့်ပြုချက်အရ ကြားဝင် အသနားခံပေးနိုင်ကြပေမည်။)

وَلَئِن سَأَلْتَهُم مَّنْ خَلَقَهُمْ لَيَقُولُنَّ اللَّهُ ۖ فَأَنَّىٰ يُؤْفَكُونَ ﴿٨٧﴾

၄၃ : ၈၇ ။ ။ အမှန်စင်စစ် (အို၊ နဗီတမန်တော်) အကယ်၍သာ 'အသင်သည် ၎င်းတို့အား (အချင်းတို့) အသင်တို့ကို မည်သူ ဖန်ဆင်းခဲ့သနည်း' ဟု စုံစမ်းမေးမြန်းခဲ့ပါလျှင် ၎င်းတို့က 'အလ္လာဟ်အသျှင်မြတ်ပင် (ဖန်ဆင်းတော်မူခဲ့သည်)' ဟူ၍ပင် ဧကန်မလွဲ ပြောဆို (ဖြေကြား) ကြပေမည်။ သို့ပါလျက် ၎င်းတို့သည် အဘယ်သို့ ပြန်လှည့်သွားကြပါသနည်း။

وَقِيلِهِ يَا رَبِّ إِنَّ هَٰؤُلَاءِ قَوْمٌ لَّا يُؤْمِنُونَ ﴿٨٨﴾

၄၃ : ၈၈ ။ ။ ၎င်းပြင် 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ဤအမျိုးသားတို့မှာ အီမာန်သက်ဝင်ယုံကြည်ခြင်း မရှိကြသော အမျိုးသားတို့ပင် ဖြစ်ကြပါသည်' ဟူသော ရစူလ်တမန်တော်၏ လျှောက်ထားချက်ကိုလည်း (ထိုအသျှင်မြတ်သည် သိရှိတော်မူပေသည်။)

فَاصْفَحْ عَنْهُمْ وَقُلْ سَلٰمٌ ۚ فَسَوْفَ يَعْلَمُوْنَ ﴿٨٩﴾

၄၃ : ၈၉ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့အား လျစ်လျူရှု၍ နေပါလေ။ ထို့ပြင် အသင်သည် (၎င်းတို့အား) 'စလာမ်'ဟူ၍ ဆိုပါလေ။ ထို့နောက် မကြာမီပင် ၎င်းတို့သည် (အကြောင်း) သိရှိကြရမည်သာ (ဖြစ်၏)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အထက်၌ တင်ပြထားသော ပြစ်ဒဏ်များအား ပေးရခြင်းအကြောင်းမှာ) ကေန်မလွဲ ငါအသျှင်မြတ်သည် (နဗီတမန်တော်များမှတစ်ဆင့်) မှန်ကန်သော ဒီးန်သာသနာတော် (အကြင်သာသနာတော်၏ အကြီးကျယ်ဆုံးသော မရှိမဖြစ် လိုအပ်သော အချက်မှာ 'သောင်ဟီးဒ်' (ကိုးကွယ်ခံထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်းတရား) နှင့် 'ရေစာလသ်' (ရစူလ်တမန်တော်မြတ် ﷺ ၏ ရစူလ်ဖြစ်ခြင်း) တို့အား ယုံကြည်ခြင်းဖြစ်၏။) ကို အသင်တို့ထံသို့ ပို့ဆောင်တော်မူခဲ့သော်လည်း အသင်တို့အနက် အများစုမှာ မှန်ကန်သော ဒီးန်သာသနာတော်ကို စက်ဆုပ်သူများပင် ဖြစ်ခဲ့ကြကုန်၏။ 'အများစု'ဟူ၍ မိန့်တော်မူရခြင်းအကြောင်းမှာ အချို့သောသူတို့သည် နောင်တစ်ချိန်၌ အီမာန်ကို လက်ခံရယူမည့်သူများ ဖြစ်ကြ၍ ဖြစ်ပေမည်။ သို့မဟုတ် 'အမှန်တကယ် စက်ဆုပ်ခဲ့သူတို့မှာ အချို့သူတို့သာဖြစ်ပြီး အခြားသော သူတို့သည် နောက်လိုက်အဖြစ်သက်သက်သာ လမ်းမှန်တရားကို စွန့်လွှတ်ခဲ့ခြင်း' ကြောင့်လည်း ဖြစ်နိုင်ပေသည်။ ဤစက်ဆုပ်ခြင်းဆိုရာ၌ တမန်တော်မြတ် ﷺ အား ဆန့်ကျင်ဘက်ပြုခြင်းနှင့် 'သောင်ဟီးဒ်' (ကိုးကွယ်ခံထိုက်သော အသျှင် တစ်ပါးတည်း တည်ရှိခြင်း) တရားကို ဆန့်ကျင်ဘက်ပြုခြင်းတို့လည်း ပါဝင်ပေသည်။)

(ရှေ့၌ ယင်းအချက်နှစ်ရပ်စလုံးအား ရှင်းလင်းစွာဖြင့် တင်ပြရမည်ဆိုလျှင်) ၎င်းတို့သည် (တမန်တော်မြတ် ﷺ အား ဆုံးရှုံးနစ်နာစေရေးနှင့် စပ်လျဉ်း၍) အရေးကိစ္စတစ်စုံတစ်ရာကို စီမံဆောင်ရွက်ရန် ပြဋ္ဌာန်းပြီး ဖြစ်ခဲ့ကြလေသလော။ သို့ဖြစ်လျှင် ကေန်မလွဲ ငါအသျှင်မြတ်သည်လည်း စီမံပြဋ္ဌာန်းတော်မူမည် ဖြစ်၏။ (အလ္လာဟ်အသျှင်မြတ်၏ စီမံပြဋ္ဌာန်းမှု ရှေ့မှောက်ဝယ် ၎င်းတို့၏ စီမံပြဋ္ဌာန်းမှုသည် အထမမြောက်နိုင်ကြောင်းမှာ ထင်ရှားလှပေသည်။ သို့ဖြစ်ပေရာ အသင်သည် ထိန်းသိမ်းစောင့်ရှောက်ခြင်းခံထားရ၍ ၎င်းတို့သည် မိမိတို့၏ အကြံအစည်၌ အထမမြောက်၊ မအောင်မြင်ဘဲ တည်ရှိနေပေမည်။ နောက်ဆုံးတွင် 'ဗဒရ်'စစ်ပွဲ၌ သတ်ဖြတ်ခံခဲ့ရပေသည်။ ၎င်းအချက်၏ အကျယ်ချဲ့အကြောင်း စူရာဟ်အန်ဖားလ်၏ ရှုကူအ် (၄) တွင်

وَاِذْ يَمْكُرُ بِكَ الَّذِيْنَ كَفَرُوْا ـ الخ

ဟူသော အာယသ်တော်အတွင်း၌ ရှင်းလင်းတင်ပြထားပေသည်။)

သို့တည်းမဟုတ် (ဤသူတို့သည် အသင့်အား ထိခိုက်နစ်နာစေရန်အတွက် တီးတိုးတိုင်ပင်ကာ ရှိနေပေသည်။) ငါအသျှင်မြတ်သည် ထိုသူတို့၏ လျှို့ဝှက်ချက်များနှင့် တီးတိုးဆွေးနွေး (ပြောဆို) ချက်တို့ကို ကြားတော်မူသည် မဟုတ်ဟု ၄င်းတို့ ထင်မှတ်ကြလေသလော။ (သို့တည်းမဟုတ်က အကယ်၍ ငါအသျှင်မြတ်ကို ကြားတော်မူသော အသျှင်ဟူ၍ မှတ်ယူထားသည်ဆိုလျှင် တစ်ဖန် ဤသို့ အရဲစွန့်ခြင်းသည် မည်ကဲ့သို့နည်း။ ရှေ့၌ ၄င်းတို့၏ တွေးခေါ် မျှော်မှန်းချက်များကို တုန့်ပြန် မိန့်မြွက်တော်မူလိုက်သည်မှာ) အမှန်ပင် ငါအသျှင်မြတ်သည် ကြားတော်မူ၏။ ထို့ပြင် ငါအသျှင်မြတ်၏ (ကောင်းမှု၊ မကောင်းမှု မှတ်တမ်းကို ရေးမှတ်သော) စေတမန်များသည်လည်း (ထိုအကြောင်းများကို) ၄င်းတို့ထံ၌ပင် ရေးမှတ်လျက် ရှိကြကုန်သည်။ အမှန်စင်စစ် ထိုကဲ့သို့ ရေးမှတ်ထားရန်မှာ အရေးမကြီးနေလင့်ကစား သို့ရာတွင် အများစုအနေဖြင့် အသုံးပြုနေကျဖြစ်သော ဓလေ့ထုံးစံအရ တရားခံအတွက် ပုလိပ်ရဲသားများ၏ ဘက်မှ တင်ပို့သော မှတ်ချက်စစ်ချက်သည် တရားသူကြီးကိုယ်တိုင် သွားရောက်ကြည့်ရှု မှတ်ချက်ချသည့် အချက်ထက်ပင် သာပို၍ လေးနက်ပေသည်။ ဤသည်မှ ၄င်းတို့အနေဖြင့် တမန်တော်မြတ် ﷺ အား ဆန့်ကျင်ဘက်ပြုခြင်း၏ အကြောင်းခံ ဖြစ်ပေသည်။)

(ရှေ့၌ 'သောင်ဟီးဒ်' (ကိုးကွယ်ခံထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်းတရား) အား ဆန့်ကျင်ဘက်ပြုခြင်းနှင့် စပ်လျဉ်း၍ မိန့်တော်မူထားသည်မှာ အို, နဗီတမန်တော်) အသင်သည် (၄င်းမုရှိရစ်က်တို့အား) ပြောကြားပါလေ။ (အချင်းတို့၊ အသင်တို့အနေဖြင့် ရှရစ်က်ဖြစ်စေသော စကားရပ်များကို ပြောဆိုရာ၌ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်သို့ ဆက်နွယ်၍ သားသမီးများရှိကြောင်းဟူ၍ ဆိုကြကုန်၏။) အကယ်၍သာ (ဥပမာအနေဖြင့် မဖြစ်နိုင်သည်ကို ဖြစ်နိုင်သည်ဟူ၍ ထားရှိမည်။ ဆိုလိုသည်မှာ) အနန္တကရုဏာတော်ရှင်၌ သားတော်တစ်ပါးပါးရှိခဲ့ပါမူ ငါသည် ရှေးဦးစွာ ပထမ (ထိုသားတော်ကို) ခဝပ်ကိုးကွယ်ဆည်းကပ်သူ ဖြစ်ခဲ့မည်သာ (ဖြစ်၏။ အသင်တို့သည် ကောင်းကင်တမန်များအား အလ္လာဟ်အသျှင်မြတ်၏ သမီးတော်များဟူ၍ မှတ်ယူကာ ခဝပ်ကိုးကွယ်မှုပြုသကဲ့သို့ ကျွန်ုပ်သည် ဤတင်ပြပါ ပုံစံ၌ အလ္လာဟ်အသျှင်မြတ်၏ သားတော်များကို ခဝပ်ကိုးကွယ်မှု ပြုပေမည်။ အလိုသဘောမှာ ကျွန်ုပ် အနေဖြင့် အသင်တို့ကဲ့သို့ အမှန်တရားကို လက်ခံနာခံခြင်းမှ ငြင်းဆိုရန် အကြောင်းမရှိပေ။ အသင်တို့သည် အကယ်၍ အခိုင်အမာ အတည်ပြု တင်ပြမည်ဆိုပါက ဦးစွာပထမ ကျွန်ုပ်သည် ယင်းအချက်ကို လက်ခံမည်ဖြစ်ပေသည်။ ကိုးကွယ်ခံထိုက်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ သားတော်များ ရှိသည်ဟု လက်ခံအတည်ပြုလိုက်လျှင် ထိုကိုးကွယ်ခံထိုက်တော်မူသော အသျှင်၏ သားသည်လည်း ခဝပ်ကိုးကွယ်ခြင်း ခံထိုက်သော အရှင်များ ဖြစ်သင့်ပေသည်။ ခဝပ်ကိုးကွယ်ခြင်း ခံထိုက်တော်မူသော အသျှင်သည်သာ ခဝပ်ကိုးကွယ်ခြင်း ခံယူထိုက်သည့်အတွက်ကြောင့် ကျွန်ုပ်သည် ထိုအသျှင်ကိုလည်း ခဝပ် ကိုးကွယ်မည် ဖြစ်ပေသည်။ သို့ရာတွင် အသင်တို့ ပြောဆိုယူဆထားလျက်ရှိသော အယူဝါဒသည် မှားယွင်းခြင်းသက်သက်သာ ဖြစ်သော အမှုကိစ္စဖြစ်သည့်အတွက်ကြောင့် ကျွန်ုပ်သည် ယုံလည်း မယုံနိုင်သကဲ့သို့၊ ခဝပ်ကိုးကွယ်မှုကိုလည်း ပြုနိုင်မည်မဟုတ်ပေ။)

(ရှေ့၌ 'ရှရစ်က်' (တုဖ်က်နိုင်းယုဉ် ခဝပ်ကိုးကွယ်ခြင်းမှ) မှ အလ္လာဟ်အသျှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်သော အသျှင်ဖြစ်ကြောင်းကို တင်ပြထားပေသည်။ ဆိုလိုသည်မှာ) မိုးကောင်းကင်များနှင့် ပထဝီမြေကြီကို ဖန်ဆင်းတော်မူသော အသျှင်မြတ် (ဖြစ်သည့်အပြင်) 'အရရှ်' ပလ္လင်တော်ကိုလည်း ဖန်ဆင်းတော်မူသော အသျှင်မြတ်သည် ၎င်း (မုရှိရစ်က်) တို့ (သည် အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်ရှိန်၊ ဂုဏ်ဝါတော်နှင့် စပ်လျဉ်း၍) ကြံဖန် (စွပ်စွဲ) ပြောဆိုကြကုန်သော စွပ်စွဲချက်တို့မှ (လုံးဝ) ကင်းရှင်း စင်ကြယ်တော်မူ၏။

(ဤသူတို့၏ ရှေ့ဝယ် အမှန်တရားသည် ရှင်းလင်းစွာဖြင့် တည်ရှိနေသည့် ကြားကတည်းကပင် မိမိတို့၏ မလိုမုန်းတီး၊ ရန်ငြိုးမှုကြောင့် ရပ်တန်းကပင် မရပ်ကြသောအခါ) သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) ထိုသူတို့သည် မိမိတို့ ချိန်းဆိုခြင်း ခံကြရလေသော နေ့နှင့် တွေ့ဆုံ ရင်ဆိုင်ကြရသည့်တိုင်အောင် အသင်သည် ထိုသူတို့အား အချည်းအနှီး၊ အကျိုးမဲ့ဖြစ်သော စကားများပြောဆိုလျက် ရှိကြရန်လည်းကောင်း၊ ကစားခုန်စား ပျော်မြူးလျက် ရှိကြရန်လည်းကောင်း စွန့်ထားပါလေ။ (ထိုအချိန်၌ အရေးကိစ္စများအားလုံးကို ကွက်ကွက်ကွင်းကွင်း သိရှိသွားပေလိမ့်မည်။ 'စွန့်ထားပါလေ' ဟူသော စကားလုံး၏ အလိုသဘောမှာ 'သာသနာ ပို့ချရေးကိစ္စကို မပြုဘဲ ထားကုန်' ဟူသော အလိုသဘောမျိုးမဟုတ်ဘဲ '၎င်းတို့ဘက်မှ ပြုလာသော ဆန့်ကျင်သမှုကို ဂရုမမူလေနှင့်။ ၎င်းတို့၏ အီမာန်မရယူခြင်းကြောင့်လည်း ဝမ်းနည်းသောက မဖြစ်လေနှင့်' ဟူသော သဘောတရား ဖြစ်ပေသည်။)

အမှန်စင်စစ် ထိုအသျှင်မြတ်သည်သာလျှင် မိုးကောင်းကင်၌လည်း (တစ်ဆူတည်းသော) ကိုးကွယ်ရာ အသျှင်မြတ် ဖြစ်တော်မူ၏။ ပထဝီမြေ၌လည်း (တစ်ဆူတည်းသော) ဆည်းကပ်ကိုးကွယ်ရာ အသျှင်မြတ် ဖြစ်တော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် နဲနက်သိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင် (အလုံးစုံတို့ကို) အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ (မည်သူတစ်ဦးတစ်ယောက်မျှ အသိပညာအရာနှင့် ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အမြော်အမြင်အရာတော်၌ ထိုအသျှင်မြတ်နှင့် ဖက်စပ်တည်ရှိသည်ဟူ၍ မရှိပေ။ သို့ရှိရာ ခဝပ်ကိုးကွယ်ခြင်းသည်လည်း ထိုအသျှင်မြတ်အဖို့သာလျှင် ခံထိုက်တော်မူပေသည်။)

ထို့ပြင် အကြင်အသျှင်မြတ်သည် ကောင်းချီးမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူသည်။ မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိရှိသမျှတို့သည်လည်းကောင်း၊ မိုးကောင်းကင်များနှင့် ပထဝီမြေနှစ်ခု၏ အကြား၌ ရှိရှိသမျှသော (အဖန်ဆင်းခံ) တို့သည်လည်းကောင်း စိုးမိုးအုပ်ချုပ်မူသည် ထိုအသျှင်မြတ်၌သာ ရှိ၏။ ထို့ပြင် (အသိအရာ၌ ဤမျှခန့် ပြည့်စုံတော်မူလှသည်မှာ) 'ကေယာမသ်' ရှင်ပြန်ထရမည့် အချိန်ကာလကိုလည်း ထိုအသျှင်မြတ် (သည်) ပင် (လျှင်) သိမြင်တော်မူ၏။ (အကြင်ကဲ့သို့ 'ကေယာမသ်' ဆိုက်ရောက်လာမည့် အချိန်ကို အဖန်ဆင်းခံများအတွင်းမှ မည်သူတစ်ဦးတစ်ယောက်မျှပင် မသိရှိကြပေ။) ၎င်းပြင် (အကျိုး၊ အစားပေးခြင်းကို စိုးပိုင်တော်မူသော အသျှင်သည်လည်း ထိုအသျှင်မြတ်သည်သာလျှင် ဖြစ်တော်

မူပေသည်။ သို့ရှိရာ) အသင်တို့သည် ထိုအသျှင်မြတ်၏ ထံတော်သို့ပင် ပြန်သွားကြရပေမည်။ (ထိုအသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် စာရင်းစစ်ဆေးခြင်းကို ခံကြရပေလိမ့်မည်။)

စင်စစ် (ထိုအချိန်၌ အလ္လာဟ်အသျှင်မြတ်သည် အခြားသောသူတစ်ဦးတစ်ယောက်၏ လုံးဝ လုံးဝ ဖက်စပ်ပါဝင်ခြင်းမရှိဘဲ ကြောင်းကျိုးပြစ်ဒဏ်ကို စိုးပိုင်တော်မူသော အသျှင်ဖြစ်ကြောင်း၊ ဤသို့ ထင်ရှားပေါ်လွင်နေမည်မှာ) ထိုအသျှင်မြတ်အား စွန့်၍ ၄င်းတို့ ဟစ်ခေါ်တသလျက် ရှိကြကုန်သော သူတို့၌ ကြားဝင် အသနားခံပေးနိုင်ခွင့် (ထိတိုင်) အလျဉ်း မရှိချေ။ သို့ရာတွင် အမှန်တရား (အီမာန်ရှင် ဖြစ်စေသော 'ကလေမာဟ်') တော်ကို သိရှိဝန်ခံပြီး (နှလုံးသားအတွင်းမှ) လက်ခံယုံကြည်ခဲ့ကြကုန်သော သူတို့မှာမူ (၄င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ ခွင့်ပြုချက်ဖြင့် အီမာန်ရှင်တို့အား ကြားဝင်အသနားခံ ပေးပေလိမ့်မည်။ သို့ရာတွင် ယင်းသို့ ကြားဝင် အသနားခံပေးလိုက်ခြင်းအားဖြင့် ကာဖိရ်များအဖို့ မည်သို့မျှ အကျိုးခံစားရမည် မဟုတ်ပေ။)

အမှန်စင်စစ် (ငါအသျှင်မြတ်သည် အထက်၌ 'သောင်ဟီးဒ်'ကိုးကွယ်ခံထိုက်တော်မူသော အသျှင်တစ်ပါးတည်း တည်ရှိခြင်းတရား၏ အကြောင်းအရာကို တင်ပြခဲ့သည်။ အကြင်အချက်နှင့် စပ်လျဉ်း၍ ၄င်းတို့သည် အကွဲကွဲ၊ အလွဲလွဲဖြစ်အောင် ဖန်တီးနေကြပေသည်။ သို့တစေ ထို 'သောင်ဟီးဒ်' တရားနှင့် ပတ်သက်၍ ရှေ့ပြေးမူဝါဒ ဥပဒေသကြီးများကို ဤသူတို့သည်လည်း လက်ခံထားကြပေသည်။ သို့ရှိရာ အို၊ နဗီတမန်တော်) အကယ်၍သာ အသင်သည် ၄င်းတို့အား (အချင်းတို့) 'အသင်တို့ကို မည်သူ ဖန်ဆင်းခဲ့သနည်း'ဟု စုံစမ်းမေးမြန်းခဲ့ပါလျှင် ၄င်းတို့က 'အလ္လာဟ်အသျှင်မြတ်ပင် (ဖန်ဆင်းတော်မူခဲ့သည်) ဟူ၍ပင်' ဧကန်မလွဲ ပြောဆို (ဖြေကြား) ကြပေမည်။ သို့ပါလျက် (မွေးမြူဖန်ဆင်းခြင်းအပေါ် စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်သည်သာ ခဝပ်ကိုးကွယ် ခံထိုက်သော အသျှင် ဖြစ်သင့်သည်မှာ ထင်ရှားနေပါလျက် သို့ရှိရာ) ၄င်းတို့သည် (ရှေ့ပြေးမူဝါဒ ဥပဒေသကြီးများကိုမူ ယုံကြည်လက်ခံကြ၍ သို့ရာတွင် ၄င်း၏ နောက်ဆက်တွဲ ပါလာသော ရလဒ်ကို နာခံလက်ခံရန် အချိန်၌ အလ္လာဟ်အသျှင်မြတ်သည်သာလျှင် သိရှိတော်မူပေသည်။) မည်သို့ ပြန်လှည့်၍ သွားကြပါသနည်း။ (ထိုအထက်တင်ပြပါ အချက်များအားလုံးမှ '၄င်းကာဖိရ်တို့၏ အပြစ်ကျူးလွန်မှုတို့သည် မည်မျှခန့် ပြင်းထန်လေးနက်စွာဖြင့် တည်ရှိနေကြောင်း'မှာ ထင်ရှားလှပေသည်။ ဤအတွက်ကြောင့် ပြစ်ဒဏ်သည်လည်း မုချ ပြင်းထန်မည်သာ ဖြစ်ပေမည်။)

(ရှေ့၌ ဆက်လက်၍ ပြင်းထန်သော ပြစ်ဒဏ်ပေးမည့်အကြောင်းကို သာပိုလေးနက်စေရန်အတွက် သီးခြား အချက်တစ်ရပ်ကို ထပ်မံ တင်ပြထားပြန်ပေသည်။ အလ္လာဟ်အသျှင်မြတ်ကို 'ကေယာမသ်' နေ့၏ အသိရှိသကဲ့သို့) ၄င်းပြင် 'အို၊ ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ ဤအမျိုးသားတို့မှာ (ကျွန်တော်မျိုး ဤမျှခန့် ၄င်းတို့အား လျှောက်ထားပန်ကြားနေသည့် ကြားကပင်) အီမာန်သက်ဝင် ယုံကြည်ခြင်းမရှိကြသော အမျိုးသားတို့ပင် ဖြစ်ကြပါသည်။ (ပြစ်မှုသည် ကနဦးကတည်းကပင် ကြီးမားလေးနက်လျက်ရှိပေရာ အထက်ပါတမန်တော်မြတ် ﷺ ၏ လျှောက်ထားတင်ပြလိုက်မှုကြောင့် ပြစ်ဒဏ်သည် သာပို၍ပင် လေးနက် ပြင်းထန်သွားပေသည်။ 'မည်မျှခန့် ပြင်းထန်သော ပြစ်ဒဏ်သက်ရောက်

လာမည်ဖြစ်ကြောင်း'ကို မိမိဘာသာ သဘောပေါက်မှတ်ယူပါလေ) ဟူသော ရစူလ်တမန်တော်၏ လျှောက်ထားချက်ကိုလည်း ထိုအသျှင်မြတ်သည် သိရှိတော်မူပေသည်။

(၄င်းတို့၏ နောက်ဆုံး ရလဒ်မှာ ပြင်းထန်သော 'အဇာဘ်'အပြစ်ဒဏ် ဖြစ်မည်ကို အသင် သိရှိပြီးလေရာ အို၊ နဗီတမန်တော်) အသင်သည် ၄င်းတို့အား လစ်လျူရှု၍ နေပါလေ။ (နောက်ပိုင်း၌ မုချသောကဝေဖြာသွားရမည့် အတိုင်းအတာထိတိုင် ရောက်ရှိလာမည်ဖြစ်သော၊ ၄င်းတို့ အီမာန်ရယူလာကြပေလိမ်မည်ဟူသော မျှော်လင့်ချက်ထားရှိမှုမျိုးကို (မထားရှိလေနှင့်။) ထို့ပြင် (အကယ်၍ ၄င်းတို့သည် အသင့်အား အသိဉာဏ်အလိမ္မာ ခေါင်းပါးမှုနှင့် ဆန့်ကျင်ဘက် စကားများကို ဆိုလာသောအခါဝယ် အသင်သည် ဆိုးသွမ်းနှောင့်ယှက်မှုတို့မှ ရှောင်ရှားရန်အတွက်) အသင်သည် (၄င်းတို့အား) 'စလာမ်'ဟူ၍ ဆိုပါလေ။ (တစ်စုံတစ်ရာကိုမျှ ပြောဆိုလိုခြင်း မရှိသလို ပတ်သက်ဆက်နွယ်လိုစိတ်လည်း မရှိပါ' ဟု ပြောဆိုပါလေ။ ရှေ့၌ ဆက်လက်၍ အလ္လာဟ်အသျှင်မြတ်သည် ဖြေသိမ့်မှုပေး အမိန့်ရှိသည်မှာ အနည်းငယ်သည်းခံ၊ ကြံ့ခိုင်မှု ထားရှိပါလေ။) ထို့နောက် မကြာမီပင် ၄င်းတို့သည် (ကွယ်လွန်သွားသည်နှင့် အကြောင်းစုံ) သိရှိကြရမည်သာ ဖြစ်၏။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

اِنْ كَانَ لِلرَّحْمٰنِ وَلَدٌ فَاَنَا اَوَّلُ الْعَا بِدِيْنَ

အကယ်၍သာ အနန္တကရုဏာတော်ရှင်၌ သားတော်တစ်ပါးပါးရှိခဲ့ပါမူ ငါသည် ရှေးဦးစွာပထမ ထိုသားတော်ကို ခဝပ်ကိုးကွယ်ဆည်းကပ်သူဖြစ်ခဲ့မည်သာ ဖြစ်၏။ */ ၄၃ : ၈၁ /*

ထိုမြွက်ကြားချက်၏ အလိုသဘောမှာ '(မပြောကောင်းမဆိုအပ်) အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ သားရတနာများ ရှိခြင်းမှာ ဖြစ်နိုင်ဖွယ်အဆင့်ရှိသော ကိစ္စရပ်တစ်ခု' ဟူ၍ မဟုတ်ပေ။ သို့သာမက အမိက မူရင်းဆိုလိုချက်အနေဖြင့် ပြသလိုသည့် သဘောမှာ 'ကျွန်ုပ်သည် အသင်တို့၏ ခံယူချက်ပိုင်းဆိုင်ရာ မူဝါဒတို့အား ငြင်းဆိုနေခြင်းမှာ ရန်ငြိုးမှု၊ မလိုမုန်းတီးမှု တစ်စုံတစ်ရာနှင့် ဖွတ်ကြိတ်မိုက်ကာ ငြင်းဆိုနေခြင်းမျိုး မဟုတ်ဘဲ အထောက်အထားများဖြင့်သာ ငြင်းဆိုနေခြင်းဖြစ်ပေသည်။ အကယ်၍ မှန်ကန်သော အထောက်အထားတို့ဖြင့် အလ္လာဟ်အသျှင်မြတ်၌ သားရတနာများ ရှိသည်ဟု အတည်ပြု၍ ရရှိမည်ဆိုလျှင် ကျွန်ုပ်သည် ယင်းအချက်ကို မုချ လက်ခံမည်ဖြစ်ပေသည်။ သို့ရာတွင် ဦးနှောက်အသိဉာဏ်ပိုင်းဆိုင်ရာနှင့် ဆင့်ကဲဆင့်ကဲ ရောက်ရှိလာသော 'အီလ်မ်' (အသိပညာ) ပိုင်းဆိုင်ရာတို့၏ အထောက်အထားတိုင်းသည် ထိုအချက်အား ချေပလျက်ရှိနေပေသည်။ ထို့ကြောင့် မည်သို့မျှ လက်ခံနိုင်ဖွယ် မဖြစ်နိုင်ပေ' ဟူ၍ ဖြစ်သည်။ အထက်ပါ ရှင်းလင်းချက်တို့မှ အောက်ဖော်ပြပါ အချက်များကို သိရှိရပေသည်။ လမ်းလွဲလမ်းမှားတွင် ရှိသူတို့နှင့်အတူ အခြေအတင် ပြောဆိုဆွေးနွေးသောအချိန်၌ မိမိအနေဖြင့် အမှန်တရားကိုသာ နှစ်ခြိုက်လိုလားသည်ကို ပြဆိုရန်အတွက် 'အကယ်၍ အသင်တို့၏ ကြွေးကြော်မှုသည် မှန်ကန်သော

အထောက်အထားတို့ဖြင့် အတည်ပြုထားပါမှ ကျွန်ုပ်သည် ယင်းအချက်ကို ယုံကြည်လက်ခံပေမည်' ဟု ပြောဆိုခြင်းသည် ပြောပိုင်ရုံမက သင့်တော်မှုလည်း ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် အချို့သော အချိန်အခါမျိုး၌ ထိုကဲ့သို့သော ပြောဆိုမှုအသွင်မျိုးဖြင့် ဆန့်ကျင်ဘက်လူ၏ နှလုံးသားအတွင်း၌ 'အမှန်တရားကို လက်ခံရန် နှိုးဆော်မှုကိုပြသော' နူးညံ့သိမ်မွေ့သောအချက်များ ပေါ်ပေါက်လာနိုင်ပေသည်။

وَقِيلِهٖ يٰرَبِّ اِنَّ هٰٓؤُلَآءِ قَوۡمٌ لَّا يُؤۡمِنُوۡنَ

ငင်းပြင် အို, ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ ဤအမျိုးသားတို့မှာ အီမာန်သက်ဝင် ယုံကြည်ခြင်းမရှိကြသော အမျိုးသားတို့ပင် ဖြစ်ကြပါသည်'ဟူသော ရစူလ်တမန်တော်၏ လျှောက်ထားချက်ကိုလည်း (ထိုအသျှင်မြတ်သည် သိရှိတော်မူပေသည်။) *[၄၃ : ၈၈]*

ဤဝါကျသည် 'ထိုကာဖိရ်များအပေါ် အလ္လာဟ်အသျှင်မြတ်၏ အမျက်ဒေါသတော် ကျရောက်စေမည့် မည်မျှခန့် ပြင်းထန်သည့်အကြောင်းခံများ ရှိနေသနည်း'ဟူသော အချက်ကို ရှင်းလင်းစွာ ပြဆိုရန်အတွက် ယူဆောင်လာခြင်းဖြစ်ပေသည်။ ရှုထောင့်တစ်ရပ်မှ ကြည့်ပါမူ ငင်းတို့၏ ပြစ်မှုဒုစရိုက်များသည် အမှန်တကယ်ပင် ပြင်းထန်နေပေသည်။ ဒုတိယရှုထောင့်တစ်ရပ်မှ ထပ်မံကြည့်ရှုလျှင်မူ စကြဝဠာအပေါင်းအား ကရုဏာတော်ရှင်အဖြစ်လည်းကောင်း၊ ပြစ်မှုဒုစရိုက်များကို ကျူးလွန်သောသူတို့အား ကြားဝင်အသနားခံပေးမည့်သူ အဖြစ်လည်းကောင်း စေလွှတ်ထားတော်မူခြင်းခံရသော တမန်တော်မြတ် ﷺ ကိုယ်တော်တိုင် ငင်းတို့အား 'ဤသူတို့အား အကြိမ်ကြိမ်အခါခါ လျှောက်ထားပန်ကြား အသနားခံ၍ ပြောဆိုနေသည့်ကြားကပင် ငင်းတို့သည် အီမာန်ကို မရယူခဲ့ကြပါ'ဟူ၍ တိုင်တန်းလျှောက်ထားခြင်းသည် 'ငင်းတို့ဘက်မှ တမန်တော်မြတ် ﷺ အား မည်မျှခန့် ဒုက္ခပေးထားသည်'ကို ခန့်မှန်းတွေးဆနိုင်ပေသည်။ သို့တည်း မဟုတ်ပါက သာမန်မျှလောက်သာ ဒုက္ခပေးမှုအပေါ် စကြဝဠာအပေါင်း၏ ကရုဏာတော်ရှင်သည် ဤသို့ ဝမ်းနည်းကြေကွဲမှုအပြည့်ဖြင့် လျှောက်ထားတိုင်ကြားမည်မဟုတ်ပေ။ ဤအကျယ်ဖွင့်ဆိုချက်ကို ထောက်ရှုလျှင် وَقِيلِهٖ (ရစူလ်တမန်တော်မြတ်၏ လျှောက်ထားချက်) ဟူသော စာလုံးသည် ဤအာယသ်တော်၏ အလျှင် အာယသ်တော်တစ်ပါး၌ ပါရှိသည့် اَلسَّاعَةَ ('ကေယာမသ်'နေ့ ရှင်ပြန်ထရမည့်အချိန်ကို သိမြင်ခြင်း) ဟူသော စကားလုံးအပေါ် عطف ဖြစ် ဝါကျသဘောအရ ဆက်နွယ်ပတ်သက် မှီခိုလျက် ရှိနေပေသည်။ ဤအာယသ်တော်အား နောက်ထပ်လည်း အကျယ်ဖွင့်ဆိုမှု အမြောက်အမြားဖြင့် ဖွင့်ဆိုထားပေသည်။ ဥပမာ- ဤနေရာ၌ 'ဝေါင်(ဝ်)'သည် عطف ဆက်နွယ်မှီခိုမှုကို ပြသော အက္ခရာမဟုတ်ဘဲ 'ကစမ်' ကျိန်ဆိုခြင်းအတွက် အသုံးပြုထားခြင်းလည်း ဖြစ်နိုင်ပေသည်။ يٰرَبِّ သည် قِيۡلِ ၏ مقوله ပြောကြားချက်ပင် ဖြစ်ပေသည်။ اِنَّ هٰٓؤُلَآ သည် جواب قسم 'ကစမ်'၏ အဖြေ ဖြစ်သည်။ ထိုအကျယ်ဖွင့်ဆိုချက်များ၏ အကျယ်ချဲ့ ရှင်းလင်းချက်များကို အာလင်မ်ဘာသနာ့ပညာရှင်များအနေဖြင့် ရူဟုလ်မအာနီ အစရှိသော ကျမ်းများ၌ ကြည့်ရှုနိုင်ပေသည်။

وَقُلْ سَلَامٌ ــ الخ

(ထို့ပြင် အသင်သည် ၄င်းတို့အား 'စလာမ်'ဟူ၍ ဆိုပါလေ။) နောက်ဆုံးပိုင်း၌ အမှန်တရားဘက်သို့ ဖိတ်ခေါ်နေသူတို့အား အစဉ်တစိုက် လမ်းညွှန်ချမှတ်ပေးခဲ့သော စကားအကြောင်းအရာကို တင်ပြထား၏။ ၄င်းမှာ 'ဆန့်ကျင်သမှုပြုသော သူတို့ဘက်မှ တက်လာသော အထောက်အထားများနှင့် ဒွိဟသံသယတို့၏ အဖြေများကို ပေးပါ။ သို့ရာတွင် ၄င်းတို့သည် အသိဉာဏ်အလိမ္မာ ကင်းမဲ့သော မသိမိုက်မဲကာ မှားယွင်းသော၊ ဆဲရေးတိုင်းထွာမှုကိုပြုသော စကားရပ်များကို ဆိုလာပါက ၄င်းတို့အား ၄င်းတို့ကဲ့သို့ ပြန်လည်၍ တုန်ပြန်မှုကိုမပြုဘဲ ဆိတ်ဆိတ်သာနေရန်' လမ်းညွှန်ချက်များကို ချမှတ်ပေးထားပေသည်။ (၄င်းနောက် အသင်သည် ထိုသူတို့အား 'အသင်တို့ကို စလာမ်ဆိုပါသည်' ဟု ဆိုလေကုန်။) ၄င်းဝါကျ၏ အလိုသဘောအမှန်မှာ ၄င်းတို့အား

اَلسَّلَامُ عَلَيْكُمْ

(အသင်တို့အပေါ် ငြိမ်းချမ်းသာယာမှုအဖြာဖြာ ကျရောက်ပါစေသား) ဟူ၍ ပြောဆို တုန့်ပြန်ပါဟူ၍ မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မွတ်စ္စလင်မ်မဟုတ်သောသူများကို ဤကဲ့သို့သော စကားလုံးများဖြင့် 'စလာမ်'ပေးခြင်းသည် မပိုင်ပေ။ သို့သာမက ဤသို့ ဆိုထားခြင်းသည် 'တစ်ဦးတစ်ယောက်အား အဆက်အသွယ်ဖြတ်တောက်ရန် ရှိလာသောအခါ 'ကျွန်ုပ်ဘက်မှ အသင့်အား 'စလာမ်'ဟူ၍ ဆိုလေ့ရှိသော အများသုံး အသုံးအနှုန်းကို ထောက်ရှု၍ သုံးထားခြင်း ဖြစ်ပေသည်။ ထိုသို့ သုံးနှုန်းထားလိုက်ခြင်းဖြင့် အမှန်တကယ် 'စလာမ်'ပေးခြင်း၏ အလိုသဘောမျိုး မသက်ရောက်ပေ။ 'ကျွန်ုပ်သည် ကောင်းမွန်ချောမောစွာဖြင့် အသင်တို့အား အဆက်အသွယ် ဖြတ်တောက်လိုက်ပါ၏' ဟူသော အလိုသဘောမျိုးသာ ဖြစ်ပေသည်။ ဤအတွက်ကြောင့် ယင်းအာယသ်တော်မှ အထောက်အထားကို ရယူကာ ကာဖိရ်များအား اَلسَّلَامُ عَلَيْمْ (အသင်တို့အပေါ် ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက် ပါစေသား) နှင့် سَلَامٌ (မင်္ဂလာပါ) ဟူသော စာလုံးတို့ဖြင့် နှုတ်ဆက်ပြောဆိုခြင်းပိုင်သည်' ဟူ၍ အမိန့်ရှိထားကြသည့် အာလင်မ်သာသနာ့ပညာရှင်ကြီးများ၏ အဆိုသည် အသာပေးခြင်းခံထားရသော အဆိုမဟုတ်ပေ။

[ရှုဟုလ်မအာနီးကျမ်း]

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်ဒုခါန်

အခိုးအငွေ့ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

حٰمٓ ۝١

၄၄ : ၁ ။ ။ ဟာ…၊ မီးမ်…။

وَالْكِتٰبِ الْمُبِيْنِ ۝٢

၄၄ : ၂ ။ ။ (ငါအသျှင်မြတ်သည်) ရှင်းလင်းထင်ရှားစွာသော (ဤ) ကျမ်းဂန်ကို သက်သေထူတော်မူ၏။

اِنَّآ اَنْزَلْنٰهُ فِيْ لَيْلَةٍ مُّبٰرَكَةٍ اِنَّا كُنَّا مُنْذِرِيْنَ ۝٣

၄၄ : ၃ ။ ။ မုချဧကန် ငါအသျှင်မြတ်သည် ယင်းကျမ်းမြတ်ကို ('လောင်ဟေမဟ်ဖူဇ်' သင်ပုန်းမှ မိုးကောင်းကင်
ပထမထပ်သို့) ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံသော (ကဒရ်) ညဥ့်တစ်ညဥ့်တွင် ချပေးသနားတော်မူခဲ့၏။ ဧကန်စင်စစ်
ငါအသျှင်မြတ်သည် သတိပေးတော်မူမည့် အသျှင် ဖြစ်တော်မူ၏။

فِيْهَا يُفْرَقُ كُلُّ اَمْرٍ حَكِيْمٍ ۝٤

၄၄ : ၄ ။ ။ ထိုညဥ့်တွင် နက်နဲသိမ်မွေ့သော အရေးကိစ္စများ ဟူသမျှတို့သည် အသေးစိတ် သတ်မှတ်အတည်ပြုခြင်း
ခံကြရလေ၏။

اَمْرًا مِّنْ عِنْدِنَا ۭ اِنَّا كُنَّا مُرْسِلِيْنَ ۝٥

၄၄ : ၅ ။ ။ ငါအသျှင်မြတ်ထံတော်မှ (အရေးကိစ္စတို့ကို) ပြဌာန်းတော်မူခြင်းအားဖြင့် [အတည်ပြုခြင်း ခံကြရလေ
၏။] ဧကန်မလွဲ ငါအသျှင်မြတ်သည် (အသင့်အား ရစူလ်တမန်တော်အဖြစ်) စေလွှတ်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

رَحْمَةً مِّن رَّبِّكَ ۚ إِنَّهُۥ هُوَ ٱلسَّمِيعُ ٱلْعَلِيمُ ﴿٦﴾

၄၄ : ၆ ။ ။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ ကရုဏာတော်အားဖြင့် (ကုရ်အာန်ကျမ်းတော်မြတ်ကို ချပေးတော်မူ၏။) စကန်စင်စစ် ထိုအသျှင်မြတ်သည်ပင် (အလုံးစုံတို့ကို) အလွန်တရာ ကြားတော်မူသော အသျှင်၊ (အရာခပ်သိမ်းတို့ကို) အလွန်တရာ သိတော်မူသော အသျှင် ဖြစ်တော်မူ၏။

رَبِّ ٱلسَّمَٰوَٰتِ وَٱلْأَرْضِ وَمَا بَيْنَهُمَآ ۖ إِن كُنتُم مُّوقِنِينَ ﴿٧﴾

၄၄ : ၇ ။ ။ အကယ်၍ အသင်တို့သည် ယုံကြည်သောသူများ ဖြစ်လိုကြလျှင် (အသျှင်မြတ်သည်) မိုးကောင်းကင်နှင့် ပထဝီမြေ၌ ရှိသမျှတို့ကိုကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီ မြေအကြား၌ ရှိသမျှတို့ကိုလည်းကောင်း၊ ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

لَآ إِلَٰهَ إِلَّا هُوَ يُحْيِۦ وَيُمِيتُ ۖ رَبُّكُمْ وَرَبُّ ءَابَآئِكُمُ ٱلْأَوَّلِينَ ﴿٨﴾

၄၄ : ၈ ။ ။ ထိုအသျှင်မြတ်မှတစ်ပါး (အခြား) ခယရိုကျိုးဆည်းကပ် ကိုးကွယ်ရာအသျှင်ဟူ၍ အလျဉ်းမရှိပြီ။ ထိုအသျှင်မြတ်သည်သာလျှင် အသက်ရှင်စေတော်မူ၏။ ထိုအသျှင်မြတ်သည်သာလျှင် အသက်သေဆုံးစေတော်မူ၏။ ထိုအသျှင်မြတ်သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင် ဖြစ်သည့်အပြင် အသင်တို့၏ ရှေးသူဟောင်းများ ဖြစ်ကြသော အဘ၊ ဘိုး၊ ဘေးတို့ကိုလည်း ဖန်ဆင်းမွေးမြူတော်မူသော အသျှင်ပင် ဖြစ်တော်မူပေသည်။

بَلْ هُمْ فِى شَكٍّ يَلْعَبُونَ ﴿٩﴾

၄၄ : ၉ ။ ။ အမှန်စင်စစ် ၎င်းတို့သည် (ယုံကြည်လက်ခံကြရမည့်အစား) သံသယ၌ (နစ်မွန်း၍) ဒွိဟသံသယ၌ ကစားခုန်စားလျက် ရှိကြကုန်၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

'ဟာမီးမ်' (ထိုအက္ခရာများ၏ အဓိပ္ပာယ်ကို အလ္လာဟ်အသျှင်မြတ်သည်သာလျှင် သိရှိတော်မူပေ၏။ ငါအသျှင်မြတ်သည် အဓိပ္ပာယ်အရ) ရှင်းလင်းထင်ရှားစွာသော (ဤ) ကျမ်းဂန်ကို သက်သေထူတော်မူ၏။ မုချစကန် ငါအသျှင်မြတ် ယင်းကျမ်းမြတ်ကို ('လောင်ဟေမဟ်ဖူးဇ်' သင်ပုန်းမှ မိုးကောင်းကင် ပထမထပ်သို့) ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံသော ညဉ့်တစ်ညဉ့် (အလိုသဘောမှာ 'ကဒရ်'ညဉ့်မြတ် ဖြစ်သည်) တွင် ချပေးသနားတော်မူခဲ့၏။ စကန်မုချ ငါအသျှင်မြတ်သည် (ကရုဏာအသနားတော်ကြောင့် မိမိ၏ သဘောဆန္ဒတော်အတွင်းဝယ် မိမိ၏ ကျေးကျွန်များကို) သတိပေးတော်မူမည့် အသျှင်မြတ် ဖြစ်တော်မူ၏။ (ဆိုလိုသည်မှာ '၎င်းတို့ကို ဆိုးကျိုးနစ်နာစေမည့် အချက်များမှ ဖယ်ရှားကယ်တင်တော်မူရန်

အတွက် အကောင်းနှင့်အဆိုးတို့ကို သတိပေးတော်မူရန်' ကို ငါအသျှင်မြတ်သည် လိုလားနှစ်သက်တော်မူပေသည်။ ဤသည် ကုရ်အာန်ကျမ်းတော်မြတ်ကို ချပေးသနားတော်မူခြင်း၏ ရည်ရွယ်ချက် ဖြစ်ပေသည်။)

(ရှေ့၌ ထိုညဥ့်၏ မင်္ဂလာတရားအဖြာဖြာနှင့် အကျိုးထူးများရှိသည့်အကြောင်းကို တင်ပြထားပေသည်။) ထိုညဥ့်တွင် နက်နဲသိမ်မွေ့သော အရေးကိစ္စများဟူသရွေ့တို့သည် အသေးစိတ် သတ်မှတ်အတည်ပြုခြင်း ခံကြရလေ၏။ (ဆိုလိုသည်မှာ တစ်နှစ်ပတ်လည်လုံး၌ ဖြစ်ပေါ်လာမည့် အမှုကိစ္စများကို ၄င်းကိစ္စရပ်အားလုံးသည် အမြော်အမြင်တော်အပေါ်၌ မူတည်နေမည်သာ ဖြစ်ပေသည်။ အဆုံးသတ် ပြီးမြောက်စေရာတွင် အလ္လာဟ်အသျှင်မြတ်သည် မည်သို့မည်ပုံကို နှစ်မြို့နှစ်သက်၍ သဘောဆန္ဒတော်အတွင်း ထားရှိပေသနည်း။ ထိုနည်းလမ်း စနစ်ပုံစံများကို သတ်မှတ်၍ သက်ဆိုင်ရာ ကောင်းကင်တမန်တော်များကို အသိပေးကာ အပ်နှင်းလိုက်ပေသည်။ သို့ရှိရာ ထိုညဥ့်သည် ဤကဲ့သို့သော ညဥ့်ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်လာခြင်းသည် အားလုံးသော အရေးကိစ္စတို့ထက် အမြော်အမြင်ရှိသော အလုပ်ဖြစ်သည့်အတွက်ကြောင့် ထိုသို့ ကုရ်အာန်ကျမ်းတော်မြတ်ကို ချပေးခြင်းကိုလည်း ဤညဥ့်၌သာလျှင် ရွေးချယ်လိုက်ခြင်း ဖြစ်ပေသည်။ ထို့ပြင် ဤကုရ်အာန်ကျမ်းတော်မြတ်ကို ဤအတွက်ကြောင့် ချပေးသနားတော်မူခြင်း ဖြစ်သည်။) စင်စစ်မလွဲ ငါအသျှင်မြတ်သည် (အသင့်အား ရစူလ်တမန်တော်အဖြစ်) စေလွှတ်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ ကရုဏာတော်အားဖြင့် (ကုရ်အာန်ကျမ်းတော်မြတ်ကို ချပေးတော်မူ၏။ သို့မှသာ အသင့်အား အကြောင်းခံ၍ ငါအသျှင်မြတ်၏ ကျေးကျွန်များအား အသိပေးတော်မူရန်ဖြစ်ပေသည်။) စင်စစ် ထိုအသျှင်မြတ်သည်ပင် (အလုံးစုံတို့ကို) အလွန်တရာကြားတော်မူသော အသျှင်၊ (အရာခပ်သိမ်းတို့ကို) အလွန်တရာ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ (ထို့ကြောင့် ကျေးကျွန်များအား ထောက်ရှုတော်မူလျက် ရှိပေသည်။)

(ထိုအသျှင်မြတ်သည် ဤကဲ့သို့သော အသျှင်မြတ် ဖြစ်တော်မူပေသည်။) အကယ်၍ အသင်တို့သည် ယုံကြည်သောသူများ ဖြစ်လိုကြလျှင် (မှ ကိုးကွယ်ခံထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်းတရားကို ပြသော အထောက်အထားများသည် နာခံယုံကြည်ရန်အတွက် ဤသို့ လုံလောက်စွာဖြင့် တည်ရှိနေပေသည်။ အသျှင်မြတ်သည်) မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိသမျှတို့ကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေအကြား၌ ရှိသမျှ (သော အဖန်ဆင်းခံ) တို့ကိုလည်းကောင်း ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။)

(ရှေ့၌ ဆက်လက်၍ တစ်ပါးတည်း တည်ရှိခြင်းတရားအား ထပ်မံ ရှင်းလင်းတင်ပြထားသည်မှာ) ထိုအသျှင်မြတ်မှတစ်ပါး (အခြား) ခဝပ်ဆည်းကပ်ကိုးကွယ်ရာ အသျှင်မြတ်ဟူ၍ အလျဉ်းမရှိပေ။ ထိုအသျှင်မြတ်သည်သာလျှင် အသက်ရှင်စေတော်မူ၏။ ထိုအသျှင်မြတ်သည်သာလျှင် အသက်သေဆုံးစေတော်မူ၏။ ထိုအသျှင်မြတ်သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည့်အပြင် အသင်

တို့၏ ရွှေဟောင်း၊ အဘ၊ ဘိုး၊ ဘေးတို့ကိုလည်း မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

(အထက်ပါ ရှင်းလင်းချက်၏ လိုလားချက်အရ ၄င်းတို့အနေဖြင့် ယုံကြည်လက်ခံထိုက်ပေသည်။ သို့ရာတွင် ၄င်းတို့သည် မယုံကြည်ကြပေ။) အမှန်စင်စစ် ၄င်းတို့သည် ('သောင်ဟီးဒ်' ကိုးကွယ်ခံထိုက်သော အသျှင်တစ်ပါးတည်း တည်ရှိခြင်း တရားကဲ့သို့သော ရှင်းလင်းပြတ်သားလှသော တရားတော်ကို ယုံကြည်လက်ခံကြရမည့်အစား) သံသယဖြင့် (နစ်မွန်း) ၍ (လောကီ ရေးရာ) ၏ ကစားခုန်စား (မှုအတွင်း၌) ရှိကြကုန်သည်။ (အမှန်တရားကို ရှာဖွေစဉ်းစား၊ သုံးသပ်လိုစိတ်ကို ဖြစ်ပေါ်စေသော 'အာခေရတ်' နောင်တမလွန်ဘဝ၏ သောကမထားရှိကြပေ။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်တော်၏ အကျိုးကျေးဇူး

ဟဇရတ်အဗူဟုရိုင်ရာဟ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ 'အကြင်သူတစ်ဦးတစ်ယောက်သည် သောကြာနေ့ညဥ့်၌ 'စူရာဟ်အဒ်ဒုခန်း' ကို ဖတ်ရွတ်မည်ဆိုလျှင် နောက်နေ့နံနက် မိုးသောက်ယံအချိန်၌ ၄င်း၏ ပြစ်မှုဒုစရိုက်များမှ လွတ်ငြိမ်းချမ်းသာခွင့်ကို ရရှိပြီးဖြစ်ပေမည်။' ဟဇရတ်အိုမာမား ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားသည်မှာ တမန်တော်မြတ် ﷺ သည် 'အကြင်သူသည် သောကြာနေ့၌သော်လည်းကောင်း၊ သို့မဟုတ် သောကြာညဥ့်၌သော်လည်းကောင်း 'စူရာဟ်အဒ်ဒုခါးန်' ကို ရွတ်ဖတ်မည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် ၄င်းအဖို့ 'ဂျန္နသ်' ဥယျာဉ်ဘုံနန်း၌ အိမ်တစ်ဆောင်ကို ဆောက်လုပ်ပေးတော်မူပေလိမ့်မည်' ဟူ၍ အမိန့်ရှိထားပေသည်။

[စအ်လဗီး၏ ဆင့်ပြန်ချက်ဖြင့် ကုရ်သုဗီးကျမ်း]

တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်း၌ ကုရ်အာန်ကျမ်းတော်မြတ်၏ ကြီးကျယ်မှုနှင့် အချို့သီးသန့် အထူးဝိသေသများကို တင်ပြထားပေသည်။

وَالْكِتَابِ الْمُبِينِ

(ငါအသျှင်မြတ်သည် ရှင်းလင်းထင်ရှားစွာသော ဤကျမ်းဂန်ကို သက်သေထူတော်မူ၏။)

[၄၄ : ၂]

'ရှင်းလင်းထင်ရှားလှစွာသော ကျမ်းဂန်' ၏ အလိုသဘောမှာ ကုရ်အာန်ကျမ်းတော်မြတ် ဖြစ်ပေသည်။ ဤအာယသ်တော်အတွင်း၌ အလ္လာဟ်အသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို 'ကစမ်' ကျိန်ဆို သက်သေထူတော်မူကာ 'ထိုကျမ်းမြတ်ကို ငါအသျှင်မြတ်သည် မင်္ဂလာရှိသော ညဥ့်တစ်ညဥ့်၌ ချပေးသနားတော်မူခဲ့ကြောင်း၊ အကြင်ကဲ့သို့ ချပေးသနားတော်မူထားရခြင်း၏ ရည်ရွယ်ချက်မှာ မေ့လျော့

နေသောသူတို့ကို နိုးကြားစေတော်မူရန်အတွက် ဖြစ်ကြောင်းတို့ကို တင်ပြထားသည်။ ဤစကားလုံးတော်များနှင့်ပင် 'ကစမ်'ကျိန်ဆို သက်သေထူတော်မူသော မိန့်မြွက်ချက် စူရာဟ် 'ဇုခ်ရုဖ်'၏အစ၌လည်း ပါရှိထားပြီးဖြစ်ကာ ၎င်းနေရာ၌ ၎င်း၏ အကျယ်ရှင်းလင်းချက်ကို တင်ပြထားပြီး ဖြစ်ပေသည်။

لَيْلَةٍ مُّبَارَكَةٍ (ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံသော ညဉ့်) ဟူသော အာယသ်တော်တွင် 'ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံသော ညဉ့်၏ အလိုသဘောမှာ 'ရမ်ဇာန်'လမြတ်၏ နောက်ဆုံးပိုင်း (၁၀) ရက်အတွင်း၌ တည်ရှိသော 'ကဒရ်'ညဉ့်ဖြစ်သည်ဟု နှောင်းခေတ်ရှိ အဖွင့်ရှင်များအားလုံးသည် တစ်ညီတစ်ညွတ်တည်း ဆိုထားကြပေသည်။ ယင်းညဉ့်ကို 'ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံသောညဉ့်' ဟူ၍ မိန့်ဆိုတော်မူရခြင်း အကြောင်းမှာ ယင်းညဉ့်အတွင်း၌ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ မိမိ၏ ကျေးကျွန်များအပေါ်ဝယ် မရေမတွက်နိုင်လောက်အောင်သော ကောင်းချီးမင်္ဂလာများ ကျရောက်လာတော်မူခြင်းကြောင့်ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် 'ကဒရ်'ညဉ့်မြတ်၌ ကျရောက်လာတော်မူခြင်းအကြောင်းကို စူရာဟ်ကဒရ်၏ အတွင်း၌ ရှင်းလင်းစွာဖြင့် လာရှိထားပေသည်။

إِنَّا أَنزَلْنَاهُ فِي لَيْلَةِ الْقَدْرِ

စကန်မလွဲ ငါအသျှင်မြတ်သည်ပင် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို 'လိုင်လသုလ်ကဒရ်' (မြင့်မြတ်သောညဉ့်) ၌ ချပေးသနားတော်မူခဲ့၏။ [၉၇ း ၁]

အထက်ပါအချက်မှ ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံသောညဉ့်သည် 'ကဒရ်' ညဉ့်မြတ်သည်သာ လျှင်ဖြစ်ကြောင်း ထင်ရှားလှပေသည်။ အခြားသော ဟဒီးစ်တော်တစ်ရပ်အတွင်း၌ ဝယ် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးမှ 'ကမ္ဘာအစမှ အဆုံးထိတိုင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ နဗီတမန်တော်များအပေါ်ဝယ် ချပေးသနားထားတော်မူသော ကျမ်းစာအုပ်များအားလုံးသည် ရမ်သွာန်လမြတ်၏ ရက်အသီးသီးတို့၌ ကျရောက်ခဲ့ကြောင်း ဆင့်ပြန်ချက် လာရှိထားပေသည်။

ဝါစေလား ؓ သခင်ကြီး၏ ဆင့်ပြန်ချက်ဖြင့် ကသာဒါ (ရဟ) သခင်ကြီးက ဆင့်ပြန်ထားသည်မှာ တမန်တော်မြတ် ﷺ သည် 'ဟဇရသ်အီဗ်ရာဟီးမ် ؑ ၏ ကျမ်းငယ်များသည် ရမ်သွာန်လ (၁) ရက်နေ့၌သော်လည်းကောင်း၊ 'သောင်ရားသ်'ကျမ်းသည် ရမ်သွာန်လ (၆) ရက်နေ့၌သော်လည်းကောင်း၊ 'ဇဗူးရ်' ကျမ်းသည် (၁၂) ရက်နေ့၌သော်လည်းကောင်း၊ 'အင်န်ဂျီးလ်'ကျမ်းသည် (၁၈) ရက်နေ့၌သော်လည်းကောင်း၊ ကုရ်အာန်ကျမ်းတော်မြတ်သည် (၂၄) ရက်နေ့ ကုန်ဆုံးပြီးနောက် အလိုသဘောမှာ ၂၅ ရက်နေ့၏ ညဉ့်၌သော်လည်းကောင်း ကျရောက်လာခဲ့ပေသည်'ဟူ၍ မိန့်တော်မူထားပေသည်။ *[ကုရ်သုဗီးကျမ်း]*

ကုရ်အာန်ကျမ်းတော်မြတ်သည် 'ကဒရ်'ညဉ့်မြတ်၌ ကျရောက်လာတော်မူခြင်း၏ အလိုသဘောမှာ 'လောင်ဟေမဟ်ဖူးဇ်' သင်ပုန်းကြီးမှ ကုရ်အာန်ကျမ်းတော်မြတ်တစ်အုပ်လုံးသည် မိုးကောင်းကင်ပထမထပ်အပေါ် ထိုညဉ့်၌မှာပင် ချပေးသနားတော်မူခြင်း ခံရပေသည်။ တစ်ဖန် (၂၃) နှစ်တာကာလအတွင်း၌

အနည်းငယ်စီ၊ အနည်းငယ်စီ တမန်တော်မြတ် ﷺ ၏ အပေါ်သို့ ကျရောက်တော်မူလျက် ရှိကြောင်း'ဟူသော အလိုသဘောမျိုး ဖြစ်ပေသည်။ အချို့သော အာလင်မ်သာသနာ့ပညာရှင်များက 'နှစ်စဉ်တိုင်း တစ်နှစ်အတွင်း ချပေးတော်မူမည့် အတိုင်းအတာခန့်သာလျှင် 'ကဒရ်' ညဥ့်မြတ်၌ 'လောင်ဟေ့မဟ်ဖူးဇ်' သင်ပုန်းကြီးမှ ပထမမိုးကောင်းကင်ပေါ်သို့ ချပေးသနားတော်မူသည်' ဟု အမိန့်ရှိထားကြပေသည်။ *[ကုရ်သုဗီး]*

အချို့သော အကျယ်ဖွင့်ဆိုသည့် သာသနာ့ပညာရှင်များဖြစ်သော အိက်ရိမား (ရဟ) နှင့် အစရှိသော အာလင်မ်ပညာရှင်များထံမှ ဆင့်ပြန်ချက်လာရှိထားသည်မှာ ၎င်းတို့သည် ဤအာယသ်တော်အတွင်း ရှိသော 'ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံသော ညဥ့်'၏ အလိုသဘောကို 'ရှအ်ဗာန်'လ (၁၅) ရက်နေ့၏ ညဥ့်ဖြစ်သည်ဟု ကောက်ချက်ချထားကြပေသည်ဟူ၍ ဖြစ်သည်။ သို့ရာတွင် ထိုညဥ့်၌ ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်ခြင်းသည် ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားသော 'နစ္စူစ်' (လိုရင်းသဘောကို တင်ပြရန် ယူဆောင်လာသော ဝါကျများ) နှင့် ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များနှင့် ဆန့်ကျင်ဘက် ဖြစ်နေပေသည်။

شَهْرُ رَمَضَانَ الَّذِىْ اُنْزِلَ فِيْهِ الْقُرْاٰنُ

(ရမ်သွာန်လမြတ်သည်ကား အကြင်လမြတ်ပင် ဖြစ်၏။ ယင်းလမြတ်၌ ကုရ်အာန်ကျမ်းတော်မြတ်သည် ကျရောက်ခဲ့၏။) *[၂ : ၁၈၅]*

اِنَّاۤ اَنْزَلْنٰهُ فِىْ لَيْلَةِ الْقَدْرِ နှင့်

(ဧကန်မလွဲ ငါအသျှင်မြတ်သည်ပင် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို 'လိုင်လသုလ်ကဒရ်' မြင့်မြတ်သော ညဥ့်၌ ချပေးသနားတော်မူခဲ့၏။) *[၉၇ : ၁]*

ဟူသော ရှင်းလင်းပြတ်သားသည့် 'နစူးစ်' (အဓိကလိုရင်းသဘောကို တင်ပြရန် ယူဆောင်လာသော ဝါကျများ) ၏ အာယသ်တော်များ တည်ရှိနေပါလျက် ခိုင်လုံတိကျသော အထောက်အထားတစ်စုံတစ်ရာမရှိဘဲနှင့် 'ကုရ်အာန်ကျမ်းတော်မြတ်သည် 'ရှဗ်ဗေ့ဗရာအသ်'ညဥ့်၌ ကျရောက်ခဲ့သည်ဟု သတ်မှတ်၍ မရနိုင်ပေ။ သို့သာမက 'ရှအ်ဗာန်လ (၁၅) ရက်နေ့၏ ညဥ့်ကို အချို့သော ဟဒီးစ်ဆင့်ပြန်ချက်များ၌ 'ရှဗ်ဗေ့ဗရာအသ်' (သို့မဟုတ်) 'လိုင်လသုဆွဲဗွက်'ဟူ၍ ခေါ်ဆိုထားပေသည်။ ထိုညဥ့်မြတ်သည် ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံသော ညဥ့်ဖြစ်ခြင်းနှင့် ထိုညဥ့်၌ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ကရုဏာတော်များ ကျရောက်လာကြောင်း တင်ပြထားပေသည်။ ထိုအချက်များနှင့်အတူ အချို့သော ဆင့်ပြန်ချက်များအတွင်း၌ 'ကုရ်အာန်ကျမ်းတော်မြတ်၏ ဤနေရာတွင် ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံသော ညဥ့်၏ ဂုဏ်ထူးဝိသေသန အချက်အဖြစ်' တင်ပြထားသော အကြောင်းအရာများကိုလည်း တင်ပြပေသည်။ ဆိုလိုသည်မှာ-

فِيْهَا يُفْرَقُ كُلُّ اَمْرٍ حَكِيْمٍ

(ထိုညဥ့်တွင် နက်နဲသိမ်မွေ့သော အရေးကိစ္စများ ဟူသမျှတို့သည် အသေးစိတ် သတ်မှတ် အတည်ပြုခြင်း ခံကြရလေ၏။) *[၄၄ : ၄]*

اَمۡرًا مِّنۡ عِنۡدِنَا

(ငါအသျှင်မြတ်ထံတော်မှ အရေးကိစ္စတို့ကို ပြဌာန်းတော်မူခြင်းအားဖြင့် အတည်ပြုခြင်း ခံကြရလေ၏။)
[၄၄ : ၅]

အကြင်အထက်တင်ပြပါ အချက်အလက်တို့အား ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နိအဗ္ဗားစ် ﷺ သခင်ကြီးသည် ဤသို့ တင်ပြမိန့်မြွက်ထားတော်မူပေသည်။ 'ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်လာသော 'ရှဗ်ဗေ့ကဒရ်' ညဥ့်၌ ဤတစ်နှစ်တာ ကာလအတွင်းမှသည် နောင်လာမည့် 'ရှဗ်ဗေ့ကဒရ်' ညဥ့်မြတ် ထိတိုင် 'မည်သူမည်ဝါသည် ဤနှစ်အတွင်း၌ မွေးဖွားပေမည်နည်း။ မည်သူမည်ဝါသည် ဤနှစ်အတွင်း၌ သေဆုံးပေမည်။ မည်သူမည်ဝါသည် ဤနှစ်အတွင်း၌ ရိဇိရိက္ခာ မည်မျှခန့် အတိုင်းအတာ ချီးမြှင့်ခြင်းခံရပေမည်' ဟူသော အရေးကြီးသည့် အမှုကိစ္စများကို သတ်မှတ်အတည်ပြု ပြဌာန်းပေးတော်မူလိုက်ပေသည်။ ဤဖွင့်ဆိုချက် သဘောမျိုးကိုသာလျှင် အခြားသော အကျယ်ချဲ့ဖွင့်ဆိုသည့် အေမာမ်ကြီးများ ဖြစ်သော ကသာဒဟ် (ရဟ)၊ မူဂျာဟိဒ် (ရဟ)၊ ဟစန် (ရဟ) အစရှိသော သူတို့၏ထံမှလည်း လာရှိထားပေသည်။ မဟ်ဒဝီး (ရဟ) သခင်ကြီးက မိန့်ဆိုသည်မှာ ထိုတင်ပြချက်၏ အဓိပ္ပာယ် အလိုသဘောကား ဤသို့ပင်ဖြစ်သည်။ 'အလ္လာဟ်အသျှင်မြတ်၏ အသိတော်အတွင်း၌ပင် အစကတည်းက ဆုံးဖြတ်ချက်ချထားပြီးဖြစ်သော အမှုကိစ္စအလုံးစုံကို ထိုညဥ့်၌ သက်ဆိုင်ရာ ကောင်းကင်တမန်တော်တို့အား အပ်နှင်း ပေးအပ်လိုက်တော်မူခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်နှင့် 'စွန္နသ်'၊ ဟဒီးစ်တော်၏ အခြားသော 'နုစူးစ်' (လိုရင်းသဘောကို တင်ပြရန် ယူဆောင်လာသော ဝါကျများ) သည် 'အလ္လာဟ်အသျှင်မြတ်သည် ဤသတ်မှတ်အတည်ပြုချက်တို့ကို လူသားတို့အား မဖန်ဆင်းမီ ရှေးပဝေသဏီကတည်းကပင် ရေးသားထားခဲ့ကြောင်း' ကို မီးမောင်းထိုးပြလျက် ရှိနေပေသည်။ သို့ရှိရာ ထိုညဥ့်၌ ထိုအမှုကိစ္စများအား ဆုံးဖြတ်ချက်ချပေးခြင်း၏ ရလဒ်မှာ ကောင်းကင်တမန်တော်များ၏ အမှီသဟဲဖြင့် နဖူးစာကံတို့နှင့် စပ်လျဉ်း၍ နှစ်ပတ်လည်အမှုကိစ္စများကို ၎င်းတို့အား အပ်နှင်းပေးလိုက်သည်' ဟူ၍သာ ဖြစ်နိုင်ပေသည်။
[ကုရ်သုဗီး]

သို့ရာတွင် အချို့သော ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များ၌ 'ရှဗ်ဗေ့ဗရာအသ်' (ရှအ်ဗာန်လ (၁၅) ရက်နေ့ည) တွင် ကွယ်လွန်သေဆုံးခြင်းတို့နှင့် ရိဇိရိက္ခာတို့နှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များကို ရေးပေးတော်မူသည်ဟူ၍ လာရှိထားပေသည်။ ထို့ကြောင့် အချို့သော အာလင်မ်သာသနာ့ပညာရှင်ကြီးများသည် တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ ပါရှိသည့် မင်္ဂလာရှိသော ညဥ့်၏ (လိုင်လသုလ် မုဗာရကား) ၏ အကျယ်ချဲ့ဖွင့်ဆိုချက် သဘောတရားကို 'လိုင်လသုလ်ဗရာအသ်' ဖြစ်သည်ဟု မိန့်ဆိုထားကြပေသည်။ သို့ရာတွင် ဤသည် မမှန်ကန်လှပေ။ အဘယ်ကြောင့်ဆိုသော် ဤအာယသ်တော်တွင် ယင်းညဥ့်၌ ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်လာတော်မူကြောင်းကို ဦးစွာပထမ တင်ပြထားပေသည်။ ထိုကုရ်အာန်ကျမ်းတော်မြတ်သည် ရမ်သွာန်လမြတ်၌ ကျရောက်ကြောင်း ကုရ်အာန်ကျမ်းတော်မြတ်၏ 'နုစူးစ်' (အဓိက

လိုရင်းသဘောကို တင်ပြရန် ယူဆောင်လာသော ဝါကျများ) ဖြင့် သတ်မှတ် အတည်ပြုထားပေသည်။ 'ရှဗ်ဗေ့ဗရာအသ်' ညဥ့်အတွင်း၌ ရိဇ်ဇ်ရိက္ခာ အစရှိသော အချက်အလက်များ ဆုံးဖြတ်ချက် ချပေးတော်မူကြောင်း အကြောင်းအရာပါရှိသော အချို့သော ဆင့်ပြန်ချက်များနှင့် စပ်လျဉ်း၍ ပထမအချက်မှာ အိဗ်နေကဇီးရ် (ရဟ) သခင်ကြီးသည် ဤဆင့်ပြန်ချက်သည် 'မုရ်စလ်' (သာဗေအီးန်တစ်ပါးမှ တမန်တော်မြတ် ﷺ က အမိန့်ရှိသည်ဟူ၍ တိုက်ရိုက်ဆင့်ပြန်သော 'ရိဝါယသ်'ဆင့်ပြန်ချက်) ဖြစ်သည်ဟု မိန့်ဆိုထားပေသည်။ ဤကဲ့သို့သော ဆင့်ပြန်ချက် အမျိုးအစားတို့သည် ရှင်းလင်းလှစွာသော 'နုစူးစ်' (လိုရင်းသဘောကို တင်ပြရန် ယူဆောင်လာသော ဝါကျ) တို့နှင့် နှိုင်းယှဉ်လျှင် လက်ခံအတည်ပြုထိုက်ဖွယ် မရှိနိုင်ပေ။ ဤကဲ့သို့ပင် ကာဇီအဗူဗကရ်အိဗ်နေအရဗီး (ရဟ) သခင်ကြီးက အမိန့်ရှိထားသည်မှာ ရှအ်ဗာန်လ (၁၅) ရက်နေ့၏ ညဥ့်နှင့် စပ်လျဉ်း၍ 'ရိဇ်'ရိက္ခာ၊ ရှင်ခြင်း၊ သေခြင်းနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များကို ထိုညဥ့်၌ အတည်ပြုပြဋ္ဌာန်းပေးခြင်း'ကို အတည်ပြုပေးထားသော ခိုင်လုံ၍ လက်ခံထိုက်ဖွယ် ကောင်းသော ဆင့်ပြန်ချက်သည် မရှိရုံသာမက ထိုညဥ့်၏ မွန်မြတ် ထွတ်မြတ်မှုနှင့် အကျိုးထူးရှိခြင်းတို့ကို အတည်ပြုပေးသော ခိုင်လုံတိကျသော ဟဒီးစ်တော်သည်လည်း မရှိပေ။ သို့ရာတွင် ရဟုလ်မအာနီကျမ်း၌ ဆင့်ပြန်သူများ၏ အမည်နာမ မပါဘဲ ဆင့်ပြန်ချက်တစ်ရပ်သည် ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ သခင်ကြီးထံမှ ထိုအကြောင်းအရာနှင့် စပ်လျဉ်း၍ ဤသို့ လာရှိထားပေသည်။ 'ရိဇ်'ရိက္ခာ၊ ရှင်ခြင်းနှင့် သေခြင်း အစရှိသော ဆုံးဖြတ်ချက်များကို ရှအ်ဗာန်လ (၁၅) ရက်နေ့ညဥ့်၌ ရေးသားထားပေးကာ 'ရှဗ်ဗေ့ကဒရ်' ညဥ့်၌ ကောင်းကင်တမန်တော်များ၏ လက်တွင်းသို့ အပ်နှံပေးလိုက်ပေသည်။

အကယ်၍ ဤအထက်ပါ ဆင့်ပြန်ချက်ကို အတည်ပြု၍ ရမည်ဆိုလျှင် ယင်းအဆိုနှစ်ရပ်စလုံးကို ဤသို့ အထက်တင်ပြပါအတိုင်း (ရေးသားပေးခြင်း၊ အပ်နှင်းပေးခြင်း) ဖြင့် ညှိနှိုင်းပေးနိုင်ပေသည်။ သို့တည်းမဟုတ် မူရင်းအချက်သည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် မှန်ကန်သော ဟဒီးစ်တော်များမှ အတည်ပြုပေးထားသော အချက်သည်သာလျှင် ဖြစ်ပေသည်။ စူရာဟ်အဒ်ဒုခါးန်၏ အာယသ်တော်တွင် ပါရှိထားသော 'ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံသော ညဥ့်' နှင့်

فِيهَا يُفْرَقُ كُلُّ اَمۡرٍ حَكِيۡمٍ

(ထိုညဥ့်တွင် နက်နဲသိမ်မွေ့သော အရေးကိစ္စများဟူသရွေ့တို့သည် အသေးစိတ် သတ်မှတ်အတည်ပြုခြင်း ခံကြရလေ၏။) [၄၄ း ၄]

အစရှိသော စကားလုံးတော်များ အားလုံးသည် 'ရှဗ်ဗေ့ကဒရ်' ညဥ့်နှင့်သာလျှင် စပ်လျဉ်းနေပေသည်။ 'ရှဗ်ဗေ့ဗရာအသ်' ညဥ့်၏ အကျိုးထူးရှိခြင်းနှင့် ပတ်သက်သော အမှုကိစ္စသည် အချို့သော ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များအတွင်း၌ ဆင့်ဆိုကာ လာရှိထားသော သီးသန့်ကဏ္ဍရပ်ပင် ဖြစ်ပေသည်။ သို့ရာတွင် ထိုဆင့်ပြန်ချက်များသည် များသောအားဖြင့် မခိုင်လုံကြပေ။ ထို့ကြောင့် ကာဇီအဗူဗကရ်အိဗ်နေ

အရဗီး (ရဟ) သခင်ကြီးသည် ထိုညွှန်း၏ မှန်မြတ်မှုကို ငြင်းချက် ထုတ်ထားပေသည်။ သို့ရာတွင် 'ရှဗ်ဗေ့ဗရာအသ်' ညဉ့် အကျိုးထူးရှိခြင်း၏ ဆင့်ပြန်ချက်များသည် ဆင့်ကဲဆင့်ပြန်မှု ကွင်းဆက်ဇယားသည် မခိုင်လုံနေလင့်ကစား ဆင့်ကဲဆင့်ပြန်မှု ကွင်းဆက်နည်းလမ်းများနှင့် ဆင့်ပြန်မှုများ များပြားစွာ လာရှိထားသည့်အတွက်ကြောင့် ခိုင်လုံမှုအတွက် အင်အားတစ်ရပ် ရရှိနေသကဲ့သို့ ဖြစ်ပေသည်။ ထို့ကြောင့် များစွာသော အာလင်မ်အကြီးအကဲတို့သည် ထိုအချက်ကို လက်ခံထားကြပေသည်။ အဘယ်ကြောင့်ဆိုသော် အကျိုးထူးရှိသော ကျင့်ကြံပြုမှု ဆောင်ရွက်ချက်များ၌ ခိုင်လုံမှု အားနည်းသော ဆင့်ပြန်ချက်များ အပေါ် လက်တွေ့ကျကျ ပြုပိုင်ခွင့် ရှိပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေ၏။)

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

فَارْتَقِبْ يَوْمَ تَأْتِي السَّمَآءُ بِدُخَانٍ مُّبِينٍ ﴿١٠﴾

၄၄ း ၁၀ ။ ။ သို့ဖြစ်ပေရာ (အို, နဗီတမန်တော်) အသင်သည် (၎င်းတို့နှင့် ပတ်သက်၍) မိုးကောင်းကင်မှ ထင်ရှားစွာသော အခိုးအငွေ့ဖြစ်ပေါ်လာမည့် နေ့ကိုသာလျှင် စောင့်စား၍နေပါလေ။

يَّغْشَى النَّاسَ ۖ هٰذَا عَذَابٌ اَلِيْمٌ ﴿١١﴾

၄၄ း ၁၁ ။ ။ ယင်းအခိုးအငွေ့သည် (ဤ) သူအားလုံးတို့ကို ဖုံးလွှမ်း၍ သွားပေမည်။ ဤသည် အလွန်တရာ နာကျင်ဖွယ်ကောင်းသော ပြစ်ဒဏ်ပင် ဖြစ်မည်။

رَبَّنَا اكْشِفْ عَنَّا الْعَذَابَ اِنَّا مُؤْمِنُوْنَ ﴿١٢﴾

၄၄ း ၁၂ ။ ။ (ထိုအခါ ၎င်းတို့သည်) အို, ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူ တော်မူသော အသျှင်၊ အသျှင်မြတ်သည် ဤပြစ်ဒဏ်ကို ကျွန်တော်မျိုးမှ ဖယ်ရှား၍ ပေးသနားတော်မူပါ။ ဧကန်မလွဲ ကျွန်တော်မျိုးတို့သည် သက်ဝင်ယုံကြည်ကြပါတော့မည် (ဟု အသနားခံ လျှောက်ထားကြပေမည်။)

اَنّٰى لَهُمُ الذِّكْرٰى وَقَدْ جَآءَهُمْ رَسُوْلٌ مُّبِيْنٌ ﴿١٣﴾

၄၄ း ၁၃ ။ ။ ၎င်းတို့အဖို့ သတိရခြင်းသည် အဘယ်မှာလျှင် ရှိတော့သနည်း။ အမှန်စင်စစ် ၎င်းတို့ထံ ရစူလ်တမန်တော်သည် ထင်ရှားစွာသော (သက်သေလက္ခဏာများနှင့်တကွ) ဧကန်အမှန် ရောက်ရှိ၍ လာခဲ့ချေပြီ။

ثُمَّ تَوَلَّوْا عَنْهُ وَقَالُوا مُعَلَّمٌ مَّجْنُونٌ ⑭

၄၄ : ၁၄ ။ ။ သို့ပါလျက် ၎င်းတို့သည် ထိုရစူလ်တမန်တော်ဘက်မှ မျက်နှာလွှဲ၍ ကျောခိုင်းခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့က (ရစူလ်တမန်တော်အား သူတစ်ပါးတို့) သင်ကြားပို့ချ၍ ပေးခြင်းကို ခံခဲ့ရသောသူ (ဟူ၍လည်းကောင်း) ရူးသွပ်နေသောသူ (ဟူ၍လည်းကောင်း) စွပ်စွဲပြောဆိုခဲ့ကြကုန်၏။

إِنَّا كَاشِفُوا الْعَذَابِ قَلِيلًا إِنَّكُمْ عَائِدُونَ ⑮

၄၄ : ၁၅ ။ ။ စင်စစ်အမှန် ငါအသျှင်မြတ်သည် အနည်းငယ်မျှ ကာလတိုင်အောင် ပြစ်ဒဏ်ကို ဖယ်ရှား၍ ပေးတော်မူမည်ဖြစ်သည်။ သို့တစေလည်း စင်စစ်မလွဲ အသင်တို့သည် (မူလအခြေအနေသို့ပင်) ပြန်ပြောင်း၍ လာကြမည်ဖြစ်သောသူတို့ပင် ဖြစ်ကြကုန်၏။

يَوْمَ نَبْطِشُ الْبَطْشَةَ الْكُبْرَىٰ إِنَّا مُنتَقِمُونَ ⑯

၄၄ : ၁၆ ။ ။ အကြင်နေ့တွင် ငါအသျှင်မြတ်သည် အကြီးအကျယ် ဖမ်းဆီး အရေးယူတော်မူမည်။ စင်စစ်မလွဲ (ထိုနေ့တွင်) ငါအသျှင်မြတ်သည် လက်စားချေတော်မူမည် ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ဤသူတို့သည် အမှန်တရား ပေါ်လွင်ထင်ရှားစွာ ဖြစ်ပေါ်တည်ရှိသည်ကို မြင်တွေ့နေရသည့်ကြားကပင် လက်မခံကြပေရာ) ထိုသို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့နှင့် ပတ်သက်၍) မိုးကောင်းကင်မှ ထင်ရှားစွာသော အခိုးအငွေ့ ဖြစ်ပေါ်လာမည့်နေ့ကိုသာလျှင် စောင့်ဆိုင်းနေပါလေ။

ယင်းအခိုးအငွေ့သည် (ဤ) သူတို့အားလုံးကို ဖုံးလွှမ်း၍ (လည်း) သွားပေမည်။ ဤသည် အလွန်တရာ နာကျင်ဖွယ်ကောင်းသော ပြစ်ဒဏ်ပင် ဖြစ်ပေမည်။ (အကြင်ပြစ်ဒဏ်သည် ၎င်းတို့အဖို့ ဖြစ်ပေလိမ့်မည်။ အလိုသဘောမှာ ကောက်ပဲသီးနှံ ရှားပါးခြင်း၏ ကပ်ဆိုက်ခြင်းဖြစ်ပေသည်။ အကြင်ကပ်သည် မက္ကာဟ်မြို့သားတို့အပေါ်၌ တမန်တော်မြတ် ﷺ ၏ ကရုဏာတော်မှ ကင်းဝေးရန် တောင်းဆုဒိုအာ ပြုခြင်းကြောင့် ဆိုက်ရောက်ခဲ့ခြင်း ဖြစ်သည်။ ၎င်းကရုဏာတော်မှ ကင်းဝေးရန် တောင်းဆုဒိုအာ ပြုခြင်းသည် မက္ကာဟ်မြို့တော်၌ တစ်ကြိမ်၊ မဒီနာမြို့တော်၌ တစ်ကြိမ် ဖြစ်ပေါ်ခဲ့ပေသည်။ 'ကိုယ်ခန္ဓာ ခြောက်သွေ့ကာ ဆာလောင်မှုပြင်းထန်သော အချိန်၌ မိုးကောင်းကင်နှင့် မြေပထဝီကြားဝယ်ရှိ လေဟာပြင်ကို မိမိ၏မျက်စိအစုံ ရှေ့မှောက်၌ မိုးခိုးကဲ့သို့ မြင်တွေ့ရခြင်းမှာ မြင်လေ့မြင်ထရှိသော အချက်ပင် ဖြစ်ပေသည်။ အချုပ်မှာ မက္ကာဟ်မြို့သားတို့သည် မိမိတို့၏ အသက်အန္တရာယ်တို့အား စိုးရိမ်မှုများ ဖြစ်ရှိလာကာ ရှိကျိုးမှုကို ပြုလာလေကြတော့ပေသည်။ သို့ရှိရာ ကြိုတင်မိန့်မြွက်သော အသွင်မျိုးဖြင့် အမိန့်ရှိထား

သည်မှာ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ ၄င်းတို့သည် လျှောက်ထားကြမည်မှာ) 'အို၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့မှ ဤပြစ်ဒဏ်ကို ဖယ်ရှား၍ ပေးတော်မူပါ။ ဧကန်မလွဲ ကျွန်တော်မျိုးတို့သည် အီမာန်သက်ဝင် ယုံကြည်ကြပါတော့မည်' (ဟု အသနားခံ လျှောက်ထားကြပေမည်။ သို့တစေ ကြိုတင်ဟောကိန်းသည် ဤသို့ ပြည့်ဝစွာ ဖြစ်ပေါ်တည်ရှိသွားပေသည်။ အဗူစွဖ်ယားန်နှင့် အခြားသော ကုရိုက်ရှ်အမျိုးသားတို့သည် တမန်တော်မြတ် ﷺ ၏ ထံတော်သို့ သဝဏ်လွှာရေးကာ၊ ၄င်းနောက် လူကိုယ်တိုင်လည်း လာရောက်ကာ တမန်တော်မြတ် ﷺ အနေနှင့် ၄င်းကောက်ပဲသီးနှံ ရှားပါးခြင်းကပ်မှ ကင်းလွတ်ချမ်းသာရရန် ဒိုအာပြုပေးတော်မူပါ။ ၄င်းနောက် 'ကောက်ပဲသီးနှံကို ပိတ်ဆို့ထားသော ယမာမာ၏ ခေါင်းဆောင်ဖြစ်သူ စိုမာမားအား ရှင်းပြ၍ အကူအညီတောင်းပေးပါ' ဟု ဆိုခဲ့၏။ ရူဟုလ်မအာနီကျမ်းရှင် သခင်ကြီးက 'အဗူစွဖ်ယားန်သည် အီမာန်ယူလာပါမည်ဟု ကတိပေးကြောင်း' ကိုလည်း ဆင့်ပြန်ချက်တွင် ဆင့်ပြန်ထားပေသည်။)

(ရှေ့၌ ၄င်းတို့ဘက်မှ ထိုပေးထားသော ကတိအား အူလိုက်၊ အသည်းလိုက်ဖြင့် မပေးထားကြောင်းကို မိန့်မြွက်ထားသည်မှာ) ၄င်းတို့အဖို့ (ယင်းအချက်အား) သတိရခြင်းသည် အဘယ်မှာလျှင် ရှိတော့သနည်း။ (ယင်းအချက်ကြောင့် ၄င်းတို့အနေဖြင့် အီမာန်ရယူကောင်း ရယူလာနိုင်သည်ဟု မျှော်လင့်ချက်ထားရှိနိုင်ပေသည်။) အမှန်စင်စစ် ၄င်းတို့ထံ (၄င်းတို့၏ အလျင်) ရစူလ်တမန်တော်သည် ထင်ရှားစွာသော (သက်သေလက္ခဏာများနှင့်တကွ) ဧကန်အမှန် ရောက်ရှိလာခဲ့ချေပြီ။ (ဆိုလိုသည်မှာ အကြွင်နဗီတော်၏ နဗီရှိန်၊ နဗီဝါသည် ထွန်းလင်းတောက်ပကာ ထင်ရှားလျက် ရှိခဲ့သည်။)

သို့ပါလျက် ၄င်းတို့သည် ထိုရစူလ်တမန်တော်ဘက်မှ မျက်နှာလွှဲ၍ ကျောခိုင်းခဲ့ကြကုန်၏။ ထို့ပြင် ၄င်းတို့က (ရစူလ်တမန်တော်အား သူတစ်ပါးတို့) သင်ကြားပို့ချ၍ ပေးခြင်းကို ခံခဲ့ရသောသူ (ဟူ၍လည်းကောင်း)၊ ရူးသွပ်နေသောသူ (ဟူ၍လည်းကောင်း စွပ်စွဲပြောဆိုခဲ့ကြကုန်၏။ (ဤကဲ့သို့သော ရစူလ်ဖြစ်ခြင်း၏ အထောက်အထားများနှင့် ၄င်းအထောက်အထားများအတွင်းဝယ် အခြားပုံသဏ္ဌာန် အဓိပ္ပာယ်သဘောမျိုး တစ်စုံတစ်ရာမျှပင် ကောက်ယူ၍ မရရှိနိုင်သော ဤမျှခန့် အလွန်ကြီးကျယ်သော ရစူလ်တမန်တော်တစ်ပါး ကြွရောက်လာချိန်၌လည်း ဤသူတို့သည် အီမာန်ကို မရယူကြပေ။ သို့ရှိရာ ကပ်ဆိုက်စေလိုက်သောအခါ ဤသည် 'သဘာဝအကြောင်းခံများ၏ အောက်ဝယ် တည်ရှိနေသော သာမန်ဖြစ်အင်တစ်ရပ်ဖြစ်သည်။ 'ကုဖွ်ရ်' (သွေဖည်ငြင်းဆိုခြင်း) ၏ ပြစ်ဒဏ်အဖြစ် ဆိုက်ရောက်ခြင်းမဟုတ်' ဟူသော ဖြစ်နိုင်ဖွယ်အချက်များကို ပြောဆိုမှန်းဆလျက် ရှိခဲ့ကြကုန်၏။ မည်သည့်အချိန်၌ အီမာန်ရယူရန် မျှော်လင့်ချက်ကို ထားရှိရပေမည်နည်း။ ၄င်းတို့၏ ဤသို့ ပြောဆိုခြင်းသည် ပြီးပြီးစလွယ် လက်တလော ဒုက္ခမှ လွတ်ကင်းမှုရရန် ပြောဆိုခြင်းမျိုးမျှသာ ဖြစ်ပေသည်။ သို့ရာတွင်) ဧကန်အမှန် ငါအသျှင်မြတ်သည် (အဘက်ဘက်မှ အထောက်အထား ပြည့်စုံသွားစေရန်အတွက်) အနည်းငယ်မျှတိုင်အောင် ပြစ်ဒဏ်ကို ဖယ်ရှားပေးတော်မူမည် ဖြစ်သည်။ သို့တစေလည်း ဧကန်မလွဲ အသင်တို့သည် (မူလအခြေအနေသို့ပင်) ပြန်ပြောင်း၍ လာကြမည်ဖြစ်သော သူတို့ပင် ဖြစ်ကြကုန်၏။ (သို့ရှိရာ ဤကြိုတင်ဟောကိန်းသည် ဤသို့

သောနည်းဖြင့် ပြည့်ဝသွားပေသည်။ တမန်တော်မြတ် ﷺ သည် ဒိုအာပြုတော်မူရာ မိုးများ ရွာသွန်းလာ၏။ 'ကောက်ပဲသီးနှံများ ဖြတ်တောက်ထားမှုကို အဆုံးသတ်၍ ပြန်လည်သွင်းရန် စိုမာမားထံ သဝဏ်လွှာရေးသား ပို့ပေးတော်မူလိုက်ပေသည်။ မက္ကာဟ်မြို့သူမြို့သားများ သာယာဝပြောသော အခြေအနေသို့ ပြန်လည် ဆိုက်ရောက်လာကြကာ သို့ရာတွင် ၎င်းတို့သည် အီမာန်ရယူမှုကို မဆိုထားဘိဦး။ ဒုက္ခရောက်ချိန်က နူးညံ့ပျော့ပြောင်းမှုတို့ပင် ပြန်လည် ပျောက်ကွယ်သွား၍ တစ်ဖန် ယခင်ကဲ့သို့ မာကြောပြင်းထန်ဆူညံသမှု ပြုမူများကို ပြုနေကြပြန်တော့သည်။ 'အနည်းငယ်မျှ ကာလတိုင်အောင်' ဟူ၍ မိန့်ဆိုတော်မူထားရခြင်းအကြောင်းမှာ ထိုပြစ်ဒဏ်တော်မှ ဖယ်ရှားပေးတော်မူလိုက်ခြင်း၏ သက်တမ်းကာလတွင် ဤလောကီရေးရာ သက်တမ်းကာလထိတိုင်သာ ဖြစ်ပေသည်။ တစ်ဖန် ကွယ်လွန် သေဆုံးပြီးနောက် ၎င်းတို့ထံ ဆိုက်ရာက်လာမည်ဖြစ်သော ပြစ်ဒဏ်သည် ကုန်ဆုံးသွားမည်ဖြစ်သော ပြစ်ဒဏ်မျိုးမဟုတ်ပေ။)

(သို့ရှိရာ မိန့်တော်မူထားသည်မှာ) အကြင်နေ့တွင် ငါအသျှင်မြတ်သည် အကြီးအကျယ် ဖမ်းဆီးအရေးယူတော်မူမည် ဖြစ်သည်။ စကန်မလွဲ (ထိုနေ့တွင်) ငါအသျှင်မြတ်သည် (ပြည့်ဝစွာ) လက်စားချေတော်မူမည် ဖြစ်ပေသည်။ (ဆိုလိုသည်မှာ 'အာခေရသ်'နောင်တမလွန်၌ ပြည့်ဝစွာ ပြစ်ဒဏ်ကို ပေးတော်မူမည်ဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ ထင်ရှားစွာသော အခိုးအငွေ့အကြောင်းကို '၎င်းမှာ မိုးကောင်းကင်မှ ထွက်ပေါ်လာမည်ဖြစ်ကြောင်းနှင့် လူများအားလုံးအပေါ် လွှမ်းခြုံ ဖုံးလွှမ်းသွားပေလိမ့်မည်။ ၎င်းကို အသင်တမန်တော် စောင့်မျှော် စောင့်ဆိုင်းနေပါလေ'ဟူ၍ ကြိုတင် ဟောကိန်းပုံစံမျိုးဖြင့် တင်ပြထားပေသည်။ ထိုအချက်နှင့် စပ်လျဉ်း၍ ဆွဟာဗာများနှင့် သာဗေအီးန်သခင် ကြီးများထံမှ အဆို (၃) ရပ် ဆင့်ပြန်ချက်အဖြစ် လာရှိထားပေသည်။

ပထမအဆိုတစ်ရပ်မှာ ဤသည် 'ကေယာမသ်'၏ နိမိတ်လက္ခဏာများထဲမှ လက္ခဏာ တစ်ရပ်ဖြစ်ပေသည်။ အကြင်လက္ခဏာသည် 'ကေယာမသ်' လုံးဝ နီးကပ်လာမည့်အချိန်၌ ဖြစ်ပေါ်တည်ရှိလာပေလိမ့်မည်။ ဤအဆိုသည် ဟဇရသ်အလီ ؓ ၊ ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ ၊ အိဗ်နေအုမရ် ؓ ၊ အဗူဟုရိုင်ရာဟ် ؓ ၊ ဇိုက်ဒ်ဗင်န်အလီ ؓ ၊ ဟဇရသ်ဟစန်ဗဆွ်ရီး (ရဟ) နှင့် အိဗ်နေအဗီမူလိုက်ကား (ရဟ) အစရှိသော သခင်ကြီးများ၏ အဆိုဖြစ်ပေသည်။ ဟဇရသ်အဗူစအီးဒ်ခုဒ်ရီး ؓ နှင့် ဟုဇိုက်ဖာဗင်န်အစီးဒ်ဂဖ်ဖာရီး ؓ သခင်ကြီးတို့ထံမှလည်း ဤအဆိုကို တမန်တော်မြတ် ﷺ ၏ ထံတော်ပါးမှ 'မရ်ဖူးအ်' (တိုက်ရိုက်) အဖြစ် ဆင့်ပြန်ထားပေသည်။ အကျယ်ကို ရှေ့၌ ဖော်ပြပေမည်။

ဒုတိယအဆိုမှာ ဤကြိုတင်ဟောကိန်းသည် ဖြစ်ပေါ်တည်ရှိခဲ့ပြီး ဖြစ်၏။ ၎င်းကြိုတင်ဟောကိန်း၏ တိုက်ရိုက်အသွန်းခံ သက်ရောက်ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်မှာ 'တမန်တော်မြတ် ﷺ ၏ ကရုဏာတော်မှ

ကင်းဝေးပါစေဟူသော မကောင်းတောင်းဆုဒိုအာကြောင့် မက္ကာဟ်မြို့သားများအပေါ် လွှမ်းမိုးသက်ရောက်ခဲ့သော ကောက်ပဲသီးနှံ ရှားပါးသော ကပ်ဘေးကြီးပင်' ဖြစ်သည်။ ဝတ်မွတ်ခေါင်းပါးစွာဖြင့် သေဆုံးနေကြရသည်။ အသေသားများကိုပင် စားသုံးလာရသည့် အတိုင်းအတာအထိ ဖြစ်၏။ မိုးကောင်းကင်၌ မိုးတိမ်၏ အစား ၄င်းတို့သည် အခိုးအငွေ့ကိုသာလျှင် မြင်တွေ့နေကြရသော' ကပ်ဘေးပင် ဖြစ်ပေသည်။ ဤအဆိုသည် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န် မတ်စ်အူးဒ် ﷺ အစရှိသော သခင်တို့၏ အဆိုပင် ဖြစ်ပေသည်။

တတိယအဆိုမှာ ထိုအခိုးအငွေ့၏ အလိုသဘောသည် မက္ကာဟ်မြို့ကို အောင်နိုင်သောနေ့၌ မက္ကာဟ်ရွှေမြို့တော်၏ မိုးကောင်းကင်၌ လွှမ်းခြုံဖုံးလွှမ်းသွားသော မြူမှုန်၊ ဖုံမှုန့်တို့ ဖြစ်ပေသည်။ ဤအဆိုသည် အဗ်ဒုရ်ရဟ်မာန်အအ်ရဂ်(ရဟ) နှင့် အစရှိသော ပညာရှင်များ၏ အဆိုဖြစ်ပေသည်။ */ ကုရ်သုဗီး /*

ထင်ရှားကျော်ကြားသော အဆိုမှာ ပထမအဆိုနှစ်ရပ် ဖြစ်ပေသည်။ တတိယအဆိုနှင့် စပ်လျဉ်း၍ အိဗ်နေကစီးရ် (ရဟ) သခင်ကြီးသည် **هذا القول غريب جدا بل منكر** (အတည်ပြုခြင်းမခံထားရသော အဆို) ဖြစ်သည်ဟူ၍ မိန့်တော်မူထားပေသည်။ ကျန်ရှိသော အဆိုနှစ်ရပ်အကြောင်း စစ်မှန်သော ဟဒီးစ်တော်များတွင် လာရှိထားပေသည်။ ရုဟုလ်မအာနီးကျမ်းရှင် သခင်ကြီးသည် ဒုတိယအဆိုကို ဦးစားပေးထားကာ အထက်၌ တင်ပြခဲ့ပြီးဖြစ်သော ဗယာနွုလ် ကုရ်အာန်ကျမ်းမှ ကောက်နှုတ်ရေးသားထားသော အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်၌လည်း ဤအဆိုကိုပင် ရွေးချယ်အသာပေး တင်ပြထားပေသည်။ အိဗ်နေကစီးရ် (ရဟ) သခင်ကြီးနှင့် ကုရ်သုဗီး (ရဟ) သခင်ကြီးသည် ပထမအဆိုကို အသာပေးထားကြောင်း သိရှိရပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေ၏။) အဆိုနှစ်ရပ်စလုံး၏ ဆင့်ပြန်ချက်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပေသည်။

ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းအတွင်း၌ ဟဇရသ်ဟုဇိုက်ဖားဗင်န်အစီးဒ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ 'ကျွန်ုပ်တို့သည် မိမိတို့အချင်းချင်းကြား၌ 'ကေယာမသ်'၏ အတိတ်နိမိတ်လက္ခဏာများ ပြောဆိုလျက် ရှိနေကြစဉ်' တမန်တော်မြတ် ﷺ သည် ထပ်ခိုးဆောင်တော်ပေါ်မှ ကျွန်ုပ်တို့အား ကြည့်ရှုတော်မူကာ 'အသင်တို့သည် လက္ခဏာ (၁၀) ရပ်ကို မတွေ့မြင်သေးသရွေ့ ကာလပတ်လုံး 'ကေယာမသ်'နေ့သည် ဆိုက်ရောက်လာလိမ့်မည်မဟုတ်။

(၁) အနောက်ဘက်မှ နေထွက်ခြင်း၊
(၂) အခိုးအငွေ့၊
(၃) တိရစ္ဆာန်ကြီး၊
(၄) 'ယအ်ဂျူးဂျ်'၊ 'မအ်ဂျူးဂျ်' တို့ ထွက်ပေါ်လာခြင်း၊
(၅) ဟဇရသ်အီစာ ﷺ မိုးကောင်းကင်မှ ပြန်လည်ဆင်းသက်တော်မူလာခြင်း၊
(၆) 'ဒဂ်ဂျားလ်'ထွက်ပေါ်လာခြင်း၊

၇ မြေ (၃) ကြိမ် ပြိုခြင်း၊ ကမ္ဘာ့အရှေ့ဘက်အရပ်၌ တစ်ကြိမ်၊
၈ ကမ္ဘာ့အနောက်ဘက်၌ တစ်ကြိမ်၊
၉ အာရေဗီးယားကျွန်းစွယ်၌ တစ်ကြိမ်၊
၁၀ မီးကျည်တစ်ခုသည် 'ကအ်ရေအဒ်န်'အရပ်ဒေသမှ ထွက်ပေါ်လာကာ လူတို့ကို အနောက်မှ မောင်းနှင်ကာ ခေါ်ဆောင်သွားမည်ဖြစ်ခြင်း၊ လူတို့ ညဥ့်အချိန်၌ အိပ်စက်ရန်အတွက် ရပ်နားချိန်တွင် ထိုမီးသည်လည်း ရပ်နားသွားမည်ဖြစ်ခြင်း၊ နေ့ခင်းနေလည် အနားယူရန်အတွက် လူတို့ ရပ်နားသွားမည်ဆိုလျှင် ထိုမီးသည်လည်း ရပ်နားသွားမည်ဖြစ်ခြင်း'ဟူ၍ မိန့်ခြွေတော်မူလိုက်ပေသည်။ */ အိဗ်နုကစီးရ် /*

အိဗ်နေဂျရီးရ် (ရဟ) သခင်ကြီးသည် အဗူမာလိက်အရှ်အရီး (ရဟ) သခင်ကြီးထံမှ ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ သည် 'ငါကိုယ်တော်သည် အသင်တို့အား အချက် (၃) ချက်နှင့် စပ်လျဉ်း၍ ခြိမ်းခြောက် မိန့်မြွက်တော်မူမည် ဖြစ်သည်။

❶ အခိုးအငွေ့ (အကြင်အခိုးအငွေ့သည် မုအ်မင်န်များအဖို့ နှာစေးခြင်းကိုသာလျှင် ဖြစ်ပေါ်စေပြီး ကာဖိရ်များအဖို့ ကိုယ်ခန္ဓာတစ်ခုလုံးအတွင်း၌ ဝင်ရောက်ပြည့်နှက်ကာ ၎င်းတို့၏ နားပေါက်တိုင်းနှင့် သေးငယ်သော မွေးမျှင်ပေါက်ကလေးများမှလည်း ပြန်လည်ထွက်လာလိမ့်မည်။
❷ အလွန်အံ့သြဖွယ်ကောင်းသော တိရစ္ဆာန်ကြီးတစ်ကောင် မြေကြီးထဲမှ ထွက်ပေါ်လာပေလိမ့်မည်။
❸ 'ဒဂ်ျဂျားလ်'ထွက်ပေါ်လာပေလိမ့်မည်ဟူ၍ မိန့်တော်မူလိုက်ပေသည်။

ထိုဆင့်ပြန်ချက်ကို အိဗ်နေကစီးရ် (ရဟ) သခင်ကြီးသည် ဆင့်ပြန်ကာ 'ဆင့်ကဲ ဆင့်ပြန်မှုတွင် ကွင်းဆက်ဖယား ကောင်းမွန်ပေသည်' ဟူ၍ မိန့်တော်မူထားပေသည်။ ထိုအကြောင်းအရာပါ ဆင့်ပြန်ချက်တစ်ရပ်ကို အိဗ်နေအဗီဟာသင်မ် (ရဟ) ၏ အညွှန်းဖြင့် ဟဇရသ်အဗူစအီးဒ်ခုဒ်ရီး (ရဟ) သခင်ကြီးထံမှ ဆင့်ပြန်ထားသော ရိဝါယသ်ဆင့်ပြန်ချက်ကိုလည်း အိဗ်နေကစီးရ် (ရဟ) သခင်ကြီးသည် ဆင့်ပြန်ထားပေသည်။ အိဗ်နေအဗီဟာသင်မ် (ရဟ) ၏ အညွှန်းဖြင့် ဟဇရသ်အလီ (ရဟ) သခင်ကြီးထံမှ ဤအောက်ဖော်ပြပါ ဆင့်ပြန်ချက်ကို ဆင့်ပြန်ထားပေသည်။ အခိုးအငွေ့၏ ကြိုတင်ဟောကိန်းသည် မဖြစ်ပေါ်လာသေးပေ။ ('ကေယာမသ်' နီးကပ်လာသော အချိန်၌ ဖြစ်ပေါ်လာလိမ့်မည်။) ဤအခိုးအငွေ့သည် မုအ်မင်န်တို့အဖို့ နှာစေးခြင်းကိုသာ ဖြစ်ပေါ်စေပြီး ကာဖိရ်များ၏ ကိုယ်ခန္ဓာတစ်ခုလုံးအတွင်းသို့ ဝင်ရောက်ကာ အပေါက်တိုင်းမှ ပြန်လည်ထွက်လာပေလိမ့်မည်။ ဤကဲ့သို့သော အကြောင်းအရာကိုပင်လျှင် အိဗ်နေဂျရီးရ် (ရဟ) ၏ အညွှန်းဖြင့် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အုမရ် ﷺ နှင့် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှလည်း ဆင့်ပြန်ထားပေသည်။ ၎င်းဆင့်ပြန်ချက်ကို ဆင့်ပြန်ပြီး အိဗ်နေကစီးရ် (ရဟ) သခင်ကြီးသည် အမိန့်ရှိထားသည်မှာ-

هذا اسناد صحيح الى ابن عباس ﷺ حبر الامة وترجمان القرآن وهكذا قول من وافقه من الصحابة والتابعين مع الاحاديث المرفوعة من الصحاح والحسان وغيرهما التى اوردوها مما فيه مقنع ودلالة ظاهرة على ان الدخان من الآيات المنتظرة مع انه ظاهر القرآن ﴿فَارْتَقِبْ يَوْمَ تَأْتِي السَّمَآءُ بِدُخَانٍ مُّبِينٍ﴾ وعلى ما فسره ابن مسعود ﷺ انما هو خيال رأوه فى اعينهم من شدة الجوع والجهد وهكذا قوله تعالى ﴿يَغْشَى النَّاسَ﴾ اى يتغشاهم ويعمهم ولو كان امرًا خياليًا يخص اهل مكة المشركين لما قيل فيه يَغْشَى النَّاسَ

ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထိတိုင် ဤဆင့်ပြန်မှု ကွင်းဆက်ဇယားသည် မှန်ကန်နေပေသည်။ အခြားသောဆွဟာဗာများနှင့် သာဗေ့အီးန်သခင်ကြီးများ၏ အဆိုသည်လည်း ဤအဆိုသည်သာလျှင် ဖြစ်ပေသည်။ အကြင်သူတို့၏ ကောက်နုတ်တင်ပြချက်သည် အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီး၏ ကောက်နုတ်တင်ပြချက်နှင့် ကိုက်ညီနေပေသည်။ ၎င်းတို့၏ အထောက်အထားအဖြစ် 'မရ်ဖူးအ်' (တမန်တော်မြတ် ﷺ ထံတော်မှ ဆင့်ပြန်ထားသော) ဟဒီးစ်တော်များ ရှိနေလေသည်။ 'အချို့ဆင့်ပြန်ချက်တို့သည် 'ဆွဟီးဟ်' (ကွင်းဆက်ဆင့်ပြန်မှုဇယား မှန်ကန်တိကျမှုရှိသော ဟဒီးစ်) အဆင့်ရှိ၍ အချို့ဆင့်ပြန်ချက်တို့သည် ကွင်းဆက်ဆင့်ပြန်မှုဇယား ကောင်း၊ သင့် အဆင့်ရှိသော ဟဒီးစ်) အဆင့်ရှိကြ၏။ ထိုဆင့်ပြန်ချက်များသည်လည်း 'အခိုး၊ အငွေ့'သည် 'ကေယာမသ်'၏ ရှေ့ပြေး နိမိတ်လက္ခဏာများထဲမှ ဖြစ်ပြီး စောင့်ဆိုင်းလျက်ရှိနေရကာ ယခုအချိန်အထိတိုင် မလာရောက်သေးကြောင်း' ကို အတည်ပြုရန်အတွက် လုံလောက်ပေသည်။ အထူးသဖြင့် ကုရ်အာန်ကျမ်းတော်မြတ်၏ အပေါ်ယံ စကားလုံးတော်များသည်လည်း ထိုအချက်အပေါ် ထောက်ခံလျက် ရှိနေပေသည်။ ဟဇရတ်အဗ်ဒုလ္လာဟ် ဗင်န်မတ်စ်အူးဒ် ﷺ သခင်ကြီး၏ ကျော်ကြားလှစွာသော အကျယ်ဖွင့်ဆိုချက်အတွင်း၌ ကျမ်းမြတ်အတွင်း၌ တင်ပြထားသော အခိုးအငွေ့သည် ပြင်းထန်စွာသော ဆာလောင်ငတ်မွတ်သောသူအဖို့ ၎င်း၏ မျက်လုံးအတွင်းဝယ် မြင်တွေ့ခံစားရသော 'စိတ်ထင်' အခိုးအငွေ့ဖြစ်သည်ဟူသော ဖွင့်ဆိုချက်အတွက် يَغْشَى النَّاسَ (ဤသူတို့အားလုံးကို ဖုံးလွှမ်း၍ သွားပေသည်) ဟူသော အချက်သည် ဝေးကွာခဲယဉ်းလှပေသည်ဟု မှတ်ယူနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဤသို့ စိတ်ထင် မြင်တွေ့နေရသော အခိုးအငွေ့သည် မက္ကာဟ်သားတို့အဖို့သာလျှင် သီးသန့်ဖြစ်ကာ يَغْشَى النَّاسَ (ဤသူတို့အားလုံးကို ဖုံးလွှမ်း၍ သွားပေသည်) ဟူသော စကားလုံးတော်သည် အားလုံးသောသူတို့အား လွှမ်းခြုံထားကြောင်းကို တင်ပြထားပေသည်။

ပထမအဆို (ဝ၊) ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်နိမတ်စ်အူးဒ် ﷺ သခင်ကြီး၏ အဆို၏ အထောက်အထား ဆင့်ပြန်ချက်သည် ဘိုခါရီ ကျမ်း၊ မွတ်စ္စလင်မ်ကျမ်း၊ မွတ်စ်နဒ်အဟ်မဒ်၊ သိရ်မေဇီကျမ်းနှင့် နစာအီကျမ်း အစရှိသော ကျမ်းများ၌ ဤသို့ လာရှိထားပေသည်။ ဟဇရတ်မတ်စ်ရူးက် (ရဟ) သခင်ကြီးက ဆင့်ပြန် ထားသည်မှာ 'တစ်နေ့ ကျွန်ုပ်တို့သည် ကန်ဒါးတံခါးများအနီး 'ကူဖာ' မြို့ရှိ ဗလီဝတ်ကျောင်းတော် အတွင်းသို့ ဝင်ရောက်သွားသောအခါ တရားဟောသူတစ်ဦးသည် လူတို့အား တရားဟောကြားနေသည်ကို မြင်တွေ့နေရပေသည်။

يَوْمَ تَأْتِي السَّمَاءُ بِدُخَانٍ مُّبِينٍ

ဟူသော အာယသ်တော်နှင့် စပ်လျဉ်း၍ 'ထိုအခိုးအငွေ့၏ အလိုသဘောကို အသင်တို့ သိရှိပါ၏ လော'ဟူ၍ အသင့်ရှိနေသောသူတို့အား မေးမြန်းလေသည်။ တစ်ဖန် ၎င်းက 'ကေယာမသ်နေ့၌ ထွက်ပေါ် လာမည်ဖြစ်သော အခိုးအငွေ့ဖြစ်ပေသည်။ အကြင်အခိုးအငွေ့သည် မုနာဖစ်ကတို့၏ နားများနှင့် မျက်လုံး များကို ဖျက်ဆီးပစ်လိုက်မည်။ မုအ်မင်န်တို့အဖို့ ထိုအခိုးအငွေ့သည် နှာစေးခြင်းကိုသာလျှင် ဖြစ်ပေါ်စေ လိမ့်မည်' ဟူ၍ ပြောဆိုဟောကြားခဲ့သည်။

မတ်စ်ရူးက် (ရဟ) သခင်ကြီးက အမိန့်ရှိသည်မှာ တရားဟောသူ၏ ဤစကားကို ကြားကာ ကျွန်ုပ်တို့သည် ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်နိမတ်စ်အူးဒ် ﷺ သခင်ကြီးထံသို့ သွားရောက်၍ ထိုအကြောင်း ကို တင်ပြလေရာ သခင်ကြီးသည် (ကျွန်ုပ်တို့ တင်ပြချိန်ဝယ် လဲလျောင်းလျက်ရှိနေ၏။) ကြောက်ရွံ့ စွာဖြင့် ထ၍ ထိုင်ကာ 'အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ နဗီတမန်တော်မြတ် ﷺ အား

وَمَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ وَمَا أَنَا مِنَ الْمُتَكَلِّفِينَ

ငါသည် အသင်တို့ထံ ဤကုရ်အာန်ကျမ်းတော်မြတ်နှင့် စပ်လျဉ်း၍ မည်သည့်အကျိုးကိုမျှ တောင်းဆို သည်မဟုတ်ပေ။ ထို့ပြင် ငါသည် ဟန်ဆောင်ပြောဆိုသူ ကြံဖန်စီကုံးသူတစ်ဦးလည်း မဟုတ်ပေ။

[၃၈ : ၈၆]

ဟူ၍ လမ်းညွှန်မှာတမ်းထားပေသည်။ ထို့ကြောင့် 'အိလ်မ်' (အသိပညာ) ၏ လိုလားချက်မှာ 'လူတစ်ဦးသည် အရာတစ်ခုကို မသိရှိသည်ဆိုပါက 'ကျွန်ုပ်မသိပေ' (ထိုအချက်အား အလ္လာဟ်အသျှင်မြတ် သည်သာလျှင် သိရှိတော်မူပေသည်) ဟူ၍ ပြောဆိုလိုက်ခြင်း' သည်သာလျှင် ဖြစ်သည်။ (နားလည် ဟန်ဆောင်ကာ ပြောဆိုခြင်းမျိုးကို မပြုရပေ။) ထို့နောက်တစ်ဖန် ဆက်လက်၍ 'ကျွန်ုပ်သည် ယခု ထို အာယသ်တော်၏ အကျယ်ဖွင့်ဆိုချက်နှင့် စပ်လျဉ်း၍ ဖြစ်အင်တစ်ရပ်အား တင်ပြမည်ဖြစ်သည်။ ကုရိုက်ရှ် အမျိုးသားတို့သည် တမန်တော်မြတ် ﷺ ၏ အစ္စလာမ်သာသနာဘက်တော်သို့ ဖိတ်ခေါ်ချက်ကို လက်ခံခြင်း မှ ငြင်းဆိုကာ 'ကုဖွ်ရ်' (သွေဖည်ငြင်းဆိုခြင်းတရား) အပေါ် တစိုက်မတ်မတ် ရပ်တည်လျက်ရှိနေပေရာ တမန်တော်မြတ် ﷺ သည် ၎င်းတို့အဖို့ 'အို၊ အလ္လာဟ်အသျှင်မြတ်၊ ၎င်းတို့အပေါ် ဟဇရတ်ယူစွဖ် ﵇ ၏ ခေတ်ကာလ၌ ဆိုက်ကပ်စေခဲ့သော ကပ်မျိုးကဲ့သို့ ကပ်မျိုးကို ဆိုက်ကပ်စေတော်မူပါ'ဟူ၍ ကရုဏာ

တော်မှ ကင်းဝေးစေခြင်း၏ ဆုမွန်ဒိုအာကို ပြုတော်မူလိုက်ပေသည်။ ထိုသို့ ကရုဏာတော်မှ ကင်းဝေးစေရန် တောင်းဆိုလိုက်သော ဒိုအာ၏ အကြောင်းဆက်တရားမှာ 'အရိုးများနှင့် တိရစ္ဆာန်အသေသားများကိုပင် စားသောက်လာရသည့် အတိုင်းအတာထိ' တိုင်အောင် ပြင်းထန်သော မိုးခေါင်ရေရှားခြင်းကပ် ဆိုက်ရောက်ခဲ့ခြင်းပင် ဖြစ်ပေသည်။ ဤသူတို့သည် မိုးကောင်းကင်ဘက်သို့ ကြည့်ရှုလိုက်သည်ဆိုလျှင် အခိုးအငွေ့မှ အပ အခြားမည်သည့်အရာ တစ်စုံတစ်ရာကိုမျှပင် မတွေ့မြင်ကြရပေ။ အခြားသော ဆင့်ပြန်ချက်တစ်ရပ် အတွင်း၌ 'ငင်းတို့အတွင်းမှ တစ်ဦးဦးသည် မိုးကောင်းကင်ဘက်သို့ ကြည့်ရှုလိုက်သည်ဆိုလျှင် လွန်စွာ ဆာလောင်၊ ငတ်မွတ်နေသည့်အတွက်ကြောင့် ၎င်းသည် မိုးခိုး၊ မီးငွေ့ကိုသာ မြင်တွေ့ကြောင်း' လည်း လာရှိထားပေသည်။ ထို့နောက် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နိမစ်ဦးဒ် ﷺ သခင်ကြီးသည် အထောက်အထား ဖြင့် တင်ပြရာ၌ ဤအောက်ဖော်ပြပါ အာယသ်တော်ကို ရွတ်ဖတ်ပြတော်မူပေသည်။

فَارْتَقِبْ يَوْمَ تَأْتِي السَّمَآءُ بِدُخَانٍ مُّبِينٍ

(သို့ဖြစ်ပေရာ အို၊ နဗီတမန်တော်၊ အသင်သည် ၎င်းတို့နှင့် ပတ်သက်၍ မိုးကောင်းကင်မှ ထင်ရှားစွာသော အခိုးအငွေ့ ဖြစ်ပေါ်လာမည့်နေ့ကိုသာလျှင် စောင့်စားနေပါလေ။) [၄၄ : ၁၀]

ဤအထက်တင်ပြပါ ဖြစ်အင်နှင့် ကြုံကြိုက်လာကြသောအခါဝယ် လူတို့သည် တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ဝင်ရောက်ကြကာ မိမိတို့၏ မျိုးနွယ်အုပ်စုဖြစ်သော 'မုသွာရ်' မျိုးနွယ်အုပ်စုအတွက် မိုးဆုပန်ပေးပါရန်၊ သို့တည်းမဟုတ်ပါက ၎င်းတို့အားလုံးသည် သေကြေပျက်စီးသွားကြမည်ဖြစ်ကြောင်းကို လာ ရောက်ကာ လျှောက်ထားကြပေသည်။ တမန်တော်မြတ် ﷺ သည် မိုးဆုပန်ဒိုအာကို တောင်းဆိုပေးလိုက်သောအခါ မိုးသည် ပြန်လည် ရွာသွန်းလာပေသည်။ ထိုအချက်အပေါ်

إِنَّا كَاشِفُوا الْعَذَابِ قَلِيلًا إِنَّكُمْ عَآئِدُونَ

ကေန်အမှန် ငါအသျှင်မြတ်သည် အနည်းငယ်မျှသော ကာလတိုင်အောင် ပြစ်ဒဏ်ကို ဖယ်ရှားပေးတော်မူမည် ဖြစ်သည်။ သို့တစေလည်း ကေန်မလွဲ အသင်တို့သည် (ဘေးဒုက္ခမှ လွတ်ကျွတ်သွားသောအခါတွင်) မူလအခြေအနေသို့ပင် ပြန်ပြောင်းလာတော့မည်ဖြစ်သော သူတို့ပင် ဖြစ်ကြကုန်၏။

[၄၄ : ၁၅]

သို့ရှိရာ ဤကဲ့သို့ပင် ဖြစ်ရှိခဲ့၏။ တစ်ဖန် ၎င်းတို့သည် မိမိတို့၏ အတိတ်ခေတ်ကာလ၏ အခြေအနေဘက်သို့ ရောက်ရှိသွားကြပြန်လေရာ အလ္လာဟ်အသျှင်မြတ်သည် ဤအောက်ဖော်ပြပါ အာယသ်တော်မြတ်ကို ချပေးသနားတော်မူလိုက်ပေသည်။

يَوْمَ نَبْطِشُ الْبَطْشَةَ الْكُبْرَىٰ إِنَّا مُنْتَقِمُونَ

အကြင်နေ့တွင် ငါအသျှင်မြတ်သည် အကြီးအကျယ် ဖမ်းဆီးအရေးယူတော်မူမည်။ ကေန်မလွဲ ထိုနေ့တွင် ငါအသျှင်မြတ်သည် လက်စားချေတော်မူမည်ဖြစ်သည်။ [၄၄ : ၁၆]

သို့ရှိရာ ထိုနေ့နှင့် စပ်လျဉ်း၍ အသင်တို့သည် ကြောက်ရွံ့ကြလေကုန်။ တစ်ဖန် အိဗ်နေမတ်စ်အူးဒ် ﷺ သခင်ကြီးသည် မိန့်တော်မူသည်မှာ بَطْشَةَ الْكُبْرَى (ပြင်းထန်စွာ အရေးယူတော်မူခြင်း) သည် 'ဗဒရ်'စစ်ပွဲနေ့၌ ဖြစ်ပေါ်ခဲ့ပြီးဖြစ်သည်။ ဟဇရသ်အိဗ်နေမတ်စ်အူးဒ် ﷺ သခင်ကြီးသည် ယင်းဖြစ်အင်ကို ဆင့်ပြန်ပြီးနောက် 'အချက် (၅) ချက်သည် ဖြစ်ပေါ်ခဲ့ပြီးဖြစ်ကြောင်း' မိန့်တော်မူလိုက်သည်။ ၎င်းတို့မှာ-

(၁) دخان အခိုးအငွေ့
(၂) روم ရောမနိုင်ငံသားတို့၏ စစ်ရေးအောင်နိုင်မှု ရရှိမည်ဖြစ်ခြင်း
(၃) قمر လနှစ်ခြမ်းကွဲခြင်း၊
(၄) بطشة ပြင်းထန်စွာ အရေးယူတော်မူခြင်း
(၅) لزام 'လေဇားမ်' တို့ ဖြစ်သည်။ *[အိဗ်နေကဆီးရ်]*

❶ အခိုးအငွေ့၏ အလိုသဘောမှာ ယခုတင်ပြနေသော အကျယ်ဖွင့်ဆိုချက်အရ 'မက္ကာဟ်မြို့တော်၌ မိုးခေါင်ရေရှား ကပ်ဆိုက်ရောက်လာခြင်း' ဖြစ်၍။

❷ ရောမနိုင်ငံသားတို့ စစ်ရေးအောင်မြင်မှု ရရှိမည် ဖြစ်ခြင်း၏ အလိုသဘောသည် စူရာဟ်ရူးမ်၌ ၎င်းတို့ လွှမ်းမိုးအောင်နိုင်မှု ရရှိကြမည်ဖြစ်ခြင်းနှင့် စပ်လျဉ်း၍ ကြိုတင်ဟောကိန်း ထုတ်ထားသော အောင်နိုင်မှုပင် ဖြစ်ပေသည်။

وَهُمْ مِنْ بَعْدِ غَلَبِهِمْ سَيَغْلِبُوْنَ

သို့ရာတွင် ၎င်းတို့ ယခု စစ်ရေးရှုံးနိမ့်ကြရပြီးနောက် မကြာမီပင် ၎င်းတို့သည် အောင်နိုင်ကြပေမည်။ *[၃၀ : ၃]*

❸ قمر လနှစ်ခြမ်းကွဲသွားခြင်း၏ အလိုသဘောမှာ လအား နှစ်ခြမ်းခွဲပြခြင်း ဖြစ်ပေသည်။ ၎င်းအချက်၏ အကြောင်းကို အောက်ပါအာယသ်တော်၌ တင်ပြထားသည်။

اِقْتَرَبَتِ السَّاعَةُ وَانْشَقَّ الْقَمَرُ

'ကေယာမသ်'ရှင်ပြန်ထရန် အချိန်သည် နီးကပ်၍ လာခဲ့ချေပြီ။ ၎င်းပြင် လသည် နှစ်ခြမ်းကွဲသွားခဲ့လေပြီ။ *[၅၄ : ၁]*

❹ بطشة 'ဗသ္ဖ်ရှဟ်'ဟူသည် တင်ပြပါ အကျယ်ဖွင့်ဆိုချက်နှင့်အညီ 'ဗဒရ်'စစ်ပွဲ၌ ကာဖိရ် ကုရိုက်ရှ်တို့၏ ဇာတ်သိမ်းမလှ ဖြစ်ရှိသွားခြင်းပင် ဖြစ်ပေသည်။

❺ لزام 'လေဇားမ်'ဟူသော စကားလုံးမှ- فَسَوْفَ يَكُوْنُ لِزَامًا

မကြာမီ ယင်းစွပ်စွဲပြောဆိုငြင်းပယ်မှုကြောင့် အသင်တို့အပေါ်၌ မလွဲမသွေ ပြစ်ဒဏ်ခတ်ခြင်း ခံရပေလိမ့်မည်။ *[၂၅ : ၇၇]*

အာယသ်တော်တွင် ပါရှိသော لزام (စွပ်စွဲမှုကြောင့် ပြစ်ဒဏ်ခံရခြင်း) ဘက်သို့ ရည်ညွှန်း၏။

တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်းဝယ် သေချာကျနစွာ စမ်းစစ်လေ့လာ ကြည့်ရှုမည်ဆိုပါက ထိုအာယသ်တော်များအတွင်းဝယ် အချို့သော ကြိုတင်ဟောကိန်း မိန့်မြွက်ချက်များ ပါရှိထားပေသည်။ ပထမအချက်မှာ အခိုးအငွေ့သည် မိုးကောင်းကင်၌ ထင်ပေါ်လာပြီး အားလုံးသောသူများအပေါ် လွှမ်းခြုံလိုက်မည်ဖြစ်ခြင်း၊ ဒုတိယအချက်မှာ မုရှ်ရစ်က်တို့သည် ထိုပြစ်ဒဏ်တော်မှ မာန်ကျိုးကျကာ အီမာန်ရယူပါမည်ဟူ၍ ကတိပေးကာ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ ဆုမွန်ဒိုအာများကို တောင်းခံခြင်း၊ တတိယအချက်မှာ ၎င်းတို့၏ ခံဝန်ကတိသည် လိမ်လည်မုသားသာ ဖြစ်၍ ကတိပေးပြီးနောက် လှည့်စား မျက်နှာလွှဲသွားခြင်း၊ စတုတ္ထအချက်မှာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ဘက်မှ ပေးသော လိမ်လည်မုသား ကတိအပေါ်၌လည်း အထောက်အထား ပြည့်ဝသွားစေလိုသော ရည်ရွယ်ချက်ဖြင့် အခိုက်အတန့် ကြာမြင့်စွာထိတိုင် ၎င်းတို့၏ထံမှ ပြစ်ဒဏ်ကို ဖယ်ရှားပေးသနားတော်မူလိုက်ခြင်းနှင့် 'အသင်တို့သည် ယင်းကတိအပေါ် မြဲမြံစွာဖြင့် တည်ရှိမည်မဟုတ်ကြောင်း' ကို ပြဆိုထားတော်မူခြင်း၊ ပဉ္စမအချက်မှာ တစ်ဖန် ဒုတိယအကြိမ် ပြင်းထန်စွာ ကွပ်နှိပ်အရေးယူတော်မူခဲ့ခြင်းတို့ ဖြစ်ပေသည်။ ဟာဇရသ်အဗ်ဒုလ္လာဟ်ဗင်န်မတ်စ်အူးဒ် ﵁ သခင်ကြီး၏ အကျယ်ဖွင့်ဆိုချက်နှင့်အညီ ဤကြိုတင်ဟောကိန်းအချက်များ အားလုံးသည် ပြည့်ဝစွာ ဖြစ်ပေါ်တည်ရှိခဲ့ပြီး ဖြစ်ပေသည်။ ပထမအချက် (၄) ချက်သည်မူ မက္ကာဟ်မြို့သားတို့အပေါ် ပြင်းထန်စွာသော ကပ်ဘေးဆိုက်ကပ်ခြင်းနှင့် တစ်ဖန် ယင်းကပ်ကို ဖယ်ရှားပေးခြင်း၏ ကာလအတွင်းဝယ် ပြည့်ဝစွာ ဖြစ်ပေါ်တည်ရှိသွား၍ ပဉ္စမအချက်သည် 'ဗဒရ်'စစ်ပွဲ၌ ပြည့်ဝစွာ ဖြစ်ပေါ် အတည်ဖြစ်ခဲ့ပေသည်။

သို့ရာတွင် ထိုအကျယ်ဖွင့်ဆိုချက်အပေါ် ကုရ်အာန်ကျမ်းတော်မြတ်၏ အပေါ်ယံ စကားလုံးတော်များမှ 'လွန်စွာ ဆာလောင်မွတ်သိပ်သည့် အကြောင်းခံကြောင့် မိုးကောင်းကင်၌ စိတ်အထင်ကြောင့် မြင်တွေ့နေရသော အခိုးအငွေ့ကို ကုရ်အာန်ကျမ်းတော်မြတ်သည် تَأْتِي السَّمَاءُ (မိုးကောင်းကင်မှ)၊ بِدُخَانٍ مُّبِينٍ (ထင်ရှားစွာသော အခိုးအငွေ့) နှင့် يَغْشَى النَّاسَ (အားလုံးတို့ကို ဖုံးလွှမ်း၍ သွားပေမည်) ဟူ၍ သုံးနှုန်းတင်ပြထားသည်ဟု ဆိုရန်မှာ မဖြစ်နိုင်။ ဝေးကွာခက်ခဲလှသည့် အချက်ဟူ၍ မှတ်ယူနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုစကားလုံးတော်များအား အပေါ်ယံဝါဒီဖြင့် လက်ရှိမြင်တွေ့နေရသော လေ့လာကြည့်ရှုခြင်းဖြင့် လက်ရှိမြင်တွေ့နေရသော မိုးကောင်းကင်ယံတွင် ထင်ရှားလှသော အခိုးအငွေ့တို့ လွှမ်းမိုးလျက်ရှိနေခြင်းနှင့် အားလုံးသော သူတို့သည် ထိုအခိုးအငွေ့များမှ သက်ရောက်မှုဒဏ်ခံစားရမည်ဖြစ်ကြောင်းကို သိရှိရပေသည်။ သို့သာမက ဤအခိုးအငွေ့သည်မူ ၎င်း၏ ပြင်းထန်လှစွာသော ဘေးဒုက္ခဖြစ်ခြင်းကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်၏။ ထို့ကြောင့် ဟာဖိဇ်အိဗ်နေကစီးရ် (ရဟ) သခင်ကြီးသည် ကုရ်အာန်ကျမ်းတော်မြတ်၏ အပေါ်ယံသဘောနှင့် ကိုက်ညီစွာ 'ဤထင်ရှားစွာသော အခိုးအငွေ့သည် 'ကေယာမသ်'၏ လက္ခဏာများထဲမှဖြစ်သည်' ဟူသော အချက်ကို အသာပေးထားပေသည်။ အသာပေးထားရခြင်းအကြောင်းတစ်ရပ်မှာ 'မရ်ဖူးအ်' (ဝါ) တမန်တော်မြတ် ﷺ ၏ ထံတော်ပါးမှ

တိုက်ရိုက် ဆင့်ပြန်ချက်လာရှိထားသော ဆင့်ပြန်ချက်များဖြင့် အတည်ပြုရ၍ ဖြစ်သည်။ အထက်တင်ပြပါ ကောက်နှုတ်တင်ပြချက်သည် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီး၏ မိမိအဆိုသာ ဖြစ်ပေသည်။ ထိုဖွင့်ဆို ချက်အပေါ် ပြင်ပသဏ္ဍာန်အားဖြင့် ရှုမြင်သုံးသပ်မည်ဆိုလျှင်

إِنَّا كَاشِفُوا الْعَذَابِ قَلِيلًا إِنَّكُمْ عَائِدُونَ

(ကေန်မလွဲ ငါအသျှင်မြတ်သည် အနည်းငယ်မျှကာလတိုင်အောင် ပြစ်ဒဏ်ကို ဖယ်ရှား၍ ပေးတော်မူမည်ဖြစ်သည်။ သို့တစေလည်း ကေန်မလွဲ အသင်တို့သည် မူလ အခြေအနေသို့ပင် ပြန်ပြောင်း၍ လာကြမည်ဖြစ်သော သူတို့ပင် ဖြစ်ကြကုန်၏။) [၄၄ : ၁၅]

ဟူသော အာယသ်တော်ကြောင့် 'ကေယာမသ်နေ့၌မူ ကာဖိရ်များ၏ ထံတော်ပါးမှ မည်သည့် ပြစ်ဒဏ်တစ်စုံတစ်ရာမျှ ဖယ်ရှားပေးခြင်း ခံရမည်မဟုတ်ရာ ဤလောကီဘဝ၌ ရက်အနည်းငယ်အတွက် ပြစ်ဒဏ်တော်ကို ဖယ်ရှားပေးခြင်း၏ အကြောင်းသည် မည်ကဲ့သို့ မှန်ကန်နိုင်အံ့နည်း' ဟူ၍ စောဒကတစ်ရပ် ထွက်ပေါ်လာပေသည်။ အိဗ်နေကစီးရ် (ရဟ) သခင်ကြီးက ထိုအာယသ်တော်များ၏ အဓိပ္ပာယ်သည် နှစ်မျိုးဖြစ်နိုင်ပေသည်။ ပထမအဓိပ္ပာယ်တစ်မျိုး၏ အလိုသဘောမှာ ဤသို့ပင် ဖြစ်သည်။ 'အကယ်၍ ငါ အသျှင်မြတ်သည် အသင်တို့၏ ပြောဆိုချက်အနှင့်အညီ ပြစ်ဒဏ်ကို ဖယ်ရှားပေးကာ လောကီဘဝသို့ ပြန်လည်၍ ပို့ဆောင်လိုက်မည်ဆိုလျှင်လည်း တစ်ဖန် အသင်တို့သည် ထို 'ကုဖွရ်' (သွေဖည်ငြင်းပယ်ခြင်း) နှင့် ငြင်းဆိုမှုတို့ကို ပြုကြပြန်လိမ့်မည်။ ပမာဆိုရသော် အခြားအခြားသော အာယသ်တော်များအတွင်း၌ ဤအကြောင်းအရာကဲ့သို့ပင် ဤသို့ လာရှိထားပေသည်။

وَلَوْرَحِمْنَاهُمْ وَكَشَفْنَا مَابِهِمْ مِّنْ ضُرٍّ لَّلَجُّوا فِي طُغْيَانِهِمْ يَعْمَهُوْنَ

စင်စစ် ငါအသျှင်မြတ်သည် အကယ်၍ ၎င်းသူတို့အပေါ်၌ သနားကရုဏာ ပြုတော်မူခဲ့သော်၊ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းသူတို့၌ သက်ရောက်နေသော ဘေးဒုက္ခကို ပပျောက်စေတော်မူခဲ့သော်၊ ၎င်းတို့သည် မိမိတို့၏ လမ်းမှားမှု၌ တဝဲလည်လည် ဖြစ်ကြလျက် ခေါင်းမာမြဲ မာနေကြမည်သာ ဖြစ်၏။ [၂၃ : ၇၅]

ထို့ပြင် အခြားသော အာယသ်တော်တစ်ပိုဒ်တွင်း၌လည်း ဤသို့ပင် အမိန့်ရှိထားပေသည်။

وَلَوْ رُدُّوْا لَعَادُوْا لِمَا نُهُوْا عَنْهُ

၎င်းတို့သည် အကယ်၍သာ လူ့လောကသို့ ပြန်လည်လွှတ်ခြင်း ခံကြပါလျှင်လည်း မုချကေန် ထိုသူတို့သည် မိမိတို့အား တားမြစ်ခြင်းခံကြရသော အမှုများကို ထပ်မံ၍ပင် ပြုကြပေလိမ့်မည်။ [၆ : ၂၈]

ဒုတိယအဓိပ္ပာယ်မှာ ဤသို့ တစ်ဖက်ဖော်ပြပါအတိုင်းလည်း ဖြစ်နိုင်ပေသည်။

كَاشِفُوا الْعَذَاب

(ပြစ်ဒဏ်ကို ဖယ်ရှားပေးတော်မူမည်) ဟူသော အာယသ်တော်အတွင်းရှိ ပြစ်ဒဏ်ကို ဖယ်ရှားပေးတော်မူခြင်း၏ အလိုသဘောမှာ 'ပြစ်ဒဏ်သက်ရောက်လာစေရန် အကြောင်းခံများ ပြည့်ဝစုံလင်ကာ သက်ရောက်လုမတတ် ဖြစ်နေလင့်ကစား သို့ရာတွင် ရက်အနည်းငယ်အတွက် ငါအသျှင်မြတ်သည် ထိုပြစ်ဒဏ်ကို နှောင့်ဆိုင်းထားတော်မူပေသည်။ ပမာဆိုရသော် ဟဇရသ်ယူနွတ်စ် ﷺ ၏ မျိုးနွယ်အုပ်စုနှင့်ပတ်သက်၍

اِنَّاكَشَفْنَا عَنْهُمُ الْعَذَابَ

ဟူ၍ လာရှိထား၏။ အမှန်စင်စစ် ဟဇရသ်ယူနွတ်စ် ﷺ ၏ မျိုးနွယ်အုပ်စုအပေါ် ပြစ်ဒဏ်သည် သက်ရောက်ခဲ့ခြင်းမရှိပေ။ ပြစ်ဒဏ်၏ လက္ခဏာတော်များသာ ပေါ်လွင်ခဲ့ခြင်း ဖြစ်ပေသည်။ ထိုအချက်ကိုပင် 'ပြစ်ဒဏ်တော်အား ဖယ်ရှားပေးလိုက်ခြင်း' ဟူသော စကားလုံးမျိုးတို့ဖြင့် သုံးနှုန်း ဖော်ပြထားပေသည်။ အချုပ်သဘောတရားမှာ ဤသို့ပင် ဖြစ်သည်။ အကယ်၍ အခိုးအငွေ့၏ ကြိုတင်ဟောကိန်းကို 'ကေယာမသ်' ၏ လက္ခဏာများထဲမှ ရေတွက်မည်ဆိုပါလျှင်

كَاشِفُوا الْعَذَابَ

(ပြစ်ဒဏ်တော်ကို ဖယ်ရှားပေးလိုက်ခြင်း) ဟူသော စကားလုံးတော်များကြောင့် ထိုအခိုးအငွေ့မြင်တွေ့ခြင်းအပေါ် စောဒကတစ်စုံတစ်ရာမျှ သက်ရောက်နိုင်လိမ့်မည်မဟုတ်။ ထို့ဖွင့်ဆိုချက်အရ

يَوْمَ نَبْطِشُ الْبَطْشَةَ الْكُبْرٰى

ဟူသော အာယသ်တော်၏ အလိုသဘောမှာ 'ကေယာမသ်' နေ့၌ ဖမ်းဆီးအရေးယူတော်မူခြင်း ဖြစ်မည်။ ဟဇရသ်အဗ္ဗဒုလ္လာဟ်ဗင်နိမတ်စ်အူးဒ် ﷺ သခင်ကြီး၏ အကျယ်ဖွင့်ဆိုချက်၌ 'ဗဒရ်' စစ်ပွဲ၌ဖမ်းဆီးအရေးယူခြင်းကို မိန့်တော်မူထားပေသည်။ ထိုအဆိုသည်လည်း မိမိ၏ နေရာ၌ မှန်ကန်ကာ ထိုအရေးယူခြင်းသည်လည်း ပြင်းထန်လှစွာသော အရေးယူခြင်းမျိုး ဖြစ်ပေသည်။ ယင်းသို့သော အလိုသဘောမျိုးကို ကောက်ယူလိုက်ခြင်းဖြင့်လည်း 'ရှေ့လာမည့် 'ကေယာမသ်' နေ့၌ ထို့ထက် သာပို ကြီးမားသော အရေးယူမှုမျိုးကို မပြုတော့ပေ' ဟူ၍ မုချ မဖြစ်တန်ကောင်းရာ။ 'ကုရ်အာန်ကျမ်းတော်မြတ်သည် မက္ကာဟ်မြို့ရှိ ကာဖိရ်များအား ပြစ်ဒဏ်တော်တစ်ရပ် ကျရောက်လာမည်ဖြစ်ကြောင်းကို ဤအထက်ဖော်ပြပါ အာယသ်တော်များအတွင်းဝယ် ခြိမ်းခြောက်ထားတော်မူပေသည်။ ထို့နောက်ပိုင်း၌ အကြင်မည်သည့် ပြစ်ဒဏ်တစ်ရပ်ကိုမဆို ၎င်းတို့အပေါ် ကျရောက်လာလေတိုင်း ထိုကျရောက်လာသော ပြစ်ဒဏ်ကို မည်သည့်အမျိုးအစား၊ အဆင့်၌ ရှိသော ပြစ်ဒဏ်ဖြစ်နေလင့်ကစား အာယသ်တော်၏ အခြေခံမူတည်ချက်အဖြစ် သဘောပေါက်မှတ်ယူကာ ဆွဟာဗာကြီးများသည် ထိုအာယသ်တော်များကို ဆက်စပ်တင်ပြခဲ့ကြခြင်း ဖြစ်သည်ဟုဆိုလျှင် ဖြစ်နိုင်ဖွယ် မရှိသော။ တစ်စုံတစ်ရာ ဝေးကွာလှစွာသော အချက်မဟုတ်ပေ။ အကြင်ကဲ့သို့ တင်ပြမိန့်မြွက်

လိုက်ခြင်းဖြင့် ထိုပြစ်ဒဏ်သည် 'ကေယာမသ်' ၏ နိမိတ်လက္ခဏာများထဲမှ မဟုတ်ဟူသော အလိုသဘောမျိုး မသက်ရောက်ပေ။ ပမာဆိုရသော် ရူးဟုလ်မအာနီကျမ်းအတွင်း၌ အလ္လာဟ်စဖာရိနီး (ရဟ) ၏ စာအုပ်ဖြစ်သော 'အလ်ဗုဟူးရုလ်ဇားခိရာဟ်' ၏ အညွှန်းဖြင့် ဟဇရသ်အိဗ်နေမတ်စ်အူး ﷺ သခင်ကြီးကိုယ်တိုင် ဆင့်ပြန်ခဲ့သော ဆင့်ပြန်ချက်ကို ဆင့်ပြန်ထားသည်မှာ-

هُمَا دخانان مضى واحد والذى بقى يملأ مابين السّمآء والارض ولا يصيب المؤ من الا باالزكمه واما الكافر فيشق مسامعه فيبعث الله تعالى عند ذلك الريح الجنوب من اليمن فتقبض روح كل مؤمن ويبقى شرار الناس

(အခိုးအငွေ့သည် နှစ်ခုဖြစ်သည်။ တစ်ခုသည် (မက္ကာဟ်မြို့၌ ဖြစ်ပေါ်ခဲ့သော မိုးခေါင်ရေရှားကပ်ဆိုက်သောအချိန်၌) ဖြစ်ပေါ် ခဲ့ပြီးဖြစ်သည်။ ဒုတိယကျန်ရှိသောတစ်ခုမှာ မိုးကောင်းကင်နှင့် မြေပထဝီကြားကို ဖြည့်ပေးလိုက်မည့် အခိုးအငွေ့ဖြစ်ကာ ထိုအခိုးအငွေ့ကြောင့် မုအ်မင်န်အဖို့ နှာစေးခြင်းမျိုးသာဖြစ်ပေါ်လိမ့်မည်ဖြစ်ပြီး ကာဖိရ်တို့၏ ခန္ဓာကိုယ်တစ်ခုလုံးအတွင်းရှိ အပေါက်များအားလုံးကို ထိုးဖောက်ပစ်ပေလိုက်ပေမည်။ ထိုအချိန်၌ အလ္လာဟ်အသျှင်မြတ်သည် ယမန်နိုင်ငံဘက်မှ တောင်ဘက်မှ တိုက်ခတ်သော လေကို လွှတ်ပေးပေလိမ့်မည်။ အကြင်လေသည် မုအ်မင်န်တိုင်း၏ ဝိညာဉ်ကို နှုတ်သိမ်းလိုက်ပေမည်။ ထို့နောက်တွင် ဆိုးသွမ်းယုတ်မာသော ကာဖိရ်များသာလျှင် ကျန်ရှိပေလိမ့်မည်။ ရူးဟုလ်မအာနီကျမ်းရှင်သည် မိမိကောက်နှုတ်ရွေးချယ်ထားသော အကျယ်ဖွင့်ဆိုချက်နှင့်အညီ ယင်းဆင့်ပြန်ချက် မှန်ကန်ခြင်းနှင့် စပ်လျဉ်း၍ သံသယကို ထုတ်ဖော်ထားနေလင့်ကစား သို့ရာတွင် ဤဆင့်ပြန်ချက်ကို အတည်ပြု၍ရရှိသည်ဆိုလျှင် ကုရ်အာန်ကျမ်းတော်မြတ်၏ အပေါ်ယံ စကားလုံးများနှင့် ကိုယ်တော်မြတ် ﷺ ထံတော်မှ တိုက်ရိုက်ဆင့်ပြန်ချက်အဖြစ် လာရှိထားသော ဆင့်ပြန်ချက်များကြားဝယ် ဆန့်ကျင်ဘက်ဖြစ်ခြင်း တစ်စုံတစ်ရာမျှ ကျန်ရှိတော့မည် မဟုတ်ပေ။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏။)

[ရူဟုလ်မအာနီ]

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَلَقَدْ فَتَنَّا قَبْلَهُمْ قَوْمَ فِرْعَوْنَ وَجَآءَهُمْ رَسُولٌ كَرِيمٌ ﴿١٧﴾

၄၄ : ၁၇ ။ ။ ၎င်းပြင် အမှန်စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့ထက်အလျှင် ရှေးဦးစွာ ဖိရ်အောင်န်၏ အမျိုးသားတို့အား စမ်းသပ်တော်မူခဲ့၏။ ထို့ပြင် ၎င်းတို့ထံသို့ လွန်စွာ မြင့်မြတ်သော ရစူလ်တမန်တော်တစ်ပါး (မူစာ) သည် ရောက်ရှိ၍ လာခဲ့၏။

أَنْ أَدُّوٓا إِلَيَّ عِبَادَ ٱللَّهِ ۖ إِنِّي لَكُمْ رَسُولٌ أَمِينٌ ﴿١٨﴾

၄၄ : ၁၈ ။ ။ (နဗီတမန်တော်မူစာသည် ဖိရ်အောင်န်နှင့် ၎င်း၏ အမျိုးသားတို့အား) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ကျွန်များ (ဖြစ်ကြကုန်သော အိစ်ရာအီးလီမျိုးနွယ်ဝင်တို့) ကို ငါ့အား ပေးအပ်ကြလေကုန်၊ ဧကန်စင်စစ် ငါသည် အသင်တို့အဖို့ ယုံကြည်စိတ်ချအပ်သော ရစူလ်တမန်တော်တစ်ပါးပင် ဖြစ်သည် (ဟူ၍လည်းကောင်း။)

وَأَن لَّا تَعْلُوا عَلَى ٱللَّهِ ۖ إِنِّيٓ ءَاتِيكُم بِسُلْطَٰنٍ مُّبِينٍ ﴿١٩﴾

၄၄ : ၁၉ ။ ။ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ဆန့်ကျင်၍ ဆိုးသွမ်းသောင်းကျန်းမှုကို မပြုကြကုန်လင့်။ ဧကန်မလွဲ ငါသည် အသင်တို့ထံသို့ (မိမိ တမန်တော်ဖြစ်ကြောင်းနှင့် စပ်လျဉ်း၍) ရှင်းလင်းထင်ရှားစွာသော သက်သေအထောက်အထားကို ယူဆောင်ခဲ့သည် (ဟူ၍ လည်းကောင်း။)

وَإِنِّي عُذْتُ بِرَبِّي وَرَبِّكُمْ أَن تَرْجُمُونِ ﴿٢٠﴾

၄၄ : ၂၀ ။ ။ (ထိုအခါ ၎င်းတို့သည် ကျောက်ခဲများဖြင့် ပစ်ပေါက်၍ သတ်ကြရန် ခြိမ်းခြောက်ရာ ထိုရစူလ်တမန်တော်မူစာက ဤသို့ ပြောကြားခဲ့၏) ၎င်းပြင် ဧကန်အမှန် ငါသည် အသင်တို့ ငါ့အား ကျောက်ခဲများဖြင့် ပစ်ပေါက်၍ သတ်ကြမည်ကို စိုး၍ ငါ့အားလည်းကောင်း၊ အသင်တို့အားလည်းကောင်း၊ ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်၌ အကွယ်အကာယူထားပြီးဖြစ်သည်။

وَإِن لَّمْ تُؤْمِنُوا لِي فَٱعْتَزِلُونِ ﴿٢١﴾

၄၄ : ၂၁ ။ ။ ထို့ပြင် အကယ်၍ အသင်တို့သည် ငါ့အား မယုံကြည်ကြလျှင် ငါ (အား အန္တရာယ်ပြုခြင်း) နှင့်ခွဲခွာရှောင်ရှား၍ နေကြလေကုန် (ဟု ပြောကြားခဲ့၏။)

فَدَعَا رَبَّهُۥٓ أَنَّ هَٰٓؤُلَآءِ قَوْمٌ مُّجْرِمُونَ ﴿٢٢﴾

၄၄ : ၂၂ ။ ။ ထို့နောက် ထိုရစူလ်တမန်တော် (မူစာ) သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်တွင် 'ဧကန်အမှန် ဤသူတို့သည် ပြစ်မှုကျူးလွန်ကြကုန်သော အမျိုးသားများ ဖြစ်ကြပါသည်' ဟူ၍ လျှောက်ထားပန်ကြားခဲ့လေသည်။

فَأَسْرِ بِعِبَادِي لَيْلًا إِنَّكُم مُّتَّبَعُونَ ﴿٢٣﴾

၄၄ : ၂၃ ။ ။ (ထိုအခါ အသျှင်မြတ်သည် ဤသို့ မိန့်ကြားတော်မူခဲ့၏။ အို၊ မူစာ) သို့ဖြစ်ပါမူ အသင်သည် ငါအသျှင်မြတ်၏ ကျွန်တို့အား ညဉ့်အချိန်အခါ၀ယ် ခေါ်ဆောင်သွားပါလေ။ ဧကန်မလွဲ အသင်တို့သည် မိမိတို့နောက်မှ (ဖိရ်အောင်န်နှင့် ၎င်း၏ စစ်တပ်တို့) လိုက်လံခြင်း ခံကြရပေမည်။

وَاتْرُكِ الْبَحْرَ رَهْوًا ۖ إِنَّهُمْ جُندٌ مُّغْرَقُونَ ﴿٢٤﴾

၄၄ : ၂၄ ။ ။ ၎င်းပြင် အသင်သည် ပင်လယ်ကို ရှိရင်းအတိုင်း ငြိမ်သက်စွာ ထားရစ်ခဲ့ပါလေ။ မုချကေန် ၎င်းတို့သည် နစ်မြုပ်ခြင်းခံကြရမည်ဖြစ်သော စစ်တပ်ပင် ဖြစ်ကြကုန်၏။

كَمْ تَرَكُوا مِن جَنَّاتٍ وَعُيُونٍ ﴿٢٥﴾

၄၄ : ၂၅ ။ ။ ထိုသူ (ဖိရ်အောင်န်နှင့် ၎င်း၏အမျိုးသား) တို့သည် မြောက်မြားစွာသော ဥယျာဉ်များကိုလည်းကောင်း၊ စမ်းချောင်းများကိုလည်းကောင်း။

وَزُرُوعٍ وَمَقَامٍ كَرِيمٍ ﴿٢٦﴾

၄၄ : ၂၆ ။ ။ လယ်ယာများကိုလည်းကောင်း၊ ကောင်းမွန် (ခန့်ညား) သော နေအိမ်များကိုလည်းကောင်း။

وَنَعْمَةٍ كَانُوا فِيهَا فَاكِهِينَ ﴿٢٧﴾

၄၄ : ၂၇ ။ ။ မိမိတို့ မွေ့လျော် စံပျော်လျက် ရှိခဲ့ကြသော စည်းစိမ်ချမ်းသာများကိုလည်းကောင်း စွန့်ထားခဲ့ကြကုန်၏။

كَذَٰلِكَ ۖ وَأَوْرَثْنَاهَا قَوْمًا آخَرِينَ ﴿٢٨﴾

၄၄ : ၂၈ ။ ။ (၎င်းတို့၏ နောက်ဆုံးအကျိုးဆက်သည်) ဤအတိုင်းပင် ဖြစ်၏။ သို့ရာတွင် ငါအသျှင်သည် ယင်းစည်းစိမ်ချမ်းသာများကို အခြားသော အမျိုးသားတို့အား အမွေဆက်ခံစေတော်မူခဲ့၏။

فَمَا بَكَتْ عَلَيْهِمُ السَّمَاءُ وَالْأَرْضُ وَمَا كَانُوا مُنظَرِينَ ﴿٢٩﴾

၄၄ : ၂၉ ။ ။ သို့တစေလည်း ယင်း (ဖိရ်အောင်န်၏ အမျိုးသား) တို့နှင့် ပတ်သက်၍ မိုးကောင်းကင်သည်လည်းကောင်း၊ ပထဝီမြေသည်လည်းကောင်း (ဝမ်းနည်းကြေကွဲ၍) ငိုကြွေးခဲ့ကြသည် မရှိချေ။ ထို့ပြင် ၎င်းတို့သည် (ပြစ်ဒဏ်ပေးခြင်းမှ စိုးစဉ်းမျှ) ရွှေ့ဆိုင်းခွင့်လည်း မရခဲ့ကြပေ။

وَلَقَدْ نَجَّيْنَا بَنِي إِسْرَائِيلَ مِنَ الْعَذَابِ الْمُهِينِ ﴿٣٠﴾

၄၄ : ၃၀ ။ ။ ထို့ပြင် စေကန်မလွဲ ငါအသျှင်မြတ်သည် အီစ်ရာအီလီမျိုးနွယ်ဝင်တို့အား ကျိုးယုတ်ရှက်ရ ဖြစ်စေသော (တစ်နည်း:) ဖိရ်အောင်န်၏ ပြစ်ဒဏ်မှ ကယ်တင်လွတ်မြောက်စေခဲ့တော်မူ၏။

مِن فِرْعَوْنَ ۚ إِنَّهُ كَانَ عَالِيًا مِّنَ الْمُسْرِفِينَ ﴿٣١﴾

၄၄ : ၃၁ ။ ။ ဖိရ်အောင်န်၏ထံမှ ဖြစ်သော၊ မုချစင်စစ် ထိုဖိရ်အောင်န်သည် ဆိုးသွမ်းသောင်းကျန်းသူ၊ စည်းကမ်းကျူးလွန်သူတစ်ဦးပင် ဖြစ်ခဲ့၏။

وَلَقَدِ اخْتَرْنٰهُمْ عَلٰى عِلْمٍ عَلَى الْعٰلَمِيْنَ ﴿٣٢﴾

၄၄ : ၃၂ ။ ။ စင်စစ် ကေန်အမှန် ငါအသျှင်မြတ်သည် သိတော်မူလျက် ယင်း (အိစ်ရာအီလီမျိုးနွယ်ဝင်) တို့အား ကမ္ဘာသူကမ္ဘာသားတို့ထက်ဝယ် ရွေးချယ်မြှောက်စားတော်မူခဲ့၏။

وَاٰتَيْنٰهُمْ مِّنَ الْاٰيٰتِ مَا فِيْهِ بَلٰٓؤٌا مُّبِيْنٌ ﴿٣٣﴾

၄၄ : ၃၃ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား ထင်ရှားစွာလှသော စမ်းသပ်မှု ကျေးဇူးတော်ပါရှိသည့် သက်သေလက္ခဏာတော်များကို ချီးမြှင့်ပေးသနားတော်မူခဲ့ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းအပြင် အမှန်စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့ထက်အလျှင် ရှေးဦးစွာ ဖိရ်အောင်န်၏ အမျိုးသားတို့အား စမ်းသပ်တော်မူခဲ့၏။ (ထိုစမ်းသပ်မှုမှာ) ထို့ပြင် ၎င်းတို့ထံသို့ လွန်စွာ မြင့်မြတ်သော ရစူလ်တမန်တော်တစ်ပါး (မူစာ ﷺ) သည် ရောက်ရှိလာခဲ့၏။ (နဗီတမန်တော် ကြွရောက်လာခြင်းဖြင့် စမ်းသပ်မှုမှာ 'မည်သူတို့သည် အီမာန်ကို ရယူ၍ မည်သူတို့သည် အီမာန်ကို မရယူပေသနည်း' ဟူ၍ ခွဲခြားစမ်းသပ်ခြင်း ဖြစ်သည်။)

(ထိုတမန်တော်မူစာ ﷺ သည် ဖိရ်အောင်န်နှင့် ၎င်း၏ အမျိုးသားတို့အား ပြောဆိုမိန့်ကြားသည်မှာ) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ကျွန်များ (ဖြစ်ကြကုန်သော အီစ်ရာအီးလ်မျိုးနွယ်ဝင်တို့) ကို ငါ့အား ပေးအပ်ကြလေကုန်။ (အကြင်သူတို့ကို အသင်တို့သည် အမျိုးမျိုးသော ဒုက္ခများအတွင်းဝယ် ရစ်ပတ်၍ ထားရှိထားပေသည်။ ၎င်းတို့အား အသင်တို့အနေဖြင့် လက်လွှတ်လိုက်ကြကုန်။ အကြောင်းမှာ ကျွန်ုပ်သည် ၎င်းတို့အား သင့်တော်သည့် နေရာသို့ သင့်တော်သလို ခေါ်ဆောင်သွားကာ သူကောင်းပြု၍ လွတ်လပ်စွာဖြင့် ထားရှိရန် ဖြစ်ပေသည်။) ကေန်စင်စစ် ငါသည် အသင်တို့အဖို့ (အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ) ယုံကြည်စိတ်ချအပ်သော ရစူလ်တမန်တော်တစ်ပါး (အဖြစ် ကြွရောက်လာသည်) ပင် ဖြစ်သည်။ (ဟူ၍ လည်းကောင်း ယုံကြည်စိတ်ချအပ်သူဟု ဆိုသည်မှာ မည်သည့် 'ဝဟီ' ဗျာဒိတ်တော် တစ်ပါးပါးကိုမျှ လိုတိုးပိုလျှော့ကို ပြုမည်မဟုတ်။ ထုတ်ပြန်ပို့ချခြင်းခံထားရသော အမိန့်ကိုသာလျှင် ပို့ဆောင်မည်ဖြစ်သည်။ သို့ရှိရာ အသင်တို့သည် ယင်းဗျာဒိတ်တော် အမိန့်တော်တို့ကို လက်ခံ နာခံသင့်ပေသည်။)

(ဤသည်ကိုလည်း ဆက်လက် အမိန့်ရှိတော်မူခဲ့၏။) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ဆန့်ကျင်၍ ဆိုးသွမ်းသောင်းကျန်းမှုကို မပြုကြကုန်လင့်။ (အထက်၌ အဖန်ဆင်းခံအချင်းချင်း ထားရှိရမည့် တာဝန်ဝတ္တရားနှင့် သက်ဆိုင်သော အမိန့်ကို တင်ပြထား၍ ဤနေရာတွင် အလ္လာဟ်အသျှင်မြတ်နှင့် စပ်လျဉ်းသော ဝတ္တရား အမှုကိစ္စကို တင်ပြထားပေသည်။) ကေန်မလွဲ ငါသည် အသင်တို့ထံသို့ (မိမိ

တမန်တော်ဖြစ်ကြောင်းနှင့် စပ်လျဉ်း၍) ရှင်းလင်းထင်ရှားစွာသော သက်သေအထောက်အထားကို ယူဆောင်ခဲ့၏။ (၎င်းမှာ တောင်ဝှေးတော် 'မုအ်ဂျေဇာဟ်' နှင့် ထွန်းလင်းတောက်ပသော လက်တော်ဖြစ်ပေသည်) ဟူ၍လည်းကောင်း၊ (ဖိရ်အောင်န်နှင့် ၎င်း၏ အပေါင်းအပါတို့သည် မနာခံရှုံသာမက အချင်းချင်း ညှိနှိုင်းတိုင်ပင်ကာ ဟဇရတ်မူစာ عليه السلام အား သတ်ဖြတ်ရန် ကြံရွယ်ကြပေသည်။ ထိုအခါ ၎င်းတို့သည် ကျောက်ခဲများဖြင့် ပစ်ပေါက်၍ သတ်ကြရန် ခြိမ်းခြောက်ရာ တမန်တော်မူစာ عليه السلام က ကြားတော်မူပြီး ဤသို့ ပြောကြားခဲ့၏။) ၎င်းပြင် ဧကန်အမှန် ငါသည် အသင်တို့ ငါ့အား ကျောက်ခဲများဖြင့် ပစ်ပေါက်၍ သတ်ကြမည်ကို စိုး၍ ငါ့အားလည်းကောင်း၊ အသင်တို့အားလည်းကောင်း မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်၌ အကာအကွယ်ယူထားပြီး ဖြစ်သည်။

ထို့ပြင် အကယ်၍ အသင်တို့သည် ငါ့အား မယုံကြည်ကြပါလျှင် ငါ့ (အား အန္တရာယ်ပြုခြင်း) နှင့် ခွဲခွာ ရှောင်ရှား၍ နေကြလေကုန် (ဟု ပြောကြားခဲ့၏။ ကျွန်ုပ်အား ဒုက္ခပေးရန် အစဉ် ကြံရွယ်ကြိုးပမ်းမှုတို့ကို မပြုလေနှင့်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်ကိုမူ မည်သည့်ဘေးအန္တရာယ် တစ်စုံတစ်ရာမျှ ရောက်ရှိလိမ့်မည်မဟုတ်။ ကျွန်ုပ်အား အလ္လာဟ်အသျှင်မြတ်သည်

فَلَا يَصِلُوْنَ اِلَيْكُمَا ـــ الخ

ဟူ၍ ကတိပြုထားတော်မူပေသည်။ သို့မဟုတ်လျှင် အသင်တို့၏ ပြစ်မှုသည် သာပို၍ ပြင်းထန်သွားပေလိမ့်မည်။ ထို့ကြောင့် 'ဤသို့ မပြုမူရန် ကောင်းရာကောင်းကျိုးကို ရှေ့ထား၍ ပြောဆိုလိုပေသည်။ သို့ရာတွင် ၎င်းတို့သည် အဘယ်မှာလျှင် ရပ်တန်းက ရပ်မည့်သူများ ဖြစ်ပေသနည်း။)

ထိုအခါ ၎င်းရစူလ်တမန်တော်မူစာ عليه السلام သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်ပါးတွင် 'ဧကန်အမှန် ဤသူတို့သည် ပြစ်မှုကျူးလွန်ကြကုန်သော အမျိုးသားများ ဖြစ်ကြပါသည်။ (အကြောင်းမှာ ၎င်းတို့သည် ဒုစရိုက်မှု ကျူးလွန်ခြင်းတို့မှ ရပ်တန်းက ရပ်တန့်ခြင်း မရှိကြပေရာ ယခု ၎င်းတို့အား စီရင်ဆုံးဖြတ်ပေးတော်မူပါ)' ဟူ၍ လျှောက်ထားပန်ကြားခဲ့လေသည်။

(ထိုအခါ အလ္လာဟ်အသျှင်မြတ်သည် ဤသို့ မိန့်ကြားတော်မူခဲ့၏။ ငါအသျှင်မြတ်သည် အသင်၏ တောင်းဆုဒိုအာကို လက်ခံတော်မူလိုက်ပြီ။ ထိုသူတို့နှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချရန် အချိန်သည် ဆိုက်ရောက်လာပြီး အို၊ မူစာ) သို့ဖြစ်ပါမူ အသင်သည် ငါအသျှင်မြတ်၏ ကျွန် (ဗနီအိစ်ရာအီးလ်) တို့အား ညဉ့်အချိန်အခါ၀ယ် ခေါ်ဆောင်၍ သွားပါလေ။ (အဘယ်ကြောင့်ဆိုသော်) ဧကန်မလွဲ အသင်တို့သည် မိမိတို့၏ နောက်မှ (ဖိရ်အောင်န်နှင့် ၎င်း၏ စစ်တပ်တို့) လိုက်လံခြင်းကို ခံကြရပေမည်။ (ထို့ကြောင့် ညဉ့်အချိန်ကတည်းက ထွက်ခွာသွားခြင်းသည် ၎င်းတို့ လိုက်မမီနိုင်လောက်အောင်သော ခရီးအကွာအဝေး ထိတိုင် ရောက်ရှိသွားစေလိမ့်မည်။)

၎င်းပြင် အသင်သည် (လမ်းခုလတ်ခရီးစဉ်၌ မြစ်ပင်လယ်နှင့် ကြုံကြိုက်ရမည် ဖြစ်ကာ) ပင်လယ်ကို (ဦးစွာပထမ ခြောက်သွေ့သော လမ်းအဖြစ်ပြုရန် တောင်ဝှေးတော်ဖြင့် ရိုက်လိုက်ပါ။ တစ်ဖန် တစ်ဖက်

ကမ်းသို့ ကူးဖြတ်ပြီးနောက် ထိုပင်လယ်ကို ထိုအခြေအနေ၌မှာပင် တွေ့မြင်ရကာ 'ဖိရ်အောင်န်သည်လည်း ကူးဖြတ်ကောင်း၊ ကူးဖြတ်လာနိုင်မည်'ဟူ၍ သောကမထားရှိလေနှင့်။ သို့သာမက အသင်တို့သည် ထိုမြစ်ပင်လယ်ကို) ရှိရင်းအတိုင်း ငြိမ်သက်စွာ ထားရစ်ခဲ့ပါလေ။ (ရေများ လွှဲဖယ်သွား၍ ခြောက်သွေ့သော လမ်းများအဖြစ် တွေ့မြင်ရသည့် ပုံစံအတိုင်း ထားရစ်ခဲ့ပါ။ မစိုးရိမ်လေနှင့်။ အဘယ်ကြောင့်ဆိုသော် ထိုမြစ်ပင်လယ်အား ထိုအခြေအနေအတိုင်း ထားရှိတော်မူရခြင်း၏ အမြော်အမြင်တော်မှာ) ဧကန်မုချ ၎င်း (ဖိရ်အောင်န်နှင့် အပေါင်းအပါစစ်တပ်) တို့သည် (ထိုမြစ်ပင်လယ်အတွင်း၌မှာပင်) နစ်မြုပ်ခြင်းခံကြရမည့် စစ်တပ်ပင် ဖြစ်၏။ (ဤကဲ့သို့သော ပုံစံမျိုးဖြင့် ၎င်းတို့သည် ထိုမြစ်ပင်လယ်အတွင်း၌ နစ်မြုပ်သွားပေမည်။ ၎င်းတို့သည် ထိုမြစ်လမ်းကြောင်းအတိုင်း လာရောက်ကြသောအခါဝယ် လေးဘက်လေးရံမှ ရေတို့သည် ပြန်လည်၍ စုစည်းကာ ရောက်ရှိလာကြပေမည်။ သို့ရှိရာ ထိုနည်းအတိုင်းပင် ဖြစ်ရှိခဲ့၏။ ဟဇရတ်မူစာ عليه السلام သည် တစ်ဘက်ကမ်းသို့ ရောက်ရှိသွား၍ ဖိရ်အောင်န်နှင့် အပေါင်းအပါ စစ်တပ်တို့သည် နစ်မြုပ်သွားကြပေသည်။)

ထိုသူ (ဖိရ်အောင်န်နှင့် ၎င်း၏ အမျိုးသား) တို့သည် မြောက်မြားစွာသော ဥယျာဉ်များကိုလည်းကောင်း၊ (မြောက်မြားစွာသော) စမ်းချောင်း (ရေချောင်းများ) ကိုလည်းကောင်း၊ (မြောက်မြားစွာသော) လယ်ယာများကိုလည်းကောင်း၊ (မြောက်မြားစွာသော) ကောင်းမွန် (ခန့်ညားသော) နေအိမ်များကိုလည်းကောင်း၊ (မြောက်မြားစွာသော) မိမိတို့ မွေ့လျော်စံပျော်လျက် ရှိခဲ့ကြသော စည်းစိမ်ချမ်းသာများကိုလည်းကောင်း စွန့်ထားခဲ့ကြကုန်၏။

(၎င်းတို့၏ အနောက်ဆုံးအကျိုးဆက်သည်) ဤအတိုင်းပင်ဖြစ်၏။ သို့ရာတွင် ငါအသျှင်မြတ်သည် ထိုစည်းစိမ်ချမ်းသာများကို အခြားသော အမျိုးသားတို့အား အမွေဆက်ခံစေတော်မူခဲ့၏။ (အလိုသဘောမှာ ဗနီအိစ်ရာအီးလ်အမျိုးသားတို့အား အမွေဆက်ခံစေတော်မူခဲ့၏။)

သို့တစေလည်း ယင်း (ဖိရ်အောင်န်အမျိုးသားတို့သည် လွန်စွာ ရွံမုန်းခြင်း ခံထားရသောသူများဖြစ်သည့်အတွက်ကြောင့် ၎င်း) တို့နှင့် ပတ်သက်၍ မိုးကောင်းကင်သည်လည်းကောင်း၊ ပထဝီမြေသည်လည်းကောင်း (ဝမ်းနည်းကြေကွဲ၍) ငိုကြွေးခဲ့ကြသည်မရှိချေ။ ထို့ပြင် ၎င်းတို့သည် (ပြစ်ဒဏ်ပေးခြင်းမှ စိုးစဉ်းမျှ) ရွှေဆိုင်းခွင့်ကိုလည်း မရခဲ့ကြပေ။ (ဆိုလိုသည်မှာ အကယ်၍ ရက်အနည်းငယ်ထပ်မံ၍ အသက်ရှင်သန်ခွင့် ရရှိပါမူ 'ဂျဟန္နမ်'၏ ပြစ်ဒဏ်မှ ရက်အချို့ဝေးကွာ လွတ်မြောက်နေမည် ဖြစ်ပေသည်) ထို့ပြင် ဧကန်မလွဲ ငါအသျှင်မြတ်သည် (ဤကဲ့သို့သော နည်းဖြင့်) အိစ်ရာအီးလ်မျိုးနွယ်ဝင်တို့အား လွန်စွာ ကျိုးယုတ်ရှက်ရဖြစ်စေသော (တစ်နည်း) ဖိရ်အောင်န်၏ (ညှဉ်းပန်းနှိပ်စက်ခြင်း) ပြစ်ဒဏ်မှ ကယ်တင်လွတ်မြောက်စေတော်မူခဲ့၏။

မုချစင်စစ် ထိုဖိရ်အောင်န်သည် (အမှန်တကယ်ပင်) ဆိုးသွမ်းသောင်းကျန်းသူ (ကျွန်တစ်ယောက်ဖြစ်ခြင်း ဘောင်အပြင်သို့ ရောက်ရှိနေကာ) စည်းကမ်းကျူးလွန်သူတစ်ဦးပင် ဖြစ်ခဲ့၏။ (စည်းစိမ်တော်တစ်ရပ်အဖြစ် ဗနီအိစ်ရာအီးလ်လူမျိုးတို့အပေါ် ချီးမြှင့်ခဲ့သော စည်းစိမ်တော်တစ်ရပ်သည် ဤသည်ပင် ဖြစ်သည်)

(ထို့ပြင် နောက်ထပ် ချီးမြှင့်ပေးသနားထားတော်မူသော စည်းစိမ်တော်တစ်ရပ်မှာ) စင်စစ်ကေန် ငါအသျှင်မြတ်သည် သိတော်မူလျက် (အခြားသော စည်းစိမ်တော်များကို ထပ်မံ ချီးမြှင့်ကာ မိမိ၏ 'အီလ်မ်' (အသိပညာတော်) နှင့် အမြော်အမြင်တော်၏ ရှုထောင့်ဖြင့် အချို့သော အမှုကိစ္စများနှင့် စပ်လျဉ်း၍) ယင်း (အိစ်ရာအီးလ်မျိုးနွယ်ဝင်) တို့အား ကမ္ဘာသူ၊ ကမ္ဘာသားတို့ထက်ဝယ် (သို့မဟုတ်) အမှုကိစ္စအလုံးစုံ အတွင်း၌ အလွန် များပြားလှသော အဖန်ဆင်းခံများအပေါ် ဥပမာ- ထိုခေတ်ကာလ၌ ရှိသော သူတို့အပေါ်ဝယ်) ရွေးချယ်မြှောက်စားတော်မူခဲ့၏။

ထို့ပြင် (ထိုအထက်တင်ပြပါ စည်းစိမ်တော်များတွင် အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ပေးသနားထားတော်မူသော ဆုလာဘ်ဖြစ်ခြင်းအပြင် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်အပေါ်၌ ညွှန်ပြချက်များလည်း ရှိပေသည်။ ၎င်း၏ အချုပ်သဘောတရားမှာ ဤသို့တည်း။) ငါအသျှင်မြတ်သည် ၎င်းတို့အား (မိမိ တန်ခိုးတော်၏ ဤမျှ (ကြီးမား) ထင်ရှားလှစွာသော စမ်းသပ်မှု (အလွန်တရာ) ကြီးမားတော်မူလှသော ကျေးဇူးတော် ပါရှိသည့် သက်သေလက္ခဏာတော်များကို ချီးမြှင့်ပေးသနားတော်မူခဲ့ပေသည်။ (ဆိုလိုသည်မှာ ၎င်းတို့အပေါ် ချီးမြှင့်ပေးသနားထားတော်မူသော စည်းစိမ်တော်များအတွင်းဝယ် ဂုဏ်ဒြပ်နှစ်ရပ် ပါဝင်ပေသည်။ ဆုလာဘ်တော်ဖြစ်ခြင်းနှင့် တန်ခိုးတော်၏ အထောက်အထားလည်း ဖြစ်ခြင်းတို့ ဖြစ်ပေသည်။ တစ်ဖန် ထိုစည်းစိမ်တော်များထဲမှ အချို့သည် ခံစားသိမြင်နိုင်သော စည်းစိမ်တော်များ ဖြစ်သည်။ ဥပမာ- ဖိရ်အောင်န်၏ ရန်မှ ကယ်တင်လွတ်မြောက်စေခြင်း ဖြစ်ပေသည်။ အချို့သော စည်းစိမ်တော်များသည် နာမ်ပိုင်းဆိုင်ရာတို့ ဖြစ်ပေသည်။ ဥပမာ- 'အီလ်မ်' (အသိပညာ) ကျမ်းစာအုပ်နှင့် 'မုအ်ဂျိဇာဟ်' တန်ခိုးတော်များကို မြင်တွေ့ခဲ့ရခြင်းတို့ ဖြစ်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَاِنِّىْ عُذْتُ بِرَبِّىْ وَرَبِّكُمْ اَنْ تَرْجُمُوْنِ

(၎င်းတို့သည် ကျောက်ခဲများဖြင့် ပစ်ပေါက်၍ သတ်ကြရန် ခြိမ်းခြောက်ရာ ထိုရစူလ်တမန်တော်မူစာ عليه السلام က ဤသို့ ပြောကြားခဲ့၏။) ၎င်းအပြင် ဧကန်အမှန် ငါသည် အသင်တို့ ငါ့အား ကျောက်ခဲများဖြင့် ပစ်ပေါက်၍ သတ်ကြမည်ကို စိုး၍ ငါ့အားလည်းကောင်း၊ အသင်တို့အားလည်းကောင်း မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်၌ အကာအကွယ်ယူထားပြီး ဖြစ်သည်။ [၄၄ : ၂၀]

رجم 'ရဂျမ်း'၏ အဓိပ္ပာယ်မှာ ကျောက်ခဲများဖြင့် ပစ်ပေါက်၍ သတ်ဖြတ်ခြင်း' ဟူသော အဓိပ္ပာယ်ရသကဲ့သို့ 'တစ်ဦးတစ်ယောက်ကို ဆဲရေးတိုင်းထွာပြုခြင်းနှင့် မကောင်းပြောဆိုခြင်း' ဟူသော အဓိပ္ပာယ်လည်း ရရှိပေသည်။ ဤနေရာ၌ အဓိပ္ပာယ်နှစ်မျိုးစလုံးကို ကောက်ယူနိုင်ပေသည်။ သို့ရာတွင် ဦးစားပေးထားသော အဆိုမှာ 'ခဲဖြင့် ပစ်ပေါက်ခြင်း'ဟူသော အလိုသဘောသာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဖိရ်အောင်န်၏ အပေါင်းအပါတို့သည် ဟဇရတ်မူစာ عليه السلام အား သတ်ဖြတ်ရန် အစရှိသည်တို့ဖြင့် ခြိမ်းခြောက်မှုတို့ကို ပြုလျက် ရှိနေကြကုန်၏။

وَاتْرُكِ الْبَحْرَ رَهْوًا

ငင်းပြင် အသင်သည် ပင်လယ်ကို ရှိရင်းအတိုင်း ငြိမ်သက်စွာ ထားရစ်ခဲ့ပါလေ။ *[၄၄ : ၂၄]*

رهو 'ရဟ်ဝူးန်'၏အဓိပ္ပာယ်မှာ 'တည်ငြိမ်စွာဖြင့် ရှိခြင်း'ဟူသော အဓိပ္ပာယ်ကို ရရှိ၏။ စင်စစ် ဟဇရသ်မူစာ عليه السلام နှင့် ၎င်း၏ မိတ်ဆွေများသည် တစ်ဘက်ကမ်းသို့ ရောက်ရှိသွားပြီးနောက် 'ဖိရ်အောင်န်၏ စစ်တပ် တစ်ဘက်ကမ်းသို့ မရောက်ရှိနိုင်အောင် မြစ်ပင်လယ်သည် ဒုတိယအကြိမ်အဖြစ် အစပထမ၌ ရှိသည့်အတိုင်း ပြန်လည်ရောက်ရှိသွားရန် လူ့ဇီဇသဘာဝအရ ဖြစ်ခြင်းဆန္ဒ ရှိနေပေသည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်က ၎င်းတို့အား 'မိမိတို့ကိုယ်တိုင် တစ်ဘက်ကမ်းသို့ ရောက်ရှိသွားပြီးနောက် မြစ်ပင်လယ်ကို ၎င်း၏ ရှိရင်းစွဲအခြေအနေပေါ်၌သာလျှင် တည်ငြိမ်စွာဖြင့် ထားရစ်ကြကုန်။ ဒုတိယအကြိမ် ရေပြန်လည်၍ စီးဆင်းစေရန် သောကမပွားများကြလေနှင့်။ သို့မှသာ ဖိရ်အောင်န်သည် ခြောက်သွေ့သော လမ်းဖြစ်ပေါ်နေသည်ကို တွေ့မြင်၍ မြစ်ပင်လယ်၏ အလယ်သို့ ရောက်ရှိလာချိန်ဝယ် ငါအသျှင်မြတ်သည် မြစ်ပင်လယ်ကို ရေစီးဆင်းစေရန် အမိန့်ပေးတော်မူလိုက်မည်ဖြစ်ရာ ဤစစ်တပ်တစ်တပ်လုံးသည် ရေနစ်မြုပ်ကာ သေဆုံးသွားကြပေလိမ့်မည်'ဟူသော အချက်အား သတိပေးတော်မူလိုက်ပေသည်။

[အိဗ်နေကစီးရ်]

وَاَوْرَثْنٰهَاقَوْمًا اٰخَرِيْنَ

သို့ရာတွင် ငါအသျှင်မြတ်သည် ထိုစည်းစိမ်ချမ်းသာများကို အခြားသော အမျိုးသားတို့အား အမွေဆက်ခံစေတော်မူခဲ့၏။ *[၄၄ : ၂၈]*

အခြားသော အမျိုးသားတို့၏ အလိုသဘောဟူသည် ဗနီအိစ်ရာအီးလ်အမျိုးသားတို့ပင် ဖြစ်ကြောင်း 'စူရာဟ်ရှုအ်ရားအ်'အတွင်း၌ ရှင်းလင်းစွာဖြင့် လာရှိထားပေသည်။ 'ကျော်ကြားသော ရာဇဝင်သမိုင်းများတွင် 'ဗနီအိစ်ရာအီးလ်တို့သည် ဒုတိယအကြိမ် အီဂျစ်နိုင်ငံသို့ ဝင်ရောက်ကာ ပြန်လည်နေထိုင်ခဲ့ကြသည်'ဟူ၍ အတည်ပြု၍ ရလောက်အောင်သော တင်ပြချက် တစ်စုံတစ်ရာ မည်သည့်နေရာတစ်နေရာ၌မှာပင် တင်ပြ မထားသောအကြောင်း အထက်ပါကောက်နုတ်တင်ပြချက်အပေါ် ကျော်ကြားသော စောဒကတစ်ရပ် ရှိနေပေသည်။ ထိုစောဒက၏ အဖြေကိုလည်း စူရာဟ်ရှုအ်ရားအ်၏ အကျယ်ဖွင့်ဆိုချက်၌ တင်ပြခဲ့ပြီး ဖြစ်ပေသည်။

မိုးနှင့် မြေ ငိုခြင်း

فَمَا بَكَتْ عَلَيْهِمُ السَّمَآءُ وَالْاَرْضُ

သို့တစေလည်း ယင်းဖိရ်အောင်န်၏ အမျိုးသားတို့နှင့် ပတ်သက်၍ မိုးကောင်းကင်သည်လည်းကောင်း၊ ပထဝီမြေသည်လည်းကောင်း ဝမ်းနည်းကြေကွဲ၍ ငိုကြွေးခဲ့ကြခြင်း မရှိချေ။ *[၄၄ : ၂၉]*

အလိုသဘောမှာ 'ငှင်းတို့သည် ကမ္ဘာမြေပထဝီပေါ်၌ နေထိုင်ကြစဉ်ကာလ၌ ထိုပထဝီမြေကြီးက ဝမ်းနည်းကြေကွဲ၍ ငိုချရလောက်အောင် ကောင်းမှုကုသိုလ် ပြုမှုဆောင်ရွက်ချက်များ ကျင့်ကြံခဲ့ကြခြင်း မရှိခဲ့ပေ။ မိုးကောင်းကင်က ဝမ်းနည်းကြေကွဲ၍ ငိုချရလောက်အောင်လည်း မိုးကောင်းကင်သို့ တက်သွားနိုင်လောက်သည့် ကောင်းမှုကုသိုလ် အကျိုး 'စဝါးဗ်' ရရှိစေသော ဆောင်ရွက်ချက်ဟူ၍လည်း မရှိခဲ့ပေ' ဟူ၍ပင် ဖြစ်သည်။ 'မွန်မြတ်သော ကျေးကျွန်တစ်ဦး ကွယ်လွန်သေဆုံးခြင်းအပေါ် မိုးကောင်းကင်နှင့် မြေပထဝီက ဝမ်းနည်းကြေကွဲကာ ငိုယိုကြောင်း' များစွာသော ဆင့်ပြန်ချက်များအတွင်း၌ လာရှိထားပေသည်။ ဟာဖိဇ်အဗူယအ်လား (ရဟ) သခင်ကြီးသည် ဟဇရသ်အနတ်စ် ﵁ သခင်ကြီး၏ ဆင့်ပြန်ချက်ဖြင့် တမန်တော်မြတ် ﷺ ၏ ဤအောက်ဖော်ပြပါ မိန့်မြွက်ချက်ကို ဆင့်ပြန်ထားပေသည်။ 'မိုးကောင်းကင်တွင် ကျေးကျွန်တိုင်းအတွက် တံခါးပေါက်နှစ်ပေါက် သတ်မှတ်ပေးထားတော်မူပေသည်။ တစ်ပေါက်မှ ငှင်းနှင့် ပတ်သက်သော စားနပ်ရိက္ခာ ကျရောက်၍ ဒုတိယတစ်ပေါက်မှ ငှင်း၏ ကုသိုလ်ကောင်းမှုနှင့် ပြောဆိုမှုတို့သည် တက်သွားပေသည်။ သို့ရှိရာ ထိုကျေးကျွန် ကွယ်လွန်သေဆုံးသွားသောအခါ ဤတံခါးများသည် ငှင်းအား သတိရ၍ ငိုကြွေးကြပေသည်။' ထို့နောက် တမန်တော်မြတ် ﷺ သည် (သက်သေသာဓကပြသည့် အသွင်မျိုးဖြင့်) ဤ

فَمَا بَكَتۡ عَلَيۡهِمُ ٱلسَّمَآءُ وَٱلۡأَرۡضُ

ဟူသော အာယသ်တော်ကိုသာလျှင် ရွတ်ဖတ်ပြတော်မူပေသည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﵁ သခင်ကြီးထံမှ ဤကဲ့သို့ အကြောင်းအရာပါ ဆင့်ပြန်ချက်များ ဆင့်ပြန်လာရှိထားပေသည်။ *[အိဗ်နေကဆီးရ်]*

ဟဇရသ်ရှုရိုက်ဟ်ဗင်နအိုဗိုက်ဒ် ﵁ သခင်ကြီးထံမှ ဆင့်ပြန်ထားသော ဟဒီးစ်တော်တွင် တမန်တော်မြတ် ﷺ သည် ဤသို့ မိန့်တော်မူထားပေသည်။ 'အကြင်မည်သည့်မုအ်မင်န်တစ်ဦး ကြပ်တည်းဆင်းရဲစွာဖြင့် ခိုကိုးရာမဲ့ (ငှင်းနှင့် ပတ်သက်၍ ငိုယိုမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိ) သော အခြေအနေမျိုးဖြင့် ကွယ်လွန်သေဆုံးသွားလျှင် ငှင်းအပေါ် မိုးကောင်းကင်နှင့် မြေပထဝီက ငိုကြွေးကြပေမည်။' ယင်းအချက်နှင့် စပ်လျဉ်း၍လည်း တမန်တော်မြတ် ﷺ သည် ဤအထက်ဖော်ပြပါ အာယသ်တော်ကိုသာလျှင် ရွတ်ဖတ်တော်မူခဲ့ပေသည်။ ထို့နောက် ဆက်လက်၍ 'ဤမိုးကောင်းကင်နှင့် မြေပထဝီသည် မည်သည့်ကာဖိရ်တစ်ဦးတစ်ယောက်အတွက် ငိုယိုတော်မူခြင်းမရှိပေ' ဟူ၍ မိန့်ခြွေတော်မူလိုက်ပေသည်။ *[အိဗ်နေဂျရီးရ်]*

ဟဇရသ်အလီ ﵁ သခင်ကြီးထံမှလည်း 'ငှင်းသည် မွန်မြတ်သော ကျေးကျွန်တစ်ဦး ကွယ်လွန်သွားသည့်အပေါ် မိုးကောင်းကင်နှင့် မြေပထဝီက ငိုယိုတော်မူကြောင်းကို တင်ပြထားပေသည်' ဟူသော ဆင့်ပြန်ချက် လာရှိထားပေသည်။ *[အိဗ်နေကဆီးရ်]*

အချို့သော အာလင်မ်သာသနာ့ပညာရှင်ကြီးများသည် အာယသ်တော်၏ စကားလုံးများကို 'အငှားပြုသွယ်ဝိုက်သောနည်း' အဖြစ် သတ်မှတ်ကောက်ချက်ချကာ ဤသို့ အဓိပ္ပါယ်ရှိထားကြပေသည်။ မိုးကောင်းကင်

နှင့် မြေပထဝီသည် အမှန်တကယ် ငိုယိုခြင်းမဟုတ်။ သို့သာမက အလိုသဘောမှာ '၄င်း၏ ရှိနေ၊ ရှင်နေခြင်းသည် ဤသို့ ဂရုမူရလောက်အောင် မထိုက်တန်ပေရာ ၄င်းကွယ်လွန်သေဆုံးသွားခြင်းအပေါ် မည်သူတစ်ဦးတစ်ယောက်မျှ ဝမ်းနည်းကြေကွဲခြင်း မရှိပေ' ဟူ၍ ဖြစ်သည်။ သို့ရာတွင် တင်ပြပါအာယသ်တော်များ၏ မီးမောင်းထိုးပြမှုအောက်ဝယ် ဦးစားပေးခံရသည့် အဆိုမှာ 'ဤနေရာ၌ မိုးကောင်းကင်နှင့် မြေပထဝီသည် အမှန်တကယ်ငိုခြင်း အလိုသဘောမျိုးသာ ဖြစ်သည်' ဟူသော အဆိုကိုသာလျှင် ဖြစ်ကြောင်းကို သိရှိရပေသည်။ အဘယ်ကြောင့်ဆိုသော် အာယသ်တော်၏ မူရင်းအဓိပ္ပာယ်ကို ကောက်ယူရန်မှာ ဖြစ်နိုင်၍ ဆင့်ပြန်ချက်များသည်လည်း ထိုအချက်အား အကူပြုလျက်ရှိနေပေရာ အလျှင်စလို ယင်းအချက်အား 'အငှားပြု သွယ်ဝိုက်သော ကောက်ယူနည်းမျိုး' ကောက်ယူရန် မလိုအပ်ပေ။ 'မိုးကောင်းကင်နှင့် မြေပထဝီသည် ငိုနိုင်ရလောက်အောင် အသိနှင့် သတိသည် မည်ကဲ့သို့ တည်ရှိနိုင်အံ့နည်း' ဟူသော သံသယသည် တည်ရှိနေပြန်သည်။ ထိုသံသယနှင့် စပ်လျဉ်းသော အဖြေမှာ ရှင်းလင်းလှပေသည်။ စကြဝဠာများအတွင်းဝယ် တည်ရှိနေသော အဖန်ဆင်းခံတိုင်း၌ အနည်းနှင့်အများမဆို အသိသည် မုချ တည်ရှိနေပေသည်။ ပမာတင်ပြရမည်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်၏

اِنْ مِّنْ شَيْءٍ اِلَّا يُسَبِّحُ بِحَمْدِهٖ

အမှန်စင်စစ် အရာဝတ္ထုအလုံးစုံတို့သည် ထိုအသျှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့် အတူတကွ သန့်ရှင်းကြောင်းကို ရွတ်ဆိုကြ၏။ *[၁၇ : ၄၄]*

ဟူသော အာယသ်တော်မြတ်မှ သိရှိရပေသည်။ ယခု တစ်ဖြည်းဖြည်း ခေတ်သစ်သိပ္ပံသည်လည်း ထိုအနှစ်ချုပ်အချက်ထိတိုင် ရောက်ရှိနေပေသည်။ သို့ရာတွင် 'မိုးကောင်းကင်နှင့် မြေပထဝီ၏ ငိုယိုခြင်းသည် လူသားတို့ကဲ့သို့ပင် ငိုယိုခြင်း' ဖြစ်ရန်ဟူသော အချက်သည် အရေးမကြီးပေ။ ထိုမိုးကောင်းကင်နှင့် မြေပထဝီ၏ ငိုယိုခြင်း၏ အခြေအနေမှာ မုချ ကွဲပြားခြားနားနေမည်ဖြစ်ပြီး ထိုအရာနှစ်ခု၏ ငိုယိုခြင်း၏ အခြေခံဇစ်မြစ်အချက်ကို ကျွန်ုပ်တို့သည် မသိရှိရပေ။

وَلَقَدِ اخْتَرْنٰهُمْ عَلٰى عِلْمٍ عَلَى الْعٰلَمِيْنَ

စင်စစ် ဧကန်အမှန် ငါအသျှင်မြတ်သည် သိတော်မူလျက် ယင်းအိစ်ရာအီးလ်မျိုးနွယ်ဝင်တို့အား ကမ္ဘာသူကမ္ဘာသားတို့ထက်ဝယ် ရွေးချယ်မြှောက်စားတော်မူခဲ့၏။ *[၄၄ : ၃၂]*

ထိုတင်ပြပါ အာယသ်တော်၏ အလိုသဘောကြောင့် 'ဗနီအိစ်ရာအီးလ် မျိုးနွယ်ဝင်တို့သည် တမန်တော်မြတ် ﷺ ၏ 'အွမ္မသ်'(နောက်လိုက်ထု) ထက် သာပို၍ မွန်မြတ်ကြောင်း' ဟူသော အချက်သည် မုချ မဖြစ်တန်ကောင်းရာ။ အဘယ်ကြောင့်ဆိုသော် တင်ပြပါအာယသ်တော်၏ အလိုသဘောမှာ

ထိုခေတ်ထိုအခါကာလ၌ ရှိသော ကမ္ဘာသူ၊ ကမ္ဘာသားတို့ကို ဆိုလိုထားခြင်း ဖြစ်ပေသည်။ ထိုခေတ်ထိုအခါ သမယ၌မူ မုချ ထိုဗနီအိစ်ရာအီးလ် မျိုးနွယ်အုပ်စုတို့သည် အခြားသော မျိုးနွယ်အုပ်စုများ အားလုံးတို့ထက် အမွန်မြတ်ဆုံး ဖြစ်ပေသည်။ ဤသို့ ဗနီအိစ်ရာအီးလ် မျိုးနွယ်ဝင်တို့ မွန်မြတ်ထူးကဲခြင်းသည် မရ်ယမ်သခင်မအဖို့

نِسَآءَ الْعَالَمِيْنَ

စကြဝဠာတစ်ခွင်လုံး၌ရှိသော အမျိုးသမီးများထက် ပို၍ မွန်မြတ်ကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ တင်ပြထားသကဲ့သို့ ဖြစ်ပေသည်။ သီးသန့် ရှုထောင့်တစ်ရပ်ကြောင့် ဗနီအိစ်ရာအီးလ် လူမျိုးစုတို့သည် ကမ္ဘာလောကတစ်ခွင်လုံးနှင့် ခေတ်ကာလတိုင်း၌ ရှိသော သူတို့အပေါ် ထူးမြတ်မှု တစ်စုံတစ်ရာ ရရှိနေခြင်း' သည်လည်း ဖြစ်နိုင်ပေသည်။ သို့ရာတွင် ခြုံငုံလှစွာသော သဘောမျိုးဖြင့် အမွန်မြတ်ဆုံးသည် တမန်တော်မြတ် ﷺ ၏ အုမ္မသ် (နောက်လိုက်ထု) တို့အဖို့သာလျှင် ရရှိပေသည်။ (အကျယ်ချဲ့ သိရှိလိုသော သူများအဖို့ အိဗ်နေ့ကစီးရ် အစရှိသော ကျမ်းများအား ကြည့်ရှုလေ့လာပါ။)

عَلٰى عِلْمٍ (သိတော်မူလျက်) ဟူသော စကားလုံးတော်၏ အလိုသဘောမှာ 'ငါအသျှင်မြတ်၏ ပြုမူဆောင်ရွက်ချက်ဟူသမျှတို့တွင် အမြော်အမြင်တော် ရှိပေသည်။ သို့ရှိရာ ထိုဗနီအိစ်ရာအီးလ်လူမျိုးစုတို့အား ရွေးချယ်မြှောက်စားမှု ပေးသနားထားခြင်းသည်လည်း ငါအသျှင်မြတ်၏ 'အိလ်မ်' (အသိပညာ) အတွင်း၌ အမြော်အမြင်တော်နှင့် အကျိုးဆက်တရားတို့ ရှိခြင်းကြောင့် ရွေးချယ်မြှောက်စားတော်မူထားခြင်း ဖြစ်ပေသည်' ဟူ၍ ဖြစ်သည်။

وَاٰتَيْنٰهُمْ مِّنَ الْاٰيٰتِ مَافِيْهِ بَلٰٓؤٌا مُّبِيْنٌ

ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား ထင်ရှားလှစွာသော စမ်းသပ်မှု၊ ကျေးဇူးတော်ပါရှိသည့် သက်သေလက္ခဏာတော်များကို ချီးမြှင့်ပေးသနားတော်မူခဲ့ပေသည်။ *[၄၄ း ၃၃]*

သက်သေလက္ခဏာတော်များ၏ အလိုသဘောမှာ တောင်ဝှေးတော်နှင့် ထွန်းလင်းတောက်ပသော လက်တော် အစရှိသည့် 'မုအ်ဂျေဇာဟ်' တန်ခိုးတော်တို့ ဖြစ်ပေသည်။ بَلٰٓؤٌا 'ဗလားအွန်' ၏ အဓိပ္ပာယ်သည် နှစ်မျိုး လာရှိထားသေည်။ 'ဆုလာဘ်' နှင့် စမ်းသပ်ခြင်းတို့ ဖြစ်ပေသည်။ ဤနေရာ၌ အဓိပ္ပာယ်နှစ်မျိုးစလုံး ကောက်ယူရန် အဟန့်အတားမရှိ ဖြစ်နိုင်ပေသည်။ *[ကုရ်သုဗီး]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

إِنَّ هَٰٓؤُلَآءِ لَيَقُولُونَ ﴿٣٤﴾

၄၄ : ၃၄ ။ ။ စင်စစ်မလွဲ ဤသူတို့သည် အမှန်ပင် (ဤသို့) ပြောဆိုကြကုန်၏။

إِنْ هِيَ إِلَّا مَوْتَتُنَا ٱلْأُولَىٰ وَمَا نَحْنُ بِمُنشَرِينَ ﴿٣٥﴾

၄၄ : ၃၅ ။ ။ (မက္ကာဟ်မြို့သား မုရှ်ရစ်က်တို့က) ထိုသေဆုံးခြင်းဟူသည် ကျွန်ုပ်တို့၏ ပထမသေဆုံးခြင်းပင် ဖြစ်၏။ ထို့နောက် ကျွန်ုပ်တို့သည် (ဒုတိယအကြိမ်) ရှင်ပြန်ထစေခြင်းကို ခံကြရမည်မဟုတ်ပေ။

فَأْتُوا۟ بِـَٔابَآئِنَآ إِن كُنتُمْ صَٰدِقِينَ ﴿٣٦﴾

၄၄ : ၃၆ ။ ။ သို့ဖြစ်ပေရာ (အို၊ မွတ်စ္စလင်မ်အပေါင်းတို့) အကယ်၍ အသင်တို့သည် မှန်ကန်စွာ ပြောဆိုသော သစ္စာဝါဒီများဖြစ်ကြလျှင် (ယခုပင်) သေဆုံးခဲ့ကြပြီးဖြစ်သော ကျွန်ုပ်တို့၏ အဘ၊ ဘိုး၊ ဘေးတို့အား (တစ်ဖန် ရှင်စေပြီး) ခေါ်ယူခဲ့ကြလေကုန်။

أَهُمْ خَيْرٌ أَمْ قَوْمُ تُبَّعٍ وَٱلَّذِينَ مِن قَبْلِهِمْ ۚ أَهْلَكْنَٰهُمْ ۖ إِنَّهُمْ كَانُوا۟ مُجْرِمِينَ ﴿٣٧﴾

၄၄ : ၃၇ ။ ။ ထိုသူတို့သည် 'သွဗ္ဗအ်'၏ အမျိုးသားတို့ထက်လည်းကောင်း၊ ထိုအမျိုးသားတို့အလျင် ရှိခဲ့ကြသော သူတို့ထက်လည်းကောင်း၊ သာပို၍ ကောင်းမြတ်ကြလေသလော။ ငါအသျှင်မြတ်သည် ထိုသို့သော သူတို့ကိုပင် ၎င်းတို့သည် ပြစ်မှုများကို ကျူးလွန်သူများ ဖြစ်ခဲ့ကြသောကြောင့် ဖျက်ဆီးတော်မူခဲ့ပေသည်။

وَمَا خَلَقْنَا ٱلسَّمَٰوَٰتِ وَٱلْأَرْضَ وَمَا بَيْنَهُمَا لَٰعِبِينَ ﴿٣٨﴾

၄၄ : ၃၈ ။ ။ စင်စစ် ငါအသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေနှစ်ခု၏ အကြား၌ ရှိသမျှတို့ကိုလည်းကောင်း၊ ကစားခုန်စားသောအားဖြင့် ဖန်ဆင်းတော်မူခဲ့သည် မဟုတ်ပေ။

مَا خَلَقْنَٰهُمَآ إِلَّا بِٱلْحَقِّ وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ ﴿٣٩﴾

၄၄ : ၃၉ ။ ။ (အမှန်စင်စစ်) ငါအသျှင်မြတ်သည် ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေနှစ်ခုစလုံးကို နက်နဲသိမ်မွေ့ တိကျမှန်ကန်သော အကြောင်းနှင့်တကွ ဖန်ဆင်းတော်မူခဲ့၏။ သို့ရာတွင် ၎င်းတို့အနက် များစွာသော သူတို့မှာ သိရှိကြသည် မဟုတ်ပေ။

إِنَّ يَوْمَ ٱلْفَصْلِ مِيقَٰتُهُمْ أَجْمَعِينَ ﴿٤٠﴾

၄၄ : ၄၀ ။ ။ စင်စစ်အမှန် စီရင်ဆုံးဖြတ်မည့် နေ့သည် ၎င်းတို့အားလုံး (ရှင်ပြန်ထကြရန်) အလို့ငှာ သတ်မှတ်ပြီးဖြစ်သော အချိန်ကာလပင် ဖြစ်၏။

يَوْمَ لَا يُغْنِيْ مَوْلًى عَنْ مَّوْلًى شَيْـًٔا وَّلَا هُمْ يُنْصَرُوْنَ ﴿٤١﴾

၄၄ : ၄၁ ။ ။ ထိုနေ့တွင် မည်သည့်ပတ်သက်သောသူ တစ်ဦးတစ်ယောက်မျှပင်၊ (အခြား) မည်သည့်ပတ်သက်သောသူ တစ်ဦးတစ်ယောက်အဖို့မျှ လုံးဝ အသုံးဝင်မည်မဟုတ်ပေ။ ထို့ပြင် (အလ္လာဟ်အသျှင်မြတ် ကရုဏာတော် ပြုတော်မူသောသူမှအပ) ၎င်းတို့သည် မည်သည့်ကူညီစောင်မခြင်းကိုလည်း ခံကြရမည် မဟုတ်ပေ။

اِلَّا مَنْ رَّحِمَ اللّٰهُ ۗ اِنَّهٗ هُوَ الْعَزِيْزُ الرَّحِيْمُ ﴿٤٢﴾

၄၄ : ၄၂ ။ ။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ် ကရုဏာပြုတော်မူသော သူသည် (ကြားဝင်အသနားခံပေးခြင်းကို ခံရပေမည်)။ ဧကန်စင်စစ် ထိုအသျှင်မြတ်သည် အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော အသျှင်၊ အလွန်တရာ ကြင်နာသနားတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဧကန်မလွဲ ဤသူတို့သည် ('ကေယာမသ်'နေ့နှင့် ပတ်သက်သော ခြိမ်းခြောက်ချက်များကို ကြားနာကာ 'ကေယာမသ်'နေ့ကိုပင် ငြင်းဆိုမှုပြုခဲ့ကြပေသည်။ ထို့ပြင်) အမှန်ပင် (ဤသို့) ပြောဆိုကြကုန်၏။

(မက္ကာဟ်မြို့သား မုရှရစ်က်တို့က) ထိုသေဆုံးခြင်းဟူသည် ကျွန်ုပ်တို့၏ ပထမသေဆုံးခြင်းပင်ဖြစ်၏။ ထို့နောက် ကျွန်ုပ်တို့သည် (ဒုတိယအကြိမ်) ရှင်ပြန်ထစေခြင်းကို ခံကြရမည်မဟုတ်ပေ။ (အလိုသဘောမှာ နောက်ဆုံးအခြေအနေသည် လောကုတ္တရာ၏ သက်တမ်းမဟုတ်။ သို့သာမက ဤလောကီသက်တမ်း၏ သေခြင်းတရားသည်သာလျှင် နောက်ဆုံးအခြေအနေ ဖြစ်ပေသည်။ ၎င်းလောကီသက်တမ်း၏ ကွယ်လွန်သေဆုံးပြီးနောက် တစ်စုံတစ်ရာ ဖြစ်ပေါ်တော့မည် မဟုတ်ပေ။)

သို့ဖြစ်ပေရာ (အို၊ မွတ်စ္စလင်မ်အပေါင်းတို့) အကယ်၍ အသင်တို့သည် ('အာခေရသ်'နောင်တမလွန်နှင့် စပ်လျဉ်း၍ ကြွေးကြော်ရာ၌) မှန်ကန်စွာ ပြောဆိုသော သစ္စာဝါဒီများဖြစ်ကြပါလျှင် (မည်သူမှ စောင့်ဆိုင်းရန် မလိုအပ်ရအောင် ယခုပင်) သေဆုံးခဲ့ကြပြီးဖြစ်သော ကျွန်ုပ်တို့၏ အဘ၊ ဘိုး၊ ဘေးတို့အား (တစ်ဖန် ရှင်စေပြီး) ခေါ်ယူခဲ့ကြလေကုန်။

(ရှေ့၌ ၎င်းတို့အနေဖြင့် 'ကုဖွရ်' (သွေဖည်ငြင်းဆိုမှု) လုပ်ရပ် ပြောဆိုမှုများအပေါ် အနည်းငယ်စဉ်းစားသင့်ကြောင်း၊ ခြိမ်းခြောက်သတိပေး မိန့်ကြားထားတော်မူသည်မှာ) ထိုသူတို့သည် (အားအင်ခနဂုဏ်ရှိန်ဂုဏ်ဝါ၌၊ ယမန်ဘုရင်) သွဗ္ဗအ်၏ အမျိုးသားတို့ထက်လည်းကောင်း၊ ထိုအမျိုးသားတို့အလျင် ရှိခဲ့ကြသော သူတို့ထက်လည်းကောင်း၊ သာပို၍ ကောင်းမြတ်ကြလေသလော။ (ပမာအားဖြင့် အားဒ်မျိုးနွယ်အုပ်စု၊ စမူးဒ်မျိုးနွယ်အုပ်စု အစရှိသော မျိုးနွယ်အုပ်စုများ ဆိုလိုသည်မှာ ဤမျိုးနွယ်အုပ်စုများသည် သာပို၍ ကောင်းမြတ်ကြလေသလော။ သို့တစေ) ငါအသျှင်မြတ်သည် ထိုသို့သော သူတို့ကိုပင် ၎င်းတို့သည်

ပြစ်မှုများ (ကိုသာလျှင်) ကျူးလွန်သူများ ဖြစ်ခဲ့ကြသောကြောင့် ဖျက်ဆီးတော်မူခဲ့ပေသည်။ (သို့ရှိရာ ဤသူတို့သည် အကယ်၍ အမိန့်မနာခံခြင်းမှ မတွန့်ဆုတ်၊ ရပ်တန့်ကြခြင်းမရှိကြပါမူ ၎င်းတို့သည် မည်ကဲ့သို့သော ပုံစံမျိုးဖြင့် မိမိတို့ကိုယ်ကို ရှောင်ရှား လွတ်မြောက်စေနိုင်ပေမည်နည်း။)

စင်စစ် (ရှေ့၌ 'ကေယာမသ်'အမှန်တကယ် ဆိုက်ရောက်လာမည်ဖြစ်ခြင်းနှင့် ဆိုက်ရောက်လာစေတော်မူခြင်း၏ အမြော်အမြင်တော်ကို တင်ပြထားသည်မှာ) ငါအသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေနှစ်ခု၏ အကြား၌ ရှိသမျှတို့ကိုလည်းကောင်း ကစားခုန်စားသောအားဖြင့် ဖန်ဆင်းတော်မူခဲ့သည် မဟုတ်ပေ။

(သို့သာမက) ငါအသျှင်မြတ်သည် ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေနှစ်ခုစလုံး (၎င်းအဖန်ဆင်းခံ နှစ်ခုအကြားရှိ အဖန်ဆင်းခံများအားလုံး အပါအဝင်) ကို နက်နဲသိမ်မွေ့ တိကျမှန်ကန်သော အကြောင်းနှင့်တကွ ဖန်ဆင်းတော်မူခဲ့၏။ (ဥပမာ- ထိုအရာများအား ဖန်ဆင်းတော်မူခြင်းဖြင့် ပထမအချက်သည်မူ အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝစုံလင်လှစွာသော တန်ခိုးတော်အပေါ် ညွှန်ပြလျက်ရှိရန်နှင့် ဒုတိယအချက်မှာ ကောင်းမှုအပေါ် ကောင်းသောအစား၊ မကောင်းမှုအပေါ် အပြစ်ဒဏ်ရှိမည်ဟူသော အချက်အပေါ် အထောက်အထားဖြစ်စေသည်။) သို့ရာတွင် ၎င်းတို့အနက် မြောက်မြားစွာသော သူတို့သည် သိရှိကြသည်မဟုတ်ပေ။ (အကြောင်းမှာ ဤမျှခန့် ကြီးကျယ်မြင့်မြတ်တော်မူသော 'ဇားသ်' (အသျှင်ကိုယ်တော်) သည် ကိုယ်ခန္ဓာများကို ဦးစွာပထမ မရှိဘဝမှ ရှိရာဘဝသို့ ဖန်ဆင်းတော်မူခြင်းကို စွမ်းဆောင်နိုင်ပေရာ ၎င်းအဖန်ဆင်းခံများအား ဒုတိယအကြိမ် ပြန်လည်ဖန်ဆင်းရန်အပေါ်၌လည်း စွမ်းဆောင်နိုင်တော်မူပေမည်။)

စကန်အမှန် စီရင်ဆုံးဖြတ်မည့်နေ့ (အလိုသဘောမှာ 'ကေယာမသ်'နေ့) သည် ၎င်းတို့အားလုံး (ရှင်ပြန်ကြရန်နှင့် ကောင်းမှု၏ အစားပေးရန်နှင့် မကောင်းမှုအပေါ် ပြစ်ဒဏ်ခံစားကြရန်) အလို့ငှာ သတ်မှတ်ပြီးဖြစ်သော အချိန်ကာလပင် ဖြစ်၏။ (အကြင် 'ကေယာမသ်'၏ ဖြစ်ပေါ်မှုသည် ၎င်း၏ သတ်မှတ်အချိန်နေရာ၌ မုချ ပေါ်ပေါက်တည်ရှိ လာပေလိမ့်မည်။)

(ရှေ့၌ 'ကေယာမသ်'နေ့တွင် ဖြစ်ပေါ်လာမည့် အချို့သော ဖြစ်အင်များအား တင်ပြထားပေသည်။ ဆိုလိုသည်မှာ) ထိုနေ့တွင် မည်သည့်ပတ်သက်သူတစ်ဦးသည် (အခြား) မည်သည့်ပတ်သက်သောသူ တစ်ဦးတစ်ယောက်အဖို့မျှ လုံးဝ အသုံးဝင်မည်မဟုတ်ပေ။ ထို့ပြင် (ထိုနည်းတူစွာ အခြားမည်သည့် လူပုဂ္ဂိုလ်၊ ကိုးကွယ်ရာများသည်လည်း အသုံးဝင်မည်မဟုတ်ပေ။ ဥပမာ- ၎င်းတို့ ယုံကြည်မျှော်လင့်ကာ ခဝပ်ကိုးကွယ်ခဲ့ကြကုန်သော ကိုးကွယ်ရာများ၏ ဘက်မှလည်း) အလ္လာဟ်အသျှင်မြတ် ကရုဏာပြုတော်မူသော သူမှအပ ၎င်းတို့သည် မည်သည့်ကူညီစောင်မခြင်းကိုလည်း ခံကြရမည်မဟုတ်ပေ။ (အလ္လာဟ်အသျှင်မြတ်မှ ကရုဏာပြု၍ ၎င်းတို့နှင့် စပ်လျဉ်းကာ အလ္လာဟ်အသျှင်မြတ်၏ ခွင့်ပြုချက်ကို ရယူ၍ ကြားဝင် အသနားခံပေးခြင်းသည်မူ အသုံးဝင်ပေလိမ့်မည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား ကူညီစောင်မတော်မူပေလိမ့်မည်။) စကန်စင်စစ် ထိုအလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော အသျှင်၊ (ထို့ကြောင့် ကာဖိရ်များမှ ကလဲ့စားယူပေလိမ့်မည်။) အလွန်တရာ သနားတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ (ထို့ကြောင့် မွတ်စ္စလင်မ်များအပေါ် ကရုဏာပြုတော်မူပေလိမ့်မည်။)

သီမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

فَأْتُوا بِآبَآئِنَا اِنْ كُنْتُمْ صَادِقِيْنَ

သို့ဖြစ်ပေရာ အို၊ မွတ်စ္စလင်မ်အပေါင်းတို့၊ အကယ်၍ အသင်တို့သည် မှန်ကန်စွာ ပြောဆိုသော သစ္စာဝါဒီများဖြစ်ကြပါလျှင် ယခုပင် သေဆုံးခဲ့ကြပြီးဖြစ်သော ကျွန်ုပ်တို့၏ အဘ၊ ဘိုး၊ ဘေးတို့အား တစ်ဖန် ရှင်စေပြီး ခေါ်ယူခဲ့ကြလေကုန်။ *[၄၄ း ၃၆]*

ကုရ်အာန်ကျမ်းတော်မြတ်သည် ၎င်းတို့ဘက်မှ တက်လာသော စောဒကအား ပြန်လည် အဖြေ မပေးထားခြင်းမှာ လုံးဝ ရှင်းလင်းပေါ်လွင်နေသည့် အတွက်ကြောင့် ဖြစ်ပေသည်။ ၎င်းမှာ 'ကမ္ဘာခပ်သိမ်း ကုန်သော လူသားထုတစ်ရပ်လုံးကို ဒုတိယအကြိမ် ပြန်လည်ဖန်ဆင်းတော်မူပေမည်' ဟူသော ကြွေးကြော် မှုကို 'အာခေရသ်'နောင်တမလွန်၌မှာပင် ပြုပေးမည်ဟု ကြွေးကြော်ထားသည့်အတွက်ကြောင့် ထိုအချိန် ၌မှာပင် အလ္လာဟ်အသျှင်မြတ်သည် အားလုံးကို ရှင်ပြန်ထစေတော်မူပေမည်။ ကမ္ဘာလောက၌ ရှင်ခြင်း၊ သေခြင်း ဖြစ်ပေါ်မှုတို့သည် တန်ခိုးတော် အသျှင်မြတ်၏ သီးသန့်ဥပဒေ ကြောင်းကျိုး အမြော်အမြင်တော် ၏ အောက်တွင် တစ်သွေမတိမ်း တည်ရှိနေရပေသည်။ အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် ဤအချိန်၌ တစ်ဦးတစ်ယောက်ကို ဒုတိယသက်တမ်းအား ချီးမြှင့်တော်မမူပါမူ' ၎င်းအချက်သည် နောင်တမလွန် 'အာခေရသ်'၌လည်း ဒုတိယအကြိမ် ပြန်လည်ရှင်ပြထစေရန် မစွမ်းနိုင်' ဟူသော အချက်၏ အထောက် အထား မည်ကဲ့သို့ ဖြစ်နိုင်ပေမည်နည်း။ **منطق** ပညာ၏ အသုံးအနှုန်းဝေါဟာရဖြင့် ထိုအဖြေကို 'ဘောင် အတိုင်းအတာဖြင့် တည်ရှိနေသောအရာ မဖြစ်ပေါ်လာခြင်းသည် ၎င်းအရာ လုံးဝ ဖြစ်ပေါ်လာမည်မဟုတ်' ဟူသော အချက်ကို လိုလားတောင်းဆိုသည်မဟုတ်' ဟူ၍ အဖြေပေး တင်ပြနိုင်ပေသည်။

[ဗယာနွလ်ကုရ်အာန်]

"သွဗ္ဗအ်" မျိုးနွယ်အုပ်စု၏ ဖြစ်အင်

اَهُمْ خَيْرٌ اَمْ قَوْمُ تُبَّعٍ

ထိုသူတို့သည် 'သွဗ္ဗအ်'အမျိုးသားတို့ထက်လည်းကောင်း၊ ထိုအမျိုးသားတို့၏အလျင် ရှိခဲ့ကြသော သူတို့ထက်လည်းကောင်း အင်အားခနဂုဏ်ရှိန်ဂုဏ်ဝါအရ သာပို၍ ကောင်းမြတ်ကြလေသလော။ *[၄၄ း ၃၇]*

ကုရ်အာန်ကျမ်းတော်မြတ်အတွင်းတွင် 'သွဗ္ဗအ်'အမျိုးသားတို့၏ အကြောင်း နှစ်နေရာ၌ လာရှိ ထားပေသည်။ တစ်နေရာသည် ဤစူရာဟ်တော်၌ဖြစ်ပြီးနောက် တစ်နေရာသည် 'စူရာဟ်ကားဖ်'၌ ဖြစ်ပေမည်။ သို့ရာတွင် နှစ်နေရာစလုံး၌ အမည်ကိုသာလျှင် ဖော်ပြတင်ပြထားကာ အကျယ်တဝင့် ဖြစ်အင် အကြောင်းအရာ အစုံအလင်ကို မတင်ပြထားပေ။ ထို့ကြောင့် ထိုအချက်နှင့် စပ်လျဉ်း၍ အကျယ်ချဲ့ဖွင့်ဆို သော ပညာရှင်ကြီးများသည် '၎င်းတို့သည် မည်သူနည်း'ဟူ၍ အလိုသဘောနှင့် ပတ်သက်၍ ရှည်လျား

စွာ အခြေအတင် ဆွေးနွေးတင်ပြမှုများကို ပြုထားကြ ပေသည်။ ဖြစ်အင်မှာ ဤသို့တည်း။ 'သွဗ္ဗအ်'သည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အမည်မဟုတ်ဘဲ ယမန်နိုင်ငံ၏ ထိုဟင်မ်ယရီးဘုရင်ခံများ၏ အဆက်မပြတ် ဘိသိတ်ခံယူခဲ့သော ဘွဲ့ထူး၊ ဂုဏ်ထူး အမည်နာမသည်သာလျှင် ဖြစ်ပေသည်။ ၎င်းတို့သည် အချိန်ကာလ ကြာမြင့်စွာထိတိုင် ယမန်နိုင်ငံ၏ အနောက်ဘက်ခြမ်းကို နန်းစိုက်မြို့အဖြစ် သတ်မှတ်ကာ အာရေဗီးယားနိုင်ငံ၊ ဆီးရီးယားနိုင်ငံ၊ အီရတ်နိုင်ငံနှင့် အာဖရိကတိုက်၏ အချို့သော နယ်ပယ်ဒေသများ အပေါ် စိုးမိုးအုပ်ချုပ်ခဲ့ပေသည်။ ထို့ကြောင့် 'သွဗ္ဗအ်' ၏ အများကိန်းသည် 'သဗာဗိအဟ်'ဟူ၍ လာရှိထားပေသည်။ ထိုဘုရင်ခံများကို **تبابعة يمن** ယမန်နိုင်ငံ၏ 'သဗာဗိအဟ်' ဟူ၍ ခေါ်တွင်ကြပေသည်။ ဤနေရာ၌ ထို 'သဗာဗိအဟ်'ဘုရင်များထဲမှ မည်သူနည်း။ ထိုအချက်နှင့် စပ်လျဉ်း၍ ဟာဖိဇ် အိဗ်နေကစီးရ် (ရဟ) သခင်ကြီး၏ သုတေသနပြုချက် သည် သာပို၍ ဦးစားပေးထိုက်ဖွယ် အဆိုအဖြစ် နားလည်မှတ်ယူမိ၏။ ၎င်းမှာ **تبع اوسط** ဖြစ်ပေသည်။ ထိုသူ၏ အမည်မှာ 'အဗ်စ်အဒ် အဗူကိုရိုက်ဗ်ဇင်န် မိလ်ကီး ကရဗ်ယမာနီး' ဖြစ်ပေသည်။ ဤဘုရင်သည် တမန်တော်မြတ် ﷺ မပွင့်ပေါ်မီ အနည်းဆုံး နှစ်ပေါင်း (၇၀၀) ကတည်းကပင် စော၍ တည်ရှိခဲ့ပေသည်။ ဟင်မ်ယရီးဘုရင့်နန်းဆက်များတွင် ၎င်းစိုးမိုးအုပ်ချုပ်သော သက်တမ်းသည် ကာလအကြာမြင့်ဆုံးအဖြင့် တည်ရှိခဲ့သည်။ ၎င်းသည် မိမိစိုးမိုးအုပ်ချုပ်သော ခေတ်ကာလတွင် 'စမရ်ကန်ဒ်'အရပ်ဒေသထိတိုင် နယ်ပယ်ဒေသ အမြောက်အမြားကို အောင်မြင်စွာ တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့ပေသည်။

မိုဟမ္မဒ်ဗင်န်းအိစ်ဟားက် (ရဟ) ၏ ဆင့်ပြန်ချက်၌ ဤသို့ လာရှိထားပေသည်။ ၎င်းဘုရင် ဤသို့ အောင်မြင်စွာ ကျူးကျော်နယ်ချဲ့ တိုက်ခိုက်သိမ်းပိုက်နေသည့် အချိန်ကာလ၌မှာပင် တစ်ကြိမ်တစ်ခါက မဒီနာမြို့တော်သို့ ဖြတ်သန်းရောက်ရှိခဲ့ရာ ၎င်းမြို့အား ချီတက်တိုက်ခိုက် သိမ်းပိုက်ရန် ကြံရွယ်ခဲ့ပေသည်။ မဒီနာမြို့သားတို့သည် 'နေ့အချိန်၌ စစ်ဆင်နွှဲကာ ညဥ့်အချိန်တွင် ၎င်းဘုရင်အား တည့်ခင်းဧည့်ခံကျွေးမွေးခြင်း' နည်းလမ်းကို ရွေးချယ်အသုံးပြု ရင်ဆိုင်ခဲ့ကြပေသည်။ ထိုဆက်ဆံပြုမူ ဆောင်ရွက်မှုကြောင့် ၎င်းဘုရင်သည် အရှက်တရားရရှိကာ မဒီနာမြို့သားတို့ဖြင့် စစ်ဆင်နွှဲ တိုက်ခိုက်သိမ်းပိုက်ရန် ဆန္ဒကို ဖျက်သိမ်းလိုက်ပေသည်။ ထိုကြားကာလ၌ မဒီနာမြို့၌ နေထိုင်သော ယဟူဒီအာလင်မ်နှစ်ပါးသည် ထိုဘုရင်အား ဤအရပ်ဒေသသည် နောက်ဆုံးနဗီ တမန်တော်မြတ် ﷺ 'ဟီဂျ်ရသ်'ပြု ပြောင်းရွှေ့လာမည့် အရပ်ဒေသ ဖြစ်သောကြောင့် ဤမြို့ကို သိမ်းပိုက်နိုင်စွမ်းရှိမည်မဟုတ်ကြောင်း သတိပေးထားပြီး ဖြစ်ပေသည်။ သို့ရှိရာ ထိုဘုရင်သည် ၎င်းယဟူဒီအာလင်မ်နှစ်ပါးကို အတူတကွ ယမန်နိုင်ငံသို့ ခေါ်ဆောင်သွားခဲ့ပေသည်။ ထိုယဟူဒီတို့၏ သင်ပြ၊ ပို့ချ၊ သာသနာပြုခြင်းတို့၏ အကျိုးတရား စူးရှသက်ရောက်ကာ 'ထိုအချိန်၌ မှန်ကန်သော သာသနာအဖြစ် တည်ရှိသော' ဟဇရတ်မူစာ (عليه السلام) ၏ ဒီးန်သာသနာကို လက်ခံလိုက်ပေသည်။ တစ်ဖန် ထိုဘုရင်၏ မျိုးနွယ်အုပ်စုတို့သည်လည်း ထိုဘုရင်၏ သာသနာကူးပြောင်းခြင်း အချက်အပေါ် စူးရှသက်ရောက်ကာ အစ္စလာမ်သာသနာကို လက်ခံလိုက်ကြပေသည်။ သို့ရာတွင် ထိုဘုရင်

ကွယ်လွန်သေဆုံးပြီးနောက် ဤမျိုးနွယ်အုပ်စုသည် လမ်းလွဲလမ်းမှားခြင်းအတွင်းသို့ ပြန်လည်ရောက်ရှိသွားကြကာ ရုပ်တု၊ ဆင်းတုများနှင့် 'မီး'တို့အား ခဝပ်ကိုးကွယ်သမှု တစ်ဖန် စတင် ပြုခဲ့ကြပေသည်။ အကြင်ကဲ့သို့ ဆည်းကပ်ပူဇော် ခဝပ်ကိုးကွယ်ခဲ့ခြင်း၏ အကျိုးဆက်၌ ၄င်းတို့၏အပေါ် အလ္လာဟ်အသျှင်မြတ်၏ အမျက်ဒေါသသည် ကျရောက်ခဲ့ပေသည်။ ထိုအချက်၏ အကျယ်တဝင့် အကြောင်းကို 'စူရာဟ်စဗဒ်' ၌ တင်ပြခဲ့ပြီး ဖြစ်ပေသည်။ *[သဖ်စီးရ်ဧဗ်နေကစီးရ်၊ အတွဲ-၄၊ စာ-၁၄၄။]*

ထိုအထက်ပါဖြစ်အင်မှ 'ဤအာယသ်တော်အတွင်း၌ တင်ပြထားသော သွဗ္ဗအ်ဘုရင်သည် အစ္စလာမ်သာသနာကို လက်ခံခဲ့ကြောင်း' ကို ထင်ရှားစွာ သိရှိရပေသည်။ သို့ရာတွင် ၄င်း၏ မျိုးနွယ်အုပ်စုသည် နောက်ပိုင်း၌ လမ်းလွဲ၊ လမ်းမှားခြင်းအတွင်းသို့ ရောက်ရှိသွားခဲ့သည်။ ဤအတွက်ကြောင့်သာလျှင် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ နှစ်နေရာစလုံးတွင် သွဗ္ဗအ်မျိုးနွယ်အုပ်စု၏ အကြောင်းကိုသာ တင်ပြထားပေသည်။ သွဗ္ဗအ်ဘုရင်အကြောင်းကို မတင်ပြထားပေ။ ထိုအချက်အပေါ် ဟဇရသ်စဟလ်ဗင်နိစအဒ် ﷺ သခင်နှင့် အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးတို့၏ ဆင့်ပြန်ချက်များဖြင့်လည်း ထောက်ခံမှု ရှိနေပေသည်။ အကြင်ဆင့်ပြန်ချက်များကို အိဗ်နေအဘီဟာသင်မ် (ရဟ)၊ အေမာမ်အဟ်မဒ် (ရဟ) နှင့် သွဗ်ရာနီ (ရဟ) အစရှိသော သခင်ကြီးများသည် ဆင့်ပြန်ထားပေသည်။ ထိုဆင့်ပြန်ချက်များအတွင်းတွင် တမန်တော်မြတ် ﷺ သည်

لَا تسبّوا تبّعا فانه قد كان اَسلَم

'အသင်တို့သည် သွဗ္ဗအ်ကို မကောင်းမပြောဆိုလေနှင့်။ အကြောင်းမှာ ၄င်းသည် အစ္စလာမ်သာသနာတော်ကို လက်ခံထားပြီး ဖြစ်ပေသည်' ဟူ၍ မိန့်တော်မူထားပေသည်။

[သဖ်စီးရ်ဧဗ်နေကစီးရ်၊ တွဲ-၄၊ စာ-၁၄၄။]

مَاخَلَقْنٰهُمَا اِلَّا بِالْحَقِّ وَلٰكِنَّ اَكْثَرَ النَّاسِ لَا يَعْلَمُوْنَ

အမှန်စင်စစ် ငါအသျှင်မြတ်သည် ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေနှစ်ခုစလုံးကို နက်နဲသိမ်မွေ့ တိကျမှန်ကန်သော အကြောင်းနှင့်တကွ ဖန်ဆင်းတော်မူခဲ့၏။ သို့ရာတွင် ၄င်းတို့အနက် မြောက်မြားစွာသော သူတို့သည် သိရှိကြသည်မဟုတ်ပေ။ *[၄၄ : ၃၉]*

အလိုသဘောမှာ ဤသို့ပင် ဖြစ်သည်။ အကယ်၍ စဉ်းစားဆင်ခြင် ဝေဖန်သုံးသပ်နိုင်သော ဦးနှောက်အသိဉာဏ်ရှိမှု၊ မိုးကောင်းကင်၊ မြေပထဝီနှင့် ယင်းနှစ်ခုကြားရှိ အဖန်ဆင်းခံ အရာများအားလုံးသည် များစွာသော မှန်ကန်အခြေခံဓစ်မြစ်ကျသော အချက်များအပေါ် ညွှန်ပြလျက်ရှိနေပေသည်။ ဥပမာ- ပထမအချက်မှာ အလ္လာဟ်အသျှင်မြတ်၏ 'ကွဒ်ရသ်' (စွမ်းဆောင်နိုင်တော်မူခြင်း ဂုဏ်တော်) နှင့် ဒုတိယအချက်မှာ နောင်တမလွန် 'အာခိရသ်'၏ သက်တမ်းသည် အမှန်တကယ် ဖြစ်ပေါ်လာနိုင်ခြင်းဟူသော အချက်တို့ ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အကြင် 'ဇာသ်'တော်သည် ထိုကြီးမားလှစွာသော ထုထည်ကိုယ်ခန္ဓာရှိသည့် အဖန်ဆင်းခံများကို မတည်ရှိခြင်းဘဝမှ ရှိခြင်းဘဝသို့ ယူဆောင် ဖန်ဆင်းနိုင်တော်မူ

ပေရာ မုချ 'ထိုအရာများကို ပျက်စီးကွယ်ပျောက်ပြီးနောက် ဒုတိယအကြိမ်အနေဖြင့် ပြန်လည်ဖန်ဆင်းနိုင်စွမ်း' လည်း ရှိပေမည်။ တတိယအချက်မှာ ကောင်းကျိုးပြစ်ဒဏ် စံစား၊ ခံစားရမည့်အချက် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ နောင်တမလွန် 'အာခိရတ်'၏ ကောင်းကျိုးပြစ်ဒဏ် စံစား၊ ခံစားရခြင်း၏ ကဏ္ဍာရပ်အချက် မရှိမူ ဤလောက၏ စီမံကိန်းယန္တရားကြီးကို တည်ထောင်ထားမှုသည် အကျိုးမဲ့ အလဟဿဖြစ်သွားပေလိမ့်မည်။ ထိုလောကအား ဖန်ဆင်းတော်မူခဲ့ခြင်း၏ အမြော်အမြင်တော်မှာ 'ဤကမ္ဘာလောကကြီးအား စမ်းစစ်ရာဌာနအဖြစ် ပြုလုပ်တော်မူ၍ ထို့နောက် နောင်တမလွန် 'အာခိရတ်' အား ကြောင်းကျိုး၊ ကောင်းဆို၏ အစားပေးတော်မူရာ ဌာနအဖြစ်အတွက်သာ ဖြစ်ပေသည်။ သို့တည်းမဟုတ်ပါက ကောင်းသူနှင့် ဆိုးသူ လူတန်းစားနှစ်ရပ်စလုံးသည် မုချ အတူတူ တစ်သားတည်း ဖြစ်သွားပေလိမ့်မည်။ ယင်းအချက်သည် အလ္လာဟ်အသျှင်မြတ်၏ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အမြော်အမြင်တော်၏ ဂုဏ်ရိုန်၊ ဂုဏ်ဝါနှင့် ဝေးကွာလှစွာသောအချက် ဖြစ်ပေသည်။ စတုတ္ထအချက်မှာ ဤစကြဝဠာကြီးများ-၁ည် စဉ်းစားဆင်ခြင် တွေးတောတတ်သောသူတို့အဖို့ အလ္လာဟ်အသျှင်မြတ်၏ အမိန့်ကို နာခံကြရန် တိုက်တွန်းနှိုးဆော်ပေသည့် အရာများလည်း ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဤခပ်သိမ်းကုန်သော အဖန်ဆင်းခံ အပေါင်းတို့သည် ထိုအသျှင်မြတ်၏ ဘက်တော်မှ ချီးမြှင့် ပေးသနားထားတော်မူသော ကြီးမားလှစွာသည့် ဆုလာဘ်ကြီးပင် ဖြစ်ပေသည်။ ကျေးကျွန်ဗန္ဒာဟ်အပေါ် ချီးမြှင့်ပေးသနားထားသော ထိုစည်းစိမ်တော်များအပေါ် ကျေးဇူးသိတတ်၍ မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အမိန့်ကို နာခံမှုပြု၍ တာဝန်ကျေရန် တာဝန်ရှိပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

إِنَّ شَجَرَتَ الزَّقُّومِ ﴿٤٣﴾

၄၄ : ၄၃ ॥ ॥ ဧကန်မလွဲ 'ဇက္ကူမ်' ရှားစောင်းကြီးပင်သည်။

طَعَامُ الْأَثِيمِ ﴿٤٤﴾

၄၄ : ၄၄ ॥ ॥ လွန်စွာ ပြစ်မှုကျူးလွန်သူ၏ အစားအစာ ဖြစ်၏။

كَالْمُهْلِ ۚ يَغْلِي فِي الْبُطُونِ ﴿٤٥﴾

၄၄ : ၄၅ ॥ ॥ ဆီ၏ အနည်ကဲ့သို့ (အပြင်) ကြေးနီ၊ ကြေးဝါ၊ ငွေ စသည့် အရည်ကျိုထားသော တွင်းထွက်သတ္တုကဲ့သို့ ဝမ်းဗိုက်များတွင် ကျိုက်ကျိုက်ဆူလျက် ရှိပေမည်။

كَغَلْيِ الْحَمِيمِ ﴿٤٦﴾

၄၄ : ၄၆ ။ ။ ရေနွေးပူ ပွက်ပွက်ဆူသကဲ့သို့ပင် (ဖြစ်မည်။)

خُذُوهُ فَاعْتِلُوهُ إِلَىٰ سَوَاءِ الْجَحِيمِ ﴿٤٧﴾

၄၄ : ၄၇ ။ ။ (ထိုအခါ ကောင်းကင်တမန်များအား ဤသို့ အမိန့်ထုတ်ပြန်ခြင်းကို ခံကြရမည်။) သို့ဖြစ်ပေရာ အသင်တို့သည် ၎င်းအား ဖမ်းဆီးပြီးလျှင် 'ဂျဟန္နမ်' ငရဲဘုံ၏ အလယ်သို့ တရွတ်တိုက် ဆွဲချကြလေကုန်။

ثُمَّ صُبُّوا فَوْقَ رَأْسِهِ مِنْ عَذَابِ الْحَمِيمِ ﴿٤٨﴾

၄၄ : ၄၈ ။ ။ ထို့နောက် အသင်တို့သည် ၎င်း၏ ဦးခေါင်းထက်ဝယ် ပွက်ပွက်ဆူနေသော ရေနွေးပူ၏ ပြစ်ဒဏ်ကို သွန်းလောင်းကြလေကုန်။

ذُقْ إِنَّكَ أَنْتَ الْعَزِيزُ الْكَرِيمُ ﴿٤٩﴾

၄၄ : ၄၉ ။ ။ (ထို့ပြင် ၎င်းသည် ဤသို့ ပြက်ရယ်ပြောဆိုခြင်းကို ခံရပေမည်။) အသင်သည် (ဤပြစ်ဒဏ်၏ အရသာကို) မြည်းစမ်းလော။ ဧကန်မလွဲ အသင်သည် အလွန်မြင့်မြတ်သူ၊ ဂုဏ်မြင့်သူ ဖြစ်ပေသည်။

إِنَّ هَٰذَا مَا كُنْتُمْ بِهِ تَمْتَرُونَ ﴿٥٠﴾

၄၄ : ၅၀ ။ ။ ဧကန်မလွဲ ဤသည်ပင် အသင်တို့ ယုံမှားသံသယဖြစ်လျက် ရှိခဲ့ကြသော အရာပင် ဖြစ်ချေသည်။

إِنَّ الْمُتَّقِينَ فِي مَقَامٍ أَمِينٍ ﴿٥١﴾

၄၄ : ၅၁ ။ ။ ဧကန်အမှန် အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်သော 'မွတ်သကီ' သူတော်စင်တို့သည် ငြိမ်းချမ်းသာယာသော နေရာဌာနတွင် စံမြန်း၍ ရှိနေကြပေမည်။

فِي جَنَّاتٍ وَعُيُونٍ ﴿٥٢﴾

၄၄ : ၅၂ ။ ။ ဥယျာဉ်များ၌လည်းကောင်း၊ စမ်းချောင်းများ၌လည်းကောင်း (စံမြန်းလျက် ရှိနေကြပေမည်။)

يَلْبَسُونَ مِنْ سُنْدُسٍ وَإِسْتَبْرَقٍ مُتَقَابِلِينَ ﴿٥٣﴾

၄၄ : ၅၃ ။ ။ ၎င်းတို့သည် ပိုးထည်အပါးစားကိုလည်းကောင်း၊ ပိုးထည်အထူစားကိုလည်းကောင်း ဝတ်ဆင်၍ မျက်နှာချင်းဆိုင် ထိုင်လျက် ရှိကြပေမည်။

كَذٰلِكَ وَزَوَّجۡنٰهُمۡ بِحُوۡرٍ عِيۡنٍ ﴿٥٤﴾

၄၄ : ၅၄ ။ ။ (၎င်းတို့၏ အခြေအနေသည်) ဤအတိုင်းပင် ဖြစ်၏။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား (အသားအရောင်) ဖြူ၍ လုပတင့်တယ်သော၊ မျက်စိပြူး၍ လှပသော မိန်းမများနှင့် ထိမ်းမြား၍ ပေးတော်မူပေမည်။

يَدۡعُوۡنَ فِيۡهَا بِكُلِّ فَاكِهَةٍ اٰمِنِيۡنَ ﴿٥٥﴾

၄၄ : ၅၅ ။ ။ ၎င်းတို့သည် ယင်းဥယျာဉ်များ၌ အလုံးစုံသော သစ်သီးဝလံတို့ကို (စိတ်ချလက်ချ) အေးချမ်းစွာ မှာယူကြပေမည်။

لَا يَذُوۡقُوۡنَ فِيۡهَا الۡمَوۡتَ اِلَّا الۡمَوۡتَةَ الۡاُوۡلٰى ۚ وَوَقٰهُمۡ عَذَابَ الۡجَحِيۡمِ ﴿٥٦﴾

၄၄ : ၅၆ ။ ။ ၎င်းတို့သည် ပထမအကြိမ် (လောကီဘဝတွင်) သေဆုံးခဲ့ကြသည်မှအပ ယင်းဥယျာဉ်များတွင် သေခြင်းတရား၏ အရသာကို မြည်းစမ်းကြရမည်မဟုတ်ပေ။ ထို့ပြင် ၎င်းတို့အား ထိုအသျှင်မြတ်သည် 'ဂျဟန္နမ်' ငရဲဘုံ၏ ပြစ်ဒဏ်မှ (လည်း) လွတ်ကင်းစေတော်မူပေမည်။

فَضۡلًا مِّنۡ رَّبِّكَ ؕ ذٰلِكَ هُوَ الۡفَوۡزُ الۡعَظِيۡمُ ﴿٥٧﴾

၄၄ : ၅၇ ။ ။ (ဤသည်တို့မှာ အို၊ နဗီတမန်တော်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကျေးဇူးတော်ကြောင့် ဖြစ်ပေမည်။ ဤသည်ပင်လျှင် ကြီးကျယ်လှစွာသော အောင်မြင်မှုပင် ဖြစ်သည်။

فَاِنَّمَا يَسَّرۡنٰهُ بِلِسَانِكَ لَعَلَّهُمۡ يَتَذَكَّرُوۡنَ ﴿٥٨﴾

၄၄ : ၅၈ ။ ။ (အို၊ နဗီတမန်တော်) ၎င်းပြင် ဧကန်မလွဲ ငါအသျှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်ကို ၎င်းတို့တရားရယူကြရန်အလို့ငှာ အသင်၏ ဘာသာစကားဖြင့်ပင် လွယ်ကူစေတော်မူခဲ့၏။

فَارۡتَقِبۡ اِنَّهُمۡ مُّرۡتَقِبُوۡنَ ﴿٥٩﴾

၄၄ : ၅၉ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည်လည်း စောင့်စား၍ နေပါလေ။ ၎င်းတို့သည်လည်း စောင့်စား၍ နေကြသူများပင် ဖြစ်ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဧကန်မလွဲ 'ဇက္ကူးမ်' ရှာစောင်းပင်ကြီးသည် (အကြောင်းအပင်နှင့် စပ်လျဉ်း၍ စီစစ်သုတေသနပြုချက်ကို 'စူရာဟ်စွားဖ်ဖားသ်'၏ ဒုတိယရုကူအ်၌ တင်ပြထားပြီး ဖြစ်ပေသည်။)

လွန်စွာ အပြစ်ကျူးလွန်သူ (ကာဖိရ်) ၏ အစားအစာဖြစ်၏။ (အကြောင်အစားအစာ၏ အသွင်သည် မနှစ်မြို့ဖွယ်ဖြစ်၍ ဆီ၏ အနည်ကဲ့သို့ရှိမည့် (အပြင်) ကြေးနီ၊ ကြေးဝါ၊ ငွေ စသည့် အရည်ကျိုထားသော

တွင်းထွက်သတ္တုကဲ့သို့ ဝမ်းဗိုက်တွင် ကျိုက်ကျိုက်ဆူလျက် ရှိပေမည်။ ရေနွေးပွက်ပွက် ဆူသကဲ့သို့ပင် ဖြစ်မည်။(ထိုအခါ ကောင်းကင်တမန်များအား ဤသို့ အမိန့်ထုတ်ပြန်ခြင်းကို ခံကြရမည်။) သို့ဖြစ်ပေရာ အသင်တို့သည် ၄င်းအား ဖမ်းဆီးပြီးလျှင် 'ဂျဟန္နမ်' ငရဲဘုံ၏ အလယ်သို့ တရွတ်တိုက် ဆွဲချကြလေကုန်။

ထို့နောက် အသင်တို့သည် ၄င်း၏ ဦးခေါင်းထက်ဝယ် ပွက်ပွက်ဆူနေသော ရေနွေးပူ၏ ပြစ်ဒဏ်ကို တွန်းလောင်းကြလေကုန်။ (ထို့ပြင် ၄င်းသည် ဤသို့ ပြက်ရယ်ပြောဆိုခြင်းကို ခံရပေမည်။) အသင်သည် (ဤပြစ်ဒဏ်၏ အရသာကို) မြည်းစမ်းလော့။ စင်စစ်မလွဲ အသင်သည် အလွန်မြင့်မြတ်သူ၊ ဂုဏ်မြင့်သူ ဖြစ်ပေသည်။ (ဤသည် အသင့်အား ဂုဏ်ပေးနေခြင်းပင် ဖြစ်သည်။ အသင်သည် ကမ္ဘာလောက၌ မိမိကိုယ်ကို မိမိ မွန်မြတ်၊ ဂုဏ်အင်ထူးကဲသူဟူ၍ မှတ်ယူကာ ငါအသျှင်မြတ်၏ ပညတ်ချက်တော်များအား ကျင့်ကြံပြုမူဆောင်ရွက်ခြင်းမှ ရှက်ရွံ့နေပေသည်။ ထို့နောက် 'ဂျဟန္နမ်'ကျ အကျဉ်းသားများသည် ပြောဆိုခြင်းခံရမည်မှာ) စင်စစ်မလွဲ ဤသည်ပင် အသင်တို့ ယုံမှားသံသယဖြစ်လျက် (ငြင်းဆိုမှုပြု၍) ရှိခဲ့ကြသော အရာပင် ဖြစ်ချေသည်။ (ဤသည်မူ ကာဖိရ် ငရဲအကျဉ်းသားတို့၏ အခြေအနေပင် ဖြစ်ပေသည်။ ရှေ့၌ အီမာန်ရှင်များ၏ အကြောင်းကို တင်ပြထားသည်မှာ) စင်စစ်အမှန် အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်သော သူတော်ကောင်းတို့သည် ငြိမ်းချမ်းသာယာသော (အေးချမ်းသော) နေရာဌာန၌ စံမြန်း၍ နေကြပေမည်။ ဥယျာဉ်များ၌လည်းကောင်း၊ စမ်းချောင်းများ၌လည်းကောင်း (စံမြန်းလျက် ရှိနေကြပေမည်။)

၄င်းတို့သည် ပိုးထည်အပါးစားကိုလည်းကောင်း၊ ပိုးထည်အထူစားကိုလည်းကောင်း ဝတ်ဆင်၍ မျက်နှာချင်းဆိုင် ထိုင်လျက် ရှိကြပေမည်။ (၄င်းတို့၏ အခြေအနေသည်) ဤအတိုင်းပင် ဖြစ်၏။ ထို့ပြင် ငါအသျှင်မြတ်သည် ၄င်းတို့အား (အသားအရောင်) ဖြူ၍ လှပတင့်တယ် မျက်စိပြူးကာ ချောမောလှပသော မိန်းမများနှင့် ထိမ်းမြားပေးတော်မည်။

၄င်းတို့သည် ထိုဥယျာဉ်များတွင် အလုံးစုံသော သစ်သီးဝလံတို့ကို (စိတ်ချလက်ချ) စိတ်အေးချမ်းစွာ မှာယူကြပေမည်။ ၄င်းတို့သည် ပထမအကြိမ် (လောကီဘဝတွင်) သေဆုံးခဲ့ကြသည်မှအပ ယင်းဥယျာဉ်များတွင် သေခြင်းတရား၏ အရသာကို မြည်းစမ်းကြရမည်မဟုတ်ပေ။ (သေဆုံးလိမ့်မည် မဟုတ်တော့ပေ။) ထို့ပြင် ၄င်းတို့အား ထိုအသျှင်မြတ်သည် 'ဂျဟန္နမ်'ငရဲဘုံ၏ ပြစ်ဒဏ်မှ (လည်း) ကင်းလွတ်စေတော်မူမည်။

(ဤသည်တို့မှာ အို, နဗီတမန်တော်) အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ကျေးဇူးတော်ကြောင့် ဖြစ်ပေမည်။ ဤသည်ပင်လျှင် ကြီးကျယ်လှစွာသော အောင်မြင်မှုပင် ဖြစ်သည်။

(အို, နဗီတမန်တော်၊ အသင့်တာဝန်မှာ ၄င်းတို့အား ပြောဆိုမိန့်ကြား တင်ပြလျက် ရှိနေပါလေ။ အို, နဗီတမန်တော်၊ ထိုရည်ရွယ်ချက်ဖြင့်သာ) ၄င်းအပြင် ငါအသျှင်မြတ်သည် စင်စစ်မလွဲ(၄င်းတို့သည် သိနားလည်၍) တရားရကြစေရန်အလို့ငှာ ဤ (ကုရ်အာန်) ကျမ်းတော်မြတ်ကို အသင့်၏ (အာရဗီ) ဘာသာစကားဖြင့်ပင် လွယ်ကူစေတော်မူခဲ့၏။

သို့ဖြစ်ပေရာ (အို, နဗီတမန်တော်၊ အကယ်၍ ဤသူတို့သည် မနာခံကြလျှင်မူ) အသင်သည်လည်း (၄င်းတို့အပေါ် ပြစ်ဒဏ်များ ကျရောက်လာမည်ကို) စောင့်စားနေပါလေ။ ၄င်းတို့သည်လည်း (အသင့်

အပေါ် ပြစ်ဒဏ်ကျရောက်လာမည်ကို) စောင့်စား၍ နေကြသူများပင် ဖြစ်ကြကုန်သည်။ (သို့ရှိရာ အသင်သည် သာသနာဖြန့်ချိပို့ချရေး အရေးကိစ္စနှင့် စပ်လျဉ်း၍ သောကများစွာ မပွားများလေနှင့်။ ဖီလာဆန့်ကျင်သူတို့ကြောင့်လည်း ဝမ်းနည်း စိတ်ဒုက္ခမခံလေနှင့်။ ၎င်းတို့၏ အမှုကိစ္စများကို အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးဝယ် အပ်နှင်း၍ သည်းခံမှုတရားကို ထားရှိတော်မူပါ။ ၎င်းတို့သည် ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်နားလည်သွားပေလိမ့်မည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအာယသ်တော်များအတွင်း၌ နောင်တမလွန် 'အာခေရသ်'၏ အချို့သော အခြေအနေများကို တင်ပြထားပေသည်။ ဓလေ့တော်အတိုင်း ဤနေရာ၌လည်း ကုရ်အာန်ကျမ်းတော်မြတ်သည် 'ဂျန္နသ်' နှင့် 'ဂျဟန္နမ်' နှစ်ခုစလုံး၏ အခြေအနေကို တစ်ခုပြီးနောက် တစ်ခု တစ်ဆက်တည်း တင်ပြထားပေသည်။

اِنَّ شَجَرَتَ الزَّقُّوْمِ

(ဧကန်မလွဲ 'ဇက္ကူးမ်' ရှားစောင်းကြီးပင်သည်) ဟူသော အာယသ်တော်တွင် 'ဇက္ကူးမ်' အပင်၏ ဇစ်မြစ်မှန်ပြ ဖွင့်ဆိုချက်နှင့် စပ်လျဉ်း၍ အချို့အရေးကြီးသော အချက်များကို 'စူရာဟ်စွားဖ်ဖားသ်'၏ အကျယ် ချဲ့ဖွင့်ဆိုချက်၌ ရေးသားတင်ပြခဲ့ပြီး ဖြစ်ပေသည်။ ထိုနေရာ၌ လေ့လာကြည့်ရှုပါ။ ဤနေရာ၌ တင်ပြလိုသော အချက်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များမှ 'ကာဖိရ်များအား 'ဇက္ကူးမ်' ပင်ကို 'ဂျဟန္နမ်'သို့ မသွင်းမီအလျင် ကျွေးတော်မူခြင်းဖြစ်မည်ဟူသော အကြောင်းကိုပင် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဤနေရာ၌ 'ဇက္ကူးမ်'ပင်ကို ကျွေးပြီးနောက် '၎င်းတို့အား 'ဂျဟန္နမ်'၏ အလယ်သို့ တရွတ်တိုက် ဆွဲချကြလေကုန်' ဟူသော အမိန့်ကို တင်ပြထား၍ ဖြစ်သည်။ ထို့ပြင် 'စူရာဟ်ဝါကေအာ'၏ အာယသ်တော်ဖြစ်သော

هٰذَا نُزُ لُهُمْ يَوْمَ الدِّيْنِ

ဤသည် ၎င်းတို့အား အစားပေးသောနေ့တွင် ဧည့်ခံကျွေးမွေးခြင်းပင်ဖြစ်ပေလိမ့်မည်။ *[၅၆ း ၅၆]*

မှလည်း အချို့သော အာလင်မ်ပညာရှင်များသည် ဤအထက်ဖော်ပြပါ အချက်ကိုသာလျှင် သဘောပေါက် မှတ်ယူခဲ့ကြ၍ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် **نزل** ဟူသော စကားလုံးသည် ၎င်းတို့ထံ၌ အစစ်အမှန် ကျွေးမွေးမှု၏အလျင် ကြိုတင် ဧည့်ခံကျွေးမွေးသော ကျွေးမွေးမှုကို ခေါ်ဆို၍ ဖြစ်သည်။ နောက်ပိုင်း၌ ကျွေးမွေးသော ကျွေးမွေးမှုကို **ضيافة** 'ဇေယာဖားသ်' (သို့မဟုတ်) **مأدبة** 'မအ်ဒူဗား' ဟူ၍ ခေါ်ဆိုကြသည်။ သို့တစေ ကုရ်အာန်ကျမ်းတော်မြတ်၏ စကားလုံးတော်များမှ 'ဂျဟန္နမ်'ငရဲဘုံအတွင်းသို့ သွတ်သွင်းပြီးနောက် ၎င်းတို့အား 'ဇက္ကူးမ်'ပင်ကို ကျွေးမွေးခြင်းဖြစ်မည်' ဟူ၍လည်း ဆိုနိုင်ဖွယ်ရှိပေသည်။ ထိုပုံစံ၌မူ **نزل** ဟူသော ပုဒ်ကို အစစ်အမှန် ကျွေးမွေးခြင်း၏ အနက်ကို ရယူကာ ခြုံငုံလှစွာသော သဘောမျိုးဖြင့် သုံးနှုန်းထားခြင်းဖြစ်မည်။ တင်ပြလျက်ရှိနေသော အာယသ်တော်၏ အကျယ်ချဲ့

ဖွင့်ဆိုချက်အောက်၌ လာရှိနေသော အာယသ်တော်၌ 'ၚင်းတို့အား 'ဂျဟန္နမ်' ငရဲဘုံ၏ အလယ်သို့ တရွတ်တိုက် ဆွဲခေါ်သွားခြင်းအကြောင်း' ပါရှိရာ၊ ထိုသို့ ခေါ်ဆောင်သွားခြင်း၏ အလိုသဘောမှာ 'ၚင်းတို့သည် အစပထမကတည်းကပင် 'ဂျဟန္နမ်' ငရဲဘုံအတွင်း၌မှာပင် ရှိနေကာ 'ဇက္ကူးမ်' ပင်ကို ကျွေးပြီးနောက် ၚင်းတို့အား သာပို၍ သေးသိမ်စေရန်နှင့် ဒုက္ခပေးရန်အတွက် 'ဂျဟန္နမ်' ၏ အလယ်သို့ တရွတ်တိုက် ဆွဲခေါ်သွားခြင်းဖြစ်သည်' ဟူ၍ ဖြစ်သည်။ *[ဗယာနုလ်ကုရ်အာန်ကျမ်း]*

اِنَّ الْمُتَّقِيْنَ فِىْ مَقَامٍ اَمِيْنٍ

ကေန်အမှန် အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်သော သူတော်ကောင်းတို့သည် ငြိမ်းချမ်းသာယာသော နေရာဌာန၌ စံမြန်းနေကြပေသည်။ *[၄၄ : ၅၁]*

ဤအာယသ်တော်များဖြင့် 'ဂျန္နသ်' သုခဘုံ၏ ထာဝစဉ် တည်ရှိမည့် စည်းစိမ်တော်များဘက်တော်သို့ ရည်ညွှန်း မိန့်ဆိုထားပေသည်။ အနီးစပ်ဆုံးအားဖြင့် 'နေ့အ်မသ်' စည်းစိမ်တော်များ၏ အမျိုးအစား အလုံးစုံကို စုစည်းကာ တင်ပြထားပေသည်။ အဘယ်ကြောင့်ဆိုသော် လူသားများ လိုအပ်လျက်ရှိသော အရာများမှာ များသောအားဖြင့် ဤအောက်ဖော်ပြပါ 'နေ့အ်မသ်' စည်းစိမ်တော်များပင် ဖြစ်ပေသည်။

(၁) ကောင်းမွန်စွာ နေထိုင်ရသည့် အိမ်၊ နေရာ၊ ဌာန

(၂) ကောင်းမွန်သော အဝတ်အစား

(၃) ကောင်းမွန်သော ဘဝလက်တွဲဖော်

(၄) ကောင်းမွန်သော အစားအစာများ

(၅) ထို 'နေ့အ်မသ်' စည်းစိမ်တော်များအားလုံး မပျောက်မပျက် အစဉ် တည်ရှိနေစေမည်ဟူသော အာမခံချက်နှင့် ပူဆွေးသောက ဗျာပါဒအားလုံးတို့မှ လုံးဝ တည်ငြိမ်အေးချမ်းစွာဖြင့် နေထိုင်ခွင့် ရပေမည်ဟူသော အချက်အပေါ် အပြည့်အဝ ယုံကြည်စိတ်ချရခြင်း၊ ဤနေရာ၌ ထိုအထက် တင်ပြပါအချက် (၆) ရပ်လုံးကို 'ဂျန္နသ်' သူ၊ 'ဂျန္နသ်' သားတို့အဖို့ အတည်ပြုပေးထားပေသည်။ တင်ပြထားသော အာယသ်တော် (၆) အာယသ်အား လေးနက်စွာ စဉ်းစားတွေးခေါ်ခြင်းဖြင့် ရှင်းလင်းစွာ ပေါ်ထွက်လာပေလိမ့်မည်။ ဤနေရာ၌ ဂျန္နသ်သူ၊ ဂျန္နသ်သားတို့ နေထိုင်ရာ နေရာဌာနကို اَمِيْن (ငြိမ်းချမ်းသာယာသော နေရာဌာန) ဟူ၍ မိန့်ဆိုကာ 'လူသားတို့နေထိုင်ရာ နေရာဌာန၏ ချီးမွမ်းထိုက်ဖွယ် အကောင်းဆုံးသော အချက်မှာ လုံးဝ ငြိမ်းချမ်းသာယာခြင်း၊ (ဝါ) စိုးရိမ်ကြောင့်ကြမှုတို့မှ ကင်းလွတ်လျက်ရှိနေသော နေရာပင် ဖြစ်ကြောင်း' ရည်ညွှန်းဖော်ထုတ်ထားပေသည်။

سُنْدُسٍ وَّ اِسْتَبْرَقٍ

(ပိုးထည်အပါးစားကိုလည်းကောင်း၊ ပိုးထည်အထူစားကိုလည်းကောင်း။) *[၄၄ : ၅၃]*

ဤနှစ်မျိုးစလုံးသည် ပိုးထည်အမျိုးအစားနှစ်ရပ်၏ အမည်များသာ ဖြစ်ပေသည်။ سُنْدُس ဆိုသည်မှာ ပိုးထည်အပါးစားဖြစ်၍၊ استبرق ဆိုသည်မှာ ပိုးထည်အထူးစား ဖြစ်သည်။

زَوَّجۡنٰهُم بِحُوۡرٍ عِيۡنٍ

(ငါအသျှင်မြတ်သည် ၎င်းတို့အား အသားအရောင်ဖြူ၍ လှပတင့်တယ်သော၊ မျက်စိပြူး၍ လှပသော မိန်းမများနှင့် ထိမ်းမြား၍ ပေးတော်မူပေမည်။) *[၄၄ : ၅၄]*

تَزۡوِيۡجٌ 'သဇ်ဝီးဂျ်'၏ အဓိပ္ပာယ်သည် မူရင်း၌ တစ်ဦးတစ်ယောက်ကို အခြားတစ်ဦးတစ်ယောက်ဖြင့် တွဲဖော် တွဲဖက် သတ်မှတ်ပေးလိုက်ခြင်း' ဟူ၍ အဓိပ္ပာယ်ရ၏။ နောက်ပိုင်း၌ ဤစကားလုံးကို 'နေကာဟ်' (ထိမ်းမြားပေးလိုက်ခြင်း) ၏ အဓိပ္ပာယ်၌ များစွာ အသုံးပြုလာကြပေသည်။ ဤနေရာ၌ အထက်ပါအဓိပ္ပာယ် နှစ်ရပ်စလုံး ဖြစ်နိုင်ပေသည်။ ဒုတိယအဓိပ္ပာယ်ကို ထောက်ရှု၍ အလိုသဘောမှာ ဤသို့ပင် ဖြစ်သည်။ 'ဂျန္နသီ'အမျိုးသားတို့အား မျက်စိပြူးကာ ချောမောလှပသော မိန်းမများနှင့် စနစ်တကျ ထိမ်းမြားပေးတော်မူပေလိမ့်မည်။ 'ဂျန္နသ်'၌ မည်သူတစ်ဦးတစ်ယောက်မျှ အမိန့်ပညတ်ချက်နှင့် စပ်လျဉ်း၍ တာဝန်ရှိ အဖန်ဆင်းခံ မဖြစ်နေလင့်ကစား သို့ရာတွင် ဤသို့ 'နေကာဟ်'ထိမ်းမြားမှု ပြုပေးခြင်းသည် ဂုဏ်ပေးလေးစားသော အသွင်သဏ္ဍာန်မျိုးဖြင့် ပြုပေးတော်မူခြင်း ဖြစ်ပေမည်။ သို့ဆိုလျှင် မည်သည့်ဓာဒက တစ်စုံတစ်ရာမျှ ကျန်ရှိတော့မည်မဟုတ်ပေ။ အကယ်၍ ပထမအဓိပ္ပာယ်ကို ယူမည်ဆိုပါက အလိုသဘောမှာ 'ဟူရ်' ကညာပျိုများကို 'ဂျန္နသီ' အမျိုးသားတို့၏ ဖိုဖစုံတွဲအဖြစ် အတည်ပြုသတ်မှတ်ပေးခြင်းကို ခံရပေလိမ့်မည်။ 'ဂျန္နသီ'အမျိုးသမီးများကိုမူ လက်ဆောင်အသွင်သဏ္ဍာန်မျိုးဖြင့် ချီးမြှင့်ပေးသနားတော်မူခြင်း ကို ခံရပေလိမ့်မည်။ ထို့ကြောင့် ကမ္ဘာလောကကဲ့သို့ 'နေကာဟ်'ပြုပေးရန်သည် လိုအပ်မည်မဟုတ်ပေ။

لَا يَذُوۡقُوۡنَ فِيۡهَا الۡمَوۡتَ اِلَّا الۡمَوۡتَةَ الۡاُوۡلٰى

၎င်းတို့သည် ပထမအကြိမ် လောကီဘဝတွင် သေဆုံးခဲ့ကြသည်မှအပ ယင်းဥယျာဉ်များတွင် သေခြင်းတရား၏ အရသာကို မြည်းစမ်းကြရမည်မဟုတ်ပေ။ *[၄၄ : ၅၆]*

အလိုသဘောမှာ ဤသို့တည်း။ သေခြင်းတရားသည် တစ်ကြိမ်တစ်ခါ လာရောက်ခဲ့ပြီး ဖြစ်ပေရာ ပြီးဆုံးသွားပေပြီ။ ထို့နောက် ၎င်းထံသို့ မည်သည့်သေခြင်း တရားမျှ ဆိုက်ရောက်လာလိမ့်မည်မဟုတ်။ ဤအချက်သည် ငရဲသားများအဖို့ ရရှိနေလင့်ကစား သို့ရာတွင် '၎င်းတို့အဖို့ နောက်ထပ် သာပို၍ ဘေးဒုက္ခခံစားရန် အကြောင်းခံအဖြစ်နှင့် 'ဂျန္နသ်'သားများအဖို့ သာယာပျော်ရွှင် ချမ်းမြေ့စေခြင်းကို ဆထက်သာပို၍ ရရှိရန် အကြောင်းခံဖြစ်ကြောင်း'မှာ ထင်ရှားလှပေသည်။ အဘယ်ကြောင့်ဆိုသော် 'နေ့အ်မသ်' စည်းစိမ်တော်သည် မည်မျှခန့်ပင် ကြီးမားနေလင့်ကစား ထို 'နေ့အ်မသ်' စည်းစိမ်တော် ပပျောက်သွားမည်ကို တွေးတောမိလိုက်ခြင်းသည်ပင်လျှင် မုချ စိတ်နှလုံး ရှုပ်ထွေးသွားစေသော အကြောင်းခံဖြစ်မည်မှာ ထင်ရှားလှပေသည်။ 'ဂျန္နသ်'သုခဘုံသားများသည် 'ဤ 'နေ့အ်မသ်'စည်းစိမ်တော်များသည် မည်သည့်အခါမျှ ကျွန်ုပ်တို့ထံပါးမှ ရုပ်သိမ်းခြင်းခံရမည် မဟုတ်ကြောင်း' ကို တွေးတောလိုက်သည်နှင့် ၎င်းတို့၏ ပျော်ရွှင်မှုသည် သာပို၍ တိုးသွားမည်သာ ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်ဂျာဇိယဟ်

ပုဆစ်ဒူးထောက်လျက် နေခြင်းကဏ္ဍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِیۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

حٰمٓ ①

၄၅ ： ၁ ။ ။ ဟာ၊ မီမ်····။

تَنۡزِیۡلُ الۡکِتٰبِ مِنَ اللّٰهِ الۡعَزِیۡزِ الۡحَکِیۡمِ ②

၄၅ ： ၂ ။ ။ (ဤကျမ်းဂန်သည်) အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော၊ နက်နဲသိမ်မွေ့သော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အသျှင်မြတ်၏ထံတော်မှ ချပေးတော်မူသော ကျမ်းဂန်ပင် ဖြစ်၏။

اِنَّ فِی السَّمٰوٰتِ وَالۡاَرۡضِ لَاٰیٰتٍ لِّلۡمُؤۡمِنِیۡنَ ③

၄၅ ： ၃ ။ ။ ဧကန်စင်စစ် မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း၊ မုအ်မင်န် သက်ဝင်ယုံကြည်ကြကုန်သော သူတို့အဖို့ အမှန်ပင် မြောက်မြားစွာသော သက်သေလက္ခဏာ အထောက်အထားများ ရှိကုန်၏။

وَفِیۡ خَلۡقِکُمۡ وَمَا یَبُثُّ مِنۡ دَآبَّۃٍ اٰیٰتٌ لِّقَوۡمٍ یُّوۡقِنُوۡنَ ④

၄၅ ： ၄ ။ ။ ထို့ပြင် အသင်တို့အား ဖန်ဆင်းခြင်း၌လည်းကောင်း၊ ထိုအသျှင်မြတ် (ပထဝီမြေဝယ်) ပျံ့နှံ့စေတော်မူသော တိရစ္ဆာန်တို့ကို ဖန်ဆင်းခြင်း၌လည်းကောင်း ယုံကြည်ကြကုန်သော သူတို့အဖို့ သက်သေလက္ခဏာ အထောက်အထားများသည် ရှိကုန်၏။

وَاخْتِلَافِ الَّيْلِ وَالنَّهَارِ وَمَآ اَنْزَلَ
اللّٰهُ مِنَ السَّمَآءِ مِنْ رِّزْقٍ فَاَحْيَا بِهِ الْاَرْضَ بَعْدَ مَوْتِهَا وَ
تَصْرِيْفِ الرِّيٰحِ اٰيٰتٌ لِّقَوْمٍ يَّعْقِلُوْنَ ۝٥

၄၅ : ၅ ။ ။ ထိုနည်းတူစွာ ညဉ့်နှင့် နေ့တို့ကို ပြောင်းလဲခြင်း၌လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်သည် ကောင်းကင်မှ (မိုးရေကို ရွာသွန်းစေတော်မူ၍) စားနပ်ရိက္ခာကို ချပေးတော်မူခြင်း၊ တစ်ဖန် ယင်း (မိုးရေ) ဖြင့် ပထဝီမြေကို သေ့ခြောက်သေလွန်ပြီးနောက် ရှင်ပြန် (စိမ်းလန်း) စေတော်မူခြင်း၌လည်းကောင်း၊ လေများကို (အရပ်လေးမျက်နှာသို့ အမျိုးမျိုး အဖုံဖုံ) ပြောင်းလဲတိုက်ခတ်စေခြင်း၌လည်းကောင်း၊ သိနားလည်ကြသော သူတို့အဖို့ (မြောက်မြားစွာသော) သက်သေလက္ခဏာများသည် ရှိကြကုန်သည်။

تِلْكَ اٰيٰتُ اللّٰهِ نَتْلُوْهَا عَلَيْكَ بِالْحَقِّ ۚ فَبِاَيِّ حَدِيْثٍ ۢ بَعْدَ اللّٰهِ وَاٰيٰتِهٖ يُؤْمِنُوْنَ ۝٦

၄၅ : ၆ ။ ။ ဤသည်တို့သည် အလ္လာဟ်အသျှင်မြတ်၏ သက်သေလက္ခဏာတော်များပင် (ဖြစ်၏။ အို, နဗီတမန်တော်) ငါအသျှင်မြတ်သည် ယင်းသက်သေလက္ခဏာ (အာယသ်) တော်များကို အသင်၏ ရှေ့ဝယ် တိကျမှန်ကန်စွာ ဖတ်ကြားပြတော်မူ၏။ သို့ဖြစ်ပေရာ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ် (မှတစ်ပါး ထိုအသျှင်မြတ်) ၏ သက်သေလက္ခဏာ (အာယသ်) တော်များကို စွန့်၍ မည်သည့်စကားကို ယုံကြည်ကြမည်နည်း။

وَيْلٌ لِّكُلِّ اَفَّاكٍ اَثِيْمٍ ۝٧

၄၅ : ၇ ။ ။ အကြင် လွန်စွာ မုသားပြောဆိုသူ၊ လွန်စွာ ပြစ်မှုကျူးလွန်သူတိုင်း၌ အကြီးအကျယ် ပျက်စီးခြင်းသည် ရှိပေမည်။

يَّسْمَعُ اٰيٰتِ اللّٰهِ تُتْلٰى عَلَيْهِ ثُمَّ يُصِرُّ مُسْتَكْبِرًا كَاَنْ لَّمْ يَسْمَعْهَا ۚ فَبَشِّرْهُ بِعَذَابٍ اَلِيْمٍ ۝٨

၄၅ : ၈ ။ ။ ထိုသူသည် မိမိ၏ရှေ့ဝယ် ဖတ်ကြားပြခြင်းခံရသော အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို နားထောင်လေ၏။ သို့ပါလျက် ၎င်းသည် ယင်းအာယသ်တော်များကို မကြားခဲ့ဘိသကဲ့သို့ပင် (မိမိ၏ ဝါဒလမ်းစဉ်ပေါ်၌သာ လျှင်) မာန်မာန ထောင်လွှားကာ ဆက်လက်တင်းမာ၍သာ နေလေ၏။ သို့ဖြစ်ပေရာ (အို, နဗီတမန်တော်) အသင်သည် ၎င်းအား အလွန်တရာ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ခံရမည်ဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ သတင်းကောင်း ပြောကြားပါလေ။

وَاِذَا عَلِمَ مِنْ اٰيٰتِنَا شَيْئَا ۨ اتَّخَذَهَا هُزُوًا ۗ اُولٰٓئِكَ لَهُمْ عَذَابٌ مُّهِيْنٌ ۝٩

၄၅ : ၉ ။ ။ ၎င်းပြင် ထိုသူသည် ငါအသျှင်မြတ်၏ အာယသ်တော်များအနက် အာယသ်တော်တစ်ပါးပါးကို သိရှိခဲ့သောအခါ ၎င်းသည် ယင်းအာယတ်တော်ကိုပင် ပြက်ရယ်ပြောင်လှောင်ဖွယ်ရာ ပြုလုပ်လေ့ ရှိ၏။ ထိုကဲ့သို့သော သူတို့၌ ကျိုးယုတ်ရှက်ရဖြစ်စေသော ပြစ်ဒဏ်သည် ရှိချေမည်။

مِنْ وَرَآئِهِمْ جَهَنَّمُ ۚ وَلَا يُغْنِيْ عَنْهُمْ مَّا كَسَبُوْا شَيْئًا وَّلَا مَا اتَّخَذُوْا مِنْ دُوْنِ اللّٰهِ اَوْلِيَآءَ ۚ وَلَهُمْ عَذَابٌ عَظِيْمٌ ﴿١٠﴾

၄၅ း ၁၀ ။ ။ ၎င်းတို့၏ ရှေ့မှောက်ဝယ် 'ဂျဟန္နမ်'ငရဲဘုံသည် ရှိနေလေ၏။ (ထိုအခါဝယ် လောကီဘဝ၌) ထိုသူတို့ ရှာဖွေဆည်းပူးခဲ့သမျှတို့ သည်လည်းကောင်း၊ ထိုသူတို့က အလ္လာဟ်အသျှင်မြတ်အား စွန့်၍ ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးသူများဟူ၍ ပြုလုပ်သတ်မှတ် ကိုးကွယ်ထားခဲ့သူတို့သည်လည်းကောင်း၊ ထိုသူအဖို့ အနည်းငယ်စိုးစဉ်းမျှပင် အသုံးဝင်ကြမည် မဟုတ်ပေ။ ထို့ပြင် ၎င်းတို့၌ ကြီးလေးလှစွာသော ပြစ်ဒဏ်သည် ရှိပေမည်။

هٰذَا هُدًى ۚ وَالَّذِيْنَ كَفَرُوْا بِاٰيٰتِ رَبِّهِمْ لَهُمْ عَذَابٌ مِّنْ رِّجْزٍ اَلِيْمٌ ﴿١١﴾

၄၅ း ၁၁ ။ ။ ဤ (ကုရ်အာန်ကျမ်းတော်မြတ်) သည် တရားလမ်းညွှန်ပင် ဖြစ်ပေသည်။ သို့ဖြစ်ရာ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အာယသ်တော်များကို ငြင်းပယ်ကြကုန်သောသူတို့၌ ပြင်းထန်သော ပြစ်ဒဏ်အနက်မှ အလွန်တရာ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် ရှိပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဟာမီးမ်။ (ဤကျမ်းဂန်သည်) အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော၊ နက်နဲသိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အသျှင်မြတ်၏ ထံတော်မှ ချပေးသနားတော်မူသော ကျမ်းဂန်ပင် ဖြစ်သည်။

(ဤကျမ်းမြတ်သည် ဤကဲ့သို့သော ကျမ်းတော်မြတ် ဖြစ်တော်မူပေရာ ထိုကျမ်းမြတ်အတွင်းလာ အကြောင်းအရာများကို ကောင်းစွာ အာရုံစူးစိုက်စွာဖြင့် နားထောင်သင့်ပေသည်။ သို့ရှိရာ ဤနေရာ၌ တင်ပြထားသော အကြောင်းအရာ တစ်ရပ်သည်မူ 'သောင်ဟီးဒ်'ဟု ခေါ်ဆိုသော ကိုးကွယ်ခံ ထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်းတရားပင် ဖြစ်ပေသည်။ အကြင် 'သောင်ဟီးဒ်' (ကိုးကွယ်ခံထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်း) တရား၏ အကြောင်းမှာ ဤသို့ပင် ဖြစ်သည်။ စေ့နစ်စင်စစ် အီမာန်သက်ဝင်ယုံကြည်သူတို့အဖို့ (အထောက်အထားအဖြစ် ရယူရန်) မိုးကောင်းကင်များနှင့် ပထဝီမြေဝယ် မြောက်မြားစွာသော (စွမ်းဆောင်နိုင်တော်မူခြင်း 'ကွဒ်ရသ်' တန်ခိုးဂုဏ်တော်နှင့် 'သောင်ဟီးဒ်' ကိုးကွယ်ခံထိုက်တော်မူသောအသျှင် တစ်ပါးတည်း တည်ရှိခြင်းတရားကို ညွှန်ပြလျက်ရှိနေသော) မြောက်မြားစွာသော သက်သေလက္ခဏာ အထောက်အထားများ ရှိကုန်၏။

ထို့ပြင် (ဤကဲ့သို့ပင်) အသင်တို့အား ဖန်ဆင်းခြင်း၌လည်းကောင်း၊ ထိုအသျှင်မြတ် (ပထဝီမြေဝယ်) ပျံ့နှံ့စေတော်မူသော တိရစ္ဆာန်တို့ကို ဖန်ဆင်းခြင်း၌လည်းကောင်း သဘောပေါက်ကာ (ယုံကြည်ကြကုန်သောသူတို့အဖို့ (စွမ်းဆောင်နိုင်တော်မူခြင်း၊ ('ကွဒ်ရသ်'တန်ခိုးဂုဏ်တော်) နှင့် 'သောင်ဟီးဒ်' ကိုးကွယ်

ခံထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်းတရား) ၏ သက်သေလက္ခဏာ အထောက်အထား များသည်လည်း ရှိကုန်၏။

ထိုနည်းတူစွာ (ဤကဲ့သို့ပင်) ညဉ့်နှင့် နေ့ကို ပြောင်းလဲခြင်း၌လည်းကောင်း၊ (ဤနည်းတူစွာ) အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်မှ (မိုးရေကို ရွာသွန်းစေတော်မူ၍) စားနပ်ရိက္ခာကို ချပေးတော်မူခြင်း၊ တစ်ဖန် ၎င်း (မိုးရေ) ဖြင့် ပထဝီမြေကို ခြောက်သွေ့သေလွန်ပြီးနောက် ရှင်ပြန် (စိမ်းလန်း) စေတော်မူခြင်း၌လည်းကောင်း၊ (ဤကဲ့သို့ပင်) လေများကို (အရပ်လေးမျက်နှာသို့ အမျိုးမျိုးအဖုံဖုံ) ပြောင်းလွဲ တိုက်ခိုက်စေခြင်း၌လည်းကောင်း(တစ်ခါတစ်ရံ အရှေ့ဘက်မှ လေတိုက်ခိုက်စေ၍ တစ်ခါတစ်ရံ အနောက်ဘက်မှ လေကို တိုက်ခိုက်စေတော်မူပေသည်။ တစ်ခါတစ်ရံ လေပူများကို တိုက်ခိုက်စေ၍ တစ်ခါတစ်ရံ လေအေးတို့ကို တိုက်ခိုက်စေတော်မူပေသည်။ အချုပ်ဆိုရသော် ထိုအရာများအားလုံးအတွင်း၌ ကောင်းမွန် မှန်ကန်သော ဦးနှောက်ရှိသူ) သိနားလည်ကြသူတို့ အဖို့ (မြောက်မြားလှစွာသော စွမ်းဆောင်နိုင်တော်မူခြင်း 'ကုဒ်ရသ်' တန်ခိုးဂုဏ်တော်နှင့် 'သောင်ဟီးဒ်' ကို ကိုးကွယ်ခံထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်းတရား၏) သက်သေလက္ခဏာ အထောက်အထားများ ရှိကြကုန်၏။ (အထက်တင်ပြပါ အချက်အလက်များမှ 'သောင်ဟီးဒ်' ဟုခေါ်ဆိုသော ကိုးကွယ်ခံထိုက်တော်မူသောအသျှင် တစ်ပါးတည်း တည်ရှိခြင်းတရား၏ အထောက်အထားအား ကောက်ယူခြင်းနည်းလမ်းကို နှစ်ပါရာတော်အတွင်း၌ လာရှိထားသော

إِنَّ فِي خَلْقِ السَّمٰوٰتِ ــ الخ

ဟူသော အာယသ်တော်အတွင်း၌ ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်သည်။ ဒုတိယအကြောင်းအရာမှာ 'နဗူဝသ်' နဗီစေလွှတ်ခြင်း၏ အကြောင်း ဖြစ်ပေသည်။ အကြင်အချက်အလက်နှင့် စပ်လျဉ်းသော အကြောင်းမှာ) ဤသည်တို့သည် အလ္လာဟ်အသျှင်မြတ်၏ သက်သေလက္ခဏာတော်များပင် ဖြစ်၏။ အို, နဗီတမန်တော်) ငါအသျှင်မြတ်သည် ယင်းသက်သေလက္ခဏာ (အာယသ်) တော်များကို အသင်၏ရှေ့ဝယ် မှန်ကန်တိကျစွာ ဖတ်ကြားပြတော်မူ၏။(၎င်းဖြင့် နဗီဖြစ်ကြောင်း အတည်ပြု ရရှိပေသည်။ သို့ရာတွင် ဤမျှခန့်ကြီးကျယ်လှစွာသော တုပချေဖျက်နိုင်စွမ်း မရှိသည့် အထောက်အထား တည်ရှိနေသည့်ကြားကပင် အကယ်၍ ဤသူတို့သည် မယုံကြည်ကြပါမူ) သို့ဖြစ်ပေရာ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ် (မှတစ်ပါး ထိုအသျှင်မြတ်) ၏ သက်သေလက္ခဏာ (အာယသ်) တော်များကို စွန့်၍ (ထို့ထက် သာပိုသော) မည်သည့် စကားကို သက်ဝင်ယုံကြည်ကြမည်နည်း။

(တတိယအကြောင်းအရာမှာ နောင်တမလွန် 'အာခေရသ်' နှင့် စပ်လျဉ်းသော အကြောင်း ဖြစ်ပေသည်။ ဤအကြောင်းအရာအတွင်း၌ ၎င်းအမှန်တရားကို ဆန့်ကျင်သော သူတို့အား ပြစ်ဒဏ်ခတ်တော်မူမည် ဟူသော အချက်ကိုလည်း တင်ပြထား၏။ အကြင်အကြောင်းအရာ၏ အချက်အလက်မှာ ဤသို့ပင် ဖြစ်သည်။) အကြင် (သူသည် ခံယူချက်ပိုင်းဆိုင်ရာနှင့် စပ်လျဉ်း၍ ပြောဆိုမှုများတွင်) မုသားပြောဆိုသူ (ပြုမူဆောင်ရွက်ချက်ဆိုင်ရာ ကဏ္ဍတို့၌) အမိန့်ဖီဆန် ကျူးလွန်သူတိုင်းအဖို့ အကြီးအကျယ် ပျက်စီးခြင်းသည် ရှိပေမည်။

ထိုသူသည် မိမိ၏ ရှေ့ဝယ် ဖတ်ကြားပြခြင်း ခံရသော အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို နားထောင်လေ၏။ သို့ပါလျက် ၎င်းသည် ယင်းအာယသ်တော်များကို မကြားခဲ့ဘိသကဲ့သို့ (မိမိ၏ 'ကုဖွရ်' မူဝါဒလမ်းစဉ်အပေါ်၌သာလျှင်) မာန်မာနထောင်လွှားကာ ဆက်လက် တင်းမာ၍သာ နေလေ၏။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ၎င်းအား အလွန်တရာ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ် ခံရမည်ဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ သတင်းကို ပြောကြားပါလေ။

(ထိုသူ၏ ဆိုးသွမ်းယုတ်မာ စော်ကားမှု အခြေအနေမှာ) ၎င်းပြင် ထိုသူသည် ငါအသျှင်မြတ်၏ အာယသ်တော်များအနက် အာယသ်တော်တစ်ပါးပါးကို သိရှိခဲ့သောအခါ ယင်းအာယသ်တော်ကိုပင် ပြက်ရယ်သမှု ပြောင်လှောင်ဖွယ်ရာ ပြုလုပ်လေ့ ရှိ၏။ ယင်းကဲ့သို့သော သူတို့၌ (နောင်တမလွန် 'အာခေရသ်' တွင်) ကျိုးယုတ်ရှက်ရဖြစ်စေသော ပြစ်ဒဏ်သည် (ဆိုက်ရောက်လာမည့်အရာအဖြစ်) ရှိချေမည်။ (အလိုသဘောမှာ အကြင်အာယသ်တော်များကို ရွတ်ဖတ်ပြခြင်း ခံရ၍ ကြားနာနေသည်။ ယင်းသို့ ကြားနာနေရသော အာယသ်တော်များကိုပင် ငြင်းဆိုမှုကိုပြုနေကြပေသည်။ သတင်းအဖြစ် ကြားသိရသော အာယသ်တော်များကိုလည်း ငြင်းဆိုမှုကို ပြုနေကြပေသည်။ အချုပ်သဘောတရားမှာ အာယသ်တော်များအား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းဆိုရာ၌ လွန်စွာ တရားလွန်လျက် ရှိနေကြပေသည်။)

(ရှေ့၌ ထိုပြစ်ဒဏ်အား သတ်မှတ်တင်ပြထားပေသည်။) ၎င်းတို့၏ ရှေ့မှောက်ဝယ် 'ဂျဟန္နမ်' ငရဲဘုံသည် ရှိလေ၏။ (ထိုအခါဝယ် လောကီဘဝ၌) ထိုသူတို့ ရှာဖွေဆည်းပူးခဲ့သမျှတို့သည်လည်းကောင်း၊ (ထိုရှာဖွေ ဆည်းပူးခဲ့သမျှတို့ ဟူသည့်အထဲတွင် ပစ္စည်းဥစ္စာများနှင့် ဆောင်ရွက်မှုများအားလုံး ပါဝင်ပေသည်။) ထိုသူတို့က အလ္လာဟ်အသျှင်မြတ်အား စွန့်၍ ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးသူများ (ခဝပ်ကိုးကွယ်ခြင်း ခံထိုက်သော အရာများ) ဟူ၍ ပြုလုပ် သတ်မှတ်ထားခဲ့သူတို့သည်လည်းကောင်း၊ ထိုသူတို့အဖို့ အနည်းငယ် စိုးစဉ်းမျှပင် အသုံးဝင်ကြမည်မဟုတ်ပေ။ ထို့ပြင် ၎င်းတို့၌ ကြီးလေးလှစွာသော ပြစ်ဒဏ်သည် ရှိချေမည်။

(ယင်းသို့ ပြစ်ဒဏ်ပေးရခြင်းအကြောင်းမှာ) ဤ (ကုရ်အာန်) ကျမ်းတော်မြတ်သည် တရားလမ်းညွှန် (နှင့် မုချ နာယူခံထိုက်ဖွယ်ကောင်းသော) အရာပင် ဖြစ်ပေသည်။ (ထိုသို့ တရားလမ်းညွှန်ဖြစ်ခြင်းနှင့် နာယူခံထိုက်ဖွယ်ကောင်းသော ကျမ်းဖြစ်ခြင်းကြောင့် ဖြစ်သင့်ဖြစ်ထိုက်သော အချက်မှာ) သို့ဖြစ်ပေရာ မိမိတို့အား မွေးမြူဖန်ဆင်းပေးတော်မူသော အသျှင်မြတ်၏ အာယသ်တော်များကို ငြင်းပယ်ကြကုန်သော သူတို့၌ ပြင်းထန်သော ပြစ်ဒဏ်အနက်မှ အလွန်တရာ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် ရှိပေလိမ့်မည်။

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

ဤစူရာဟ်တော်တစ်ပုဒ်လုံးသည် မက္ကာဟ်ရွှေမြို့တော်၌ ကျရောက်လာခဲ့ပေသည်။ သို့သော်

قُلْ لِلَّذِيْنَ اٰمَنُوا يَغْفِرُوْا لِلَّذِيْنَ لَا يَرْجُوْنَ اَيَّامَ اللّٰهِ

ဟူသော အာယသ်တော်သည်မူ မဒီနာမြို့တော်၌ ကျရောက်ခဲ့သော အာယသ်တော်ဖြစ်သည်ဟူ၍ အဆိုတစ်ရပ် လာရှိထားပေသည်။ ကျန်ရှိသော အာယသ်တော်များအားလုံးသည် မက္ကာဟ်ရွှေမြို့တော်၌

ကျရောက်လာသော အာယသ်တော်များ ဖြစ်ပေသည်။ သို့ရာတွင် နှောင်းပိုင်းခေတ် အဖွင့်ပညာရှင်များ၏ တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်ချထားသော အဆိုနှင့်အညီ စူရာဟ်တော်တစ်ပုဒ်လုံးသည် တမန်တော်မြတ် ﷺ ဟီဂျ်ရသ် (မဒီနာရွှေမြို့တော်သို့ မပြောင်းရွှေ့မီအလျှင်) ကျရောက်လာပေသည်။ အခြားသော မက္ကာဟ်ရွှေမြို့တော်ကျ စူရာဟ်တော်များကဲ့သို့ ဤစူရာဟ်တော်၏ အခြေခံအကြောင်းအရာသည် ခံယူချက်ပိုင်းကဏ္ဍတို့နှင့် ပတ်သက်သော ပြုပြင်လမ်းညွှန်ခြင်း အချက်အလက်များပါ အကြောင်းအရာပင် ဖြစ်ပေသည်။ သို့ရှိရာ ဤစူရာဟ်တော်အတွင်း၌ 'သောင်ဟီးဒ်' (တစ်ပါးတည်း တည်ရှိခြင်းတရား)၊ 'ရေစာလသ်' (ရစူလ်တမန်တော်မြတ် ﷺ ၏ ရစူလ်တမန်တော်ဖြစ်ခြင်း) နှင့် နောင်တမလွန် 'အာခေရသ်' ရေးဆိုင်ရာတို့ကိုသာလျှင် နည်းလမ်းအသွယ်သွယ်ဖြင့် အထောက်အထားများ တင်ပြထားပေသည်။ အထူးသဖြင့် နောင်တမလွန် 'အာခေရသ်'လောကအား အတည်ပြုပေးသော အထောက်အထားများနှင့်တကွ ငြင်းဆို သောသူတို့၏ သံသယများနှင့် ဒိဋ္ဌိတို့အား တုန့်ပြန်ဖြေကြားချက်များသည် ဤစူရာဟ်တော်အတွင်း၌ သာပို ကျယ်ပြန့်စွာဖြင့် လာရှိထားပေသည်။

اِنَّ فِى السَّمٰوٰتِ وَالْاَرْضِ لَاٰيٰتٍ لِّلْمُؤْمِنِيْنَ

ဧကန်စင်စစ် အီမာန်သက်ဝင် ယုံကြည်သူတို့အဖို့ မိုးကောင်းကင်များနှင့် ပထဝီမြေဝယ် အမှန်ပင် မြောက်မြားစွာသော သက်သေလက္ခဏာ အထောက်အထားများ ရှိကြကုန်၏။ */၄၅ : ၃/*

ဤအာယသ်တော်များမှ 'သောင်ဟီးဒ်' (ကိုးကွယ်ခံထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်းတရား) အား အတည်ပြုတင်ပြရန်မှာ အဓိကရည်ရွယ်ချက် ဖြစ်ပေသည်။ ဤအာယသ်တော် မျိုးကဲ့သို့ ဆင်တူ အာယသ်တော်သည် ဒုတိယပါရာ၏

اِنَّ فِىْ خَلْقِ السَّمٰوٰتِ وَالْاَرْضِ ـــ الخ

ဟူသော အာယသ်တော်ပင် ဖြစ်ပေသည်။ ထိုအာယသ်တော်အောက်၌ ထိုအချက်နှင့် စပ်လျဉ်းသော အကျယ်ချဲ့ဖွင့်ဆိုချက်ကို ရေးသားတင်ပြခဲ့ပြီး ဖြစ်ပေသည်။ 'ထိုအချက်အလက် အကြောင်းအရာများဖြင့် 'သောင်ဟီးဒ်'ကိုးကွယ်ခံထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်းတရားသည် မည်သို့မည်ပုံ အတည်ပြု၍ ရရှိနိုင်သည်ဟူသော အချက်အလက်ကိုလည်း ရေးသားတင်ပြခဲ့ပြီး ဖြစ်ပေသည်။ ယင်းအာယသ်တော်နှစ်ပိုဒ်အား နှစ်နေရာတွင် တင်ပြထားပါသော်လည်း တစ်နေရာနှင့် တစ်နေရာ၌ တင်ပြပုံ တင်ပြနည်း စာစဉ်တွင် အနည်းငယ် ကွဲပြားလျက် ရှိနေ၏။ ထိုကဲ့သို့ ကွဲပြားခြားနားစွာ တင်ပြထားခြင်း' မှ ကောက်နုတ်စုဆောင်း တင်ပြထားသော ပဟေဠိကျကျ အသေးစိတ်၊ အနုစိတ်၊ အချက်အလက်များကို အေမာမ်ရာဇီး (ရဟ) သခင်ကြီး ရေးသားထားသော 'သဖ်စီးရ်ရေကဗီးရ်' ကျမ်း၌ ပညာရှင်များအနေဖြင့် ကြည့်ရှုနိုင်ပေသည်။ သို့သော် ဤနေရာ၌ တင်ပြထိုက်သော အချက်တစ်ရပ်မှာ စကြဝဠာကြီး၏ အမျိုးမျိုးသော လက္ခဏာများကို တင်ပြလာကာ တစ်နေရာတွင် 'အီမာန်ရှင်များအတွက် သက်သေလက္ခဏာ

တော်များ’ဟူ၍ မိန့်တော်မူထားပြီး ဒုတိယတစ်နေရာတွင် ‘ယုံကြည်သောသူတို့အဖို့ သက်သေလက္ခဏာများ’ဟူ၍ မိန့်တော်မူထားပေသည်။ အခြားတတိယတစ်နေရာတွင် ‘သိနားလည်ကြသူတို့အဖို့ နိမိတ်လက္ခဏာများ’ ဟူ၍ မိန့်မြွက်ထားပြန်ပေသည်။

ယင်းသို့ တင်ပြရာတွင် တင်ပြပုံ တင်ပြနည်း အမျိုးအစား ကွဲပြားခြားနားစွာနှင့်အတူ ‘ထိုသက်သေလက္ခဏာတော်များမှ ပြည့်ဝစွာသော အကျိုးကို ခံစားရယူနိုင်မည့် သူတို့သည် အီမာန်ရှင်တို့သာ ဖြစ်ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် ‘အီမာန်ကို လက်ငင်း၊ ချက်ချင်း လက်မခံသေးပါသော်လည်း ‘ဤအထက်တင်ပြပါ အဖန်ဆင်းခံအရာများသည် ‘သောင်ဟီးဒ်’ဟု ခေါ်ဆိုသော ကိုးကွယ်ခံထိုက်တော်မူသော အသျှင်တစ်ပါးတည်း တည်ရှိခြင်း၏ တရားအပေါ် ညွှန်ပြလျက် ရှိနေသည်’ကို စိတ်နှလုံးအတွင်းမှ အခိုင်အမာ ယုံကြည်ခဲ့ကြကုန်သော သူတို့သည်လည်း အကျိုးတရား ခံစားရယူနိုင်မည် ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဤယုံကြည်မှုသည် တစ်နေ့မဟုတ် တစ်နေ့ အီမာန်လက်ခံရယူစေသော အကြောင်းခံဖြစ်နိုင်၍ ဖြစ်သည်။ တတိယအဆင့်တွင် ‘ယခုလက်ရှိ အခြေအနေ၌မူ မုအ်မင်န်လည်းမဟုတ်။ ၎င်းနောက် အထက်တင်ပြပါ အဖန်ဆင်းခံအရာများသည် ‘သောင်ဟီးဒ်’ဟု ခေါ်ဆိုသော ကိုးကွယ်ခံထိုက်တော်မူသော အသျှင်တစ်ပါးတည်း တည်ရှိခြင်းတရားအပေါ် ညွှန်ပြလျက် ရှိနေကြောင်းကို လက်ခံ ယုံကြည်ထားသူများလည်း မဟုတ်။ သို့ရာတွင် မှန်ကန်သော ဦးနှောက်အသိဉာဏ်ကို ထားရှိပြီး နှလုံးသား၏ အသိအမြင်နှင့်အတူ သေချာကျနစွာ တွေးတောတတ်သော သူတို့အဖို့လည်း အကျိုးခံစား ရယူနိုင်မည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် နှလုံးသားအသိနှင့် ဦးနှောက်အသိဉာဏ်နှင့်အတူ မည်သည့်အချိန်အခါ၊ နေရာမျိုး၌မဆို စဉ်းစားတွေးခေါ်မည်ဆိုပါက နောက်ဆုံး ၎င်းအနေဖြင့် အီမာန်နှင့် ယုံကြည်မှု မုချ ပေါ်ပေါက်၍ လာပေလိမ့်မည် ဖြစ်သည်’ နှင့် ‘အကြင်သူတို့သည် မှန်ကန်လှစွာသော ဦးနှောက်အသိဉာဏ်မရှိ၍သော်လည်းကောင်း၊ (သို့မဟုတ်) အထက်တင်ပြပါ အမှုကိစ္စများ၌ ဦးနှောက်အသိဉာဏ်ကို အသုံးချတွေးခေါ်စဉ်းစား ဆင်ခြင်ရန် အသင့်မရှိသော ထိုသူတို့၏ရှေ့ဝယ် အထောက်အထား (၁၀၀၀) ကို တင်ပြနေလင့်ကစား၊ အားလုံးသော အထောက်အထားတို့သည် မလုံလောက်၍သာ ရှိနေပေမည်’ ဟူသော အချက်များဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။

وَيْلٌ لِّكُلِّ اَفَّاكٍ اَثِيمٍ

အကြင်မုသားပြောဆိုသူ၊ လွန်စွာ ပြစ်မှုကျူးလွန်သူတိုင်း၌ အကြီးအကျယ် ပျက်စီးခြင်းသည် ရှိပေမည်။ *[၄၅ : ၇]*

ဤအာယသ်တော် ကျရောက်လာသည် ကျောထောက်နောက်ခံသမိုင်းနှင့် စပ်လျဉ်း၍ ဆင့်ပြန်ချက်အမျိုးမျိုး လာရှိထားပေသည်။ အချို့သော ဆင့်ပြန်ချက်များမှ ဤအာယသ်တော်သည် နသွာရ်ဗင်န်ဟာရိစ်နှင့် စပ်လျဉ်း၍ ကျရောက်လာသည်ဟူ၍ အချို့သော ဆင့်ပြန်ချက်များမှ ဟာရိစ်ဗင်န် ကလ်ဒါနှင့် စပ်လျဉ်း၍ ကျရောက်လာသည်ဟူ၍ သိရှိရသည်။ အချို့ပညာရှင်များက ထိုအာယသ်တော်၏ အညွှန်းခံများမှာ အဗူဂျဟလ်နှင့် ၎င်း၏ အပေါင်းအပါတို့ ဖြစ်သည်ဟူ၍ အသီးသီး အမိန့်ရှိထားကြသည်။ */ ကုရ်သုဗီး /*

စင်စစ် ကုရ်အာန်ကျမ်းတော်မြတ်လာ အလိုသဘောကို အကျယ်ချဲ့ရှင်းပြရန်အတွက် တစ်ဦး တစ်ယောက်ကိုသာလျှင် သတ်မှတ်အတည်ပြုရန် မလိုအပ်ဘဲ كُلّ 'ကုလ်' (သူတိုင်း) ဟူသော စကားလုံးက 'အာယသ်တော်အား ချပေးခြင်းသည် ဤ (၃) ဦးစလုံးနှင့် ဆက်နွယ်လျက်ရှိနေကာ အလိုသဘော၌ အထက်တင်ပြပါ ဝေလ့ဆိုးရှိသောသူတိုင်းအပေါ် အကျုံးဝင်လျက် ရှိနေမည်သာ ဖြစ်ပေသည်။

مِنْ وَّرَآئِهِمْ جَهَنَّمُ

၎င်းတို့၏ ရှေ့မှောက်ဝယ် 'ဂျဟန္နမ်'ငရဲဘုံသည် ရှိလေ၏။ *[၄၅ : ၁၀]*

وَرَآء 'ဝရာအူးန်' ဟူသော စကားလုံးသည် အာရဗီစာပေ ဘာသာစကား၌ အများအားဖြင့် 'အနောက်'အတွက် အသုံးပြု၍ 'အရှေ့'အတွက် အသုံးပြုခြင်းမှာ နည်းပါးပေသည်။ သို့ရာတွင် များစွာ သော အဖွင့်ရှင်များသည် ဤနေရာ၌ 'အရှေ့'၏ အဓိပ္ပာယ်ကိုသာလျှင် ကောက်ယူကြပေသည်။ သို့ရှိရာ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်အတွင်း ဘာသာပြန်ဆို တင်ပြရာ၌ အထက်ဖော်ပြပါအချက်နှင့် ကိုက်ညီ စွာ ဘာသာပြန်ဆိုထားပေသည်။ သို့ရာတွင် အချို့သော အကျယ်ဖွင့်ဆိုသော ပညာရှင်ကြီးများသည် 'အနောက်'ဟူ၍ အဓိပ္ပာယ်ကောက်ကာ ဘာသာပြန်ဆိုထား ကြပေသည်။ အလိုသဘောမှာ ကမ္ဘာလောက၌ ၎င်းတို့သည် ဂုဏ်မောက်၊ မာနထောင်လွှားကာ သက်တမ်း ကို မွေးမြူနေထိုင်လာကြလျက် ရှိပေသည်။ ၎င်း၏ နောက် (တစ်နည်း) နောက်ပိုင်း၌ 'ဂျဟန္နမ်' သို့ ဆိုက်ရောက်လာရပေလိမ့်မည်'ဟူ၍ ဖြစ်သည်။ *[ကုရ်သုဗီး]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

اَللّٰهُ الَّذِىْ سَخَّرَ لَكُمُ الْبَحْرَ لِتَجْرِىَ الْفُلْكُ فِيْهِ بِاَمْرِهٖ وَلِتَبْتَغُوْا مِنْ فَضْلِهٖ وَلَعَلَّكُمْ تَشْكُرُوْنَ ⑫

၄၅ : ၁၂ ။ ။ အလ္လာဟ်အသျှင်မြတ်သည် အကြင်အသျှင်မြတ်ပင် (ဖြစ်၏။) ထိုအသျှင်မြတ်သည် မိမိအမိန့်တော်ဖြင့် ပင်လယ်သမုဒ္ဒရာ၌ လှေ၊ သင်္ဘောများ လှုပ်ရှားသွားလာရန်အလို့ငှာလည်းကောင်း၊ အသင်တို့သည် ထိုအသျှင်မြတ်၏ ကျေးဇူး တော် (တည်းဟူသော စားနပ်ရိက္ခာ) ကို ရှာဖွေကြရန်အလို့ငှာလည်းကောင်း၊ အသင်တို့သည် ကျေးဇူးသိတတ်ကြရန်အလို့ငှာ လည်းကောင်း ပင်လယ်သမုဒ္ဒရာကို အသင်တို့၏ (အကျိုးငှာ) လက်အောက်ခံ ဖြစ်စေတော်မူခဲ့၏။

وَسَخَّرَ لَكُمْ مَّا فِى السَّمٰوٰتِ وَمَا فِى الْاَرْضِ جَمِيْعًا مِّنْهُ ۚ اِنَّ فِىْ ذٰلِكَ لَاٰيٰتٍ لِّقَوْمٍ يَّتَفَكَّرُوْنَ ⑬

၄၅ : ၁၃ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိသမျှ အလုံးစုံတို့ကို မိမိထံတော်မှ အသင်တို့၏ (အကျိုးငှာ) လက်အောက်ခံ ဖြစ်စေတော်မူခဲ့၏။ ဧကန်မလွဲ ဤသည်တို့၌ စဉ်းစားဆင်ခြင် သုံးသပ်သူတို့အဖို့ အမှန်ပင် များစွာသော သက်သေလက္ခဏာ အထောက်အထားများသည် ရှိကုန်၏။

قُلْ لِّلَّذِيْنَ اٰمَنُوْا يَغْفِرُوْا لِلَّذِيْنَ لَا يَرْجُوْنَ اَيَّامَ اللّٰهِ لِيَجْزِيَ قَوْمًاۢ بِمَا كَانُوْا يَكْسِبُوْنَ ﴿١٤﴾

၄၅ : ၁၄ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အား အလ္လာဟ်အသျှင်မြတ်၏ (ထံတော်မှ ဘေးဒုက္ခ ဆိုက်ရောက်မည့်) နေ့၌ ပြုလုပ်တော်မူမည်ဖြစ်သော ကိစ္စများကို ယုံကြည် (စိုးရိမ်) ခြင်း မရှိကြသော သူတို့အား ခွင့်လွှတ်ကြရန် ပြောကြားပါလေ။ သို့မှသာလျှင် ထိုအသျှင်မြတ်သည် လူမျိုးတစ်မျိုးအား ၎င်းတို့ ရှာဖွေဆည်းပူးခဲ့ကြသည်များနှင့် စပ်လျဉ်း၍ ထိုနေ့တွင် အစားပေးတော်မူမည်။ [မုအ်မင်န်တို့သည် ကာဖိရ်၊ မုရှ်ရစ်က်တို့အား အလျင်စလို တုန့်ပြန်လက်စားချေရန် မဆိုင်းပြင်းကြရာ လျစ်လျူရှုပြုထား၍ အသျှင်မြတ်ထံ လွှဲအပ်ထားရာသည်။]

مَنْ عَمِلَ صَالِحًا فَلِنَفْسِهٖ ۚ وَمَنْ اَسَآءَ فَعَلَيْهَا ۖ ثُمَّ اِلٰى رَبِّكُمْ تُرْجَعُوْنَ ﴿١٥﴾

၄၅ : ၁၅ ။ ။ မည်သူမဆို ကောင်းမှုကို ပြုလုပ်ခဲ့သည်ရှိသော် မိမိ၏အကျိုးငှာ ပြုလုပ်ခဲ့သည်သာဖြစ်ပေမည်။ ထိုနည်းတူစွာ မည်သူမဆို မကောင်းမှုကို ပြုလုပ်ခဲ့သည်ရှိသော် (ယင်းမကောင်းမှု၏ ဆိုးကျိုးသည်) ၎င်း၏အပေါ်၌သာ သက်ရောက်ပေမည်။ ထို့နောက် အသင်တို့အားလုံးတို့သည် ထိုအသျှင်မြတ် ထံတော်သို့သာလျှင် ပြန်သွားကြရမည်သာ ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အလ္လာဟ်အသျှင်မြတ်သည် အကြင်အသျှင်မြတ်ပင် ဖြစ်၏။ ထိုအသျှင်မြတ်သည် မိမိ၏ အမိန့်တော်ဖြင့် ပင်လယ်သမုဒ္ဒရာ၌ လှေ၊ သင်္ဘောများ သွားလာလှုပ်ရှားရန်အလို့ငှာလည်းကောင်း၊ အသင်တို့သည် (ထိုလှေ၊ သင်္ဘောများအတွင်း စီး၍) ထိုအသျှင်မြတ်၏ ကျေးဇူးတော် (တည်းဟူသော စားနပ်ရိက္ခာ) ကို ရှာဖွေကြရန်အလို့ငှာလည်းကောင်း၊ အသင်တို့သည် (ထိုသို့ စားနပ်ရိက္ခာကို ရှာဖွေ၍) ကျေးဇူးသိတတ်ကြရန်အလို့ငှာလည်းကောင်း ပင်လယ်သမုဒ္ဒရာကို အသင်တို့၏ (အကျိုးငှာ) လက်အောက်ခံ (တန်ခိုးတော် သက်သေလက္ခဏာတော်အဖြစ်) ဖြစ်စေတော်မူခဲ့၏။

၎င်းပြင် (ဤကဲ့သို့ပင်) ထိုအသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိသမျှအလုံးစုံတို့ကို မိမိ၏ ထံတော်မှ (အမိန့်တော်နှင့် ကျေးဇူးအသနားတော်ဖြင့်) အသင်တို့၏ (အကျိုးငှာ) လက်အောက်ခံ (အနွံအတာခံ) ဖြစ်စေတော်မူခဲ့၏။ ကေန်မလွဲ ဤသည်တို့၌ စဉ်းစားဆင်ခြင်၊ သုံးသပ်သူတို့အဖို့ အမှန်ပင် များစွာသော (တန်ခိုး၏) သက်သေလက္ခဏာအထောက် အထားများသည် ရှိကုန်၏။

(ကာဖိရ်များ၏ ဆိုးသွမ်းနှောင့်ယှက်မှုတို့ကြောင့် အချို့သော အချိန်အခါမျိုးတွင် မွတ်စ္စလင်မ်တို့သည် ဒေါသထွက်လာလေ့ ရှိတတ်ပေသည်။ ရှေ့၌ ၎င်းတို့အား လစ်လျူရှု ခွင့်လွှတ်ထားရန် အမိန့်ထုတ်ပြန်ထားပေသည်။ အို၊ နဗီတမန်တော်) အသင်သည် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အား အလ္လာဟ်အသျှင်မြတ်ထံတော်မှ ဘေးဒုက္ခဆိုက်ရောက်မည့်နေ့၌ ပြုလုပ်တော်မူမည်ဖြစ်သော ကိစ္စများကို ('အာခေရသ်'နောင်တမလွန်၌ ကောင်းဆိုးအမှုကိစ္စများအပေါ် ကြောင်းကျိုးပြစ်ဒဏ်ဖြင့် အစားပေးတော်မူမည်ကို ယုံကြည် (စိုးရိမ်) ခြင်းမရှိကြသော သူတို့အား ခွင့်လွှတ်ကြရန် ပြောကြားပါလေ။ သို့မှသာလျှင် ထိုအသျှင်မြတ်

သည် လူမျိုးတစ်မျိုးအား (မွတ်စ္စလင်မ်တို့အား) ၎င်းတို့ (မွန်မြတ်စွာ) ရှာဖွေ ဆည်းပူးခဲ့ကြသည်များနှင့် စပ်လျဉ်း၍ (ထိုနေ့တွင်) အစားပေးတော်မူမည်။ မုအ်မင်နီတို့သည် ကာဖိရ်၊ မုရှ်ရိစ်က်တို့အား အလျင်စလို တုန့်ပြန်လက်စားချေရန် မဆိုင်းပြင်းကြရာ လျစ်လျူရှုထား၍ အသျှင်မြတ်ထံ လွှဲအပ်ထားရာသည်။)

(အဘယ်ကြောင့်ဆိုသော် ထိုလောက၏ တစ်တမတ်တည်းသော ဥပဒေထုံးမှာ) မည်သူမဆို ကောင်းမှု ပြုလုပ်ခဲ့သည်ရှိသော် မိမိ၏ (အကျိုးစဝါးဇ်အဖို့) သာ ပြုလုပ်ခဲ့သည်သာ ဖြစ်ပေမည်။ ထို့နည်း တူစွာ မည်သူမဆို မကောင်းမှုကို ပြုလုပ်ခဲ့သည်ရှိသော် (ယင်းမကောင်းမှု၏ ဆိုးကျိုးသည်) ၎င်း၏ အပေါ်၌သာ သက်ရောက်ပေမည်။ ထို့နောက် (အကောင်းအဆိုး အမှုကိစ္စများအားလုံးကို ပြုပြီးသည့်နောက်) အသင်တို့အားလုံးသည် ထိုအသျှင်မြတ်ထံတော်သို့သာလျှင် ပြန်သွားကြရမည်ဖြစ်ပေသည်။ (သို့ရှိရာ ထို လောက၌ အသင်တို့သည် မိမိတို့ ပြုကျင့်ခဲ့သော ကောင်းမြတ်သည့် အကျင့်သီလတို့၏ အကောင်းဆုံးသော အစားနှင့် အသင်တို့အား ဆန့်ကျင်သောသူများကို ၎င်းတို့၏ 'ကုဖွရ်' (သွေဖည်ငြင်းဆိုမှု) နှင့် ပြစ်မှုဒုစရိုက် များ ပြုကျင့်လာသည့်အပေါ် အဆိုးရွားဆုံးသော ပြစ်ဒဏ်ကို ပေးခြင်း ခံရပေလိမ့်မည်။ ဤအတွက်ကြောင့် အသင်တို့သည် ဤကမ္ဘာလောက၌ ခွင့်လွှတ်မှုကို ပြုခြင်းသည်သာလျှင် သင့်လျော်လှပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

اَللّٰهُ الَّذِیْ سَخَّرَ لَكُمُ الْبَحْرَ لِتَجْرِیَ الْفُلْكُ فِیْهِ بِاَمْرِهٖ وَلِتَبْتَغُوْا
مِنْ فَضْلِهٖ وَلَعَلَّكُمْ تَشْكُرُوْنَ

အလ္လာဟ်အသျှင်မြတ်သည် အကြင်အသျှင်မြတ်ပင် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည် မိမိ၏ အမိန့်တော်ဖြင့် ပင်လယ်သမုဒ္ဒရာ၌ လှေ၊ သင်္ဘောများ သွားလာလှုပ်ရှားရန်အလို့ငှာလည်းကောင်း၊ အသင်တို့ သည် ထိုအသျှင်မြတ်၏ ကျေးဇူးတည်းဟူသော စားနပ်ရိက္ခာကို ရှာဖွေကြရန်အလို့ငှာလည်းကောင်း အသင် တို့သည် ကျေးဇူးသိတတ်ကြရန်အလို့ငှာလည်းကောင်း သမုဒ္ဒရာကို အသင်တို့၏ အကျိုးငှာ လက်အောက်ခံ ဖြစ်စေတော်မူခဲ့၏။ *[၄၅ : ၁၂]*

ကုရ်အာန်ကျမ်းတော်မြတ်အတွင်း 'ကျေးဇူးအသနားတော်' အား ရှာဖွေနိုင်းခြင်း၏ အလိုသဘောမှာ များသောအားဖြင့် ဝမ်းစာရှာဖွေရေးအတွက် ကြိုးပမ်းမှု ပြုနိုင်းခြင်းဖြစ်သည်။ ဤနေရာ၌ ၎င်း၏ အလို သဘောမှာ 'အသင်တို့အား မြစ်ပင်လယ်ခရီးတွင် ရေယာဉ်မောင်း အတတ်ပညာအပေါ် စွမ်းဆောင်နိုင်စေ တော်မူခြင်းကို ချီးမြှင့်ပေးသနားတော်မူရခြင်း၏ အကြောင်းမှာ ၎င်းလှေ၊ သင်္ဘော၊ ရေယာဉ်များကို စီးနင်း၍ ကူးသန်းရောင်းဝယ်ခြင်း ပြုနိုင်ကြရန် ဖြစ်သည်' ဟူ၍လည်း ဖြစ်နိုင်၏၊ ထို့နည်းတူစွာ 'ကျေးဇူး အသနားတော်ကို ရှာဖွေနိုင်းခြင်းနှင့် ရေယာဉ်ကို မောင်းနှင်နိုင်သည့် စွမ်းအားတို့ကြားဝယ် တစ်စုံတစ်ရာ ပတ်သက်မှုမရှိ။ သို့သာမက ဤသည် မြစ်ပင်လယ်အား လက်အောက်ခံ အနှံ့အတားခံအဖြစ် ပြုပေးထား ခြင်း၏ သီးသန့်အမျိုးအစားတစ်ရပ် ဖြစ်သည်' ဟူသော အလိုသဘောမျိုးလည်း ဖြစ်နိုင်ပေသည်။ အလို

သဘောမှာ မြစ်ပင်လယ်အတွင်းဝယ် ငါအသျှင်မြတ်သည် များစွာ အကျိုးပြုသော အရာများကို ဖန်ဆင်း ပေးတော်မူ၍ ယင်းပင်လယ်သမုဒ္ဒရာကိုပင် အသင်တို့အား 'ထိုအကျိုးပြုသော အရာများကို ရှာဖွေနိုင်ရန် အလို့ငှာ လက်အောက်ခံ အန့်အတာခံ ဖြစ်စေတော်မူခဲ့၏' ဟူ၍လည်း ဖြစ်နိုင်ပေသည်။ သို့ရှိရာ ခေတ်သစ်သိပ္ပံ လေ့လာစူးစမ်း သုတေသနပြုချက်တို့မှ 'ကုန်းမြေ၌မှာပင် မရှိနိုင်လောက်အောင်သော သယံဇာတ သတ္တုတွင်း ထွက် ပစ္စည်းများသည် မြစ်ပင်လယ် အတွင်း၌ ရှိနေပေသည်'ဟူသော အချက်ကိုလည်း သိရှိရပြီးဖြစ်သည်။

قُلْ لِّلَّذِيْنَ اٰمَنُوْا يَغْفِرُوْا لِلَّذِيْنَ لَا يَرْجُوْنَ اَيَّامَ اللّٰهِ

အို့, နဗီတမန်တော်၊ အသင်သည် မုအ်မင်န်သက်ဝင် ယုံကြည်သောသူတို့အား အလ္လာဟ်အသျှင် မြတ်၏ ထံတော်မှ ဘေးဒုက္ခ ဆိုက်ရောက်မည့်နေ့၌ ပြုလုပ်တော်မူမည် ဖြစ်သော ကိစ္စများကို ယုံကြည် စိုးရိမ်ခြင်း မရှိကြသော သူတို့အား ခွင့်လွှတ်ကြရန် ပြောကြားပါလေ။ *[၄၅ : ၁၄]*

ထိုအာယသ်တော် ကျရောက်လာခြင်း၏ ကျောထောက်နောက်ခံသမိုင်းနှင့် စပ်လျဉ်း၍ ဆင့်ပြန် ချက်နှစ်ရပ် ရှိပေသည်။ ပထမဆင့်ပြန်ချက်တစ်ရပ်မှာ ဤသို့ပင် ဖြစ်သည်။ မက္ကာဟ်မြို့၌ရှိသော မုရှ်ရစ်က် တစ်ဦးသည် ဟဇရသ်အုမရ် ﷺ သခင်ကြီးအား မကောင်းပြောဆိုကာ ဆဲရေးမှုကို ပြုပေသည်။ ဟဇရသ် အုမရ် ﷺ သခင်ကြီးသည် ၄င်းအား တုန့်ပြန်မှုပြုရန် တစ်စုံတစ်ရာ ၄င်းအား ဒုက္ခပေးရန် ကြံရွယ်တော် မူလိုက်ပေသည်။ ထိုဖြစ်ရပ်အပေါ် ဤအာယသ်တော်သည် ကျရောက်လာပေသည်။ ဤဆင့်ပြန်ချက်ကို ထောက်ရှုလျှင် ဤအာယသ်တော်သည် မက္ကာဟ်မြို့၌ ကျရောက်လာသော အာယသ်တော် ဖြစ်ပေသည်။ ဒုတိယဆင့်ပြန်ချက်မှာ ဤသို့ပင် ဖြစ်သည်။ 'ဗနူမွတ်စ်ဘွလက်' စစ်ပွဲ ဖြစ်ပွားချိန်၌ တမန်တော်မြတ် ﷺ နှင့် တမန်တော်မြတ် ﷺ ၏ ဆွဟာဗာသာဝကကြီးများသည် 'မုရိုက်စီးအ်'အမည်ရှိသော ရေတွင်းအနီး၌ ခရီးတစ်ထောက် ရပ်နားခဲ့ကြပေသည်။ မုနာဖစ်က်တို့၏ ခေါင်းဆောင်ဖြစ်သော အဗ်ဒွလ္လာဟ်ဗင်န်အိုဗိုက်ယ် သည်လည်း မွတ်စ္စလင်မ်တို့၏ စစ်တပ်အတွင်း၌ ပါဝင်လျက်ရှိခဲ့၏။ ၄င်းမုနာဖစ်က်ခေါင်းဆောင်သည် မိမိ၏ ကျွန်အား ရေတွင်းမှ ရေငင်ရန် စေလွှတ်လိုက်ပေသည်။ ၄င်းကျွန်သည် ပြန်လာရာတွင် နောက်ကျ သွားခဲ့သည်။ အဗ်ဒွလ္လာဟ်ဗင်န်အိုဗိုက်ယ်က နောက်ကျရခြင်း၏ အကြောင်းရင်းကို မေးမြန်းရာ ၄င်းကျွန်က 'ဟဇရသ်အုမရ်၏ ကျွန်တစ်ဦးသည် ရေတွင်းဘေး၌ ထိုင်နေပေသည်။ ၄င်းကျွန်သည် အခြားမည်သူတစ်ဦး တစ်ယောက်ကိုမျှ 'တမန်တော်မြတ် ﷺ နှင့် ဟဇရသ်အဗူဗကရ် (စ်ဒ္ဒီးက်) ﷺ သခင်ကြီးတို့၏ ရေတကောင်း များအတွင်း ရေမပြည့်သရွေ့ ကာလပတ်လုံး ရေငင်ခွင့်ကို မပေးပေ' ဟု ပြန်လည် ဖြေကြားလိုက်ပေသည်။ ထိုဖြေကြားချက်အပေါ် အဗ်ဒွလ္လာဟ်ဗင်န်အိုဗိုက်ယ်က 'ကျွန်ုပ်တို့နှင့် ၄င်းတို့သည်

سَمِّنْ كَلْبَكَ يَاْ كُلْكَ

(မိမိ၏ ခွေးကို မိမိအနေဖြင့် ဝဖြိုးအောင် ပြုမည်ဆိုပါက မိမိအား ပြန်လည်၍ စားလိမ့်မည်) ဟူသော ဥပမာခိုင်းနှိုင်းချက်အပေါ် မှန်ကန်စွာဖြင့် သက်ရောက်နေသည်'ဟု ပြောဆိုလိုက်သည်။ ဟဇရသ်

အုမရ် ﵁ သခင်ကြီးသည် ထိုပြောကြားချက်၏ သတင်းကို ကြားသိသွားသောအခါ ဓါးလွယ်ကို ဆွဲကာ အဗ်ဒွလ္လာဟ်ဗင်န်အိုဗိုက်ယ် ရှိရာဆီသို့ ကြွမြန်းလာချိန်ဝယ် ဤအထက်ဖော်ပြပါ အာယသ်တော် ကျရောက်လာပေသည်။ ယခု ဤဆင့်ပြန်ချက်ကို ထောက်ရှုလျှင် ဤအာယသ်တော်သည် မဒီနာမြို့၌ ကျရောက်ခဲ့သော အာယသ်တော်ဖြစ်ပေသည်။ *[ကုရ်သုဗီး၊ ရှဟူလ်မအာနီကျမ်း]*

ထိုအထက်တင်ပြပါ ဆင့်ပြန်ချက်များ၏ ဆင့်ကဲဆင့်ပြန်မှုဆိုင်ရာ အချက်အား စီစစ်သုတေသန ပြုမည်ဆိုပါက အကယ်၍ ဆင့်ပြန်ချက်နှစ်ရပ်စလုံးအား မှန်ကန်သော ဆင့်ပြန်ချက်များ ဖြစ်သည်ဟူ၍ အတည်ပြုရသည်ဆိုလျှင် ဆင့်ပြန်ချက်နှစ်ရပ်စလုံးကို ဤသို့ ညှိနှိုင်းခွဲခြားဖြစ်ပေါ်နိုင်သည့် ပုံစံမျိုး ရှိပေသည်။ စင်စစ် ဤအာယသ်တော်သည် မက္ကာဟ်ရွှေမြို့တော်၌ ကျရောက်ခဲ့ပြီး ဖြစ်သည်။ 'ဗနူမွစ်သွလာက်' စစ်ပွဲ ဖြစ်ပွားချိန်၌ ထိုကဲ့သို့သော ဆင်တူယိုးမှား ဖြစ်အင်သည် ဖြစ်ပေါ် ကြုံကြိုက်လာသောအခါဝယ် တမန်တော်မြတ် ﷺ သည် ဤအာယသ်တော်ကိုပင် ထိုနေရာ၌လည်း ရွတ်ဖတ်ပြတော်မူကာ ဖြစ်အင်ကို ယင်းအာယသ်တော်၏ အမိန့်နှင့် ဆက်စပ်တင်ပြ အမိန့်ရှိ လမ်းညွှန်လိုက်၏။ ကျောထောက်နောက်ခံ သမိုင်းနှင့် စပ်လျဉ်းသော ဆင့်ပြန်ချက်များသည် များသော အားဖြင့် ဤအထက်တင်ပြပါ ပုံစံမျိုးကဲ့သို့ ဖြစ်ပေါ်လေ့ ရှိတတ်ပေသည်။ သို့မဟုတ်က ဟဇရသ်ဂျိဗ်ရာအီးလ် ﵇ သည် 'ဗနူမွစ်သွလားက်' စစ်ပွဲ၏ ဖြစ်အင်၌ 'ဤနေရာသည် ယင်းအာယသ်တော်အပေါ် လက်တွေ့ကျကျ 'အမလ်'ပြုလုပ်ရမည့် နေရာ ဖြစ်ကြောင်းကို သတိပေးရန်အတွက် ၎င်းအာယသ်တော်ကို ဒုတိယအကြိမ် ယူဆောင်လာခြင်းမျိုးလည်း ဖြစ်နိုင်ပေသည်။ အကျယ်ချဲ့ဖွင့်ဆိုသော ပညာရပ်၏ အသုံးအနှုန်းဝေါဟာရ၌ ထိုအချက်ကို نزول مكرر 'နုဇူးမ်လေ့မုကရ်ရရ်' (ထပ်ဖန်တလဲလဲ ကျရောက်ခြင်း) ဟူ၍ ခေါ်ဆိုပေသည်။ အာယသ်တော်အတွင်းဝယ် ပါရှိသော أَيَّامَ اللهِ (အလ္လာဟ်အသျှင်မြတ်၏ နေ့) ဟူသော စကားလုံး၏ အလိုသဘောမှာ များစွာသော အကျယ်ဖွင့် ပညာရှင်များ၏ထံ၌ 'နောင်တမလွန် 'အာခိရသ်'တွင် အလ္လာဟ်အသျှင်မြတ်အနေနှင့် လူသားတို့နှင့် ပြုမူဆောင်ရွက်မည့် ကဏ္ဍများ၊ အမှုကိစ္စများပင် ဖြစ်သည်။ ဆိုလိုသည်မှာ ကြောင်းကျိုးပြစ်ဒဏ် အစားပေးမည့် ကိစ္စရပ်များပင် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် أَيَّام 'အိုက်ယားမ်'ဟူသော စကားလုံးကို 'ဖြစ်အင်များ၊ အမှုကိစ္စများ'၏ အနက်အဓိပ္ပာယ်ဖြင့် အာဗီဘာသာစကား၌ များစွာ အသုံးပြု၍ ဖြစ်သည်။

ဤနေရာ၌ ဒုတိယအချက်အနေဖြင့် စဉ်းစားတွေးခေါ်ထိုက်သော အချက်မှာ 'အို၊ နဗီတမန်တော်၊ အသင်သည် မုအ်မင်ရစ်ကတို့အား ခွင့်လွှတ်တော်မူရန် အီမာန်ရှင်များအား အမိန့်ရှိတော်မူပါ'ဟူ၍လည်း မိန့်တော်မူနိုင်ပေရာ ယင်းသို့ မိန့်တော်မူခြင်းမပြုဘဲ 'အလ္လာဟ်အသျှင်မြတ်၏ ထံတော်မှ ဘေးဒုက္ခဆိုက်ရောက်မည့်နေ့၌ ပြုလုပ်တော်မူမည်ဖြစ်သော ကိစ္စများကို ယုံကြည်စိုးရိမ်ခြင်း မရှိကြသော သူတို့အား ခွင့်လွှတ်ကုန်' ဟူ၍ မိန့်တော်မူထားပေသည်။ ယင်းသို့ မိန့်တော်မူထားရခြင်းအကြောင်းမှာ '၎င်းတို့အား မူရင်း ပြစ်ဒဏ်ကို 'အာခိရသ်' နောင်တမလွန်နေ့၌ ပေးမည် ဖြစ်ပေသည်။ ဤသူတို့သည် 'အာခိရသ်'နောင်တလွန်ကို မယုံကြည်ကြသောသူများ ဖြစ်သည့်အတွက်ကြောင့် ဤပြစ်ဒဏ်သည် ၎င်းတို့အဖို့ မျှော်လင့်

မထားကာ ရုတ်တရက် ဆိုက်ရောက်လာမည့်ပြစ်ဒဏ် ဖြစ်မည်။ မမျှော်လင့်ဘဲ ဆိုက်ရောက်လာသော ဘေးဒုက္ခသည် ပို၍ ခံစားနာကျင်ရကာ ခံရခက်လှ၏။ ဤအတွက်ကြောင့် ၎င်းတို့ထံ ဆိုက်ရောက်မည့် ပြစ်ဒဏ်သည် လွန်စွာ ပြင်းပြနာကျင်ဖွယ်ကောင်းသော ပြစ်ဒဏ် ဖြစ်ပေသည်။ ထိုပြစ်ဒဏ်ဖြင့် ၎င်းတို့၏ ဝေလေ့ဆိုး၊ အကျင့်ဆိုးများအားလုံးတို့၏အစား ပြစ်ဒဏ်ကို ပြည့်ဝစွာ ပေးတော်မူမည်ဖြစ်သည်။ ကမ္ဘာလောကဥ္စမှု အသင်သည် ထိုသေးမွှားသော အမှုကိစ္စများအပေါ် ၎င်းတို့အား နှိပ်ကွပ် အရေးယူ လက်တုန့်ပြန်ရန် သောကမဖြစ်ရှိလေနှင့်' ဟူသော အချက်တို့ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။

အချို့သော ပညာရှင်ကြီးများက မိန့်တော်မူထားသည်မှာ ဤအာယသ်တော်အတွင်းရှိ အမိန့်သည် 'ဂျီဟားဒ်' (သာသနာအရေး စစ်ဆင်နွှဲခြင်း) ၏အမိန့် ကျရောက်လာပြီးနောက်ဝယ် ဖျက်သိမ်းခြင်း ခံရပြီး အမိန့်ဖြစ်ပေသည်ဟူ၍ ဖြစ်သည်။ သို့ရာတွင် များစွာသော သုတေသီ အဖွင့်ရှင်များ၏ ပြောကြားချက်မှာ ဤသို့ပင် ဖြစ်သည်။ အာယသ်တော်တွင် ပါရှိသော အမိန့်တော်သည် 'ဂျီဟားဒ်' (သာသနာအရေး စစ်ဆင်နွှဲခြင်း) ၏အမိန့်ဖြင့် တစ်စုံတစ်ရာ ပတ်သက်မှုမရှိပေ။ အာယသ်တော်လာ ပညတ်ချက်သည်မူ ခေတ်ကာလတိုင်းအတွက် လမ်းညွှန်ထားသော လမ်းညွှန်ချက် ဖြစ်သည်။ ၎င်းမှာ လူမှုပေါင်းသင်း ဆက်ဆံရေးကဏ္ဍတို့၌ အသေးအဖွဲ့ ကိစ္စရပ်လေးများအပေါ် လက်တုန့်ပြန် ကလဲ့စားရယူမှု မပြုရန် မှာကြားထားခြင်း ဖြစ်ပေသည်။ ယနေ့ထိတိုင် ယင်းပညတ်တော်၏ အမိန့်သည် ကျန်ရှိနေပေသည်။ ဤအတွက်ကြောင့် အထက်တင်ပြပါ အာယသ်တော်၏ အမိန့်ကို ဖျက်သိမ်းခံရပြီး အမိန့်တော်ဟု သတ်မှတ်ခြင်းမှ မှန်ကန်မှု မရှိပေ။ အထူးသဖြင့် အကယ်၍ အာယသ်တော် ကျရောက်လာခြင်း၏ ကျောထောက်နောက်ခံ သမိုင်းသည် 'ဗနူမွစ်သလာက်'စစ်ပွဲနှင့် သက်ဆိုင်သော ဖြစ်အင်ဖြစ်ပါမူ 'ဂျီဟားဒ်' (စစ်ဆင်နွှဲရန် အမိန့်ပေးထားသော) အာယသ်တော်များသည် အထက်ဖော်ပြပါ အာယသ်တော်၏ အမိန့်ကို ဖျက်သိမ်း ပျက်ပယ်စေသော အာယသ်တော် မဖြစ်နိုင်တော့ပေ။ အဘယ်ကြောင့်ဆိုသော် 'ဂျီဟားဒ်'ပြုရန် အမိန့်ပေးထားသော အာယသ်တော်များသည် ဤသည်ထက်အလျင် ကျရောက်ခဲ့ပြီး ဖြစ်သောကြောင့် ဖြစ်ပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَلَقَدْ آتَيْنَا بَنِي إِسْرَائِيلَ الْكِتَابَ وَالْحُكْمَ وَالنُّبُوَّةَ وَرَزَقْنَاهُم مِّنَ الطَّيِّبَاتِ
وَفَضَّلْنَاهُمْ عَلَى الْعَالَمِينَ ﴿١٦﴾

၄၅ : ၁၆ ॥ ॥ ၎င်းပြင် အမှန်စင်စစ် ငါအသျှင်မြတ်သည် အီစ်ရာအီလ်အမျိုးသားတို့အား ကျမ်းဂန်ကိုလည်းကောင်း၊ စီရင်ဆုံးဖြတ်မှုကိုလည်းကောင်း၊ နဗီတမန်တော်အဖြစ်ကိုလည်းကောင်း၊ ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား သန့်ပြန့်စင်ကြယ်သော အစားအစာများကို စားနပ်ရိက္ခာအဖြစ် ပေးသနားတော်မူခဲ့သည့်အပြင် ၎င်းတို့အား ငါအသျှင်မြတ်သည် (ထိုခေတ်ကာလတွင် ရှိခဲ့ကြသော) ကမ္ဘာသူ ကမ္ဘာသားတို့ထက် ထူးကဲ မြင့်မြတ်စေတော်မူခဲ့၏။

وَاٰتَيۡنٰهُمۡ بَيِّنٰتٍ مِّنَ الۡاَمۡرِ‌ۚ فَمَا اخۡتَلَفُوۡۤا
اِلَّا مِنۡۢ بَعۡدِ مَا جَآءَهُمُ الۡعِلۡمُ ۙ بَغۡيًۢا بَيۡنَهُمۡ‌ؕ اِنَّ رَبَّكَ
يَقۡضِىۡ بَيۡنَهُمۡ يَوۡمَ الۡقِيٰمَةِ فِيۡمَا كَانُوۡا فِيۡهِ يَخۡتَلِفُوۡنَ ﴿۱۷﴾

၄၅ ： ၁၇ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား သာသနာ့အရေးနှင့် စပ်လျဉ်း၍ ထင်ရှားစွာသော သက်သေသာဓကများကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ သို့ရာတွင် ၎င်းတို့သည် မိမိတို့ထံ အသိပညာ ရောက်ရှိလာပြီးနောက်မှပင် မိမိတို့အချင်းချင်း တုပြိုင်သောအားဖြင့် (မခံချင် မနာလိုမှုကြောင့်) ကွဲလွဲခဲ့ကြကုန်၏။ ဧကန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ၎င်းတို့၏ အကြားဝယ် 'ကေယာမသ်' ရှင်ပြန်ထမည့်နေ့တွင် ၎င်းတို့ ကွဲပြားလျက်ရှိခဲ့ကြသော အရေးကိစ္စနှင့် စပ်လျဉ်း၍ စီရင်ဆုံးဖြတ်တော်မူပေမည်။

ثُمَّ جَعَلۡنٰكَ عَلٰى شَرِيۡعَةٍ مِّنَ الۡاَمۡرِ فَاتَّبِعۡهَا وَلَا تَتَّبِعۡ اَهۡوَآءَ الَّذِيۡنَ لَا يَعۡلَمُوۡنَ ﴿۱۸﴾

၄၅ ： ၁၈ ။ ။ ထို့နောက် (အို၊ နဗီတမန်တော်) ငါအသျှင်မြတ်သည် အသင့်အား သာသနာ့အရေးနှင့် စပ်လျဉ်း၍ အထူး (ရှရီအသ်တရားဥပဒေ) လမ်းစဉ်တစ်ရပ်ပေါ်၌ ရပ်တည်စေတော်မူခဲ့၏။ သို့ဖြစ်ပေရာ အသင်သည် ထိုလမ်းစဉ်ကိုသာ လိုက်ပါလေ။ အသင်သည် အသိပညာကင်းမဲ့သော သူတို့၏ အလိုဆန္ဒများကို မလိုက်ပါလေနှင့်။

اِنَّهُمۡ لَنۡ يُّغۡنُوۡا عَنۡكَ مِنَ اللّٰهِ شَيۡـًٔا‌ ؕ وَاِنَّ الظّٰلِمِيۡنَ بَعۡضُهُمۡ اَوۡلِيَآءُ بَعۡضٍ‌ۚ وَاللّٰهُ وَلِىُّ الۡمُتَّقِيۡنَ ﴿۱۹﴾

၄၅ ： ၁၉ ။ ။ ဧကန်စင်စစ် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ဆန့်ကျင်၍ အနည်းငယ်စိုးစဉ်မျှပင် အသင့်အဖို့ အလျဉ်း အသုံးဝင်ကြမည် မဟုတ်ပေ။ ၎င်းပြင် ဧကန်အမှန် မတရားသောသူတို့သည် ၎င်းတို့အနက် အချို့မှာ အချို့၏ အဆွေခင်ပွန်းများပင် ဖြစ်ကြကုန်၏။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် 'မွတ်သကီ' သူတော်ကောင်းတို့၏ အဆွေခင်ပွန်း ဖြစ်တော်မူ၏။

هٰذَا بَصَآئِرُ لِلنَّاسِ وَهُدًى وَّرَحۡمَةٌ لِّقَوۡمٍ يُّوۡقِنُوۡنَ ﴿۲۰﴾

၄၅ ： ၂၀ ။ ။ ဤ (ကုရ်အာန်ကျမ်းတော်မြတ်) သည် လူခပ်သိမ်းတို့အဖို့ ရှင်းလင်းထင်ရှားလှစွာသော သက်သေအထောက်အထားများနှင့် တရားလမ်းညွှန်များလည်း ဖြစ်၏။ ၎င်းနောက် ယုံကြည်ကြသော အကြင်သူတို့အဖို့ ကရုဏာတော်လည်း ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းပြင် (နဗီဖြစ်ခြင်းသည် ငြင်းဆိုရလောက်အောင် အံ့ဖွယ်ကောင်းသောအရာ တစ်စုံတစ်ရာ မဟုတ်ပေ။ သို့ရှိရာ ၎င်း၏အလျှင်) အမှန်စင်စစ် ငါအသျှင်မြတ်သည် အီစ်ရာအီးလီ အမျိုးသားတို့အား

(မိုးကောင်းကင်ကျ) ကျမ်းဂန်ကိုလည်းကောင်း၊ စီရင်ဆုံးဖြတ်မှု (ပညတ်ချက်များ၏ အသိပညာ) ကိုလည်းကောင်း၊ နဗီတမန်တော်အဖြစ်ကိုလည်းကောင်း ချီးမြှင့်ပေးသနားတော်မူခဲ့၏။ (ဆိုလိုသည်မှာ ၎င်းတို့၏ မျိုးနွယ်စုအတွင်းဝယ် နဗီတမန်တော်များကို ပွင့်ပေါ်စေတော်မူခဲ့၏။) ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား သန့်ပြန့်စင်ကြယ်သော အစားအစာများကို စားနပ်ရိက္ခာအဖြစ် ပေးသနားတော်မူခဲ့သည့် ('သီးဟ်' ကွင်းပြင်၌ 'မန်'နှင့် 'စလ်ဝါ'ဟူသော ရိဇိရိက္ခာကို ချပေးသနားထားတော်မူ၍ မင်္ဂလာမြေကြီးအဖြင့် အထွတ်အထိတ်တွင်ရှိသော ဆီးရီးယားနိုင်ငံအားလည်း အပိုင်စားစေတော်မူလိုက်သည့်) အပြင် ၎င်းတို့အား ငါအသျှင်မြတ်သည် (အချို့သော အမှုကိစ္စများ၌ ပမာအားဖြင့် ပင်လယ်သမုဒ္ဒရာကို ကျော်ဖြတ်နိုင်စေခြင်းနှင့် မိုးတိမ်မိုးသားတို့က အရိပ်အဖြစ် ရှိပေးခြင်း အစရှိသော အချက်အလက်တို့ဖြင့် ထိုခေတ်ကာလတွင် ရှိခဲ့ကြသော) ကမ္ဘာသူ၊ ကမ္ဘာသားတို့ထက် ထူးကဲမြင့်မြတ်စေတော်မူခဲ့၏။

ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား သာသနာ့အရေးနှင့် စပ်လျဉ်း၍ ထင်ရှားလှစွာသော သာဓကများကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ (ဆိုလိုသည်မှာ ၎င်းတို့အား အလွန်တရာ ရှင်းလင်းလှစွာသော 'မုအ်ဂျေဇာဟ်' တန်ခိုးတော်များကို တွေ့မြင်စေတော်မူခဲ့ပေသည်။ အချုပ်ဆိုရသော် ရုပ်ပိုင်းဆိုင်ရာ (ခံစားသိမြင်နိုင်ခြင်းဆိုင်ရာ)၊ နာမ်ပိုင်းဆိုင်ရာ၊ 'အိလ်မ်' (အသိပညာ) ပိုင်းဆိုင်ရာ အမျိုးမျိုးသော 'နေ့အ်မသ်' စည်းစိမ်တော်များကို ချီးမြှင့်ပေးသနားတော်မူခဲ့ပေသည်။ သို့ရှိရာ ကောင်းစွာ အမိန့်နာခံမှုကို ပြုသင့်ပေသည်။ သို့ရာတွင်) ၎င်းတို့သည် မိမိတို့ထံသို့ အသိပညာ ရောက်ရှိပြီးနောက်မှာပင် မိမိတို့အချင်းချင်း တုပြိုင်သောအားဖြင့် (မခံချင်၊ မနာလိုမှုကြောင့်) ကွဲလွဲခဲ့ကြကုန်၏။ (အကြင်အချက်၏ အကြောင်းကို (၂) ပါရာ၏ سَلْ بَنِيٓ إِسْرَآءِيلَ ဟူသော အာယသ်တော်၏ ရှင်းလင်းချက်အောက်၌ တင်ပြခဲ့ပြီးဖြစ်သည်။ အလိုသဘောမှာ အမှန်စင်စစ်တွင် 'အိလ်မ်' (အသိပညာ) သည် ကွဲလွဲမှုများကို ချေမှုန်းပစ်နိုင်သော အကြောင်းခံ ဖြစ်သင့်ပေသည်။ သို့သော် ၎င်းတို့၏ သူတလူ၊ ငါတမင်း ပြုလုပ်နေခြင်း အတ္တက ပြောင်းပြန် ထို 'အိလ်မ်' (အသိပညာ) အား ကွဲလွဲမှုကို ဖန်တီးပေးသော အရာအဖြစ် ပြုလိုက်ပေသည်။) ဧကန်မလွဲ အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် ၎င်းတို့၏ကြားဝယ် 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင် ၎င်းတို့ ကွဲပြားလျက်ရှိခဲ့ကြသော အရေးကိစ္စနှင့် စပ်လျဉ်း၍ စီရင်ဆုံးဖြတ်တော်မူပေမည်။

ထို့နောက် ဗနီအိစ်ရာအီးလ်မျိုးနွယ်အုပ်စုအတွင်း၌ နဗီတမန်တော်များ ပွင့်ပေါ်လာခြင်း ကုန်ဆုံးသွားပြီးနောက် အို၊ နဗီတမန်တော်) ငါအသျှင်မြတ်သည် အသင့်အား (နဗီအဖြစ် ချီးမြှင့်ပေးသနားတော်မူ၍) သာသနာအရေးနှင့် စပ်လျဉ်းသော အထူး (ရှရီအသ်တရားဥပဒေ) လမ်းစဉ်တစ်ရပ်အပေါ်၌ ရပ်တည်စေတော်မူခဲ့၏။ သို့ဖြစ်ပေရာ အသင်သည် ထိုလမ်းစဉ်ကိုသာ လိုက်ပါလေ။ (ဆိုလိုသည်မှာ ကျင့်ကြံပြုမူဆောင်ရွက်သည့် ကဏ္ဍ၌ဖြစ်စေ၊ သာသနာပြု ပို့ချရေး ကဏ္ဍ၌ဖြစ်စေ) အသင်သည် အသိပညာ ကင်းမဲ့သော သူတို့၏ အလိုဆန္ဒများကို မလိုက်ပါလေနှင့်။ (၎င်းတို့၏ တပ်မက်မှုမှာ အသင့်အနေဖြင့် သာသနာပြု ပို့ချရေးကိစ္စကို စွန့်လွှတ်လိုက်ရန် ဖြစ်သည်။ ဤအတွက်ကြောင့် 'အသင်သည် စိတ်သောက ဝေဖြာကာ

သာသနာပြု ပို့ချရေးကိစ္စကို စွန့်လွှတ်သွားစေရန်' ဤသူတို့သည် အသင့်အား အမျိုးမျိုးသော နည်းတို့ဖြင့် စိတ်သောက ဝေဖြာအောင် ပြုနေကြပေသည်။ သို့ရှိရာ အသင့်ဘက်မှ ဤသို့ ၄င်းတို့ လိုချင်သည့် အဖြစ် သဏ္ဌာန်မျိုး ပေါ်ပေါက်လာရန်မှာ မဖြစ်နေနိုင်လင့်ကစား သို့ရာတွင် သာသနာပြု ပို့ချရေး အရေးကိစ္စကို အလေးထားဆောင်ရွက်ရန်အတွက် တစ်ဖန် အသင့်အား ဤကဲ့သို့သော အမိန့်ကို ထပ်မံထုတ်ပြန်တော်မူခြင်း ဖြစ်ပေသည်။)

(ရှေ့၌ ဤသို့သော နည်းလမ်းဖြင့် ထိုအမိန့်တော်အား ထုတ်ပြန်ထားရခြင်း၏ အကြောင်းခံကို မိန့်တော်မူထားသည်မှာ) ကေန်စင်စစ် ၄င်းတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ဆန့်ကျင်၍ အနည်းငယ် စိုးစဉ်းမျှပင် အသင့်အဖို့ အလျဉ်း အသုံးဝင်ကြမည် မဟုတ်ပေ။ (သို့ဖြစ်ပေရာ ၄င်းတို့၏ အမိန့်များကို လိုက်နာသမှု မပြုလေနှင့်။) ၄င်းပြင် ကေန်အမှန် မတရားသောသူတို့သည် ၄င်းတို့အနက် အချို့မှာ အချို့၏ အဆွေခင်ပွန်းများပင် ဖြစ်ကြကုန်၏။ (တစ်ဦး၏ စကားကို တစ်ဦးက လက်ခံကြပေသည်။) သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် သူတော်ကောင်းတို့၏ အဆွေခင်ပွန်းဖြစ်တော်မူ၏။ (အပြစ်ရှောင်ကြဉ်သော သူတို့သည် ထိုအသျှင်မြတ်၏ မိန့်မြွက်ချက်များကို ယုံကြည်နာခံကြပေသည်။ သို့ရှိရာ အသင်သည် မတရားသောသူတစ်ဦး မဟုတ်ဘဲ အပြစ်ရှောင်ကြဉ်ကြကုန်သော သူတို့၏ ခေါင်းဆောင်ဖြစ်ပေရာ အသင့်အနေနှင့် ၄င်းတို့၏ လမ်းစဉ်ကို လိုက်နာသမှုပြုခြင်းသည် မည်သို့မျှ ဆက်စပ်မှုမရှိသော အရာဖြစ်ပေသည်။ သို့သာမက အသင့်တွင်မူ အလ္လာဟ်အသျှင်မြတ်၏ တရားဒေသနာတော်များအား လိုက်နာသမှု ပြုခြင်း၏ သီးသန့်ဆက်နွယ်ပတ်သက်မှုမျိုး ရှိပေသည်။ အချုပ်ဆိုရသော် အသင်သည် နဗီနှင့် မှန်ကန်သော ရှရီအသ်တရားတော်ကို ရရှိထားသူ ဖြစ်ပေသည်။)

(အသင့် ရရှိထားသော) ဤ (ကုရ်အာန်)ကျမ်းတော်မြတ်သည် လူခပ်သိမ်းတို့အဖို့ ရှင်းလင်းထင်ရှားစွာသော သက်သေအထောက်အထားများနှင့် (တရားလမ်းမှန် ရရှိစေသော အကြောင်းခံဖြစ်၍) တရားလမ်းညွှန် ဖြစ်၏။ ၄င်းနောက် (အီမာန်) ယုံကြည်ကြသော သူတို့အဖို့ (အလွန်ကြီးကျယ်လှစွာသော) ကရုဏာ (တော် ရရှိစေသည့် အကြောင်းခံ) လည်း ဖြစ်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအာယသ်တော်များအား တင်ပြရခြင်း၏ အဓိက ရည်ရွယ်ချက်သည် တမန်တော်မြတ် ﷺ ရစူလ်ဖြစ်ကြောင်းကို အတည်ပြုရန်အတွက် ဖြစ်ပေသည်။ ထိုအချက်နှင့် ဆက်စပ်၍ တစ်ဆက်တည်းမှာပင် ကာဖိရ်များဘက်မှ ဒုက္ခပေးခြင်းများအပေါ် တမန်တော်မြတ် ﷺ အား ဖြေသိမ့်မှုကိုလည်း ပေးထားတော်မူပေသည်။

إِنَّ رَبَّكَ يَقْضِي بَيْنَهُمْ ـــ الخ

ထိတိုင် အာယသ်တော်များ၏ စာစဉ်အကြောင်းအရာများမှ အကျိုးနှစ်ရပ် ထုတ်ဖော်ကောက်ယူနိုင်ပေသည်။ တစ်ရပ်မှာ ဗနီအိစ်ရာအီးလ်တို့အား တရားကျမ်းဂန်နှင့် 'နဗူဝသ်' ချီးမြှင့်ပေးခြင်းမှ အသင်သည်

နဗီတမန်တော်ဖြစ်ကြောင်းကို အထောက်အကူ အသာပေးမှုရရှိခြင်းနှင့် ဗနီအိစ်ရာအီးလ်လူမျိုးစုတို့အတွင်း ဝယ် အကြင်အကြောင်းခံများကြောင့် ဂိုဏ်းဂဏ ကွဲပြားခဲ့ကြ၏။ ထိုအကြောင်းခံ ဖန်တီးမှုမျိုးကိုပင် အသင်၏ မျိုးနွယ်အုပ်စုတို့သည် အသင်နှင့် ပတ်သက်၍ ဂိုဏ်းဂဏ ကွဲပြားရာ၌ တွေ့ကြုံခဲ့သည်ဖြစ်ခြင်း၊ ဆိုလိုသည်မှာ လောကီရေးရာကို ခင်တွယ်ခြင်းနှင့် မနာလိုဝန်တိုခြင်း၊ စိတ်ရိုင်းအလိုကို လိုက်ခဲ့၍သာဖြစ်ပြီး အသင့်ဘက်မှ တင်ပြလာသော အထောက်အထား များအတွင်း တစ်စုံတစ်ရာ လျော့နည်းလိုအပ်ချက်ရှိ၍ မဟုတ်ရာ အသင်သည် ဝမ်းနည်းပူဆွေးမှု မဖြစ်လေနှင့်' ဟု တမန်တော်မြတ် ﷺ အား ဖြေသိမ့်မှုအား ပေးထားတော်မူပေသည်။ *[ဗယာနွှလ်ကုရ်အာန်ကျမ်း]*

ကျွန်ုပ်တို့တမန်တော်မြတ် ﷺ ၏ အွမ္မသ် နောက်လိုက်သားများအဖို့ အတိတ်ခေတ်အွမ္မသ် (နောက်လိုက်ထုများ) ၏ ရှရီအသ်တရားတော်လာ သာသနာ့အမိန့်တော်များနှင့် ပတ်သက်၍ အမိန့်ပြဌာန်းချက်

ثُمَّ جَعَلْنٰكَ عَلٰى شَرِيْعَةٍ مِّنَ الْاَمْرِ

ထို့နောက် အို၊ နဗီတမန်တော်၊ ငါအသျှင်မြတ်သည် အသင့်အား သာသနာ့အရေးနှင့် စပ်လျဉ်း၍ အထူး 'ရှရီအသ်'တရားဥပဒေ လမ်းစဉ်တစ်ရပ်အပေါ်၌ ရပ်တည်စေတော်မူခဲ့၏။ *[၄၅ : ၁၈]*

ဤနေရာ၌ ကျွန်ုပ်တို့၏ ဦးနှောက်အသိဉာဏ်ထဲတွင် စွဲမှတ်စွာ ထည့်ထားသင့်သော အချက်မှာ အစ္စလာမ်သာသနာ၏ ဥပဒေ အမိန့်ပြဌာန်းချက်များမှ အချို့သော ဥပဒေအမိန့်ပြဌာန်းချက်များသည် ယုံကြည်ချက်၊ ခံယူချက်ပိုင်းဆိုင်ရာ မူဝါဒများမှ ဖြစ်ပေသည်။ ဥပမာ- 'သောင်ဟီးဒ်' (အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်း ကိုးကွယ်ခံထိုက်တော်မူသော အသျှင်အဖြစ် တည်ရှိခြင်းတရား) နှင့် 'အာခိရသ်'နောင် တမလွန် သက်တမ်းရှိခြင်း အစရှိသော အချက်များ ဖြစ်ပေသည်။ အချို့သော အချက်များသည် လက်တွေ့ကျင့်ကြံ ပြုမူဆောင်ရွက်ခြင်းဆိုင်ရာတို့နှင့် ပတ်သက်၍နေသော ပညတ်ချက်များဖြစ်ပေသည်။ အခြေခံပိုင်းဆိုင်ရာ မူဝါဒတို့သည် နဗီတိုင်း၏ 'အွမ္မသ်' (နောက်လိုက်ထု) တို့အတွင်း တူညီစွာဖြင့် တည်ရှိခဲ့ပေသည်။ ထိုခံယူ ချက်ပိုင်းဆိုင်ရာ မူဝါဒအတွင်းဝယ် အတိုးအလျှော့နှင့် ပြောင်းလွဲမှုများ မည်သည့်အခါကမှ မဖြစ်ပေါ်ခဲ့ပေ။ သို့ရာတွင် ကျင့်ကြံပြုမူ ဆောင်ရွက်ခြင်းဆိုင်ရာ ပညတ်ချက်များသည် နဗီတမန်တော်များ၏ သာသနာ တော်များအတွင်းဝယ် မိမိတို့၏ သက်ဆိုင်ရာ ခေတ်ကာလတို့ကို ထောက်ရှု၍ ပြောင်းလွဲကာ ရှိခဲ့ပေသည်။ တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ ထိုဒုတိယအမျိုးအစား ပညတ်ချက်များကို 'ရှရီအသ်' တရားဥပဒေ၏ သီးသန့်လမ်းစဉ်ဟူ၍ သုံးနှုန်းမိန့်ဆိုထားပေသည်။ ထို့ကြောင့် ဓမ္မသတ်ပညာရှင်များသည် ဤအာယသ်တော်မှ 'တမန်တော်မိုဟမ္မဒ် ﷺ ၏ 'အွမ္မသ်' (နောက်လိုက်ထု) တို့အဖို့ တမန် တော်မြတ် ﷺ ၏ သာသနာ၏ ပညတ်ချက်များကိုသာလျှင် လိုက်နာရန် 'ဝါဂျိဗ်'ဖြစ်ပေသည်။ အတိတ်ခေတ် မျိုးနွယ်ဝင်အုပ်စုများအား ပေးထားသော ပညတ်ချက်များကို 'ကုရ်အာန်ကျမ်းတော်မြတ်'နှင့် 'ဟဒီးစ်'တော်

တို့ဖြင့် ထိုပညတ်တော်များအပေါ် ထောက်ခံသမှု မရသေးသရွေ့ ကာလပတ်လုံး ထမ်းဆောင်ရန် တာဝန်မရှိပေဟု အမိန့်ရှိထားသည်။ ထောက်ခံမှု ပြုပေးခြင်း၏ ပုံစံတစ်ရပ်မှာ 'မည်သည့်နဗီ၏ နောက်လိုက်အွမ္မသ်ထုတို့အား ထုတ်ပြန်ချမှတ်ပေးထားသော မည်သည့်ပညတ်ချက်များသည် ကျွန်ုပ်တို့အဖို့လည်း ပြုမူဆောင်ရွက်ရန် တာဝန်ရှိကြောင်း'ဟူ၍ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်တို့တွင် ရှင်းလင်းစွာဖြင့် တင်ပြမိန့်ဆိုထားခြင်း ဖြစ်ပေသည်။ ဒုတိယပုံစံမှာ 'ကုရ်အာန်ကျမ်းတော်မြတ် (သို့မဟုတ်) တမန်တော်မြတ် ﷺ သည် အတိတ်ခေတ်မျိုးနွယ်အုပ်စု နောက်လိုက်ထုတို့ ဆောင်ရွက်ခဲ့ကြကုန်သော အမိန့်တစ်ရပ်ကို ကောင်းသော လုပ်ရပ်ဟု သတ်မှတ်၍ ချီးမွမ်းသော ပုံစံမျိုးဖြင့် အမိန့်ရှိထားပြီး ထိုပညတ်ချက်အမိန့်တော်နှင့် စပ်လျဉ်း၍ 'ဤအမိန့်သည် ကျွန်ုပ်တို့၏ ခေတ်ကာလ၌ ဖျက်သိမ်းခြင်း ခံလိုက်ရပြီး'ဟူ၍ မိန့်တော်မမူထားလျှင် 'ဤအမိန့်သည် ကျွန်ုပ်၏ သာသနာတော်အတွင်း၌လည်း ဆက်လက် အတည်ဖြစ်ရှိနေသည်ကို သိရှိရ၏။ ယင်းပညတ်ချက်တော်အပေါ် လိုက်နာတာဝန်ထမ်းဆောင်ရန် တာဝန်ရှိ အရေးကြီးသွားရခြင်းသည် အမှန်စင်စစ်၌ တမန်တော်မြတ် ﷺ ၏ သာသနာတော်၏ အစိတ်အပိုင်းတစ်ခုအဖြစ်နှင့်သာလျှင် ဖြစ်ပေသည်။ ဤနေရာ၌ ဤမျှခန့်ဖြင့် ဓမ္မသတ်အချက်၏ အရင်းအမြစ်ကို သိရှိနားလည်ရန်အတွက်လုံလောက်ပေသည်။ အကျယ်ချဲ့အချက်များကို 'အုစူးလေဖိကာဟ်' ဓမ္မသတ်ပိုင်းဆိုင်ရာ အခြေခံမူဝါဒ အကျယ်အချက်အလက်များကို တင်ပြထားသော ပညာရပ်ဆိုင်ရာ စာအုပ်များ၌ ရေးသားတင်ပြထားပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

أَمْ حَسِبَ الَّذِينَ اجْتَرَحُوا السَّيِّئَاتِ أَن نَّجْعَلَهُمْ كَالَّذِينَ آمَنُوا
وَعَمِلُوا الصَّالِحَاتِ سَوَاءً مَّحْيَاهُمْ وَمَمَاتُهُمْ ۚ سَاءَ مَا يَحْكُمُونَ ﴿٢١﴾

၄၅ : ၂၁ ။ ။ မကောင်းမှုများကို ကျူးလွန်ကြသော သူတို့သည် မိမိတို့အား ငါအသျှင်မြတ်သည် အီမာန်သက်ဝင်ယုံကြည်၍ ကောင်းမှုများကို ကျင့်မူခဲ့ကြကုန်သော သူတို့ကဲ့သို့ ထိုသူတို့၏ အသက်ရှင်ခြင်းနှင့် အသက်သေဆုံးခြင်းကို (ထပ်တူထပ်မျှ) ပြုလုပ်တော်မူမည်ဟု ထင်မှတ်ကြလေသလော။ ၎င်းတို့၏ စီရင်ဆုံးဖြတ်ချက်သည် လွန်စွာ ဆိုးရွားလှပေ၏။

وَخَلَقَ اللَّهُ السَّمَاوَاتِ وَالْأَرْضَ بِالْحَقِّ وَلِتُجْزَىٰ كُلُّ نَفْسٍ بِمَا كَسَبَتْ وَهُمْ لَا يُظْلَمُونَ ﴿٢٢﴾

၄၅ : ၂၂ ။ ။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေကို နက်နဲသိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် လျော်ညီစွာ ဖန်ဆင်းတော်မူခဲ့၏။ ၎င်းပြင် လူတိုင်းလူတိုင်းသည် မိမိတို့ ရှာဖွေဆည်းပူးခဲ့ကြသော (ကောင်းမှု၊ မကောင်းမှု) နှင့် စပ်လျဉ်း၍ အစားပေးခြင်းကို ခံရကြရန်အလို့ငှာ (ဖန်ဆင်းတော်မူခဲ့၏၊) သို့ရာတွင် ၎င်းတို့သည် မတရားမှု ပြုလုပ်ခြင်းကို ခံကြရမည်မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

('ကေယာမသ်'နေ့ကို ငြင်းဆိုကာ 'ကုဖ္ဖရ်' (သွေဖည်ငြင်းဆိုမှု)၊ 'ရှရစ်က်' (တုဖက်နှိုင်းယှဉ်မှု) နှင့် နိုင်ထက်စီးနင်းပြုသူ အကုသိုလ်ဒုစရိုက် ပြစ်မှု) မကောင်းမှုများကို ကျူးလွန်ကြသော သူတို့သည် မိမိတို့အား ငါအသျှင်မြတ်သည် အီမာန်သက်ဝင် ယုံကြည်၍ ကောင်းမှုများကို ပြုလုပ်ကြသော သူတို့ကဲ့သို့ပင် ၎င်းတို့၏ အသက်ရှင်ခြင်းနှင့် သေဆုံးခြင်းကို (ထပ်တူထပ်မျှ) ပြုလုပ်တော်မူမည်ဟု ထင်မှတ်ကြလေသလော။ (မုအ်မင်န်တို့သည် အသက်ရှင်နေစဉ် လောကီဘဝ၌လည်း စည်းစိမ်ခံစားခြင်းတို့မှ ကင်းလွတ်၍ နေကြရကာ ဤကဲ့သို့ပင် သေဆုံးပြီးနောက်ပိုင်း၌လည်း လက်မဲ့ ဖြစ်ရှိနေမည်ဟူ၍ မုအ်မင်န်တို့၏ ရှင်ခြင်းနှင့် သေခြင်းသည် တစ်သမတ်တည်း ဖြစ်ပေါ် တည်ရှိနေပေလိမ့်မည်ဟု ထင်မှတ်ကြလေသလော။ ကာဖိရ်များသည် ဤလောကီဘဝ သက်တမ်း၌ ပြစ်ဒဏ်နှင့် ဘေးဒုက္ခတို့မှ ကင်းလွတ်နေကြကာ ဤနည်းနှင်နှင် သေဆုံးပြီးနောက်ပိုင်းကာလ၌လည်း 'အဇာဗ်'ပြစ်ဒဏ် ခံစားနေရခြင်းမှ ကင်းလွတ်ခွင့် ရရှိနေမည်ဟူ၍ ကာဖိရ်တို့သည် မိမိတို့ကိုယ်ကို မိမိ ရှင်ခြင်းနှင့် သေခြင်းကို တန်းတူဖြစ်မည်ဟူ၍ စွဲမှတ် ယုံကြည်ထားကြလေသလော။ အလိုသဘောမှာ စာရင်းအင်းစစ်ဆေး၊ အကောင်းအဆိုး၏ အစားပေးခြင်း ခံရမည်ဟူသော အချက်အား ငြင်းဆိုလိုက်ခြင်းဖြင့် 'နာခံတတ်သော ကျေးကျွန်အပေါင်းတို့အဖို့လည်း မည်သည့်နေရာ၌မှာပင် နာခံခြင်း၏ အကျိုးကို မရရှိဘဲ ဆန့်ကျင်မှုကို ပြုသောသူများအဖို့လည်း မည်သည့်အခါမျှ ဆန့်ကျင်ဘက် ပြုခြင်း၏ ပြစ်ဒဏ်မကျရောက်နိုင်ကြောင်း'ဟူသော အချက်သည် မုချ ထွက်ပေါ်လာပေသည်။) ၎င်းတို့၏ စီရင်ဆုံးဖြတ်ချက်သည် လွန်စွာ ဆိုးရွားလှပေသည်။

စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေကို နက်နဲသိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် လျော်ညီစွာ ဖန်ဆင်းတော်မူခဲ့၏။ (အမြော်အမြင်တော်တစ်ရပ်မှာ ဤသို့တည်း။ ထိုဧရာမ အဖန်ဆင်းခံကြီးများအား ဖန်ဆင်းနိုင်ခြင်း၏ စွမ်းဆောင်နိုင်ခြင်းကို မျက်ဝါးထင်ထင် တွေ့မြင်ခြင်းဖြင့် အသိဉာဏ်ရှိသော သူတိုင်းသည် 'အကြင်အသျှင်မြတ်သည် ပထမအကြိမ် ထိုအရာများကို ဖန်ဆင်းတော်မူနိုင်ပေရာ ထိုအသျှင်မြတ်သည်ပင်လျှင် ထိုအရာများကို ယိုယွင်းပျက်စီးစေတော်မူ၍ ဒုတိယအကြိမ်အဖြစ်လည်း ဤကဲ့သို့ပင် တည်ရှိအောင် ပြုနိုင်ကြောင်း'ကို သဘောပေါက် နားလည်သွားပေလိမ့်မည်။ အကြင်အထက် တင်ပြပါအချက်မှ 'ကေယာမသ်'နှင့် 'အာခေရသ်'နောင်တမလွန် သက်တမ်းတည်ရှိကြောင်းကို အတည်ပြု၍ ရရှိပေသည်။) ၎င်းအပြင် (ဒုတိယအမြော်အမြင်တော်မှာ) လူတိုင်းလူတိုင်းသည် မိမိတို့ ရှာဖွေဆည်းပူးခဲ့ကြသော (ကောင်းမှု၊ မကောင်းမှု) နှင့် စပ်လျဉ်း၍ အစားပေးခြင်းကို ခံကြရန်အလို့ငှာ (ဖန်ဆင်းတော်မူခဲ့၏။) 'ကမ္ဘာလောက၌ ပြည့်ဝသော အစားပေးခြင်း မဖြစ်နိုင်ကြောင်း' ကို ၎င်းတို့အားလုံးသည် သိရှိကြပေသည်။ ထို့ကြောင့် 'အာခေရသ်'နောင်တမလွန်သက်တမ်း တည်ရှိရန်သည် အရေးကြီးသွားပေသည်။) သို့ရာတွင် ၎င်းတို့သည် (ဤသို့ အစားပေးခြင်းခံကြရာ၌) မတရားပြုလုပ်ခြင်းကို ခံကြရမည်မဟုတ်ပေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

"အာခေရတ်"နောင်တမလွန်လောကနှင့် ထိုလောက၌ ကြောင်းကျိုးပြစ်ဒဏ်၊ ခံစား၊ စံစားခြင်းသည် ဦးနှောက်အသိဉာဏ်အရပင် ရှိသင့်ရှိထိုက်သော အချက်ဖြစ်ခြင်းအကြောင်း

တင်ပြပါအာယသ်တော် နှစ်အာယသ်အနက် ပထမအာယသ်တော်၏ ရလဒ် သဘောတရားမှာ 'အစားပေးခြင်းခံရမည့်နေ့' မုချ တည်ရှိကြောင်းအပေါ် ဦးနှောက်အသိဉာဏ်ကို အသုံးချကာ အထောက်အထားအဖြစ် ကောက်ယူနိုင်သည့် အချက်တစ်ချက်ပင် ဖြစ်ပေသည်။ ထိုအချက်မှာ ဤသို့ပင် ဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်မျှ ငြင်းဆိုရန် အခွင့်အလမ်းမရှိကာ လူတိုင်းလူတိုင်း တွေ့မြင်နေရသော အချက်မှာ 'ကမ္ဘာလောက၌ ကောင်းသော၊ မကောင်းသော အပြုအမူများအားလုံး၏ ပြည့်ဝစွာသောအစားကို မခံစား၊ မစံစားရကြောင်း' ဟူသော အချက်ပင် ဖြစ်ပေသည်။ သို့သာမက များသောအားဖြင့် ကာဖိရ်များနှင့် သူယုတ်မာများသည် လောကီရေးရာ၏ ခနှင့် ဇိမ်ခံကာ သာယာဝပြောစွာဖြင့် သက်တမ်းကို မွေးမြူနေကြပေသည်။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်ကို နာခံသော ကျေးကျွန်များသည် ဆင်းရဲငတ်မွတ်ကာ ဘေးဒုက္ခများနှင့် လုံးထွေးနေရလျက် ရှိကြပေသည်။ ပထမအချက်သည်မှု ကမ္ဘာလောက၌ အပြစ်ကျူးလွန်ခဲ့သူများ ကျူးလွန်ခဲ့သော ပြစ်မှုကို များသောအားဖြင့် သတင်းမရ၊ မသိရှိရပေ။ သိရှိရပြီးဆိုလျှင်လည်း များသောအားဖြင့် ဖမ်းဆီး၊ အရေးယူကွပ်မျက်ခြင်းကို မခံကြရပေ။ တစ်ခါတစ်ရံ အဖမ်းခံ အရေးယူခြင်း ခံရသည်ဆိုပါကလည်း ပိုင်ခြင်း၊ မပိုင်ခြင်း၊ မှန်ခြင်း၊ မှားခြင်းတို့ကို ဂရုမမူဘဲ ပြစ်ဒဏ်မှ ရှောင်ရှားရန် လမ်းကြောင်းများကို ရှာဖွေနေကြပေသည်။ ရာပေါင်းများစွာထဲမှ တစ်ဦးတစ်ယောက်သည်ပင်လျှင် ပြစ်ဒဏ်ခံရသည်ဆိုပါကလည်း ၎င်းသည်လည်း မိမိခံစားရမည့် ပြစ်ဒဏ်ကို ပြည့်ဝစွာ ခံစားခဲ့သည်မဟုတ်ပေ။ ဤကဲ့သို့ပင် အလ္လာဟ်အသျှင်မြတ်၏ သူပုန်သည် မိမိ၏ စိတ်ဆင်ရိုင်း၏ အလိုကို လိုက်ကာ ဤလောကီရေးရာသက်တမ်း၌ ပျော်ရွှင်စွာဖြင့် လှည့်လည်သွားလာနေပေသည်။ သာသနာ့ပညတ်ချက်များကို လိုက်နာဆောက်တည်သော မုအ်မင်န်တို့မှာ များစွာသော စည်းစိမ်ရတနာနှင့် အရသာတို့ကိုမှု 'ဟရာမ်'ဟူ၍ မှတ်ယူကာ စွန့်လွှတ်ထားကြပေသည်။ ဘေးဒုက္ခများမှ လွတ်မြောက်မှုရရှိရန်အတွက်လည်း ပိုင်သော နည်းလမ်းတို့ကိုသာလျှင် အသုံးပြုကြပေသည်။ ထို့ကြောင့် ကမ္ဘာလောကတွင် ၎င်းတို့သည် ကြီးကျယ်လှစွာသော သက်တောင့်သက်သာ ဖြစ်မှုများနှင့် ဇိမ်အရသာတို့မှ လက်မဲ့ဖြစ်နေရခြင်းမှာ ထင်ရှားလှပေသည်။

'ဤကမ္ဘာလောက၌ ကျင့်ကြံပြုမူမှုများ၏ ပြည့်ဝစွာ အစားပေးခြင်း မခံရခြင်းကို သိရှိသွားပါမူ ယခု အကယ်၍ ဤကမ္ဘာလောက၏နောက် 'အာခေရတ်'နောင်တမလွန်သက်တမ်းမရှိမူ၊ ထိုတမလွန်လောက၌ ဒုတိယအကြိမ် အသက်ပြန်လည် ရှင်ပြန်ထရမည်ဖြစ်ခြင်း၊ ကြောင်းကျိုးပြစ်ဒဏ်များ၏ အစားပေးခြင်းမရှိမူ ကမ္ဘာလောက၌ သူခိုး၊ ဓါးပြ၊ ကာမေ သုမိစ္ဆာစာရကံကို ကျူးလွန်မှုနှင့် သတ်ဖြတ်မှု အစရှိသော အချက်တို့ကို 'ပြစ်မှု'ဟူ၍ ဆိုခြင်းသည် ဦးနှောက် အသိဉာဏ်ကင်းမဲ့သော အချက်မဟုတ်က

အခြားမည်သို့ သတ်မှတ်မည်နည်း။ ဤသူတို့သည် များသောအားဖြင့် ကမ္ဘာလောက၌ အလွန် အောင်မြင်သော သက်တမ်းကို မွေးမြူကာ ကျော်ဖြတ်နေပေသည်။ သူခိုးတစ်ဦး၊ ဓါးပြတစ်ဦးသည် တစ်ညတည်းအတွင်း၌မှာပင် ဘွဲ့ရပညာတတ်တစ်ဦး နှစ်ပေါင်းချီ၍ အမှုထမ်း ကြိုးပမ်းရှာဖွေ၍ မရရှိနိုင်လောက်သည့် စည်းစိမ်ရတနာတို့ကို ရယူတတ်ကြပေသည်။ သို့ရှိရာ အကယ်၍ 'အာခေရသ်'နောင်တမလွန်နှင့် ယင်းလောက၏ စာရင်းအင်းစစ်ဆေးမှုသည် တစ်စုံတစ်ရာမျှ မဟုတ်ပါမူ ထိုသူခိုး၊ ဓါးပြကို မွန်မြတ်သူများနှင့် ဘွဲ့ရပုဂ္ဂိုလ်တို့ထက် သာပို မွန်မြတ်သည်ဟူ၍ ပြောဆို သတ်မှတ်ရတော့မည်သာ ဖြစ်ပေမည်။ ထိုအချက်ကို မည်သည့်ဦးနှောက်ရှိသူ တစ်ဦးတစ်ယောက်ကမျှ နှစ်မြို့နိုင်မည် မဟုတ်ပေ။ 'ထိုသူတို့အပေါ် ကမ္ဘာလောက၌ ပြင်းထန်သော ပြစ်ဒဏ်များကို အစိုးရတိုင်း အစိုးရတိုင်းသည် သတ်မှတ်ထားပေသည်။ သို့ရာတွင် ယနေ့ မျက်မှောက်ခေတ်၏ အတွေ့အကြုံက 'ဦးနှောက်အသိဉာဏ်ကင်းမဲ့သော တရားခံသာလျှင် အဖမ်းခံရပေသည်။ သွက်လက်ဖြတ်လတ်သော ဒုစရိုက်မှုကို ကျူးလွန်လေ့ရှိသည့် တရားခံများအဖို့ ပြစ်ဒဏ်မှ ရှောင်ရှားရန် လမ်းကြောင်းများ ပွင့်လျက်ရှိသည်။ လာဘ်ဘေားခြင်းဟူသော သူခိုးလမ်းတစ်ခုသည်ပင်လျှင် ၄င်းတို့ ထွက်ပြေးလွတ်မြောက်ရန်အတွက် တံခါးတစ်ခုအဖြစ် လုံလောက်နေပေသည်' ဟူသော အချက်ကို ပြသလျက်ရှိနေပေသည်။ အချုပ်သဘောတရားမှာ ဤသို့ပင် ဖြစ်မည်။ 'ကမ္ဘာလောက၌ ကောင်းမှု၊ မကောင်းမှုသည် တစ်စုံတစ်ရာမျှ မဟုတ်ပေ။ မိမိအလိုသဘောဆန္ဒကို အကြင် မည်သည့်နည်းနှင့်မဆို ရယူခြင်းသည် လုံး၀ ကုသိုလ်အကျိုးစ၀ါးဗ်ပင် ဖြစ်သည်' ဟူသော အချက်ကို လက်ခံရတော့ပေမည်။

သို့ရာတွင် ထိုအချက်အား ကမ္ဘာလောက၌ ပြောဆိုသည့်သူ တစ်ဦးတစ်ယောက်မျှ မရှိပေ။ 'ကောင်းမှု၊ မကောင်းမှု မတူညီခြင်းကို လက်ခံလိုက်ရမည်ဆိုလျှင်လည်း တစ်ဖန် နှစ်ချက်စလုံး၏ အဆုံးရလဒ်ကို တန်းတူအဖြစ် ထားရမည်လော။ သို့သာမက မကောင်းသူနှင့် တရားခံ အပြစ်ကျူးလွန်သူများကို သူမွန်သူမြတ်တို့ထက် သာပို၍ သက်တောင့်သက်သာ နေထိုင်စေပါလေဟု ခွင့်ပြုမည်လော။' သို့ဆိုလျှင် ၄င်းထက် ကြီးမားသော မတရားမှု ရှိတော်မူမည်မဟုတ်ပေ။ ထိုအချက်ကိုပင် ကုရ်အာန်ကျမ်းတော်မြတ်၏ တင်ပြပါအာယသ်တော်အတွင်း၌ 'အသင်တို့သည် တရားခံနှင့် တရားခံမဟုတ်သည့် နှစ်ဦးစလုံးကို နှစ်ဘ၀နှစ်ဌာနစလုံး၌ တန်းတူ သတ်မှတ်လိုက်ပါ၏လော' ဟူ၍ မိန့်မြွက်ထားတော်မူပေသည်။

سَوَاءً مَحْيَاهُمْ وَمَمَاتُهُمْ

၄င်းတို့၏ အသက်ရှင်ခြင်းနှင့် အသက်သေဆုံးခြင်းကို ထပ်တူထပ်မျှ ပြုလုပ်တော်မူမည် (ဟု ထင်မှတ်ကြလေသလော။) *[၄၅ : ၂၁]*

ဤအထက်တင်ပြပါ ဆုံးဖြတ်ချက်သည် အလွန်အသိဉာဏ်ကင်းမဲ့သော ဆုံးဖြတ်ချက်ဖြစ်သည်။ ကမ္ဘာလောက၌ ကောင်းမှု၊ မကောင်းမှုတို့၏ ကောင်းကျိုးပြစ်ဒဏ်သည် ပြည့်၀စွာ မခံစား၊ မစံစားရလေရာ၊ 'အာခေရသ်'နောင်တမလွန်၌ ကြောင်းကျိုးပြစ်ဒဏ်ပေးရန်မှာ မုချ ဖြစ်တန်ကောင်းရာတည်း။ ဒုတိယ အာယသ်တော်၌လည်း ထိုအကြောင်းအရာကိုပင် ပြီးပြည့်စုံစေရန်အတွက် မိန့်တော်မူထားပေသည်။

وَلِتُجْزَىٰ كُلُّ نَفْسٍۭ بِمَا كَسَبَتْ وَهُمْ لَا يُظْلَمُونَ

ငင်းပြင် လူတိုင်းလူတိုင်းသည် မိမိတို့ ရှာဖွေဆည်းပူးခဲ့ကြသော ကောင်းမှု၊ မကောင်းမှုနှင့် စပ်လျဉ်း၍ အစားပေးခြင်းကို ခံကြရန်အလို့ငှာ ဖန်ဆင်းတော်မူခဲ့၏။ သို့ရာတွင် ၎င်းတို့သည် မတရားပြုခြင်း ခံရမည် မဟုတ်။ [၄၅ : ၂၂]

'ကမ္ဘာလောကဦ့မှာပင် ပြုမူဆောင်ရွက်ချက်တိုင်း၏ ကြောင်းကျိုးပြစ်ဒဏ်ကို အဘယ်ကြောင့် ပေးတော်မမူလေသနည်း' ဟူသော စောဒကတည်ရှိနေပြန်သည်။ ဤသည် ၎င်းတို့အား ဖန်ဆင်းခြင်းဆိုင်ရာ အမြော်အမြင်တော် ဆုံးဖြတ်သတ်မှတ်ချက်နှင့် ဆန့်ကျင်ဘက်ဖြစ်၍ နေသောကြောင့် ဖြစ်ပေသည်။ အကြောင်းမှာ ဤလောကကို အလ္လာဟ်အသျှင်မြတ်သည် ပြုမူဆောင်ရွက်ရမည့် ဌာနနှင့် စမ်းစစ်မည့်ဌာနအဖြစ် ပြုလုပ်ထားတော်မူပေသည်။ အစားပေးမည့် ဌာနအဖြစ် ပြုလုပ်ထားတော်မမူပေ။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏။)

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

أَفَرَءَيْتَ مَنِ ٱتَّخَذَ إِلَٰهَهُۥ هَوَىٰهُ وَأَضَلَّهُ ٱللَّهُ
عَلَىٰ عِلْمٍ وَخَتَمَ عَلَىٰ سَمْعِهِۦ وَقَلْبِهِۦ وَجَعَلَ عَلَىٰ بَصَرِهِۦ غِشَٰوَةً فَمَن
يَهْدِيهِ مِنۢ بَعْدِ ٱللَّهِ ۚ أَفَلَا تَذَكَّرُونَ ﴿٢٣﴾

၄၅ : ၂၃ ॥ ॥ (အို၊ နဗီတမန်တော်) အသင်သည် မိမိ၏ စိတ်အလိုဆန္ဒကို မိမိ၏ ဆည်းကပ်ကိုးကွယ်ရာ ပြုလုပ်ထားခဲ့သောသူအား မမြင်လေသလော။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် သိတော်မူပါလျက်နှင့်ပင် ၎င်းအား လမ်းမှား၌ (စွန့်၍ထား) ရှိစေတော်မူခဲ့၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် ထိုသူ၏ နားနှင့် စိတ်နှလုံးပေါ်၌ တံဆိပ်ခတ်နှိပ်တော်မူခဲ့၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် ၎င်း၏ မျက်စိပေါ်ဝယ် အကာအဆီးကို ပြုလုပ် ချထားတော်မူခဲ့၏။ သို့ဖြစ်ပေရာ ထိုသူ့အား အလ္လာဟ်အသျှင်မြတ်မှ လွဲ၍ မည်သူသည် တရားလမ်းမှန်ကို ညွှန်ပြနိုင်သနည်း။ သို့ပါလျက် အသင်တို့သည် တရားရယူကြသည် မရှိကြလေသလော။

وَقَالُوا۟ مَا هِىَ إِلَّا حَيَاتُنَا
ٱلدُّنْيَا نَمُوتُ وَنَحْيَا وَمَا يُهْلِكُنَآ إِلَّا ٱلدَّهْرُ ۚ وَمَا لَهُم بِذَٰلِكَ
مِنْ عِلْمٍ ۖ إِنْ هُمْ إِلَّا يَظُنُّونَ ﴿٢٤﴾

၄၅ : ၂၄ ॥ ॥ စင်စစ် ('ကေယာမသ်'နေ့ကို မယုံကြည်သော) ဤသူတို့က အသက်ရှင်ခြင်းဟူသည် (ဤ) မျက်မှောက်လောကီဘဝ၌ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းမှအပ အခြားမရှိပြီ။ ကျွန်ုပ်တို့သည် (တစ်ကြိမ်တစ်ခါသာလျှင်) အသက်သေဆုံး

ကြ၍ (တစ်ကြိမ်တစ်ခါသာလျှင်) အသက်ရှင်ကြကုန်၏။ စင်စစ် ကျွန်ုပ်တို့အား ခေတ်ကာလ (အချိန်) သည်သာလျှင် ပျက်စီးစေ၏။ အမှန်စင်စစ် ဤသည်နှင့်စပ်လျဉ်း၍ ၎င်းတို့၌ မည်သည့်အသိပညာမျှပင် မရှိချေ။ ၎င်းတို့သည် ရမ်းဆ (ပြောဆို) နေကြသည်သာ ဖြစ်သည်။

وَإِذَا تُتْلَىٰ عَلَيْهِمْ آيَاتُنَا بَيِّنَاتٍ
مَا كَانَ حُجَّتَهُمْ إِلَّا أَنْ قَالُوا ائْتُوا بِآبَائِنَا إِنْ كُنْتُمْ صَادِقِينَ ﴿٢٥﴾

၄၅ : ၂၅ ။ ။ ထို့ပြင် ၎င်းတို့ရှေ့မှောက်ဝယ် ငါအသျှင်မြတ်၏ ရှင်းလင်းထင်ရှားလှစွာသော အာယသ်တော်များကို ဖတ်ကြားခြင်းခံရလေသောအခါ ၎င်းတို့က 'အသင်တို့သည် မှန်ကန်စွာ ပြောဆိုသူ သစ္စာဝါဒီများ ဖြစ်ကြလျှင် ယခုပင် ကျွန်ုပ်တို့၏ (သေဆုံးလေပြီးသော) အဘ၊ ဘိုး၊ ဘေးတို့အား (တစ်ဖန် ရှင်ပြန်ထစေပြီး) ခေါ်ယူခဲ့ကြလေကုန်' ဟု ပြောဆိုခြင်းမှအပ မည်သို့မျှ ဆင်ခြေတက်နိုင်ကြသည် မရှိပေ။

قُلِ اللَّهُ يُحْيِيكُمْ ثُمَّ يُمِيتُكُمْ ثُمَّ يَجْمَعُكُمْ إِلَىٰ
يَوْمِ الْقِيَامَةِ لَا رَيْبَ فِيهِ وَلَٰكِنَّ أَكْثَرَ النَّاسِ لَا يَعْلَمُونَ ﴿٢٦﴾

၄၅ : ၂၆ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့အား ပြောကြားပါလေ။ (အချင်းတို့) အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသင်တို့အား (မိမိအလိုရှိတော်မူသမျှ) အသက်ရှင်စွာ ထားရှိတော်မူ၏။ ထို့နောက် ထိုအသျှင်မြတ်သည်သာလျှင် အသင်တို့အား (မိမိအလိုရှိတော်မူသောအခါ) အသက်သေဆုံးစေတော်မူမည်။ ထို့နောက် ထိုအသျှင် မြတ်သည်ပင်လျှင် အသင်တို့ အား သံသယအလျှင်းမရှိသော 'ကေယာမသ်' ရှင်ပြန်ထမည့်နေ့တွင် စုရုံးတော်မူပေမည်။ သို့ရာတွင် မြောက်မြားစွာသော သူတို့သည် သိရှိကြသည် မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ နဗီတမန်တော်၊ 'သောင်ဟီးဒ်'ကိုးကွယ်ခံထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်းတရားနှင့် 'အာခေရသ်'နောင်တမလွန်၏ ဘဝသက်တမ်းနှင့် ပတ်သက်၍ ရှင်းလင်းလှစွာသော တင်ပြချက်များကို ရှင်းလင်းတင်ပြပြီးနောက်) အသင်သည် မိမိ၏ စိတ်အလိုဆန္ဒကို မိမိ၏ ဆည်းကပ်ကိုးကွယ်ရာ ပြုလုပ်ထားခဲ့သောသူအား မမြင်လေသလော။ (နှလုံးသားအတွင်းသို့ ရောက်ရှိလာသော တပ်မက်ချက်များ၏ နောက်သို့ လိုက်ကာ ပြုမူနေပေသည်။) စင်စစ် အလ္လာဟ်အသျှင်မြတ်သည် သိတော်မူလျက်နှင့်ပင် ၎င်းအား လမ်းမှား၌ (စွန့်၍ထား) ရှိစေတော်မူခဲ့၏။ (အကြောင်းမှာ အမှန်တရားကို ကြားနာသဘောပေါက်ပြီးနောက်လည်း စိတ်ဆင်ရိုင်း၏ အလိုကို လိုက်နေသည့်အတွက်ကြောင့် လမ်းလွဲလမ်းမှားခဲ့ရခြင်းဖြစ်သည်) ၎င်းပြင် (ထိုအသျှင်မြတ်သည်) ၎င်းသူ၏ နားနှင့် စိတ်နှလုံးအပေါ်၌ တံဆိပ်ခတ်နှိပ်တော်မူခဲ့၏။ ၎င်းပြင်

ထိုအသျှင်မြတ်သည် ၄င်း၏ မျက်စိအပေါ် အကာအဆီးကို ပြုလုပ်ချထားတော်မူခဲ့၏။ (ဆိုလိုသည်မှာ စိတ်ရိုင်း၏ အလိုကို လိုက်နေသောကြောင့် အမှန်တရားကို လက်ခံနိုင်ခြင်း၏ အရည်အချင်းစွမ်းအားသည် အလွန် အားအင်ချည့်နဲ့ခဲ့ပေသည်။) သို့ဖြစ်ပေရာ ထိုသူ့အား (အလ္လာဟ်အသျှင်မြတ်က လမ်းလွဲစေတော်မူပြီးနောက်) အလ္လာဟ်အသျှင်မြတ်မှလွဲ၍ မည်သူသည် တရားလမ်းမှန်ကို ညွှန်ပြနိုင်သနည်း။ (ထိုအချက်၌ ဖြေသိမ့်မှုတရားသည်လည်း ပါဝင်ပေသည်။ ရှေ့၌ ဆက်လက်၍ ထိုငြင်းဆိုသော သူများကို ခြိမ်းခြောက်သည့်အသွင်မျိုးဖြင့် မိန့်တော်မူထားသည်မှာ) သို့ပါလျက် အသင်တို့သည် (ဤတင်ပြချက်များကို ကြားနာကာ) တရားရယူကြသည် မရှိ (မသိနားမလည်) ကြသလော။ (ဆိုလိုသည်မှာ အပေါ်ယံနားလည်ခြင်းမျိုးနှင့် နားလည်နေလင့်ကစား အကျိုးပြုသော သိနားလည်မှုမျိုးကို ဆိုလိုခြင်း ဖြစ်ပေသည်။)

စင်စစ် ('ကေယာမသ်'နေ့ကို မယုံကြည်သော) ဤသူတို့က အသက်ရှင်ခြင်းဟူသည် (ဤ) မျက်မှောက်လောကီဘဝ၌ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းမှအပ ('အာခေရသ်'နောင်တမလွန်၌) အခြားမရှိပြီ။ ကျွန်ုပ်တို့သည် (တစ်ကြိမ်တစ်ခါသာလျှင်) အသက်သေဆုံးကြ၍ (တစ်ကြိမ်တစ်ခါသာလျှင်) အသက်ရှင်ကြကုန်၏။ (အလိုသဘော ရည်ရွယ်ချက်မှာ သေခြင်းကဲ့သို့ ရှင်ခြင်းသည်လည်း လောကီရေးရာအတွက်သာလျှင် သီးသန့်ဖြစ်ပေသည်။) စင်စစ် ကျွန်ုပ်တို့အား ခေတ်ကာလ (အချိန်၏ လှည့်ပတ်ပြောင်းလဲမှုသည်) သာလျှင် ပျက်စီးစေ၏။ (အလိုသဘောမှာ 'ခေတ်ကာလအချိန် ကျော်ဖြတ်၊ ကုန်လွန်နေခြင်းနှင့်အတူ ကာယအင်အားတို့သည် လျော့နည်းကုန်ခမ်းလျက် ရှိနေပေသည်။ ထိုသဘာဝ အကြောင်းခံများကြောင့် သေခြင်းတရားသည် ဆိုက်ရောက်လာခြင်းဖြစ်ပေသည်။ ဤကဲ့သို့ပင် ရှင်ခြင်းတရား၏ အကြောင်းခံသည်လည်း သဘာဝအမှုကိစ္စများသာ ဖြစ်ပေသည်။ သို့ရှိရာ သေခြင်းတရားနှင့် ရှင်ခြင်းတရားသည် သဘာဝအကြောင်းခံများ၏ အောက်၌ ရှိနေပေသည်။ သဘာဝအကြောင်းခံများသည် 'အာခေရသ်'နောင်တမလွန်၏ သက်တမ်းကို တောင်းဆိုလိုအပ်လျက် မရှိပေရာ သို့ပါ၍ 'အာခေရသ်'နောင်တမလွန်၏ သက်တမ်းသည် မရှိပေ။) အမှန်စင်စစ် ဤသည်နှင့် စပ်လျဉ်း၍ ၄င်းတို့၌ မည်သည့်အသိပညာမျှပင် မရှိပေ။ ၄င်းတို့သည် ရမ်းဆ (ပြောဆို) နေကြသည်သာ ဖြစ်၏။ (ဆိုလိုသည်မှာ လောကုတ္တရာရေးရာ သက်တမ်းမရှိကြောင်း အပေါ် အထောက်အထားတစ်စုံတစ်ရာမျှ မရှိပေ။)

ထို့ပြင် (မှန်ကန်သော သူတို့ဘက်မှ တင်ပြလာသော အထောက်အထားကိုလည်း ၄င်းတို့သည် တစ်စုံတစ်ရာ ပြန်လည်၍ တုန့်ပြန်ဖြေကြားနိုင်ခြင်း မရှိပေ။ သို့ရှိရာ ယင်းအချက်နှင့် စပ်လျဉ်း၍) ၄င်းတို့၏ ရှေ့မှောက်ဝယ် ငါအသျှင်မြတ်၏ ရှင်းလင်းထင်ရှားလှစွာသော အာယသ်တော်များကို ဖတ်ကြားခြင်း ခံရလေသော (အချိန်သို့ ရောက်ရှိလေသော) အခါ (၄င်းအာယသ်တော်များသည် လိုရင်းအချက်ကို အတည်ပြုရန်အတွက် လုံလောက်ပေသည်။ ၄င်းဖော်ပြပါအချက်အပေါ်) ၄င်းတို့က (အကယ်၍) အသင်တို့သည် (ထိုကြွေးကြော်မှုအား) မှန်ကန်စွာ ပြောဆိုသူ သစ္စာဝါဒီများဖြစ်ကြပါလျှင် (ယခုပင်) ကျွန်ုပ်တို့၏ (သေဆုံးခဲ့ပြီးသော) အဘ၊ ဘိုး၊ ဘေးတို့အား (တစ်ဖန် ရှင်ပြန်ထစေပြီး) ခေါ်ယူခဲ့ကြလေကုန်' ဟု ပြောဆိုခြင်းမှအပ မည်သို့မျှ ဆင်ခြင်တက်နိုင်ကြသည် မရှိပေ။ (ယင်းသို့ ဖြေကြားခြင်းမှအပ အခြားမည်သည့်ဖြေကြား

ချက် တစ်စုံတစ်ရာကိုမျှ မဖြေကြားနိုင်ကြပေ။ (ဥပမာ- ဦးနှောက်အသိဉာဏ်အရ အထောက်အထားဖြင့် ထိုအချက်သည် ဦးနှောက်အသိဉာဏ်အရ မဖြစ်နိုင်သောအရာဟု လက်ခံနိုင်အောင် တင်ပြခြင်းဖြစ်သည်။

(အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့ အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) အလ္လာဟ် အသျှင်မြတ်သည်သာလျှင် အသင်တို့အား (မိမိအလိုရှိတော်မူသမျှ) အသက်ရှင်စွာ ထားရှိတော်မူ၏။ ထို့နောက် ထိုအသျှင်မြတ်သည်သာလျှင် အသင်တို့အား (မိမိအလိုရှိတော်မူသောအခါ) အသက်သေဆုံးစေတော်မူမည်။ ထို့နောက် ထိုအသျှင်မြတ်သည်ပင်လျှင် ဒွိဟသံသယ အလျဉ်းမရှိသော (အမှန်တကယ်) ဖြစ်ပေါ်ဆိုက်ရောက်လာမည် ဖြစ်သော 'ကေယာမသ်'ရှင်ပြန်ထရမည့်နေ့တွင် (ပြန်လည်ရှင်ပြန်ထစေကာ) စုရုံးတော်မူပေမည်။ (ကြွေးကြော် တင်ပြထားသည်မှာ ထို (ကေယာမသ်) နေ့၌ 'အသက်ရှင်ပြန်ထစေမည်ဟူသော အချက်နှင့် ပတ်သက်၍ ဖြစ်ပေသည်။ ကမ္ဘာလောက၌ သေသူများကို ပြန်လည်ရှင်ပြန်မထစေခြင်းကြောင့် ထို (ကေယာမသ်) နေ့တွင် 'ရှင်ပြန်ထစေနိုင်မည်မဟုတ်' ဟူသော အချက်သည် မှုချ မဖြစ်တန်ကောင်းရာ) သို့ရာတွင် မြောက်မြားစွာသော သူတို့သည် သိရှိကြသည်မဟုတ်ပေ။ (အထောက်အထားမဲ့ အမှန်တရားအား ငြင်းဆိုနေကြပေသည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

مَنِ اتَّخَذَ اِلٰهَهٗ هَوٰىهُ

အသင်သည် မိမိ၏ စိတ်အလိုဆန္ဒကို မိမိ၏ ဆည်းကပ်ကိုးကွယ်ရာ ပြုလုပ်ထားခဲ့သော သူအား မမြင်လေသလော။ *[၄၅ : ၂၃]*

'မည်သည့်ကာဖိရ်တစ်ဦးတစ်ယောက်သည်ပင် မိမိ၏ စိတ်ဆင်ရိုင်း၏ အလိုလိုက်ခြင်းကို မိမိ၏ အသျှင်၊ ခဝပ်ကိုးကွယ်ရာဟု မပြောဆိုခြင်း' မှာ ထင်ရှားလှပေသည်။ သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်တော်က 'ခဝပ်ကိုးကွယ်ခြင်းသည် စင်စစ်၌ အမိန့်နာခံခြင်းကိုသာလျှင် ခေါ်ဆို၏။ အကြင်သူတစ်ဦးတစ်ယောက်သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ကို နာခံရမည့်အစား အခြားသောသူ တစ်ဦးတစ်ယောက်၏ အမိန့်နာခံခြင်းကို ရွေးချယ်မည်ဆိုပါက ထိုအရာကို ၎င်း၏ ခဝပ်ကိုးကွယ်ရာ အသျှင်အဖြစ် ခေါ်ဆိုသတ်မှတ်ရမည်သာ ဖြစ်၏။ သို့ရှိရာ အကြင်သူတစ်ဦးတစ်ယောက်သည် ပိုင်ခြင်း၊ မပိုင်ခြင်းတို့ကို ဂရုမမူဘဲ အလ္လာဟ်အသျှင်မြတ်က 'ဟရာမ်'ဟူ၍ သတ်မှတ်ထားသော အရာများ၌ အသျှင်မြတ်အမိန့်ကို မနာခံဘဲ မိမိစိတ်ရိုင်း၏ အလိုကို လိုက်ပါမူ '၎င်းသည် မိမိ နှုတ်လျှာမှ မိမိ 'နဖ်စ်'စိတ်ရိုင်းကို မိမိ၏ ခဝပ်ကိုးကွယ်ရာ' ဟူ၍ မပြောဆိုနေလင့်ကစား သို့ရာတွင် စင်စစ် ၎င်းအရာသည်သာလျှင် ၎င်းသူ၏ ခဝပ်ကိုးကွယ်ရာ အသျှင် ဖြစ်သွားပေပြီ။ ထိုအကြောင်းအရာကို အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်မြင့်မြတ်ခမ်းနားထည်ဝါမှုများကို သိသူ 'အာရိဖ်'တစ်ဦးသည် ကဗျာတစ်ပုဒ်အတွင်း၌ ဤသို့ မိန့်ဆိုထားသည်။

سوده گشت ازسجده راه بتان پیشانیم   چندبرخود تهمت دین مسلمانی نهم

အထက်တင်ပြပါ ကဗျာအတွင်း၌ စိတ်ဆင်ရိုင်း၏ အလိုကို လိုက်ခြင်းကို ရုပ်တု၊ ဆင်းတုများ အဖြစ် သုံးနှုန်း ဖော်ပြထားပေသည်။ အကြင်သူသည် မိမိ၏ စိတ်ရိုင်း၏ တပ်မက်မှုကိုသာလျှင် ရှေ့တန်းတင်ကာ ၎င်းနောက်သို့ပင် ခြေရာခံလိုက်ပါမူ ပြောရမည်ဆိုသော် ထိုစိတ်ဆင်ရိုင်း၏ တပ်မက်မှုများသည် သာလျှင် ၎င်း၏ ရုပ်တု၊ ဆင်းတုများ ဖြစ်ပေသည်။ ဟဇရသ်အဗူအိုမာမား ؓ သခင်ကြီးက ကျွန်ုပ်သည် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးမှ ဤသို့ ကြားနာခဲ့ရပေသည်။ 'မိုးကောင်းကင်အောက် ကမ္ဘာမြေ ပထဝီပေါ်ဝယ် ရှိရှိသမျှသော ခဝပ်ကိုးကွယ်ခြင်းခံထားရသော အရာများအားလုံးအတွင်းဝယ် အလ္လာဟ် အသျှင်မြတ်၏ ထံတော်ပါး၌ အရွံမုန်းဆုံးသော အရာမှာ စိတ်ရိုင်း၏ တပ်မက်မှုကို အလိုလိုက်ခြင်း ဖြစ်ပေသည်။ ဟဇရသ်ရှဒ်ဒါးဒ် ဗင်န် အောက်စ် ؓ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ တမန်တော်မြတ် ﷺ သည် ဤသို့ မိန့်ကြားတော်မူခဲ့သည်။ အသိဉာဏ်ရှိသော သူသည် မိမိ၏ စိတ်ရိုင်း ကို ထိန်းချုပ်နိုင်သောသူ ဖြစ်ပေသည်။ သေဆုံးပြီးနောက် ရင်ဆိုင်တွေ့ကြုံရမည့် အချက်အလက်များအတွက် ကြိုတင် ပြင်ဆင်ထားသောသူ ဖြစ်ပေသည်။ သူယုတ်မာဟူသည် မိမိစိတ်ရိုင်း၏ အလိုနောက်သို့ လိုက်ခြင်း ၏ နောက်သို့ လွှတ်ထားကာ ယင်းသို့ စိတ်ရိုင်းနောက်ကို လိုက်နေသည့်ကြားကပင် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ တမလွန်၏ ကောင်းရာ၊ ကောင်းကျိုးကို လိုလားနေသူ ဖြစ်ပေသည်။ ဟဇရသ်စဟလ်ဗင်န် အဗ်ဒွလ္လာဟ် သွပ်စ်သရီး (ရဟ) သခင်ကြီးသည် မိန့်တော်မူထားသည်မှာ 'အသင်၏ ရောဂါများသည် အသင်၏ စိတ်ရိုင်း၏ အလိုလိုက်ခြင်းများသာ ဖြစ်ပေသည်။ သို့ရာတွင် အကယ်၍ အသင်သည် ထိုအရာ အချက်အလက်များအား ဆန့်ကျင်သမှုပြုပါမူ ဤရောဂါများသည်သာလျှင် အသင်၏ ဆေးဝါးများပင် ဖြစ်ပေသည်။ (ဤအထက်တင်ပြပါ ဆင့်ပြန်ချက်များအားလုံးကို ကုရ်သုဗီးကျမ်းမှ ကောက်နှုတ်တင်ပြ ထားပေသည်။)

وَمَا يُهْلِكُنَا اِلَّا الدَّهْرُ

(စင်စစ် ကျွန်ုပ်တို့အား ခေတ်ကာလအချိန်သည်သာလျှင် ပျက်စီးစေ၏။) *[၄၅ : ၂၄]*

دهر 'ဒဟရ်'ဟူသော စကားလုံးသည် စင်စစ်၌ 'ကမ္ဘာတည်ချိန်မှစ၍ ပျက်သုန်းချိန်ထိတိုင် ပါဝင်သော အချိန်တစ်ခုလုံး၏ သက်တမ်း'ကို ခေါ်ဆိုပေသည်။ တစ်ခါတစ်ရံ အလွန်ရှည်လျားလှစွာသော အချိန် သက်တမ်းကာလကိုလည်း **دهر** 'ဒဟရ်' ဟူ၍ ခေါ်ဆိုလိုက်သည်လည်း ရှိ၏။ ကာဖိရ်များသည် ဤပြောကြားချက်ကို အထောက်အထား သဘောမျိုးဖြင့် ပြောဆို တင်ပြလာခြင်း ဖြစ်ပေသည်။ ကျွန်ုပ် တို့၏ ရှင်ခြင်းနှင့် သေခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ဆန္ဒတော်နှင့် တစ်စုံတစ်ရာ ပတ်သက် ဆက်နွှယ်မှုမရှိပေ။ သို့သာမက သဘာဝအကြောင်းခံများအပေါ်သာ အခြေခံပေသည်။ သေခြင်းတရား နှင့်စပ်လျဉ်း၍ အားလုံး ရှုမြင်နိုင်သော အချက်မှာ ကိုယ်ခန္ဓာအစိတ်အပိုင်းများနှင့် အင်အားတို့သည် သုံးစွဲ နေခြင်းတို့ကြောင့် လျော့နည်းလျက် ရှိနေပေရာ အချိန်ခေတ်ကာလတစ်ရပ် ကျော်လွန်ပြီးနောက် ထိုအင်အား တို့သည် လုံးဝ ပြတ်တောက်ကာ အသုံးမကျ ဖြစ်သွားရပေသည်။ ထိုအပျက်တရားကိုပင် သေခြင်းဟူ၍

ခေါ်ဆိုပေသည်။ ထိုအခြေခံအချက်အပေါ် ရှင်ခြင်းတရားကိုလည်း ထပ်တူထပ်မျှ စဉ်းစားတွေးခေါ်ကြကုန်။ ထိုရှင်ခြင်းသည်လည်း အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်တစ်စုံတစ်ရာကြောင့် မဟုတ်ဘဲ သဘာဝဒြပ်ဝတ္ထုပစ္စည်းတို့၏ လှုပ်ရှားမှုတို့မှ ဖြစ်ပေါ်ရရှိထားခြင်း ဖြစ်ပေသည်ဟူ၍ ဖြစ်သည်။

ခေတ်ကာလကို မကောင်းပြောဆိုခြင်းသည် မကောင်းခြင်းအကြောင်း

ကာဖိရ်များနှင့် မုရှ်ရစ်က်တို့သည် ခေတ်ကာလ၏ လှည့်ပြောင်း၊ လည်ပတ်ရွေ့လျားနေခြင်းကိုသာလျှင် ခပ်သိမ်းသော စကြဝဠာများနှင့် ထိုစကြဝဠာကြီးများအတွင်းဝယ် ဖြစ်ပေါ်တည်ရှိနေသော အခြေအနေများကို ဖြစ်ပေါ်စေသည့် အကြောင်းခံများအဖြစ် သတ်မှတ်ကြကာ ၎င်းခေတ်ကာလဘက်သို့သာလျှင် ဆက်နွယ်ကာ ပြောဆိုလေ့ရှိပေသည်။ ပမာဆိုရသော် ဤအာယသ်တော်အတွင်း၌ တင်ပြထားပေသည်။ စင်စစ်တွင် ဤဖြစ်ပျက်နေသော အမှုကိစ္စအားလုံးတို့သည် အလ္လာဟ်အသျှင်မြတ်၏ 'ကွဒ်ရသ်'တန်ခိုးတော်နှင့် အလိုသဘော ဆန္ဒတော်တို့ကြောင့်သာ ဖြစ်ပေါ်နေပေသည်။ ထို့ကြောင့် မှန်ကန်သော ဟဒီးစ်တော်များ၌ ခေတ်ကာလကို မကောင်းပြောဆိုခြင်းမှ တားမြစ်ထားပေသည်။ အဘယ်ကြောင့်ဆိုသော် **دهر** 'ဒဟရ်'ဟူသော စာလုံးသုံး၍ ကာဖိရ်များ ရည်ရွယ်သုံးနှုန်း ပြောဆိုလေ့ရှိသော် အင်အားစွမ်းဆောင်နိုင်မှုသည် စင်စစ်၌ အလ္လာဟ်အသျှင်မြတ်၏ အင်အားစွမ်းဆောင်နိုင်မှုသာလျှင် ဖြစ်ပေသည်။ ထို့ကြောင့် ခေတ်ကာလအား 'မကောင်းပြောဆိုခြင်း၏ အချုပ်သဘောတရားသည် စင်စစ်၌ အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ဖြစ်ပေသည်။ အလိုသဘောမှာ ဤသို့ပင် ဖြစ်သည်။ ဤအသိဉာဏ် အလိမ္မာမဲ့သော သူတို့သည် အကြင် အလုပ်ကို ခေတ်ကာလ၏ စွမ်းဆောင်နိုင်မှုဟူ၍ ပြောဆိုကြပေသည်။ အမှန်စင်စစ် ထိုအလုပ်များသည် အလ္လာဟ်အသျှင်မြတ်၏ စွမ်းဆောင်နိုင်မှု အင်အားတို့သည်သာလျှင် ဖြစ်ပေသည်။ 'ဒဟရ်' ခေတ်ကာလသည် တစ်စုံတစ်ရာမျှ မဟုတ်ပေ။ ဤသည်ဖြင့် 'ခေတ်ကာလ'သည် အလ္လာဟ်အသျှင်မြတ်၏ နာမတော်များထဲမှ 'နာမတော်'တစ်ရပ် ဖြစ်ကြောင်းဟူ၍လည်း မုချ မသက်ရောက်တော့ပေ။ အဘယ်ကြောင့်ဆိုသော် ဤနေရာ၌ သွယ်ဝိုက်သောနည်းဖြင့် အလ္လာဟ်အသျှင်မြတ်ကို 'ဒဟရ်'ဟူ၍ ပြောဆိုထားခြင်း ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلِلَّهِ مُلْكُ السَّمٰوٰتِ وَالْأَرْضِ ۚ وَيَوْمَ تَقُومُ السَّاعَةُ يَوْمَئِذٍ يَّخْسَرُ الْمُبْطِلُوْنَ ﴿٢٧﴾

၄၅ : ၂၇ ။ ။ စင်စစ် မိုးကောင်းကင်များနှင့် ကမ္ဘာပထဝီမြေကို စိုးမိုးအုပ်ချုပ်မှုသည် အလ္လာဟ်အသျှင်မြတ်၌သာ ရှိ၏။ ၎င်းပြင် 'ကေယာမသ်' ရှင်ပြန်ထရမည့် အချိန်ကာလ ဆိုက်ရောက်လာမည့်နေ့တွင်မူ အမှားကို လိုက်စားကြကုန်သောသူတို့သည် ပျက်စီးဆုံးရှုံးကြရပေမည်။

وَتَرَىٰ كُلَّ أُمَّةٍ جَاثِيَةً ۚ كُلُّ أُمَّةٍ تُدْعَىٰ إِلَىٰ كِتَابِهَا الْيَوْمَ تُجْزَوْنَ مَا كُنتُمْ تَعْمَلُونَ ﴿٢٨﴾

၄၅ : ၂၈ ။ ။ ထို့ပြင် (အို၊ နဗီတမန်တော်) အသင်သည် ('ကေယာမသ်' နေ့တွင်) သာသနာဝင်အုပ်စုတိုင်းအား ဒူးထောက်လျက် ရှိနေကြမည်ကို တွေ့မြင်ရပေမည်။ သာသနာဝင်အုပ်စုတိုင်းသည် ၎င်းတို့၏ မှတ်တမ်းစာအုပ် (ရှိရာ) သို့ ဆင့်ခေါ် (၍ ဤသို့ ပြောဆို) ခြင်းကို ခံကြရပေမည်။ 'ယနေ့ အသင်တို့သည် မိမိတို့၏ ကျင့်မှုချက်များနှင့် စပ်လျဉ်း၍ အစားပေးခြင်းကို ခံကြရပေမည်။'

هَٰذَا كِتَابُنَا يَنطِقُ عَلَيْكُم بِالْحَقِّ ۚ إِنَّا كُنَّا نَسْتَنسِخُ مَا كُنتُمْ تَعْمَلُونَ ﴿٢٩﴾

၄၅ : ၂၉ ။ ။ ဤသည် ငါအသျှင်မြတ် (ရေးမှတ်စေတော်မူခဲ့သည့်) မှတ်တမ်းစာအုပ်ပင် (ဖြစ်၏။) ယင်းမှတ်တမ်းစာအုပ်သည် အသင်တို့နှင့် ပတ်သက်၍ တိကျမှန်ကန်စွာ ပြောပြလျက် ရှိနေပေသည်။ စေကန်စင်စစ် ငါအသျှင်မြတ်သည် အသင်တို့ ကျင့်မှုခဲ့ကြသည်တို့ကို ရေးမှတ်စေလျက် ရှိတော်မူခဲ့ပေသည်။

فَأَمَّا الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ فَيُدْخِلُهُمْ رَبُّهُمْ فِي رَحْمَتِهِ ۚ ذَٰلِكَ هُوَ الْفَوْزُ الْمُبِينُ ﴿٣٠﴾

၄၅ : ၃၀ ။ ။ သို့ဖြစ်ပေရာ အကြင်သူတို့သည် အီမာန်သက်ဝင် ယုံကြည်၍ ကောင်းမှုများကို ပြုလုပ်ခဲ့ကြကုန်၏။ ထိုသူတို့အား ၎င်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် မိမိ၏ ကရုဏာတော်တွင်းသို့ ဝင်ရောက်စေတော်မူပေမည်။ ဤသည်ပင်လျှင် ထင်ရှားစွာသော အောင်မြင်မှုပင် ဖြစ်ပေသည်။

وَأَمَّا الَّذِينَ كَفَرُوا أَفَلَمْ تَكُنْ آيَاتِي تُتْلَىٰ عَلَيْكُمْ
فَاسْتَكْبَرْتُمْ وَكُنتُمْ قَوْمًا مُّجْرِمِينَ ﴿٣١﴾

၄၅ : ၃၁ ။ ။ သို့ရာတွင် (အီမာန်သက်ဝင် ယုံကြည်ခြင်းကို) သွေဖည်ငြင်းပယ်ကြကုန်သော သူတို့သည် (ဤကဲ့သို့ ပြောဆိုခြင်းကို ခံကြရပေမည်။) ငါအသျှင်မြတ်၏ အာယသ်တော်များသည် အသင်တို့ရှေ့ဝယ် ဖတ်ကြားခြင်းခံခဲ့ရသည် မဟုတ်လော။ သို့တစေလည်း အသင်တို့သည် မာန်မာနထောင်လွှားခဲ့ကြကုန်၏။ ၎င်းပြင် အသင်တို့သည် ပြစ်မှုကျူးလွန်သူများပင် ဖြစ်ခဲ့ကြကုန်၏။

وَإِذَا قِيلَ إِنَّ وَعْدَ
اللَّهِ حَقٌّ وَالسَّاعَةُ لَا رَيْبَ فِيهَا قُلْتُم مَّا نَدْرِي مَا السَّاعَةُ
إِن نَّظُنُّ إِلَّا ظَنًّا وَمَا نَحْنُ بِمُسْتَيْقِنِينَ ﴿٣٢﴾

၄၅ : ၃၂ ။ ။ ထို့ပြင် စေကန်မလွဲ အလ္လာဟ်အသျှင်မြတ်၏ ချိန်းဆိုချက်သည် မှန်ကန်သည်ဟူ၍လည်းကောင်း၊ 'ကေယာမသ်' ရှင်ပြန်ထရမည့် အချိန်ကာလနေ့နှင့် စပ်လျဉ်း၍ မည်သည့်ဒွိဟသံသယမျှပင် မရှိပြီဟူ၍လည်းကောင်း၊ ပြောဆို

ခြင်းခံခဲ့ရလေသောအခါ အသင်တို့သည် 'ရှင်ပြန်ထရမည့် အချိန်ကာလသည် အဘယ်နည်းဟူ၍ ကျွန်ုပ်တို့သည် မသိကြပေ။ ကျွန်ုပ်တို့၌ (ယင်းရှင်ပြန်ထရမည့်အချိန်နှင့် စပ်လျဉ်း၍) ရမ်းဆတွေးထင်ခဲ့သော ထင်မြင်ယူဆချက်တစ်ခုသာလျှင် ရှိပေ၏။ သို့ရာတွင် ကျွန်ုပ်တို့သည် ယုံကြည်သူများမဟုတ်ပေ' ဟု ပြောဆိုခဲ့ကြသည်။

وَبَدَا لَهُمْ سَيِّاٰتُ مَا عَمِلُوْا وَحَاقَ بِهِمْ مَّا كَانُوْا بِهٖ يَسْتَهْزِءُوْنَ ﴿٣٣﴾

၄၅ : ၃၃ ။ ။ ၎င်းပြင် (ထိုနေ့တွင်) ၎င်းတို့ရှေ့ဝယ် ၎င်းတို့ ပြုမူခဲ့ကြကုန်သော မကောင်းမှုများ၏ ဆိုးယုတ်မှုများသည် ပေါ်လွင်၍ ထင်ရှားလာပေလိမ့်မည်။ ထို့ပြင် ၎င်းတို့ ပြက်ရယ်ပြောင်လှောင်သမျှ ပြုခဲ့ကြသော အရာများသည်လည်း ၎င်းတို့အား ဝန်းရံလျက် ရှိပေမည်။

وَقِيْلَ الْيَوْمَ نَنْسٰىكُمْ كَمَا نَسِيْتُمْ لِقَآءَ يَوْمِكُمْ هٰذَا وَمَاْوٰىكُمُ النَّارُ وَمَا لَكُمْ مِّنْ نّٰصِرِيْنَ ﴿٣٤﴾

၄၅ : ၃၄ ။ ။ ထို့ပြင် (၎င်းတို့သည် ဤသို့) ပြောဆိုခြင်းကို ခံရပေမည်။ အသင်တို့သည် မိမိတို့၏ ဤနေ့နှင့်တွေ့ဆုံခြင်းကို မေ့လျော့ခဲ့ကြသည့်နည်းတူ ယနေ့ ငါအသျှင်မြတ်သည်လည်း အသင်တို့အား မေ့လျော့တော်မူမည်။ ထို့ပြင် အသင်တို့၏ ခိုလှုံရာဌာနသည် ငရဲမီးပင် ဖြစ်သည်။ ထို့ပြင် အသင်တို့၌ ကူညီစောင်မမည့်သူ ဟူ၍လည်း (တစ်ဦးတစ်ယောက်မျှ) မရှိတော့ပေ။

ذٰلِكُمْ بِاَنَّكُمُ اتَّخَذْتُمْ اٰيٰتِ اللّٰهِ هُزُوًا وَّغَرَّتْكُمُ
الْحَيٰوةُ الدُّنْيَا ۚ فَالْيَوْمَ لَا يُخْرَجُوْنَ مِنْهَا وَلَا هُمْ يُسْتَعْتَبُوْنَ ﴿٣٥﴾

၄၅ : ၃၅ ။ ။ ဤသို့ ဖြစ်ရခြင်းမှာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို ပြက်ရယ်ပြောင်လှောင်ဖွယ်ရာများ ပြုလုပ်ခဲ့ကြခြင်းနှင့် မျက်မှောက်လောကီဘဝသည် အသင်တို့အား ဖြားယောင်းခဲ့သောကြောင့် ဖြစ်ရခြင်းပင် ဖြစ်သည်။ သို့ဖြစ်ပေရာ ယနေ့သော်ကား ၎င်းတို့သည် ယင်းငရဲမီးမှ ထွက်စေခြင်းကိုလည်း ခံကြရမည်မဟုတ်ပေ။ (အလ္လာဟ်အသျှင်မြတ်အား ဝန်ချတောင်းပန်၍) နှစ်သက်ကျေနပ်စေရန် တောင်းဆိုခြင်းကိုလည်း ခံကြရမည် မဟုတ်ချေ။

فَلِلّٰهِ الْحَمْدُ رَبِّ السَّمٰوٰتِ وَرَبِّ الْاَرْضِ رَبِّ الْعٰلَمِيْنَ ﴿٣٦﴾

၄၅ : ၃၆ ။ ။ စင်စစ် ချီးမွမ်းထောပနာအပေါင်းတို့သည် မိုးကောင်းကင်များကို ဖန်ဆင်းတော်မူသော အသျှင်၊ ကမ္ဘာပထဝီမြေကို ဖန်ဆင်းတော်မူသော အသျှင်၊ စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင် ဖြစ်တော်မူသည့် အလ္လာဟ်အသျှင်မြတ်သာလျှင် ခံယူထိုက်တော်မူ၏။

وَلَهُ الْكِبْرِيَآءُ فِى السَّمٰوٰتِ وَالْاَرْضِ ۪ وَهُوَ الْعَزِيْزُ الْحَكِيْمُ ﴿٣٧﴾

၄၅ : ၃၇ ။ ။ ထို့ပြင် မိုးကောင်းကင်များ၌နှင့် ပထဝီမြေ၌ ထူးကဲမြင့်မြတ်မှုသည် ထိုအသျှင်မြတ်၌သာလျှင် ရှိပေသည်။ ၎င်းပြင် ထိုအသျှင်မြတ်သည်သာလျှင် အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော အသျှင်၊ နက်နဲသိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

စင်စစ် (အထက်၌ 'အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား စုရုံးတော်မူပေလိမ့်မည်'ဟူ၍ မိန့်ဆိုထားပေသည်။ သို့ရှိရာ ထိုသို့ စုရုံးစေခြင်းကို တစ်စုံတစ်ရာ ခက်ခဲသော ကိစ္စရပ်ဟူ၍ မမှတ်ယူပါလေနှင့်။ အဘယ်ကြောင့်ဆိုသော်) မိုးကောင်းကင်များနှင့် ကမ္ဘာမြေပထဝီကို စိုးမိုးအုပ်ချုပ်မှုသည် အလ္လာဟ်အသျှင်မြတ်၌သာလျှင် ရှိ၏။ (ထိုအသျှင်မြတ်သည် မိမိ လိုလားနှစ်သက်တော်မူသည့်အတိုင်း ခြယ်လှယ်တော်မူမည် ဖြစ်ပေသည်။ သို့ရှိရာ အသင်တို့ကို သေဆုံးစေပြီးနောက် တစ်ဖန် ရှင်ပြန်ထစေကာ စုရုံးစေခြင်းသည်လည်း ထိုအသျှင်မြတ်အဖို့ တစ်စုံတစ်ရာ ခက်ခဲသော ကိစ္စမဟုတ်ပေ။) ၎င်းပြင် 'ကေယာမသ်' ရှင်ပြန်ထရမည့်အချိန်ကာလ ဆိုက်ရောက်လာမည့်နေ့တွင်မူ အမှားကို လိုက်စားကြကုန်သော သူတို့သည် ပျက်စီးဆုံးရှုံးကြရပေမည်။

ထို့ပြင် (အို၊ နဗီတမန်တော်) အသင်သည် (ကေယာမသ်) နေ့တွင် သာသနာဝင်အုပ်စုတိုင်းအား (ကြောက်ရွံ့ကာ) ဒူးထောင်လျက် ရှိနေကြသည်ကို တွေ့မြင်ရပေမည်။ သာသနာဝင်အုပ်စုတိုင်းသည် ၎င်းတို့၏ မှတ်တမ်းစာအုပ် (အတွင်း၌ ရေးသားပါရှိထားသော အပြုအမူ ဆောင်ရွက်ချက်များဘက်သို့) ဆင့်ခေါ် (၍ ဤသို့ ပြောဆို) ခြင်းကို ခံကြရပေမည်။ (ဤသည် မှတ်တမ်းစာအုပ်ဘက်သို့ ဆင့်ခေါ်ခြင်း၏ အလိုသဘောဖြစ်ပေသည်။ သို့တည်းမဟုတ်ပါက မှတ်တမ်းစာအုပ်သည် ၎င်းတို့ထံတွင်ပင် တည်ရှိနေပေသည်။ ၎င်းနောက်၊ ထိုသူတို့သည် ဤသို့ ပြောဆိုခြင်း ခံကြရပေမည်။ ၎င်းမှာ) ယနေ့ အသင်တို့သည် မိမိတို့၏ ကျင့်မူချက်များနှင့် စပ်လျဉ်း၍ အစားပေးခြင်းကို ခံကြရပေမည်။

ဤ (မှတ်တမ်းသည်) ငါအသျှင်မြတ် (ရေးမှတ်စေတော်မူခဲ့သည့်) မှတ်တမ်းစာအုပ်ပင် (ဖြစ်၏) ယင်းမှတ်တမ်းစာအုပ်သည် အသင်တို့နှင့် ပတ်သက်၍ တိကျမှန်ကန်စွာ ပြောပြလျက်ရှိနေပေသည်။ (အသင်တို့၏ ပြုမူဆောင်ရွက်ချက်များကို ထုတ်ဖော်ပြသလျက် ရှိနေပေသည်။ ဧကန်စင်စစ် ငါအသျှင်မြတ်သည် (ကမ္ဘာလောက၌) အသင်တို့ ကျင့်မူခဲ့ကြသည့် (များ အားလုံးကို ကောင်းကင်တမန်တော်တို့အား) ရေးမှတ်စေတော်မူလျက် ရှိတော်မူခဲ့ပေသည်။ ဤသည် ၎င်းတို့ကို စုရုံးထားသော မှတ်တမ်းသာ ဖြစ်ပေသည်။)

သို့ဖြစ်ပေရာ (စာရင်းအင်းစစ်ဆေးပြီးနောက် ဆုံးဖြတ်ချက်မှာ ဤသို့ ဖြစ်ပေါ်လိမ့်မည်။) အကြင်သူတို့သည် အီမာန်သက်ဝင်ယုံကြည်၍ ကောင်းမှုများကို ပြုလုပ်ခဲ့ကြကုန်၏။ ထိုသူတို့အား ၎င်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် မိမိ၏ ကရုဏာတော်တွင်းသို့ ဝင်ရောက်စေတော်မူပေမည်။ ဤသည်ပင်လျှင် ထင်ရှားလှစွာသော အောင်မြင်မှုပင် ဖြစ်ပေသည်။

သို့ရာတွင် (အီမာန်သက်ဝင်ယုံကြည်ခြင်းကို) သွေဖည်ငြင်းပယ်ကြကုန်သော သူ (ကာဖိရ်) တို့သည် (ဤသို့ ပြောဆိုခြင်းကို ခံကြရပေမည်။) ငါအသျှင်မြတ်၏ အာယသ်တော်များသည် အသင်တို့ ရှေ့ဝယ် ဖတ်ကြားခြင်း ခံခဲ့ရသည်မဟုတ်လော။ သို့တစေလည်း အသင်တို့သည် (ထိုအာယသ်တော်များကို လက်ခံခြင်းမှ) မာန်မာန ထောင်လွှားခဲ့ကြကုန်၏။ (ဤသို့ မာန်မာန ထောင်လွှားသည့်အတွက်ကြောင့်) ၎င်းပြင် အသင်တို့သည် ပြစ်မှုကျူးလွန်သူများပင် ဖြစ်ခဲ့ကြကုန်၏။

ထို့ပြင် (အသင်တို့၏ အခြေအနေမှာ ဤသို့ပင် ဖြစ်သည်။) ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်၏ ချိန်းဆိုချက်သည် (ဒုတိယအကြိမ် ပြန်လည်ရှင်ပြန်ထစေ၍ ကြောင်းကျိုးပြစ်ဒဏ်ပေးခြင်းသည်) မှန်ကန်သည်ဟူ၍လည်းကောင်း၊ 'ကေယာမသ်' ရှင်ပြန်ထရမည့် အချိန်ကာလ နေ့နှင့် စပ်လျဉ်း၍လည်း မည်သည့် သံသယမျှပင် မရှိပြီဟူ၍ ပြောဆိုခြင်းကို ခံခဲ့ကြရသောအခါ (အလွန် ဂရုမမူစွာဖြင့်) 'အသင်တို့သည် 'ကေယာမသ်' ရှင်ပြန်ထရမည့် အချိန်ကာလသည် အဘယ်နည်း' ဟူ၍ ကျွန်ုပ်တို့ မသိကြပေ။ ကျွန်ုပ်တို့၌ (ယင်းရှင်ပြန်ထရမည့်အချိန်နှင့် စပ်လျဉ်း၍ ပြောဆိုနားထောင်ရ၍သက်သက်သာ) ရမ်းဆတွေးထင်ခဲ့သော ထင်မြင်ယူဆချက်တစ်ခုသာလျှင် ရှိပေ၏။ သို့ရာတွင် ကျွန်ုပ်တို့သည် (ထိုအချက်အား) ယုံကြည်သူများ မဟုတ်ပေ' ဟု ပြောဆိုခဲ့ကြ၏။

၄င်းပြင် (ထိုနေ့၊ ထိုအချိန်တွင်) ၄င်းတို့၏ ရှေ့ဝယ် ၄င်းတို့ ပြုခဲ့ကြကုန်သော မကောင်းမှုများ၏ ဆိုးယုတ်မှုများသည် ပေါ်လွင်ထင်ရှားလာပေလိမ့်မည်။ ထို့ပြင် ၄င်းတို့ (အကြင်ပြစ်ဒဏ်နှင့် စပ်လျဉ်း၍) ပြက်ရယ်ပြောင်လှောင်သမှု ပြုခဲ့ကြသော အရာများသည်လည်း ၄င်းတို့အား ဝန်းရံလျက် ရှိပေမည်။

ထို့ပြင် (၄င်းတို့သည် ဤသို့) ပြောဆိုခြင်းကို ခံရပေမည်။ အသင်တို့သည် မိမိတို့၏ ဤနေနှင့် တွေ့ဆုံခြင်းကို မေ့လျော့ခဲ့ကြသည့်နည်းတူ ယနေ့ ငါအသျှင်မြတ်သည်လည်း အသင်တို့အား မေ့လျော့တော်မူမည်။ (ကရုဏာတော်မှ လက်မဲ့ဖြစ်စေတော်မူလိုက်ပေမည်။ အကြင်ကဲ့သို့ လက်မဲ့ဖြစ်စေတော်မူလိုက်ခြင်းကို သွယ်ဝိုက်သော နည်းဖြင့် မေ့လျော့တော်မူမည်ဟု မိန့်ဆိုလိုက်ခြင်း ဖြစ်ပေသည်။) ထို့ပြင် (ဤနေ့မှ စ၍) အသင်တို့၏ ခိုလှုံရာဌာနေသည် ငရဲမီးပင်ဖြစ်သည်။ ထို့ပြင် အသင်တို့၌ ကူညီစောင်မမည့်သူ ဟူ၍လည်း (တစ်ဦးတစ်ယောက်မျှ) မရှိပေ။

ဤသို့ (ပြစ်ဒဏ်ခတ်ရခြင်းမှာ) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို ပြက်ရယ်ပြောင်လှောင်ဖွယ်ရာများ ပြုလုပ်ခဲ့ကြခြင်းနှင့် မျက်မှောက်လောကီဘဝသည် အသင်တို့အား ဖြားယောင်းခဲ့သောကြောင့် ဖြစ်ရခြင်းပင်ဖြစ်ပေသည်။ (ထိုလောကီရေးရာအတွင်း၌ နစ်မြုပ်ကာ 'အာခေရသ်' နောင်တမလွန်ကို လုံးဝ မေ့လျော့ခဲ့သည်သာမက ငြင်းဆိုသူပင် ဖြစ်ခဲ့ကြပေသည်။) သို့ဖြစ်ပေရာ ယနေ့သော်ကား ၄င်းတို့သည် ယင်းငရဲမီးမှ ထွက်စေခြင်းကိုလည်း ခံကြရမည်မဟုတ်ပေ။ (အလ္လာဟ်အသျှင်မြတ်အား ဝန်ချတောင်းပန်၍) နှစ်သက်ကျေနပ်စေရန် တောင်းဆိုခြင်းကိုလည်း ခံကြရမည် မဟုတ်ပေ။

(ဤအထက်တင်ပြပါ အကြောင်းအရာများအားလုံးကို နားထောင်လိုက်လျှင်မူ ဤအောက်ဖော်ပြပါ အချက်များ ဦးနှောက်အသိအတွင်းသို့ ရောက်ရှိလာပေလိမ့်မည်။) စင်စစ် ချီးမွမ်းထောပနာ အပေါင်းတို့သည် မိုးကောင်းကင်များကို ဖန်ဆင်းတော်မူသော အသျှင်၊ ပထဝီမြေကို ဖန်ဆင်းတော်မူသော အသျှင် (မိုးကောင်းကင်နှင့် မြေပထဝီကို မဆိုထားဘိဦး) စကြဝဠာခပ်သိမ်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည့် အလ္လာဟ်အသျှင်မြတ်အဖို့သာလျှင် ခံယူထိုက်တော်မူ၏။

ထို့ပြင် မိုးကောင်းကင်များနှင့် **ပထဝီမြေ၌ ထူးကဲမြင့်မြတ်မှုသည်** ထိုအသျှင်မြတ်၌သာလျှင် ရှိပေသည်။ (အကြင်ကဲ့သို့ ထူးကဲမြင့်**မြတ်မှု၏ ပေါ်လွင်မှုကို** နိမိတ်လက္ခဏာတော်များဖြင့် မိုးကောင်းကင်နှင့် မြေပထဝီဝယ် ကွက်ကွက်**ကွင်းကွင်း တွေ့ရှိနေရ**ပေသည်။) ၎င်းပြင် ထိုအသျှင်မြတ်သည်သာလျှင် အလွန်တရာ နိုင်နင်းလွှမ်းမိုး**တော်မူသော အသျှင်၊** နက်နဲသိမ်မွေ့ကာ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်**တော်မူပေသည်။**

သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ

وَتَرٰى كُلَّ اُمَّةٍ جَاثِيَةً

ထို့ပြင် အို၊ နဗီတမန်တော်၊ အသင်သည် 'ကေယာမသ်'နေ့တွင် သာသနာဝင်အုပ်စုတိုင်းအား ဒူးထောက်လျက် ရှိနေကြသည်ကို တွေ့မြင်ရပေမည်။ *[၄၅ : ၂၈]*

جَاثِيَةً သည် جُثُوٌّ 'ဂျုစုဝူးန်'ဟူသော ပုဒ်မှ ဆင်းသက်လာကာ ဒူးထောက်၍ ထိုင်ခြင်း' ဟူ၍ **အဓိပ္ပာယ်ရ၏**။ ဟဇရသ်စွဖ်ယာန်း (ရဟ) သခင်ကြီးက 'မြေကြီးပေါ်တွင် ဒူးခေါင်းနှင့် ခြေဖျားထိပ်များ ဖြင့်သာ **ထိတွေ့ကာ**' ထိုင်ခြင်းကို ခေါ်ဆိုသည်' ဟု အမိန့်ရှိထားပေသည်။ ဤကဲ့သို့ ထိုင်ခြင်းသည် **ကြောက်ရွံ့လှသည့်အတွက်**ကြောင့် ဖြစ်ပေသည်။ كُلَّ اُمَّةٍ (သာသနာဝင်အပ်စုတိုင်း) ဟူသော စကားလုံး၏ **အပေါ်ယံသဘောသည်** ဤသို့ ကြောက်ရွံ့၍ ရှိမည်ဖြစ်သော ပုံပန်းသဏ္ဌာန်သည် 'ဟရှရ်'ကွင်းပြင်၌ ရှိကြကုန်သော **ကာဖိရ်၊ မုအ်မင်န်၊** ကောင်းသူ၊ မကောင်းသူအားလုံးတို့အဖို့ ရင်ဆိုင်ရမည် ဖြစ်ကြောင်းကို ဖော်ထုတ်နေ**ပေသည်။ အချို့သော ဆင့်**ပြန်ချက်များနှင့် အာယသ်တော်များ၌ 'ဟရှရ်'ကွင်းပြင်၌ ကြောက်ရွံ့တုန်လှုပ်ကြကုန်**သော သူတို့ထဲတွင် နဗီ**တမန်တော်များနှင့် သူတော်စင်များ မပါဝင်ကြောင်းကို ချွင်းချက်ပြု ထုတ်ပယ်၍ **ထားပေသည်။ ဤသည်နှင့်** အထက်တင်ပြပါအချက်တို့သည် ဆန့်ကျင်ဘက် ဖြစ်မနေပါ။ အဘယ်ကြောင့်ဆိုသော် **ဖြစ်နိုင်ချေရှိ၏။ အနည်းငယ်သော** အချိန်အဖို့ ကြောက်ရွံ့ထိတ်လန့်မှုသည် နဗီတမန်တော်များနှင့် သူတော်**စင်များအပေါ်၌လည်း ဖြစ်ပေါ်ပေလိမ့်မည်။** သို့ရာတွင် အချိန်အနည်းငယ်သာလျှင် ဖြစ်၍ ယင်းကို ဖြစ်ပေါ်မှုမရှိခဲ့'**ဟူသော အဓိပ္ပာယ်အတွင်း၌ ထည့်သွင်းပေးလိုက်ခြင်း** ဖြစ်ပေသည်။ (သို့) كُلَّ اُمَّةٍ (သာသနာဝင်အုပ်စုတိုင်း) ဟူသော **စကားလုံး၏ အလိုသဘောမှာ** 'ဟရှရ်ကွင်းပြင်၌ တည်ရှိနေသော **သူများအားလုံးကို**' ဆိုလိုသည် မဟုတ်**ဘဲ** كُلٌّ **(အားလုံး) ဟူသော စကားလုံးကို 'အချို့နေရာ** အချိန်များ၌ **အများစုအတွက်** အသုံးပြုသည်လည်း **ရှိထားရာ အများစုကိုသာ ဆိုလိုခြင်းလည်း' ဖြစ်နိုင်**ပေသည်။ အချို့သော အဖွင့်ရှင်များသည် 'ဂျာစီယာ'၏ အဓိပ္ပာယ်ကို **'နမာဇ်အတွင်း၌ ထိုင်သော ပုံစံမျိုးကဲ့သို့**

ထိုင်ခြင်းဖြစ်သည်’ဟူ၍ ပြောဆိုကြပေသည်။ သို့ဆိုလျှင် အထက်တင်ပြပါ စာဒကသည် အလိုအလျော ပင် ပပျောက်သွားပေမည်။ အဘယ်ကြောင့်ဆိုသော် ဤသို့ ထိုင်ခြင်းသည် ကြောက်ရွံ့၍ ထိုင်ခြင်း မဟုတ်ဘဲ ယဉ်ကျေးစွာ စည်းကမ်းကျကျ ထိုင်ခြင်း ဖြစ်ပေသည်။

كُلُّ اُمَّةٍ تُدْعٰى اِلٰى كِتٰبِهَا

သာသနာဝင်အုပ်စုတိုင်းသည် ၄င်းတို့၏ မှတ်တမ်းစာအုပ်ရှိရာဆီသို့ ဆင့်ခေါ်၍ ဤသို့ ပြော ခြင်းကို ခံကြရပေမည်။ /၄၅ : ၂

كِتٰب ‘ကေသားဗ်’ ဟူသော စကားလုံး၏ အလိုသဘောကို ဤနေရာ၌ များစွာသော အဖွင့်ရှင် တို့က ‘ကောင်းကင်တမန်တော်များ ကမ္ဘာလောက၌ ရေးသားလျက်ရှိနေသော ကောင်းမှု၊ မကောင်းမှု တို့၏ မှတ်တမ်းစာအုပ်ပင်’ ဖြစ်သည်ဟု ယူဆထားကြပေသည်။ ယခု ‘ဟရှရ်’ကွင်းပြင်၌ ဤမှတ်တမ်း စာအုပ်များအားလုံးကို ဝဲပျံ ပြန့်လွင့်စေကာ လူတိုင်း၏ ကောင်းမှု၊ မကောင်းမှုမှတ်တမ်းသည် ၄င်းတို့၏ လက်ဝယ်အတွင်းသို့ ရောက်ရှိသွားမည်။ ထို့နောက် ၄င်းတို့အား

اِقْرَأْ كِتَابَكَ كَفٰى بِنَفْسِكَ الْيَوْمَ عَلَيْكَ حَسِيْبًا

ထို့နောက် ၄င်းအား အသင်သည် မိမိ၏ မှတ်တမ်းကို ဖတ်လော့။ ယနေ့သည် အသင်ကိုယ်တိုင် ပင် မိမိကိုယ်နှင့် ဆန့်ကျင်၍ စစ်ဆေးသူအဖြစ် လုံလောက်ပေသည်။ /၁၇ : ၁၄

ဟူ၍ ပြောဆိုခြင်းခံရပေလိမ့်မည်။ ထိုမှတ်တမ်းစာအုပ်ဘက်သို့ ဆင့်ခေါ်ခြင်း၏ အလိုသဘော မှာ စာရင်းအင်း စစ်ဆေးခြင်းခံယူရန်အတွက် ခေါ်ဆောင်ခြင်းပင် ဖြစ်ပေသည်။ ၄င်းကို အကျယ်ဖွင့် ချက် အနုစ်ချုပ်၌ တင်ပြခဲ့ပြီး ဖြစ်ပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော် ပေသည်။)

အလ္လာဟ်အသျှင်မြတ်၏ ‘သောင်ဖီးက်’ စွမ်းအားဖြင့်

မအာရိဖွလ်ကုရ်အာန် မြန်မာဘာသာပြန် အတွဲ [၂၅]

ဤတွင် ပြီးဆုံးပါပြီ။

فَاسْأَلُوا أَهْلَ الذِّكْرِ إِن كُنتُمْ لَا تَعْلَمُونَ ۝

معارف القرآن

''အသင်တို့ မသိကြပါမူ
တတ်သိသူများအား မေးမြန်း ကြလေကုန်။''